စာဘတ်တတ်သူ၊ သာမန်လူတို့၊ လွယ်ကူစွာ ခံစားနိုင်သည့်

# ပဋိစ္စသမုပ္ပါဒ်အရသာ

ညောင်လေးပင်မြို့၊

တောရကြီး (ဓမ္မာစရိယ-မူလစာချ-အဂ္ဂမဟာပဏ္ဍိတ) ပဓာန

နာယက ဆရာတော် အရှင်-ဘဒ္ဒန္တ အရိယဝံသထေရ် စီရင်သည်။

မန္တလေးမြို့၊

ဓမ္မကထိက–ဦးလှသိမ်း လေ့လာဟောပြော ပါလိမ့်မည်။

လူပျံတော်ပဋ္ဌာန်မြားစာပုံနှိပ်တိုက်

အမှတ်-၈၄၀၊ ဒါလဟိုဇီလမ်းနှင့် မော်တင်လမ်းထိပ်၊ ရန်ကုန်မြို့။

( ၁၃၁၆-ခုနှစ်။ )

စာဘတ်တတ်သူ၊ သာမန်လူတို့၊ လွယ်ကူစွာ ခံစားနိုင်သည့်

# ပဋိစ္စသမုပ္ပါဒ်အရသာ

ညောင်လေးပင်မြို့၊

တောရကြီး (ဓမ္မာစရိယ-မူလစာချ-အဂ္ဂမဟာပဏ္ဍိတ) ပဓာန

နာယက ဆရာတော် အရှင်-ဘဒ္ဒန္တ အရိယာဝံသထေရ် စီရင်သည်။

မန္တလေးမြို့၊

ဓမ္မကထိက-ဦးလှသိမ်း လေ့လာဖောပြော ပါလိမ့်မည်။

လူပျံတော်ပစ္စုမြားစာပုံနှိပ်တိုက်

အမှတ်-၈၄၀၊ ဒါလဟိုဇီလမ်းနှင့် မော်တင်လမ်းထိပ်၊ ရန်ကုန်မြို့။

( ၁၃၁၆-ခုနှစ်။ )

AVA HOUSE
232-Sule Pagoda Rd.
RANGOON.



ညောင်လေးပင်မြို့၊
တောရကြီး (ဓမ္မာစရိယ-မူလစာချ-အဂ္ဂမဟာပဏ္ဍိတ)
မဓာန နာယက ဆရာတော် အရှင်-ဘဒ္ဒန္တ အရိယဝံသထေရ် ပုံတော်။

# ရှေးဦး နိဒါန်း ။

စာပေကို ကြည့်ရှုသုံးသပ်ရာ၌ အရသာရှိသော စာပေကို ကြည့်ရှု သုံးသပ်မိရန် လိုသည့်ပြင် အရသာရှိအောင်လည်း ကြည့်ရှု သုံးသပ်နိုင်မိရန် လိုလေသည်။

## အရသာရှိ စာပေကို ကြည့်ရှု

စာပေ........ဟူက မှုအားဖြင့် အနည်းအများ အထိုက်အလျောက် သဘောမျိုးဖြင့်ကား အရသာ ရှိလေသည်ပင်၊ ထိုသို့သော်–ထင်ကူး, ပြုပြင်, စီစဉ်, မှုထွင်ခြင်း စသည်ဖြင့် ထုလုပ်ပုံဖော်ကြသော ရေးသား, ဖွဲ့နွဲ့, ကုံးနှုန်း, ပြုစုသူတို့၏ မှုပုံဖော်ချက်များကြောင့် ယင်းသည့်စာပေမှာ အရသာပါ, မပါနှစ်ဖြာ ဖြစ်လာနိုင်ပေရာ စာပေတိုင်း၌ အရသာပါသည်........ဟု စကားသေ မဆိုနိုင်ပေ၊ ထို့ပြင် အရသာပါပါသည်ဟုဆိုရစေကာမူ အရသာ ပျက်ကြီးမျိုးလည်း ဖြစ်လာနိုင်ပေသေးသည်။

သို့ဖြစ်ရာ အရသာသုဉ်းသော စာပေ, အရသာ ပျက်သော စာပေတို့ကို ကြည့်ရှုသုံးသပ်မိက ကြည့်ရှုသုံးသပ် သူအတွက် မည်သည့် ဘက်ကမျှ အရသာ ထွက်လာနိုင်မည်မဟုတ်ရကား အမှန်အားဖြင့် စာပေကိုသုံးသပ်ကြည့်ရှုရာ၌ အရသာပါရှိသော စာပေကို ကြည့်ရှု သုံးသပ်မိရန် လိုလေသည်။

## အရသာ ရှိအောင် ကြည့်ရှု

အရသာရှိသော စာပေကို ကြည့်ရှုသုံးသပ်ရန် အခါအခွင့် အသင့်ကြုံလှည့်သော် ကြည့်ရှု သုံးသပ်သူ၏ အရူးစမ်းတိမ်မှုဖြင့် သာမန် ကြည့်ရှုခြင်း, အပျင်းပြေလောက် ရှေးရှုကာ ကြည့်ရှုခြင်း, စိတ်မဝင်စားခြင်းဖြင့် ကြည့်ရှုသုံးသပ် နေခြင်း စသော မလေးမမြတ်ကြည့်ရှု သုံးသပ်ခြင်းတို့ဖြင့် ကြည့်ရှုသုံးသပ် နေပါကလည်း ကြည့်ရှု သုံးသပ် သူအတွက် မည်သည့်ဘက်ကမျှ အရသာ ထွက်လာနိုင်မည်မဟုတ်ရကား အမှန်အားဖြင့် စာပေကို သုံးသပ် ကြည့်ရှုရာ၌ အရသာ ရှိအောင်လည်း ကြည့်ရှုသုံးသပ်မိနိုင်ရန် လိုလေသည်။

## ပဌမ သိထားရမည့် မှာတမ်း

ထို့ကြောင့်ပင်........စာပေကိုကြည့်ရှုသုံးသပ်ရာ၌ အထူးသဖြင့် လိုလားအပ်သော ယင်း အကြောင်း နှစ်ရပ်ကို သတိ ချပ်မိစေရန် ရည်သန်လျက်၊ ''ဤ ပဋိစ္စသမုပ္ပါဒ် အရသာ''မည်သောစာပေကောင်းကြီး၏''ပဌမသိထားရမည့် မှာတမ်း အခြေ'' ''ရှေးဦးလိုလားရမည့် နိဒါန်းအနေ''–ဖြင့် ယင်းသည့် အရသာရှိသောစာပေနှင့်

အရသာရှိအောင် ကြည့်ရှုသုံးသပ်ရမည့် အကြောင်း နှစ်ရပ်ကို စိုးစဉ်း ဖော်ပြလိုပေသည်။

## အရသာ

စာပေ........ဟူသည်ကား ထင်ရှားသဖြင့် သိသာလောက်ပေပြီ၊ အရသာ ဟူသည်မှာမူ........ရသ........ဟူသော–ပါဠိဘာသာမှသက်-နွယ်လာသောမြန်မာစကားဖြစ်ရာ ဆိုလိုရင်း အဓိပ္ပါယ်မှာ........

(၁) ရသန္တိ တံ အဿာဒေန္တီတိ ရသော
(၂) ရမန္တာ တံ အသန္တိ ဘက္ခန္တီတိ ရသော
ဟူသော ပါဠိဘာသာ၊ အမည်ကြောင်းပြ စကားရပ်များအတိုင်း........
(၁) သာယာဘွယ်ဖြစ်သောကြောင့် အရသာ
(၂) မွေ့လျော်စွာ သုံးဆောင် ဘွယ်ဖြစ်သောကြောင့် အရသာ........ဟု သိမှတ်ရပေသည်။

၁–နံပါတ်အရ သာယာဘွယ်ဖြစ်သောကြောင့် အရသာ........မည်သော အရသာမျိုးမှာ........

(က) "လောကတွင်းက၊ ချမ်းသာရေး" ကို ဖော်ပြသော စာပေမျိုး၌ သိင်္ဂါရရသစသော ချစ်မှုရေးရာ အရသာ စသည် မျိုးပင်ဖြစ်၍........
(ခ) "လောကတွင်းမှ လွတ်မြောက်ရေး" ကို ဖော်ပြသော စာပေမျိုး၌ကား–သာဒု, မဓုရရသ စသော ကောင်းမြတ် ချိုမြိန်စွာသော သဘောတရား အရသာ-မျိုးပင် ဖြစ်ပေသည်။

၂-နံပါတ်အရ မွေ့လျော်စွာ သုံးဆောင်ဘွယ် ဖြစ်သောကြောင့် အရသာ မည်သောအရသာမျိုးမှာလည်း ၁-နံပါတ်အရနည်းတူပင်ခွဲခြားသိရပေမည်သာ၊ သို့သော်........အကြောင်းကွဲသောကြောင့်သာ နံပါတ်ခွဲပြထားခြင်း ဖြစ်ပေသည်။

## လောကမှ ထွက်မြောက်ရေး စာပေ၏ အရသာ

၁-နှင့် ၂-အချက်များတွင် ပါဝင်သော– (က) အသေးစိတ်၏ အရ........သာယာဘွယ်ဖြစ်ပုံ........မွေ့လျော်စွာ သုံးဆောင်ဘွယ်ဖြစ်ပုံ........များနှင့် သာယာမှု မွေ့လျော်စွာသုံးဆောင်မှုတို့မှာ လောကသားတို့၌ ထင်ရှား လှရကား– သိသာလှသဖြင့်........ (ခ) အသေးစိတ်၏ အရကိုသာ ရှင်းပြဘွယ်ရှိရာ........လောကတွင်းမှ လွတ်မြောက်ရေးစာပေများဖြစ်သော–ဗုဒ္ဓရှင်တော်ဘုရား၏ ဓမ္မတရားများကို ဖော်ပြရေးသားထားသည့် စာပေများ၏ ကောင်းမြတ်ချိုမြိန်သောအရသာ ဟူသည်မှာကား–

စင်စစ်အားဖြင့် ဓမ္မဇာတာ ဟူသော တရားသဘောပင် ဖြစ်လေသည်၊ သဘာဝ ကောင်းမြတ်ခြင်း, ကောင်းမြတ်သော အကျိုးကို ပေးစွမ်းနိုင်ခြင်း, ကြည့်ရှုသူ တို့၏ ဉာဏ်၌ ချိုမြိန်စေခြင်း......နှစ်သိမ့်မှုကို ဖြစ်စေခြင်းများကြောင့်ပင် ဖြစ်ပေ သည်။

## တရား အရသာ၌ သာယာမှု

ယင်း တရား၊ အရသာကို သာယာခြင်း......မွေ့လျော်ရွှင်ပျစွာ သုံးဆောင်ခြင်း...... တို့မှာလည်း စင်စစ်အားဖြင့် တမက်မောမော သာယာသော တရှိုက်မက်မက် ရွှင် မောသုံးဆောင်သော တဏှာသဘောမဟုတ်ပေ၊ တရားသဘော အရသာကို အာရုံ ပြု၍ မျက်မှောက် ပြုရခြင်း, တရားကို သိရခြင်းတို့ဖြင့် ကြည်နူး နှစ်သိမ့် ပီတိ စိမ့် သော သာယာမှုသာ ဖြစ်ရာ...... ဓမ္မပဒ ပါဠိတော်လာ......

ဓမ္မာရာမော, ဓမ္မရတော
ဓမ္မံ, အနု ဝိစိန္တယံ

စသော...... "တရား၌ မွေ့လျော် ပျော်ပိုက်၍ တရားကို စိစစ် ဖူးစမ်းသော" စကားရပ်များနှင့် ညီညွတ်သည့်

ဓမ္မစ္ဆန္ဒ......တရား၌ လိုလားနေခြင်း
ဓမ္မပီတိ......တရားကို နှစ်သိမ့်နေခြင်း

များသာ ဖြစ်သည်သာ။

## အရသာရှိ စာပေ

သို့ဖြစ်ရာ......အကျဉ်းချုပ်မှာ— ဖော်ပြခဲ့သည့် အဓိပ္ပါယ်အရဖြင့် စာပေ၏ သာယာဘွယ်ရှိခြင်း......မွေ့လျော်စွာ သုံးဆောင်ဘွယ် ရှိခြင်းသည်ပင် စာပေ၏ အရသာမည်၏ဟု သိရပေမည်၊ ထိုသို့သော အရသာမျိုးရှိသော စာပေမျိုးများ သည်လည်း အရသာရှိသော စာပေများပင်ဖြစ်သည်ဟု သိရပေမည်ဖြစ်ကြောင်း။

## အရသာရှိအောင် ကြည့်ရှုနည်း

အရသာရှိအောင် ကြည့်ရှု သုံးသပ်ရမည့် အကြောင်းမှာကား စာပေ၌ ပါရှိ သည့် အရသာကို သိအောင်......သိပြီး—ဉာဏ်ဖြင့် သုံးစားနိုင်အောင် အစဦးမှ အဆုံးစွန်အထိ—ကွက်ကြား, ကျော်လွှားခြင်းများကို ရှောင်၍ စိတ်ဝင်စားစွာဖြင့် စဉ်တိုက်ကြည့်ရှုသုံးသပ်ခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့်........ ဤ''ပဋ္ဌာန်းသမုပ္ပါဒ် အရသာ''မည်သော–စာပေကို ကြည့်ရှု သုံးသပ်ရာ၌လည်း၊ ဤသို့ စဉ်တိုက် စိတ်ဝင်စားစွာ သုံးသပ်ကြည့်ရှုမှုကို လိုက်နာ၍ ကြည့်ရှုသင့်ပေသည်။

## အမှန်မြတ်ဆုံး အရသာ

ပဋ္ဌာန်းသမုပ္ပါဒ်၏ မူလအရသာကား၊ ပြောပြကုန်နိုင်ဘွယ်မရှိ။

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ–ဟူသော ဓမ္မပဒပါဠိတော်အရ အရသာတို့တွင် အမှန်မြတ်ဆုံးအရသာဟုသာ–အဆုံးစွန်သုံးနှုန်း ပြောပြရပေမည်။

## ပဋ္ဌာန်းသမုပ္ပါဒ် အရသာ၏ အရသာ

ဤပဋ္ဌာန်းသမုပ္ပါဒ် အရသာ၏........အရသာကိုမူကား၊– တဆင်တမျိုးဖြင့် ''မူပုံ ဖော်ထားခဲ့သူ ကျေးဇူးရှင် ညောင်လေးပင်တောရ ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ဘုရားကြီး''၏ မူပုံဖော်ချက်တွင်သာ တည်ရှိနေသည်ဖြစ်ရာ........ အရသာရှိအောင် ကြည့်ရှုသုံးသပ်နည်းဖြင့် ကြည့်ရှုသုံးသပ်ကြည့်က ဘယ်အထိ အရသာ ရှိမည်ကို သိရပေမည်သာ။

ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ရင်း အဆုံးတိုင်မှာကား၊....... ဝိမုတ္တိရသ ခေါ် နိဗ္ဗာန်အရသာအထိ ပါရှိသည်........ဟူ၏။

### ဖြန့်ဖြူးခြင်းနှင့်
## ဆရာတော်ဘုရားကြီး၏ ရည်ရူးချက်

ထို့ကြောင့်ပင်– ဤ ပဋ္ဌာန်းသမုပ္ပါဒ် အရသာ မည်သော စာပေကောင်းကြီးမှ ပဋ္ဌာန်းသမုပ္ပါဒ် အရသာများကို အရသာရှိအောင် ကြည့်ရှုသုံးသပ်နည်းဖြင့် ကြည့်ရှု သုံးသပ်ကြ၍.......

အာရမ္မဏ သန္တိကရဏ........အာရုံပြု၍ မျက်မှောက်ပြုခြင်း၊
ဓမ္မ အဘိသမယ........ တရားသဘောကို ထိုးထွင်းသိခြင်းတို့ဖြင့်၊
သုံးစားကြရကား.......ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ ရည်ရူးချက်အတိုင်းဖြင့်လည်း........

ဓမ္မရသ ........ =မဂ်အရသာ
အတ္ထရသ........ =ဖိုလ်အရသာ
ဝိမုတ္တိရသ........=နိဗ္ဗာန်အရသာ များတိုင်အောင် သုံးစားကြရပါစေသား ဟူသော ရည်သန်စိတ်ထားဖြင့် ဤ ပဋ္ဌာန်း

## နိဂုံး ။

သမုဒ္ဒါန် အရသာ ကျမ်းစာပေကို ဒုတိယ အကြိမ် ပုံနှိပ်ဖြန့်ဖြူးလိုက်ရပေကြောင်း။

နှစ်ထောင်း အားရစွာဖြင့် အရသာရှိအောင် ကြည့်ရှု သုံးသပ်နိုင်ကြ ပါစေ သတည်း။

**အရှင်-ခေမိန္ဒ**

ကျောက်ကန်းတောရ

မေဓိနီကျောင်းတိုက်

ကံဘဲ့။

၁၃၁၇-ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၅-ရက်

( ၉-၇-၅၅ )

[၁၃...နှစ်က ပဌမအကြိမ်-ရိုက်နှိပ်ဖြန့်ဖြူးပြီးနောက်၊ ဤဒုတိယအကြိမ်-ရိုက်နှိပ်ရာ၌ မကျန်းမာတော်မူသဖြင့် ဆေးရုံကြီးသို့ တက်ရောက် ကုသနေသဲ၊ ပြန်လည်ပြင်ဆင်ဖြည့်တင်းခဲ့သော ဆရာတော်ဘုရားကြီး၏နောက်ဆုံး ဖြည့်တင်းချက်များပါရှိပါသည်။]

# ပဋိစ္စသမုပ္ပါဒ် အရသာ မာတိကာ။


| အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|
| စက်ဝိုင်းကြီးပုံစံ။ | |
| (ကုသိုလ်ရေးပလ္လင်ခံ-နိဒါန်း။) | |
| ဘုရားပင့်ရန် | ၁ |
| တရားပင့်ရန် | ၂ |
| သံဃာပင့်ရန် | ၂ |
| သီလာနုဿတိ ဘာဝနာဖြင့် ပူဇော်ရန် | ၃ |
| ကောဋ္ဌာသ ဘာဝနာဖြင့် ပူဇော်ရန် | ၄ |
| ဒေဝတာ နုဿတိ ပွါးရန် | ၅ |
| မေတ္တာပို့ | ၅ |
| မရဏာနုဿတိ ရှစ်မျိုးပွါးပုံ | ၆ |
| အရိုးသုံးရာ-အဋ္ဌိက ဘာဝနာ | ၇ |
| ဝိပဿနာပွါးရန် | ၈ |
| မုပတုကမျတာဉာဏ် | ၈ |


## "ကုသိုလ်ရေး ပလ္လင်ခံ-နိဒါန်းပြီး၏။"


| | |
|---|---|
| ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဆုတောင်း | ၉ |
| အင်္ဂါ၊ ကာလ၊ ဝဋ်ပုံစံ နှင့် သရုပ်ခွဲ | ၁၀ |
| ခြင်းရာ၊ အစပ်၊ အလှာပုံစံ နှင့် သရုပ်ခွဲ | ၁၂ |
| မူလနှစ်ပါး ပုံစံ နှင့် သရုပ်ခွဲ | ၁၄ |
| အပြည့်အစုံ ပဋိစ္စသမုပ္ပါဒ် စက်ပုံစံ | ၁၇ |
| ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ပါဠ် အနက် နှင့် ကြောင်း ကျိုးခွဲ | ၂၅ |
| ၃၁-ဘုံပုံစံ နှင့် ဘုံသရုပ်ခွဲ | ၃၁ |
| ပုဂ္ဂိုလ်အပြား ဝါကရားဖြစ်ပုံ | ၃၄ |
| ပဋိစ္စသမုပ္ပါဒ် အရကောက် | ၃၅ |
| ဥပမာ အချုပ်လင်္ကာ (အဖြေနှင့်) | ၃၇ |
| ၁) ပဋိစ္စသမုပ္ပါဒ် အရကောက် အဖွင့် တရားစာ | ၃၈ |
| ဆယ်ဌာန [ပယ်လိုလျှင် စာဖြင့် အညီပယ်နိုင်သည်။] | ၄၉ |
| ဆယ်ဌာနချုံဆိုပုံ | ၅၀ |

## မာတိကာ။


| အကြောင်းအရာ။ | စာမျက်နှာ |
|---|---|
| ဆယ်ဌာန၌ ပြောင်းလွှဲပုံ | ၅၁ |
| ဌာနပေါင်း | ၅၂ |
| သစ္စာလေးပါးခွဲပုံ | ၅၃ |
| ခန္ဓာငါးပါး | ၅၃ |
| အာယတန ၁၂-ပါး | ၅၄ |
| ဓါတ် ၁၈-ပါး | ၅၄ |
| သစ္စာလေးပါး | ၅၅ |
| နိဒါနဝဂ္ဂသံယုတ် ပါဠိတော်ဝင်ဒုက္ခပါဠိ | ၅၆ |
| ။ ၎င်း နိသျ | ၅၇ |
| ဉာဏ် ၄၄-ပါး | ၆၀ |
| ဉာဏ် ၇၇-ပါး | ၆၁ |
| (၂) ပဋိသမ္ဘိဒါ ဒေသနာ သရုပ်ခွဲ တရားစာ | ၆၃ |
| ဓရစက်ချ | ၇၂ |
| ပဋိစ္စသမုပ္ပါဒ် အရသာ ဟောစဉ်တရားစာ | ၇၄ |
| (၃) သုတ်မဟာဝါ-ပါယာသိရာဇညသုတ် တရားစာ | ၇၅ |
| (၄) မဟာဝဂ္ဂသံယုတ်-သစ္စာလေးပါး တရားစာ | ၈၇ |
| (၅) သဠာယတနသံယုတ်-စိတ္တသံယုတ် တရားစာ | ၁၀၁ |
| (၆) ဒိဋ္ဌိ အမျိုးမျိုး-သာမညဖလသုတ္တန် တရားစာ [သုတ်သီလက္ခန်] | ၁၁၂ |
| (၇) ရှင်အာနန္ဒာစကားအတားခံရခြင်း၊ တရားသူခိုး ပဋိစ္စသမုပ္ပါဒ် ဉာဏ်ရခြင်းတရားစာ | ၁၂၆ |
| (၈) အဝိဇ္ဇာ အသုဘရူ တရားစာ | ၁၄၀ |
| (၉) သင်္ခါရဆင်ကောင်ပုပ် တရားစာ | ၁၅၁ |
| (၁၀) ဝိညာဏ် နှင့် မိဘသတ်တရားစာ | ၀၆၆ |
| (၁၁) နာမ်ရုပ်၊ သဠာယတနဖြင့် မျက်နှာကြီး တရားစာ | ၁၇၇ |
| (၁၂) ဖဿ၊ ဝေဒနာကူညီတဲ့တဏှာကို သုတ်သင်စရာတရားစာ | ၁၈၈ |
| (၁၃) ဥပါဒါန် သုတ်သင်-စက်ပိုင်ရှင်ဖြစ် တရားစာ | ၁၉၉ |
| (၁၄) ဘဝ၊ ဇာတိ၊ ဇာရာမရဏ၊ သောကစသည်နှင့် ထိပေါက်တရားစာ | ၂၁၁ |
| (၁၅) ဝိနိစ္ဆယခြောက်ပါး စက်မြစ်ဖြတ်တရားစာ | ၂၂၃ |

## မာတိကာ။


| အကြောင်းအရာ။ | စာမျက်နှာ။ |
| --- | --- |
| နိဂုံး | ၂၄၅ |
| ပဋိစ္စသမုပ္ပါဒ်နှင့်အမေး-အဖြေ | ၂၄၆ |
| ဝိပဿနာ ခရီးစဉ် မေး—ဖြေ | ၂၅၀ |
| ဝင်လေ—ထွက်လေ ဘာဝနာ ပြောပြပုံ | ၂၆၅ |
| ဝိပဿနာဆက်ပုံ | ၂၆၉ |
| ဉာဏ်စဉ် ၁၆-ပါး ပြောပြပုံ | ၂၇၀ |

# ပဋိစ္စသမုပ္ပါဒ်အာရုံ

ညောင်လေးပင်မြို့၊
တောရကြီး(ပရိယတ္တိ ဓမ္မာစရိယ-မူလစာချ-အဂ္ဂမဟာပဏ္ဍိတ)ပဓာန
နာယက ဆရာတော် အရှင်-ဘဒ္ဒန္တ အရိယာဘိဝံသထေရ် စီရင်သည်။




အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်။ ဝိညာဏ်ကြောင့် နာမ်ရုပ်...။ နာမ်ရုပ်ကြောင့် သဠာယတန...။ သဠာယတနကြောင့် ဖဿ...။ ဖဿကြောင့် ဝေဒနာ...။ ဝေဒနာကြောင့် တဏှာ...။ တဏှာကြောင့် ဥပါဒါန်...။ ဥပါဒါန်ကြောင့် ဘဝ...။ ဘဝကြောင့် ဇာတိ...။ ဇာတိကြောင့် ဇရာမရဏ ဖြစ်၏။ သောက စသည်တို့လည်း ဖြစ်ကုန်၏။ ဇရာမရဏတို့၊ သောက စသည်တို့ ဖြစ်သောအခါ နပျိုလို အသက်ရှည်လိုသော ကာမာသဝ တဏှာ စသည် ဖြစ်သည်။ ထို အာသဝကြောင့် အဝိဇ္ဇာလည်း အတူဖြစ်သည်၊ ထိုကြောင့် ဇရာမရဏပစ္စယာ အဝိဇ္ဇာဟု လှည့်ခွေသည်။

ဗုဒ္ဓေါ ဓမ္မောစ သံဃောစ၊ အဟော ဝန္ဒိယတေ မမ။
ဝန္ဒိတဗ္ဗာ နုဘာဝေန၊ ဇိယန္တု ဝေရလာမကာ။

# ကုသိုလ်ရေး ပလ္လင်ခံ နိဒါန်း

## ဘုရားပင့်ရန်။

၁။ အရဟံ၊ ကိလေသာရန်သူကိုသတ်တော်မူတတ်သောမြတ်စွာဘုရားပါတကား။
၂။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တော်တိုင် သိတော်မူပြီးသော မြတ်စွာဘုရားပါတကား။
၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။
၄။ သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ပါတကား။
၅။ လောကဝိဒူ၊ လောကသုံးပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါ တကား။
၆။ အနုတ္တရော ပုရိသ–ဒမ္မ–သာရထိ၊ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ား တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားပါတကား။
၇။ သတ္ထာ+ဒေဝမနုဿာနံ၊ နတ်, လူတို့၏+ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားပါတကား။ [ဒေဝနှင့်မနုဿာနကိုတွဲ၊သတ္ထာနှင့်ခွဲ၊]
၈။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါ တကား။
၉။ ဘဂဝါ၊ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရားပါ တကား။

ဤသို့ ကိုးပါးအစ ဂုဏ်တော်အနန္တတို့နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဘုရားတပည့်တော်များ၏ ပူဇော်ခြင်းကို ခံတော်မူရန် ကြွမြန်းတော်မူပါ ဘုရား။ ။

## တရားပင့်ရန်။

၁။ သွက္ခာတော၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ပရိယတ်၊မဂ်၊ဖိုလ်၊နိဗ္ဗာန် တရားဆယ်ပါးပါတကား၊

[ပရိယတ်တပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တပါးဟု-သိ။]

၂။ သန္ဒိဋ္ဌိကော၊ အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်ရှုမြင်အပ်ပြီးသောမဂ်၊ ဖိုလ် နိဗ္ဗာန်တရား ကိုးပါးပါတကား။

၃။ အကာလိကော၊ အခါမလင့် အခြားမဲ့၌ ဖိုလ်အကျိုးကို ဖြစ်စေတတ်သော မဂ်တရားလေးပါးပါတကား။

၄။ ဧဟိပဿိကော၊ လာလှည့်၊ ရှုလှည့်ဟု တိုက်တွန်းအပ်သော အစီအရင်ကို ခံထိုက်သော မဂ်၊ဖိုလ်၊နိဗ္ဗာန်တရား ကိုးပါးပါတကား။

၅။ ဩပနေယျိကော၊ ကပ်၍ ဆောင်ယူခြင်းငှါ ထိုက်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရား ကိုးပါးပါတကား။

၆။ ပစ္စတ္တံ+ဝေဒိတဗ္ဗော+ဝိညူဟိ၊ (အုတ်ဃာတိတင်ညူ-ဘတ်။) ဥဃ္ဃာဋိတညူ စသော အရိယာပုဂ္ဂိုလ်တို့သည်+မိမိ,မိမိ စိတ်၌+သိအပ် ခံစားအပ်သော မဂ်၊ဖိုလ်၊နိဗ္ဗာန်တရား ကိုးပါးပါတကား။

[တရားဆယ်ပါး၌တပုဒ်၊ လေးပါးတပုဒ်၊ ကိုးပါးလေးပုဒ်ဟု-သိ]

ဤသို့ ခြောက်ပါးအစ ဂုဏ်တော် အနန္တတို့နှင့် ပြည့်စုံတော်မူသော တရားဆယ်ပါးသည် ဘုရားတပည့်တော်များ၏ ပူဇော်ခြင်းကို ခံတော်မူရန် ကြွမြန်းတော်မူပါဘုရား။

## သံဃာပင့်ရန်။

၁။ သုပ္ပဋိပန္နော၊ ကောင်းသော အကျင့်ကို—ကျင့်ဆဲ၊ ကျင့်ပြီး ဖြစ်သော အရိယာသံဃာရှစ်ပါးအပေါင်းပါတကား။

[မဂ်ပုဂ္ဂိုလ်လေးယောက် ကျင့်ဆဲ၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက်ကျင့်ပြီးဟု-သိ။ ။ပဋိပ်-ဟုမဘတ်နှင့်။]

၂။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်သော အကျင့်ကို—ကျင့်ဆဲ၊ ကျင့်ပြီး ဖြစ်သော အရိယာသံဃာရှစ်ပါးအပေါင်းပါတကား။

၃။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးငှါ—ကျင့်ဆဲ၊ ကျင့်ပြီး ဖြစ်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

၄။ သာမီစိပ္ပဋိပန္နော၊ ရိုသေသမှု ပြုထိုက်အောင်—ကျင့်ဆဲ၊ ကျင့်ပြီး ဖြစ်သော အရိယာ သံဃာရှစ်ပါး အပေါင်းပါတကား။

[ဤကား—အကြောင်းရတ်လေးပါးတည်း။ ဝါ—အကျင့်ရတ် လေးပါးတည်း။]

၅။ အာ.ဟုနေယျော၊ အဝေးမှ ဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

၆။ ပါဟုနေယျော၊ ဧည့်သည်ကောင်းတို့ အလို့ငှါ အထူး စီရင်အပ်သော အာဂန္တုကဒါနကို ခံတော်မူထိုက်သော အရိယာသံဃာ ရှစ်ပါးအပေါင်း ပါတကား။

၇။ ဒက္ခိဏေယျော၊ မြတ်သောအလှူအားလျော်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။ [အကျိုးကြီးအောင် ပြုသောကြောင့် လျော်သည်ဟု–သိ။]

၈။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကို ခံထိုက်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

[မထိုက်လျှင် လှံထိုးခံရသည်ထက် ဆိုးသည်ဟု-သိ။ ။လိ၌ သံခပ်မပါ၊ ဏီ၌ သံခပ်ပါသည်။]

၉။ အနုတ္တရံ+ပုညက္ခေတ္တံ+လောကဿ၊ လူအပေါင်း၏+ကောင်းမှု မျိုးစေ့၏ ပေါက်ရောက် ကြီးပွါးရာ+အတုမရှိ လယ်တာ မြေကောင်းသဘွယ် ဖြစ် တော်မူသော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

[ဤကား–အကျိုးဂုဏ်ငါးပါးတည်း။ ယခင်လေးပါး ပေါင်း၍ဖြင့် ယခုငါးပါး၏ ရသည်ဟု–သိ။]

ဤသို့ ကြောင်းလေး+ကျိုးငါး–ကိုးပါးအစ ဂုဏ်တော်အနန္တတို့နှင့်ပြည့်စုံ တော်မူသော အရိယာသံဃာ ရှစ်ပါးအပေါင်းသည် ဘုရားတပည့်တော်များ၏ ပူဇော်ခြင်းကို ခံတော်မူရန် ကြွမြန်းတော်မူပါဘုရား။

## သီလာနုဿတိဖြင့်ပူဇောင်ရန်။

အာမိသ ပူဇော်ခြင်းထက် ဓမ္မပူဇော်ခြင်းသည် မြတ်၏ဟု ဟောသည်။ ( ) ဤသို့ ကွင်းထားသော ပါဠိကို ချန်၍ နှလုံးသွင်းလျက် ပူဇော်အပ်၏။

၁။ (အ.ခဏ္ဍာနိ) အစဉ်ရှေ့ရင်း၊ အဆုံးနောက်ရင်း–တခုမျှ မပျက်သောကြောင့် ကျိုး ခြင်း ပြတ်ခြင်း မရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

[ဥပုသ်ကွန့်မြူးလိုသူကား၊ အစဉ်ရှေ့ရင်း၊ အဆုံးနောက်ရင်း တခုခု ပျက်လျှင်ပင် ကျိုးခြင်း ပြတ်ခြင်းရှိသော (ခဏ္ဍ) သီလဖြစ်၏။ မကောင်း။ ဤသို့ ကွန့်မြူးရာ၏။]

၂။ (အ.ဆိဒ္ဒါနိ) အလယ်၌ တခုမျှ မပျက်သောကြောင့် ပေါက်ခြင်း ထွင်းခြင်း မရှိသော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

[အစ်–မပါအောင် ဆိုပြပါ။]

၃။ (အ.သဗလာနိ) အစဉ်အတိုင်း နှစ်ခု၊ သုံးခု မပျက်သောကြောင့် ကြောင် ခြင်း ကျားခြင်း မရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

[အ-မပါအောင် ကွန့်ပြပါ။]

၄။ (အ.ကမ္မာသာနိ) အကြား အကြား၌ တခုမျှ မပျက်သောကြောင့် ပြောက် ခြင်း ကွက်ခြင်း မရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

[အကြားအကြား၌ တခုခုပျက်လျှင် ပြောက်ခြင်း ကွက်ခြင်းရှိသော (ကမ္မာသ) သီလဖြစ်၏။ မကောင်း။ ။ဤအတိုင်း အပြန်အလှန် ကွန့်မြူးရာ၏။]

(တနည်းကား) မေထုန်ငယ် ခုနစ်ပါး တို့သည်၎င်း၊ အမျက် ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း၊စသော ယုတ်မာသော တရားတို့သည်၎င်း၊ မနှိပ်စက်အပ်သော ကြောင့် ကျိုးပြတ်ခြင်း မရှိ၊ ပေါက်ထွင်းခြင်းမရှိ၊ ကြောင်ကျားခြင်းမရှိ၊ ပြောက်ကွက်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

၅။ (ဘုဇိဿာနိ) တဏှာ၏ ကျွန်အဖြစ်မှ လွတ်စေ၍ တော်လှန်ကောင်းမြတ်သော သူ၏ အဖြစ်ကို ပြုတတ်သော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

၆။ (ဝိညု+ပ္ပသတ္ထာနိ) ဘုရားအစရှိသော ပညာရှိတို့+ချီးမွမ်း အပ်သော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

၇။ (အပရာမဋ္ဌာနိ) ဤမည်သော အပြစ်ရှိ၏ ဟူ၍၎င်း၊ တဏှာဒိဋ္ဌိ တို့ဖြင့်၎င်း မသုံးသပ်အပ်သော ငါ၏သီလတို့သည် ကောင်းလေစွတကား။

၈။ (သမာဓိ+သံဝတ္တနိကာနိ) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ မဂ္ဂသမာဓိ၊ ဖလ သမာဓိတို့ကို ဖြစ်စေတတ်သော ငါ၏ သီလ တို့သည် ကောင်းလေစွတကား။

ဤသို့စင်ကြယ်သောသီလကို အဖန်ဖန်အောက်မေ့ရမည်ဟု ဟောတော်မူသော မြတ်စွာဘုရားကို ပူဇော်ပါ၏၊ တရားတော်ကို ပူဇော်ပါ၏၊ သံဃာတော်ကို ပူဇော်ပါ၏ဘုရား။

မှတ်ချက်။ ။မေထုန်ငယ်ဟူသည်ရှဉ်းစုံမကပ်သော်လည်း ပွတ်သပ်သာယာခြင်း၊၊ရယ်မြူးသာယာခြင်း၊၊ကြည့်ရှုသာယာခြင်း၊၊အသံနားထောင်သာယာခြင်း၊ ရှေးကရယ်မောပြောဆိုဘူးသည်ကို ပြန်သာယာခြင်း၊သူ၊တကာလင်မယားကို မြင်၍အားကျသာယာခြင်း၊၊နတ်ပြဿာစည်းစိမ်ဆုတောင်းခြင်း၊ ဤသို့ ခုနစ်ပါ ဖြစ်၏။ သီလ ညစ်နွမ်းစေ၏။ ဝဋ်မှ မလွတ်စေနိုင်။ ။ရှဉ်းစုံမကပ်၊ ပွတ်သပ်မကျူး၊ ရယ်မြူးမနှုံး၊ မျက်စိမဆုံ (၄) သံမျိုးစုံပစ်၊ ရှေးပြန်မကြံ၊ မောင်နှံ့ရှောင်၊ နတ်ဘောင်မရွယ် (၄) ဤရှစ်သွယ် လွတ်ဘွယ်မေထုန်တည်း။ ကြိုး ၁+ငယ် ၇+ပေါင်းရှင်။

## ကောဋ္ဌာသဘာဝနာဖြင့်ပူဇော်ရန်။


ဆံပင်၊မွေးညှင်း၊၊ခြေသည်းလက်သည်း၊၊သွား၊အရေ။ ........(၅-ခု)
အသား၊၊အကြော၊အရိုး၊၊ရိုးတွင်းခြင်ဆီ၊အညှိ။ ........(၅ ခု)
နှလုံး၊၊အသည်း၊၊အမြှေး၊အဖျဉ်း၊၊အဆုတ်။ ........(၅-ခု)
အူမ၊အူသိမ်၊အစာသစ်၊အစာဟောင်း၊၊ဦးနှောက်။ ........(၅-ခု)
သည်းခြေ၊သလိပ်၊ပြည်၊သွေး၊ချွေး၊၊အဆီခဲ။ ........(၆-ခု)
မျက်ရည်၊ဆီကြည် တံတွေး၊နှပ်၊အစေး၊ကျင်ငယ်။ ........(၆-ခု)
ကျင်ငယ်၊အစေး၊နှပ်၊တံတွေး၊ဆီကြည်၊မျက်ရည်။ ........(၆-ခု)
အဆီခဲ၊ချွေး၊သွေး၊ပြည်၊သလိပ်၊သည်းခြေ။ ........(၆-ခု)
ဦးနှောက်၊အစာဟောင်း။အစာသစ်၊အူသိမ်၊အူမ။ ........(၅-ခု)

အဆုတ်၊ အဖျဉ်း၊ အမြေး၊ အသည်း၊ နှလုံး။ ........(၅-ခု)
အညှိ၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ ........(၅-ခု)
အရေ၊ သွား၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။ ........(၅-ခု)

ဤ ၃၂-ပါးသော အဘို့အစုတို့သည် အဆင်းအားဖြင့်၎င်း၊ သဏ္ဍာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ တည်ရာအရပ်အားဖြင့်၎င်း၊ မှီရာအကြောင်းအားဖြင့်၎င်း စက်ဆုပ်စရာ၊ ရွံစရာဖြစ်ကုန်၏။ မတင့်တယ်ကြကုန်။ သတ္တဝါလည်း မဟုတ်ကုန်။ အသက်လည်း မဟုတ်ကုန်။

ဤသို့ ကောဋ္ဌာသ ဘာဝနာပွါးရန် ဟောကြားသော ဘုရားကို၎င်း၊ ဟောကြားတိုင်း ကျင့်သော သံဃာကို၎င်း၊ ကျင့်တိုင်းရသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားကို၎င်း ပူဇော်ပါ၏ဘုရား။

## ဒေဝတာ နုဿတိ ပွါးရန်။

၁။ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ—စသော နတ်,ဗြဟ္မာတို့သည် သဒ္ဓါ၌...... နတ်,ဗြဟ္မာ တို့ဖြစ်ကြသည်။ ထိုသဒ္ဓါမျိုးသည် ငါ့တို့၌လည်းရှိ၏။ အရတော်လေစွ။
၂။ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ—စသော နတ်, ဗြဟ္မာတို့သည် သီလ၌...... [ယခင်နည်းမှီ၍ဆက်နိုင်စေလော။]
၃။ သုတ၌...... ၄။ စာဂ၌...... ၅။ ပညာ၌...... နတ်, ဗြဟ္မာတို့ဖြစ်ကြသည်။ ထိုပညာမျိုးသည် ငါ့တို့၌လည်းရှိ၏။ အရတော်လေစွ။

## မေတ္တာပို့။

၁။ ငါသည်...... ရန်ကင်းပါစေ၊ စိုးရိမ်ခြင်းကင်းပါစေ။ ဆင်းရဲခြင်းကင်းပါစေ။ မိမိကိုယ်ကို ချမ်းသာအောင်ရွက်ဆောင်နိုင်ပါစေ။
၂။ ငါနှင့်အတူနေ သမဂ္ဂတို့သည်...... ရန်ကင်းကြပါစေ။ စိုးရိမ်ခြင်းကင်းကြပါစေ။ ဆင်းရဲခြင်းကင်းကြပါစေ။ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။
၃။ ငါနှင့်အတူနေ အိမ်စောင့်နတ်တို့သည်...... ရန်ကင်းကြပါစေ။
[ရှေးအတိုင်းဆက်ဆို။]
၄။ ငါတို့ရပ်ရွာ၌ အစိုးတရ အုပ်ချုပ်ကြကုန်သော အကြီးအကဲ ဖြစ်သော သူတို့သည်...... [ဆက်နိုင်သော [illegible]]
၅။ ငါတို့ ရပ် [illegible] တို့ကို အစဉ်မပြတ် [illegible] သော သူတို့သည်...... [မဆက်တတ်လျှင် ၂-နံပါတ် ကြည့်၍ဆက်။]

## သီမ–သမ္ဘေဒ–ပြုနည်း။

၁။ ငါသည်.......ရန်းကင်းပါစေ....... [၁–နံပါတ် ကြည့်၍ဆက်။]

၂။ ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်တို့သည်........ [၂–နံပါတ် ကြည့်၍ဆက်။]

၃။ မချစ်လွန်း, မမုန်းလွန်း အလယ်, အလတ်၌ တည်သော မဇ္ဈတ္တ ပုဂ္ဂိုလ်တို့သည်........ [၂–နံပါတ် ကြည့်၍ ဆက်။]

၄။ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့သည်....... [၂–နံပါတ် ကြည့်၍ဆက်။]

(ဤလေးဦး မေတ္တာညီအောင်ပွါးရသည်။ သီမ–အပိုင်း,အခြား၊ သမ္ဘေဒ–ပျက်ခြင်း၊ပိုင်းခြားပျက်၍ တသားတည်းဖြစ်အောင်ပွါးရသည်။ ဤလေး ယောက်အတူနေတိုင်ရာသို့ ခိုးသူ,ထားပြ၊အစိုးရများလာ၍ "တယောက်ပေးပါ၊သတ်၍ ယဇ်ပူဇော်လိုသည်"ဟုတောင်းပြောအံ။ သူ့ကိုယူစေ၊ ငါ့ကိုယူစေဟု စိတ်ဖြစ်လျှင်၊ ပိုင်းခြားရှိ၍ စိတ်မညီဟု ဆိုအပ်၏။ ပေးစရာမမြင်လျှင် ပိုင်းခြားမရှိပြီ၊ မေတ္တာညီပြီ၊ သီမသမ္ဘေဒဖြစ်ပြီဟု ဆိုအပ်၏။ ထိုအခါဥပစာရ ဈာန်ခေါ်ဈာန် အတု ရသည်မည်၏။)

## မရဏာသတိ ရှစ်မျိုး ပွါးပုံ။

### ငါသည် ကေန်မုချ သေရလတ္တံ့။

၁။ တနေ့နှင့်တညဥ့်မျှလောက်ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

၂။ တနေ့မျှလောက်ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

၃။ နေ့၏ထက်ဝက်မျှလောက်ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

၄။ အစာတထပ်စားချိန်မျှလောက်ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

၅။ အစာတထပ်စားချိန်၏ ထက်ဝက်မျှလောက်ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

၆။ အစာ–လေး, ငါးလုပ်မျိုသလောက် ကြာအောင်........အသက်ရှည်လျှင် တော်ပေစွ။

၇။ အစာတလုပ်မျိုသလောက်ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

၈။ ထွက်သက်မှ ဝင်သက် တိုင်ရုံလောက်၊ ဝင်သက်မှ ထွက်သက် တိုင်ရုံလောက် ကြာအောင်........အသက်ရှည်လျှင်တော်ပေစွ။

### ကေန် မုချ ငါသေရလတ္တံ့။

(ဤမရဏသတိ ရှစ်မျိုးတို့တွင် နောက်ဆုံးနှစ်မျိုးကို၊ သတိကောင်းသည်ဟု ချီးမွမ်းတော်မူသည်။ ရှေးခြောက်မျိုးကို မေ့လျော့သူဟု ကဲ့ရဲ့တော်မူသည်။ ကဲ့ရဲ့ထိုက်သော ပါရမီရှင်၏ ကဲ့ရဲ့ခံရခြင်းသည်ပင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတန်သည်ဟု ဝမ်းမြောက်အပ်၏၊ ပယ်သစ်မဟုတ်လျှင် ဝမ်းမြောက်ဘွယ်တည်း၊ ဘုန်းကြီးတပါး ခေါက်သည်ကို ဝလ သင်္ချေနှင့် ကမ္ဘာတသိန်းတန်သည်ဟု ကျောင်းဆရာ တဦးဝမ်းမြောက်ဘူးပြီ။)

# မှတ်ချက်မရှိ ငါးမျိုးပွါးပုံ။

၁။ ဤအသက်သည် အဘယ်မျှကြာမည်မသိ၊ ယနေ့လော,နက်ဖြန်လော၊နေ့တိုင်း သေနိုင်၏။

၂။ အဘယ်အနာဖြင့် သေမည်မသိ၊ ကိုယ်တွင်းနာလော,ကိုယ်ပနာလော၊ အနာတိုင်းဖြင့် သေနိုင်၏။

၃။ အဘယ်အချိန်သေမည်မသိ၊ နေ့လော,ညဥ့်လော၊ အချိန်မရွေးသေနိုင်၏။

၄။ အဘယ်နေရာ သေမည်မသိ၊ လမ်း၌လော,အိပ်ရာ၌လော၊ နေရာမရွေး သေနိုင်၏။

၅။ သေပြီးလျှင် အဘယ်ဘဝ ရောက်မည်မသိ၊ ဒေဝဂတိလော, တိရိစ္ဆာနဂတိလော၊ ဆုံလည်နွားပမာ ဂတိငါးဖြာ တချာချာလည်နိုင်၏။

## အရိုးသုံးရာ အဋ္ဌိက ဘာဝနာ။

၁။ ခြေရိုး(၆၄)။လက်ရိုး (၆၄)။အသွားနှိသောအရိုးနု (၆၄)။

၂။ ဖနောင့်ရိုး (၂)။ဖမျက်ရိုး (၄)။ မြင်းခေါင်းရိုး(၄) ခြေသလုံးရိုးလဲခေါ်သည်။ ဒူးရိုး (၂)။ ပေါင်ရိုး (၂)။ ခါးရိုး (၂)။ ကျောက်ဆူးရိုး (၁၈)။ [ကျောက်ကုန်းရိုးလဲ ခေါ်သည်။]

၃။ နံရိုး (၂၄)။ ရင်ရိုး(၁၄)။ နှလုံးရိုး(၁)။ ညှပ်ရိုး(၂)။ ပခုံးရိုး (၂)။ မောင်းရင်းရိုး(၂)။ မောင်းဖျားရိုး(၄)။

၃။ လည်းပင်းရိုး(၇)။ မေးရိုး(၂)။ နှာခေါင်းရိုး (၁)။ မျက်ကွင်းရိုး (၂)။ နားရိုး(၂)။ နဖူးရိုး(၁)။ ထိပ်ရိုး(၁)။ ဦးခေါင်းရိုး(၉)။

၅။ ဤသို့လျှင် ဤကိုယ်၌ အရိုးသုံးရာရှိ၏။ အရိုးစု—အရိုးစု၊ စက်ဆုပ်စရာ ရွံစရာဖြစ်၏—စက်ဆုပ်စရာ ရွံစရာဖြစ်၏။ မာတင်းသော ပထဝီဓါတ်ဖြစ်၏—မာတင်းသော ပထဝီဓါတ်ဖြစ်၏။ ငါ,သူတပါး ယောက်ျား,မိန်းမ မဟုတ်။ ငါ,သူတပါး,ယောက်ျား, မိန်းမ မဟုတ်။ ငါ့ကိုယ်, ငါ့ဟာ, ငါမဟုတ်။ ငါ့ကိုယ်, ငါ့ဟာ, ငါမဟုတ်။ ။အနိစ္စ—အနိစ္စ။ ။ဒုက္ခ—ဒုက္ခ။ ။အနတ္တ—အနတ္တ။ ။

ရှင်သာရိပုတ္တရာနည်း။ ။အရိုးတိုင်သဘော၊အကြောရစ်ပတ်၊ အသားကပ်မြှုပ်၊အရေထူ,အရေပါးအုပ်ထားသည်ကို၊ယောက်ျား ကိုယ်ကောင်၊ မိန်းမကိုယ်ကောင်ဟု အခေါ်သာရှိသည်။အရိုး၊အကြော၊အသား၊အရေမှတပါး ယောက်ျား မိန်းမ မရှိ။

ကမ္ဘာပျက်နေ ၇—စင်း။ ။နေတစင်းထွက် ခိုက်ပျိုးပျက်၏။ နှစ်ထွက် မြစ်ငယ်။ သုံးသွယ်မြစ်ကြီး။ အိုင်ကြီးလေးစင်း။ ငါးစင်းသမုဒ်။ ဒိုးထုတ်ခြောက်ဖြစ်။ ခုနစ်မီးလောင်။ ကမ္ဘာပြောင်သည်……ရိပ်ရောင်သျှငါမကြွင်းတည်း။

ဒြသမုဒြာ အံ့ဘွယ်ပမာ သာသနာ။ ။အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံ့ဘွယ်ဆယ်ပစ်၊ တမည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာဆားတူ၊ ကြီးသျှစနရာ……အံ့ရှစ်ဖြာ။

## ဝိပဿနာပွါးရန်။

၁။ အကြောင်းတရားတို့ ညီညွတ်မှုဖြစ်ပေါ်လာသော နာမ်,ရုပ်ပါတကား။
၂။ ဖြစ်ပြီးလျှင် ပျက်စီးတတ်သောကြောင့် မမြဲသောနာမ်,ရုပ်ပါတကား။
၃။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသောနာမ်, ရုပ်ပါတကား။
၄။ မိမိအလိုသို့ မလိုက်တတ်သောကြောင့် ငါ့ကိုယ်ဟု မမှတ်ထိုက်သောနာမ်, ရုပ်ပါတကား။
၅။ အနှစ်သာရ ဘာမျှမရှိသောကြောင့် အချည်းနှီးအလကားဖြစ်သောနာမ်, ရုပ်ပါတကား။
၆။ အဖန်ဖန် နှိပ်စက်တတ်သောကြောင့် ရန်သူနှင့် တူသော နာမ်, ရုပ်ပါတကား။
၇။ အိုဘေး,နာဘေး,သေဘေး,ပဋိသန္ဓေဘေးတို့၏တည်ရာဖြစ်သောနာမ်, ရုပ်ပါတကား။
၈။ သုံးဆဲ့တဘုံ၌သာ ဖြစ်တတ်သော နာမ်,ရုပ်ပါတကား။
၉။ အပါယ်လေးဘုံ၌ ပျော်ပျော်ကြီး ဖြစ်တတ်သော နာမ်,ရုပ်ပါတကား။

## မုဒ္ဒိတာ ကဗျတာ ဥဒါဟြန်။

၁။ ဘုံသုံးပါး၌ အိုဘေး, နာဘေး, သေဘေး အကြားကျင်လည်ရခြင်းသည် ပိုက်ကွန်မိသော ငါး၊ ဂဠုန်လက်တွင်း နဂါး၊ မြွေခံတွင်း ဘားနှင့်တူလှ၏၊ ယခုလွတ်မှု ကောင်းလေစွ။
၂။ ချိုင့်လျှောင်သော တောကြက်၊ ကျော့ကွင်းမိသော တောဝက်၊ ကြောင်ခံတွင်း ကြွက်နှင့် တူလှ၏၊ ယခုလွတ်မှု ကောင်းလေစွ။
၃။ အလမ္ပါယ် မြွေအလား၊ စွန်လက်သည်းကြား စာသူငယ်၊ ညွှန်အိုင်အလယ် ဆင်ပြောင်နှင့်တူလှ၏၊ ယခုလွတ်မှု ကောင်းလေစွ။

## ကုသိုလ်ရေး ပလ္လင်ခံ နိဒါန်းပြီး၏။

# ပဋိစ္စသမုပ္ပါဒ်အရသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## ပဋိစ္စသမုပ္ပါဒ် ဉာဏ်ဆုတောင်း။

၁။ ပဋိစ္စသမုပ္ပါဒ်၌အင်္ဂါ ၁၂-ပါးကား။ ။အဝိဇ္ဇာ၊ သင်္ခါရ။ ။ဝိညာဏ်၊ နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ။ ။တဏှာ၊ဥပါဒါန်၊ဘဝ။ ။ဇာတိ၊ ဇရာမရဏ။ ။ [လေးပုဒ်ကွဲအောင်ဘတ်]

၂။ ကာလ သုံးပါးကား။ ။အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ် ကာလမည်၏ (နှစ်ပါး)။ဇာတိ၊ဇရာမရဏသည် အနာဂတ်ကာလမည်၏။(နှစ်ပါး)။အလယ် ရှစ်ပါးသည် ပစ္စုပ္ပန်ကာလမည်၏ (ရှစ်ပါး)။

၃။ ဝဋ်သုံးပါးကား။ ။အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ် မည်၏ (သုံးပါး)။ ။သင်္ခါရ၊ကမ္မဘဝသည် ကမ္မဝဋ်မည်၏ (နှစ်ပါး)။ဥပပတ္တိ ဘဝနှင့် အကြွင်းသည် ဝိပါကဝဋ်မည်၏ (ရှစ်ပါး)။

မှတ်ချက်။ ။ဘဝကို ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးခွဲသည်။

### ကိ,သုံး၊ ကံ,နှစ်၊ ဝိပါက်,ရှစ်၊ ဆဲ့နှစ်ဖြစ်နိုင်စေ။

[ဤစာလုံးမျိုးဘတ်ရာ၌ ခက်သည်။]

၄။ ခြင်းရာ နှစ်ဆယ်ကား။ ။အဝိဇ္ဇာ၊ သင်္ခါရကိုယူလျှင် တဏှာ၊ဥပါဒါန်၊ ဘဝကိုလည်း ယူရသည်(လေးပါး)။ ။တဏှာ၊ဥပါဒါန်၊ဘဝကိုယူလျှင် အဝိဇ္ဇာ၊ သင်္ခါရကိုလည်း ယူရသည် (လေးပါး)။ ။ဇာတိ၊ဇရာမရဏ ဟူသော ဂုဏ်နှစ် ပါးကိုယူလျှင် ဝိညာဏ်စသော ငြိပ်လေးပါးကို ယူခြင်းသာဖြစ်၏ (လေးပါး)။

[ဘဝ၌ကမ္မဘဝကိုယူသည်၊ ဥပပတ္တိဘဝသည် ဇာတိ၌ဝင်သည်။]

ထို့ကြောင့် အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်၊ဘဝသည် အတိတ်အကြောင်း လေးပါးမည်၏။ ။ဝိညာဏ်၊ နာမ်, ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန် အကျိုးလေးပါးမည်၏။ [ဤကား ပုဗ္ဗန္တ ဘဝစက်တည်း။]

တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရသည် ပစ္စုပ္ပန် အကြောင်းလေးပါး မည်၏။ ။ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် အနာဂတ် အကျိုး လေးပါးမည်၏။ [ဤကား အပရန္တ ဘဝစက်တည်း။]

ဤသို့လျှင် အတိတ် အကြောင်းလေးပါး၊ ပစ္စုပ္ပန် အကျိုးလေးပါး၊ ပစ္စုပ္ပန်အ ကြောင်းလေးပါး၊ အနာဂတ် အကျိုးလေးပါးသည် အခြင်းအရာ နှစ်ဆယ်မည်၏။

၅။ ဤ၌ အစပ်သုံးပါး။

၆။ အလွှာလေးပါးကိုလည်း သိအပ်၏။

၇။ မူလ နှစ်ပါးကား။ ။အဝိဇ္ဇာ၊ တဏှာ စွမ်းဖြင့် မူလနှစ်ပါးကို သိအပ်၏။ အဝိဇ္ဇာသည် ပုဗ္ဗန္တ ဘဝစက်၏ မူလမည်၏။ တဏှာသည် အပရန္တ ဘဝစက်၏ မူလမည်၏။

သတ္တဝါ အပေါင်းသည် မူလနှစ်ပါးနိုင်မြဲသော စက်ဝိုင်းနှစ်ခုဖြင့် သံသရာအ ထပ်ထပ် မရပ်မတည် တလည်ထည်း လည်ကုန်၏။

ပဋိစ္စသမုပ္ပါဒ်ကိုလျှော်စွာသိသော ဉာဏ်ကားထိုမူလနှစ်ပါးမဖြစ်နိုင်ကြောင်း ဉာဏ်ဖြစ်၏။ မူလနှစ်ပါးမဖြစ်လျှင် သံသရာဘဝစက်ပျက်၏။

ဤဘဝစက် မဖျက်နိုင် မခွဲနိုင်လျှင်၊ မိုယ်းကြိုးစက်ကြီး၊ လောင်မီးပမာ၊ သံသရာမှ၊ ခုန်ကာကျော်ထွက်၊ လွတ်မြောက်ချက်ကား၊ အိပ်မက်၌ပင်၊ မရှိလေစွတကား။

ဤဘဝစက်ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် တို့ဖြင့် လျော်စွာမသိခြင်းကြောင့်။ မြိတ်ဆာချည်ထွေး၊ စာသိုက်ထွေးနှင့်၊ မြက်ထွေးအတူ၊ သူငါမကြွင်း လေးဘုံဆင်းကာ၊ သံသရာ၌၊ ရှည်ကြာဒုက္ခ၊ တွေ့ရလေစွတကား။

ဤပဋိစ္စသမုပ္ပါဒ် သဘောသည် သမုဒြာ၌၊ ယုန်ငယ်ပမာ ထောက်ရာ တည်ရာ မရ နက်နဲလေစွတကား။


သို့စဉ်နက်မှောင်၊ နက်ရောင်ပြင်းထန်၊ နက်နဲမှန်လည်း၊ စိန်ဉာဏ်ဆောင်ထား၊ ခုနစ်နှစ်သွီး၊ ခုနစ်နှစ်သားတို့ပင်၊ ဘုရားရှင်ဉာဏ်တော်မှီး၍၊ ခွဲနိုင်, ဖေါက်နိုင်, ဖျက်ဆီးနိုင်ကြကုန်၏။ ထို့အတူ ခွဲနိုင်, ဖေါက်နိုင်, ဖျက်ဆီးနိုင်ရပါလို၏ဘုရား။

[ ထို့အတူ ခွဲနိုင်, ဖေါက်နိုင်, ဖျက်ဆီးနိုင်ကြပါစေကုန်သတည်း။ ]

တိုက်တွန်းခြင်း။ ဤအတိုင်း ကျနစွာလေ့လာ၍ ဆုတောင်းရမည်။ ထို့နောက် ဆိုလတ္တံ့သော ပဋိစ္စသမုပ္ပါဒ်သရုပ်ခွဲဖြင့် ပုံစံ၌ထောက်၍ အဖန်ဖန်လေ့လာရမည်။ ဆုတောင်းမှန်လျှင် နိုင်မြဲခြင်း တိုးတက်၏။

## ပဋိစ္စသမုပ္ပါဒ်သရုပ်ခွဲ။

### အင်္ဂါ၊ ကာလ၊ ဝဋ်-ပုံစံ



၁။ ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါ ၁၂-ပါးကား။ ။အဝိဇ္ဇာ၊သင်္ခါရ။ ။ဝိညာဏ်၊ နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ။ ။တဏှာ၊ဥပါဒါန်၊ဘဝ။ ။ဇာတိ ဇရာမရဏ။ ။အဓိပ္ပါယ်ခွဲလိုက်သည်ရှိသော် အဝိဇ္ဇာသည် အင်္ဂါတပါး။ သင်္ခါရသည် အင်္ဂါတပါး။ [သည်မှာ အင်္ဂါနှစ်ပါးရှိသည်။] ဝိညာဏ်သည် အင်္ဂါတပါး။ နာမ်,ရုပ်သည်.......သဠာယတနသည်.......ဖဿသည်.......ဝေဒနာသည် အင်္ဂါတပါး။ [သည်မှာ အင်္ဂါငါးပါးရှိသည်။] တဏှာသည် အင်္ဂါတပါး။ ဥပါဒါန်သည်.......ဘဝသည် အင်္ဂါတပါး။ [သည်မှာအင်္ဂါ သုံးပါးရှိသည်။] ဇာတိသည်.......။ဇရာမရဏသည် အင်္ဂါတပါး။ [သည်မှာ အင်္ဂါသုံးပါးလိုလိုနဲ့ နှစ်ပါးထဲရှိသည်။]

(...ဤအစက်ချထားသောနေရာ၌ ပေါ်ဆိုနိုင်သောဉာဏ်ရှိ—မရှိ၊ သိရပေလတ္တံ့။)

၂။ ကာလသုံးပါးကား။ ။အဝိဇ္ဇာ၊သင်္ခါရသည် အတိတ်ကာလမည်၏ (နှစ်ပါး)။ဇာတိ၊ဇရာမရဏသည်အနာဂတ်ကာလမည်၏(နှစ်ပါး)။အလယ်ရှစ်ပါးသည် ပစ္စုပ္ပန်ကာလမည်၏ (ရှစ်ပါး)။ ပစ္စုန်ကာလရှစ်ပါး တနည်းကား— ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသည် ပစ္စုပ္ပန်ကာလမည်၏(ရှစ်ပါး)။ ။အဓိပ္ပါယ်ခွဲလိုက်သည်ရှိသော် အဝိဇ္ဇာသည် အတိတ်ကာလ၊ သင်္ခါရသည် အတိတ်ကာလ။ ။ဝိညာဏ်သည် ပစ္စုပ္ပန်ကာလ၊ နာမ်ရုပ်သည် .......။သဠာယတနသည် .......။ဖဿသည်.......။ဝေဒနာသည်.......။တဏှာသည်.......။ဥပါဒါန်သည်.......။ ဘဝသည် ပစ္စုပ္ပန်ကာလ။ ။ဇာတိသည် အနာဂတ်ကာလ၊ ဇရာမဏသည် အနာဂတ်ကာလ။

၃။ ဝဋ်သုံးပါးကား။ ။အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ်မည်၏ (သုံးပါး)။ သင်္ခါရ၊ ကမ္မဘဝသည် ကမ္မဝဋ်မည်၏ (နှစ်ပါး)။ ဥပပတ္တိဘဝနှင့် အကြွင်းသည် ဝိပါကဝဋ်မည်၏(ရှစ်ပါး)။ ဝိပါကဝဋ် ရှစ်ပါး၊ တနည်းကား— ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊ဥပပတ္တိဘဝ၊ဇာတိ၊ဇရာမရဏသည် ဝိပါကဝဋ်မည်၏(ရှစ်ပါး)။ ။အဓိပ္ပါယ်ခွဲလိုက်သည်ရှိသော် အဝိဇ္ဇာသည် ကိလေသဝဋ်။သင်္ခါရသည် ကမ္မဝဋ်။ဝိညာဏ်သည် ဝိပါကဝဋ်၊ နာမ်,ရုပ်သည်....... သဠာယတနသည်.......။ဖဿသည်.......။ဝေဒနာသည်ဝိပါကဝဋ်။တဏှာသည်ကိလေသဝဋ်။ဥပါဒါန်သည် ကိလေသဝဋ်။ ဘဝသည် ကမ္မဘဝ၊ ဥပပတ္တိဘဝဟုနှစ်မျိုးပြား၏။ ကမ္မဘဝသည် ကမ္မဝဋ်။ဥပပတ္တိဘဝသည် ဝိပါကဝဋ်။ဇာတိသည် ဝိပါကဝဋ်။ ဇရာမရဏသည် ဝိပါကဝဋ်။

ကာလနှင့်ဝဋ်တွဲလိုက်သည်ရှိသော် အဝိဇ္ဇာသည် အတိတ်ကာလ၊ကိလေသဝဋ်။ သင်္ခါရသည် အတိတ်ကာလ၊ ကမ္မဝဋ်။ ဝိညာဏ်သည် ပစ္စုပ္ပန်ကာလ၊ ဝိပါကဝဋ်။ နာမ်,ရုပ်သည် ပွန်.......ဝိ။ ။သဠာယတနသည် ပွန်—ဝိ.......။ ။ဖဿသည် ပွန်—ဝိ.......။ ။ဝေဒနာသည် ပွန်—ဝိ.......။ ။တဏှာသည် ပွန်—ကိ.......။ ။

ဥပါဒါန်သည် ပွန်–ကိ........။ ဘဝသည် ပစ္စုပ္ပန်ကာလ၊ ဝဋ်နှစ်ပါး။ ။ဇာတိသည် အနာဂတ်ကာလ၊ ဝိ........။ ဇရာမရဏသည် အနာဂတ်ကာလ၊ ဝိပါကဝဋ်။ ။

မှတ်ချက်။ ။ဘဝကိုကမ္မဘဝ၊ ဥပပတ္တိဘဝ ဟု နှစ်မျိုးခွဲသည်။ ကိ—သုံး၊ကံ—နှစ်၊ဝိပါက်—ရှစ်၊ ဆဲ့နှစ်ဖြစ်နိုင်စေ။ ။

## ခြင်းရာ၊ အစပ်၊ အလွှာ ပုံစံ။

ကံ ဝိ

| ကမ္မဘဝ | ဥပပတ္တိဘဝ |

ကိ ကံ | ဝိ ဝိ ဝိ ဝိ ဝိ ကိ ကိ | ဝိ ဝိ

အဝိဇ္ဇာ။ သင်္ခါရ | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ | တဏှာ၊ ဥပါဒါန်၊ ဘဝ | ဇာတိ၊ ဇရာမရဏ

ယူလျှင် တဏှာ၊ ဥပါဒါန်၊ ဘဝကို ယူ | ။ ။ ။ | ယူလျှင် အဝိဇ္ဇာ၊ သင်္ခါရကို ယူ | ဂုဏ်နှစ်ပါးယူလျှင် ဝိညာဏ်စသောဒြပ်ငါးပါးကို ယူခြင်းသာ

ခြင်းရာ၂၀။ ။တိတ်ကြောင်းငါးပါး တလွှာ | ပစ္စုပ္ပန်ကျိုးငါးပါး တလွှာ | ပွါန်ကြောင်းငါးပါး တလွှာ | အနာဂတ်ကျိုးငါးပါး တလွှာ

လွှာ ၄ ပါး။ ။

အစပ် ၃ ပါး။ ။

| တစပ် | တစပ် | တစပ် |
|---|---|---|
| တိတ်...စ္စုပ် | စ္စုပ်...စ္စုပ် | စ္စုပ်...နာဂတ် |
| ကြောင်း...ကျိုး | ကျိုး...ကြောင်း | ကြောင်း...ကျိုး |

မှတ်ချက် ဥပပတ္တိဘဝသည် အနာဂတ် အကျိုးဇာတိ၌ ဝင်သည်။

၄။ ခြင်းရာနှစ်ဆယ်ကား။ ။အဝိဇ္ဇာ၊ သင်္ခါရကိုယူလျှင် တဏှာ၊ ဥပါဒါန်၊ ဘဝကိုလည်း ယူရသည်။ (ငါးပါး)။ တဏှာ၊ ဥပါဒါန်၊ ဘဝကို ယူလျှင် အဝိဇ္ဇာ၊ သင်္ခါရကိုလည်း ယူရသည်။ (ငါးပါး)။ ။ [ ကမ္မဘဝကိုသာယူဟု သိနှင့်။ ] အဘယ့်ကြောင့် ယူရသနည်း ဟူမူကား– အတူဖြစ်ဘက် ဖြစ်သောကြောင့်တည်း။ ဝါ–ကိလေသာချင်းတူ ကံချင်းတူသောကြောင့်တည်း။ ကိလေသာချင်းတူပုံကား–အဝိဇ္ဇာလည်း ကိလေသာ၊ တဏှာ၊ ဥပါဒါန်လည်း ကိလေသာ။ အဝိဇ္ဇာကိုယူလျှင် တဏှာ ဥပါဒါန်ကိုယူ။ တဏှာ၊ ဥပါဒါန်ကိုယူလျှင် အဝိဇ္ဇာကိုယူ။ ကိလေသာချင်းအတူတူ။ ကိလေသဝဋ် သုံးပါးဖြစ်သည်။ ကံချင်းတူပုံကား–သင်္ခါရလည်း ကံ ကမ္မဘဝလည်း ကံ၊ သင်္ခါရကို ယူလျှင် ကမ္မဘဝကိုယူ။ ကမ္မဘဝကို ယူလျှင် သင်္ခါရကိုယူ၊ ကချင်းအတူတူ ကမ္မဝဋ်နှစ်ပါးဖြစ်သည်။

ဇာတိ၊ ဇရာမရဏ–ဟူသော ဂုဏ်နှစ်ပါးကိုယူလျှင် ဝိညာဏ်စသော ဒြပ်ငါးပါးကို ယူခြင်းသာဖြစ်၏။ (ငါးပါး)။ ။အဘယ့်ကြောင့် ယူရသနည်း ဟူမူကား–ဂုဏ်နှင့်ဒြပ်၊ ဌာနီနှင့်ဌာနခွဲ၍ မရသောကြောင့်တည်း။ ဇာတိ၊ ဇရာမရဏသည် ဂုဏ်။ ဝိညာဏ်စသော ငါးပါးသည် ဒြပ်။ ဇာတိ၊ ဇရာမရဏသည် ဌာနီ။ ဝိညာဏ်

စသော ငါးပါးသည်ဠာန။ ဂုဏ်ကိုယူလျှင် ဖြပ်ကိုရသည်။ ဖြပ်ကိုယူလျှင် ဂုဏ်ကိုရသည်။ ဠာနီကိုယူလျှင် ဠာနကိုရသည်။ ဠာနကိုယူလျှင် ဠာနီကိုရသည်။

ထို့ကြောင့်-အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသည်အတိတ်အကြောင်း ငါးပါးမည်၏။ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန် အကျိုးငါးပါးမည်၏။ ဤကား–ပုဗ္ဗန္တဘဝစက်တည်း။ ။တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရသည် ပစ္စုပ္ပန် အကြောင်းငါးပါး မည်၏။ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် အနာဂတ် အကျိုး ငါးပါးမည်၏။ ဤကား အပရန္တဘဝစက်တည်း။

မှတ်ချက်။ ။ဥပပတ္တိဘဝသည် အနာဂတ်အကျိုး၊ ဇာတ်၌ဝင်သည်။


ဤသို့လျှင် အတိတ်အကြောင်း ငါးပါး၊ ပစ္စုပ္ပန်အကျိုး ငါးပါး။ ပစ္စုပ္ပန် အကြောင်း ငါးပါး၊ အနာဂတ်အကျိုး ငါးပါးသည်–အခြင်းအရာနှစ်ဆယ်မည်၏။ ဤ၌ အစပ်သုံးပါး။ အလွှာလေးပါးကိုလည်း သိအပ်၏။

၅။ အစပ်သုံးပါးကား။ ။သင်္ခါရနှင့် ဝိညာဏ် အကြားသည် တစပ်။ ပဌမ အစပ်ဖြစ်သည်။ ဝေဒနာနှင့် တဏှာ အကြားသည် တစပ်။ ဒုတိယအစပ်ဖြစ်သည်။ ဘဝနှင့်ဇာတိ အကြားသည် တစပ်။ တတိယ အစပ်ဖြစ်သည်။ ။ပဌမ အစပ်သည် အတိတ်နှင့် ပစ္စုပ္ပန်စပ်သည်။ အကြောင်းနှင့် အကျိုးစပ်သည်။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးစပ်သည် (သုံးနည်း)။ ဒုတိယ အစပ်သည် ပစ္စုပ္ပန်နှင့် ပစ္စုပ္ပန်စပ်သည်။ အကျိုးနှင့် အကြောင်း စပ်သည်။ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း စပ်သည် (သုံးနည်း)။ တတိယအစပ်သည် ပစ္စုပ္ပန်နှင့်အနာဂတ်စပ်သည် အကြောင်းနှင့် အကျိုးစပ်သည်။ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုးစပ်သည် (သုံးနည်း)။

၆။ အလွှာ လေးပါးကား။ ။အဝိဇ္ဇာ သင်္ခါရသည် တလွှာ။ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် တလွှာ။ တဏှာ၊ ဥပါဒါန်၊ ဘဝသည် တလွှာ။ ဇာတိ၊ ဇရာမရဏသည် တလွှာ။ ။တနည်းကား–အတိတ်အကြောင်း ငါးပါး–တလွှာ။ ပစ္စုပ္ပန်အကျိုး ငါးပါး–တလွှာ။ ပစ္စုပ္ပန်အကြောင်း ငါးပါး တလွှာ။ အနာဂတ် အကျိုးငါးပါး–တလွှာ။

[အလွှာနှစ်နည်းလုံး၌ ငါးပါးစီချည်း အတူတူဖြစ်အောင် ဆွဲယူနိုင်သော ဉာဏ်စိတ်ကူး ရှိ,မရှိ–သိရလတ္တံ့။]

## မူလ နှစ်ပါးပုံစံ




မှတ်ချက် ဝေဒနာကြောင့်တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်းဖြစ်သည်။ ထို့ကြောင့်ဝေဒနာပစ္စယာ အဝိဇ္ဇာဟုလှည့်ခွေသည်။ ။

ဒုတိယစက်ဝိုင်း၌ဇရာမရဏဖြစ်သောအခါ နှုတ်ပျိုလို အသက်ရှည်လိုသောကာမာသဝ တဏှာလည်းဖြစ်သည် ထို့ကြောင့်ဇရာမရဏပစ္စယာတဏှာဟုလှည့်ခွေသည်

---

၇။ မူလနှစ်ပါးကား။ ။အဝိဇ္ဇာ၊ တဏှာ ၁စွမ်းဖြင့် မူလနှစ်ပါးကို သိအပ်၏။ အဝိဇ္ဇာသည် ပုဗ္ဗန္တဘဝစက်၏ မူလမည်၏။၊ တဏှာသည် အပရန္တ ဘဝစက်၏ မူလမည်၏။

အဓိပ္ပါယ် ခွဲလိုက်သည်ရှိသော် အဝိဇ္ဇာသည် ပုဗ္ဗန္တ ဘဝစက်၏ မူလမည်၏။ ဝေဒနာ အထိဆောင်သည်။ ဆောင်ပုံကား- အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်။ ဝိညာဏ်ကြောင့် နာမ်,ရုပ်.......။ နာမ်,ရုပ်ကြောင့်သဠာယတန........။သဠာယတနကြောင့်ဖဿ........။ဖဿကြောင့်ဝေဒနာ........။ ဝေဒနာကြောင့် အဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ ဤနည်းဖြင့် အတိတ်နှင့် ပစ္စုပ္ပန်-သံသရာ အထပ်ထပ် မရပ်မတည် တလည်ထည်းလည်ကုန်၏။

အဝိဇ္ဇာ၊ သင်္ခါရ—သည်နေရာမှာ တဏှာ၊ ဥပါဒါန်၊ ဘဝ အတူဖြစ်ဘက် တရားသုံးပါးကိုလည်းယူရသည်။ အတိတ်အကြောင်းငါးပါးဖြစ်သည်။ ဝိညာဏ်၊ နာ,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ—သည်နေရာမှာ ခွဲ၍မရသော ဇာတိ၊ ဇရာမရဏ-ဂုဏ်နှစ်ပါးလည်းရသည်။အင်္ဂါခုနစ်ပါးဖြစ်သည်။

အတိတ်နှင့် ပစ္စုပ္ပန် အင်္ဂါ ၇-ပါးဖြင့် ၁၂-ပါးလုံးလည်သည်။ အဓိပ္ပါယ် ကား၊-ဤပဌမစက်ဝိုင်းသည် အတိတ်ဘဝနှင့်ပစ္စုပ္ပန်ဘဝ ဆက်သွယ်သောစက်ဝိုင်း၊

ဖြစ်သည်။ ဝါ၊ ယခင်ဘဝ နှင့် ယခုဘဝ ဆက်သွယ်ခဲ့သော စက်ဝိုင်းဖြစ်သည်။ အင်္ဂါ ၇-ပါးဖြင့် ၁၂-ပါးလုံးလည်သည်။ ၅—ပါးပုန်းနေသည်။ ပုန်းနေသော ငါးပါးကို လိုက်ရှာသည်ရှိသော် အဝိဇ္ဇာ၊ သင်္ခါရ—သည်နေရာမှာ တဏှာ၊ ဥပါဒါန်၊ ဘဝ—အတူဖြစ်ဘက်တရား သုံးပါးပုန်းနေသည်။ ယခုမြင်ရပြီ။ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ—သည်နေရာမှာ ခွဲ၍မရသော ဇာတိ၊ ဇရာမရဏ—ဂုဏ်နှစ်ပါး ပုန်းနေသည်။ ယခုမြင်ရပြီ။ [ဘုရားဥာဏ်မှီး၍မြင်ရသည်၊]

တဏှာသည် အပရန္တဘဝစက်၏ မူလမည်၏။ ဇရာမရဏအထိ ဆောင်သည်။ ဆောင်ပုံကား—တဏှာကြောင့် ဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် ဘဝ........။ ဘဝကြောင့် ဇာတိ........။ ဇာတိကြောင့် ဇရာမရဏ။ ။ဇရာမရဏကြောင့် တဏှာ........။ တဏှာကြောင့် ဥပါဒါန်ဖြစ်သည်။ ဤနည်းဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ် သံသရာအထပ်ထပ် မရပ်မတည် ကလည်ထည်း လည်ကုန်၏။

တဏှာ၊ ဥပါဒါန်၊ ဘဝ—သည်နေရာမှာ အဝိဇ္ဇာ၊ သင်္ခါရ အတူဖြစ်ဘက် တရားနှစ်ပါးကိုလည်း ယူရသည်။ ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်သည်။ ဇာတိ၊ ဇရာမရဏ-သည်နေရာမှာခွဲ၍မရသောဝိညာဏ်စသောဖြပ်ငါးပါးလည်းရသည်။ အင်္ဂါခုနစ်ပါးဖြစ်သည်။

ပစ္စုပ္ပန်နှင့် အနာဂတ် အင်္ဂါ ၅-ပါးဖြင့် ၁၂-ပါးလုံးလည်သည်။ အဓိပ္ပါယ်ကား-ဤဒုတိယ စက်ဝိုင်းသည် ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝ ဆက်သွယ်သော စက်ဝိုင်းဖြစ်သည်။ ဝါ၊ ယခုဘဝနှင့် နောင်ဘဝ ဆက်သွယ်မည်ဟု ဖြေလှမ်းပြင်နေသော စက်ဝိုင်းဖြစ်သည်။ အင်္ဂါ ၅-ပါးဖြင့် ၁၂-ပါးလုံးလည်သည်။ ၇—ပါးပုန်းနေသည်။ ပုန်းနေသော ၇-ပါးကို လိုက်ရှာသည်ရှိသော် တဏှာ၊ ဥပါဒါန်၊ ဘဝ-သည်နေရာမှာ အဝိဇ္ဇာ၊သင်္ခါရ-အတူဖြစ်ဘက် တရားနှစ်ပါး ပုန်းနေသည်။ ယခုမြင်ရပြီ။ ဇာတိ၊ ဇရာမရဏ—သည်နေရာမှာ ခွဲ၍မရသော ဝိညာဏ်စသော ဖြပ်ငါးပါး-ပုန်းနေသည်။ ယခုမြင်ရပြီ။

အမည်တို့ကို ရသင့်သလို ခွဲဆိုလိုက်သည်ရှိသော် အဝိဇ္ဇာသည် အတိတ်ကာလ၊ ကိလေသဝဋ်၊အတိတ်အကြောင်း၊ပုဗ္ဗန္တဘဝစက်၊ ပုဗ္ဗန္တဘဝစက်၏ မူလ—ငါးမည်ရသည်။ ။သင်္ခါရသည် အတိတ်ကာလ၊ကမ္မဝဋ်၊အတိတ်အကြောင်း၊ပုဗ္ဗန္တဘဝစက်-လေးမည်ရသည်။ ။ဝိညာဏ်သည် ပစ္စုပ္ပန်ကာလ၊ ဝိပါကဝဋ်၊ ပစ္စုပ္ပန်အကျိုး၊ပုဗ္ဗန္တဘဝစက်-လေးမည်ရသည်။ ။နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာသည် ပစ္စုပ္ပန်ကာလ၊ဝိ........။ပွန်ကျိုး။ပုဗ္ဗန္တဘဝစက်-လေးမည်ရသည်။ ။တဏှာသည် ပွန်ကာလ၊ ကိ........။ ပွန်ကြောင်း။ အပရန္တဘဝစက်။ အပရန္တဘဝစက်၏ မူလ-ငါးမည်ရသည်။ ။ ဥပါဒါန်သည်........။ ပွန်ကာလ၊ ကိ........။ ပွန်ကြောင်း။ အပရန္တဘဝစက်—လေးမည်ရသည်။ ။ဘဝသည်........။ ပွန်ကာလ၊ ဝဋ်နှစ်ပါး။

ပွန်ကြောင်း၊ အပရန္တဘဝစက်—လေးမည်ရသည်။ ။ဇာတိသည်........။ အနာဂတ်ကာလ၊ ဝိ........။ အနာဂတ်အကျိုး။ အပရန္တဘဝစက်—လေးမည်ရသည်။ ဇရာမရဏသည်........။ နာဂတ်ကာလ၊ ဝိ........။ နာဂတ်ကျိုး။ အပရန္တဘဝစက်-လေးမည်ရသည်။

မှတ်ချက်။ ။ဝေဒနာကြောင့် တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်းဖြစ်သည်။ ထို့ကြောင့် "ဝေဒနာပစ္စယာ အဝိဇ္ဇာ" ဟု လှည့်ခွေသည်။ ဒုတိယစက်ဝိုင်း၌ ဇရာမရဏ ဖြစ်သောအခါ နှုတ်ဂျီလို၊ အသက်ရှည်လိုသော ကာမာသဝ တဏှာဖြစ်သည်။ ထို့ကြောင့် "ဇရာမရဏ ပစ္စယာ တဏှာ" ဟုလှည့်ခွေသည်။

ဤစက်ဝိုင်းနှစ်ခုဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး အဝိဇ္ဇာဖုံးကာတဏှာဆွဲဆောင် သံသရာထောင် သိန်းသောင်း တဘဝမှကဘဝသို့ ကူးပြောင်းရပေါင်း များလှလေပြီ။ ဒုက္ခမျိုးစုံ ပျက်စီးခြင်းဖုံဖုံ တွေ့ကြုံရပေါင်း များလှလေပြီ။ သေပေါင်းလည်း များလှလေပြီ။ ဤကိုယ်ကောင်ပစ်ချရသည့်အတွက် သုသာန် မြေပုံလည်း မြင့်လှလေပြီ။ ဤသင်္ခါရအားယုံး၌ အလွန်အကဲ ငြီးငွေ့ခြင်းငှါ, မတွယ်တာခြင်းငှါ,ထွက်မြောက်ခြင်းငှါ လွန်မင်းစွာ သင့်လှလေစွတကား။

သတ္တဝါအပေါင်းသည် မူလနှစ်ပါးနိုင်မြဲသော စက်ဝိုင်းနှစ်ခုဖြင့် သံသရာ အထပ်ထပ် မရပ်မတည် တလည်ထည်း လည်ကုန်၏။

ပဋိစ္စသမုပ္ပါဒ်ကို လျော်စွာသိသော ဥာဏ်ကား— ထိုမူလနှစ်ပါး မဖြစ်နိုင်ကြောင်း ဥာဏ်ဖြစ်၏။ မူလနှစ်ပါး မဖြစ်လျှင် သံသရာဘဝစက်ပျက်၏။

ဤဘဝစက်ကို မဖျက်နိုင်,မခွဲနိုင်လျှင် မိုးကြိုးစက်ကြီး၊လောင်မီးပမာ၊သံသရာမှ ခုန်ကာကျော်ထွက်၊လွတ်မြောက်ချက်ကား၊အိပ်မက်၌ပင် မရှိလေစွတကား။


ဤဘဝစက်ကို—သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် လျော်စွာမသိခြင်းကြောင့် မြိတ်ဆာချည်ထွေး၊ စာသိုက်ထွေးနှင့်၊ မြက်ထွေးအတူ၊ သူငါမကြွင်း၊ လေးဘုံဆင်းကာ၊ သံသရာ၌၊ ရှည်ကြာဒုက္ခ၊ တွေ့ရလေစွတကား။

ဤပဋိစ္စသမုပ္ပါဒ်သဘောသည်သမုဒြာ၌ ယုန်ငယ်ပမာ ထောက်ရာတည်ရာ မရနက်နဲလေစွတကား။

သို့စဉ်နက်မှောင်၊နက်ရောင်ပြင်းထန်၊နက်နဲမှန်လည်း၊စိန်ဉာဏ်ဆောင်ထား၊ ခုနစ်နှစ်သွီး၊ ခုနစ်ရက်သား၊ တို့ပင်၊ ဘုရားရှင်ဉာဏ်တော်မှီး၍၊ ခွဲနိုင်,ဖေါက်နိုင်, ဖျက်ဆီးနိုင်ကြကုန်၏။ ထို့အတူခွဲနိုင်,ဖေါက်နိုင်,ဖျက်ဆီးနိုင်ရပါလို၏ဘုရား။

[ထို့အတူခွဲနိုင်,ဖေါက်နိုင်,ဖျက်ဆီးနိုင်ကြပါစေကုန်သတည်း။]

## အပြည့်အစုံပဋိစ္စသမုပ္ပါဒ်စက်ပုံ။




မှတ်ချက်။ ဝေဒနာကြောင့်တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်းဖြစ်သည်။ ထို့ကြောင့်ဝေဒနာပစ္စယာ အဝိဇ္ဇာဟုလည်းခွဲသည်။ ။

ဒုတိယစက်ဝိုင်း၌ဇရာမရဏဖြစ်သောအခါ နုပျိုလို၊ အသက်ရှည်လိုသောကာမာသဝ တဏှာလည်းဖြစ်သည်။ ထို့ကြောင့်ဇရာမ ရဏပစ္စယာတဏှာ ဟုလည်းခွဲသည်။

No. 3.

## ပဋိစ္စသမုပ္ပါဒ်ပါဠိတော်ပါဠ်အနက်နှင့် ကြောင်းကျိုးခွဲပုံ။

၁။ ''အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ''။ ။အဝိဇ္ဇာ ပစ္စယာ၊ သစ္စာ လေးတန်၊ (၄) ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန်ပရ ပဋိစ္စ (၄), ဟူသော ရှစ်ဌာန၌ တွေဝေသော အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရတို့သည်။ ဝါ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တ သင်္ခါရတို့သည်၊ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ။

(ဖြစ်ပုံကား။)

| | ဘုံ—၃၁ ။ | လောကီကံ စေတနာသင်္ခါရ—၂၉။<br>ပုညာဘိ စသော ၂၉။ | ကာယ စသော ၂၉။ |
|---|---|---|---|
| | အပါယ် ၄-ဘုံ၌<br>အဝိဇ္ဇာကြောင့် | ကာမကုသိုလ်ကံ ၈-ခု ဖြစ်သည်။ } ပုညာဘိ သင်္ခါရမည်သည်။<br>အကုသိုလ်ကံ ၁၂-ခု ဖြစ်သည်။ } အပုညာဘိသင်္ခါရမည်သည်။ | တနည်းကား။<br>ကာယသင်္ခါရ ၂၀။<br>ဝစီသင်္ခါရ ၂၀။<br>စိတ္တ သင်္ခါရ ၂၀။<br>ဖြစ်သည်။ပေါင်း—၂၀။ |
| ၂ | ကာမသုဂတိ ၇—ဘုံ၌<br>အဝိဇ္ဇာကြောင့်— | ကာမ ကုသိုလ်ကံ ၈-ခု<br>ရူပ ကုသိုလ်ကံ၅-ခုဖြစ်သည် } ပုညာဘိသင်္ခါရ မည်သည်၊<br>အကုသိုလ်ကံ ၁၂-ခုဖြစ်... အပုညာဘိသင်္ခါရမည်သည်<br>အရူပကုသိုလ်ကံ၄-ခုဖြစ်...အာနေဉ္ဇာဘိသင်္ခါရမည်သည် | တနည်း<br>ကာယသင်္ခါရ ၂၀။<br>ဝစီ ... ၂၀။<br>စိတ္တ ... ၂၉။<br>ဖြစ်သည်။ပေါင်း—၂၉။ |
| ၃ | ရူပ ဆယ်ဘုံ၌<br>အဝိဇ္ဇာကြောင့် | ကာမကုသိုလ်ကံ ၈-ခု<br>ရူပကုသိုလ်ကံ ၅-ခုဖြစ်... } ပုညာဘိ...<br>(ဒေါသမူ၂ခုကြဉ်သော)<br>အကုသိုလ်ကံ၁၀-ဖြစ်... } အပုညာဘိ<br>အရူပကုသိုလ်ကံ ၄-ခုဖြစ်... အာနေဉ္ဇာဘိ... | ကာယသင်္ခါရ ၁၈။<br>ဝစီ ... ၁၈။<br>စိတ္တ ... ၂၇။<br>ပေါင်း ... ၂၇။ |
| ၄ | သုဒ္ဓါဝါသ ငါးဘုံ၌<br>အဝိဇ္ဇာကြောင့် | ကာမ ကုသိုလ်ကံ ၈-ခု<br>ရူပကုသိုလ်ကံ ၅-ခုဖြစ်... } ပုညာဘိ...<br>ဒေါသမူ၂ခု၊ ဒိဋ္ဌိဂတ<br>သမ္ပယုတ် ၄၊ ဝိစိကိစ္ဆာကြဉ်သော<br>အကုသိုလ်ကံ ၅-ခုဖြစ်... } အပုညာဘိ...<br>အရူပကုသိုလ်ကံ ၅-ခုဖြစ်... အာနေဉ္ဇာဘိ... | ကာယသင်္ခါရ...၁၃။<br>ဝစီ ... ၁၃။<br>စိတ္တ ... ၂၂။<br>ပေါင်း ... ၂၂။ |
| ၅ | အရူပလေးဘုံ၌<br>အဝိဇ္ဇာကြောင့် | ကာမကုသိုလ်ကံ ၈—ခုဖြစ် ... ပုညာဘိ<br>(ဒေါသမူ၂ခုကြဉ်သော)<br>အကုသိုလ်ကံ ၁၀—ခုဖြစ်... } အပုညာဘိ<br>အရူပကုသိုလ်ကံ ၄—ခုဖြစ် .. အာနေဉ္ဇာဘိ ... | ကာယသင်္ခါရ...မဖြစ်။<br>ဝစီ ... မဖြစ်။<br>စိတ္တ .... ၂၂။<br>ပေါင်း ... ၂၂။ |

၁။ အပါယ် ၄–ဘုံ၌ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၀-ဖြစ်သည်။ ၂၀–ကား........ ကာမကုသိုလ်ကံ ၈-ခု၊ အကုသိုလ်ကံ ၁၂-ခု၊ ပေါင်း–၂၀။ တနည်း–ပုညာဘိသင်္ခါရ-၈၊ အပုညာဘိသင်္ခါရ ၁၂၊ ပေါင်း-၂၀။ တနည်းကား-ကာယသင်္ခါရ-၂၀၊ ဝစီသင်္ခါရ ၂၀၊ စိတ္တသင်္ခါရ ၂၀၊ ပေါင်း–၂၀။ သုံးနည်း။

[ဖိဝ-မဖြစ်။ ၂၀-ဖြစ်အောင် ပေါင်းတတ်ရမည်။ ဤနည်းဖြင့် နောက်ပုဒ်တို့၌ပေါ်နိုင်စေရမည်။]

၂။ ကာမသုဂတိ ၇-ဘုံ၌ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၉-ဖြစ်သည်။ ၂၉-ကား........

၃။ ရူပဆယ်ဘုံ၌ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၇-ဖြစ်သည်။ ၂၇-ကား........

၄။ သုဒ္ဓါဝါသငါးဘုံ၌ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၂-ဖြစ်သည်။ ၂၂-ကား........

၅။ အရူပ ၄-ဘုံ၌ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၂-ဖြစ်သည်။ ၂၂-ကား........

မှတ်ချက်။ ။ရူပဘုံ၊ အရူပဘုံ၌ (ဒေါသမူစွဲ ကြဉ်၍) အကုသိုလ်ကံ ၁၀-ခုဖြစ်သည်။ သုဒ္ဓါဝါသငါးဘုံ၌ ဒေါသမူစွဲ၊ ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ ဝိစိကိစ္ဆာ-၁ ကြဉ်၍) ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဥဒ္ဓစ္စ-၁ အားဖြင့် အကုသိုလ်ကံ ၅–ခုသာဖြစ်သည်။ ကံအားဖြင့် ရူပကုသိုလ်ကံ ၅–ခု။ အရူပကုသိုလ်ကံ ၄–ခုသည်။ ကာယ၌ မဖြစ်။ စေတနာဖြင့်။ ဘုံအားဖြင့် ရူပလေးဘုံသည် ကာယဒွါရ၊ ဝစီဒွါရ ဖြစ်ရာမဟုတ်။

၂။ ''သင်္ခါရ ပစ္စယာ ဝိညာဏံ''။ ။သင်္ခါရပစ္စယာ၊ သင်္ခါရ ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဏ် ၁၉-ခု၊ ပဝတ္တိဝိညာဏ် ၃၂-ခု သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ။ဥဒ္ဓစ္စကြဉ်သော သင်္ခါရ ၂၈—ခုကြောင့် ပဋိသန္ဓေ ဝိညာဏ် ၁၉-ခုဖြစ်သည်။ ဥဒ္ဓစ္စနှင့် တကွ သင်္ခါရ ၂၉—ခုလုံးကြောင့် ပဝတ္တိ ဝိညာဏ် ၃၂-ဖြစ်သည်။

## ပဋိသန္ဓေဝိညာဏ် ၁၉-ခု ဖြစ်ပုံကား။

| | ဘုံ—၃၁။ | သင်္ခါရ... ၂၈—ကြောင့် | ပဋိသန္ဓေ ဝိညာဏ်...၁၉။ |
|---|---|---|---|
| ၁ | အပါယ် ၄—ဘုံ | အကုသိုလ်ကံ ၁၁—ခုကြောင့် | ဒုဂ္ဂတိဟိတ် ပဋိသန္ဓေ တခုဖြစ်သည်။ [ ၁၁—ကြောင့်...၁။ ] |
| ၂ | လူ၊စာတုမဟာရာဇ် ၂—ဘုံ၌ | ကာမကုသိုလ် ၈—ခုကြောင့် | သုဂတိ အဟိတ် ပဋိသန္ဓေ ၁—ခု၊ ဒွိဟိတ် ပဋိသန္ဓေ ၄—ခု၊ တိဟိတ် ပဋိသန္ဓေ ၄—ခု၊ ပေါင်း... ၉—ခု ဖြစ်သည်။ [၈—ကြောင့်... ၉။] |
| ၃ | အထက်နတ် ၅—ဘုံ | ကာမကုသိုလ်ကံ ၈ ခုကြောင့် | ဒွိဟိတ် ပဋိသန္ဓေ ၄—ခု၊ တိဟိတ် ပဋိသန္ဓေ ၄—ခု၊ ပေါင်း... ၈—ခု ဖြစ်သည်။ [ ၈—ကြောင့်... ၈။ ] [ ၁၁—ဘုံ၌ ၁၉—ကြောင့်... ၁၀၊ ] |
| ၄ | ပဌမဈာန် ၃—ဘုံ၌ | ပဌမဈာန် ကုသိုလ်ကံ ၁-ခုကြောင့် | ပဌမဈာန် ပဋိသန္ဓေ ၁—ခု ဖြစ်သည်။ |
| ၅ | ဒု... ၃—ဘုံ၌ | ဒု.. တ-ဈာန်ကုသိုလ်ကံ ၂ ကြောင့် | ဒု—တ—ဈာန် ပဋိသန္ဓေ ၂—ခု ဖြစ်သည်။ |
| ၆ | တ... ၃—ဘုံ၌ | စတုတ္ထဈာန်ကုသိုလ်ကံ၁-ကြောင့် | စတုတ္ထဈာန် ပဋိသန္ဓေ ၁—ခု ဖြစ်သည်။ |
| ၇ | ဝေဟပ္ဖိုလ်၊သုဒ္ဓါဝါသ ပေါင်း ၆—ဘုံ၌ | ပဉ္စမဈာန် ကုသိုလ်ကံ ၁-ကြောင့် | ပဉ္စမဈာန် ပဋိသန္ဓေ ၁—ခု ဖြစ်သည်။ [ ၁၅—ဘုံ၌ ၅—ကြောင့်... ၁၅။ ] |
| ၈ | အရူပ ၄—ဘုံ၌ | အရူပ ကုသိုလ်ကံ ၄—ခုကြောင့် | အရူပ ပဋိသန္ဓေ ၄—ခု။ တဘုံစီ ဖြစ်သည်။ [ ၄—ဘုံ၌ ၄—ကြောင့်—၄။ ] |
| ၉ | အသညသတ် တဘုံ၌ | ပဉ္စမဈာန်ကုသိုလ်ကံ ၁—ကြောင့် | ရုပ်, ပဋိသန္ဓေ တခု ဖြစ်သည်။ [ ၁—ကြောင့်... ၁။ ] |

မှတ်ချက်။ ။ပဋိသန္ဓေ ၁၉—သည် ရုပ်ပဋိသန္ဓေနှင့် ၂၀—ဖြစ်၏။ ပဉ္စမဈာန် ကုသိုလ်ကံသည် တို့အသညသတ်ဘုံ၌မဖြစ်၊ ကာမသုဂတိဘုံ၌ ဖြစ်ခဲ့ပြီးသော ကံဖြစ်၏။

## ပဝတ္တိဝိညာဏ် ၃၂-ခု ဖြစ်ပုံကား။

| | ဘုံ—၃၀ | သင်္ခါရ... ၂၉—ကြောင်း။ | ပဝတ္တိ ဝိညာဏ်... ၃၂။ |
|---|---|---|---|
| ၁ | အပါယ် လေးဘုံ၌ | အကုသိုလ်ကံ ၁၂—ခုကြောင့်<br>ကာမ ကုသိုလ်ကံ ၈-ခုကြောင့် | အကုသလ ဝိပါက် ၇-ခုဖြစ်သည်။<br>အဟိတ် ကုသလဝိပါက် ၈—ခုဖြစ်သည်။<br>ပေါင်း—၁၅။ [၂၀-ကြောင့်... ၁၅၊] |
| ၂ | ကာမာ သုဂတိ ၇—ဘုံ၌ | အကုသိုလ်ကံ ၁၂-ခုကြောင့်<br>ကာမကုသိုလ်ကံ ၈-ကြောင့် | အကုသလ ဝိပါက် ၇-ခုဖြစ်သည်။<br>အဟိတ် ကုသလဝိပါက် ၈-ခု၊ သဟိတ်<br>ကုသလဝိပါက် ၈-ခု၊ ၁၆-ခုဖြစ်သည်။<br>ပေါင်း၂၃။ [၂၀-ကြောင့်...၂၃။] |
| ၃ | ရူပ ၁၅-ဘုံ၌ | အသိုလ်ကံ ၁၂-ခုကြောင့်<br>ကာမကုသိုလ်ကံ ၈-ခုကြောင့်<br>ရူပ ကုသိုလ်ကံ ၅-ခုကြောင့် | ( ဃာနာဒိတ္တယ ကြဉ်၍ ) အကုသလ ဝိပါက် ၄-ခု ဖြစ်သည်။<br>(ဃာနာဒိတ္တယကြဉ်၍) အဟိတ်ကုသလ ဝိပါက် ၅-ဖြစ်သည်။<br>ရူပဝိပါက်၅-ခုဖြစ်သည်။<br>ပေါင်း-၁၄။ [၂၅-ကြောင့်... ၁၄။ ] |
| ၄ | အရူပ ၄-ဘုံ၌ | အရူပကုသိုလ်ကံ ၄-ခုကြောင့် | အရူပဝိပါက် ၄-ခုဖြစ်သည်။<br>ပေါင်း-၄။ [၄-ကြောင့်....၄။] |

မှတ်ချက်။ ။အကုသလဝိပါက် ၇—ခု။ အဟိတ်ကုသလဝိပါတ် ၈—ခုတို့တွင် ရူပဘုံတို့၌ ဃာန၊ ဇိဝှါ၊ ကာယ ဟူသော ဝိညာဏ်သုံးခုကို။ ဝါ—ဃာနာဒိတ္တယကို ကြဉ်သည်။ ထိုကြောင့် ၄—ခုနှင့်၅—ခုဖြစ်သည်။

**၃။ ''ဝိညာဏပစ္စယာ နာမရူပံ''။ ။ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။နာမရူပံ၊ နာမ်သည်၎င်း။ရုပ်သည်၎င်း။ နာမ်ရုပ်သည်၎င်း။ သမ္ဘဝတိ၊ ဖြစ်၏။**

**၄။ '' နာမရူပ ပစ္စယာ သဠာယတနံ ''။ ။နာမရူပ ပစ္စယာ၊ နာမ်,ရုပ်, နာမ်ရုပ်ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊စက္ခာယတန၊ သောတာယ တန၊ဃာန........ဇိဝှါ........။ ကာယ........။ မနာယတနဟူသော ခြောက်ပါးသော အာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။**

## ဖြစ်ပုံဇယား။

| | ဘုံ—၃၁ | ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိဝိညာဏ်။ | နာမ်ရုပ်။ | သဠာယတန |
|---|---|---|---|---|
| ၁ | အပါယ် ၄—ဘုံ၌ | ပဋိသန္ဓေဝိညာဏ် ၁—ခု၊ ပဝတ္တိဝိညာဏ် ၁၅—ခုဖြစ်သည်။ ထိုဝိညာဏ်ကြောင့် | နာမ်၊ ရုပ် ဖြစ်သည်။ ထိုနာမ်ရုပ် ကြောင့် | သဠာယတန ၆—ပါးဖြစ်သည်။ |
| ၂ | လူ့,စာတု ၂-ဘုံ၌ | ပဋိ…၉-ခု၊ ပဝတ္တိ ၂၃-ခုဖြစ်သည်။ ထိုဝိညာဏ်ကြောင့် | ။ | ။ |
| ၃ | အထက်နတ် ၅-ဘုံ၌ | ။ ၁… ။ ၂၃… | | ။ |
| ၄ | ရူပ ၁၅—ဘုံ၌ | ။ ၅… ။ ၁၄… | ။ | (စက်၊ သော၊ မနာ—ဟူသော) သဠာယတန ၃-ပါးဖြစ်သည်။ |
| ၅ | အရူပဘုံ ၄—ဘုံ၌ | ။ ၄… ။ ၄… | (ရုပ်မဖြစ်) နာမ်သာဖြစ်သည် ထိုနာမ်ကြောင့် | (မနာ) ၁-ပါးသာ ဖြစ်သည်။ |
| ၆ | အသညသတ်တဘုံ၌ | ပဋိသန္ဓေ၊ ပဝတ္တိ-ဝိညာဏ်ဖြစ်ခြင်းမရှိ။ ပဉ္စမရှာန် ကံဝိညာဏ် တခုကြောင့် | ရုပ်ဖြစ်သည်။ ထိုရုပ်ကြောင့် | သဠာယတနမဖြစ်။ |

မှတ်ချက်။ ။အသညသတ်တဘုံ၌ ပဉ္စမရှာန် ကံဝိညာဏ်တခုသည် ထိုဘုံ၌ဖြစ်သည်မဟုတ်။ ကာမသုဂတိဘုံ၌ ထိုကံဝိညာဏ်တခုဖြစ်ခဲ့ပြီ။ ထိုကံဝိညာဏ်ကြောင့် ဤအသညသတ်ဘုံ၌ ရုပ်သာ လာဖြစ်သည်။

[ ဝိပါက်ဝိညာဏ်၊ ကံဝိညာဏ်ဟု ဝိညာဏ်နှစ်မျိုး သိရမည်။ လောကီကုသိုလ် အကုသိုလ်စိတ် ၂၉-ခုသည် ကံဝိညာဏ်မည်၏။ ဘဝင်္ဂဝိတ် ၂၉-ခုလည်းမည်၏။

၅။ ''သဠာယတနပစ္စယာဖဿော''။ ။သဠာယတနပစ္စယာ၊ သဠာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာန……။ ဇိဝှါ……။ ကာယ……။ မနောသမ္ဖဿဟူသော ခြောက်ပါးသော ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။

၆။ ''ဖဿပစ္စယာ ဝေဒနာ''။ ။ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊

ဃာန........။ဇိဝှါ........။ကာယ........။ မနောသမ္ဖဿဇာ ဝေဒနာဟူသော ခြောက်ပါးသော ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။

၇။ ''ဝေဒနာပစ္စယာတဏှာ''။ ။ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။တဏှာ၊ရူပတဏှာ၊သဒ္ဒတဏှာ၊ဂန္ဓ........။ရသ........။ဖေါဋ္ဌဗ္ဗ........။ ဓမ္မတဏှာဟူသော ခြောက်ပါးသော တဏှာသည်။ ဝါ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ (သုံးပါး) သည်။ သမ္ဘဝတိ၊ ဖြစ်၏။

၈။ ''တဏှာပစ္စယာ ဥပါဒါနံ''။ ။တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်း၊ကြောင့်။ ဥပါဒါနံ၊ ကာမုပါဒါန် ၊ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူသော လေးပါးသော ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဖြစ်ပုံကား။

| | ဘုံ–၃၁။ | သဠာယတန။ | ဖဿ။ | ဝေဒနာ။ | တဏှာ။ | ဥပါဒါန်။ |
|---|---|---|---|---|---|---|
| ၁ | ကာမ<br>၁၁–ဘုံ၌ | ၆-ပါးဖြစ်သည်။<br>၆-ပါးကြောင့် | ၆-ပါးဖြစ်သည်။<br>၆-ပါးကြောင့် | ၆ ပါးဖြစ်သည်။<br>၆-ပါးကြောင့် | ၆-ပါးဖြစ်သည်။<br>၆-ပါးကြောင့် | ၄–ပါးဖြစ်သည်။ |
| ၂ | ရူပ<br>၁၀–ဘုံ၌ | ၃–ပါး... | ၃–ပါး... | ၃–ပါး... | ၃–ပါး... | ၄–ပါး... |
| ၃ | သုဒ္ဓါဝါသ<br>၅–ဘုံ၌ | ၃–ပါး... | ၃–ပါး... | ၃–ပါး... | ၃–ပါး... | ကာမုပါဒါန်သာ<br>ဖြစ်သည်။ |
| ၄ | အရူပ<br>၄–ဘုံ၌ | နာ...၁ | ၁–ပါး... | ၁–ပါး... | ၁–ပါး... | ၄–ပါးဖြစ်သည်။ |

မှတ်ချက်။ ။သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ်၊ ရဟန္တာတို့သာ ရှိကုန်၏။ အနာဂါမ်အား ကာမရာဂ မရှိ။ ကာမုပါဒါန်ရှိသေးသည်ဟု အဋ္ဌသာလိနီနိက္ခေပကဏ္ဍ၌ ဆိုသည်။ ဝေဒနာကြောင့် ကာမဘုံ၌ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာသုံးပါးလုံးဖြစ်သည်။ ရူပဘုံ၊အရူပဘုံ၌ ကာမတဏှာမဖြစ်။ ဘဝ တဏှာ၊ ဝိဘဝတဏှာ နှစ်ပါးဖြစ်သည်။ သုဒ္ဓါဝါသငါးဘုံ၌ထိုတဏှာသုံးပါးလုံးမဖြစ်။ ဝါ၊ဒိဋ္ဌိနှင့်ယှဉ်သောတဏှာ မဖြစ်။ ရူပဘဝ၊ အရူပဘဝဟူသော ဥပပတ္တိဘဝကိုငဲ့၊ ဈာန်ဟူသော ကမ္မဘဝကိုငဲ့။ တပ်သော ဘဝါသဝမည်သောဘဝရာဂ-ဘဝတဏှာကားဖြစ်၏။

စက္ခာယတနံ တပါးကြောင့် စက္ခု၊ သမ္ဖဿတပါးဖြစ်သည်။ ၎င်းကြောင့်စက္ခု၊ သမ္ဖဿဇာ ဝေဒနာ တပါးဖြစ်သည်။ ၎င်းကြောင့် ရူပတဏှာတပါးဖြစ်သည်။ ရူပတဏှာတပါးကြောင့် ဥပါဒါန် လေးပါး ဖြစ်သည်ဟူ၍လည်း ခွဲဆိုနိုင်ရသည်။ ဥပါဒါန်ကို တခုစီမခွဲနှင့်။

၉။ ''ဥပါဒါနပစ္စယာဘဝေါ''။ ။ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ကမ္မဘဝ၊ ဥပပတ္တိဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။

၁၀။ ''ဘဝ ပစ္စယာ ဇာတိ''။ ။ဘဝပစ္စယာ၊ ဘဝ ဟူသော အကြောင်းကြောင့်။ဝါ၊ကမ္မဘဝကြောင့်။ ဇာတိ၊ ရုပ်ဇာတိ၊ နာမ်ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ [ဥပပတ္တိဘဝကား ဇာတိ၌ဝင်သည်။]

ဖြစ်ပုံကား။

| | ဘုံ—၃၁ | ဥပါဒါန် | ကမ္မဘဝ | ဥပပတ္တိ | ဇာတိ |
|---|---|---|---|---|---|
| ၁ | ကာမ ၁၁—ဘုံ၌ | ဥပါဒါန် ၄—ပါး<br>ဖြစ်သည်။<br>ဥပါဒါန် ၄—ပါး<br>ကြောင့် | ကမ္မဘဝ၂၉-ဖြစ်သည်။<br>ထိုတွင် ကမ္မဘဝ<br>၁၉—ကြောင့် | ဥပပတ္တိဘဝ<br>သုံးပါးဟူသော | ရုပ်ဇာတိ၊ နာမ်<br>ဇာတိ ဖြစ်သည်။ |
| ၂ | ရူပဆယ်ဘုံ၌ | ဥပါ ၄—ပါးဖြစ်။<br>၄—ကြောင့် | ကမ္မ ၂၇-ဖြစ်၊ ၅ကြောင့် | ။ | ။ |
| ၃ | သုဒ္ဓါဝါသ၅-ဘုံ၌ | ကာမု တပါး.... | ၂၂—ဖြစ်၊ ၁—ကြောင့် | ။ | ။ |
| ၄ | အရူပ ၄—ဘုံ၌ | ဥပါ ၄—ပါး.... | ၂၂—ဖြစ်၊ ၄—ကြောင့် | ။ | နာမ်ဇာတိဖြစ်သည်။ |
| ၅ | အသညသတ်<br>တဘုံ၌ | ဥပါဒါန် မဖြစ်။<br>ပဉ္စရုခန်ဘဝ ဂါမိကံ | ကမ္မဘဝ မဖြစ်၊<br>တခုကြောင့် | ။ | ရုပ်ဇာတိ ဖြစ်သည်။ |

**မှတ်ချက်။** ။အရူပ ၄—ဘုံ၌ ဥပပတ္တိဘဝ ၄—ပါးရှိသည်။ ဘုံတိုင်းအသီးသီးကား သုံးပါးစီသာရှိသည်။ ဉပပတ္တိဘဝသည် အနာဂတ် အကျိုးဇာတ်၌ ဝင်သည်၊ ပဉ္စဝေါခန်ဘဝ ဂါမိကံ တခုသည် ကာမသုဂတိ၌ ဖြစ်သည်။ အသညသတ်၌ မဖြစ်။

**၁၁။ ''ဇာတိပစ္စယာ ဇရာမရဏံ''။ ။ဇာတိပစ္စယာ၊ ဇာတိဟူသော အ ကြောင်းကြောင့်။ ဇရာမရဏံ၊ ရုပ် ဇရာမရဏ, နာမ် ဇရာမရဏသည်။သမ္ဘဝတိ၊ ဖြစ်၏။**

**''သောကပရိဒေဝ ဒုက္ခ ဒေါမနဿု-ပါယာသာ သမ္ဘဝန္တိ''။ ။သောက၊ ားရိမ်ခြင်း။ပရိဒေဝ၊ငိုကြွေးခြင်း။ဒုက္ခ၊ကိုယ်ဆင်းရဲခြင်း။ဒေါမနဿ၊စိတ်ဆင်းရဲ ခြင်း။ ဥပါယာသာ၊ ပြင်းစွာ ပင်ပန်းခြင်း တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။**

ဖြစ်ပုံကား။

| | ဘုံ—၃၁ | ဇာတိ | ဇရာမရဏ။ | သောကစသည်တို့။ |
|---|---|---|---|---|
| ၁ | ကာမ ၁၁—ဘုံ၌ | ရုပ်ဇာတိ၊ နာမ်ဇာတိကြောင့် | ရုပ်ဇရာမရဏ၊နာမ်<br>ဇရာမရဏဖြစ်သည်။ | သောက—စသည်<br>တို့လည်း ဖြစ်ကုန်၏။ |
| ၂ | ရူပ ၁၅—ဘုံ၌ | ။ | ။ | သောကစသည်တို့<br>မဖြစ်ကုန်။ |
| ၃ | အရူပ ၄—ဘုံ၌ | နာမ်ဇာတိကြောင့် | နာမ်ဇရာမရဏဖြစ်သည်။ | ။ |
| ၄ | အသညသတ်<br>တဘုံ၌ | ရုပ်ဇာတိကြောင့် | ရုပ်ဇရာမရဏ ဖြစ်သည်။ | ။ |

**မှတ်ချက်။** ။ရူပဘုံ အရူပဘုံတို့၌ သောက ပရိဒေဝ စသည်တို့ မဖြစ်ကုန်။

**''ဧဝ မေတဿကေဝလဿဒုက္ခန္ဓဿ သမုဒယောဟောတိ''။ ဧဝံ၊ ဤသို့အ ကြောင်းအဆက်ဆက်ဖြင့်။ ကေဝလဿ၊ချမ်းသာစသည်တို့နှင့်မရောသော၊ဧတဿ**

ဒုက္ခက္ခန္ဓဿ၊ ဤဝဋ်ဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှားစွာဖြစ်၏။ ။ပုဂ္ဂိုလ်,သတ္တဝါ,ဗြဟ္မာ,လူနတ်မဖြစ်။ မမြဲသော,ဆင်းရဲသော, ဖေါက်ပြန်ပျက်ဆီးတတ်သော (''ငါ့ကိုယ် ငါ့ဟာ ငါဟု''ရှုခြင်းငှါမသင့်သော) ရုပ်,နာမ် သဘာဝတရားတို့သာဖြစ်ကုန်၏။

---

## ထင်ရှား၊ ပြဓါန်းသော အကြောင်းတရား။

ပဋိစ္စသမုပ္ပါဒ် ဒေသနာ ပါဠိတော် သက်သက်မှာတော့။ ။အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ သင်္ခါရပစ္စယာဝိညာဏံ။ ဝိညာဏပစ္စယာနာမ-ရူပံ။ နာမ—ရူပ ပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာ ပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာ မရဏံ။ သောက—ပရိဒေဝ-ဒုက္ခ—ဒေါမနဿု-ပါယာသာ သမ္ဘဝန္တိ။ ဧဝ-မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

[သည်မှာ အနက်မပေးသော်လဲ ပေးနိုင်သော ဉာဏ်ရှိအောင် ဆင်ခြင်ကြပါ။]

ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်မှာ အကြောင်းပြုတာ ဝတ္ထု ၆-ပါး၊ အာရုံ ၆-ပါး စသည်ဖြင့် အကြောင်းတရားများစွာရှိပါတယ်။ အဝိဇ္ဇာ၊ သင်္ခါရ စသော တခုတခုကိုသာ အကြောင်းတရားဟုဟောခြင်းဟာ သင့်ပါမလားဟု စမေးခွန်း ထုတ်သင့်ပါတယ်။ အဖြေကတော့—ထင်ရှားခြင်းကြောင့်ရင်း၊ ပြဓါန်းခြင်းကြောင့်ရင်း၊ (ဘုရား—ရဟန္တာတို့နှင့် မဆက်ဆံခြင်းကြောင့်ရင်း။) တခုတခုသော အကြောင်းကိုသာ ဟောခြင်းဖြစ်၍ သင့်တယ်လို့မှတ်ရမတဲ့။

ချဲ့ပြောရလျှင်-ပုထုဇဉ်၊သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်—ဤပုဂ္ဂိုလ် ၄-ယောက်မှာသာ အဝိဇ္ဇာ—အမိုက် ရှိသောကြောင့်-ကုသိုလ်၊ အကုသိုလ်—စေတနာဆိုတဲ့ သင်္ခါရ—ဖြစ်ပေါ်ပါတယ်။ ယခုလူတွေမှာလဲ အဝိဇ္ဇာ—အမိုက် အမြဲရှိနေပါတယ်။ ရဟန္တာမဖြစ်ဘဲ မြေကြီးပေါ်က ယုန်ကလေး လွတ်ကင်း သွားအောင် ခုန်သလိုမလွတ်ကင်းနိုင်ပါဘူးလို့သိထားကြပါ။ဘုရား။ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ-ဤပုဂ္ဂိုလ် ၃-ယောက်မှာတော့ အဝိဇ္ဇာ-အမိုက်လုံးလုံး မရှိပါ။ ကုသိုလ် အကုသိုလ်-စေတနာဆိုတဲ့ သင်္ခါရလဲ မဖြစ်နိုင်တော့ပါ။ ကုသိုလ်၊ အကုသိုလ် အစား ကြိယာဆိုတာသာ ဖြစ်ပါတယ်။ သင်္ခါရလဲ မဟုတ်ပါဘူးတဲ့။ ကုသိုလ်၊ အကုသိုလ်ဆိုတာဟာ သင်္ခါရဖြစ်နေသောကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်အောင် ဒုက္ခ အမျိုးမျိုးကို ပေးနိုင်ပါတယ်။ ကြိယာ ဆိုတာကတော့ သင်္ခါရ မဟုတ်လို့ ပဋိသန္ဓေ ဝိညာဏ်ကို မဖြစ်စေနိုင်ပါဘူး။ ဒုက္ခ အမျိုးမျိုးကိုလဲ မပေးပါဘူး။ သည်တော့ ကုသိုလ်၊ အကုသိုလ်—သင်္ခါရ ဖြစ်နိုင်တာ၊ အဝိဇ္ဇာ—အမိုက်ရှိလို့ဟာ

မထင်ရှားဘူးလား။ အဝိဇ္ဇာသာ ထင်ရှားပါတယ်။ အဝိဇ္ဇာ—အမိုက်ရှိပါမှ ကုသိုလ်၊ အကုသိုလ်—သင်္ခါရ ဖြစ်တယ်လို့—လိုရင်းဖြစ်၍ မပြေါနီးဘူးလား။ သင်္ခါရဖြစ်တဲ့နေရာမှာ အဝိဇ္ဇာသာ လိုရင်းဖြစ်လို့ ပြေါနီးပါတယ်။ (အဝိဇ္ဇာ အမိုက်နဲ့လုံးလုံးမဆက်ဆံတဲ့ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ—သုံးယောက်မှာတော့ ကုသိုလ်၊ အကုသိုလ်—သင်္ခါရဟာ လုံးလုံးမဖြစ်ပါဘူး။ အဝိဇ္ဇာ—အမိုက်နဲ့ ဆက်ဆံတဲ့ ပုထုဇဉ်၊ သောတာပန်၊သကဒါဂါမိ၊ အနာဂါမ်—လေးယောက်မှာတော့ ကုသိုလ်၊ အကုသိုလ်—သင်္ခါရဟာ ဖြစ်နိုင်ပါတယ်။ သည်တော့ ဒီအဝိဇ္ဇာဆိုတဲ့ အမိုက်ဟာ ဘုရား၊ ရဟန္တာတို့နှင့် ဆက်ဆံသော အကြောင်း ဖြစ်ပါ့မလား။ မဆက်ဆံသော အကြောင်းသာဖြစ်ပါတယ်။) ဒီလို ကုသိုလ်၊ အကုသိုလ်-သင်္ခါ ဖြစ်တဲ့ ပုဂ္ဂိုလ် ၄—ဦးလုံးမှာ အဝိဇ္ဇာသာထင်ရှားသောအကြောင်းလဲ ဖြစ်တယ်။ လိုရင်းပြေါနီးသော အကြောင်းလဲဖြစ်တယ်။

[အဝိဇ္ဇာကင်းသော ဘုရား၊ ရဟန္တာတို့နှင့် မဆက်ဆံသော အကြောင်းလဲဖြစ်တယ်။]

ဒါကြောင့် အဝိဇ္ဇာတဦးတည်းကိုမှ ခေါင်းခေါက်ပြီး—အဝိဇ္ဇာပစ္စယာ သင်္ခါရာ—လို့ ဟောပါသတဲ့။ ဒီမှာ ယခုလူတွေ-မိုက်လို့ ကုသိုလ်ပြုတယ်ဆိုတာ—မခံနိုင်မရှိသင့်ပါဘူး။ အဟုတ်အမှန်ဖြစ်နေပါတယ်။

သင်္ခါရဆိုတာ လောကီ ကုသိုလ်—အကုသိုလ် စေတနာ ဖြစ်ပါတယ်။ ဘဝတိုင်းမှာ-ပဋိသန္ဓေဝိညာဏ် ဖြစ်အောင်ရင်း၊ ပဝတ္တိဝိညာဏ် ဖြစ်အောင်ရင်း၊ ဇနကသတ္တိနဲ့ အကျိုးပေးနေပါတယ်။ ဒါကြောင့် ထင်ရှားသော အကြောင်းလဲ ဖြစ်တယ်။လိုရင်းပြေါနီးသော အကြောင်းလဲဖြစ်တယ်။ (ကုသိုလ်၊အကုသိုလ်ကို စွန့်ပစ်လိုက်တဲ့ ဘုရား၊ ရဟန္တာတို့နှင့် မဆက်ဆံသော အကြောင်းလဲဖြစ်တယ်။) ဇာတိချောက်၊ ဇရာချောက်၊မရဏချောက်၊ သောကပရိဒေဝ—စသော ချောက် ထဲသို့ ဘဝအဆက်ဆက် ချောက်ကျစေတတ်တဲ့ကုသိုလ်၊ အကုသိုလ်- သင်္ခါရတွေကို ပုထုဇဉ်နဲ့ သေက္ခတွေ ပြုနေကြတယ်လို့လဲ မိန့်ဆို ဟောကြား ပါတယ်။ သေက္ခ ဆိုတာ သောတာပန်၊သကဒါဂါမိ၊အနာဂါမ်တဲ့။ ဒါကြောင့် သင်္ခါရကိုခေါင်း ခေါက်ပြီး— သင်္ခါရပစ္စယာ ဝိညာဏံလို့ ဟောပါတယ်။ ဒီနေရာမှာ ပုထုဇဉ်နှင့် သေက္ခတို့ဘက်သို့ လိုက်ပြီး ပြောပါဦးမယ်။ ကုသိုလ် ဆိုတာ ဝဋ်ဆင်းရဲ အပြစ် မကြောက်တဲ့-ဝဋ္ဋနိဿိတ—သာ သံသရာ ချောက်သို့ ကျစေပါတယ်။ ဝဋ်ဆင်းရဲ အပြစ်ကြောက်၍ လွတ်လိုသော-ဝိဝဋ္ဋနိဿိတ-ဖြစ်လျှင်တော့ သံသရာချောက်ကျရ ပေမဲ့ မဂ်၊ ဖိုလ်၊နိဗ္ဗာန်ကို ဆက်သွယ်နိုင်ပါသေးတယ်။ ကြောက်ရွံ့စရာဆင်ကောင် ပုပ်လို-ပုပ်စော်နံပေမဲ့ ကမ်းပါး ရောက်အောင် ရက်သွားနိုင်တဲ့ အတွက် ပုထုဇဉ်နဲ့ သေက္ခတို့ဟာ ဝဋ်ဆင်းရဲ ကြောက်တဲ့—ဝိဝဋ္ဋနိဿိတ— ကုသိုလ်ဖြစ်အောင် ပြုထိုက်ပါသတဲ့။

ဝိညာဏ်ဆိုတာကတော့ ပဋိသန္ဓေစိတ်၊ လောကီ ဝိပါက်စိတ် ဖြစ်ပါတယ်။ ထိုဝိညာဏ်စိတ် ဖြစ်မှဖြင့် ထိုစိတ် ထောက်ပံ့လို့—စေတသိက် နာမ်ရယ်၊ ကမ္မဇ—ရုပ်ရယ်—ဖြစ်ရပါသတဲ့။ ထင်ရှားတာ ပြဓါန်းတာတော့ မပြောပါနှင့်။ အထင်ရှားဆုံး၊ အပြဓါန်းဆုံးသာဖြစ်ပါတယ်။ ဒါကြောင့် ဝိညာဏ်တခုတည်း ခေါင်းခေါက်၍—ဝိညာဏပစ္စယာ နာမ—ရူပံ—လို့ ဟောပါတယ်။ ဒီမှာ စိတ်ဟာ နာမ်ဖြစ်သော်လဲ အကြောင်း ဝိညာဏ်ဖြစ်၍ အကျိုးနာမ်၌ မဟောဘူးလို့မှတ်ရမတဲ့၊ ထို့ပြင်လဲ အသညသတ်ဘုံအတွက် ရုပ်သက်သက်ဖြစ်စေဘို့ ကံဝိညာဏ်ကိုလဲ ယူရပါသေးတယ်။

ထိုနာမ်နှင့်ထိုရုပ်ဟာ [illegible]တွဲမိလို့ [illegible]ငြိမ်ငြိမ်မနေပါဘဲ ဖဿ ၆—ပါး၊ တွေ့ထိခြင်းဖြင့် ဝင်လာအောင် စက္ခာယတနစသော သဠာယတန ၆-ပါး၊ မျက်စိ၊နားစသော တံခါးမကြီး ၆-ပေါက်ကို ဖေါက်၍ ဖွင့်ပေးပါတယ်။ နာမ်နှင့်ရုပ်-မတွဲမိလျှင် သဠာယတန[illegible] တံခါးမကြီး ၆—ပေါက် ဖွင့်မပေးနိုင်ပါဘူး။ ဒီလို တံခါးဖွင့်ပြီး လက်ထောက်ချတတ်လို့ နာမ်၊ရုပ်ကို ခေါင်းတယ်ပြီး၊ နာမရူပ=ပစ္စယာ သဠာ တယနံ—လို့ ဟောပါတယ်။

သဠာယတန—ဟူလော တံခါးမကြီးတွေ ပွင့်နေတာနဲ့ ရူပါရုံ၊ သဒ္ဒါရုံ-စသော အာရုံ ၆—ပါး-ထာ ပြ ၆—သင်းဟာ ဝင်လာပြီး ထားပြတိုက်ကြ၊ ထိနိုက်ကြပါတယ်။ စက္ခုမှာတိုက်နိုက်တဲ့ [illegible]ရူပါရုံ၊ သောတမှာ တိုက်နိုက်တဲ့ သဒ္ဒါရုံတို့ကတော့ အချင်းချင်း အနီးမကပ် မရောက်ဘဲ ထိအောင် တိုက်နိုက်ကြတယ်။ ဃာနမှာ ဂန္ဓာရုံ၊ ဇိဝှါမှာ ရသာရုံ၊ ကာယမှာ ဖေါဋ္ဌဗ္ဗာရုံတို့ကတော့ အချင်းချင်း အနီးကပ်ရောက်၍ ထိအောင် တိုက်နိုက်ကြပါတယ်။ မနောမှာတိုက်နိုက်တဲ့ဓမ္မာရုံလဲ အနီးကပ်တာမမြင်ရဘဲ ထိအောင်တိုက်နိုက်ကြပါတယ်။ ထိတာတွေကို စက္ခုသမ္ဖဿ-စသည်ဖြင့် ၆-မျိုးပြား ခေါ်ပါတယ်။ ဒါကြောင့်ထားပြဝင်နိုင်အောင် ထင်ရှားတဲ့ သဠာယတန-တံခါးမကြီး ၆-ပေါက် ပွင့်နေတာကို ကြည့်ပြီး-သဠာယတနပစ္စယာ ဖဿော-လို့ ဟောပါတယ်။

ဖဿကလဲ အာရုံအကောင်းစားထိခြင်း၊ အလတ်စားထိခြင်း၊ အညံ့စားထိခြင်း ရယ်လို့ သုံးမျိုးပြားပါတယ်။ တမျိုးမျိုး ထိမှဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာသုံးပါး—တပါးပါး ခံစားခြင်းကို ဖြစ်စေပါတယ်။ တနည်းတော့လဲ တံခါးမကြီး[illegible] ၆—ပေါက်က ဖဿ ၆—မျိုးကို အကြောင်းပြု၍ စက္ခုသမ္ဖဿဇာ—ဝေဒနာ၊ သောတ သမ္ဖဿဇာ—ဝေဒနာ—စသည်ဖြင့်၊ ဝေဒနာ ၆—မျိုး ဖြစ်စေပါတယ်။ ထိလို့ခံစားတာ ကိန်းသေမုချပါဘဲတဲ့။ ကလေးနို့စို့အထိ—သိသာထင်ရှားပါတယ်။ ဒါကြောင့် ဖဿတခုတည်းကို ဒင်းကြောင့်ဟု ထိပ်ခေါက်ပြီး ဖဿပစ္စယာ ဝေဒနာ-လို့ ဟောပါတယ်။

ဝေဒနာဟာ အာရုံ အကောင်းစား၊ အလတ်စားကို ခံစားရလျှင်ဖြင့်၊ တမြုံ့မြုံ့နဲ့ ရုံမက်စွာ တဏှာကိုဖြစ်စေတယ်။ အာရုံအညံ့စားကို ခံစားရတော့ ဓာမဲ့မဲ့နဲ့ ဒီတဏှာသေတော့မှာဘဲလို့ ထင်ရတယ်။ သို့ပေမဲ့ အညံ့စားတွေလေလေ အကောင်းစား၊ စိတ်ကူးလေလေမို့ မသေပါဘူး။ စိတ်ကူးယဉ်တဲ့ တဏှာပါ၊ လှမ်းပြီး တောင့်တတဲ့ တဏှာပါ။ ဘုရားလေးဆူ အကြား၊ အစာမစားရတဲ့ ဆွေတော်, မျိုးတော် ပြိတ္တာတွေဟာ–ဘယ်တော့မှ စားကြရမလဲလို့ လှမ်းပြီး တောင့်တကြတယ်။ မသေပါဘူး။ အသက်ရှည်ရှည် အနာကင်းဘို့ အာယုဝဍ္ဎနဆေးတမျိုးရှိနေကြတယ်လို့ဆိုသင့်ပါတယ်။ ဒီတဏှာသဘောဟာ-အကောင်းတွေတော့ သာယာတယ်၊ အလတ်တွေတော့ သာယာတယ်၊ အညံ့တွေတော့ လှမ်း၍ အကောင်းတောင့်တတယ်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့လဲ ၃-ပါး ပြားတယ်။ အာရုံ ၆-ပါး၊ ကာလ ၃-ပါး၊ သန္တာန် ၂-ပါးနှင့်တော့ တဏှာ အစစ် ၁၀၈-ဖြစ်တယ်။ တဏှာဖြစ်တိုင်း,ဖြစ်တိုင်းဟာ ဝေဒနာ ခံစားသောကြောင့်ချည်းဘဲတဲ့။ ဝေဒနာဟာ တစ်–တရားခံအစစ်ဖြစ်တယ်လို့ ဝေဒနာကို နာနာ ထိပ်ခေါက်ပြီးတော့–ဝေဒနာပစ္စယာ တဏှာလို့ ဟောပါတယ်။ ဒီမှာ ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာ သတ္တဝါတိုင်းမှာပင်ဖြစ်သလားတဲ့။ အဖြေကတော့–ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါများမှာ ဝေဒနာဖြစ်သော်လဲ တဏှာ မဖြစ်ဘူးတဲ့။ ပုထုဇဉ်ထဲကပေမယ်လို့ ဘုရားစကားနားဆောင်ပြီး၊ ယောနိသော မနသိကာရ–နှလုံးသွင်း ကောင်းတဲ့သူဟာ ဝေဒနာဖြစ်ပေမဲ့ တဏှာမဖြစ်ဘူး။ တဏှာမဖြစ်တော့ ဘဝစက်ပျက်၍ ပဋိစ္စသမုပ္ပါဒ်ထွက်လမ်းဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ယောနိသော–မနသိကာရ ရှိအောင် မွေးကြပါ။ ဘယ်အာရုံ တွေ့တွေ့–လောဘ, ဒေါသ, မောဟ မဖြစ်ရအောင်၊ ကုသိုလ် သဒ္ဓါ၊ သတိ၊ ပညာ၊ ခန္တီဖြစ်လာအောင် မွေးကြပါ။ စိတ်ပြုပြင်မယ်လို့ နှလုံးသွင်းကြပါဟု ဆိုလိုပါတယ်။

တဏှာဟာ နှစ်သက်ဖန်များလျှင် စွဲလမ်းခြင်း–ဥပါဒါန် ဖြစ်လာပါတယ်။ ဖြစ်ပုံကတော့၊ ငါးပါးအာရုံ ကာမဂုဏ်ကို တဏှာ နှစ်သက်ခြင်း များလာလျှင်၊ ကာမဂုဏ်ကို မျိုသောက်လိုက်သကဲ့သို့ ဖြစ်တယ်။ ဒီတော့ ကာမုပါဒါန်စွဲ၍ ချိတ်နေပြီ။ တဏှာအကြောင်းခံပြီးလျှင်–အဇ္ဈုဒါနဆိုတာ အကျိုးမရှိ၊ ကာမေသု–အပြစ်မရှိ–စသည်ဖြင့် အယူ–ယူလိုက်တော့ ဒိဋ္ဌုပါဒါန်စွဲ၍ ချိတ်ပြန်ပြီ။ တဏှာ အကြောင်းခံ၍ နွား,ခွေးစသော တိရစ္ဆာန်အကျင့်ဖြင့် မတ်တတ်စားကာ၊ လေးဘက်သွားကာ–ခြိုးခြံရလျှင် သံသရာမှ လွတ်လတ္တံ့ဟု စွဲလမ်းတော့၊ သီလဗ္ဗတုပါဒါန်စွဲ၍ ချိတ်ပြန်ပြီ။ တဏှာ အကြောင်းခံ၍ ခန္ဓာငါးပါးကို ငါ့ကိုယ်၊

ငါဟာ၊ ငါဟု အစွဲစွဲ-စွဲပြန်တော့ သက္ကာယဒိဋ္ဌိ ၂၀-ဟူသော အတ္တဝါဒုပါဒါန်စွဲ၍ ချိတ်ပြန်ပြီ။ ဒါကြောင့် တဏှာကို လက်ညှိုးထိုးပြီး-တဏှာပစ္စယာ ဥပါဒါနံလို့ ဟောပါတယ်။

ဥပါဒါန်ဆိုတဲ့တရားဟာ စွဲလမ်းမှုဖြင့် ရချင်,ရောက်ချင်လွန်းလို့ မေး၍ရှင်း၊ တွေး၍ရှင်း-စိတ်ထင်ရာ-ကုသိုလ်၊ အကုသိုလ် တခုခုကို အားထုတ်ပါတယ်။ ထိုကုသိုလ်၊အကုသိုလ်ဟာ အကြောင်း ကမ္မဘဝ မည်ပါတယ်။ ကမ္မဘဝအကြောင်းခံ၍ ကာမဘဝ၊ ရူပဘဝ-စသော ဘဝကြီး ကိုးပါးရယ်လို့ ပဋိသန္ဓေသဘောတွေ ဖြစ်လာပါတယ်။ ဒီဘဝကြီး ကိုးပါးဟာ ပဋိသန္ဓေသဘောတွေဖြစ်နေလို့ အကျိုး ဥပပတ္တိဘဝလဲ မည်ပါတယ်။ ထိုကမ္မဘဝနှင့် ဥပပတ္တိဘဝဆိုတဲ့ ဘဝနှစ်ခုလုံးဟာ ဥပါဒါန် စွဲလမ်းမိတဲ့ အတွက်ပါဘဲ။ ဒါကြောင့် ဥပါဒါန်ကို နှင့်ကြောင့်ဟု လက်ညှိုးထိုးပြီး- ဥပါဒါနပစ္စယာ ဘဝေါလို့-ဟောပါတယ်။

ဘဝထဲမှ ခွဲထွက်တဲ့ ကမ္မဘဝဆိုတဲ့ကုသိုလ်၊ အကုသိုလ်ကို ပြုမိမှုဖြင့်၊ ဘဝထဲမှ ခွဲထွက်တဲ့ ဥပပတ္တိဘဝ-ဟူသော ဘဝကြီးကိုးပါးလဲခေါ်၊ ဇာတိလဲခေါ်တဲ့ ပဋိသန္ဓေသဘောတွေဖြစ်လာပါတယ်။ ဥတု၊ အစာ၊မိဘ သွေးသား-တူတဲ့ အမွှာပူးပင်ဖြစ်စေ၊ အယုတ်,အမြတ်တော့ ကွဲပြားတယ်မဟုတ်လား။ အဲဒါ ကံမတူလို့ ကွဲပြားတာ ဖြစ်ပါသတဲ့။ ဒီ ပဋိသန္ဓေ-ဇာတိဒုက္ခတွေရခြင်းဟာ မျိုးစေ့မှ အပင်ပေါက်သလို ကမ္မဘဝမှ ပေါက်ပွါးတယ်လို့ ချိန်ရွယ်ပြီး- ဘဝပစ္စယာဇာတိ-လို့ ဟောပါတယ်။

ဇာတိ-ဖြစ်ခြင်းရှိလျှင် ဇရာမရဏ-ရင့်ခြင်း,ပျက်ခြင်း ဖြစ်ရတာ မြေကြီးလက်ခတ်မလွဲ ကေန်ပါဘဲတဲ့။ ဒါကြောင့် ထင်ရှား ပြဓါန်းသော ဇာတိကို ခေါင်းခေါက်ပြီး-ဇာတိပစ္စယာ ဇရာမရဏံ-လို့ ဟောပါတယ်။ ဒီနေရာမှာ ရန်သူသုံးယောက်လိုရှုရမတဲ့။ ဇာတိရန်သူက-သတ္တဝါတို့ကို တဘဝမှ,တဘဝ-တောထဲရောက်အောင် ချော့ခေါ်တယ်။ ဇရာရန်သူက-တောထဲမှာ မထနိုင်ဘဲ လဲနေအောင်ရိုက်တယ်။ မရဏရန်သူက လဲနေတဲ့သူကို လည်ပင်းဖြတ်တယ်။ ဤသို့ ရှုရမတဲ့။ ဤသို့ အဝိဇ္ဇာ၊ သင်္ခါရ-စသော အကြောင်းတရားတို့ဖြစ်လျှင် သင်္ခါရ၊ ဝိညာဏ်-စသော အကျိုးတို့ ကေန် ဖြစ်လေ့ ရှိတာကို ပဋိစ္စသမုပ္ပါဒ် နည်းလို့ ခေါ်ပါတယ်။


သောက၊စိုးရိမ်ခြင်း။ ပရိဒေဝ၊ ငိုကြွေးခြင်းဆိုတဲ့ ငိုကြွေးသံ။ ဒုက္ခ၊ ကိုယ်နာခြင်း။ ဒေါမနဿ၊ စိတ်နာခြင်း။ ဥပါယာသ၊ ပြင်းစွာ ပင်ပန်းခြင်းဟူသော

ဒေါသ။ ဤတရားငါးပါးကတော့-ဇာတိကြောင့်လဲဖြစ်တယ်။ ဇရာကြောင့်လဲဖြစ်တယ်။မရဏကြောင့်လဲ ဖြစ်တယ်။ သည့်ပြင် ဒုက္ခကြောင့်လဲဖြစ်တယ်။ ဗြဟ္မာဘုံမှာတော့ ငါးပါးလုံးမဖြစ်ပါဘူး။ ဒီလို ဇာတိဟာ ထင်ရှားသောအကြောင်းလဲမဟုတ်၊ ပြဓါန်းသော အကြောင်းလဲမဟုတ်။ သောက စသည်တို့ဟာ ဇာတိကျိုးလဲကေန်မဟုတ်၊ ဇရာကျိုးလဲကေန်မဟုတ်။ ဘယ်သူ့အကျိုးမှ ကေန်မဟုတ်လို့ အင်္ဂါထဲမှာထည့်၍မရေတွက်ရဘူးတဲ့၊ ဒီအဓိပ္ပါယ်ဖြင့်၊ သောက-ပရိဒေဝ-ဒုက္ခဒေါမနဿု-ပါယာသာ သမ္ဘဝန္တိ—လို့ ဆက်ဟောပါတယ်။ ဒီလို ဆက်ဟောတာ နပျိုလို၊ အသက်ရှည်လိုသော အာသဝကြောင့် အဝိဇ္ဇာရှိ သူတို့မှာ ဖြစ်လို့ဆက်ဟောပါတယ်။ တနည်းတော့၊ ထိုတရားငါးပါး ဖြစ်လာလျှင် ထိုသူမှာ အဝိဇ္ဇာရှိတယ်လို့ သိဘို့ ဆက်ဟောပါတယ်။

ဒီလို အကြောင်းတွေ အဆက်ဆက်ကြောင့်၊ အကျိုးတွေ အဆက်ဆက်ဖြစ်၍။ ဝဋ်ဆင်းရဲထွေသာ ဆက်နေတာ ထင်ရှားပါတယ်။ ချမ်းသာခြင်း၊တင့်တယ်ခြင်း၊ ငါ,သူတပါး၊ ငါ့ကိုယ်,ငါ့ဥစ္စာ၊သူ့ကိုယ်,သူ့ဥစ္စာတို့နှင့် ရောယှက်တာမထင်ရှားပါဘူး၊ ဗြဟ္မာ,ဝိဿနိုး-တယောက်ယောက် ဖန်ဆင်းတယ်ဆိုတာလဲ၊ စကားသာရှိတယ်၊ထင်ရှားတာ မဟုတ်ပါဘူး။ ဒါကြောင့် ဝေ-မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-လို့ အဆုံးသတ် ဟောပါတယ်။

ဒီလိုအကျိုး ဝဋ်ဒုက္ခတွေ အဆက်ဆက်ဖြစ်နေတာကို ဒုက္ခသစ္စာလို့ ခေါ်ပါတယ်၊ အကြောင်းတွေ ဆက်နေတာတော့ သမုဒယသစ္စာလို့ ခေါ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ ဒုက္ခ၊ သမုဒယတွေမထင်ရှားဘူးလား။ထင်ရှားပါတယ်။ထိုဝဋ်ဒုက္ခထဲမှ အဝိဇ္ဇာနဲ့ တဏှာသေလို့ ဝဋ်ဒုက္ခဆက် မဖြစ်ရာနိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်ပါတယ်။ ထိုနိရောဓသို့ ရောက်ကြောင်းဖြစ်သော—သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ၊ သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ=ဟူသော မဂ္ဂင်ရှစ်ပါး၊ ကုသိုလ်တရားကို မဂ္ဂသစ္စာလို့ ခေါ်ပါတယ်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် သစ္စာလေးပါး ဆက်သွယ်အောင် မပြတ်ဆင်ခြင်လျက်၊ ကျင့်ကြံကျိုးကုတ်အားထုတ်ပြီးလျှင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သူတို့ ဖြစ်ကြပါစေကုန်သတည်း။

# ၃၁-ဘုံပုံစံ။




အပါယ်လေးဘုံ။ဒုဂ္ဂတိအဟိတ်တယောက်စီရသည်။

# ဘုံသချာခွဲ။

**၃၁–ဘုံကား။** ။အပါယ် ၄–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ ဝေဟပ္ဖိုလ်
အထိဆယ်ဘုံ၊ အသညသတ်တဘုံ၊ သုဒ္ဓါဝါသငါးဘုံ၊
အရူပ ၄–ဘုံ၊ ပေါင်း ၃၁။

[အပါယ် ၄–ဘုံကား...စသည်ဖြင့် ဘုံစဉ်ကြည့်၍ ပေါ်ဆိုနိုင်စေရမည်။ ဥာဏ်ရှိ,မရှိ သိရအံ့တွဲ့။]

**တနည်း။** ။ကာမ ၁၁–ဘုံ၊ ရူပ ၁၆–ဘုံ၊ အရူပ ၄–ဘုံ၊ ပေါင်း ၃၁။

[မိမိဥာဏ်စိတ်ကူးဖြင့်ကောက်ပြီး၍ သိသူထံမေးလျှင် မိမိဥာဏ်ထက်သန်ပေလတ္တံ့။]

**တနည်း။** ။သညီ ၂၉–ဘုံ၊ အသညီတဘုံ၊ နေဝသညီ–နာသညီတဘုံ၊
ပေါင်း ၃၁။

**တနည်း။** ။ဧကဝေါကာရတဘုံ၊ စတုဝေါကာရ ၄–ဘုံ၊ ပဉ္စဝေါ
ကာရ ၂၆–ဘုံ၊ ပေါင်း ၃၁။
[ဤအနေသိလျှင် ဘဝကြီးကိုးပါး လွယ်၏။]

**ဘဝကြီး ကိုးပါးကား။** ။ကာမဘဝ၊ ရူပဘဝ၊ အရူပ ဘဝသုံးပါး။ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ–နာသညီဘဝ သုံးပါး။ ဧက–ဝေါကာရ ဘဝ၊ စတု–ဝေါကာရ ဘဝ၊ ပဉ္စ–ဝေါကာရ ဘဝ သုံးပါး။

ထိုတွင် ကာမ ၁၁–ဘုံ၌ ဝိပါက်နာမ်+ကမ္မဇရုပ် ဖြစ်ခြင်းသည် ကာမ ဘဝ မည်၏။ ရူပ ၁၆–ဘုံ၌ ဝိပါက်နာမ်+ကမ္မဇရုပ် ဖြစ်ခြင်းသည် ရူပဘဝ........။ အရူပ ၄–ဘုံ၌ ဝိပါက်နာမ် ဖြစ်ခြင်းသည် အရူပဘဝ........။ ။သညီ ၂၉–ဘုံ၌ ဝိပါက်နာမ်+ကမ္မဇရုပ် ဖြစ်ခြင်းသည် သညီဘဝ........။ အသညီ တဘုံ၌ ကမ္မဇရုပ် ဖြစ်ခြင်းသည် အသညီဘဝ........။ နေဝသညီ–နာသညီတဘုံ၌ ဝိပါက်နာမ် ဖြစ်ခြင်းသည် နေဝသညီ–နာသညီဘဝ ......။ ။ဧက ဝေါကာရဘုံ၌ ကမ္မဇရုပ်ဖြစ်ခြင်းသည် ဧက ဝေါကာရဘဝ ......။ စတုဝေါကာရ ၄–ဘုံ၌ ဝိပါက် နာမ်ဖြစ်ခြင်းသည် စတုဝေါကာရ ဘဝ .......။ ပဉ္စ–ဝေါကာရ ၂၆–ဘုံ၌ ဝိပါက်နာမ်+ကမ္မဇရုပ် ဖြစ်ခြင်းသည် ပဉ္စ–ဝေါကာရ ဘဝ မည်၏။

[ဝေါကာရ–သဒ္ဒါ ခန္ဓာဟော၏၊ ခန္ဓာတပါးရှိ–တဘုံ၊ လေးပါးရှိ–လေးဘုံ၊ ငါးပါးရှိ ၂၆–ဘုံဟု သိနိုင်စေ။]

**ဘဝအတွင်းဝင်ပုံကား။** ။ကာမဘဝသည် သညီဘဝ၊ ပဉ္စ–ဝေါကာရ ဘဝလည်း မည်၏။ ဘဝနှစ်ပါး အတွင်းဝင်သည်။ ရူပဘဝသည်သညီဘဝ၊

အသညီဘဝ၊ ဧက-ဝေါကာရဘဝ၊ ပဉ္စ-ဝေါကာရဘဝလည်းမည်၏။ (ဘဝလေးပါး)အတွင်းဝင်သည်။ အရူပဘဝသည် သညီဘဝ၊ နေဝသညီ-နာသညီဘဝ၊ စတု ဝေါကာရ ဘဝလည်းမည်၏။ (ဘဝသုံးပါး) အတွင်းဝင်သည်။

သညီဘဝသည် ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ စတု-ဝေါကာရဘဝ၊ ပဉ္စ-ဝေါကာရဘဝလည်းမည်၏။ (ဘဝငါးပါး) အတွင်းဝင်သည်။ အသညီဘဝသည် ရူပဘဝ၊ ဧက-ဝေါကာရဘဝလည်းမည်၏။ (ဘဝနှစ်ပါး)........။ နေဝသညီ-နာသညီဘဝသည်အရူပဘဝ၊စတု-ဝေါကာရဘဝလည်းမည်၏။ (ဘဝနှစ်ပါး)........။

ဧက-ဝေါကာရ ဘဝသည် ရူပဘဝ အသညီဘဝလည်းမည်၏၊ (ဘဝနှစ်ပါး) ........။ စတု-ဝေါကာရ ဘဝသည် အရူပဘဝ၊ သညီဘဝ၊ နေဝသညီ-နာသညီ ဘဝ လည်းမည်၏။ (ဘဝသုံးပါး)........။ ပဉ္စ-ဝေါကာရ ဘဝသည် ကာမဘဝ၊ ရူပ ဘဝ၊ သညီဘဝလည်းမည်၏။ (ဘဝသုံးပါး)အတွင်းဝင်သည်။

[ယခုပစ္စုပ္ပန်ဘဝ၌ လောကီ ကုသိုလ်၊ အကုသိုလ် စေတနာ ၂၉–ခုနှင့် ထိုလောကီ ကုသိုလ်၊ အကုသိုလ် စေတနာနှင့် ယှဉ်သော ဘဝဂါမိကံ ၂၉–ခုသည် ကမ္မဘဝမည်၏။ ထိုကမ္မ ဘဝကြောင့် အနာဂတ် ဘဝ ထိုထိုဘုံ၌ ပဋိသန္ဓေအခါ ဝဋ္ဋ အခါဖြစ်သော ... ကံကြောင့်ဖြစ်သည့် ဥပပတ္တိဘဝ မည်၏၊ အနာဂတ် အကျိုးဇာတ်၌ ဝင်သည်၊ ကိုးပါးပြား၍ ဘုံတိုင်း ပုဂ္ဂိုလ်တိုင်း ... သုံးပါးစီ ... ည်။]

သတ္တာဝါသဘုံကိုးဝကား။ ။ ''ပါယ်ပ-ခုနစ်၊နာ—ပြင်၏''။ အပါယ် လေးဘုံ၊ ပဉ္စမဈာန် ၃–ဘုံ၊ ဤခုနစ်ဘုံသည် ကိုယ်မတူ စိတ်တူ နာနတ္တ ကာယ။ ဧကတ္တသညီဘုံမည်၏။ ''ခုနစ်-ကာသု၊နာ-နာ-ရူလေ''။ ဘုမ္မနိဿိတ ဝိနိပါတိက အသုရာ နတ်တို့နှင့်တကွ ကာမသုဂတိ ခုနစ်ဘုံသည် ကိုယ်မတူ၊စိတ် မတူ နာနတ္တကာယ—နာနတ္တသညီဘုံမည်၏။ ''ဈာန်ဒုသုံးပြာ၊ ဧ-နာ-မှတ် လေ''။ဒုတိယဈာန်သုံးဘုံသည် ကိုယ်တူ၊ စိတ်မတူ ဧကတ္တကာယ—နာနတ္တသညီ ဘုံမည်၏။ ''တ—ဝေ—သုဒ္ဓါ၊ကိုးဖြာ ဧ—ဧ-တည်း''။ တတိယဈာန်သုံးဘုံ၊ ဝေ ဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသ ငါးဘုံ၊ ဤကိုးဘုံသည် ကိုယ်တူ၊စိတ်တူ ဧကတ္တကာ ယ—ဧကတ္တသညီဘုံမည်၏။

အသညသတ်ဘုံသည် အသညသတ္တ—ဘုံမည်၏။ အရူပ လေးဘုံသည် အစဉ် အတိုင်း အာကာသာနဉ္စာယတနူပဂဘုံ၊ ဝိညာဏဉ္စာယတနူပဂဘုံ၊ အာကိဉ္စညာ ယတနူပဂဘုံ၊ နေဝသညာ—နာသညာ=ယတနူပဂဘုံမည်၏။

[ဤကားသတ္တဝါသ ဘုံကိုးဝတည်း၊ ဘုံဟုဆိုသော်လည်း ဘုံနေ သတ္တဝါကိုဆိုသည်ဟု သိအပ်၏။]

ဝိညာဏဋ္ဌိတိ ခုနစ်ပါးကား။ ။အသညသတ္တ၊ နေဝသညာ—နာ သညာ ယတနူပဂ—ဤနှစ်ဘုံကိုပယ်လျှင် ဝိညာဏဋ္ဌိတိ—ခုနစ်ပါးဖြစ်၏။ အဘယ်

ကြောင့် ပယ်သနည်း ဟူမူကား၊—အသညသတ္တဝါတို့၌ စိတ်ဝိညာဏ် လုံးလုံးမရှိ။ နေဝသညာ—နာသညာ=ယတနဘုံပုဂ္ဂိုလ်၌စိတ်ဝိညာဏ်ရှိသော်လည်း လွန်စွာသိမ်မွေ့၏။ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာဉာဏ်ဖြင့်ပင် ရှု၍မရ။ ထို့ကြောင့်ပယ်သည်။

[ပဌမဈာန်သုံးဘုံအထိ အောက် ၁၄-ဘုံ၌ သတ္တဝါတို့သည်ဆိုကြန်မို့ဖြင့် ကိုယ်မတွေ့ကုန်။ ဒုတိယဈာန်သုံးဘုံ၌ ပဋိသန္ဓေစိတ်နှစ်ခု၊ ကာမသုဂတိ ခုနစ်ဘုံ၌ ပဋိသန္ဓေစိတ်ရှစ်ခု၊ ကိုးခု ဖြစ်သောကြောင့် စိတ်မတူကုန်၊ ၁၄ ဘုံ၌ ကိုယ်မတူ။ ဆယ်ဘုံ၌ စိတ်တူ။]

## ပုဂ္ဂိုလ်အပြားဝါကရားဖြစ်ပုံကား။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် | စိတ်ရ-၃၇ | ၁ | .. | .. | . | .. | .. | .. |
| သုဂတိအဟိတ်ပုဂ္ဂိုလ် | . ၄၁ | . | ၁ | .. | .. | ၁ | .. | .. |
| ဒွိဟိတ်ပုဂ္ဂိုလ် | . ၄၁ | .. | ၁ | ၁ | .. | . | .. | .. |
| တိဟိတ်ပုဂ္ဂိုလ် | ၄၅ ၅၄ | .. | ၁ | ၁ | ၁ | .. | .. | ၁ |
| (ဤကားပုထုဇဉ်လေးယောက်တည်း) .... | | .. | .. | .. | .. | .. | .. | .. |
| သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | ၁ | .. | ၁ | ၁ | ၁ | .. | .. | .. |
| ဖလဋ္ဌာန် | ၄၁-၅၀ | .. | ၁ | ၁ | ၁ | .. | .. | ၁ |
| သကဒါဂါမိ မဂ္ဂဋ္ဌာန် | ၁ | | ၁ | ၁ | ၁ | .. | .. | ၁ |
| ဖလဋ္ဌာန် | ၄၁-၅၀ | .. | ၁ | ၁ | ၁ | .. | .. | ၁ |
| အနာဂါမိ မဂ္ဂဋ္ဌာန် | ၁ | .. | ၁ | ၁ | ၁ | .. | .. | ၁ |
| ဖလဋ္ဌာန် | ၃၉-၄၇ | .. | ၁ | ၁ | ၁ | . | ၁ | ၁ |
| အရဟတ္တ မဂ္ဂဋ္ဌာန် | ၁ | .. | ၁ | ၁ | ၁ | .. | ၁ | ၁ |
| ဖလဋ္ဌာန် | ၃၅-၄၄ | .. | ၁ | ၁ | ၁ | . | ၁ | ၁ |
| (ဤကားအရိယာပုဂ္ဂိုလ်ရှစ်ယောက်တည်း) | | ၁ | ၁၁ | ၁၀ | ၉ | ၁ | ၃ | ၈ |

ပုဂ္ဂိုလ် ၁၂—ယောက်ကို ၇—စုခွဲသည်ရှိသော် ပဌမအစု၌ ၁—ယောက်၊ ဒုတိယအစု၌ ၁၁—ယောက်။ တ.......၁၀။ စ......၉။ ပဉ္စမ.......၁။ ဆ.......၃။ သ.......၈—ယောက်။

ပဌမအစု၌ တယောက်သည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တယောက်ဖြစ်၏။ ဒုတိယ အစု၌ ၁၁—ယောက်သည် ဒုဂ္ဂတိ အဟိတ် တယောက်—ကြဉ်၍ ၁၁—ယောက်ဖြစ်၏။

ဤသို့စသည်ဖြင့် ပုံစံ၌ ကြည့်၍ ပေါ်ဆိုနိုင်ရမည်။ မပေါ်နိုင်လျှင်ပညာ

ရှိထံ ချဥ်းကပ်၍ မေးလေလေသော်။ မေးခြင်း ၄ါ ဝန်မလေးရာ၊ ပညာလို၍ မေးမြန်း လေ့ကြောင့်.......သိမ်မွေ့ ကိုယ်ရေ.......ဉာဏ်မိုဃ်းရွာ၏။

[သုတ်ပါထေယျ လက္ခဏသုတ် လက်ာ။]

ပဌမအစု ၁—ယောက်ကား အပါယ် ၄—ပုံ၌ ရသည်။ ၁—ယောက်စီ ၄—ဘုံ။ ၁×၄—လီ—၄။ ဒုတိယအစု ၁၁—ယောက်ကား လူ၊ စာတု—နှစ်ဘုံ၌ ရသည်။ ၁၁—ယောက်စီ ၂—ဘုံ။ ၁၁×၂—လီ ၂၂။ တ.......၁၀—ယောက်ကား အထက် နတ် ငါးဘုံ၌.......။ ၁၀.......၅—ဘုံ။ ၁၀×၅—လီ ၅၀။

စ .......၉.......ဝေဟပ္ဖိုလ် အထိ ၁၀—ဘုံ၌.......။ ၉.......၁၀—ဘုံ။ ၉×၁၀လီ၉၀
ပဉ္စမ.......၁.......အသညသတ် တဘုံ၌.......။ တယောက်တည်း ၁—ဘုံ။ ၁× ၁ လီ ၁
ဆ .......၃.......သုဒ္ဓါဝါသ ငါးဘုံ၌.......။ ၃—ယောက်စီ ၅—ဘုံ။ ၃× ၅ လီ ၁၅
သ .......၈....... အရူပ ၄—ဘုံ၌.......။ ၈.......၄—ဘုံ။ ၈× ၄ လီ ၃၂
ပေါင်း....... ၂၁၄

ပုဂ္ဂိုလ် ၁၂—ယောက်သည် ၃၁—ဘုံ၌ ၂၁၄—ယောက်ဖြစ်၏။ ဝိဋ္ဌကသချာ အားဖြင့် ၂၁၄—ယောက်ကို ''ဝါကရား''ဟု ခေါ်သည်။ ပုဂ္ဂိုလ်အပြား—ဝါက ရား—ဖြစ်၏။ [ဝါ-၄။က-၁။ရား-၂။ဂဏန်းနောက်ပြန်ချလျှင် ၂၁၄-ဖြစ်၏။]

ပုဂ္ဂိုလ်စိတ်ရကား။ ။ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် ၃၇.......။ တိဟိတ်ပုဂ္ဂိုလ် ဈာန် မရလျှင် ၄၅။ ဈာန်ရလျှင် ၅၄.......။ သောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ် ဈာန်မရ လျှင် ၄၁။ ဈာန်ရလျှင် ၅၀။ စသည်ဖြင့် ပုံစံ၌ ကြည့်၍ ထုတ်ဆိုနိုင်ရမည်။

ဘုံစိတ်ရကား။ ။အပါယ် ၄-ဘုံ၌ ဝီထိစိတ် ၃၇+ပဋိသန္ဓေစိတ် ၁။ ပေါင်း ၃၇။ ကာမသုဂတိ ခုနစ်ဘုံ၌ ဝီထိစိတ် ၈၀+ပဋိသန္ဓေစိတ် ၉။ ပေါင်း ၈၀။ [ပဋိသန္ဓေစိတ်မထူး။]

ဝေဟပ္ဖိုလ်အထိ ဆယ်ဘုံ၌ ဝီထိစိတ် ၆၄+ပဋိသန္ဓေစိတ် ၅။ ပေါင်း ၆၉။ သုဒ္ဓါဝါသ ငါးဘုံ၌ ဝီထိစိတ် ၅၄+ပဋိသန္ဓေစိတ် ၁။ ပေါင်း ၅၅။ အရူပလေး ဘုံ၌ ဝီထိစိတ် ၄၂+ပဋိသန္ဓေစိတ် ၂။ ပေါင်း ၄၆။ [ပဋိသန္ဓေစိတ်ထူးသည်။]

---

# ပဋိစ္စသမုပ္ပါဒ် အရကောက်။

၁—(ကန်း၊၊တိမ်)။ ။ရှစ်ဌာန၌ တွေဝေသော မောဟသည်အဝိဇ္ဇာမည်၏ ။

[သူကန်းနှင့်တူ၏။ ဝါ၊ မျက်စိ တိမ်လွှားသည်နှင့်တူ၏။] [ဤ၌ ( ) ကွင်းထားသော ဥပမာ တို့ကို ဆက်မဆိုဘဲ အဆုံးလက်ာရောက်မှ တခုစီပေါ်ဆိုလျှင်အသိဉာဏ်သန့်ရှင်း၏။]

၂-(ချော်၊ ဲး)။ ။လောကီကုသိုလ်၊ အကုသိုလ်စေတနာ ၂၉-ခုသည်သင်္ခါရမည်၏။ ။[သူကန်း,ချွတ်ချော်သည်နှင့်တူ၏။ ဝါ၊ မိမိကိုယ်ကို အိုးဖွဲ့သော ဒိုးကောင်နှင့် တူ၏။] [ဥပမာတို့ကို လင်္ကာရောက်မှပေါ်ခိုလေ။]

၃—(လဲကျ၊ထိန်းအုပ်)။ ။လောကီဝိပါက် ၃၂-ခုသည် ဝိညာဏ်မည်၏။ ။[သူကန်း,ချွတ်ချော်၍,လဲကျသည်နှင့်တူ၏၊ ဝါ၊ အမတ်ကြီးငှ်၏ ထိန်းအုပ်ခြင်းခံရ၍ မင်းစည်းစိမ် ရသော မင်းသားငယ်နှင့် တူ၏။] [သင်္ခါရအမတ်ကြီးတို့ ပြုပြင်ပေးမှ ဂတိငါးပါး၌ တည်ခြင်း ကြောင့်တဲ့။]

၄—(ဖူးကြွ၊မျက်လှည့်ရုပ်)။ ။လောကီဝိပါက် ၃၂-ခု၌ရှိသော စေတသိက်နှင့် ကမ္မဇရုပ်သည် နာမ်,ရုပ်မည်၏။ ။[သူကန်း,ချွတ်ချော်၍, လဲကျ၍, ဖူးရောင်သည်နှင့် တူ၏။ ။ဝါ၊ မျက်လှည့် ရုပ်မျိုးစုံနှင့် တူ၏။]

၅—(ပြည်၊ချုံ့ထူ)။ ။စက္ခု၊သောတ-စသော အာယတန ခြောက်ပါးသည် သဠာယတနမည်၏။ ။[သူကန်,ချွတ်ချော်၍,လဲကျ၍,ဖူးရောင်၍,အနာအဖု ပြည်ဥသည်နှင့် တူ၏။] [..ဤသို့ အစက်ချထားသော နေရာတို့၌ ဒွက်စာကို ပေါ်ဆိုနိုင်သော ဉာဏ်ရှိ-မရှိ၊ သိရပေလတ္တံ့။] [ဝါ၊ မြေကောင်းရာ၌ ပေါက်သောချုံ့သစ်ပင်နှင့်တူ၏။]

၆—(ထိ၊မီးပွတ်)။ ။အာရုံနှင့် တွေ့ထိခြင်းသည် ဖဿမည်၏။ ။[သူကန်း... ဖူးရောင်၍,အနာ [illegible]] [..နှစ်ပုဒ်ဒွက် ထားသည်။] [ဝါ၊ပွတ်၍ ရသော မီးနှင့်တူ၏။]

၇—(နာ၏၊ပူ)။ ။အာရုံအရသာကို ခံစားခြင်းသည် ဝေဒနာမည်၏။ ။[သူကန်း, အနာ အဖု ပြည်ဥ၍, ထိခိုက်၍, အနာ နာသည်နှင့် တူ၏။] [...သုံးပုဒ်ဒွက်ထားသည်။] [ဝါ၊ပွတ်၍ရသော မီးပူလောင်သည်နှင့် တူ၏။] [၃—ဒွက်သည်။]

၈—(ကျ၊ငန်)။ ။အာရုံ၌ နှစ်သက်သော တဏှာခြောက်ပါး၊ တဏှာသုံးပါးသည် တဏှာမည်၏။ ။[သူကန်း.. ထိခိုက်၍,အနာ နာ၍,ဆေးကုလိုသည်နှင့်တူ၏။ ဝါ၊ဆားငန်ရေသောက်၍ ရေငတ်သည်နှင့်တူ၏။] [၄—ဒွက်။]

၉—(လွဲဖန်ဖန်)။ ။စွဲလမ်းသော တဏှာနှင့် ဒိဋ္ဌိသည် ဥပါဒါန်မည်၏။ ။[သူကန်း ..အနာနာ၍,ဆေးကုလို၍,ဆေးအလွဲယူသည်နှင့်တူ၏။ ဝါ၊ရေငတ်၍ အဖန်ဖန်ရေသောက်တသည်နှင့်တူ၏ ] [၅—ဒွက်။]

၁၀—(လိမ်း၊ချိတ်ကောက်)။ ။သင်္ခါရ ၂၉-ခုနှင့် ဘဝဂါမိကံ ၂၉-ခုသည် ကမ္မဘဝမည်၏။ ဘဝကြီးကိုးပါးသည် ဥပပတ္တိဘဝမည်၏။ ။[သူကန်း,ဆေးကုလို၍, ဆေးအလွဲယူ၍, ဆေးလိမ်းမှားသည်နှင့်တူ၏။ ဝါ၊ငါးမျှားချိတ် ကောက်ကောက်ဖျိုသည်နှင့်တူ၏။] [၆—ဒွက်။]

၁၁—(ပိုး၊ပျိုးပေါက်)။ ။ရုပ်,နာမ်တို့၏ ဖြစ်ခြင်းသည် ဇာတိမည်၏။ ။(သူကန်း,ဆေးအလွဲယူ၍,ဆေးလိမ်းမှား၍,အနာပိုးသည်နှင့် တူ၏။ ဝါ၊ မျိုးစေ့အပင်ပေါက်သည် နှင့်တူ၏။) [၇—ဒွက်။]

၁၂—(ကဲ့၊ ပင်လဲ)။ ရုဝ်, နာမ်တို့၏ ရင့်ခြင်း ပျက်ခြင်းသည် ဇရာမရဏမည်၏။ ။[သူကန်း, ဆေးမှားး၍, အနာတိုး၍, ပြည်မှည် ပြီး ပေါက်ကွဲသည်နှင့်တူ၏။ [...ရုဝ်ပုဒ်ဖွက်ထားသည်။] (ဝါ၊ ပေါက်သော သစ်ပင် ပြိုလဲသည်နှင့်တူ၏။) [ဂ—ဖွက်။]

သောကစသော ငါးပါးသည် ဇာတိ၏ အကျိုးဖျားမျှ ဖြစ်သောကြောင့် အင်္ဂါ၌ မရေတွက်ရ။

ထိုတွင် စိုးရိမ်ပူဆွေးသော ဒေါမနဿဝေဒနာသည် သောကမည်၏။ ။

[ရေနွေးအိုး မီးထိုးသည်နှင့် တူ၏။]

ငိုကြွေးသံသည် ပရိဒေဝမည်၏။ ။

[ရေနွေးအိုး—ဆူပွက်သည်နှင့်တူ၏။]

ဒုက္ခဝေဒနာ၊ ကိုယ်နာခြင်းသည် ဒုက္ခမည်၏။

ဒေါမနဿဝေဒနာ၊ စိတ်နာခြင်းသည် ဒေါမနဿမည်၏။

ပြင်းစွာပင်ပန်းသော ဒေါသစေတသိက်သည် ဥပါယာသမည်၏။

[ရေနွေးအိုး—ခန်းစေသော မီးပြင်းနှင့်တူ၏။]

---

## ဥပမာ အချုပ်သက်သာ။

[အပိုဒ်ကိုအလေးပြု၍ ဖြတ်ဖြတ်၍ ဆိုဘတ်ရမည်။]

ကန်း၊ ချော်၊ လဲကျ(၃)။ ဖူးကြွ၊ ပြည်၊ ထိ(၃)။ နာ၏၊ ကု၊ လွဲ(၃)။

(၁) ကန်း—ဟူသည်ကား—အဝိဇ္ဇာသည် သူကန်းနှင့်တူ၏။

[အရကောက် အရင်းမှစ၍ ပြန်ကြည့်၍ ဆိုနိုင်စေရမည်။]

(၂) ချော်—ဟူသည်ကား—သင်္ခါရသည် သူကန်း, ချွတ်ချော်သည်နှင့် တူ၏။

[၃၊၄—စသည်တို့၌ နည်းယူ၍ဆို။]

(၁၂) ကွဲ—ဟူသည်ကား—ဇရာမရဏသည် သူကန်း, ချွတ်ချော်၍, လဲကျ၍, ဖူးရောင်၍, အနာအဖု ပြည်ဥ၍, ထိခိုက်၍, အနာနာ၍, ဆေးကုလို၍, ဆေးအယူလွဲ၍, ဆေးလိမ်မှား၍, အနာတိုး၍, ပြည်မှည့်ပြီး ပေါက်ကွဲသည်နှင့် တူ၏။

ဘုန်းကြီးကား။ ။ တိမ်၊ မိုး၊ ထိန်းအုပ်(၃)။ မျက်လှည့်ရုပ်၊ ချုံ၊ ထူ(၂)။ မီးပွတ်၊ ပူ၊ နေ(၃)။ ဖန်ဖန်၊ ချိတ်ကောက်(၂)။ မျိုးပေါက်၊ ပင်လဲ(၂)—သီးခြားတွဲ—ကွဲကွဲပမာ—သူငါတူလှ၏။

(၁) တိမ်ဟူသည်ကား—အဝိဇ္ဇာသည် မျက်စိတိမ်လွှားသည်နှင့် တူ၏။
[ပြန်ကြည့်၍ဆိုနိုင်စေ။]
(၂) ပိုး—ဟူသည်ကား—သင်္ခါရသည် မိမိကိုယ်ကို အိမ်ဖွဲ့သော ပိုးကောင်နှင့် တူ၏။ ဤနည်းမှီ၍အားလုံး ပေါ်ဆိုနိုင်ရမည်။]

# ပဋိစ္စသမုပ္ပါဒ် အရေကောက် အဖွင့်တရားစာ

[မပိုက်၊မဝင်းကြည်တို့ပင် အရကျက်၍ အားကျစရာ ဟောလေ့ပြုကြသည်။]

(၁) ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ—ဌာန်၄ဌာန၌ တွေဝေ ခြင်းကြောင့် လောကီ ကုသိုလ်၊ အကုသိုလ် စေတနာ ၂၉-ခု ဟူ-သော သင်္ခါရဖြစ်ပါသတဲ့။ ဌာန်၄ဌာန၌ တွေဝေ ခြင်းကတော့ ဒိုဘေး, နာဘေး,သေဘေး၊ အကြား—ခန္ဓာငါးပါး ဒုက္ခကို သုခဟု မှတ်ထင်ခြင်းသည် ဒုက္ခသစ္စာ၌ တွေဝေသည် မည်၏။ ဒုက္ခဖြစ်ကြောင်း တဏှာလောဘကို သုခဖြစ်ကြောင်းဟု မှတ်ထင်ခြင်းသည် သမုဒယ သစ္စာ၌ တွေဝေသည်မည်၏။ နိဗ္ဗာန် မဟုတ်သည်ကို ဒိုဘေး,နာဘေး,သေဘေးကင်းရာ နိဗ္ဗာန်ဟု မှတ်ထင်ခြင်းသည် နိရောဓသစ္စာ၌ တွေဝေသည်မည်၏။ မဂ္ဂင်ရှစ်ပါး မဟုတ်သည်ကို နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ဟု မှတ်ထင်ခြင်းသည် မဂ္ဂသစ္စာ၌ တွေဝေသည်မည်၏။

[ဒါက သစ္စာလေးပါး၌ တွေဝေခြင်း လေးပါးဖြစ်ပါတယ်။]

ရှေးရှေးဘဝ-ခန္ဓာ၊အာယတန၊ ဓါတ်တို့၏ မပြတ်ဖြစ်သည်ကို မသိခြင်းသည် သံသရာရှေးအစွန်း၌ တွေဝေသည်မည်၏။ နောက်နောက်ဘဝ-ခန္ဓာ၊အာယတန ဓါတ်တို့၏ မပြတ်ဖြစ်သည်ကို မသိခြင်းသည် သံသရာနောက်အစွန်း၌ တွေဝေသည် မည်၏။ ရှေးရှေးဘဝ၊ နောက်နောက်ဘဝ-ခန္ဓာ၊အာယတန၊ ဓါတ်တို့၏ မပြတ်ဖြစ်သည်ကို မသိခြင်းသည် သံသရာ ရှေးနောက်အစွန်း၌ တွေဝေသည် မည်၏။ အဝိဇ္ဇာ သင်္ခါရ-စသည်တို့ကြောင့် သင်္ခါရ၊ ဝိညာဏ် စသည်တို့၏ ကြောင်းကျိုး ဆက်စပ် မပြတ်ဖြစ်သည်ကို-ငါဖြစ်သည်။ သူဖြစ်သည်။ ငါ့ကြောင့် ဖြစ်သည်။ သူ့ကြောင့် ဖြစ်သည်—ဟု စွဲယူ မှတ်ထင်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်၌ တွေဝေသည် မည်၏။

[ဌာန်၄ဌာန တွေဝေပုံ စုံလင်ပါပြီ။]

စေတနာ ၂၉-ခုသင်္ခါရမည်ရာ၌ ကာမကုသိုလ် စေတနာရှစ်ခု၊ ရူပကုသိုလ် စေတနာ ငါးခုသည် ပုညာဘိသင်္ခါရမည်၏။ အကုသိုလ်စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရမည်၏။ အရူပကုသိုလ် စေတနာ ၄—ခုသည် အာနေဉ္စာဘိသင်္ခါရမည်၏။ ပုညာဘိ သင်္ခါရ ၁၃၊ အပုညာဘိသင်္ခါရ ၁၂၊အာနေဉ္စာဘိ သင်္ခါရ ၄၊ ပေါင်း ၂၉။

**ထနည်းကား။** ။ကာမကုသိုလ် စေတနာ ရှစ်ခု၊ အကုသိုလ်စေတနာ ၁၂–ခုသည် ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ၌ ဖြစ်၏။ ကာယသဉ္စါရ၊ ဝစီသဉ္စါရ၊ စိတ္တသဉ္စါရလည်း မည်၏။ ။ရူပ ကုသိုလ် စေတနာ ငါးခု၊ အရူပ ကုသိုလ် စေတနာ လေးခုသည် မနောဒွါရ၌သာ ဖြစ်သည်။ စိတ္တသဉ္စါရသာ မည်သည်။ [ကာယသဉ္စါရ၊ ဝစီသဉ္စါရမမည်။]

ထို့ကြောင့်ကာယသဉ္စါရ ၂၀။ဝစီသဉ္စါရ ၂၀။စိတ္တသဉ္စါရ ၂၉။ပေါင်း၂၉။ (၆၉–မဖြစ်စေနှင့်။) ဒီလို ဥပမာရှုပါ။ ခရီးသွားသူ လူ ၂၀–သည် ပဌမရွာသို့ ရောက်လာကြသတဲ့။ ခရီးဆက်၍ သွားပြန်သော် ထို ၂၀–လုံး ဒုတိယ ရွာသို့ ရောက်ပြန်သတဲ့။ တဖန်ဆက်၍ သွားပြန်သော် ခရီးသည် ၉–ယောက်နှင့်ပေါင်း ဆုံမိ၍ တတိယရွာသို့ ၂၉–ယောက်ရောက်ကြသတဲ့။ ဒီတော့ ပဌမရွာရောက်သူ ၂၀၊ ဒုတိယရွာရောက်သူ ၂၀၊ တတိယရွာရောက်သူ ၂၉။ ၎င်းတို့ကို ပေါင်းလျှင် ၆၉–ယောက် ဖြစ်မလား။ ၂၉–ယောက်ပင် မဟုတ်ပါလား။ ထို့အတူ ရှုရမတဲ့။

တွေဝေခြင်းကြောင့် လောကီ ကုသိုလ်၊အကုသိုလ်ဖြစ်တယ်လို့ ဆိုတဲ့နေရာမှာ တွေဝေခြင်းဆိုတာ စကာယဉ်။ မသိခြင်း၊ မိုက်မဲခြင်း ဆိုတာ စကားရိုင်း။ အယဉ် အရိုင်းမျှ စကားကွဲ၍ အဓိပ္ပါယ် အတူတူပင် ဖြစ်ပါတယ်။ ထို့ကြောင့် ရှစ်ဌာန မသိသူအား လောကီ ကုသိုလ်၊အကုသိုလ်ဖြစ်တယ်လို့မှတ်ရမတဲ့။သူကန်း ချွတ်ချော်ရှာပြီ။ ပိုးကောင်သည် မိမိကိုယ်ကို အိမ်ဖွဲ့ပါပြီ။ ခွဲဆိုလျှင်–မသိလို့ အကုသိုလ်ပြုတယ်။ မသိလို့ လောကီကုသိုလ် ပြုတယ်–ဟု စကားနှစ်ရပ်ဖြစ်ပါတယ်။ ထိုစကား၊ နှစ်ရပ်ကို နောက်ဆုံးရောက်မှ ထင်ရှားအောင်ပြောပါမယ်။

(၂) ''သင်္ခါရ ပစ္စယာ ဝိညာဏံ''၌ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတာ လောကီကုသိုလ်၊ အကုသိုလ် စေတနာ ၂၉–ခုသည် ၃၁–ဘုံ၌ပဋိသန္ဓေ ဝိညာဏ်၊ပဝတ္တိဝိပါက် ဝိညာဏ်ကို ဖြစ်စေတတ်တယ်။အဲဒါ သူကန်းချွတ်ချော်၍ လဲကျခြင်းဘဲ။အမတ်ကြီးတို့၏ ထိန်းအုပ်ခြင်းခံ၍ မင်းစည်းစိမ်ရသော မင်းသား ကလေးပါဘဲ။ ဒီစေတနာ ၂၉–ခုကို မျိုးစေ့သဘွယ် ရှုကြပါ။ ထိုမျိုးစေ့ကို အဝိဇ္ဇာ မြေတောင်မြှောက်၍ တဏှာ ရေလောင်း ပေးလျှင် ဝိညာဏ် အပင် ကပေါက်ပါတယ်။

ဒီနေရာမှာ ပါရမီမဖြည့်ဘဲ နိဗ္ဗာန် မြန်မြန်ရနိုင်သော နည်းထူးတဲ့။ ကြားရဘူးတာ ပြောရဦးမည်။ကျင့်လို့တော့ မဖြစ်ပါဘူး။ ဒါန,သီလ,ကုသိုလ်,အကုသိုလ်ကို မပြုဘဲနေရလျှင် သင်္ခါရမဖြစ်လို့ ပဋိသန္ဓေ ဝိညာဏ် ကင်းရမတဲ့။ ပဋိသန္ဓေ ဝိညာဏ်ကင်းလျှင် နိဗ္ဗာန်ရောက်ခြင်းပဲ မဟုတ်လား–ဟု ဖောရမြောကြပါ

တယ်။ ထိုဟောပြောသူဘို ကုသိုလ်၊ အကုသိုလ်ဟု ဆုံးဖြတ်နိုင်ပြီလားဟု ပြန်မေးသင့်ပါတယ်။ ထိုဟောပြောသူတို့ကို ကုသိုလ်၊ အကုသိုလ် မဖြစ်အောင် နေတတ်ပြီလား။ မိမိသန္တာန်၌ ဖြစ်သောစိတ်ကို ကုသိုလ်၊ အကုသိုလ်ဟု ဆုံးဖြတ်နိုင်ပြီလားဟု ပြန်မေးသင့်ပါတယ်။ တနည်းတော့လဲ ကာယသံခါရ မဖြစ်အောင်ကိုယ်လက် မလှုပ်မရှားနေတတ်ပြီလား။ ဝစီသံခါရမဖြစ်အောင် စကားမဆိုမပြောနေတတ်ပြီလား။ စိတ္တသံခါရမဖြစ်အောင် မကြံမစည် နေတတ်ပြီလားဟု ပြန်မေးသင့်ပါတယ်။ ဖြေဆိုရန်မလွယ်ကူပါဘူး။ အဝိဇ္ဇာပြတ်ပြီးမှ သံခါရ မဖြစ်ခြင်းကို စိတ်ချရပါတယ်။ အဝိဇ္ဇာမပြတ်လျှင် သံခါရမပြတ်နိုင်ပုံကို ယုန်ငယ်ပမာဖြင့်ရှုရမတဲ့။ ယုန်ငယ်တကောင်ဟာ ချုံထဲမှာ နောက်ဖေးသွားတော့ မဟာပထဝီမြေကြီးက—ဟဲ့ယုန်မိုက်၊ နင်ငါ့အပေါ်မှာ နောက်ဖေးသွားတယ်။ တယ်မိုက်ရိုင်းပါကလားဟု ဆိုသတဲ့။ ယုန်ငယ်က ကျွဲ၊ နွား၊ ဆင်၊ မြင်းတွေ တဖုန်းဖုန်း နောက်ဖေးသွားတာတော့ ဘာမျှမပြောဘဲ စိတ်နာနာနဲ့ ဒီလိုမြေကြီးပေါ်မှာ မနေလိုပါဘူးဟု လွတ်အောင် တအား ခုန်တက်လိုက်သတဲ့။ လွတ်သွားရောလား၊ နှစ်တောင်ခန့်မြင့်ပြီး ပြန်ကျသတဲ့။ ဒီမြေကြီးပေါ်ပြန်ကျရမလားလို့ ထပ်ပြီးခုန်လိုက်ပြန်တော့လဲ တဖုန်းဖုန်းနဲ့ ဒီမြေကြီးပေါ်ပြန်ကျသတဲ့။ ထို့အတူ အဝိဇ္ဇာမပြတ်လျှင် ကုသိုလ်၊ အကုသိုလ် မပြုဘူးလို့ နေပေမဲ့ သံခါရ စေတနာတွေ တဖုန်းဖုန်း ဖြစ်ကြရဦးမှာဘဲ။ ဒီတော့ ပဋိသန္ဓေ ဝိညာဏ် မပြတ်ပါဘူး။

(၃) ''ဝိညာဏပစ္စယာနာမရူပံ''၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတာ ဝိပါက်ဝိညာဏ်— ကံဝိညာဏ် နှစ်မျိုးကြောင့်—နာမ်ရယ်၊ ရုပ်ရယ်၊ နာမ်ရုပ်ရယ်—ဟု သုံးမျိုးဖြစ်ပါတယ်၊ ဖြစ်ပုံကတော့ အရူပ ၄—ဘုံ၌ ဝိပါက်ဝိညာဏ်ကြောင့် နာမ်ဖြစ်သည်—ရုပ်မဖြစ်ဘူး။ အသညသတ် တဘုံ၌ ကံဝိညာဏ်ကြောင့် ရုပ်ဖြစ်သည်—နာမ်မဖြစ်ဘူး။ ကြွင်းသော ကာမ ၁၁—ဘုံ၊ ရူပ ၁၅—ဘုံ၌ဝိပါက်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်။ အဲဒီဟာ သူကန်းလဲကျ၍ နာမ်ရုပ်ပူးရောင်ခြင်းပါဘဲ၊ မျက်လှည့် ရုပ်မျိုးစုံ ဖြစ်ခြင်းပါဘဲ။ ဒီမှာ ဝိပါက်စိတ်ကိုအကြောင်း၊ ဝိညာဏ်ဟု ယူ၍ စေတသိက်ကို အကျိုးနာမ်ဟု ယူရပါတယ်။ ဝိပါက်စိတ်ဟာ နာမ်ဖြစ်လျက် ဒီနေရာမှာ နာမ်ဟု မယူရပါဘူးတဲ့။

(၄) ''နာမရူပပစ္စယာ သဠာယတနံ''၌ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်ဆိုတာ ပဋိသန္ဓေနေစဉ်က ကာယာယတန၊ မနာယတန နှစ်ပါးဖြစ်ပါတယ်။ အမိဝမ်းထဲ ရေကြည်မှာ ခုနစ်ရက်၊ အမြှုပ်ခုနစ်ရက်၊ သားတစ် ခုနစ်ရက်၊ တခဲနက်ခုနစ်ရက်၊ (လက်၊ ခြေ၊ ဦးခေါင်းအတွက်)ခက်မငါးပြာခုနစ်ရက်။ ထိုရုပ်တို့၏ ရင့်ခြင်းကတော့—ခုနစ်ရက်နှစ်လီ—၍သို့စဉ်တိုင်း ခုနစ်ရက် ခုနစ်လီတွင် စက္ခာယတန ဖြစ်ပါတယ်။ နှစ်လီတွင် သောတာယတန၊ ထိုးလီတွင်ဃာနာယတန

ဆယ်လီတွင် ဇိဝှါယတန ဖြစ်၍၊ တဆဲ့တလီတွင် သဠာယတန ခြောက်ပါးလုံး စုံလင်တယ်လို့ "ဋီကာကျော်ဆရာ" ဆိုပါတယ်။ "မူလဋီကာဆရာကတော့" ခုနစ်ရက် ၁၁-လီ။ ၇၇-ရက်ရောက်မှ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ—လေးပါးလုံး ဖြစ်၍ စုံလင်တယ်လို့ဆိုပါတယ်။ အဲဒီ ဟာတွေဟာ-ဖူးရောင်ပြီး ပြည်ဥတဲ့ အနာ ၆-ခုပါဘဲ။ မြေကောင်းရာ၌ ပေါက်သော ချုံသစ်ပင်တွေပါဘဲ။ ကုသိုလ်၊ အကုသိုလ်တို့ သန်စွမ်းရာဌာန ၆-ခုဖြစ်ပါတယ်။ ထိုတွင် ဃာန၊ ဇိဝှါ၊ ကာယ-သုံးခု ကတော့ လောဘ၊ ဒေါသ၊ မောဟ—အကုသိုလ်တို့ သန်စွမ်းရာဌာန သက်သက်ဟု ဗြဟ္မာကြီးများက ဘာဝနာဖြင့် ပယ်ပါသတဲ့။ ထိုနေရာသုံးခုဖြင့် အာရုံမယူဘူး တဲ့။ စက္ခု၊ သောတ နှစ်ခုကတော့ ဘုရားဖူးရန် တရားနာရန် ကျေးဇူးလဲများ တယ်ဟု ချန်ထားသတဲ့။

(၅) "သဠာယတနပစ္စယာ ဖဿော"၌ သဠာ ယတနကြောင့် ဖဿ ဖြစ်တယ်ဆိုတာ ထိုအာယတနခြောက်ပါးကိုမှီ၍ အာရုံ ၆-ပါးနှင့် တွေ့ဆုံသော အခါ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ-ဟူသော အမည်ဖြင့် အစဉ်အတိုင်း ဖဿ ၆-ပါးဖြစ်ပါသတဲ့။

(၆) "ဖဿပစ္စယာ ဝေဒနာ"၌ ဖဿကြောင့် ဝေဒနာဖြစ်တယ်ဆိုတာ ထို ဖဿ ၆-ပါးနှင့် အတူ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ-ဟူသော အမည်ဖြင့် အစဉ်အတိုင်း ခံစားတတ်သော ဝေဒနာ ၆—ပါးဖြစ်ပါသတဲ့။ တနည်းတော့လဲ အကောင်းကြိုက်တဲ့ သုခဝေဒနာ အဆိုးကြိုက်တဲ့ ဒုက္ခဝေဒနာ၊ အလတ်ကြိုက်တဲ့ ဥပေက္ခာဝေဒနာ—ဟု ဝေဒနာ သုံးပါးဖြစ်ပါသတဲ့။

(၇) "ဝေဒနာပစ္စယာ တဏှာ"၌ ဝေဒနာကြောင့် တဏှာဖြစ်တယ် ဆိုတာ ထိုဝေဒနာ ၆—ပါးခံစားခြင်းကြောင့် အာရုံအားလျော်စွာ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖေါဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ—ဟူသော အမည် ဖြင့် တဏှာ ၆-ပါးဖြစ်ပါတတဲ့။ တနည်းတော့လဲ—ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု တဏှာသုံးပါးဖြစ်ပါတယ်။ ထိုတွင်အာရုံ ၆—ပါးကို ကာမရာ ဂဖြင့် သာယာခြင်းသည် ကာမတဏှာမည်၏။ သဿတဒိဋ္ဌိနှင့် ယှဉ်တွဲ၍ သာယာ ခြင်းသည် ဘဝတဏှာမည်၏။ ဝါ၊ ကမ္မဘဝ ဥပပတ္တိဘဝကို သာယာခြင်းသည် ဘ ဝတဏှာမည်၏။ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲ၍သာယာခြင်းသည် ဝိဘဝတဏှာမည်၏။ ဝါ၊ နိဗ္ဗာန်မဟုတ်သည်ကို နိဗ္ဗာန်ရပြီဟု သာယာခြင်းသည် ဝိဘဝတဏှာမည်၏။ နိရောဓတဏှာလည်းမည်၏။

ဤ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ—သုံးပါးကို အရင်းခံ၍ အာရုံ ၆—ပါးစီဖြင့် ပွါးလျှင် ၁၈—ပါးဖြစ်၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်—ကာလ ၃-ပါးဖြင့် ပွါးလျှင် ၅၄-ပါးဖြစ်၏။ အဇ္ဈတ္တသန္တာန်—ဗဟိဒ္ဓသန္တာန်နှစ်ပါးဖြင့် ပွါးလျှင် တဏှာအစစ် ကရာ့ရှစ်ဖြစ်၏။

တဏှာသုံးတန်၊ တည်၍ခံ၊ အာ-ကာ-သန်ဖြင့် မြှောက်။
တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏-ထိုမျှလောက်။

သုခဝေဒနာခံစားရလျှင် ဖန်ဖန်ခံစားလိုသော တဏှာထင်ရှား၏။ ဥပေက္ခာဝေဒနာခံစားရလျှင် ကျေနပ်သော တဏှာထင်ရှား၏။ ဒုက္ခဝေဒနာခံစားရလျှင် ဘယ်ခါ အာရုံကောင်းကောင်းခံစား ရပါအံ့နည်းဟု လှမ်း၍ တောင့်တသော တဏှာထင်ရှား၏။ ဤဝေဒနာကြောင့် တဏှာဖြစ်ရာ၌ အနုသယ မကင်းသော သတ္တဝါတို့အားသာ တဏှာဖြစ်တယ်။ အနုသယကင်းသော ရဟန္တာတို့အား ထို တဏှာ မဖြစ်နိုင်ပါဘူး။ အနုသယ မကင်းသော်လည်း သူတော်ကောင်း အမှီရ၍ ယောနိသော မနသိကာရရှိလျှင် ပုထုဇဉ်တို့အားသော်လည်း ဝေဒနာကြောင့် တဏှာမဖြစ်ပါဘူးတဲ့။ တဏှာမဖြစ်လျှင် ဥပါဒါန်လေးပါး မဖြစ်မူ၍ သံသရာ ဘဝစက်ပျက်ရပါသတဲ့။

(ဂ) ''တဏှာပစ္စယာဥပါဒါနံ'' ၌ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်ဆိုတာ—တဏှာ ၆—ပါး၊ တဏှာ ၃—ပါး၏ သာယာခြင်းကြောင့် အားကောင်းစွာစွဲလမ်းသော တဏှာနှင့်ဒိဋ္ဌိသည် ဥပါဒါန်လေးပါးအမည်ဖြင့် ဖြစ်လာသတဲ့။ ဥပါဒါန် လေးပါးကတော့—တဏှာအစစ် တရာ့ရှစ်၏ ခိုင်မြဲခြင်းသည် ကာမုပါဒါန်မည်၏။ အနာဂါမ်အထိဖြစ်သည်။ ရဟန္တာအားမဖြစ်။ နတ္ထိဒိန္နံ—အလှူအကျိုးမရှိ—စသော ဝတ္ထုဆယ်ပါးရှိသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်မည်၏။ နွားစသော တိရစ္ဆာန်တို့၏အလေ့အကျင့်ဖြင့် သံသရာဝဋ်ဒုက္ခမှ စင်ကြယ်သည်၊ နိဗ္ဗာန်ရသည်ဟု စွဲလမ်းသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန်မည်၏။ ရုပ်သည် အတ္တ-စသော သက္ကာယဒိဋ္ဌိ ၂၀—သည် အတ္တဝါဒုပါဒါန်မည်၏။ ဤဒိဋ္ဌုပါဒါန်—စသောသုံးပါးသည် ပုထုဇဉ်အားသာဖြစ်၏။ သောတာပန်—စသည်အားမဖြစ်။

သဠာယတနမှစ၍သော်လဲ—စက္ခာယတနကြောင့် စက္ခုသမ္ဖဿဖြစ်သည်၊ စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာဝေဒနာဖြစ်သည်။ စက္ခုသမ္ဖဿဝေဒနာကြောင့် ရူပတဏှာ ဖြစ်သည်။ ရူပတဏှာကြောင့် ဥပါဒါန်လေးပါးလုံးဖြစ်သည်။ သောတာယတန-စသည်ကြောင့်လည်း ထို့အတူဖြစ်ပုံကို နည်းယူ၍ သိရမတဲ့။

[ဝတ္ထုဆယ်ပါးရှိသော ဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ ၂၀—တို့ကား ဥပါဒါန်တရားစာ၌ အကျယ်ထင်ရှား ပါလတ္တံ့။]

(၉) ‘‘ဥပါဒါနပစ္စယာဘဝေါ’’၌ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတာ ဥပါဒါန် စွဲလမ်းခြင်းရှိသူအား အကြောင်းကံတမျိုး၊ အကျိုးဝိပါက်နာမ်,ရုပ်တမျိုး—ဒီလို ဘဝ နှစ်မျိုး ဖြစ်ပါတယ်။ အကြောင်းကံကို ကမ္မဘဝဟု၊ အကျိုးဝိပါက် နာမ်, ရုပ်ကို ဥပပတ္တိဘဝဟု ခေါ်ပါတယ်။ သင်္ခါရနှင့်—ဘဝ ထူးတာကတော့ ယခုဘဝ ပဋိသန္ဓေနေရကြောင်း အတိတ်ဘဝ—စေတနာသက်သက် ၂၉-ခုကိုသာ သင်္ခါရဟု ယူပါတယ်။ နောက်ဘဝ ပဋိသန္ဓေနေရကြောင်း ယခုပစ္စုပ္ပန်ဘဝမှာ စေတနာဟူသော သင်္ခါရ ၂၉-ခုကို ဘဝဟု ယူပါတယ်။ ထိုစေတနာ ၂၉—ခုနှင့် အတူဖြစ်သော ထို ၂၉—ခုသောစိတ်၊စေတသိက် အားလုံးကိုလည်း ဘဝဂါမိကံ အမည်ဖြင့် ဘဝဟု ယူပါသေးတယ်။ ဒီမှာ ဆေးအလွဲယူ၍ ဆေးလိမ်းမှားကုန်ပါပြီ။ ငါးမျှားချိတ် ကောက်ကောက် မျိုချကုန်ပါပြီ။ ဒီသင်္ခါရ စေတနာ ၂၉—ခုနှင့် ဘဝဂါမိကံ ၂၉—ခုသည် ကမ္မဘဝ မည်ပါတယ်။ ဥပပတ္တိဘဝဆိုတဲ့ ဘဝကြီးကိုးပါးလဲ ရှိပါသေးတယ်။ ထိုထိုဘုံ၌ ဖြစ်သော ဝိပါက်နာမ် နှင့် ကမ္မဇရုပ်ဖြစ်ပါတယ်။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟု သုံးပါး။ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ—နာသညီဘဝဟု သုံးပါး။ ဧက—ဝေါကာရဘဝ၊ စတု—ဝေါကာရဘဝ၊ ပဉ္စ—ဝေါကာရဘဝဟု သုံးပါး၊ ဤသို့ ကိုးမျိုးပြားပါတယ်။

(၁၀) ‘‘ဘဝ ပစ္စယာ ဇာတိ’’၌ ဘဝကြောင့် ဇာတိဖြစ်တယ်ဆိုတာ အကြောင်း ကမ္မဘဝကြောင့် အကျိုး ဥပပတ္တိဘဝ ဟူသော ရုပ် ဇာတိ,နာမ် ဇာတိ ဖြစ်ပါတယ်။ ဥပပတ္တိဘဝသည် အနာဂတ်အကျိုးဇာတိ၌ ဝင်ပါတယ်။ ပေါ်လွင်အောင် ဆိုရလျှင် ကံကြောင့် ပဋိသန္ဓေ ဖြစ်တယ်လို့ ဆိုလိုပါတယ်။ အမြွာမွေးသူတို့မှာ--မိဘသွေးသား၊အစာ၊ ဥတု—အကြောင်းအားလုံး တူမျှလျက် ရုပ်ပုံစသည် မတူခြင်းမှာ ကံမတူခြင်းမှတပါး အကြောင်းမရှိပါဘူးတဲ့။

[ဤကား ကံကြောင့် ဆိုတာကို ထင်ရှားစေခြင်းပါတဲ့။]

(၁၁) ‘‘ဇာတိပစ္စယာ ဇရာမရဏံ’’ ၌ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်ဆိုတာ ရုပ်ဇာတိ၊ နာမ်ဇာတိကြောင့် ရုပ်ဇရာမရဏ၊ နာမ်ဇရာမရဏ ဖြစ်ပါတယ်။ ဖြစ်သမျှရင့်၍ ပျက်ရတဲ့ ဥပါဒ်၊ ဌီ၊ ဘင်—သဘော ချည်းသာ ဖြစ်ပါတယ်။

သောကပရိဒေဝ—စသော ငါးပါးကတော့ ဇာတိကြောင့်သာမဟုတ်ပါဘူး။ ဇာတိကြောင့်လဲ ဖြစ်တယ်၊ ဇရာ မရဏကြောင့်လဲ ဖြစ်တယ်၊ တပါးသော ဒုက္ခကြောင့်လဲဖြစ်တယ်၊ ဇာတိကျိုး မုချ မဟုတ်ပါဘူး။ ဖြဟ္မာ ၂၀—၌လဲ ထိုသောက-စသည်ဟာ လုံးလုံးမဖြစ်ပါဘူး။ ဒါကြောင့် အင်္ဂါသီးခြား မရေတွက်ရပါဘူးတဲ့။

ဇရာမရဏ တွေ့ကြုံသူ၊ သောကပရိဒေဝ—စသည် တွေ့ကြုံသူတို့မှာ မိမိကိုယ်ကို စုံမက်သဖြင့် နေပျိုလို၊ အသက်ရှည်လိုသော ကာမာသဝ တဏှာဖြစ်ပါတယ်။ ထို အခါ အဝိဇ္ဇာလဲအတူတွဲ၍ ဖြစ်ပြန်ပါတယ်။ အာသဝကြောင့် အဝိဇ္ဇာ ဖြစ်တယ် လို့လဲ မြတ်စွာဘုရားဟောပါတယ်။ အဝိဇ္ဇာဖြစ်ပြန်တော့ သင်္ခါရ၊ ဝိညာဏ်တို့လဲ ဖြစ်ပြန်သဖြင့် ဘဝစက် ဖန်ဖန်ဆက်စပ် မရပ်မတည် လည်ပြန်ပါတယ်။ ထိုအ ကြောင်းကို သိမြင်သော ပညာရှိတို့ကတော့ အဝိဇ္ဇာ၊ တဏှာ မဖြစ်နိုင်ဘဲ ချုပ် သွားအောင် ဘာဝနာဉာဏ်ဖြင့် ဆုံးမကြသတဲ့၊ ဆုံးမတဲ့အတိုင်း အဝိဇ္ဇာ တဏှာ ချုပ်သွားလေတော့ ဘဝစက်ပျက်ပြီး နိဗ္ဗာနသုခကို လှလှကြီးရကြပါသတဲ့။

နည်းလေးပါးကိုလဲ နားလည်ကြရမတဲ့။ မျိုးစေ့မှ အညှောက် အပင်ဆက်၍ ဖြစ် သကဲ့သို့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်-စသည်ဖြင့် တဆက် တည်းဖြစ်ခြင်းသည် ဧကတ္တနည်းမည်၏။ ဧကတ္တနည်းသိလျှင် ‘‘သေလျှင်ပြတ်ပြီ’’ ဟူသော ဥစ္ဆေဒဒိဋ္ဌိ ကင်း၏။ အသိလွဲလျှင် ‘‘ဘယ်တော့မျှ မပြတ်ဘူး’’ ဟူသော သဿတ ဒိဋ္ဌိစွဲ၏။

အဝိဇ္ဇာကားတခြား၊ သင်္ခါရကားတခြား-ဤသို့တခြားစီ၊ တသဘောစီ-ဖြစ် ခြင်းသည် နာနတ္တနည်းမည်၏။ နာနတ္တနည်းသိလျှင် သဿတဒိဋ္ဌိ ကင်း၏။ အသိလွဲလျှင် မွေးသူတခြား၊ သေသူတခြား အပြတ်၊ အပြတ်-ဟု ဥစ္ဆေဒဒိဋ္ဌိစွဲ၏။

သင်္ခါရကို ငါဖြစ်စေမည်ဟု အဝိဇ္ဇာအား ကြောင့်ကြဗျာပါရမရှိ။ ဝိညာဏ်စ သည်ကို ငါဖြစ်စေမည်ဟု သင်္ခါရစသည်အား ကြောင့်ကြဗျာပါရမရှိ။ ဤသို့ပရ မတ္ထ သဘောတရားတို့အား ကြောင့်ကြဗျာပါရ မရှိခြင်းသည် အဗျာပါရနည်း မည်၏။ အဗျာပါရနည်းသိလျှင် ပြုပြင်စီမံသူမရှိဟု အတ္တဒိဋ္ဌိကင်း၏။ အသိလွဲ လျှင် အကြောင်းကို မယူသော အ-ကြိယဒိဋ္ဌိစွဲ၏။

ကြံမှ နို့ဓမ်း၊ သဲမှဆီမဖြစ်ဘဲ နို့ရည်မှ နို့ဓမ်း၊ နှမ်းမှ ဆီသည် ဧဝံဓမ္မတာအားဖြင့် ဖြစ်သကဲ့သို့ အဝိဇ္ဇာစသည်မှ သင်္ခါရစသည်သည် ဧဝံဓမ္မတာအားဖြင့်ဖြစ်၏။ ဤသို့ ဧဝံဓမ္မတာအားဖြင့် ဖြစ်ခြင်းသည် ဧဝံဓမ္မတာနည်းမည်၏။ ဧဝံဓမ္မတာ နည်းသိလျှင် သင့်သော အကြောင်းကြောင့် ဖြစ်သည်ဟု သိ၍ အ-ဟေတုကဒိဋ္ဌိ၊ အ-ကြိယဒိဋ္ဌိ ကင်း၏။ အသိလွဲလျှင် မသင့်သောအကြောင်းဖြင့် အ-ဟေတုကဒိဋ္ဌိစွဲ၏။ သူ့ဖါသာ သူ့ လိုလို အမြဲဖြစ်သည်ဟု နိယတိဝါဒသော်လည်းစွဲ၏။

[ ဤသို့ နည်းလေးပါးကို သိကြရမတဲ့။ ]

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တဲ့ နေရာမှာ မသိလို့ အကုသိုလ်၊ ကုသိုလ်ဖြစ်ပုံကို ပြောပြပါတော့မယ်။ မသိလို့ အကုသိုလ်ဖြစ်တာကို သုံးမျိုးခွဲ၍ ရှုကြပါ၊ အကု

သိုလ်တိုင်းကို အဝိဇ္ဇာဦးစီးကာ ပါဝင်သည်ဟု သိထားကြပါ။ ရှေးရှေးက လောဘ၊ ဒေါသ အကုသိုလ် ဖြစ်ခဲ့တာကို အခြေခံ အရှိန်ယူပြီးလျှင် ဘယ်မှာ ဘယ်လိုပြုခဲ့တယ်ဆိုတာ ငါကွဲ့-စသည်ဖြင့်လောဘ၊ ဒေါသကို အချိုထပ်ပြုတယ်ဆိုပါတော့။ ထိုအခါ ဥပနိဿယမျိုးဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပါတယ်—ဒါကတမျိုး။ ။ အချိုကတော့ မိုက်မှားခဲ့တဲ့ အကုသိုလ်ကို နှုးကာ နှုးကာ အာရုံပြု၍ တစိမ့်စိမ့် လောဘ၊ ဒေါသ ထပ်ဖြစ်တယ်ဆိုပါတော့။ ထိုအခါ အာရမ္မဏမျိုးဖြင့် သင်္ခါရဖြစ်ပါတယ်—ဒါကတမျိုး။ ။ ဘယ်သူမဆို ဘယ်နည်းဖြင့်မဆို အကုသိုလ်တခုခု ဖြစ်တယ်ဆိုပါတော့။ ထိုအခါ အဝိဇ္ဇာနှင့်သင်္ခါရ တပြိုင်နက် သဟဇာတမျိုးဖြင့် ဖြစ်ပါတယ်။ ဒါကတမျိုး။ ။ ဒီလိုဥပနိဿယမျိုး၊ အာရမ္မဏမျိုး၊ သဟဇာတမျိုးဖြင့် သုံးမျိုးခွဲ၍သိကြပါ။ အနန္တရမျိုး၊ အာသေဝနမျိုးဖြင့် ဖြစ်တာလဲရှိပါသေးတယ်။ ယခုလို—ခသိလို အကုသိုလ်ဖြစ်တယ်ဆိုတာ ဖြစ်နေတုန်းပင် ပုံ့လွှင့်လျက်၊ နောက်ကျုလျက်ရှိသောကြောင့် ကလေးသူငယ် လူမမယ်သည် မစင်ပြော့ပြော့ကိုင်ဆော့ ကစားတာနှင့် တူပါတယ်။ ကစားနေတုံး၊ ပေရေနံစော်သလိုပါဘဲတဲ့။ တနည်းတော့လဲ- စိတ်ညစ်လို့ အဆိတ်မျိုသူနှင့် တူပါတယ်။ မျိုနေတုန်းပင် ချက်ချင်း၊ ပူစပ် နံစော်ခြင်း ဒုက္ခတွေ တွေ့ရသလိုပါဘဲ။

မသိလို့ ကုသိုလ်ဖြစ်တာကိုလဲ သုံးမျိုးခွဲ၍ ရှုကြပါ။ လောကီ စည်းစိမ်ကို တောင့်တ၍ ဒါန၊ သီလ ပြုတယ်ဆိုပါတော့။ ထိုအခါ အိုဘေး၊ နာဘေး၊ သေဘေး—အတိပြီးသော လောကီစည်းစိမ်ဟု မသိသော အဝိဇ္ဇာ ဦးစီးလျက် အဝိဇ္ဇာမိုက်ကြောင့် ကုသိုလ်သင်္ခါရဖြစ်ပါတယ်။ အဲဒါသဟဇာတမျိုးလိုလိုနဲ့ ဥပနိဿယမျိုး ဖြစ်ပါတယ်။ ကုသိုလ်နှင့်အကုသိုလ်ဟာ ပြိုင်တူ သဟဇာတ မဖြစ်ကောင်းပါဘူး။ အညစ်အကြေးသင့်လို့ ညွှန်ရေချိုးလျှင် အညစ်အကြေး ထပ်သင့်သလိုမိုက်လို့ ကုသိုလ်ပြုလျှင် ထပ်မိုက်ခြင်း ဖြစ်ပါတယ်။ နတ်သွိမ်းရလို၍ ချောက်ထဲ ခုန်ချသူနှင့် တူပါတယ်။ ပျားရည် လိမ်းသော သင်ဓုန်းသွား၊ ကို လျှာပြတ်အောင် လျက်မိသူနှင့်လဲတူပါတယ်။ မီးရောင်ကို ရွှေတောင်ထင်၍ ခုန်ဆင်းသော ပိုးကောင်နှင့်လဲ တူပါတယ်။ ခရမ်းချဉ်သီးအမှည့်ကို အရည်ကောင်းသော ပတ္တမြားထင်၍ အဘိုးများစွာပေး၍ ဝယ်ယူသူနှင့်လဲ တူပါတယ်။

ထိုအပြင် တမျိုးကတော့၊ မိမိပြုခဲ့သော—လောဘ၊ ဒေါသ၊ အဝိဇ္ဇာကိုပင် အကျိုးပေးလျှင် သံသရာဒုက္ခ ကြောက်စရာ အမျိုးမျိုး ပါတကား-ဟု ထိတ်လန့်သော ပညာရှိသည် ထိုဒုက္ခ အမျိုးမျိုးမှ လွတ်ပါစေခြင်းငှါဟု တောင့်တ၍ ဒါန၊ သီလ စသည်ကို ပြုတယ်ဆိုပါတော့။ ထိုအခါ အဝိဇ္ဇာမိုက်ကို ခုန်ကျော်သော ဥပနိဿယမျိုးဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပါတယ်။ ဒီလို အကုသိုလ်ကို အကြောင်းခံ၍ ကုသိုလ်ဖြစ်တာလဲ မသိလို့ ကုသိုလ်ဖြစ်ခြင်းပါဘဲ။ ညစ်ကြေးသင့်လို့ ရေကောင်း

ချိုးလျှင် ညစ်ကြေးစင်ကြယ်သလို မိုက်လို့ ကုသိုလ်ပြုလျှင် အမိုက်စင်ကြယ်ပါတယ်။ ရှေးအခါက ဝံ၊ နို၊ မြေခွေး၊ မြွေ၊ ရသေ့-ငါးဦးတို့သည် မိမိ မိုက်မဲခဲ့ဘူးသော တဏှာ၊ ဒေါသ၊ မာန်မာနတို့ကို နှိမ်နင်းခြင်းငှါ ဥပုသ် စောင့်ကြသတဲ့။ မနှိမ်နင်းနိုင်သမျှ အစာရှာမသွားပါဘူး၊ သေလို သေပါစေ-ဟု ဆောက်တည်၍ စိတ်ကို ဆုံးမကြသတဲ့။ ဒါဟာ မိုက်လို့ အမိုက်ကို ခုန်ကျော်ပြီး ကုသိုလ်ဖြစ်တဲ့ ဝတ္ထု၊ အမြွက် ဖြစ်ပါတယ်။ ဒီနည်းမျိုးဖြင့် မိုက်လို့ ခုန်ကျော်ပြီး ကုသိုလ်ပြုခြင်းကြောင့် အင်္ဂုလိမာလ ခိုးသူကြီးပင် ရဟန္တာဖြစ်သွားပါသေးတယ်။

ထိုပြင် တမျိုးရှိပါသေးတယ်။ မိမိပြုခဲ့သော လောဘ၊ ဒေါသ၊ အဝိဇ္ဇာ တို့ကို ၍အကုသိုလ်တရားတို့သည် အမြဲမဖြစ်။ နှလုံးသွင်းမကောင်းခြင်းကြောင့် ဖြစ်ကြသည်။ အကြောင်းမကင်းသော အကျိုးတရားဖြစ်ကြသည်။ အမြဲမတည်၊ ဖြစ်ပြီးလျှင် ပျက်ကုန်၏။ အလိုလိုက်အောင်ပြု၍မရ။ အနိစ္စ, ဒုက္ခ, အနတ္တ တို့သာဖြစ်ကုန်၏။ အတ္တ၊ ဇီဝမဟုတ်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဟုတ်- ၍သို့ ထိုအကုသိုလ် အဝိဇ္ဇာမိုက်ကို နင်း၍ ဝိပဿနာရှုတယ် ဆိုပါတော့၊ ထိုအခါ ထိုသူတော်ကောင်း နည်း ရသော သူအား အဝိဇ္ဇာကို နင်းထားသော အာရမ္မဏမျိုးဖြင့် ကုသိုလ် သင်္ခါရဖြစ်ပါတယ်။ ဒါလဲ မိုက်လို့ ဝိပဿနာ ကုသိုလ်ဖြစ်တာပါဘဲ။ အိုက်လို့ရေချိုးလျှင် အအိုက်ပျောက်သလို၊ မိုက်လို့ ဝိပဿနာပွါးလျှင် အမိုက်ပျောက်ပါတယ်။ ဒီနည်းမျိုးဖြင့် လယ်သမားထယောက် ရေခိုးသောက်မိတဲ့ အကုသိုလ်ကိုနင်း၍ ဝိပဿနာပွါး ခြင်းကြောင့် ပစ္စေကဗုဒ္ဓါဖြစ်သွားတာ နိပါတ်တော်မှာ ထင်ရှား ရှိပါတယ်။

ဒီလိုမိုက်လို့ ကုသိုလ်ဖြစ်ခြင်း သုံးမျိုးဟာ အသံတူတော်လဲ အနက်မတူပါဘူး။ ဦးစီးတဲ့ အဝိဇ္ဇာက တမိုက်ပါ။ အကျော်ခံရတဲ့ အဝိဇ္ဇာက တမိုက်ပါ။ အနင်းခံရတဲ့ အဝိဇ္ဇာက တမိုက်ပါ။ ယခု သူတော်ကောင်း ပညာရှိတွေကို- ''ဘာဖြစ်လို့ ဒါန, သီလ-စသော ကုသိုလ် ပြုကြပါသလဲ'' ဟု မေးလျှင် ''မိုက်လို့ ကုသိုလ် ပြုတယ်''လို့ မြတ်စွာဘုရားအလိုကျ လွယ်ကူစွာ ဖြေဆိုလိုက်ကြပါ။ ''သူကန်းတွေဖြစ်လို့ ချွတ်ချော်ပါတယ် '' လို့သာ ဖြေဆို လိုက်ကြပါ။ '' အမိုက်ကို ဘယ်မှာထားပြီး ကုသိုလ်ပြုသလဲ '' ဟု မေးလျှင်—''ခုန်ကျော်၍ငင်း၊ နင်းထား၍ငင်း၊ ကုသိုလ်ပြုတယ်''လို့ ဖြေဆိုနိုင်အောင် အားထုတ်ကြပါ၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ အမိုက်ကို ဦးခေါင်းပေါ်မှာ ထားပြီး ကုသိုလ် ပြုလျှင်တော့ သံသရာ ထွက်လမ်း မပွင့်ပါဘူး။ သည်တော့ သာသနာတော်မြတ်နှင့် တွေ့ပါလျက် တွေ့ကျိုးမနပ်ဘူးလို့ မှတ်ရမတဲ့။

ဒါန,သီလ—စသော ကုသိုလ်တွေကို ပင်လယ်ထဲမှာ မျောနေတဲ့ ဆင်ကောင်ပုပ်ကဲ့သို့လဲ ရှုရမတဲ့။ လှေသင်္ဘောပျက်လို့ ပင်လယ်ထဲမှာ ဒုက္ခရောက်နေသူဆိုတာ ဆင်ကောင်ပုပ် မျောလာတာ မြင်လျှင် ဝမ်းမြောက်စွာ တက်စီးရမယ်။ နံစော်တယ်လို့ တမျိုး၊တည်းမှတ် မနေရဘူး။ ကမ်းပါး ရောက်အောင် ယက်သွားရမယ်။ ဒီတော့မှ ပင်လယ် ဒုက္ခလွတ်နိုင်ပါတယ်။ ထို့အတူ သံသရာထဲမှာ ဒုက္ခရောက်နေသူတို့မှာလဲ ဒါနကို သဗ္ဗါမြင့်၊ သီလကို ဘယ်ခါမမေ့၊ ဘာဝနာပျော်မွေ့ခြင်းတို့ကို ဝမ်းမြောက်စွာ အားထုတ်ကြရမည်။ ဒီကာမာဝစရ ကုသိုလ်တွေဟာ—အိုဘေး၊ နာဘေး၊ သေဘေးထဲသို့သာ နံနံစော်စော် ပစ်ချတတ်တယ်လို့ တမျိုးထည်း မှတ်မနေကြပါနှင့်။ နိဗ္ဗာန်ကမ်း အရောက် ယက်သွားလို့လဲ ရတယ်လို့မှတ်ရမတဲ့။ ကာမာဝစရ ကုသိုလ်ဆိုတာ ဖေါင်နှင့်တူပါတယ်။ ဖေါင်ကို လိုရာဆိပ်ကမ်း ရောက်အောင် အသုံးပြုရတယ်။ လိုရာ ဆိပ်ကမ်း ရောက်ပြီးနောက် ဖေါင်ကို ထမ်းသွားဘို့ မလိုပါဘူး။ နိဗ္ဗာန်ဝင်စံသောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့မှာ ဒီမဟာကုသိုလ် ဆင်ကောင်ပုပ်ဖေါင်ကို ကြာမြင့်စွာ ကျကျနနစီး၍ ဝင်စံ ကြတာ ချည်းပါဘဲတဲ့။ ဆင်ကောင်ပုပ် ကင်း၍ ဝင်စံသူ မရှိပါဘူးတဲ့။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ ဖြစ်သွားလျှင်တော့ ကုသိုလ်၊ အကုသိုလ် သင်္ခါရ မဖြစ်တော့ ပါဘူး။ ဘာ့ကြောင့်လဲ၊— အဝိဇ္ဇာ အမိုက် စင်ကြယ်သောကြောင့်တဲ့။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့အား ကုသိုလ်၊ အကုသိုလ် ဖြစ်ပါသေးတယ်။ အဝိဇ္ဇာအမိုက် မကုန်သေးလို့ပါတဲ့။ ဒီတော့ မိုက်လို့ ကုသိုလ် ပြုတယ်ဆိုတာ နာကျည်းဇရာစကားရိုင်း မဟုတ်ပါဘူးတဲ့။ အမိုက်နှင့်အဆက်ပြတ်လျှင် ကုသိုလ်ပြုဘွယ် မရှိပါဘူးတဲ့။

အထူးသတိပြုစရာ တချက်ကတော့—မိုက်လို့ ကုသိုလ်ပြုတဲ့အခါ သာသနာတော်ကို ပြောင့်ထောင်တာ မတော်လွန်းပါဘူးတဲ့။ ပြောင့်ထောင်တဲ့ ကုသိုလ်ရှင်မှာ အဝိဇ္ဇာအမိုက်ဟာ ဦးခေါင်းပေါ်က ဆင်းပါတော့မလား။ ပြောင့်ထောင်တယ် ဆိုတာ ဘယ်ဟာလဲဆိုတော့ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက—ဆိုတာ သာသနာတော်၏ ပြောင့်တံကျင်ရယ်လို့ ထင်ရှားတယ်မဟုတ်ပါလား။ ဒီတော့—နစ္စ၊ ဂီတ၊ သိက္ခာပုဒ် ဟောတဲ့ ဘုရားရှေ့မှာ နစ္စ၊ ဂီတ—သီလပေးတဲ့ သံဃာတော်တွေ ရှေ့မှာ ဆိုလျှင် တမင်အရွဲ့တိုက်သလို မနေပေဘူးလား။ သက္ကရာဇ် ၅၄၀—လောက်က ပုဂံပြည် နရပတိစည်သူမင်းကြီး လက်ထက် သီဟိုဠ်မှ ရှင်ဆပဋနှင့်အတူ ကြွလာသော မထေရ်ကြီး ငါးပါး သာသနာပြုတာကို မင်းကြီးလွန်စွာ ကြည်ညို မြတ်နိုးသဖြင့် တပည့်အပေါင်းနှင့် မထေရ်ငါးပါးတို့ကိုပင့်၍ အလှူကြီးပေးပါသတဲ့။ အလှူပွဲ သဘင်ခံရာတွင် အပြင်အလျာပြည့်စုံတဲ့ ကချေသည်မကို ရှင်ရာဟုလာ မထေရ်ကြီး

တိမ်းညွတ်၍ စိတ်မဆုံးမနိုင်ခြင်းကြောင့် လူ့ဘောင်သို့ကူးပြောင်းသွားပါသတဲ့။ ဒီလို သာသနာပြု မထေရ်ကြီးတပါး ပြောင်ထိသွားတာ သာသနာတော် ဘက်က ဘယ်လောက်နစ်နာ၍ နှမြောစရာကောင်းပါသလဲ။ ဆိုစရာတခုတော့ရှိပါတယ်။ ဒီ နစ္စ၊ ဂီတ—တွေဟာ ရှေးကတည်းက ပြုနေကြတာ ယခုမှပြောလို့ လိုက်နာနိုင်ကြပါမလား၊ဟု ဆိုသင့်ပါတယ်။ လိုက်နာတာ၊ မလိုက်နာတာကုသိုလ်ရှင်များ၏ တာဝန်ဖြစ်တယ်။ ဦးခေါင်းပေါ်မှာ အဝိဇ္ဇာကြီးကိုတော့ အမြဲ ကိုးကွယ်နိုင်ကြမယ် မဟုတ်ပါဘူး။ အကျိုးအပြစ် ဝိစစ်နိုင်အောင်ပြောတာ-ပြောသူတာဝန်ဖြစ်တယ်လို့ တာဝန် ခွဲယူရပါတယ်။ နောက်ဆုံးရောက်မှ ပြောပါ့မယ်ဆိုတာ သည်တွင်ပြီးပါပြီ။

ဤသို့လျှင် နက်နဲလှသော ဤဘဝစက်ကို—သင်ယူခြင်း၊ ကြံစည်ခြင်း၊ ပွါးများခြင်း—တို့ဖြင့် ထောက်ရာ တည်ရာ ရအောင် ကိစ္စတပါး ပယ်ရှား၍ မနေမနားအားထုတ်ရာ၏ဟု အဋ္ဌကထာ ဆရာမြတ်တို့ တိုက်တွန်းကြပါတယ်။ ထို့ကြောင့် အဝိဇ္ဇာ၊ တဏှာ—မူလ နှစ်ပါးကို ဦးမစီးစေဘဲ ခုန်ကျော်၍၊နင်းနယ်၍—နိဗ္ဗာန်ဝင်စံကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ—အရှင်မြတ်တိုင်း ကုသိုလ်ဆင်ကောင် ပုပ်ဖြင့် နိဗ္ဗာန်ကမ်းအရောက် ကပ်ရောက်ကြသည်ကို နည်းယူကာ ကပ်ရောက်နိုင်ကြ ပါစေကုန်သတည်း။

## ဆယ်ဌာန

| ဘုံဌာန | သင်္ခါရ | ပဋိသန္ဓေဝိညာဏ် | ပဝတ္တိဝိညာဏ် | ကမ္မဘဝ | ဥပပတ္တိဘဝ |
|---|---|---|---|---|---|
| ၁ အပါယ် ၄-ဘုံ၌ အဝိဇ္ဇာကြောင့် | ၂၀ | ၁ ဝါ၊ ၁၁-ကြောင့် ၁ | ၁၅ ဝါ၊ ၂၀-ကြောင့် ၁၅ | ၂၀ | ကမ္မဘဝ ၁၁-ကြောင့် ဥပပတ္တိဘဝ ၃-ပါး ဟူသောရုပ်...နာမ်... |
| ၂ လူ၊ စာတု ၂-ဘုံ၌ အဝိဇ္ဇာကြောင့် | ၂၉ | ၉ ဝါ၊ ၈-ကြောင့် ၉ | ၂၃ ဝါ၊ ၂၀-ကြောင့် ၂၃ | ၂၉ | ... ၈-ကြောင့် ဥပပတ္တိဘဝ ၃-ပါး ဟူသောရုပ်...နာမ်... |
| ၃ အထက်နတ်၅ဘုံ-၌ ... | ၂၉ | ၈ ဝါ၊ ၈-ကြောင့် ၈ | ၂၃ ဝါ၊ ၂၀-ကြောင့် ၂၃ | ၂၉ | ... ၈-ကြောင့် ... |
| ၄ ပဌမဈာန် ၃ဘုံ-၌ ... | ၂၇ | ၁ ဝါ၊ ၃-ကြောင့် ၁ | ၁၀ ဝါ၊ ၂၁-ကြောင့် ၁၁ | ၂၇ | ... ၁-ကြောင့် ... |
| ၅ ဒု...၃-ဘုံ၌ ... | ၂၇ | ၂ ဝါ၊ ၂-ကြောင့် ၂ | ၁၁ ဝါ၊ ၂၂-ကြောင့် ၁၁ | ၂၇ | ... ၂-ကြောင့် ... |
| ၆ တ...၃-ဘုံ၌ ... | ၂၇ | ၁ ဝါ၊ ၁-ကြောင့် ၁ | ၁၀ ဝါ၊ ၂၁-ကြောင့် ၁၀ | ၂၇ | .. ၁-ကြောင့် ... |
| ၇ ဝေဟပ္ဖိုလ်တဘုံ၌ ... | ၂၇ | ၁ ဝါ၊ ၁-ကြောင့် ၁ | ၁၀ ဝါ၊ ၂၁-ကြောင့် ၁၀ | ၂၇ | ... ၁-ကြောင့် .... |
| ၈ အသညသတ်တဘုံ ... | မဖြစ် | မဖြစ် | မဖြစ် | မဖြစ် | ရှေး ၁-ကြောင့် ဥပပတ္တိဘဝ ၃-ပါး ဟူသော ရုပ်သာ |
| ၉ သုဒ္ဓါဝါသ ၅-ဘုံ၌ ... | ၂၂ | ၁ ဝါ၊ ၁-ကြောင့် ၁ | ၁၀ ဝါ၊ ၂၁-ကြောင့် ၁၀ | ၂၂ | ၁-ကြောင့် ... |
| ၁၀ အရူပ ၄-ဘုံ၌ အဝိဇ္ဇာ ကြောင့် | ၂၂ | ၄ ဝါ၊ ၄-ကြောင့် ၄ တဘုံတခုစီ | ၄ ဝါ၊ ၄-ကြောင့် ၄ တဘုံတခုစီ | ၂၂ | ၁-ကြောင့် ဝါ၊ ၄-ကြောင့် ဥပပတ္တိဘဝ ၃-ဟူသော နာမ်သာ... |

# ဆယ်ဌာနချဲ့ဆိုပုံ။

၁။ အပါယ် ၄—ဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၀-ဖြစ်သည်။ ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဝိညာဏ်တစ်။ ဝါ၊ သင်္ခါရ ၁၁-ကြောင့်တစ်။ ပဝတ္တိ ဝိညာဏ် ၁၅။ ဝါ၊ သင်္ခါရ ၂၀-ကြောင့် ၁၅။ နာမ် နှင့် ရုပ်၊ သဠာယတန ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ တဏှာ ၆-ပါး၊ ဥပါဒါန် ၄—ပါး။ ကမ္မဘဝ ၂၀—ဖြစ်သည်။ ။အနာဂတ်ဘဝ၌၊ ကမ္မဘဝ ၁၁—ကြောင့် ဥပပတ္တိဘဝ ၃-ပါး ဟူသော—ရုပ်ဇာတိ၊နာမ်ဇာတိ။ ရုပ်ဇရာမရဏ၊ နာမ်ဇရာမရဏ ဖြစ်သည်။ အဝိဇ္ဇာလည်းဖြစ်သည်၊ သောက—စသည်တို့လည်းဖြစ်ကုန်၏။

၂။ လူ၊ စာတုမဟာရာဇ် ၂—ဘုံ၌၊ အတိတ်ဘဝ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၉—ဖြစ်သည်။ ။ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေဝိညာဏ် ၉။ ဝါ၊ သင်္ခါရ ၈—ကြောင့် ၉။ပဝတ္တိဝိညာဏ် ၂၃။ဝါ၊သင်္ခါရ ၂၀—ကြောင့် ၂၃။နာမ်နှင့်ရုပ် သဠာယတန ၆-ပါး၊ဖဿ ၆ပါး၊ ဝေဒနာ ၆-ပါး၊ တဏှာ ၆-ပါး၊ ဥပါဒါန် ၄—ပါး၊ ကမ္မဘဝ ၂၉—ပါးဖြစ်သည်။ ။အနာဂတ်ဘဝ၌ ကမ္မဘဝ ၈—ကြောင့် ဥပပတ္တိဘဝ ၃—ပါးဟူသော ရုပ်ဇာတိ၊နာမ်ဇာတိ။ရုပ်ဇရာမရဏ၊ နာမ်ဇရာမရဏဖြစ်သည်။ အဝိဇ္ဇာလည်းဖြစ်သည်၊ သောက—စသည်တို့လည်းဖြစ်ကုန်၏။

၃။ အထက်နတ် ၅-ဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့်၊ သင်္ခါရ ၂၉—ဖြစ်သည်။ ။ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေဝိညာဏ် ၈။ ဝါ၊ သင်္ခါရ ၈—ကြောင့် ၈။ ပဝတ္တိဝိညာဏ် ၂၉။ ဝါ၊ သင်္ခါရ ၂၀—ကြောင့် [ယခင်နှင့်တူစွာဆက်ဆိုလေ။တူ၏။]

၄။ ပဉ္စမဈာန် ၃—ဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့်၊ သင်္ခါရ ၂၇—ဖြစ်သည်။ဒေါသမူဒွေ မဖြစ်။ ။ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဝိညာဏ် ၁။ ဝါ၊သင်္ခါရ-၁-ကြောင့် ၁။ပဝတ္တိဝိညာဏ် ၁၀။ဝါ၊အတိတ်ဘဝဒေါသမူဒွေနှင့်သင်္ခါရ ၂၁-ကြောင့် ၁၀။နာမ်နှင့်ရုပ်၊သဠာယတန ၃—ပါး၊ဖဿ ၃—ပါး၊ဝေဒနာ ၃-ပါး၊ တဏှာ၃-ပါး၊ ဥပါဒါန် ၄-ပါး၊ ကမ္မဘဝ ၂၇—ပါးဖြစ်သည်။ ။အနာဂတ်ဘဝ၌ ကမ္မဘဝ ၁—ကြောင့် ဥပပတ္တိဘဝ ၃—ပါးဟူသော ရုပ်ဇာတိ၊နာမ်ဇာတိ။ ရုပ်ဇရာမရဏ၊ နာမ်ဇရာမရဏ ဖြစ်သည်။ အဝိဇ္ဇာလည်း ဖြစ်သည်၊ သောက—စသည်တို့မဖြစ်ကုန်။

၅။ ဒုတိယဈာန် ၃—ဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့်၊ သင်္ခါရ ၂၇-ဖြစ်သည်။ ။ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေဝိညာဏ် ၂။ ဝါ၊ သင်္ခါရ ၂—ကြောင့် ၂။ ပဝတ္တိဝိညာဏ် ၁၁။ဝါ၊သင်္ခါရ ၂၂—ကြောင့် ၁၁။ နာမ်နှင့်ရုပ်။

[ယခင်ပဉ္စမဈာန် ၃—ဘုံနှင့်တူပြီ။ ။အနာဂတ်ဘဝ၌ ကမ္မဘဝ ၂—ကြောင့်...၌မျှသာထူး၏။]

၆။ တတိယချာန် ၃-ဘုံ၌.......ပဉ္စမချာန် ၃-ဘုံနှင့်တူ၏။

၇။ ဝေဟပ္ဖိုလ်တဘုံ၌.......ပဉ္စမချာန် ၃-ဘုံနှင့်တူ၏။

၈။ အသညသတ်တဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့် သင်္ခါရမဖြစ်။ ။ ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေဝိညာဏ်မဖြစ်။ ပဝတ္တိဝိညာဏ်မဖြစ်။ ရုပ်ပဋိသန္ဓေတခု ဖြစ်သည်။ ဝါ၊ ကာမသုဂတိက ပြုခဲ့သော ရူပပဉ္စမချာန် ၁-ကြောင့် ပဋိသန္ဓေ တခုဖြစ်သည်။ ဝါ၊ ကံဝိညာဏ် ၁—ကြောင့် ၁။ ရုပ်သက်သက်၊ သဠာယတနမဖြစ်။ ဖဿမဖြစ်၊ ဝေဒနာမဖြစ်၊ တဏှာမဖြစ်၊ ဥပါဒါန်မဖြစ်၊ ကမ္မဘဝမဖြစ်။ ။ အနာဂတ်ဘဝ၌ ကာမသုဂတိကပြုခဲ့သော ရူပပဉ္စမချာန်—ဘဝ ဂါမိကံတခု ကြောင့် ဥပပတ္တိဘဝသုံးပါးဟူသော ရုပ်ဇာတိသာ၊ ရုပ်ဇရာမရဏသာဖြစ်သည်။ အဝိဇ္ဇာမဖြစ်၊ သောက—စသည်တို့လည်းမဖြစ်ကုန်။

[အနာဂတ်ဆိုသော်လည်း၊ အသညသတ်နေ ်င်—အသညသတ်မဖြစ်။]

၉။ သုဒ္ဓါဝါသ ငါးဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၂—ဖြစ်သည်။ ။ပစ္စုပ္ပန်ဘဝ၌......ပဉ္စမချာန် ၃—ဘုံနှင့်တူ၏။ ကာမုပါဒါန် ၁။ ကမ္မဘဝ ၂၂-ဖြစ်ခြင်းသာ ထူး၏။

၁၀။ အရူပ ၄—ဘုံ၌ အတိတ်ဘဝ အဝိဇ္ဇာကြောင့် သင်္ခါရ ၂၂-ဖြစ်သည်။ ။ ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဝိညာဏ် ၄။ ဝါ၊ သင်္ခါရ ၄—ကြောင့် ၄။ ပဝတ္တိ ဝိညာဏ် ၄။ ဝါ၊ သင်္ခါရ ၄—ကြောင့် ၄။ ''တဘုံတခုစီ''၊ နာမ်သက်သက်၊ သဠာယတန တပါး၊ ဖဿ တပါး၊ ဝေဒနာတပါး၊ တဏှာတပါး၊ ဥပါဒါန် ၄-ပါး၊ ကမ္မဘဝ ၂၂-ပါးဖြစ်သည်။ ။အနာဂတ် ဘဝ၌ ကမ္မဘဝ ၁—ကြောင့် ၄။ ဝါ၊ ၄—ကြောင့် ဥပပတ္တိဘဝ ၃—ပါးဟူသော နာမ်ဇာတိသာ၊ နာမ်ဇရာမရဏ သာဖြစ်သည်။ အဝိဇ္ဇာလည်းဖြစ်သည်။ သောက—စသည်တို့မဖြစ်ကုန်။ ။ ရှိုးရှိုး ဆယ်ပုဒ်ပြီး၏။

## ဆယ်ဌာန၌ပြောင်းလွဲပုံ။

၁။ အပါယ်လေးဘုံမှ သေလျှင် ကာမ ၁၁—ဘုံ၌သာဖြစ်သည်။......အပါယ်— တဌာန၊ လူ၊ စာတု—တဌာန၊ အထက်နတ်-တဌာန—ဟု ဌာန ၃—ခု၌ ဖြစ်နိုင်သည်။ ဖြဟ္မာ ၂၀—၌ မဖြစ်။ [၃—ဌာန။]

၂။ လူ၊ စာတု ၂—ဘုံမှသေလျှင် ၃၁—ဘုံလုံး၌ ဖြစ်နိုင်သည်။ ဌာနဆယ်ခု၌ ဖြစ်နိုင်သည်။ မဖြစ်မရှိ။ [၁၀—ဌာန။]

၃။ အထက်နတ် ၅—ဘုံမှ သေလျှင် ၃၁—ဘုံ၌ ဖြစ်သည်။ [၁၀—ဌာန။]

၄။ ပဉ္စမချာန် ၃—ဘုံမှ သေလျှင် ၂၆—ဘုံ၌ ဖြစ်သည်။ အပါယ် ၄—ဘုံ၊ အသညသတ် ၁—ဘုံအားဖြင့် ၅—ဘုံ၌ မဖြစ်။ [၈—ဌာန။]

၅။ ဒုတိယဈာန် ၃—ဘုံမှသေလျှင် ၂၆—ဘုံတူပြီ။ [၈—ဌာန။]

၆။ တတိယဈာန် ၃—ဘုံမှသေလျှင် ၂၆—ဘုံ ။ [၈—ဌာန။]

၇။ ဝေဟပ္ဖိုလ်တဘုံမှသေလျှင် ၂၆—ဘုံ ။ [၈—ဌာန။]

၈။ အသညသတ်တဘုံမှသေလျှင် ကာမသုဂတိ ၇-ဘုံ၌ ဖြစ်သည်။ ဖြဟ္မာ ၂၀ အပါယ် ၄—အားဖြင့် ၂၄—ဘုံ၌မဖြစ်။ [၂—ဌာန။]

၉။ သုဒ္ဓါဝါသ ငါးဘုံမှသေလျှင် အထက်သုဒ္ဓါဝါသ ၄—ဘုံ၊ ၃—ဘုံ၊ ၂ဘုံ၊ ၁—ဘုံ၌သာဖြစ်သည်။ ကြွင်း ၂၇—ဘုံ၊ ၂၈—ဘုံ၊ ၂၉—ဘုံ။ ဘုံ—၃၀၊ ၃၁—ဘုံ၌ မဖြစ်၊ နှစ်ကြိမ်မဖြစ်၊ သုဒ္ဓါဝါသဖြစ်ဘူးမရ။ [၁—ဌာန။]

၁၀။ အရူပလေးဘုံမှသေလျှင် ကာမသုဂတိ ၇—ဘုံ၊ အောက်အောက် အရူပဘုံကြဉ်၍၊ အထက်အထက် အရူပဘုံအားဖြင့် ၁၁—ဘုံ၊ ၁၀—ဘုံ၊ ၉—ဘုံ၊ ၈—ဘုံ၌သာဖြစ်သည်။ အပါယ် ၄—ဘုံမဖြစ်၊ ရူပ ၁၆—ဘုံမဖြစ်၊ အောက်အောက် အရူပဘုံမဖြစ်။ ဝါ၊ ၂၀-ဘုံ၊ ၂၁-ဘုံ၊ ၂၂-ဘုံ၊ ၂၃-ဘုံမဖြစ်။ [၃—ဌာန။]

မှတ်ချက်။ ။အပါယ်၌ ၄—ဘုံ၊ အသညသတ်တဘုံ-အားဖြင့် ၅—ဘုံမှ နိဗ္ဗာန်သို့မသွား။ အပါယ် ၄—ဘုံမှ ဗြဟ္မာ ၂၀-သို့မသွား။ ။ဗြဟ္မာ ၂၀-မှ အပါယ်ဘုံသို့မသွား။ ။အသညသတ်မှ အသညသတ်သို့မသွား။ ။ အကနိဋ္ဌဟူသော သုဒ္ဓါဝါသမှ နိဗ္ဗာန်သို့သာသွားရသည်။ ။အရူပ လေးဘုံမှ ရူပ ၁၆-ဘုံသို့မသွား။ အောက် အရူပဘုံသို့လည်းမသွား၊ ထပ်ဖြစ်ကောင်းသည်။ ။သုဒ္ဓါဝါသ—ငါးဘုံမှအခြား ရူပ ၁၁—ဘုံ၊ အရူပ ၄—ဘုံ၊ သို့မသွား။ တဘုံ၌ နှစ်ကြိမ်ထပ်၍မဖြစ်ကောင်း၊ အလွန်ဆုံး တဘုံ၊ တကြိမ်စီအားဖြင့် ငါးဘုံစေ့လျှင် နိဗ္ဗာန်သို့ သွားသည်။

# ဌာနပေါင်း။

ဌာနပေါင်းကား-အပါယ်လေးဘုံမှ ၃။ လူ-စာတု နှစ်ဘုံမှ ၁၀။ အထက် နတ်ငါးဘုံမှ ၁၀။ ပဌမဈာန် ၃—ဘုံမှ ၈။ ဒု........၃-ဘုံမှ ၈။ တ........၃-ဘုံမှ ၈။ ဝေဟပ္ဖိုလ်တဘုံမှ ၈။ အသညသတ်တဘုံမှ ၂။ သုဒ္ဓါဝါသငါးဘုံမှ ၁။ အရူပ လေးဘုံမှ ၃-ဤသို့အားဖြင့် ၆၁-ဖြစ်၏။

ပဋ္ဌာနသမုပ္ပါဒ် စက်ရဟတ်လည်ပုံသည် ရိုးရိုးဆယ်မျိုးဖြစ်သော်လည်း အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ကူးပြောင်းရာ၌ ၆၁-မျိုး။ ပစ္စုပ္ပန်ဘဝမှအနာဂတ်ဘဝသို့ ကူးပြောင်းရာ၌ ၆၁-မျိုး။ ထိုနှစ်ရပ်မြှောက်ပေါင်းလျှင် ၃၇၂၁-မျိုး။ တဘုံစီ-စသည်ဖြင့် မြှောက်လျှင် များပြားစွာ ဖြစ်ရာ၏။

မှတ်ချက်။ ။မဂ်ဟူသည် မဂ်စိတ်တခု၊ စေတသိက် ၃၆—အားဖြင့် မဂ်စိတ္တုပ္ပါဒ် ၃၇—ခုဖြစ်၏။ ထိုတွင် ရှစ်ပါးသော—မဂ္ဂသစ္စာ။ ကြွင်း ၂၉—ကား သစ္စာဝိမုတ်မည်၏။ ။ဖိုလ်သည်လည်း၊ ထို့အတူ ဖိုလ်စိတ်တခု၊ စေတသိက် ၃၆—ခုအားဖြင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇—ခုဖြစ်၏။ ၃၇—ခုလုံး သစ္စာဝိမုတ်။

## သစ္စာလေးပါးခွဲပုံ။

ထိုက်သလိုခွဲလိုက်သည့်ရှိသော် လောကီသစ္စာနှစ်ပါးကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ။ လောကုတ္တရာသစ္စာနှစ်ပါးကား နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ။အကျိုးသစ္စာနှစ်ပါးကား ဒုက္ခသစ္စာ၊ နိရောဓသစ္စာ။ အကြောင်းသစ္စာနှစ်ပါးကား သမုဒယသစ္စာ၊ မဂ္ဂသစ္စာ။ ။ဖြစ်ကြောင်း၊ ရောက်ကြောင်း-နှစ်မျိုးတို့တွင် သမုဒယသစ္စာသည် ဖြစ်ကြောင်း။ ဝါ၊ ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း။ မဂ္ဂသစ္စာသည် ရောက်ကြောင်း။ ဝါ၊ နိရောဓသစ္စာသို့ ရောက်ကြောင်း။ [သိကြောင်း—ဖယ်ထားသည်၊]

မဂ်ကိစ္စကား-ဒုက္ခသစ္စာကို သိရသည်။ သမုဒယသစ္စာကို ပယ်ရသည်၊ နိရောဓသစ္စာကိုမျက်မှောက်ပြုရသည်။ ဝါ၊ အာရုံပြုရသည်၊ မဂ္ဂသစ္စာကို ပွါးများရသည်။

သစ္စာမည်ခြင်းကား-မနှိပ်စက်သော ဒုက္ခမည်သည်မရှိ။ ဒုက္ခမှတပါးနှိပ်စက်ခြင်းမည်သည်မရှိ။ ဒုက္ခကို မဖြစ်စေသော တဏှာသမုဒယမရှိ၊ တဏှာသမုဒယမှတပါး ဒုက္ခကိုဖြစ်စေခြင်းမည်သည်မရှိ။ ။မငြိမ်းချမ်းသော နိဗ္ဗာန်မည်သည်မရှိ။ နိဗ္ဗာန်မှတပါး ငြိမ်းချမ်းခြင်း မည်သည်မရှိ။ ။မထုတ်ဆောင်သော မဂ္ဂင်မည်သည်မရှိ။ မဂ္ဂင်မှတပါး ထုတ်ဆောင်ခြင်းမည်သည်မရှိ။ ။ဤသို့မြဲခြင်းကြောင့်၊ မှန်ကန်ခြင်းကြောင့်၊ မဖေါက်ပြန်ခြင်းကြောင့်၊ ထင်ရှားခြင်းကြောင့် သစ္စာမည်၏။

သစ္စာလေးပါးရှုပုံကား-ဆင်းရဲသော ဒုက္ခသာရှိသည်၊ ဆင်းရဲသူပုဂ္ဂိုလ် သတ္တဝါမရှိ။ ။စုံမက်ခြင်း တဏှာသမုဒယသာရှိသည်၊ စုံမက်သူပုဂ္ဂိုလ် သတ္တဝါမရှိ။ ငြိမ်းချမ်းခြင်း နိရောဓသာရှိသည်၊ ငြိမ်းချမ်းသူပုဂ္ဂိုလ်သတ္တဝါမရှိ။ ။ကျင့်စဉ်လမ်းမ—မဂ္ဂသာရှိသည်။ ကျင့်သူပုဂ္ဂိုလ် သတ္တဝါမရှိ။

## ခန္ဓာ ငါးပါးကား။

(၁) ရုပ် ၂၈-ခုသည် ရူပက္ခန္ဓာမည်၏။
(၂) စေတသိက် ၅၂-ခုတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။
(၃) သညာသည် သညာက္ခန္ဓာမည်၏။
(၄) ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။
(၅) စိတ်တခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။

နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏။

မှတ်ချက်။ ။ပေါင်းစု၍ ရကောင်းသောကြောင့် ခန္ဓာမည်၏။ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်သုံးမျိုး။ ။အဇ္ဈတ္တိက၊ ဗဟိဒ္ဓ—နှစ်မျိုး။ ။ဩဠာရိက၊ သုခုမ -နှစ်မျိုး။ ။ဟီန၊ ပဏီတ—နှစ်မျိုး။ ။ဒူရ၊ သန္တိက—နှစ်မျိုး ...ဤသို့ ၁၁—မျိုးပြား၍ ပေါင်းစုသည်။

နိဗ္ဗာန်ကား ကာလဝိမုတ်တမျိုးသာ။ ဗဟိဒ္ဓတမျိုးသာ။ သုခုမတမျိုးသာ။ မဏိတ တမျိုးသာ။ ဒူရတမျိုးသာဖြစ်၏။ ပေါင်းစုရှုမရသောကြောင့် ခန္ဓာမမည်။

## အာယတန ၁၂–ပါးကား။

(၁) ရုပ် ၂၈–ခုတို့တွင် စက္ခုပသာဒသည်........စက္ခွာယတနမည်၏။
(၂) သောတပသာဒသည်........ သောတာယတနမည်၏။
(၃) ဃာနပသာဒ........ ဃာနာယတန........
(၄) ဇိဝှါပသာဒ........ ဇိဝှါယတန........
(၅) ကာယပသာဒ........ ကာယာယတန........
(၆) ရူပါရုံသည်........ ရူပါယတန........
(၇) သဒ္ဒါရုံ........ သဒ္ဒါယတန........
(၈) ဂန္ဓာရုံ........ ဂန္ဓာယတန........
(၉) ရသာရုံ........ ရသာယတန........
(၁၀) ပထဝီအတွေ့၊ တေဇောအတွေ့၊ ဝါယောအတွေ့–ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ သုံးခုသည်........ ဖောဋ္ဌဗ္ဗာယတနမည်၏။

[ဤတွင် ထင်ရှားသော ဩဠာရိကရုပ် ၁၂–ခုကို ယူသည်။ ၁၂–ခုရေတွက်နိုင်မည်လော။ သုခုမရုပ် သောဠသဟူသော သိမ်မွေ့သောရုပ် ၁၆–ခုကျန်သေးသည်။]

(၁၁) စိတ်တခု ယုတ်ကိုးဆယ်သည်........ မနာယတနမည်၏။
(၁၂) စေတသိက် ဒွေပညာသ၊ သုခုမရုပ်သောဠသ၊ နိဗ္ဗာန် } သည်........ ဓမ္မာယတနမည်၏။
(သုခုမရုပ်သောဠသကား........ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ် (၆) ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ။ ။ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ (၁၀) ပေါင်း–၁၆။)

## ဓာတ် ၁၈–ပါးကား။

(၁) ရုပ် ၂၈–ခုတို့တွင် စက္ခုပသာဒသည်........စက္ခုဓာတ်မည်၏။
(၂) သောတပသာဒသည် ...... သောတဓာတ်မည်၏။
(၃) ဃာနပသာဒ........ ဃာနဓာတ်........
(၄) ဇိဝှါပသာဒ........ ဇိဝှါဓာတ်........
(၅) ကာယပသာဒ........ ကာယဓာတ်........

(၆) ရူပါရုံသည်........ ရူပဓါတ်........
(၇) သဒ္ဒါရုံ........ သဒ္ဒဓါတ်........
(၈) ဂန္ဓာရုံ........ ဂန္ဓဓါတ်........
(၉) ရသာရုံ........ ရသဓါတ်........
(၁၀) ပထဝီအတွေ့၊ တေဇောအတွေ့၊ ဝါယောအတွေ့—ဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗာရုံ သုံးခုသည်........ ဖေါဋ္ဌဗ္ဗဓါတ်မည်၏။
(၁၁) စိတ်တခု ယုတ်ကိုးဆယ်တို့တွင်........
စက္ခုဝိညာဏ်ငွေသည်........ စက္ခုဝိညာဏဓါတ်........
(၁၂) သောတဝိညာဏ်ငွေ........ သောတဝိညာဏဓါတ်........
(၁၃) ဃာနဝိညာဏ်ငွေ........ ဃာနဝိညာဏဓါတ်........
(၁၄) ဇိဝှါဝိညာဏ်ငွေ........ ဇိဝှါဝိညာဏဓါတ်........
(၁၅) ကာယဝိညာဏ်ငွေ........ ကာယဝိညာဏဓါတ်........
(၁၆) ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းငွေသည်........မနောဓါတ်
(၁၇) ကြွင်းသောစိတ် ၇၆-ခုသည်........ မနောဝိညာဏဓါတ်
(၁၈) စေ တသိက် ငွေ ပညာသ၊ သုခုမရုပ်သောဠသ၊နိဗ္ဗာန် } သည်........ဓမ္မဓါတ်မည်၏။

## သစ္စာလေးပါးကား။

(၁) လောကီစိတ် ၈၁—ခု၊ လောဘကြဉ်သော စေတသိက် ၅၁—ခု၊ ရုပ် ၂၈—ခုသည် ဒုက္ခသစ္စာမည်၏။
(၂) လောဘသည်........သမုဒယသစ္စာမည်၏။
(၃) နိဗ္ဗာန်သည် ......နိရောဓသစ္စာမည်၏။
(၄) မဂ်စိတ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည်.......မဂ္ဂသစ္စာမည်၏။
မဂ္ဂင်ရှစ်ပါးကား သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉—ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇—ခုသည် သစ္စာ ဟူသော အရေအတွက်မှလွတ်၏။

## နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်။

### ဝဋ်ဒုက္ခဖြစ်ကြောင်း၊ချုပ်ကြောင်း။

အတွင်းနိဒါန်း။ ။အခါတပါး မြတ်စွာဘုရားသည် ဉာတိကရွာ အုတ်တိုက်

ပြာသာဒ်၌ ဆိတ်ငြိမ်ရာ တပါးထည်း ကိန်းအောင်းလျက် ဤသို့သော တရား၊ အကြောင်းကို ရွတ်ဆိုတော်မူ၏။

## ဝဋ်ဒုက္ခဖြစ်ကြောင်း ခြောက်နည်း။

(၁) စက္ခုံ စ ပဋိစ္စ ရူပေစ–ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု–ပါယာသာ သမ္ဘဝန္တိ။ ဧဝ–မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(၂) သောတဉ္စ ပဋိစ္စ သဒ္ဒေစ–ဥပ္ပဇ္ဇတိ သောတဝိညာဏံ။........

(၃) ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ–ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။........

(၄) ဇိဝှဉ္စ ပဋိစ္စ ရသေစ–ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။........

(၅) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ–ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။........

(၆) မနဉ္စ ပဋိစ္စ ဓမ္မေစ–ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿု–ပါယာသာ သမ္ဘဝန္တိ။ ဧဝ–မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ဝဋ်ဒုက္ခချုပ်ကြောင်း ခြောက်နည်း။

(၁) စက္ခုံ စ ပဋိစ္စ ရူပေစ–ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ။ဝေဒနာ ပစ္စယာတဏှာ၊တဿာတွေဝတဏှာယ အသေသ ဝိရာဂနိရောဓါ ဥပါဒါနနိရောဓော။ ဥပါဒါနနိရောဓါ ဘဝနိရောဓော။ ဘဝ နိရောဓါ ဇာတိ နိရောဓော။ ဇာတိနိရောဓါ ဇရာမရဏံ–သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု–ပါယာသာ နိရုဇ္ဈန္တိ။ ဧဝ–မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(၂) သောတဉ္စ ပဋိစ္စ သဒ္ဒေစ–ဥပ္ပဇ္ဇတိ သောတဝိညာဏံ။........

(၃) ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ–ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။......

(၄) ဇိဝှဉ္စ ပဋိစ္စ ရသေစ–ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။........

(၅) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ–ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ။........

(၆) မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓာ ဥပါဒါနနိရောဓော။ ဥပါဒါနနိရောဓာ ဘဝနိရောဓော။ ဘဝ နိရောဓာ ဇာတိ နိရောဓော။ ဇာတိနိရောဓာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝ-မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ဝဋ်ဒုက္ခဖြစ်ကြောင်း နိဒါနဝဂ္ဂ သံယုတ် ပါဠိတော် အနက်။

(၁) စက္ခုဉ္စ၊ စက္ခုဓါတ်ကိုရင်း။ ရူပေ စ၊ ရူပဓါတ်ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ သုံးပါးသောဓါတ်တို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဝါ၊ သင်္ဂတိ-သင်္ဂတိယာ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿ ပစ္စယာ၊ ဖဿ ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ ဝေဒနာ ဟူသောအကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာဟူသောအကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ [နောက်၌...ဤသို့အစက်ချထားရာ၌ဖေါ်ဆိုနိုင်သောဉာဏ်ရှိ,မရှိသိရတွံ့] ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ.......။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည် သမ္ဘဝတိ........။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘဝတိ......။ သောက၊ စိုးရိမ်ခြင်း။ ပရိဒေဝ၊ ငိုကြွေးခြင်း။ ဒုက္ခ၊ ကိုယ်နာခြင်း။ ဒေါမနဿ၊ စိတ်နာခြင်း။ ဥပါယာသာ၊ ပြင်းစွာပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့ အကြောင်းအဆက်ဆက်ဖြင့်။ ကေဝလဿ ချမ်းသာစသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဝဋ်ဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှားစွာ ဖြစ်၏။

(၂) သောတဉ္စ၊ သောတဓါတ်ကိုရင်း။ သဒ္ဒေ စ သဒ္ဒဓါတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ သောတဝိညာဏံ၊ သောတဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။......

(၃) ဃာနဉ္စ၊ ဃာနဓါတ်ကိုရင်း။ ဂန္ဓေ စ၊ ဂန္ဓဓါတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။.......

(၄) ဇိဝှဉ္စ၊ ဇိဝှါဓါတ်ကိုရင်း။ ရသေ စ၊ ရသဓါတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။........

(၅)ကာယဉ္စ၊ ကာယဓါတ်ကိုရင်း။ ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗဓါတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။........

(၆) မနဉ္စ၊ မနောဓါတ်ကိုရင်း။ ဓမ္မေစ၊ ဓမ္မဓါတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ မနောဝိညာဏံ၊ မနောဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ သုံးပါးသော ဓါတ်တို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဝါ၊ သင်္ဂတိ-သင်္ဂတိယာ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ........။ [ပေါ်ဆိုနိုင်ရမည်။] တဏှာ........။ သမ္ဘဝတိ........။ တဏှာပစ္စယာ........။ ဥပါဒါနံ........။ သမ္ဘဝတိ........။ ဥပါဒါနပစ္စယာ........။ ဘဝေါ........။ သမ္ဘဝတိ........။ ဘဝပစ္စယာ........။ ဇာတိ........။ သမ္ဘဝတိ........။ ဇာတိပစ္စယာ........။ ဇရာမရဏံ........။ သမ္ဘဝတိ........။ သောက........။ ပရိဒေဝ........။ ဒုက္ခ........။ ဒေါမနဿ........။ ဥပါယာသာ........။ သမ္ဘဝတိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့ အကြောင်း အဆက်ဆက်ဖြင့်။ ကေဝလဿ၊ ချမ်းသာစသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဝဋ်ဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှားစွာ ဖြစ်၏။

## ဝဋ်ဒုက္ခ ချုပ်ကြောင်း။

(၁) စက္ခုဉ္စ၊ စက္ခုဓါတ်ကိုရင်း။ ရူပေစ၊ ရူပဓါတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ သုံးပါးသော ဓါတ်တို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဝါ၊ သင်္ဂတိ-သင်္ဂတိယာ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ........။ ဝေဒနာ........။ သမ္ဘဝတိ........။ ဝေဒနာပစ္စယာ........။ တဏှာ........။ သမ္ဘဝတိ........။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသ+ဝိရာဂ+နိရောဓါ၊ အကြွင်းမဲ့+တစ်ခြင်းမရှိ+ချုပ်ခြင်းကြောင့်။ (ဝါ—မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့်) ဥပါဒါန နိရောဓော၊ ဥပါဒါန်၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓါ၊ ဥပါဒါန်၏ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝ၏ချုပ်ခြင်းသည်။ ဟောတိ........။ ဘဝနိရောဓါ၊ ဘဝ၏ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ချုပ်ခြင်းသည်။ ဟောတိ........။ ဇာတိနိရောဓါ၊ ဇာတိ၏ချုပ်ခြင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ နိရုဇ္ဈန္တိ၊ ချုပ်၏။ သောက၊ စိုးရိမ်ခြင်း။ ပရိဒေဝ၊ ငိုကြွေးခြင်း။ ဒုက္ခ၊ ကိုယ်နာခြင်း။ ဒေါမနဿ၊ စိတ်နာခြင်း။ ဥပါယာသာ၊ ပြင်းစွာပင်ပန်းခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ ဤသို့ အကြောင်း အဆက်ဆက်ဖြင့်။ ကေဝလဿ၊ ချမ်းသာ စသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဝဋ်ဆင်းရဲ၏ အစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ထင်ရှားစွာဖြစ်၏။

(၂) သောတဒွါ၊ သောတဓါတ် ကိုရင်း။ သဒ္ဒေဝ၊ သဒ္ဒဓါတ် တိုက်ရင်း။ ပဋိစ္စ၊ စွဲ၍။ မသောတဝိညာဏံ၊ သောတဝိညာဏဓါတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

(၃) ဃာနဥ္စ ......။ ဂန္ဓေစ ......။ ပဋိစ္စ ......။ ဃာနဝိညာဏံ ......။ ဥပ္ပဇ္ဇတိ ......။

(၄) ဇိဝှဥ္စ ......။ ရသေစ ......။ ပဋိစ္စ ......။ ဇိဝှါဝိညာဏံ ......။ ဥပ္ပဇ္ဇတိ ......။

(၅) ကာယဥ္စ ......။ ဖောဋ္ဌဗ္ဗေ ......။ ပဋိစ္စ ......။ ကာယဝိညာဏံ ......။ ဥပ္ပဇ္ဇတိ ......။

(၆) မနဥ္စ ......။ ဓမ္မေစ ......။ ပဋိစ္စ ......။ မနောဝိညာဏံ ......။ ဥပ္ပဇ္ဇတိ ......။ တိဏ္ဏံ။ သုံးပါးသောဓါတ်တို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဝါ၊ သင်္ဂတိ—သင်္ဂတိယာ ပေါင်းဆုံခြင်းကြောင့်။ ဖဿော ......။ သမ္ဘဝတိ ......။ ဖဿပစ္စယာ ......။ ဝေဒနာ ......။ သမ္ဘဝတိ ......။ ဝေဒနာပစ္စယာ ......။ တဏှာ ......။ သမ္ဘဝတိ ......။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသ+ဝိရာဂ+နိရောဓါ၊ အကြွင်းမဲ့+တပ်ခြင်းမရှိ+ချုပ်ခြင်းကြောင့်။ (ဝါ-မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့်။) ဥပါဒါန နိရောဓော၊ ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ ......။ ဥပါဒါန နိရောဓါ ......။ ဘဝနိရောဓော ......။ ဟောတိ ......။ ဘဝနိရောဓါ ......။ ဇာတိနိရောဓော ......။ ဟောတိ ......။ ဇာတိနိရောဓါ ......။ ဇရာမရဏံ၊ ဇရာမရဏသည်။ နိရုဇ္ဈန္တိ၊ ချုပ်၏။ သောက ......။ ပရိဒေဝ ......။ ဒုက္ခ ......။ ဒေါမနဿ။ ဥပါယာသာ၊ ပြင်းစွာပင်ပန်းခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ ဤသို့ အကြောင်း အဆက်ဆက်ဖြင့်။ ကေဝလဿ၊ ချမ်းသာစသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဝဋ်ဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ထင်ရှားစွာဖြစ်၏။

## ရဟန်းအသင်္ချေပါးကို တိုက်တွန်းခြင်း။

ဤသို့ မြတ်စွာဘုရားသည် ဆို ငြိမ်ရာ၌တပါးတည်း ကိန်းအောင်းလျက်ရှုတ်ဆိုတော်မူ၏။ ထိုအခါရဟန်းတပါးသည် ရှက်ဆိုသံကြားလောက်ရာ၌ ရပ်လျက်ရှိ၏။ ထိုရဟန်းသည် ဂန္ဓကုဋိ ကျောင်းတော်ကို တံမြက်လှည်းခြင်းငှါ လာ၍မလှည့်သေးဘဲ မြတ်စွာဘုရား၏ တရားအသံတော်ကို နားထောင်လျက်ရပ်နေ၏။ မြတ်စွာဘုရားကား အစင်းမှစ၍ ပဋိစ္စသမုပ္ပါဒ် အကြောင်းပြသော အခြင်းအရာကို နှလုံးသွင်းလျက် ဤအကျိုး—ဤအကျိုးသည် ဤအကြောင်း—ဤအကြောင်းကြောင့် ဖြစ်သည်ဟု ဆင်ခြင်လ သော် ဘဝင်ဒိုင်အောင် ၃၁—ဘုံလုံး တပြင်တည်းအာရုံရသဖြင့် နှုတ်မြွက်၍ သရဇ္ဈာယ်တော်မူပြီးလျှင် ဤတရားအကြောင်း သရဇ္ဈာယ်သည်ကို တစုံတယောက် ကြားနိုင်သူရှိလေသလောဟု ဆင်ခြင်တော်မူသောအခါ ထိုင်၍ နေသော ရဟန်းကို မြင်တော်မူ၏။ ထိုအခါ ထိုရဟန်းကို ဤသို့ မိန့်တော်မူ၏။ ဘိက္ခု၊ ချစ်သားရဟန်း။ သင်သည် ငါဘုရားသရဇ္ဈာယ်သော တရားအကြောင်းကို ကြားသလော။ ကြားပါသည်ဘုရား။ ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊ သင်သည်။ ဣမံဓမ္မပရိယာယံ၊ ဤတရားအကြောင်းကို။ ဥဂ္ဂဏှာဟိ၊

(စိတ်ဖြင့်လွှဲလျက်) မှတ်သားလော့။ ဘိက္ခု၊ ချစ်သားရဟန်း။ ပရိယာပုဏ္ဏာဟိ၊ (နှုတ်ဖြင့်လွှဲလျက်က) သင်ယူလော့။ ဘိက္ခု၊ ချစ်သားရဟန်း။ ဓါရေဟိ (လွှဲကျက်တိုင် တည်ရာဖြစ်အောင်) ဆောင်ထားလော့။ ဘိက္ခု၊ ချစ်သားရဟန်း။ အယံဓမ္မပရိယာယော၊ ဤတရားအကြောင်းသည်။ အတ္ထသဉ္ဟိတော၊ သင့်သော အကြောင်းကိုမှီ၍ဖြစ်၏။ ဝါ၊ အကျိုးနှင့်စပ်၏။ အာဒိဗြဟ္မစရိယကော၊ မဂ္ဂင်ရှစ်ပါးဟူသော ဗြဟ္မစရိယ၏အစ-တည်ရာဌာနဖြစ်၏။ ဤသို့ နှစ်သက်ဖွယ် အားပါးတရမိန့်မြွက်တော်မူ၏။ (ဤ၌ စိတ်ဝင်စားသူတဦးက ''ရပ်နေသောရဟန်းသည် မိမိပင် ဖြစ်လေသလော'' ဟု ထင်မိသည်ဟုဆိုသည်။)

ဤသုတ်၌ ဝေဒနာကြောင့် တဏှာ နေရာတွင် တဏှာ အဖြစ် မခံဘဲ သတ်၍ ဝဋ်ဒုက္ခမှ လွတ်မြောက်ပုံကို ဟောပြတော်မူလေသည်။

သင်္ဂါယနာတင် မထေရ်တို့သည် ဤသုတ်ကိုနိဒါနဝဂ္ဂသံယုတ်ပါဠိတော် ၁—နိဒါနသံယုတ်။ ၅-ဂဟပတိဝဂ်။ -ပဉ္စမသုတ်အဖြစ်ဖြင့် သင်္ဂါယနာတင်ကုန်၏။

---

## နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်လာ
## ဉာဏဝတ္ထု၊ ၄၄—ပါး
# ဉာဏ် ၄၄—ပါး ဖြစ်နည်းကား။

၁.......ရုပ်,နာမ်တို့၏ ရင့်ခြင်း ပျက်ခြင်းသည် ဇရာမရဏမည်၏။ (ဤကား ဒုက္ခသစ္စာ)။ ဇာတိဖြစ်ခြင်းကြောင့် ဇရာမရဏဖြစ်သည်။ (ဤကား သမုဒယသစ္စာ) ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်သည်၊ (ဤကား နိရောဓသစ္စာ)။ မဂ္ဂင်ရှစ်ပါးသည်ဇရာမရဏ၏ချုပ်ကြောင်း အကျင့်မည်၏၊ (ဤကားမဂ္ဂသစ္စာ)။ ဤသို့ သိခြင်းလေးပါးသည် ဓမ္မဉာဏ်မည်၏။

၂.......ရုပ်,နာမ်တို့၏ ဖြစ်ခြင်းသည် ဇာတိမည်၏။ (ဤကားဒုက္ခ.......) ဘဝဖြစ်ခြင်းကြောင့်ဇာတိဖြစ်သည်၊ (သမုဒယ.......)။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်သည်၊ (နိရောဓ.......)။ မဂ္ဂင်ရှစ်ပါးသည် ဇာတိ၏ချုပ်ကြောင်း အကျင့်မည်၏၊ (မဂ္ဂ.......)။

၃.......သင်္ခါရ ၂၉-ခုနှင့် ဘဝဂါမိကံ ၂၉-သည်အကြောင်း ကမ္မဘဝမည်၏၊ ဘဝကြီးကိုးပါးသည် အကျိုး ဥပပတ္တိဘဝ မည်၏, (ဒုက္ခ.......)။ ဥပါဒါန်ဖြစ်ခြင်းကြောင့် ဘဝဖြစ်သည်။ [သစ္စာလေးပါးဖြစ်အောင် ယခင်နည်းမှီ၍ ဆက်နိုင်စေ။]

၄.......စွဲလမ်းသော ဥပါဒါန်လေးပါးဟူသော တဏှာနှင့် ဒိဋ္ဌိသည် ဥပါဒါန်မည်၏၊ (ဒုက္ခ.......)။ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန်ဖြစ်သည်။ [ဆက်နိုင်စေ။]

၅.......အာရုံ၌နှစ်သက်သောတဏှာ ၆-ပါး၊ တဏှာ ၃-ပါးသည် တဏှာမည်၏၊ (ဒုက္ခ.......)။ ဝေဒနာဖြစ်ခြင်းကြောင့်တဏှာ.......။

၆......အာရုံ အရသာကို ခံစားခြင်းသည် ဝေဒနာမည်၏။ (.....)ဖဿဖြစ်ခြင်း ကြောင့် ဝေဒနာ.......။

၇.......အာရုံနှင့် တွေ့ထိခြင်းသည် ဖဿမည်၏။ (.......) သဠာယတန ဖြစ်ခြင်း ကြောင့် ဖဿ.......။

၈.......စက္ခု၊ သောတစသော အာယတန ခြောက်ပါးသည် သဠာယတန မည်၏။(.......)နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတန.......။

၉.......လောကီဝိပါက် ၃၂-ခု၌ ရှိသော စေတသိက် နှင့် ကမ္မဇရုပ်သည် နာမ်, ရုပ်မည်၏။ ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်.......။

၁၀.......လောကီဝိပါက် ၃၂-ခုသည် ဝိညာဏ်မည်၏။ (.....) သင်္ခါရဖြစ်ခြင်း ကြောင့် ဝိညာဏ်.......။

၁၁.......လောကီကုသိုလ်၊အကုသိုလ်—စေတနာ ၂၉-ခုသည်။(ဝါ၊ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရသုံးပါးသည်။ သင်္ခါရမည်၏။ (.......) အဝိဇ္ဇာဖြစ်ခြင်း ကြောင့် သင်္ခါရ.......။

အတိတ်ကာလ၌ သိသူတို့သည် ဤသို့သာသိကုန်ပြီ။ အနာဂတ်ကာလ၌ သိသူတို့ သည်လည်း ဤသို့သာသိကုန်လတ္တံ့။ ဤသို့ အတိတ်၊ အနာဂတ် ဆောင်၍သိခြင်း သည် အနွယဉာဏ်မည်၏။

ဤသို့ ဓမ္မဉာဏ်၊ အနွယဉာဏ် နှစ်ပါးစင်ကြယ်လျှင် ဒိဋ္ဌိသမ္ပန္နမည်၏။ ဒဿန သမ္ပန္နမည်၏။ (ဝါ၊သောတာပန် ပုဂ္ဂိုလ်မည်၏။) ဤသာသနာသို့ ဝင်ရောက်သူ။ ဤသာသနာကို သိမြင်သူမည်၏။ သေက္ခဉာဏ်၊ သေက္ခဝိဇ္ဇာနှင့် ပြည့်စုံသူမည်၏။ ဓမ္မသောတသို့ ရောက်သူမည်၏။ မြတ်သောနိဗ္ဗေဓိက ပညာရှိသူမည်၏။ အမတဒွါရ ကိုထိ၍ တည်သူမည်၏။

[ဓမ္မဉာဏ်သည် မဂ်ဉာဏ် မည်၏။ အနွယဉာဏ်သည် ဓမ္မဉာဏ်အားလျော်စွာ ဆောင်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။]

## ရှင်းပါဠိတော်လာ—ဉာဏ် ၇၇—ပါး ဖြစ်နည်းကား။

(၁) ဇာတိကြောင့် ဇရာမရဏဖြစ်သည်။ ဇာတိမရှိလျှင် ဇရာမရဏမရှိ။ (နှစ်ပါး)။.......အတိတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်၊ ဇာတိ မရှိလျှင် ဇရာမရဏမရှိ၊ (နှစ်ပါး)။ အနာဂတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်။ ဇာတိမရှိလျှင် ဇရာမရဏမရှိ၊ (နှစ်ပါး)။ အကြောင်းကိုသိ သော ဤဓမ္မဋ္ဌိတိဉာဏ် (၆) ပါးသည် ကုန်ခြင်း၊ပျက်ခြင်း၊မကပ်ငြိခြင်း၊ချုပ်ခြင်း သဘောရှိ၏၊ (၇)။ [ဤအထိကျနစွာရလျှင် နောက်၌လွယ်ပြီ။]

(၂) ဘဝကြောင့် ဇာတိဖြစ်သည်၊ ဘဝမရှိလျှင် ဇာတိမရှိ၊ (နှစ်ပါး)။ အတိတ်ကာလ၌လည်း…… [သုံးအောင် နက်နိုင်သောဉာဏ် ရှိ,မရှိ သိရလတ္တံ့။ ဤဘဝသည် ကမ္မဘဝသာ။]

(၃) ဥပါဒါန်ကြောင့် ဘဝဖြစ်သည်။ ဥပါဒါန်မရှိလျှင် ဘဝ မရှိ……

(၄) တဏှာကြောင့် ဥပါဒါန်ဖြစ်သည်။ တဏှာမရှိလျှင် ဥပါဒါန်……

(၅) ဝေဒနာကြောင့် တဏှာဖြစ်သည်။ ဝေဒနာမရှိလျှင် တဏှာ……

(၆) ဖဿကြောင့် ဝေဒနာဖြစ်သည်။ ဖဿမရှိလျှင် ဝေဒနာ……

(၇) သဠာယတနကြောင့် ဖဿဖြစ်သည်။ သဠာယတနမရှိလျှင်ဖဿ……

(၈) နာမ်,ရုပ်ကြောင့် သဠာယတန ဖြစ်သည်။ နာမ်,ရုပ် မရှိလျှင် သဠာယတန ……

(၉) ဝိညာဏ်ကြောင့် နာမ်,ရုပ်ဖြစ်သည်။ ဝိညာဏ်မရှိလျှင် နာမ်,ရုပ်……

(၁၀) သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်။ သင်္ခါရမရှိလျှင် ဝိညာဏ်……

(၁၁) အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်သည်။ အဝိဇ္ဇာမရှိလျှင်သင်္ခါရမရှိ၊ (နှစ်ပါး)။ အတိတ်ကာလ၌လည်း အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ အဝိဇ္ဇာမရှိလျှင် သင်္ခါရ မရှိ၊ (နှစ်ပါး)။ အနာဂတ်ကာလ၌လည်း အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်။ အဝိဇ္ဇာမရှိလျှင် သင်္ခါရမရှိ၊ (နှစ်ပါး)။ အကြောင်းကို သိသော ဤဓမ္မဋ္ဌိတိ ဉာဏ် ၆-ပါးသည် ကုန်ခြင်း၊ ပျက်ခြင်း၊ မကပ်ငြိခြင်း၊ ချုပ်ခြင်းသဘောရှိ၏။ (၇)။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ—နှစ်ပါး၌ နာကြားခြင်း—သုတမယဉာဏ်၊ သုံးသပ်ခြင်း—သမ္မသနဉာဏ်၊ ပိုးထွင်းခြင်း—ပဋိဝေဓဉာဏ်၊ ဆင်ခြင်ခြင်း—ပစ္စဝေက္ခဏာဉာဏ်ဟု ဉာဏ်လေးမျိုးဖြစ်၏။

နိရောဓသစ္စာ၊ မဂ္ဂသစ္စာ နှစ်ပါး၌ကား လောကုတ္တရာ ဖြစ်သောကြောင့် သုံးသပ်ခြင်း၊ သမ္မသနဉာဏ် မဖြစ်။ ကြွင်းဉာဏ်သုံးမျိုးဖြစ်၏။

ဓမ္မဋ္ဌိတိဉာဏ်ဟူသည်ကား ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား၌ သိသော ဉာဏ် ဖြစ်၏။ [ပစ္စယာကာရဉာဏ်ဟူ၍လည်းခေါ်၏။ ထိုဉာဏ်ကိုလည်း ကုန်ခြင်း၊ ပျက်ခြင်း—စသည် ရှိ၏ဟု ရှုရသည်။]

ဓမ္မ-အကျိုးတရားတို့+ဌိတိ-တည်ရာအကြောင်းတရားသည် ဓမ္မဋ္ဌိတိမည်၏။ ပဋိစ္စ-စွဲ၍+သမုပ္ပါဒ-ဖြစ်ရာအကြောင်း။ အကျိုးတရားတို့၏ စွဲ၍ဖြစ်ရာအကြောင်းတရားသည် ပဋိစ္စသမုပ္ပါဒ်မည်၏။ ပစ္စယ—ကျေးဇူးပြုသော+အာကာရ—အခြင်းအရာ ဟူသောအကြောင်းသည် ပစ္စယာကာရမည်၏။ အကြောင်း တရား အပေါင်းသည် ဤသို့ အမည်သုံးခုရသည်။

အကျိုးတရား အပေါင်းကား ပဋိစ္စသမုပ္ပန္နမည်၏။ ပဋိစ္စ–စွဲ၍+သမုပ္ပန္န–ဖြစ်သောအကျိုး။ အကြောင်းတရား တို့ကို စွဲ၍ဖြစ်သော အကျိုး တရား အပေါင်းသည် ပဋိစ္စသမုပ္ပန္နမည်၏။ ။အကြောင်း ဖြစ်နိုက်၊ အကျိုး ဖြစ်နိုက်ကိုပွဲ၍ အမည်ခွဲသည်။

## (၂) ပဋိစ္စသမုပ္ပါဒ် ဒေသနာ သရုပ်ခွဲ ဟောကြားခြင်း။

''မဝင်၊ ကြည်တို့ပင်ကျက်မှတ်၍ ဟောလေ့ ရှိကြသည်''။

(၁) ''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ''—လို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါတယ်။ သဗ္ဗဒါနံ၊ ကျောင်း,သင်္ကန်း,ဆွမ်း,ဆေး အလှူရှိသော အလှူပေးခြင်းကို။ ဓမ္မဒါန၊ တရားဟောခြင်းဟူသော ဓမ္မအလှူသည်၊ ဇိနာတိ၊ အောင်၏။ ။ ဒါ့ကြောင့် ယခုအခါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို အခြေခံသရုပ်ခွဲခြင်းကို အစထား၍ ဓမ္မဒါနဖြစ်အောင် ဟောပြပါမယ်။ ဟောတဲ့ပုဂ္ဂိုလ်ကသော့ရှင်းခြင်း ကင်းစေလျက် ဓမ္မာနုဓမ္မပဋိပတ်ဖြင့် မြတ်စွာဘုရားကိုပူဇော်လျက်သာဟောပြပါမယ်။ နာကြားသူတို့ကလည်း ဓမ္မာနုဓမ္မပဋိပတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်မည်ဟု နှလုံးပြု၍ နာကြားကြပါ။ နိမ္မိန္ဒဉာဏ် ထက်သန်စေခြင်းကို ရည်၍ ဟောပြပါမည်။ ပကတိ နားတွင် မတန့်စေဘဲ ဉာဏ်နား၊ အတွင်း သွင်းပြီးအောင် အာရုံရှုစိုက် နှလုံးသိုက်နိုင်ကြပါစေလို့ တောင်းတပါတယ်။

သင်ကြား လေ့လာရတဲ့ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဆရာတော်မှာ အင်္ဂါ ၁၂–ပါး၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ ခြင်းရာ ၂၀။ အစပ်သုံးပါး၊ အလွှာလေးပါး၊ မူလ ၂–ပါးလို့ မှတ်သားရပါတယ် ထိုအင်္ဂါ ၁၂–ပါးသည်ကို ဆရာတော်ကြီးတို့ ပုံစံ၌ ရှင်းလင်းအောင် ထောက်ပြရမတဲ့။

(၂) အင်္ဂါ ၁၂–ပါးဆိုတာ......အဝိဇ္ဇာ၊ သင်္ခါရ–ဒါက နှစ်ပါးပေါ့။ ဝိညာဏ် နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ–ဒါက ငါးပါးပေါ့။ တဏှာ၊ ဥပါဒါန်၊ ဘဝ–ဒါက သုံးပါးပေါ့။ ဇာတိ၊ ဇရာမရဏ–ဒါက သုံးပါးလိုလိုနဲ့ နှစ်ပါးထဲပါ၊ ဒီလို လေးပိုင်းပြု၍ လေးလုံးကွဲအောင် ရွတ်ဆိုရမတဲ့။ ဇရာနှင့် မရဏကတော့ တခုစီ ဖြစ်ပေမဲ့ အင်္ဂါအာ ဖြင့် တခုတည်းပေါင်း၍ဟောထားပါတယ်။ ခွဲလိုသိမထား လျှင် အင်္ဂါ ၁၃–ပါးဖြစ်သွားတတ်ပါတယ်။

(၃) ကာလသုံးပါးဆိုတာကတော့ အဝိဇ္ဇာ၊ သင်္ခါရ–ဒါက အတိတ်ဘဝက ဖြစ်ခဲ့ပြီးတဲ့ တရားနှစ်ပါးဖြစ်ပါတယ်။ ဝိညာဏ်ကစပြီး ဘဝအထိ–ဒါက ယခု ပစ္စုပ္ပန်ဘဝမှာ ဖြစ်ဆဲတရား ရှစ်ပါးဖြစ်ပါတယ်။ ဇာတိ၊ ဇရာမရဏ–ဒါက နောင်အနာဂတ်ဘဝမှာ ဖြစ်မဲ့တရား နှစ်ပါးဖြစ်ပါတယ်။

(၄) ဝဋ်သုံးပါးဆိုတာကတော့ အတိတ်ကာလက–အဝိဇ္ဇာရယ်၊ ပစ္စုပ္ပန် ကာလက တဏှာ၊ ဥပါဒါန်ရယ်။ ဒီသုံးပါးကို ကိလေသဝဋ်လို့ ခေါ်ပါတယ်။

အတိတ်ကာလက-သင်္ခါရရယ်၊ ပစ္စုပ္ပန်ကာလက ဘဝကို ဆက်ခြမ်းခွဲထားတဲ့ ကမ္မဘဝရယ်-ဒီနှစ်ပါးကို ကမ္မဝဋ်လို့ ခေါ်ပါတယ်။ ထိုမှကြွင်းသမျှ-ဝိညာဏ်၊ နာမ်, ရုပ်-စသော ငါးပါးရယ်၊ ဘဝကိုထက်ခြမ်း ခွဲထားတဲ့ ဥပပတ္တိဘဝရယ်၊ ဇာတိ ဇရာမရဏရယ်-ဒီရှစ်ပါးကို ဝိပါကဝဋ်လို့ ခေါ်ပါတယ်။ ။ကမ္မဝဋ်နှစ်ပါးကတော့ မျိုးစေ့သဘောတဲ့။ ကိလေသဝဋ် သုံးပါးကတော့ မြေတောင်မြောက်ပြီး ရေဖျန်းတဲ့သဘောတဲ့။ သည်တော့ ဝိပါကဝဋ် ရှစ်ပါးက အပင်မျိုးစုံ ထထပြီး အဆက်မပြတ်အောင် ပေါ်ပေါက်လာရတဲ့ သဘောဖြစ်ပါသတဲ့။

ဒီနေရာမှာ-ကိ,သုံး၊ကံ,နှစ်၊ဝိပါက်,ရှစ်-ဆဲ့နှစ်ဖြစ်နိုင်စေ........လို့ မှတ်ချက် သတိပေးထားပါတယ်။ ဆဲ့သုံးဖြစ်တတ်သောကြောင့်တဲ့။ ဆိုလိုရင်းကတော့-ကိသုံး ဆိုတဲ့ ကိလေသဝဋ်သုံးပါးလုံးဟာ-ကျပ်ပြည့်သုံးပါးဖြစ်ပါတယ်။ ကံနှစ်ဆိုတဲ့ ကမ္မဝဋ်နှစ်ပါးဟာ-ကျပ်ပြည့်မဟုတ်ပါဘူး၊ ကမ္မဘဝဟာ,ဘဝထဲက ထက်ခြမ်းခွဲ၍ ယူထားတာပါ။ ဒါကြောင့် တခုခွဲသာ ရှိပါတယ်၊ကျပ်ပြားနှင့်ငါးမူးပြားဟာ နှစ်ပြားတော့ဟုတ်ပါတယ်။ နှစ်ကျပ်တော့မပြည့်ပါဘူး။ ဝိပါက် ရှစ်-ဆိုတာလဲ-ကျပ်ပြည့်မဟုတ်ပါဘူး။ ဘဝထဲက ဥပပတ္တိဘဝဟု ထက်ခြမ်းခွဲ၍ ယူထားပါတယ်။ ခုနစ်ခုခွဲသာ-ခုနစ်ကျပ်ခွဲသာရှိပါတယ်။ ဒီတော့တကျပ်ခွဲနှင့် ခုနစ်ကျပ်ခွဲပေါင်းလျှင် ကိုးကျပ်ဖြစ်ပါတယ်။ ကိလေသဝဋ်သုံးပါ ထည့်တော့ ၁၂-ကျပ်လို့ အတိအကျဖြစ်ပါတယ်။ ဒါကိုအတိအကျမဖြစ်ဘဲ-မှားသွားမှာစိုးရိမ်လို့........ဘဝကို ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးခွဲထားသည်-ဟု မှတ်ချက် သတိပေးထားပါတယ်။

(၅) ခြင်းရာ ၂၀-ဆိုတာကတော့ ယခင်အတိတ်ဘဝမှာ အဝိဇ္ဇာ၊ သင်္ခါရကိုယူလျှင် အတူဖြစ်ဘက်တဏှာ၊ဥပါဒါန်၊ဘဝ-ကိုလဲ ယူရပါတယ်။သည်တော့ ဒီနေရာမှာ သူတို့နှစ်ပါးထဲသာ မဟုတ်ဘဲ ငါးပါးဖြစ်ပါတယ်။ ယခုပစ္စုပ္ပန်ဘဝမှာလဲတဏှာ ဥပါဒါန်၊ ဘဝကိုယူလျှင် အတူဖြစ်ဘက်အဝိဇ္ဇာ၊ သင်္ခါရ-ကိုလဲယူ။ ဒီနေရာမှာလဲ သူတို့သုံးပါးထဲသာ မဟုတ်ဘဲ-ငါးပါးဖြစ်ပါတယ်။ သူတို့ချင်းချင်း အပြန်အလှန် ဘာဖြစ်လို့ ယူရသလဲ။ ကိလေသာချင်းတူ၊ ကံချင်းတူသောကြောင့်တဲ့၊ တူပုံကတော့ အဝိဇ္ဇာလဲ ကိလေသာ၊ တဏှာ၊ဥပါဒါန်လဲ ကိလေသာ၊ ကိလေသဝဋ်သုံးပါ ထဲက ဖြစ်ပါတယ်။ သင်္ခါရလဲကံ၊ ကမ္မဘဝလဲကံ၊ ကမ္မဝဋ်နှစ်ပါးထဲက ဖြစ်ပါတယ်။ ရှင်းအောင်ခွဲဆိုလျှင်တော့ အဝိဇ္ဇာကိုယူလျှင် တဏှာ၊ ဥပါဒါန်-ကိုလဲယူ။ တဏှာ၊ ဥပါဒါန်-ကိုယူလျှင် အဝိဇ္ဇာကိုလဲယူ၊ကိလေသာချင်း အတူတူတဲ့။ သင်္ခါရ-ကိုယူလျှင် ကမ္မဘဝ-ကိုလဲယူ။ ကမ္မဘဝ-ကိုယူလျှင် သင်္ခါရ-ကိုလဲယူ၊ ကံချင်းအတူတူတဲ့။ ဒီလို့ဆိုရပါတယ်။

(၆) ဒီနေရာမှာ—ပုဂ္ဂိုလ်တဦးက အလွန်ကောင်းတဲ့ မေးခွန်းတခု ထုတ်ပါတယ်။ အဝိဇ္ဇာ၊ သင်္ခါရကတော့ အတိတ်နှစ်ပါး၊ တဏှာ၊ ဥပါဒါန်၊ ဘဝကတော့ ပစ္စုပ္ပန်သုံးပါး၊ ကာလချင်းမတူဘဲနဲ့ နှစ်ရစ်ပေါင်းလိုက်တော့ ထိုငါးပါးဟာ အတိတ်ချည်း ငါးပါးဖြစ်သလား။ ပစ္စုပ္ပန်ချည်း ငါးပါးဖြစ်သလားတဲ့။

[ပဋိစ္စသမုပ္ပါဒ်ဉာဏ်မဝင်စားတဲ့သူဟာ ဒီလိုမေးခွန်းမျိုး မေးဘို့ စိတ်ကူးရမှာမဟုတ်ပါဘူး။ အသိဉာဏ် နိုင်မြဲစေသော မေးခွန်းမျိုး ဖြစ်ပါတယ်။]

အဖြေကတော့—အတူဖြစ်ဘက်လို့ ယခုတင်က ဆိုခဲ့ပါပြီ။ အတိတ်ဘဝတုန်းက ငါးပါးလုံး အတူဖြစ်ခဲ့ပါတယ်။ သို့ပေမဲ့ အတိတ်ဘဝမှာ တဏှာ၊ ဥပါဒါန်၊ ဘဝကတော့ မထင်မရှား တိမ်မြုပ်နေပါတယ်။ အဝိဇ္ဇာနှင့် သင်္ခါရသာ ထင်ရှား၍ ပြဓါန်းပါတယ်။ ပစ္စုပ္ပန်ဘဝမှာလဲငါးပါးလုံးအတူဖြစ်ပါတယ်။ သို့ပေမဲ့ ပစ္စုပ္ပန်ဘဝမှာ အဝိဇ္ဇာ၊ သင်္ခါရ မထင်မရှား တိမ်မြုပ်နေပါတယ်။ တဏှာ၊ ဥပါဒါန်၊ ဘဝသာ ထင်ရှား၍ ပြဓါန်းပါတယ်။ ဒါကြောင့် တကာလထဲ ပြိုင်တူဖြစ်ပါလျက် မထင်မရှား ပုန်းရှောင်နေရမလားလို့ ခွဲထုတ်ပြီး ပြရတာပါ။ အတူတကွ ဓါးပြတိုက်သူတွေထဲက အထင်ခံနေသူတို့ကိုဖမ်းပြီး ပုန်းနေသူတွေကို လိုက်ဖမ်းနေတာပါ။ ကာလတခြားစီဖြစ်တာကို အတင်းအဓမ္မ ခွဲယူတာမဟုတ်ပါဘူးတဲ့။ ဒီတော့ အတိတ်မှာလဲငါးပါးလုံး အတိတ်ချည်းသက်သက်။ ပစ္စုပ္ပန်မှာလဲ ငါးပါးလုံး ပစ္စုပ္ပန်ချည်းသက်သက်ဖြစ်တယ်လို့ သိနိုင်ပါသတဲ့။

[ထိုနှစ်ရစ် ပေါင်းလိုက်တော့ ဆယ်ပါးဖြစ်ပါတယ်။ အကြောင်းဝဋ် ဆယ်ပါးလို့ ခေါ်ရပါတယ်။ အတိတ်အကြောင်း ငါးပါး၊ ပစ္စုပ္ပန် အကြောင်း ငါးပါးဟု ခွဲယူရပါသတဲ့။]

(၇) အကြောင်းဝဋ် ဆယ်ပါးဖြစ်သလို အကျိုးဝဋ်လဲ ဆယ်ပါးဖြစ်ပါတယ်။ ဖြစ်ပုံကတော့ အတိတ်အကြောင်း ငါးပါးကြောင့် ဝိညာဏ်စသော အကျိုးငါးပါး ယခုဘဝမှာ ဖြစ်လာပါတယ်။ ထိုငါးပါးကို ပစ္စုပ္ပန်အကျိုး ဝဋ်ငါးပါးဟု ခေါ်ပါတယ်။ ထိုအကျိုးဝဋ်ငါးပါးကိုမှီပြီး ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်ပါတယ်။ ထိုပစ္စုပ္ပန်အကြောင်းငါးပါးကြောင့်တော့ ဇာတိ၊ ဇရာမရဏနှစ်ပါးသာ ဖြစ်ပါတယ်။ ဇာတိ၊ ဇရာမရဏဆိုတာလဲ ဝိညာဏ်စသော ဒြပ်ငါးပါးပင်ဖြစ်ပါတယ်။ ထိုငါးပါးသည်ပင် အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော အကျိုးဝဋ်ငါးပါးဖြစ်ပါတယ်။ ထို့ကြောင့် ဉာဏ်—ဆုတောင်း စာလွှာထဲမှာ ဇာတိ၊ ဇရာမရဏ—ဟူသော ဂုဏ်နှစ်ပါးကိုယူလျှင် ဝိညာဏ်စသော ဒြပ်ငါးပါးကို ယူခြင်းသာဖြစ်၏ဟု လေ့လာကြရပါတယ်။

(၈) ဒီနေရာမှာလဲ ၂-ပါးနှင့် ၅-ပါးပေါင်းလျှင် ၇-ပါးမဖြစ်ဘူးလားလို့ ဉာဏ်ဝင်စားသူတိုင်းလိုပင် မေးကြပါသေးတယ်။ စာသင်ကျောင်း၌ ပေါင်းသော

နှစ်ခုပေါင်းဖြင့် ပေါင်းလျှင် ၇—ဖြစ်ပါတယ်။ အဘိဓမ္မာ၌ ပေါင်းသောနည်းတူဖြင့် ပေါင်းလျှင် ၇—ဖြစ်တဲ့ ၅—ယောက်ပေါင်း။ ၂—ယောက်ငင်းဖြစ်ပါတယ်။ [ရှင်းသွားအောင် ဉာဏ်အားနိုက်၍ သတိပြုကြပါ။] ဇာတိ၊ ဇရာမရဏဆိုတာ ဖြစ်ခြင်းဂုဏ်ထူး၊ ရင့်ခြင်း ပျက်ခြင်း ဂုဏ်ထူး နှစ်ပါးဖြစ်ပါတယ်။ ဂုဏ်ဆိုတာ တည်ရာဌာနဖြစ်သော ဂုဏီ ဖြစ်နှင့် ကင်းလျက် ဂုဏ်ချည်းသက်သက် မဖြစ်ကောင်းပါဘူး။ တည်ရာဖြစ်ကို ဉာဏ်စိုက်၍ ရှာလိုက်တော့ ဝိညာဏ်စသော ငါးပါးကိုတွေ့ရပါတယ်။ ဘယ်လို တွေ့သလဲ။ ဇာတိဆိုတာ တခြားမဟုတ်၊ ဝိညာဏ်စသော ငါးပါး၏ ဖြစ်ခြင်းမျှပင် တည်း။ ဇရာမရဏ—ဆိုတာလဲ တခြားမဟုတ်၊ ထိုငါးပါး၏ ရင့်ခြင်း ပျက်ခြင်း မျှပင်တည်း။ ထိုငါးပါးသည် ရှေးဦးစွာ ဇာတိဟူမ်းဖြင့် ဖြစ်ပေါ်လာ၍ ဇရာ၊ မရဏတွမ်းဖြင့်ရင့်၍ ပျက်သွားကြောင်းကို ကောင်းကောင်းကြီးတွေ့ရပါတယ်။

[အဲဒီလိုဂုဏ်နှင့်ဂုဏီ သကတ်နှင့်ဖြစ် ဌာနီနှင့်ဌာနဆိုတာ ခွဲ၍လဲမရကောင်း၊ ပေါင်း၍လဲ ဂဏန်းမတိုးကောင်းပါဘူးတဲ့။]။

(၉) ဥပမာ—မြို့တမြို့မှာ က, ခ, ဂ, ဃ, င—ဟု ညီအစ်ကို ငါးယောက်ဟာ အသားဖြူဖြူဝဝ၊ တုတ်တုတ်ဖြစ်သောကြောင့် ဖြူ၍ ဝသူ ညီအစ်ကို ငါးယောက် ဟု လူတိုင်းသိ ထင်ရှားနေကယ်ဆိုပါတော့။ ဒီတော့က "ဖြူ၍ ဝသူ" ဟု စကားနှစ်ပိုဒ်မျှဆိုလျှင် ထိုညီအစ်ကို ငါးယောက်ကို ဆိုတယ်လို့ သိကြရမယ်။ ထို ညီအစ်ကိုငါးယောက်ဟုဆိုလျှင် ဖြူဖြူဝဝ-ဂုဏ်နှစ်ခုကို သိကြမယ် မဟုတ်ပါလား။ ထိုဖြူ၍ ဝသူနှင့် ထိုညီအစ်ကို ငါးယောက်ကို ၇—ယောက် ဖြစ်အောင် အဘယ် သင်္ချာဆရာ ပေါင်းနိုင်ပါသလဲ။

ထိုငါးယောက်ကို အမည်ငါးခု ဖေါ်၍ဆိုလျှင်လဲ ဖြူ၍ဝသူများဟု ဂုဏ်ပုဒ် နှစ်ခုကို သိကြရမယ် မဟုတ်ပါလား။ စကားပုဒ် အားဖြင့် ၇-ပိုဒ်ဖြစ်၍ ပုဂ္ဂိုလ်အားဖြင့် ငါးယောက်သာ၊ ဂုဏ်အားဖြင့် နှစ်မျိုးထဲ—မဟုတ်ပါလား။

[ဤဥပမာအတိုင်း ဇာတိ၊ ဇရာမရဏဟူသော ဂုဏ်နှစ်ပါးစီနှင့်မကင်း သော ဝိညာဏ်စသော ဖြစ်ငါးပါးကို အဘိဓမ္မာနည်းဖြင့် ယခုပေါင်းပြလိုက်ပါတော့မယ်။]

ဝိညာဏ်စသော ဖြစ်အင်္ဂါ ငါးပါး ညီအစ်ကို ငါးယောက်ကိုတည်း။ ဇာတိ၊ ဇရာ၊ မရဏဟူသော အင်္ဂါ-ဖြူဖြူဝဝနှစ်ပါးကိုပေါင်းလိုက်သော်ဖြင့်သိလို၍ပေါင်း လျှင် ၅—နှင့် ၂—ပေါင်း ဖြစ်ငါးပါးသာဖြစ်ပါတယ်။ ဂုဏ်သိလို၍ ပေါင်းလျှင် ၅—နှင့် ၂-ပေါင်း၊ ဂုဏ် ၂—ပါးသာဖြစ်ပါတယ်။ အင်္ဂါသိလို၍ ပေါင်းလျှင်တော့ ၅-နှင့် ၂-ပေါင်း၊ အင်္ဂါ ၇-ပါးဖြစ်ပါတယ်။

[ဉာဏ်အားစိုက်ကာ သတိပြုကြခြင်းဖြင့် ဤအနာဂတ်ဘဝ-ဇာတိ၊ ဇရာမရဏ နေရာ၌ ဝိညာဏ်စသော အကျိုးငါးပါးဖြစ်ပုံ ရှင်းလင်းစွာ သိလောက်ပါပြီ။]

(၁၀) သည်တော့ကာ အတိတ်ဘဝက အကြောင်းငါးပါးဟု ကံနှင့်ကိလေသာ ဖြစ်ခဲ့ခြင်းကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ ဝိညာဏ်ကစပြီး အကျိုး ငါးပါးဟု ဝိပါက် ရယ်လို့ဖြစ်လာပါတယ်။ အဲဒါက ယခင်ဘဝနှင့်ယခုဘဝဆက်သွယ်ပုံပါဘဲ။ ထိုပစ္စုပ္ပန် အကျိုးငါးပါး ဝိပါက်ဖြစ်လာတော့လဲ ခံစားခြင်း ဝေဒနာကြောင့် တဏှာစသော အကြောင်းငါးပါးရယ်လို့ ယခုပစ္စုပ္ပန်ဘဝမှာ ကံနှင့်ကိလေသာကို-စလိုက် ပြန်ပါတယ်။ သည်တော့ နောက်အနာဂတ်ဘဝမှာ အကျိုးငါးပါးဟု ဝိပါက် ရယ်လို့ ဖြစ်ရဦး မှာဘဲ။ အဲဒါ ယခုဘဝနှင့် နောင်ဘဝ ဆက်သွယ် ပုံပါဘဲ။ ဒီနည်းဖြင့် အစမထင် တသံသရာလုံး ကျင်လည် ခဲ့ရပါပြီ။ နောက်လဲ ထိုဘဝစက်၏ မူလ—နှစ်ပါး မပျက်မချင်း ကျင်လည်ရဦးမှာပါဘဲ။ ပြဟ္မာ မိဿနိုးဖန်ဆင်းတာ မဟုတ်ပါဘူး။ သူ့အကြောင်းနှင့် သူ့အကျိုး မပြတ်ဘဲ အထပ်ထပ်ဖြစ်နေတာ ဖြစ်ပါတယ်။

[ဒါကြောင့် ဒီခန္ဓာကိုယ်တွေအတွက်သုသာန်မြေပုံတွေလဲမြင့်လှပါပြီ၊ သံသရာကို ငြီးငွေ့သင့်ပါပြီ။ ဒီအကြောင်းဝဋ်ဆယ်ပါးနှင့် အကျိုးဝဋ်ဆယ်ပါးဟာ ခြင်းရာ ၂၀-ဖြစ်ပါသတဲ့]

(၁၁) အလွှာလေးပါးကတော့ အင်္ဂါ ၁၂-ပါးကို လေးပိုင်းပြု၍ လေးလုံးကွဲ အောင် ဆိုနေကျသူတို့မှာ လွယ်ကူပါတယ်။ အဝိဇ္ဇာ၊ သင်္ခါရနှစ်ပါးတလွှာ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ-ငါးပါး တလွှာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသုံးပါးတလွှာ။ ဇာတိ၊ ဇရာမရဏ—နှစ်ပါးဟလွှာ။ တနည်း—အတိတ် အကြောင်း ငါးပါးတလွှာ။ ပစ္စုပ္ပန်အကျိုး ငါးပါးတလွှာ။ ပစ္စုပ္ပန်အကြောင်း ငါးပါးတလွှာ။ အနာဂတ်အကျိုး ငါးပါးတလွှာ။ အဲဒီလို လေးလွှာဖြစ်ပါတယ်။

(၁၂) အစပ်သုံးပါးကတော့—အဝတ်အလွှာ လေးထည်ကို စပ်၍ချုပ်လျှင် အကြား၌ ချုပ်ရိုးသုံးခု ထင်ရှားပါတယ်။ ဟောဒီသင်္ခါရနှင့် ဝိညာဏ်အကြားဟာ တစပ်။ အတိတ်အကြောင်းငါးပါးနှင့် ပစ္စုပ္ပန်အကျိုးငါးပါး စပ်ခြင်းဖြစ်ပါတယ်။ ယခင်ဘဝနှင့် ယခုဘဝဆက်မိအောင်စပ်ထားတဲ့ ပဌမချုပ်ရိုးကြီးပါတဲ့။

ဝေဒနာနှင့်တဏှာအကြားဟာတစပ်။ ပစ္စုပ္ပန် အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်းငါးပါး စပ်ခြင်းဖြစ်ပါတယ်။ ယခုဘဝနှင့်ယခုဘဝကိုဘဲ ဆက်မိအောင် စပ်ချုပ်ဆဲဖြစ်တဲ့ ဒုတိယချုပ်ရိုးကြီးပါတဲ့။

ဘာကိုရည်ရွယ်၍ ယခုဘဝချင်း ဆက်စပ်နေရသလဲလို့ မေးစရာရှိပါတယ်။ နောက်ဘဝနှင့် မဆက်မိဘဲ ပြတ်သွားမှာစိုးလို့ ရိက္ခာယူတာဟု ဖြေရမှာပါဘဲ။ သံသရာ ဒုက္ခကင်းသွားမှာစိုးလို့ ဟူ၍လည်း ဖြေနိုင်တယ်။

[တနည်းတော့လဲ—နောက်ဘဝမှာ တက်ကိုင်းထဲ မနားရမှာစိုးလို့ ဟူ၍သော ဖြေဆိုရမတဲ့။]

ဘဝနှင့်ဇာတိအကြားဟာ တစပ်။ ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် အနာဂတ်

အကျိုးငါးပါး စပ်ခြင်းဖြစ်ပါတယ်။ ယခုဘဝနှင့် နောင်ဘဝကို ဆက်မိအောင် စပ်ချုပ်ရမှာဖြစ်တဲ့ တတိယချုပ်ရိုးကြီးပါတဲ့။

(၁၃) မူလနှစ်ပါးကတော့—အဝိဇ္ဇာနှင့် တဏှာဟာ မူလနှစ်ပါးဖြစ်ပါတယ်။ လောကမှာ မြွေကို ဦးခေါင်းကိုင်လျှင် လက်ကို မြွေရစ်ပတ်တတ်တယ် မဟုတ်ပါလား။ ထို့အတူ အဝိဇ္ဇာ၊ တဏှာ မကင်းသူဟာ ဝဋ်သုံးပါး အဆက်မပြတ် ရစ်ပတ်တတ်ပါတယ်။ ပဓာနအကြောင်းမူလ နှစ်ပါးဖြစ်ပါသတဲ့။

(၁၄) အဝိဇ္ဇာကတော့—အတိတ်ဘဝကစ၍ ပစ္စုပ္ပန်ဘဝ ဝေဒနာအထိခေါင်ပါသတဲ့။ ပုဗ္ဗန္တဘဝစက်၏ မူလမည်တယ်။ အင်္ဂါ ၇-ပါးရှိတယ်။ ပဌမစက်ဝိုင်းကို ကြည့်ရမယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်—စသည်ဖြင့် အစဉ်အတိုင်းဖြစ်၍ ဝေဒနာရောက်တော့ ဝေဒနာကြောင့် အဝိဇ္ဇာဟုလှည့်ခွေရမတဲ့။ ဘာ့ကြောင့်လဲ ဆိုတော့—သုခဝေဒနာစွမ်းဖြင့် အာရုံအရသာ ကောင်းကောင်းကို ခံစားရလျှင် မလွတ်နိုင်အောင် ခဏခဏသာယာသော တဏှာဖြစ်သတဲ့။ ''သာအိ''ခဏခဏဆိုတာလိုပါဘဲတဲ့။ ဥပေက္ခာဝေဒနာစွမ်းဖြင့် အာရုံအရသာ အလတ်စားကို ခံစားရလျှင်လဲ အာရုံညံ့ညံ့ မဟုတ်သောကြောင့် ''တဏှာသာအိက''ကျေနပ်ပါသတဲ့။ ဒုက္ခဝေဒနာစွမ်းဖြင့် အာရုံအရသာဆိုးဆိုးကို ခံစားရတဲ့အခါကျတော့၊ ဒီတဏှာ သေဒတော့မှ ဘဲ့ပို အောက်မေ့မိတယ်။ အာရုံကောင်းကောင်းကို ဘယ်အခါ ရနိုင်ပါ့မလဲလို့ လှမ်းပြီး တောင့်တပါသတဲ့။ အာက ''သာအိ''ဖြစ်ပါတယ်။

ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေမျိုးပြိတ္တာတွေဟာ ဘယ်တော့များမှ အစာရေစာစားရပါမလဲလို့ ကကုသန်ဘုရားထံသွားလျှောက်ကြတယ်။ ကောဏာဂုံဘုရားပွင့်တော့လဲလျှောက်ကြသေးတယ်။ ကဿပဘုရားပွင့်တော့ လျှောက်တဲ့အခါမှ နောင်မြေကြီးတယူဇနာမြင့်လျှင် ဂေါတမဘုရားပွင့်လိမ့်မယ်။ အဲဒီအခါသင်တို့ဆွေမျိုးဗိမ္ဗိသာရမင်း အလှူကြီးလှူ၍ အမျှဝေလိမ့်မယ်။ ထိုအခါ နတ်သုဒ္ဓါဘုတ်တွေ စားရလိမ့်မယ်လို့ မိန့်တော်မူလိုက်တော့ ပြိတ္တာတွေဟာ အငိုင်ထက်အလွန် ဝမ်းသာကြသတဲ့။ ဘုရားလေးဆူအကြား ငတ်နေပေမဲ့ ဒီတဏှာမသေဘူး။ လှမ်းလှမ်းပြီး တောင့်တနေတယ်မဟုတ်ပါလား။ ဒီတဏှာတွေ ဖြစ်တိုင်းဖြစ်တိုင်း အဝိဇ္ဇာဖြစ်တာချည်းပါဘဲ။

[ဒါကြောင့် ဝေဒနာ ပစ္စယာ အဝိဇ္ဇာလို့ လှည့်ခွေရပါသတဲ့။]

(၁၅) ဤပုဗ္ဗန္တစက်ဝိုင်း၌ အင်္ဂါ ၁၂-ပါးလဲမပြည့်ဘဲနဲ့။ ၇—ပါးထဲ လယ်ရသလားလို့မေးလျှင် ၁၂—ပါးလုံးပင် လယ်တယ်လို့ဖြေရမတဲ့။ ဘာကြောင့်လဲ။ အဝိဇ္ဇာသင်္ခါရနှစ်ပါးကိုမြင် ပြိုင်တူဖြစ်လျက် မယင်မရှားပုန်းနေသောတဏှာ၊ ဥပါဒါန်၊ အဓသုံးပါးကို ရိပ်မိရတယ်။ ဝိညာဏ်စသော ဒြပ် ညီအစ်ကို ငါးယောက်

ကိုမြင်လျှင် ဇာတိ၊ ဇရာမရဏ ဟူသော ဂုဏ်နှစ်ပါးကိုလဲ ရိပ်မိရတယ်။ ဒါကြောင့် အင်္ဂါ ၇—ပါးအထင်ခံ၊ ငါးပါးက အတွင်း၌ ပုန်းလျက် ၁၂—ပါးလုံး ပင် လယ်ပါသတဲ့။ ပဌမစက်ဝိုင်းဟာ ပုဗ္ဗန္တ ဘဝစက် မည်ပါတယ်။ အဝိဇ္ဇာ ဦးစီးတဲ့ စက်ဝိုင်း၊ ယခင်ဘဝနှင့်ယခုဘဝဆက်သွယ်တဲ့စက်ဝိုင်း။ ဝေဒနာအထိ အထင်ခံ ၇-ပါးရှိတဲ့ စက်ဝိုင်းဖြစ်ပါတယ်။ ယခုဘဝ ပဋိသန္ဓေကစပြီး ယနေ့ ဤအချိန်အထိ ဒုက္ခအမျိုးမျိုးတွေ့ရတာ ဒီစက်ဝိုင်း၏ သတ္တိပါဘဲ။

[ခေတ်ပျက်အတွင်း စစ်ဘေး အကြိမ်ကြိမ် တွေ့ရဒါကိုလဲ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဟု ယောနိသောလမ်းမရှေကြပါနှင့်။ ဒီစက်ဝိုင်း၏ သတ္တိပါဘဲ။]

(၁၆) တဏှာကတော့-ယခုဘဝကစ၍ အနာဂတ်ဘဝ ဇရာမရဏအထိဆောင်သတဲ့။ အပရန္တဘဝစက်၏ မူလမည်သတဲ့။ အင်္ဂါ ၅-ပါး ရှိပါတယ်။ ဒုတိယစက်ဝိုင်းကိုကြည့်ရမယ်။ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝစသည်ဖြင့် အစဉ်အတိုင်းဖြစ်၍ ဇရာမရဏရောက်တော့ ဇရာမရဏကြောင့် တဏှာဟု လှည့်ခွေရမတဲ့။ ဘာ့ကြောင့်လဲဆိုတော့၊ ဇရာမရဏစွမ်းဖြင့် ရင့်၍ ပျက်တော့မလို ဖြစ်တဲ့အခါ မရင့်ချင်ဘဲ နုပျိုလိုသော ကာမာသဝ၊ အသက်ရှည်လိုသော ကာမာသဝတို့ ဖြစ်ကြတယ်။ ဆံပင်ဖြူဖြူကလေးများ ပေါ်ပေါက်လာလျှင် အရောင်မဲသွားအောင် ဘယ်ပုံပြုရပါ့မလဲ။ သွားကလေးများ ကျိုးသွားတဲ့နေရာ ကွက်လပ်များမှာလဲ ဘာကလေး အစားထိုးထဲ့ထားရပါ့မလဲ—စသည်ဖြင့် ကာမာသဝတွေ ဖြစ်ကြပါတယ်။ အဲဒီကာမာသဝဆိုတာ တဏှာပါဘဲတဲ့။

[ထို့ကြောင့်ဇရာမရဏ ပစ္စယာတဏှာလို့ လှည့်ခွေရပါသတဲ့။]

(၁၇) ဤ အပရန္တစက်ဝိုင်း၌ အင်္ဂါ ၁၂—ပါးလဲ မပြည့်ဘဲနဲ့ ၅—ပါ ထဲလယ်ရသလားလို့ မေးလျှင် ၁၂—ပါးလုံးပင် လယ်တယ်လို့ဖြေရမတဲ့။ ဘာ့ကြောင့်လဲ တဏှာ။ ဥပါဒါန်၊ ဘဝ-သုံးပါးကိုမြင်လျှင် ပြိုင်တူဖြစ်လျက် ပုန်းနေသော အဝိဇ္ဇာ သင်္ခါရ—နှစ်ပါးကို ရိပ်မိရပါတယ်။ ဇာတိ၊ ဇရာမရဏ—ဟူသော ဂုဏ်နှစ်ပါးကိုမြင်လျှင် ဝိညာဏ်စသော ဖြစ်ငါးပါး-ညီအစ်ကို ငါးယောက်ကိုလဲ ရိပ်မိရပါတယ်။ ဒါကြောင့် အင်္ဂါ ၅-ပါးအထင်ခံ၊ ၇—ပါးက အတွင်း၌ပုန်းလျက် ၁၂—ပါးလုံးပင် လယ်ပါသတဲ့။ အဲဒီ ဒုတိယစက်ဝိုင်းဟာ အပရန္တဘဝစက်မည်တယ်။ တဏှာဦးစီးတဲ့စက်ဝိုင်း၊ ယခုဘဝနှင့်နောက်ဘဝ ဆက်သွယ်မည့်ဟု ခြေလှမ်းပြင်နေတဲ့စက်ဝိုင်း၊ ဇရာ မရဏအထိ။ အထင်ခံ ၅-ပါးရှိတဲ့ စက်ဝိုင်းဖြစ်ပါတယ်။ နောင်ဘဝ၌ အပါယ်လေးဘုံကိုလဲ မကြောက်နိုင်၊ ပဋိသန္ဓေဒုက္ခ ဝင်အောင်းဘို့ ခြေလှမ်းပြင်နေကြတာ ဒီစက်ဝိုင်း၏ သတ္တိပါဘဲတဲ့။

[သတ္တဝါအားလုံးပင် ဤစက်ဘီးစက်ဝိုင်းနှစ်ခုစီးလျှက် သံသရာ အထပ်ထပ် မရပ်မနားည် ဗာလည်ထည်း လည်နေကြပါသတဲ့။]

(၁၈) ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဝင်စားလျှင် မေးခွန်းတွေများစွာ ထုတ်နိုင်ပါသေးတယ်။ ဘဝကိုခွဲထားတဲ့ ဥပပတ္တိဘဝဟာ ခြင်းရာ ၂၀-ထဲမှာ မပြပါတကား၊ အဘို လားလို့ မေးသင့်ပါတယ်။ အနာဂတ်အကျိုး ဇာတိထဲမှာ ပါဝင်နေသတဲ့။ ဥပ ပတ္တိဘဝနှင့် ဇာတိဟာ နှစ်ခွဲနှင့် တတင်းသဘောမျိုး အတူတူဘဲတဲ့။ ပစ္စုပ္ပန်ဘဝ မှာလဲ ဇာတိ၊ ဇရာမရဏကို မပြတာ မဖြစ်ကောင်းလို့လားဟု မေးသင့်ပါတယ်။ ဝိညာဏ်စသော ဒြပ်ငါးပါးထဲမှာ ဂုဏ်အဖြစ်ဖြင့် ပါဝင်နေသတဲ့။ ဒြပ်ကို ပြလျှင် ဂုဏ်ကိုလဲ ရိပ်မိရမယ်။ ဂုဏ်ကိုပြလျှင် ဒြပ်ကိုလဲ ရိပ်မိရသတဲ့။

[ယခင်ယခင် ဘဝ-ပစ္စုပ္ပန်ကြောင်းနှင့် နာဂတ်ကျိုးဟာ ယခုယခုဘဝမှာ အတိတ်ကြောင်းနှင့် ပစ္စုပ္ပန်အကျိုး ဖြစ်လာပါတယ်။ ယခုယခု ဘဝပစ္စုပ္ပန်ကြောင်းနှင့် နာဂတ်ကျိုးဟာလဲ နောက် နောက်ဘဝမှာ-အတိတ်ကြောင်းနှင့် ပစ္စုပ္ပန် အကျိုးဖြစ်မည်ကိုလဲ ရိပ်မိကြရမတဲ့။]

(၁၉) မူလ နှစ်ပါးထဲမှာ အဝိဇ္ဇာဟာ ဒိဋ္ဌိဝင်ရိုက်ရှိ၍ အမြင်မှားသူကို သံသရာ ရှည်အောင် ဆောင်ပါတယ်။ သံသရာ ထွက်လမ်းကို မမြင်အောင် တွေဝေစေပါ တယ်။ ဒါကြောင့် ထိုအမြင်မှားသူတို့ကို ထွက်လမ်း မြင်ပါစေခြင်းငှါ အဝိဇ္ဇာကို ဝဋ်ဆင်းရဲ၏ မူလလို့ မြတ်စွာဘုရားက ဟောပါသတဲ့။

တဏှာကတော့ တဏှာစရိုက်ရှိ၍ လောဘများသူကို သံသရာရှည်အောင် ဆောင်ပါတယ်။ သံသရာ၌ ပျော်မွေ့အောင် ဖြားယောင်း လှည့်ပတ်တတ်ပါတယ်။ ဒါကြောင့်တဏှာဖြားယောင်းခံရသူတို့ကို ထွက်လမ်းမြင်ပါစေခြင်းငှါ တဏှာကို ဝဋ်ဆင်းရဲ၏မူလလို့ မြတ်စွာဘုရားက ဟောပါသတဲ့။

[ သည့်တွင် သံသရာရှည်စေသော တရေးအစစ်ကို ဉာဏ်မျက်စိ ရှိသူတိုင်း အတိအကျ သိနိုင် လောက်ပါပြီ။ ဒါန၊ သီလမဟုတ်ပါဘူး၊ အဝိဇ္ဇာနှင့်တဏှာပါ။]

(၂၀) အဝိဇ္ဇာဦးစီးတဲ့စက်ဝိုင်းမှာ ဝိညာဏ်စသော အကျိုးငါးပါးကို ဟော တာကတော့ အဝိဇ္ဇာစသော အတိတ်ဘဝ အကြောင်းတွေဟာ ပြတ်သွားပြီ၊ ဘာ မျှမဆိုင်တော့ဘူးဟု မထင်လေနှင့်တဲ့။ ဒါတင်မကသေးဘူး၊တဏှာစသောပစ္စုပ္ပန် ဘဝ အကြောင်းတွေကို မဖြစ်စေနိုင်ဘူး။ ဘာမျှမဆိုင်ဟု မထင်လေနှင့်တဲ့။ ဒီဘ ဝဒီကိုယ်စံ၊ ဟိုဘဝဟိုကိုယ်ခံ၊ ဘာမျှမဆိုင်ဘူး။ တခြားစီ ပြတ်နေတယ်လို့ မထင် လေနှင့်တဲ့။ ပြတ်မသွားဘူး။ တသန္တာန်ထည်း ဆက်လာပါတယ်။

[ဒါကြောင့် ပြတ်သွားတယ်လို့ ယူတဲ့ဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်စေခြင်းငှါ ဤ ပုဗ္ဗန္တစက်ဝိုင်းကို ဟောပါသတဲ့။]

တဏှာဦးစီးတဲ့ စက်ဝိုင်းမှာ ဇာတိ၊ ဇရာမရဏကို ဟောတာကတော့ ဇာ တိစွမ်းဖြင့် ဖြစ်သမျှ ဝိညာဏ်စသော ဒြပ်ငါးပါးဟာ ဇရာမရဏစွမ်းဖြင့် ရင့်၍ ပျက်သွားတယ်လို့ မမြဲပုံ၊ မခိုင်ပုံကို ပြသတဲ့။

[ဒါကြောင့် မြဲတယ်, ခိုင်တယ်လို့ ယူတဲ့ သဿတဒိဋ္ဌိကို ပယ်စွန့်စေခြင်းငှါ ဤအပရန္တစက် ဝိုင်းကို ဟောပါသတဲ့။]

(၂၁) ပုဗ္ဗန္တစက်ပိုင်းမှာ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာကို တခုစီစဉ်၍ ပြတာကတော့ အမိဝမ်း၌ ကလလရေကြည် တည်သည်မှစ၍ အစဉ်အတိုင်း ဖြစ်လာတယ်လို ဂဗ္ဘသေယျက ပုဂ္ဂိုလ်စွမ်းဖြင့် ဟောပါသတဲ့။

အပရန္တစက်ပိုင်းမှာ ဇာတိ ဇရာမရဏလို ဂုဏ်နှစ်ပါးကို ပြတာကတော့ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ငြမ်ငါးပါးဟာ တပြိုင်တည်း ဖြစ်လာတယ်လို ဥပပါတ် ပုဂ္ဂိုလ်စွမ်းဖြင့် ဟောပါသတဲ့။

(၂၂) ဤပဋိစ္စသမုပ္ပါဒ် သဘောကို ဖန်ဖန်နာကြားတဲ့ သုတမယဉာဏ်၊ ကြံစည်တဲ့ စိန္တာမယဉာဏ်၊ ပွါးများအားထုတ်တဲ့ ဘာဝနာမယဉာဏ်တို့ဖြင့် လျော်စွာ သိပါမှ အဝိဇ္ဇာ၊ တဏှာဆိုတဲ့ မူလနှစ်ပါး အကြွင်းမဲ့ ပြတ်သတဲ့။ ထိုအခါကျတော့ သံသရာဝဋ်ဒုက္ခမှ လွတ်ကင်းပါသတဲ့။ ခုန်တွက်မယ်လို့များ စိတ်ကူးထဲမထဲ့ကြပါနှင့်။ အိပ်မက်ထဲမှာတောင် လဲ့၍မဲ့ လိုမရနိုင်ပါဘူးတဲ့။

လျော်စွာ သိရမှာကလဲ မလွယ်လှပါဘူး။ သမုဒြာ၌ ယုန်ငယ်ထောက်မမှီနိုင်တာနဲ့ ပမာဘူသတဲ့။ ဒေသနာဟော် နည်းကင်းလျက် အလွယ်ကလေးလို့များ မထီမဲ့မြင် မအောက်မေ့ကြပါနှင့်တဲ့။ မြိတ်ဆာချည်တွေး,သပွတ်အူ,စာသိုက်တွေးမက ရှုပ်ထွေး လှပါတယ်။ ဒီလို ရှုပ်ထွေးလျှင် ငါတိုမှာ သိနိုင်စရာ အကြောင်း မရှိပါဘူးလို့များလဲ အားမလျော့ကြပါနှင့်တဲ့။

[သုခသာမဏေ၊ ပဏ္ဍိတသာမဏေ၊ နိဂြောဓသာမဏေ၊ ဝိသာခါတို့မှာ ခုနစ်နှစ်သား ခုနစ်နှစ်သမီးကပင် ဘုရားရှင် ဉာဏ်တော်မှီးပြီး ဤပဋိစ္စသမုပ္ပါဒ်ကြီးကို လျော်စွာသိကြတာနဲ့ အပြီးတိုင်အောင် ဖျက်ဆီးနိုင်ကြပါသတဲ့။ အားထားစရာ သာသနာတော်မြတ်ကြီး ရှိပါသေးတယ်။]

(၂၃) ဓမ္မသေနာပတိ တရားစစ်သူကြီး ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ သာသနာပိုင် ဆရာတော် ဘုရားကြီး၏ ဥယျောဇဉ်ကြီးထဲမှာလဲ—

(၁) ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘိုရာ၊ လမ်းပေါက်သာလျက်။ ပြေးမထွက်၊ လမ်းတွက်မဟုက်ချေ။

(၂) မစင်လူးလျှင်၊ ကြည်လင်သန့်၊ ရေစင်ရှိလျက်၊ မဆေးရက်။ ကန့်တွက်မရှိလေ။

(၃) ကုလပုတ္တ၊ အာစာရ၊ နိဂ္ဂ ရှုကျင့်လေ။

(၄) တကဲ့သမုဒ်၊ ဝဲဇလုတ်၊ အဟုက်သင်္ဘောလေ့။

(၅) တကဲ့မုန်တိုင်း၊ တကဲ့ပို့င်း၊ ခံကျိုင်းတက်ရွက်ဖွေ။

(၆) ရေ ရေလဲ၊ ရေဝဲ၊ အံခဲကုတ်၍ပေ။

(၇) တကဲ့စခန်း၊ တကဲ့လမ်း၊ ယူဆန်း ရိက္ခာခရေ။

(၈) ကြောက်ဘွယ်စစ်မက်၊ ကြောက်ဘွယ်ချက်၊ လက်နက်ကောင်းကြဲ‌ဓ။

[ဤကဲ့သို တိုက်တွန်းချက် ရှိပါတယ်။ စိတ်အားမလျော့ကြပါနှင့်တဲ့။]

(၂၄) ဤဘဝစက်ဟာ ဘယ်လိုရှုပ်သော်လဲ အကြောင်းမကင်းတဲ့ နာမ်ရုပ်နှစ်ပါးထဲသာ ဖြစ်ပါတယ်။ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့၏ အဆက်ဆက် ဖြစ်ရတဲ့ နာမ်ရုပ်နှစ်ပါးထဲဖြစ်ပါတယ်။ သူကြောင့်ငါ့ကြောင့် ငါဖြစ်တာ သူဖြစ်တာ မဟုတ်ဘူးတဲ့။ အနိစ္စ,ဒုက္ခ,အနတ္တ-သဘောတရားတွေ ဖြစ်ပါတယ်။ အကြောင်းတရားတို့ကို ချုပ်အောင်အားထုတ်ရမယ်လို့ ဟောတော်မူပါတယ်။

ဒါကြောင့်

(၁) အကြောင်းတရားတို့ ညီညွတ်မှ ဖြစ်ပေါ်လာသော နာမ်ရုပ်ပါတကား။
(၂) ဖြစ်ပြီးလျှင် ပျက်စီးတတ်သောကြောင့် မမြဲသော နာမ်ရုပ်ပါတကား။
(၃) ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော နာမ်ရုပ်ပါတကား။
(၄) မိမိအလိုသို့ လိုက်အောင်ပြု၍ မရသောကြောင့် ငါ့ကိုယ်ဟု မမှတ်ထိုက်သော နာမ်ရုပ်ပါတကား။
(၅) အနှစ်သာရ ဘာမျှမရှိသောကြောင့် အချည်းနှီး အလကားဖြစ်သော နာမ်ရုပ်ပါတကား။
(၆) အဖန်ဖန် နှိပ်စက်တတ်သောကြောင့် ရန်သူနှင့်တူသော နာမ်ရုပ်ပါတကား။
(၇) အိုဘေး၊နာဘေး၊သေဘေး၊ ပဋိသန္ဓေဘေးတို့၏ တည်ရာဖြစ်သော နာမ်ရုပ်ပါတကား။
(၈) သုံးဆဲ့တဘုံ၌သာဖြစ်တတ်သော နာမ်ရုပ်ပါတကား။
(၉) အပါယ်လေးဘုံ၌ ပျော်ပျော်ကြီးဖြစ်တတ်သော နာမ်ရုပ်ပါတကား။

[ဤသို့ရှုသည်ဖြင့် အကြောင်းပင်ရင်းမြစ် ပြတ်သွားအောင် အဖန်ဖန် ရှုကြရမတဲ့၊ သံတုံးအပ် ဖြစ်အောင် သွေးသော လုံ့လမျိုးဖြင့် ဘုရားရှင် ဉာဏ်တော်မှီလိုက် ဤဘဝစက်ကြီးကို နိဗ္ဗာနသော်မထေ, ငါသာခါတို့လို ခွဲနိုင် ဖေါက်နိုင် ဖျက်ဆီးနိုင်ကြပါစေကုန်သတည်း။ ]

---

## ရေစက်ချ၊ (ကုသိုလ်ဝေငှဉ်တာဝန်)

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊
သဗ္ဗေ သတ္တာ အမှာကံ ပုညဘာဂံ သမံ ပတိ လဘန္တု။

ဘန္တေ၊ အရှင်ဘုရား။ မေ-အမှာကံ၊ ဘုရားတပည့်တော်တို့၏။ ဣဒံ-ပုညံ၊ ဣမာနိ-ပုညာနိ၊ ဤသို့ ယခုပြုအပ်သော ကောင်းမှုတို့သည်။ အာသဝက္ခယံ၊ အာသဝေါတရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို။

ဝဟံ-ဝဟာနိ၊ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်ကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဣမိနာပုညကမ္မေန၊ ဤကောင်းမှုကြောင့်။ ဘဝါဘဝေသု၊ ဖြစ်တတ် ပျက်တတ်သော ဘဝကြီးငယ်တို့၌။ သံသရန္တာပိ၊ အလိုမရှိဘဲ ကျင်လည်ကြရကုန်သော်လည်း။ သဒ္ဓါဒိ-သဒ္ဓမ္မ-သမ္ပန္န—ဣသရိယ-အနု—ကုလပုတ္တာ၊ သဒ္ဓါစသောသူတော်ကောင်းတို့၏—တရား ခုနစ်ပါးတို့နှင့်-ပြည့်စုံကုန်သည်ဖြစ်၍-အစိုးတရ-ကြွယ်ဝ-ချမ်းသာသော-အမျိုးကောင်းသားတို့သည်။ ဟုတွာ၊ ဘဝဆက်တိုင်းဖြစ်ရ၍။ သ-ပရ ဟိတာဝဟာ၊ မိမိ-သူတပါးအကျိုးများအောင်—ရွက်ဆောင်နိုင်ကုန်သော။ ဒါနဒိပါရမိယော၊ ဒါနစသော–ဆယ်ပါးသော—ပါရမီတို့ကို။ ပူရေတုံ၊ ပြိုပြင်ပင်ပန်း-ဆင်းရဲခြင်းနှင့်—တွေ့စေကာမူ မဆုတ်မနစ် ဖြည့်ကျင့်ခြင်းငှါ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သော—သူတို့သည်။ ဘဝါမ၊ ဘဝဆက်တိုင်းဖြစ်ရပါလိုကုန်၏။

အဋ္ဌ၊ ယနေ့ကို။ အာဒိံကတွာ၊ အစပြု၍၊ မမ၊ အကျွန်ုပ်၏။ သန္တကံ၊ ဥစ္စာကို။ ဒသိက သုတ္တ မတ္တမ္ပိ၊ မြိတ်ဆာ—ချည်မျှင်မျှကို သော်လည်း။ အနေကသတာပိ၊ များစွာလည်းဖြစ်ကုန်သော။ ရာဇာနောဝါ၊ မင်းတို့သည်ငှင်း။ စောရာဝါ၊ ခိုးသူတို့သည်ငှင်း။ အဘိဘဝိတွာ၊ နှိပ်စက်၍။ ဂဟေတုံ၊ ယူခြင်းငှါ။ သမတ္ထာနာမ၊ စွမ်းနိုင်ကြသည်မည်သည်။ မာဟောန္တု၊ မဖြစ်စေကုန်သတည်း။ အဂ္ဂိနာပိ၊ မီးသည်လည်း။ မမ၊ အကျွန်ုပ်၏။ သန္တကံ၊ ဥစ္စာကို။ မာဍယှတု၊ မလောင်ကျွမ်းနိုင်စေသတည်း။ ဥဒကေနာပိ၊ ရေသည်လည်း။ မာဝုယှတု၊ မမျောနိုင်စေသတည်း။ ယထာကမ္မံ၊ ကံအားလျော်စွာ။ အတ္တဗျာပတ္တိ၊ အကျိုးစီးပွါး—ပျက်ပြားခဲ့သည်ရှိသော်။ အ—ဗျထော၊ သောကစိုးရိမ်-ညှိုးမှိန်လွတ်ကင်း-သင့်တင့်အောင်-နှလုံးသွင်းနိုင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဘို့ကို။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ မနုဿာနဉ္စ၊ အမိ,အဘ-ဆရာသမား-ဆွေမျိုးဉာတကာ-အစရှိကုန်သော လူတို့အားငှင်း။ ဝိဘာဇေမ၊ အမျှပေးဝေပါကုန်၏။ ဉာတိ-သာလောဟိတာနံ၊ ဆွေမျိုးသားချင်းတော်စပ်ဘူးကုန်သော။ ပေတာနဉ္စ၊ တမလွန်ဘဝသို့—ပြောင်းသွားကုန်သော—သူတို့အားငှင်း။ ဝိဘာဇေမ၊ အမျှပေးဝေပါကုန်၏။ ဒေဝတာနဉ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စာတုမဟာရာဇ်,အစရှိသော နတ်တို့အားငှင်း။ ဝိဘာဇေမ၊ အမျှပေးဝေပါကုန်၏။ ဒေဝတာ၊ နတ်တို့သည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ပုည

ဘာဂံ၊ ကောင်းမှုအဘို့ကို။ အနုမောဒိတွာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ သုခါနိ၊ ချမ်းသာသုခတို့ကို။ လဘန္တု၊ ရပါစေကုန်သတည်း။ အမှေပိ၊ အကျွန်ုပ်တို့ကိုလည်း ကာရုညတာယ၊ သနားသဖြင့်။ အ-ဘယတ္ထာယ၊ ဘေးရန်မရှိစေခြင်းငှါ။ သုခတ္ထာယ၊ ချမ်းသာစေခြင်းငှါ။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ နိစ္စံ၊ အမြဲ။ အနုရက္ခန္တု၊ စောင့်ရှောက်စေကုန်သတည်း။

အညေသံ၊ ဆိုအပ် ပြီးသည်မှ—တပါးကုန်သော။ သတ္တာနဉ္စ၊ သတ္တဝါတို့အားရင်း။ ဝိဘာဇေမ၊ အမျှပေးဝေပါကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏိနော။ သတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အညီအမျှ။ ပုညဘာဂံ၊ ကောင်းမှုအဘို့ကို။ ပတိလဘန္တု၊ ရပါစေကုန်သတည်း။ အနေကဝါရံ၊ အကြိမ်များစွာ။ အနုမောဒန္တု၊ သာဓု—သာဓု—ခေါ်၍ ဝမ်းမြောက်ကြသည်—ဖြစ်ပါစေကုန်သတည်း။

အမျှ—အမျှ—အမျှ ယူတော်မူကြပါ။ ။သာဓု—သာဓု—သာဓု။
အမျှ—အမျှ—အမျှ ယူတော်မူကြပါ။ ။သာဓု—သာဓု—သာဓု။
အမျှ—အမျှ—အမျှ ယူတော်မူကြပါ။ ။သာဓု—သာဓု—သာဓု။

[မြရာသံပတ်—ဟူသည်နှင့်အညီ—မြဲမြဲအောင် သုံးကြိမ်အမျှဝေသည်၊ ဆရာတော်ကြီးတပါး၏နည်း။]

---

## ပဋ္ဌာနသမုပ္ပါဒ် အရသာ။

### ဟောစဉ် တရားစာ။

ဗုဒ္ဓေါ ဓမ္မောစသံဃောစ၊ အဟော ဝိမှိယတေ မမ။
ဝိမှိတဗ္ဗာ—နုဘာဝေန၊ ဇီယန္တု ဝေရ—လာမကာ။ ။

ဗုဒ္ဓေါစ၊ ပဋ္ဌာနသမုပ္ပါဒ် စက်ရဟတ်ဟု မပြတ်လည်ဆက် ဘဝစက်ကို ခွဲဖျက်စိမ့်ငှါ ချော်စွာဟောကြား သဗ္ဗညုမြတ်စွာဘုရားသည်ရင်း။ ဓမ္မောစ၊ ပဋ္ဌာနသမုပ္ပါဒ် နိဒါနသံယုတ် (၈၁) သုတ်ဖြင့် ဝိဘင်းဒေသနာ ဓမ္မက္ခန္ဓာသည်ရင်း။ သံဃောစ၊ ပဋ္ဌာနသမုပ္ပါဒ် စက်ရဟတ်ဟု မပြတ်လည်ဆက် ဘဝစက်ကို ခွဲဖျက်ထောင်းထောင်း ရှုစ်ပါးသော အရိယာ သံဃာအပေါင်းသည်ရင်း။ တော၊ ဤရတနာမြတ် သုံးပါးနတ်သည်။ မမ၊ ပဋ္ဌာနသမုပ္ပါဒ် စက်ရဟတ်အတွင်း မကင်းနာမ်,ရုပ် ခန္ဓာအာယတန ဓါတ်အစုသာဖြစ်သော အကျွန်ုပ်၏။ ဝိမှိယတေ၊ ယုံကြည်ဆည်းကပ် ရှိခိုးအပ်သော အမြတ်ရတနာသည်။ အဟော၊ အဟုတ်တကယ် အားကိုးဘွယ်စင်စစ် ဖြစ်ခြင်းကြီး ဖြစ်တော်မူပါပေ၏။ ဝိမှိတဗ္ဗာနုဘာဝေန၊ ယုံကြည်ဆည်းကပ် ရှိခိုးအပ်သော ရတနာမြတ်သုံးပါးနတ်၏ မကြိုအပ်တေဇော်တန်ခိုးအာနုဘော်တော်အားဖြင့်။ သန္တာနံ၊ မင်္ဂလမ်းစ,ဖိုလ်လမ်းမြဲ ဒေသနာ ပဋ္ဌာနသမုပ္ပါဒ်အရသာကို မြိန်ရှက်စွာ ခံစားကြောင်း ကလျာဏ-ခံတွင်းကောင်း

သူ့တို့အား။ ဝါ၊ညာဏ်ခံတွင်းကောင်းသော ကလျာဏပုထုဇဉ်တို့၏။ သန္တာနေ၊ သန္တာန်၌။ ဝေရ လာမကာ၊ မျက်မှောက်တမလွန် ဘေးရန်သမုတ် သံသရာရှည် ကြာကြောင်း အာသဝေါယုတ်တို့သည်။ ဝါ၊ သဏ္ဍာယမိုစမ်း ရူး, ပင်း, ကန်း ဆက်သွယ် ဒိဋ္ဌိနှစ်ဆယ်တို့သည်။ ဇီယန္တိ၊ မြက်ဖျားနှင်းပေါက် နေရှိန်ကြောက်သို့ လွင့်ပျောက်ပျက်ကန်း ယခုမျက်မှောက်၌ပင် ကုန်၍ခန်းကြပါ စေကုန်သတည်း။

[စစ်ကာလအတွင်း၌ ဤဂါထာကို ဘေးမျိုးစုံ ကင်းစေသည်ဟု ယုကြည်ခြင်းဖြင့် သုဓမ္မဝတီ-ဦးပန်းခေါင် အမှူးရှိသူတို့ မပြတ်ရွတ်ကြသည်ဟု ကြားသိရ၏၊ ဥာဏ်ကြီးသူ ဂုဏ်တော်ဖြင့်မရောင့်ရဲ။]

(၁) အရကောက်။ (၂) သရုပ်နှံ့တရားစာတို့ ပြခဲ့ပြီးပြီ။

# (၃) သုတ်မဟာဝါ ပါဠိတော်

## ပါယာသိရာဇညသုတ်တရားစာ။

အခါတပါး အရှင် ကုမာရကဿပ မထေရ်သည်ကောသလဇနပုဒ်တို့၌ ဒေသစာရီ လှည့်လည်စဉ် သေတဗျမြို့သို့ရောက်သွားသတဲ့။ ထိုမြို့၌အုပ်စိုးသော မင်းသည် ပါယာသိ—မည်တယ်။ဦးထိပ်၌ ဘိသိက်မသွန်းသောကြောင့် ရာဇည—မည်တယ်။ [ရာဇာ မမည်ဘူး၊စော်ဘွားကြီးဟုဆိုလိုတယ်။] ထိုပါယာသိမည်သောစော်ဘွားကြီးသည် အရှင်ကုမာရကဿပကို ဆန်းကြယ်စွာ တရားစကား ဟောကြားတတ်ပေသည်ဟု သတင်းကြား၍ ပုဏ္ဏားသူကြွယ်တို့နှင့် အတူသွား၍ ရှိခိုးပြီးလျှင် ပြဿနာတို့ကို လျှောက်ကြားသတဲ့။

ပြဿနာတို့ကို ဥပမာ ၁၅—ခုဖြင့် ဖြေရှင်းတော်မူတယ်။ဥပမာ ၁၅-ခုကား-

လ—နေ၊ ငရဲ၊ နတ်၊ ဝတိံသာ၊ မျက်မမြင် (၅)

ပုဏ္ဏေးမ၊ အိပ်မက်၊ သံတွေ၊ ခရုသင်း၊ ပွတ်ခုံ (၅)

လှည်းကုန်သည်၊ ဝက်မွေး၊ ကြွေအန်မျို၊ လျှော်ထမ်း၊ လယ်သမား (၅)

[ဤ ၁၅—ခုတည်း။]

(၁) "လ-နေ"။ ။အရှင်ဘုရား........အကျွန်ုပ်သည်—ဤဘဝမှ သွားရာ တမလွန်လောကမရှိ ဟူ၍၎င်း၊ သေပြီးပြန်ဖြစ်သူ [ဩပပါတိက] မရှိဟူ၍၎င်း၊ ကုသိုလ်,အကုသိုလ် အကျိုးမရှိဟူ၍၎င်း အယူရှိပါသည်ဟု လျှောက်ပါသတဲ့။

ထိုအခါ အရှင်ကုမာရကဿပက ဒါယကာ စော်ဘွားကြီး........ငါသည်ဤသို့ ဆိုသူ အယူရှိသူကို မမြင်စဘူး။ မကြားစဘူး။ သင့်ကို ငါမေးအံ့၊ အဘယ်သို့ဖြေမည်နည်း။ ဤ လ—နေတို့သည် ဤလောက၌လော။ တမလွန် လောက၌လော၊ နတ်လော၊ လူလော?

အရှင်ဘုရား........ဤလ-နေတို့သည် တမလွန် လောက၌တည်း၊ ဤလောက၌ မဟုတ်ပါ၊ နတ်တို့တည်း၊ လူတို့မဟုတ်ပါဟု ဖြေဆိုသတဲ့။

ဒါယကာ စော်ဘွားကြီး........ယင်းသို့ဖြစ်လျှင် ဤသို့သော အဖြေဖြင့် တမလွန် လောကရှိ၏။ သေပြီး ပြန်ဖြစ်သူရှိ၏။ ကုသိုလ်,အကုသိုလ် အကျိုးရှိ၏ဟု အယူ ကိုယူပါတော့လော့ဟု မိန့်တော်မူသတဲ့။

[ဤနိဒ္ဒေသ၌ စော်ဘွားကြီး အကြံမှာ ဤရဟန်းသည် ရှေးဦးစွာကပင် လ—နေ ဥပမာကို ဆောင်သည် လ—နေကို သူတပါးအရှောင်ဖြင့် မလွှမ်းနိုင်၊ ဤရဟန်းကိုလည်း သူတပါးပညာဖြင့် မလွှမ်းနိုင်လတ္တံ့ ဟူ၍၎င်း၊ လ—နေတို့သည် ဤလောကဟု ငါ့ဝါဒအတိုင်း ငါဖြေလျှင် ဘယ်လောက်ကြီးသနည်း၊ ဘယ်လောက်မြင့်သနည်း—စသည်ဖြင့် ထပ်မေးအံ့၊ ငါမဖြေနိုင်၊ ဘယ်နှယ်ရှိရှိ၊ တမလွန်လောကဟု ဖြေအံ့ ဟူ၍၎င်း ကြံ၍ ဤသို့ဖြေဆိုသတဲ့။ ဤပဌမစကားတခွန်းတည်းဖြင့် ရှုံးရှာပြီဟု သိကြလော့။]

(၂) ''ငရဲ''။ ။ထိုအခါ အရှုံး မပေးဘဲ လျှောက် ပြန် တယ်။ အရှင်ဘုရား........ဤသို့ အရှင်မြတ်မိန့်သော်လည်း တမလွန်လောက—စသည်မရှိဟူ၍သာ ယူချင်ပါတယ်။ အကြောင်းကား-အကျွန်ုပ်၏ မိတ်ဆွေထဲက ပါဏာတိပါတ၊ အဒိန္နာဒါန—စသော ဒုစရိုက်ဆယ်ပါး လွန်ကျူးသူတို့ထံ သေချိန်နီးသောအခါ သွား၍ မိတ်ဆွေ........ဒုစရိုက်လွန်ကျူးသူသေလျှင် ငရဲကျသည်ဟုဆိုကြတယ်။ သင်သည် ဒုစရိုက် လွန်ကျူးသူ—ဖြစ်၏။ထိုစကားမှန်လျှင် သင်-ငရဲကျလတ္တံ့။သင်ငရဲကျလျှင် တမလွန်လောက ရှိကြောင်း ကိုယ်တွေ့ကို ငါအား ပြန်ပြောပါလော့ဟု မှာထားပါတယ်။ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် လာ၍လည်း မပြော၊တမန်ကိုလည်းမစေ။ ထို့ကြောင့် တမလွန်လောက စသည်မရှိဟု ယူချင်ပါတယ် ဟူ၍ လျှောက်သတဲ့။

စော်ဘွားကြီး........သင် အဘယ်သို့ မှတ်ထင်သနည်း။ ခိုးသူကိုမိသောအခါ နှောင်ဖွဲ့ကာ ရိုက်နှက်၍ တောင်တံခါးဖြင့်ထုတ်၍ သုသာန်၌ ဦးခေါင်း ဖြတ်ရမည်ဟု အမိန့်ပေးအပ်သည်ရှိသော် သုသာန်သို့ ရောက်သောအခါ ခိုးသူက ခေတ္တဆိုင်းကြပါဦး။ ဤမည်သောရွာ၌ ငါ၏ဆွေမျိုးများထံ မိမိကိုယ်ကို၎င်း၊ သိမ်းထားသော ဘဏ္ဍာကို၎င်း ပြ၍,အပ်နှံ၍ ပြန်လာပါမည်ဟု ဆိုငြားအံ့။ ဆိုင်းကြလေသလော?။အရှင်ဘုရား........မဆိုင်းကြပါ။ဆိုစဉ်ပင်ဦးခေါင်းဖြတ်ကြပါတယ်။ စော်ဘွားကြီး........လူနှင့်လူချင်းပင်ဖြစ်လျက် မဆိုင်းကြလျှင် ''ပါယာသိ စော်ဘွားကြီးထံ ပြန်၍ပြောရန် ဆိုင်းကြပါဦး ''ဟု ဆိုသော ငရဲသားကို ငရဲထိန်းတို့သည် အဘယ်မှာ ဆိုင်းကုန်အံ့နည်း။ ထို့ကြောင့် တမလွန်လောက—စသည် ရှိ၏ဟု အယူယူပါတော့လော့ဟု မိန့်တော်မူသတဲ့။

(၃) ''နတ်''။ ။အရှင်ဘုရား........ဤသို့မိန့်သော်လည်း တမလွန်လောက စသည်ရှိ၏ဟု မယူနိုင်ပါ။ အကြောင်းကား၊အကျွန်ုပ်၏မိတ်ဆွေထဲက ပါဏာတိပါတ—စသော ဒုစရိုက်ဆယ်ပါးမှရှောင်ကြဉ်သူတို့ထံ သေချိန်အနီးတွင်ချဉ်းကပ်၍ မိတ်ဆွေ........ဒုစရိုက်မှ ရှောင်ကြဉ်သူ—သေလျှင် နတ်ပြည်ရောက်သည်ဟုဆိုကြတယ်။ သင်သည် ဒုစရိုက်မှ ရှောင်ကြဉ်၏။ ထိုစကား မှန်လျှင် သင်—နတ်ပြည်

ရောက်လတ္တံ့။သင်—နတ်ပြည်ရောက်လျှင် တမလွန်လောကရှိကြောင်း ကိုယ်တွေ့ကို ငါ့အား ပြန်ပြောပါလော့ဟု မှာထားပါတယ်။ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ပြန်၍လည်းမပြော၊ တမန်လည်းမစေ။ထို့ကြောင့် တမလွန်လောက စသည်ရှိ၏ဟု မယူနိုင်ပါဟူ၍ လျှောက်သတဲ့။

စော်ဘွားကြီး........အဘယ်သို့ မှတ်ထင်သနည်း။မစင်တွင်း၌ကျ၍မြုပ်နေသူကို မစင်တွင်းမှ ထုတ်စေ၍,ရေချိုးစေ၍,နံ့သာလိမ်းစေ၍,အဝတ်ကောင်း ဝတ်စေ၍,ပြာသာဒ်အထက်သို့ တက်စေ၍-ကာမဂုဏ်ငါးပါးဖြင့် လုပ်ကျွေးစေအံ့။ ထိုသူသည် တဖန်မစင်တွင်းသို့ ပြန်၍မြုပ်ချင်ဦးမည်လော?။ အရှင်ဘုရား၊ မြုပ်ချင်မည်မဟုတ်ပါ။ မစင်တွင်းဆိုတာ အနံ့ဆိုး ရွံ့ဘွယ်ဖြစ်ပါတယ်။

စော်ဘွားကြီး........ဤအတူလူတို့၏ ကိုယ်နံ့သည် နတ်တို့၏ ရွံ့ဘွယ်ဖြစ်ပါတယ်။ ယူဇနာတရာကပင် စက်ဆုပ်ကြတယ်။ နစရိုက် ရှောင်ကြဉ်၍ နတ်ဖြစ်သူတို့သည် အဘယ်မှာ သင့်ထံလာ၍ပြောနိုင်အံ့နည်း။ ထို့ကြောင့် တမလွန်လောက စသည်ရှိ၏ဟု ယူလေလော့ဟု မိန့်တော်မူသတဲ့။

(၄) ''ဝတိံသာ''။ ။အရှင်ဘုရား........ဤသို့ မိန့်သော်လည်း တမလွန်လောက—စသည်ရှိ၏ဟု မယူနိုင်ပါ။ အကြောင်းကား—အကျွန်ုပ်၏ မိဆွေထဲက ငါးပါးသီလ မြဲသူတို့ထံသေချိန်အနီးတွင် ချဉ်းကပ်၍ မိတ်ဆွေ........ငါးပါးသီလမြဲသူ—သေလျှင် တာဝတိံသာ နတ်ပြည်၌ ဖြစ်သည်ဟု ဆိုကြတယ်။ သင်သည် ငါးပါးသီလမြဲ၏၊ ထိုစကားမှန်လျှင် သင်-တာဝတိံသာနတ်ပြည်၌ ဖြစ်ရလတ္တံ့။ သင်—တာဝတိံသာနတ်ပြည်၌ဖြစ်လျှင် တမလွန် လောက ရှိကြောင်း ကိုယ်တွေ့ကို ငါ့အားလာပြောပါလော့ဟု မှာထားပါတယ်။ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် လာ၍လည်းမပြော၊တမန်လည်းမစေ။ထို့ကြောင့် တမလွန်လောက စသည်ရှိ၏ဟု မယူနိုင်ပါဟု လျှောက်သတဲ့။

စော်ဘွားကြီး........အဘယ်သို့မှတ်ထင်သနည်း။ လူတို့၏ နှစ်—တရာသည် တာဝတိံသာ၌ တနေ့နှင့်တညဉ့်ဖြစ်၏။ ထိုနေ့ညဉ့်သုံးဆယ်သည်တလ။ ထိုလ ၁၂-လသည် တနှစ်။ထိုနှစ်ဖြင့် တာဝတိံသာ နတ်သက်သည်တထောင်ဖြစ်၏။ထိုငါးပါးသီလမြဲ၍ နတ်ဖြစ်သော သူတို့သည် နှစ်ရက်,သုံးရက်မျှ နတ်စည်းစိမ်ခံစားပြီးမှ ပါယာသိစော်ဘွားကြီးအား သွားပြောမည်ဟု ကြံစည်အံ့။ [နှစ်ပေါင်းနှစ်ရာ သုံးရာ လွန်ပြီးဖြစ်၍] လာပြောခြင်းသည် ပြည့်စုံပါတော့မည်လော။ အရှင်ဘုရား........မပြည့်စုံနိုင်ပါ။ လာပြောခဲ့လျှင် အကျွန်ုပ်တို့သည် သေ၍ ကြာမြင့်သူတို့ ဖြစ်ကုန်ပါပြီ။ ဝါ၊ သေ၍ အရိုးဆွေးလောက်ပြီဖြစ်မှ လာပြောခြင်း ဖြစ်မှာပါသဲဟု လျှောက်သတဲ့။

(၅) ''မျက်မမြင်''။ ။အရှင်ဘုရား……တာဝတိံသာ နတ်ရှိသည်၊ ဤမျှ အသက်ရှိသည်ဟု အရှင်အာ၊ အဘယ်သူ ပြောပါသနည်း။ ထိုစကားကို မယုံကြည်ပါဟု လျှောက်သတဲ့။

စော်ဘွားကြီး……ဥပမာကား—ဝမ်းတွင်းကန်း မျက်မမြင်သည် အမဲ, အဖြူ-စသည်ကိုလည်းမမြင်၊ ညီညွတ်ရာ, မညီညွတ်ရာကိုလည်းမမြင်၊ တာရာနက္ခတ်-လ-နေ တို့ကိုလည်းမမြင်။ ထိုသူက အမောင်တို့……လောက၌ အမဲ, အဖြူ-စသည်မရှိ။ ညီညွတ်ရာ၊ မညီညွတ်ရာမရှိ။ တာရာနက္ခတ်-လ-နေ မရှိ။ ၎င်းတို့ကို မြင်ဘူးသူ ဟူ၍ပင်မရှိ။ ငါမသိ၊ ငါမမြင်။ ထို့ကြောင့် ၎င်းအားလုံးမရှိ—ဟုဆိုငြားအံ့။ ထိုစကားသည် သင့်လျော်အံ့လော?။မသင့်လျော်ပါဘုရား။

စော်ဘွားကြီး……ဤအတူ တာဝတိံသာကို၎င်း၊ ဤမျှအသက်ရှိသည်ကို၎င်း—မယုံကြည်ဟု ဆိုခြင်းသည် ဝမ်းတွင်းကန်းမျက်မမြင်၏ ဆိုခြင်းမျိုးဖြစ်တယ်။ တမလွန်လောကဟူသည်ကို ဤပကတိမျက်စိဖြင့် သင်—ထင်သလို မမြင်ရ၊ ဈာန်အဘိညာကိုဖြစ်စေ၍ ဒိဗ္ဗစက္ခုအဘိညာရသူတို့သာ-ဤလောကကို၎င်း၊တမလွန်လောကကို၎င်း၊ သေပြီး ပြန်ဖြစ်သူကို၎င်း—မြင်ကြရပေတယ်။ ထို့ကြောင့် တမလွန်လောက—စသည်ရှိ၏ဟု ယူလေလော့ဟူ၍ မိန့်တော်မူသတဲ့။

(၆) ''ပုဏ္ဏေးမ''။ ။အရှင်ဘုရား……ဤသို့မိန့်သော်လည်း မယူနိုင်ပါ။ အကြောင်းကား—သီလ—သမာဓိရှိသော သမဏ—ဗြာဟ္မဏတို့သည် အသက်ရှည်ခြင်း၊ကို,မသေခြင်းကို,သုခကို- အလိုရှိကြပါတယ်။ ဒုက္ခကို စက်ဆုပ်ကြပါတယ်။ သေပြီးနောက် တမလွန်ဘဝ—နတ်စည်းစိမ်သည် ယခုဘဝထက် မြတ်သည်ဟု အယူရှိခဲ့ငြားအံ့။ အဆိပ်စား၍၎င်း၊ ကြိုးဆွဲချ၍၎င်း—သေကုန်ရာ၏။ ထိုသို့မသေကြသောကြောင့် တမလွန်လောက-စသည်ရှိ၏ဟု မယူနိုင်ပါဟု လျှောက်သတဲ့။

စော်ဘွားကြီး……ဥပမာဆိုအံ့။ ရှေးအခါ ပုဏ္ဏားတဦးအား မယား နှစ်ယောက်ရှိတယ်။မယားတယောက်၌ ဆယ်နှစ်အရွယ် သားငယ်တယောက်ရှိတယ်။ မယားတယောက်၌မွေးဖွါးလုနီး ကိုယ်ဝန်ရှိတယ်။ထိုအခါတွင်ပုဏ္ဏားသေသဖြင့် ဆယ်နှစ်သား သူငယ်က မိထွေးထံ၌ မိဘအမွေဥစ္စာကိုတောင်းတယ်။ချစ်သား…… ငါဖွါးသည့်တိုင်အောင်ဆိုင်းဦးလော့။သတို့သားဖွါးလျှင် ထက်ဝက်ပေးရလတ္တံ့။ သတို့သမီးဖွါးလျှင် သင်၏အလုပ်အကျွေးဖြစ်လတ္တံ့ဟု ဆိုသတဲ့။ နှစ်ကြိမ်,သုံးကြိမ် တိုင်အောင်မဆိုင်းဘဲ တောင်းလွန်းသဖြင့် ပုဏ္ဏေးမသည် အခန်းတွင်းဝင်၍သတို့သား ဖွါးမည်လော၊ သတို့သမီး ဖွါးမည်လော-ဟု သိလိုဇောဖြင့် ဝမ်းပိုက်ကို ဖေါက်ခွဲသတဲ့။

ထိုပုဏ္ဏေးမသည် မသင့်သောနည်းဖြင့် အမွေဥစ္စာ ရှာခြင်းကြောင့် မိမိကိုယ်ကို၎င်း၊အသက်ကို၎င်း၊ဥစ္စာနှစ်ကို၎င်း-ပျက်စီးစေတယ်။သင်သည်လည်း ဤအတူ

တမလွန်လောကကို မသင့်သောနည်းဖြင့် ရှာခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ရလတ္တံ့။

စော်ဘွားကြီး........သီလ-သမာဓိရှိသော သမဏ-ဗြာဟ္မဏတို့သည် မရင့်သော အသက်,မကုန်သောအသက်ကိုမဖျက်ဆီးကုန်။အသက်ရင့်ခြင်းကိုဆိုင်းငံ့ကြတယ်။ သမဏ-ဗြာဟ္မဏတို့၏ အသက်ရှည်ခြင်းသည် ပညာရှိသူတို့ကို ကုသိုလ်တိုးပွါးစေကြတယ်။ များစွာသောနတ်တို့၏ ကောင်းကျိုး တိုးပွါးစေခြင်းငှါ ကျင့်သူတို့ဖြစ်ကြတယ်။ ထို့ကြောင့် တမလွန်လောက-စသည်ရှိ၏ဟု ယူလေလော့ဟု မိန့်တော်မူသတဲ့။

(၇) ''အိပ်မက်''။ ။အရှင်ဘုရား........ဤသို့ မိန့်သော်လည်း မယူနိုင်ပါ။ အကြောင်းကား-မင်းချင်းတို့သည် ခိုးသူကို ဖမ်းလာသောအခါ အရှင်လတ်လတ် အိုးကြီး၌ ထည့်စေ၍ လုံလုံ ပိတ်စေ၍ သားရေစိုပတ်ခြင်း၊ ရွှံ့လိမ်းခြင်းပြုစေ၍ မီးတိုက်စေပါတယ်။သေလောက်သောအခါ အိုးကြီးကိုဖြေးဖြေးဖွင့်စေ၍ အသက်ထွက်သည်ကို မြင်ရအောင် ကြည့်ရှုကြပါတယ်။ ထိုသူ၏ အသက်ထွက်သည်ကို ဘယ်သူမျှမမြင်ကြပါ။ ထို့ကြောင့် တမလွန်လောက-စသည်ရှိ၏ဟု မယူနိုင်ပါဟု လျှောက်သတဲ့။

စော်ဘွားကြီး........သင်သည် နေ့အခါအိပ်စဉ် အိပ်မက်၌အရံ,ဥယျာဉ်-စသည်တို့သို့ ရောက်သွားသည်ကို မြင်မက်ဘူးသလော?။ မြင်မက်ဘူးပါတယ်ဘုရား။

ထိုအခါ သင့်ကိုအလုပ်အကျွေး မောင်းမတို့သည် စောင့်ရှောက်လျက် ရှိကုန်သလော?။ ရှိကြပါတယ်ဘုရား။

ထိုမောင်းမတို့သည် သင်၏အသက်ကို အိပ်မက် မက်စဉ် ထွက်သွားသည်ကိုရင်း ပြန်ဝင်လာသည်ကိုရင်း-မြင်ကြကုန်သလော?။ မမြင်ကြပါဘုရား။

ထိုမောင်းမတို့သည် အသက်ရှိသူတို့ ဖြစ်လျက် အသက်ရှိသောသင်၏အသက်ကို ထွက်သည်၊ဝင်သည်-ကို မမြင်ကြလျှင် သေသူ၏ အသက်ကို ထွက်သည်၊ဝင်သည်-ကို အဘယ်မှာ သင်မြင်နိုင်အံ့နည်း။ ထိုကြောင့် တမလွန်လောက-စသည်ရှိ၏ဟု ယူလေလော့ဟု မိန့်တော်မူသတဲ့။

(၈) ''သံတွေ''။ ။အရှင်ဘုရား........ဤသို့ မိန့်သော်လည်း မယူနိုင်ပါ။ အကြောင်းကား-ခိုးသူတယောက်ကို အသက်ရှိစဉ် ချိန်ခွင်ဖြင့် ချိန်ပြီးလျှင် လေးညှို့ဖြင့် အသက်မရှူနိုင်အောင် လည်ပင်းကို ရစ်ပတ်ကာသတ်၍ ပြန်ချိန်သောအခါ အသက်ရှိ၍ ခန္ဓာငါးပါးရှိစဉ်က အချိန်ပေါ့ပါတယ်။ အသက်မရှိ၍ ရူပက္ခန္ဓာတပါးတည်း ရှိသောအခါ အချိန်လေးပါတယ်။ ထို့ကြောင့် တမလွန်လောက-စသည်ရှိ၏ဟု မယူနိုင်ပါဟု လျှောက်သတဲ့။

စော်ဘွားကြီး........ဥပမာကို ဆိုပေအုံ။ ဥပမာဖြင့် အချို့ဉာဏ်ရှိသူများ အသိဉာဏ် ရှင်းကြပေတယ်။ တနေ့လုံး မီးဖုတ်ထားသော သံတွေခဲရဲရဲ ပူလောင်ဆဲကိုငင်း၊ သေသံတုံးမဲမဲ ငြိမ်းချမ်းဆဲကိုငင်း-ချိန်လျှင် အဘယ်အခါပေါ့၍အဘယ်အခါလေးသနည်း?။ အရှင်ဘုရား ...... ပူလောင်ဆဲရဲရဲသည် တေဇော၊ ဝါယော-နှင့်တကွဖြစ်၍ ပေါ့ပါသည်။ ငြိမ်းချမ်းဆဲမဲမဲသည် တေဇော၊ ဝါယော-မရှိ၍လေးပါသည်ဘုရား။

စော်ဘွားကြီး........ဤအတူအသက်၊ ကမ္မဇတေဇော၊ ဝိညာဏ် ဤသုံးမျိုးရှိလျှင် ကိုယ်သည် ပေါ့တယ်။ ဤသုံးမျိုးမရှိလျှင် လေးတယ်။ ထို့ကြောင့် တမလွန်လောကစသည်ရှိ၏ဟု ယူလေလော့ဟု မိန့်တော်မူသတဲ့။

(၉) ''ခရုသင်း''။ ။အရှင်ဘုရား.......ဤသို့ မိန့်သော်လည်း မယူနိုင်ပါ။ အကြောင်းကား-ခိုးသူတယောက်ကို အသက်ထွက်သည်ကိုမြင်လို၍ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ-တို့ကို မပျက်အောင်သတ်ကြ-ဟု စေနိုင်းပြီးလျှင် သေလုနီး အချိန်တွင် ပက်လက်ထား၍ အသက် ထွက်သည်ကို ကြည့်ပါတယ်၊ မမြင်ရ။ ထိုနောက် မှောက်ခုံထား၍ကြည့်တယ်၊ မမြင်။ ဟိုဘက်သည်ဘက် စောင်း၍ ကြည့်တယ်၊ မမြင်။ မြှောက်ထား၍၊ ဦးစောက်ထား၍၊ လက်စသည်ဖြင့် ထိုးခေါက်၍၊ တွင်းပ ဖန်ဖန်ပြု၍ ကြည့်တယ်၊ မမြင်။ ထိုမျက်စိနှင့်ထိုအဆင်းရှိတယ်၊ အာရုံကိုမခံစား။ ထိုနားနှင့် ထိုအသံ၊ ထိုနှာခေါင်းနှင့် ထိုအနံ့၊ ထိုလျှာနှင့် ထိုအရသာ၊ ထိုကိုယ်နှင့် ထိုအတွေ့ရှိတယ်။ (မြင်၊ ကြား၊ နမ်း၊ စား၊ ထိ၊ သိခြင်းဖြင့်) အာရုံကိုမခံစား။ ထို့ကြောင့်တမလွန်လောက-စသည်ရှိ၏ဟု မယူနိုင်ပါဟု လျှောက်သတဲ့။

စော်ဘွားကြီး........ဥပမာဆိုအုံ။ ရှေးအခါ ခရုသင်းမှုတ်သမားတဦးသည် ဇနပုဒ်ရွာငယ်သို့သွား၍ ရွာလယ်၌ရပ်၍ ခရုသင်းကိုသုံးကြိမ်မှုတ်၍ မြေ၌ချထားတယ်။ ဇနပုဒ်သားတို့သည်လာ၍ အဘယ်သို့သော အသံနည်းဟု မေးကြသတဲ့။ ဤခရုသင်း၏ အသံဟု ဆိုလတ်သော် ထိုဇနပုဒ်သားတို့သည် ခရုသင်းကိုပက်လက်ထား၍ အိုခရုသင်း........အသံမြည်စမ်းပါဦး၊ မြည်စမ်းပါဦး-ဟုဆိုကြတယ်။ အသံမမြည်လတ်သော် မှောက်၍၊ ဟိုဘက် သည်ဘက် စောင်း၍၊ မြှောက်ထား၍၊ ဦးစောက်ထား၍၊ လက်စသည်ဖြင့် ထိုးခေါက်၍၊ တွင်းပ ဖန်ဖန်ပြု၍-အသံမြည်စမ်းပါဦးဟု ဆိုကြတယ်၊ မမြည်ပေဘူး။ ထို့အခါ ခရုသင်းမှုတ်သမားသည် ဤဇနပုဒ်သားတို့ကား မှားသောနည်းဖြင့် ခရုသင်းအသံကိုရှာကြတယ်။ အသိ အလိမ္မာနည်းလေစွ-ဟု ထိုသူတို့၏ ရှေ့၌မှုတ်ပြပြီးလျှင်ဘဲ သွားသတဲ့၊ ထိုအခါဇနပုဒ်သားတို့က-အချင်းတို့ ဤခရုသင်းသည် ယောကျ်ား၊ လုံ့လ၊ လေ-ဤသုံးမျိုးနှင့်တကွဖြစ်လျှင် အသံမြည်တယ်။ ဤသုံးမျိုးကင်းလျှင် အသံမမြည်ဟု သိကြသတဲ့။

စော်ဘွားကြီး........(သင်သည် ခရုသင်းအသံအရှာမှားသော ဇနပုဒ်သားတို့နှင့် တူချေပြီ။)ဤကိုယ်သည် အသက်၊ ကမ္မဇတေဇော၊ ဝိညာဏ်၊ ဤသုံးမျိုး နှင့် တကွ ဖြစ်သောအခါ ရှေ့သို့ တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း၊ ရပ်-ထိုင်-လျောင်းခြင်း ဖြစ်တယ်။မြင်၊ကြား၊နမ်း၊စား၊ထိ၊သိခြင်းဖြစ်တယ်။ ဤသုံးမျိုးကင်းလျှင် ရှေ့သို့ တက်ခြင်း စသည်မဖြစ်။ ထို့ကြောင့် တမလွန်လောက-စသည် ရှိ၏ဟု ယူခလေလော့ဟု မိန့်တော်မူသတဲ့။

(၁၀) ''ပွတ်ခုံ''။ ။အရှင်ဘုရား........ဤသို့မိန့်သော်လည်း မယူနိုင်ပါ။ အကြောင်းကား၊ ခိုးသူတဦးကို အသက်ထွက်သည်ကိုမြင်လို၍ အရေပါးကိုဖြတ်နိုင်းတယ်၊ မမြင်ရပါ။ အရေထူကိုဖြတ်နိုင်းတယ်၊ မမြင်ရပါ။ အသား၊ အကြော၊ အရိုး၊ရိုးတွင်းခြင်ဆီကို ဖြတ်နိုင်းတယ်၊မမြင်ရပါ။ထို့ကြောင့် တမလွန်လောက-စသည်ရှိ၏ဟု မယူနိုင်ပါဟုလျှောက်သတဲ့။

စော်ဘွားကြီး........ဥပမာ ဆိုဦးအံ့။ ရှေးအခါ မီးလုပ်ကျွေးသော ရသေ့တဦးသည် တော၌ လူတို့စွန့်ထားသော သူငယ်ကို ကောက်ယူ၍ မွေးထားသတဲ့။ ဆယ်နှစ်သား အရွယ် ရှိသောအခါ ထိုသူငယ်ကို ခေါ်၍ ချစ်သား........ငါ ခရီးသွားဦးမည်။ဤမီးကို မငြိမ်းစေလင့်၊ ကောင်းစွာလုပ်ကျွေးလော့။ အကယ်၍ မီးငြိမ်းခဲ့လျှင် ဤပဲခွပ်၊ဤထင်း၊ဤပွတ်ခုံ,ပွတ်ကျေတို့ဖြင့် မီးကိုဖြစ်စေ၍ လုပ်ကျွေးလော့ဟု မှာ၍သွားသတဲ့။ ထိုသူငယ်ကား ကစားခြင်း၌ လေ့လာများခြင်းကြောင့် မီးငြိမ်းသွားတယ်။ ထိုအခါ မီးကိုဖြစ်စေမည်ဟု ပွတ်ခုံ,ပွတ်ကျေကို ပဲခွပ်ဖြင့်ရွေတယ်၊မီးမရ။ နှစ်စိတ်၊ သုံးစိတ်၊ လေး-ငါး-ခြောက်စိတ် ခွဲတယ်၊မီးမရ။ အစိတ်စိတ်ပြု၍ ဆုံငယ်၌ထောင်းတယ်၊ မီးမရ။ ထောင်း၍ လေ၌-လွှင့်တယ်၊ မီးမရ။ ရသေ့ကြီးပြန်ရောက်လာသောအခါ ထိုအကြောင်းကိုသိ၍ ထိုသူငယ်ရှေ့၌ မီးဖြစ်အောင်ပြု၍ ပြပြီးလျှင် သင်သည် မှားသောနည်းဖြင့် မီးကိုရှာ၏။ ညံ့ဖျင်းလေစွဟု ဆိုသတဲ့။

စော်ဘွားကြီး........သင်သည်လည်း မှားသောနည်းဖြင့် တမလွန်လောကကိုရှာ၏၊ ညံ့ဖျင်းလေစွ။သင်၏မိစ္ဆာအယူကို စွန့်ပစ်လော့။ကြာမြင့်စွာသင့်အားအကျိုးမဲ့,ဒုက္ခမဖြစ်စေလင့်ဟု မိန့်တော်မူသတဲ့။

(၁၁) ''လှည်းကုန်သည်''။ ။အရှင်ဘုရား........ဤသို့မိန့်သော်လည်း ဤအယူကို မစွန့်နိုင်ပါ။ ပသေနဒီ ကောသလမင်းတရားသည်၎င်း၊ တိုင်းတပါးမင်းတို့သည်၎င်း၊ အကျွန်ုပ် ဤအယူ ယူသည်ကို သိကြပါတယ်။ အကယ်၍ အယူစွန့်ငြားအံ့။ဤပါယာသိရာဇညသည် ညံ့ဖျင်းလေစွ၊မကောင်းသောယူခြင်းဖြင့် ယူသည်ဟု ကဲ့ရဲ့ကြပါလိမ့်မယ်။ ထိုကဲ့ရဲ့သူတို့၌ အမျက်ထွက်ခြင်းဖြင့်၎င်း၊ အရှင်မြတ် ဟော

သော သင့်သောအကြောင်းကို ချေဖျက်ခြင်းဖြင့်၎င်း၊ အရှင်မြတ်နှင့်အံတုဘက်ပြိုင်ခြင်းဖြင့်၎င်း၊ ထိုအယူကို ယူရပါလိမ့်မယ်လို့ လျှောက်သတဲ့။

စော်ဘွားကြီး……ဥပမာဆိုဦးအံ့။ ရှေးအခါ လှည်းကုန်သည်တဦးသည် လှည်းငါးရာဖြင့် အရှေ့အရပ်မှ အနောက်အရပ်သို့ သွားတယ်။ မြက်, ထင်း, ရေ-ရိက္ခာ လုံလောက်စွာယူ၍သွားတယ်။ နှစ်ရက်ခန့်သွားမိသောအခါ အသားမဲမဲ၊ မျက်လုံးနီနီရဲရဲဖြင့် စိုရွှဲသောအဝတ် ဝတ်လျက်၊ ကြာပန်းပန်လျက်၊ ရွှံ့ညွန် လိမ်းကျံသော လှည်းဘီးတို့ဖြင့် ရထားကောင်းကို မောင်းလာသူကို ရင်ဆိုင်မြင်ရသတဲ့။

[ဤသူကား ဘီလူး—လူအသွင်ဖြင့်လာသူတည်း။]

ထိုသူက မိတ်ဆွေ……လမ်းတလျှောက်လုံး မိုးသည်းရွာပါတယ်။ မြက်, ထင်း, ရေ-ရိက္ခာ ပေါများပါတယ်။ လှည်းအလေးမခံပါနှင့်ဟု ဆိုသတဲ့။ လှည်းကုန်သည်ကြီးသည် ထိုစကားကို ယုံကြည်၍ မြက်, ထင်း, ရေ-တို့ကို စွန့်စေ၍ သွားလတ်သော် ခုနစ်ရက် ခရီးတိုင်အောင် မြက်, ထင်း, ရေ-မရသဖြင့် ပျက်စီးခြင်းသို့ရောက်၍ ဘီလူးအစာ ဖြစ်ကြရသတဲ့။

ဒုတိယ ကုန်သည်တဦးကား ရှေးအတူ လှည်းငါးရာဖြင့် သွားသောအခါ ရှေးအတူ လူအသွင်ဖြင့် လှည်းအလေးမခံပါနှင့်ဟု လာပြောလတ်သော် အမောင်တို့……ဤသူသည် ငါတို့၏ အသိဆွေ မျိုးသားချင်းမဟုတ်၊ မယုံကြည်အပ်၊ မြက်, ထင်း, ရေ-တို့ကို မစွန့်ကြနှင့်ဟု သတိပေး၍ သွားသတဲ့။ ခုနစ်ရက်ခရီးသို့ ရောက်သောအခါ ယခင် လှည်းသမားတို့၏ အရိုးစုမျှ ကြွင်းသည်ကိုမြင်၍, အဘိုးတန်ပစ္စည်းများကို ယူစေ၍-ခရီးခဲကို လွန်မြောက်စေသတဲ့။

စော်ဘွားကြီး……သင်သည် မှားသောနည်းဖြင့် တမလွန်လောကကို ရှာဖွေတယ်။ ဘီလူးစကား ယုံကြည်မှားသော ကုန်သည်နှင့် တူချေပြီ။ ညှို့ဖျင်းလေစွ၊ သင်၏ မိစ္ဆာအယူကို စွန့်လော့၊ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်စေလင့်ဟု မိန့်တော်မူသတဲ့။

(၁၂) ''ဝက်မွေး''။ ။အရှင်ဘုရား…… ဤသို့ မိန့်သော်လည်း ဤအယူကို မစွန့်နိုင်ပါ။ ပသေနဒီကောသလမင်းတရားစသည်တို့ သိကြပါတယ်။ အယူစွန့်လျှင် ကဲ့ရဲ့ကြပါလိမ့်မယ်။ အမျက်ဖြင့်၊ ချေဖျက်ခြင်းဖြင့်၊ ဘက်ပြိုင်ခြင်းဖြင့်-ထိုအယူကို ယူရပါလိမ့်မယ်လို့ လျှောက်သတဲ့။

စော်ဘွားကြီး……ဥပမာဆိုဦးအံ့၊ ရှေးအခါ ဝက်မွေးသူလူတယောက်သည် ရွာတပါး၌ စွန့်ထားသော မစင်ခြောက်တို့ကို များစွာမြင်၍ ဤသည်တို့ကား ငါ၏ဝက်တို့၏အစာ-အစာ-အဘိုးတန်ဟုအဝတ်ဖြင့်ထုပ်၍ဦးခေါင်းထက်ရွက်၍ယူလာသတဲ့။ ခရီးအကြား၌ အခါမဲ့မိုးသည်းရွာသွန်းသဖြင့် တကိုယ်လုံးမစင်လိမ်းကျံလျက် ရွက်လာသည်ကို မြင်သူတို့က အချင်း……သင်သည် တကိုယ်လုံး မစင်လိမ်းကျံတယ်၊

ရှူးသလောဟု ဆိုကြတယ်။ အချင်းတို့……ငါမရှူး၊သင်တို့သာ ရှူးကြတယ်။ ဤကား ငါ၏ ဝက်တို့၏ အစားအစာ-အဘိုးတန်ဟု ပြန်ဆိုသတဲ့။

စော်ဘွားကြီး……သင်သည် မစင်ထုပ် ရွက်ဆောင်သော ဝက်မွေးသူနှင့်တူချေ ပြီ၊ သင်၏ မိစ္ဆာအယူကို စွန့်လော့။ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ် စေလင့်ဟု မိန့်တော်မူသတဲ့။

(၁၃) ''ကြွေအန်မျို''။ ။အရှင်ဘုရား……ဤသို့မိန့်သော်လည်းဤအယူကို မစွန့်နိုင်ပါ။ပသေနဒီကောသလမင်းတရားစသည်တို့သိကြပါတယ်။အယူစွန့်လျှင် ကဲ့ရဲ့ပါလိမ့်မယ်။ အမျက်ဖြင့်၊ချေဖျက်ခြင်းဖြင့်၊ ဘက်ပြိုင်ခြင်းဖြင့်-ထိုအယူကို ယူ ရပါလိမ့်မယ်လို့ လျှောက်သတဲ့။

စော်ဘွားကြီး……ဥပမာဆိုဦးအံ့။ ရှေးအခါ ကစားသမား နှစ်ယောက် ကြွေ အန်ကစားကြတယ်။ ကောက်ကျစ်သူသည် ရှုံးအံ့သော ကြွေအန်ကိုမျို၍ အနိုင်ယူ လေ့ရှိသတဲ့။ ထိုအကြောင်းကို တယောက်သိလတ်သော် နောက်တနေ့၌ ကြွေအန် တို့ကို အဆိပ်ထုံ၍ လာကစားတယ်။ထိုအခါလည်း ရှုံးအံ့သောကြွေအန်ကို မျိုပြန် တယ်။ထိုအခါ တယောက်က သင်သည် ကြွေအန်ကို အဆိပ်လူးထားသည်ဟုမသိ၍ မျိုသည်။ဒုက္ခတွေ့တော့မည်ဟု ဆိုသတဲ့။

စော်ဘွားကြီး……သင်သည်လည်း ကြွေအန်ကိုမျိုသူနှင့်တူချေပြီ။မိစ္ဆာအယူကို စွန့်လော့။ကြာမြင့်စွာသင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်စေလင့်ဟု မိန့်တော်မူသတဲ့။

(၁၄) ''လျှော်ထမ်း''။ ။အရှင်ဘုရား……ဤသို့မိန့်သော်လည်းအယူမစွန့် နိုင်ပါ။ ပသေနဒီကောသလမင်းတရားစသည်တို့ သိကြပါတယ်။ အယူစွန့်လျှင် ကဲ့ရဲ့ကြပါလိမ့်မယ်။ အမျက်ဖြင့်၊ ချေဖျက်ခြင်းဖြင့်၊ ဘက်ပြိုင်ခြင်းဖြင့်-ထိုအယူကို ယူရပါလိမ့်မယ်လို့ လျှောက်သတဲ့။

စော်ဘွားကြီး……ဥပမာဆိုဦးအံ့။ ရှေးအခါ အဘော် မိတ်ဆွေနှစ်ယောက် ခရီးအတူသွားစဉ် ရွာပျက်တခု၌ စွန့်ပစ်ထားသော ပိုက်ဆံလျှော်တို့ကိုမြင်၍ တယောက် တထမ်းစီ ယူကြတယ်။ နောက်ရွာပျက်၌ ပိုက်ဆံချည်တို့ကိုမြင်၍ လျှော်ညှံ့ကိုစွန့်၍ ချည်သက်သက်ကို ယူကုန်အံ့ဟု တယောက်က ချည်ကိုယူတယ်။ တယောက်ကား အ ရပ်ဝေးမှ ထမ်းလာရသော လျှော်တို့ကိုမစွန့်နိုင်ဟု ဆိုတယ်။ နောက်တရွာ၌ပိုက် ဆံချည်ဖြင့်ရက်သော အဝတ်တို့ကို မြင်ပြန်သော် တယောက်က ချည်ကိုစွန့်၍ အ ဝတ်တို့ကိုယူတယ်။တယောက်ကား အရပ်ဝေးမှထမ်းလာရသောလျှော်တို့ကိုမစွန့် နိုင်ဟု ဆိုတယ်။ နောက်နောက်ရွာတို့သို့ ရောက်သောအခါ-ခေါမလျှော်၊ ခေါမ ချည်၊ ခေါမချည်အဝတ်၊ ဝါဂွမ်း၊ ဝါချည်၊ ဝါချည်အဝတ်တို့ကိုရင်း၊ သံ၊ ကြေး၊ သလွဲမဲ၊ သလွဲဖြူ၊ ငွေ၊ ရွှေ-တို့ကိုရင်း၊ အစဉ်အတိုင်းမြင်၍, အစဉ်အတိုင်းစွန့်၍ ရွှေကိုသာ တယောက်က ထမ်းဆောင်တယ်။ တယောက်ကား အရပ်ဝေးမှ ထမ်း

လာရသောလျှော်တို့ကို မစွန့်နိုင်ဟု ဆိုတယ်။ မိမိရှာသို့ရောက်လတ်သော် ရွှေထမ်းလာသူမှာ ဆွေမျိုးသားချင်းအားလုံးနှင့် တကွ ချမ်းသာသုခရတယ်။ လျှော်ထမ်းလာသူကား ချမ်းသာသုခမရ။ စော်ဘွားကြီး........သင်သည် လျှော်ထမ်းလာသူနှင့် တူချေပြီ၊ မိစ္ဆာအယူကိုစွန့်လော့၊ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်စေလင့်ဟု မိန့်တော်မူသတဲ့။

ထိုအခါ ပါယာသိ စော်ဘွားကြီးသည် ဤသို့လျှောက်သတဲ့။ အရှင်ဘုရား........အကျွန်ုပ်သည် အရှင်မြတ်၏ ရှေးဦးပဌမ လ-နေ ဥပမာတခုတည်းဖြင့်ပင် သဘောကျကျေနပ်ပါပြီ။ တမလွန်လောကရှိကြောင်း၊ သေ၍ပြန်ဖြစ်သူရှိကြောင်း၊ ကုသိုလ်, အကုသိုလ် အကျိုးရှိကြောင်းကို သိပါပြီ၊ နှစ်သက်ပါပြီ။ သို့ရာတွင် အရှင်မြတ်၏ ဆန်းကြယ်သော ''ပြဿနာပဋိဘာန်'' တရားစကားတို့ကို နာကြားလို၍ အရှင့်ကို ဆန့်ကျင်ဘက်ပြုကာ ဆိုပါသည်ဘုရား။ အရှင်မြတ်သည် မှောက်ထားသည်ကို လှန်ပြသကဲ့သို့၊ ဖုံးထားသည်ကို ဖွင့်ပြသကဲ့သို့၊ ခရီးမှားသူအား လမ်းပြသကဲ့သို့၊ အမိုက်မှောင်၌ မီးထွန်းပြသကဲ့သို့-မျက်စိရှိသူ မြင်နိုင်အောင် ဟောပြတော်မူပါပေသည်။

အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ မှီခိုဆည်းကပ်ပါ၏။ ယနေ့ကို အစပြု၍ အကျွန်ုပ်ကို ရတနာသုံးပါး ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ။ ထို့ပြင်လည်း အကျွန်ုပ်သည် အလှူတော်ကို မပြတ်လှူလိုပါသည်။ အာနိသင်ဖွံ့ဖြိုး အကျိုးများအောင် ဆုံးမ-ညွှန်ကြားတော်မူပါဘုရားဟု လျှောက်သတဲ့။

(၁၅) ''လယ်သမား''။ ။ဒါယကာ စော်ဘွားကြီး........အလှူရှင်သူတို့သည် နွား၊ဆိတ်၊ ကြက်၊ ဝက်-စသည်တို့ကို သတ်ဖြတ်၍ လှူကုန်အံ့။ အလှူခံ ပုဂ္ဂိုလ်တို့သည်လည်း မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ-စသည်တို့ဖြင့် (ညာဏ်ပျက်၊ အကြံပျက်၊ အဆိုပျက်၊ အလုပ်ပျက်၊ အသက်မွေးပျက်၊ လုံ့လပျက်၊ သတိပျက်၊ သမာဓိပျက်) မဂ္ဂင်ရှစ်ပါး ပျက်သူတို့ ဖြစ်ကုန်အံ့။ ဤသို့သော အလှူသည် အာနိသင်မဖွံ့ဖြိုး၊ အကျိုးမများ။

ဥပမာကား— လယ်သမားသည် ကောင်းစွာ မထွန်မယက်ဘဲ သစ်ငုတ်ထူသော မြေကြမ်း၌ မျိုးညံ့ရှေးစပါးစိုက်ကြဲအံ့။ မိုးသည်လည်း အချိန်မှန် မရွာသွန်းအံ့။ ထိုကောက်ပင်တို့သည် ကြီးပွါးနိုင်ကုန်အံ့လော၊ မကြီးပွါးနိုင်ကုန်။ စပါးများစွာ ရနိုင်အံ့လော၊ မရနိုင်။ စော်ဘွားကြီး........ဤအတူ လှူသူကလည်း သီလမစင်ကြယ်၊ အလှူခံကလည်း သီလမစင်ကြယ်လျှင် အာနိသင်မဖွံ့ဖြိုး၊ အကျိုးမများနိုင်။

အလှူရှင်သူတို့သည် ပါဏာတိပါတ်ကင်း—သတ်ဖြတ်ခြင်း မပြုမူ၍ လှူကုန်အံ့။ အလှူခံပုဂ္ဂိုလ်တို့သည်လည်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ-စသည်တို့ဖြင့် (ညာဏ်ကောင်း၊ အကြံကောင်း၊ အဆိုကောင်း၊ အလုပ်ကောင်း၊ အသက်မွေးကောင်း၊ လုံ့လ

ကောင်း၊သတိကောင်း၊သမာဓိကောင်း)မဂ္ဂင်ရှစ်ပါး ပြည့်သူတို့ ဖြစ်ကုန်အံ့။ ဤသို့သော အလှူသည် အာနိသင်ဖွံ့ဖြိုး အကျိုးများကုန်၏။

ဥပမာကား–လယ်သမားသည် ကောင်းစွာ ထွန်ယက်၍ သစ်ငုတ်ကင်းသော မြေကောင်း၌ မျိုးကောင်းစပါး စိုက်ကြံအံ့။ မိုးသည်လည်း အချိန်မှန် ကောင်းစွာရွာသွန်းအံ့။ ထိုကောက်ပင်တို့သည် ကြီးပွါးနိုင်ကုန်၏။ စပါးများစွာ ရစေနိုင်ကုန်၏။ စော်ဘွားကြီး ......ဤအတူ ရှုသူကလည်း သီလစင်ကြယ်၊ အလှူခံကလည်း သီလစင်ကြယ်လျှင် အာနိသင်ဖွံ့ဖြိုး အကျိုးများကုန်၏ဟု ဆုံးမစကား ညွှန်ကြားတော်မူသတဲ့။

ထိုနောက် စော်ဘွားကြီးသည် သမဏ,ဗြာဟ္မဏ,ခရီးသွား, ဖုန်းတောင်းယာစကာတို့အား အလှူဝတ်ကို မပြတ်ဖြစ်စေတယ်။ ဖြစ်စေသော်လည်း ထိုအလှူ၌ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းကိုဋင်း၊ အဝတ်ကြမ်းကိုဋင်း–ဖြစ်စေတယ်။ အလှူကိစ္စ၌ ဝေယျာဝစ္စ ဆောင်ရွက်သော ဥတ္တရမည်သော လုလင်က ရှုသော အခါတိုင်း "ဤဒါနကြောင့် ငါသည် ဤပါယာသိ စော်ဘွားကြီးကို ဤဘဝ၌သာ တွေ့ဆုံရပါစေ။ နောင်ဘဝ၌ မတွေ့ဆုံရပါစေသတည်း"ဟု မပြတ်ဆုတောင်းရှိသတဲ့။

ထိုစကားကို စော်ဘွားကြီး ကြားသွားတော့ ခေါ်ပြီး အမောင် ဥတ္တရ......အဘယ့်ကြောင့် ဤသို့ ဆိုဘိသနည်း။ ငါသည် ကုသိုလ်အကျိုး လိုလားသည်မဟုတ်လောဟု ဆိုသတဲ့။ အရှင့်အလှူတော်၌ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းတို့မှာ စားဘို့ဝေးစွ၊ ကိုင်ဘို့,ရှုဘို့မျှမကောင်း။ အဝတ်ကြမ်းတို့မှာလည်း ဝတ်ဘို့ဝေးစွ၊ ထိဘို့မျှမကောင်း။ အရှင်ကို အကျွန်ုပ်မြတ်နိုးပါတယ်။ မနှစ်သက်ဘွယ် နှင့် မရောယှက်စေလိုပါဟု ဆိုသတဲ့။

အမောင်ဥတ္တရ......ယင်းသို့ဖြစ်လျှင် ငါစားသော အစာမျိုး၊ ငါဝတ်သော အဝတ်မျိုးကိုသာ လှူပါလေလော့ဟု ခိုက်တွန်းသတဲ့။ ဥတ္တရလုလင်က လဲကောင်းပါပြီဟု ဝန်ခံပြီးလျှင် အစားကောင်း၊ အဝတ်ကောင်းတို့ကို အလှူတော်၌ ဆောင်ရွက်ပေးသတဲ့။

ထိုနောက် အလှူရှင် ပါယာသိစော်ဘွားကြီးသည် သဒ္ဓါတရား နည်းပါးသော အ-သက္ကစ္စဒါနကိုဋင်း၊ စေခိုင်း၍ လှူသော အ-သ-ဟတ္ထဒါနကိုဋင်း၊ လေးမြတ်သောစိတ်ကင်းသော အ-စိတ္တီ-ကတဒါနကိုဋင်း၊ စွန့်ပစ်၍ လှူသော အပ-ဝိဒ္ဓဒါနကိုဋင်း၊ လှူဒါန်းသူ ဖြစ်ခြင်းကြောင့် သေခါသာအခါ စာတုမဟာရာဇ်ဘုံ၌ နတ်သား ဆိတ်သော ကုဏ္ဍိပြင်မိမာန်၌ စာတုမဟာရာဇ်နတ်သား သွားဖြစ်တယ်။

အလှူဝေယျာဝစ္စ ဆောင်ရွက်သော ဥတ္တရလုလင်ကတော့ သဒ္ဓါတရားထက်သန်သော သက္ကစ္စဒါနကိုဋင်း၊ ကိုယ်တိုင် ရှုသော သ-ဟတ္ထဒါနကိုဋင်း၊ လေးမြတ်သောစိတ်ရှိသော စိတ္တီ-ကတဒါနကိုဋင်း၊ မစွန့်မပစ်ဘဲ ကောင်းစွာ လက်ရောက်

လှူသော အနု-ပ-ဝိဥ္စဒါနကို၎င်း—ပြု၍ လှူဒါန်းသူဖြစ်ခြင်းကြောင့် သေသော အခါ တာဝတိံသာဘုံ၌ တာဝတိံသာနတ်သားသွားဖြစ်သတဲ့။

[ဤ၌ လယ်ရှင်ထက် လယ်လုပ်သူက စပါးအရများလေစွဟု ဆိုသင့်တယ်။]

အခါတပါး အရှင်ဂဝမ္ပတိမည်သော ရဟန္တာတပါးသည် နေ့အခါနေခြင်းငှါ ဥတုသပ္ပါယ မျှတပေသည်ဟု ထိုကုက္ကိုပင်ဗိမာန်သို့ ကြွသွားလေတော့ ပါယာသိ ရာဇည စော်ပွါးကြီး နတ်ကိုမြင်သတဲ့။ အသင်သည် တမလွန်လောကမရှိဟူ၍၎င်း၊ သေပြီး ပြန်ဖြစ်သူ(ဩပပါတိက)မရှိဟူ၍၎င်း၊ ကုသိုလ်-အကုသိုလ် အကျိုးမရှိ ဟူ၍၎င်း၊ (ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ) အယူရှိသည် မဟုတ်လော?ဟု မေးသတဲ့။ အရှင်ဘုရား ဟုတ်ပါတယ်။ သို့ရာတွင် အရှင်ကုမာရကဿပမထေရ်သည် ထိုမိစ္ဆာ အယူ ကင်းပျောက်အောင် ဟောကြားပါတယ်ဘုရားဟု လျှောက်သတဲ့။

စော်ဘွားကြီး........သင်၏အလှူ၌ ဆောင်ရွက်သော ဥတ္တရလုလင်တယောက် အဘယ်မှာနည်း?။ အရှင်ဘုရား.......ဥတ္တရလုလင်ကတော့ သက္ကစ္စဒါန စသည်ဖြစ်အောင်ပြုခြင်းကြောင့် တာဝတိံသာနတ်ပြည်သို့ရောက်သွားပါတယ်။ တပည့်တော်ကတော့၊ အ-သက္ကစ္စဒါန စသည်ဖြစ်အောင် ပြုသောကြောင့် ဤစာတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ရပါတယ်။ အရှင်ဘုရား.......လူ့ပြည်သို့ပြန်ကြွသွားသောအခါ လူတို့အားသက္ကစ္စဒါန-စသည်ဖြစ်အောင် အားထုတ်ကြကုန်လော့ဟူ၍၎င်း၊ ပါယာသိ ရာဇည စော်ဘွားကြီးသည် အလှူရှင်ဖြစ်လျက် အ-သက္ကစ္စဒါန-စသည်ကြောင့် စာတုမဟာရာဇ်၌ ဖြစ်သည်ဟူ၍၎င်း၊ ဥတ္တရလုလင်ကတော့ သူတကာအလှူ၌ ဝေယျာဝစ္စ ဆောင်ရွက်သူဖြစ်လျက် သက္ကစ္စဒါန-စသည်ကြောင့် တာဝတိံသာ၌ ဖြစ်သည်ဟူ၍၎င်း၊ ဟောကြားညွှန်ပြ ဆုံးမတော်မူပါ။ တပည့်တော်ကဲ့သို့ ကိုယ်ကျိုးမနဲ့ကြပါစေနှင့်ဘုရားဟု လျှောက်ကြားလိုက်သတဲ့။

သည်တော့ ယခုအခါ ဤပါယာသိ သုတ္တန်တရားစာကို နာခံသိရှိကြကုန်သော ကုလပုတ္တအမျိုးကောင်းသား၊ အမျိုးကောင်းသမီး-တို့သည် တယူသန်ဇွတ်တိုးသော မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးသို့ မကပ်ရောက်နိုင်စေခြင်းငှါ၎င်း၊ သက္ကစ္စဒါန-စသည် ဖြစ်နိုင်စေခြင်းငှါ၎င်း၊ အကြောင်းနှင့်အကျိုးကိုလျော်စွာ အသိဉာဏ်တိုးနိုင်စေသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး၌ ထောက်ရာ,တည်ရာရအောင် လေ့လာနိုင်ကြသဖြင့် ဝဋ်သုံးပါး မပြတ်လည်သော ဘဝစက်ကို အပြီးတိုင် ခွဲနိုင်,ဖေါက်နိုင်, ဖျက်ဆီးနိုင်သူတို့-ဖြစ်ကြပါစေကုန်သတည်း။

# (၄) မဟာဝဂ္ဂသံယုတ်ပါဠိတော်၊သစ္စသံယုတ်။

## သစ္စာလေးပါးတရားစာ။

အခါတပါး မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ကောဋိဂါမ၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။ ချစ်သားတို့.......သစ္စာလေးပါးကို မသိခြင်းကြောင့် ရှည်ကြာသော သံသရာ၌ ငါဘုရားသည်၎င်း၊ သင်ချစ်သားတို့သည်၎င်း-ပြေးသွားရပြီ၊ ကျင်လည်ရပြီ။ ချစ်သားတို့.......ဒုက္ခသစ္စာကို မသိခြင်းကြောင့် သံသရာရှည်ရပြီ။သမုဒယသစ္စာကို၊နိရောဓသစ္စာကို၊မဂ္ဂသစ္စာကို မသိခြင်းကြောင့် သံသရာရှည်ရပြီ။ ယခုကား ထိုဒုက္ခကိုသိပြီ၊ထိုသမုဒယကို၊ ထိုနိရောဓကို၊ ထိုမဂ္ဂကိုသိပြီ။ ဘဝတဏှာပြတ်ပြီ၊ဘဝနှောင်ကြိုးကုန်ပြီ၊ဘဝတဖန် မရှိပြီဟု မိန့်တော်မူ၏။

(က) လေးပါးသစ္စာ ဟုတ်မှန်စွာ မသိ၍ သံသရာရှည်ခဲ့ပြီ။
(ခ) သိသော်စင်စစ် ဝဋ်မြစ်မကျန် ဘဝတဖန် မရှိပြီ။
(ဂ) သစ္စာမရှိ-ကျပ်ပြည့်ဆင်းရဲ ဇာတိဇရာ ထက်ချပ်ဆွဲ၏။
(ဃ) သစ္စာရှိလျှင် ဆင်းရဲကင်းပျောက် ဇာတိဇရာ မကပ်ရောက်။

ချစ်သားတို့.......အတိတ်ကာလ၌ ရဟန်းပြုသူတို့သည် သစ္စာလေးပါးသိခြင်းငှါတည်း၊ အနာဂတ်ကာလ၌ ရဟန်းပြုလတ္တံ့သူတို့သည် သစ္စာလေးပါးသိခြင်းငှါတည်း။ပစ္စုပ္ပန်ကာလ၌ ရဟန်းပြုသူတို့သည် သစ္စာလေးပါးသိခြင်းငှါတည်း။

ချစ်သားတို့.......အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ကာလသုံးပါး၌ ရဟန်းပြု၍ ဟုတ်တိုင်းမှန်စွာ သိသူတို့သည် သစ္စာလေးပါးကို သိကုန်၏။

ချစ်သားတို့.......ကာလသုံးပါး၌ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့သော မြတ်စွာဘုရားတို့သည် သစ္စာလေးပါးကိုသိ၍ သဗ္ဗညုဘုရားတို့ဖြစ်ကုန်၏။ထိုကြောင့် သစ္စာလေးပါးကို သိခြင်းငှါ အားထုတ်ကြလော့။

ချစ်သားတို့.......သစ္စာသည် လေးပါးရှိ၏။(စတ္တာရိ အရိယသစ္စာနိ။ ဒုက္ခံ-အရိယသစ္စံ၊ဒုက္ခသမုဒယံ-အရိယသစ္စံ။ ဒုက္ခနိရောဓံ-အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီ-ပဋိပဒါ-အရိယသစ္စံ၊)ထိုသစ္စာလေးပါးတို့တွင် လောကီစိတ် ၈၁-ခု၊ လောဘကြဉ်သော စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခုသည် ဒုက္ခသစ္စာ မည်၏။ ဝါ၊ ဥပါဒါန်လေးပါး၏ စွဲလမ်းစရာ လောကီခန္ဓာငါးပါးသည် ဒုက္ခသစ္စာမည်၏။ ဝါ၊ စက္ခာယတန,သောတာယတန-စသော အဇ္ဈတ္တိကာယတန ခြောက်ပါးသည် ဒုက္ခသစ္စာမည်၏။ ထိုထိုအာရုံ၌ ရုံမက်သော ကာမတဏှာ၊ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးပါးသည်။ ဝါ၊ ရူပတဏှာ၊သဒ္ဒတဏှာ-စသော တဏှာခြောက်ပါးသည် သမု

ဒယသစ္စာမည်၏ ထိုတဏှာ၏အကြွင်းမဲ့ချုပ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ်စိတ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ချစ်သားတို့……ဤကား ဒုက္ခ၊ ဤကား သမုဒယ၊ ဤကား နိရောဓ၊ ဤကား မဂ္ဂဟု သစ္စာလေးပါးကို သိခြင်းငှါ အားထုတ်ကြလော့။

ချစ်သားတို့……ဤသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိခြင်းကြောင့် ငါဘုရားကို အရဟံ၊ သမ္မာသမ္ဗုဒ္ဓ-ဟု ဆိုအပ်၏။

ချစ်သားတို့…… ကာလသုံးပါး၌ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့သော မြတ်စွာဘုရားတို့သည် ဤသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိကုန်၏။

ချစ်သားတို့……ငါဘုရားသည် သိခြင်းကြောင့် အာသဝတို့၏ ကုန်ခြင်းကိုဟောသည်။ မသိဘဲ ဟောသည်မဟုတ်၊ အဘယ်ကို သိခြင်းကြောင့်နည်း?။ ဤကား ဒုက္ခ၊ ဤကား သမုဒယ-စသည်ဖြင့် သစ္စာလေးပါးကို သိခြင်းကြောင့် အာသဝတို့၏ ကုန်ခြင်းကို ဟောသည်။

ချစ်သားတို့……မိမိစကားလိုက်နာသော ဆွေမျိုး၊ မိတ်ဆွေတို့ကိုသနား၍ စောင့်ရှောက်လိုသည်ဖြစ်အံ့။ သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှါ တိုက်တွန်းရာ၏၊ သက်ဝင်စေရာ၏၊ တည်စေရာ၏။

ချစ်သားတို့……ဤသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာကိုသိအပ်၏။ သမုဒယသစ္စာကို ပယ်အပ်၏။ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏။ မဂ္ဂသစ္စာကို ပွါးများအပ်၏။

အခါတပါး ရဟန်းတို့သည် စည်းဝေး၍ စကားတခုကိုဆိုကုန်၏။ ငါ့ရှင်တို့…… အကြင်သူသည် ဒုက္ခကိုမြင်အံ့။ ထိုသူသည် သမုဒယကိုငင်း၊ နိရောဓကိုငင်း၊ မဂ္ဂကိုငင်း-မြင်၏ဟု ဆိုကုန်၏။ ထိုအခါ အရှင်ဂဝမ္ပတိမထေရ်က ငါ့ရှင်တို့……မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ငါကြားရဘူးသည်ကား-ဒုက္ခကိုမြင်လျှင် သမုဒယ၊ နိရောဓ၊ မဂ္ဂကိုလည်း မြင်၏။ သမုဒယကိုမြင်လျှင် ဒုက္ခ၊ နိရောဓ၊ မဂ္ဂကိုလည်း မြင်၏။ နိရောဓကို မြင်လျှင် ဒုက္ခ၊ သမုဒယ၊ မဂ္ဂကိုလည်း မြင်၏။ မဂ္ဂကို မြင်လျှင် ဒုက္ခ၊ သမုဒယ၊ နိရောဓကိုလည်း မြင်၏ဟု ငါကြားဘူးသည်ဟု ဆို၏။

ချစ်သားတို့……အကုသလဝိတက်ကို မကြံကြနှင့်။ ကာမဂုဏ်နှင့် စပ်သော အကြံ၊ ဖျက်ဆီးခြင်းနှင့်စပ်သောအကြံ၊ ညှဉ်းဆဲခြင်းနှင့်စပ်သောအကြံ၊ ဤသို့ကာမဝိတက် ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်-သုံးမျိုးကို မကြံကြနှင့်။ အကျိုးနှင့်မစပ်။ မြတ်သော အကျင့်မဟုတ်။ ငြီးငွေ့ခြင်းငှါ၊ နိဗ္ဗာန်အကျိုးငှါမဖြစ်။ ကြံလိုလျှင် ဤကားဒုက္ခ၊ ဤကားသမုဒယ-စသည်ဖြင့်၊ သစ္စာလေးပါးကို ကြံကြလော့။ အကျိုးနှင့် စပ်၏၊ မြတ်သောအကျင့်ဟုတ်၏။ ငြီးငွေ့ခြင်းငှါ၊ နိဗ္ဗာန်အကျိုးငှါဖြစ်၏။

ချစ်သားတို့……ဆန့်ကျင်သောစကား မဆိုကြလင့်။ ဤ ဓမ္မဝိနယကို သင်မသိ။ ငါသာသိသည်။ သင်သိလျှင် ဖြေဆိုစမ်း-စသည်ဖြင့် မဆိုကြနှင့်။ ။ချစ်သားတို့…… တိရစ္ဆာနကထာမည်သော မဂ်ဖိုလ်မှ ဗီလာစကားကို မဆိုကြနှင့်။ မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်စစ်သည်နှင့်စပ်သောစကား၊ အဝတ်အစား အသုံးအဆောင်နှင့် စပ်သောစကား၊ ရွာ နိဂုံး မိန်းမ ယောက်ျား ဆွေမျိုးနှင့်စပ်သောစကား၊ ကွယ်လွန်သူတို့နှင့် စပ်သောစကား-စသည်တို့ကို မဆိုကြနှင့်။ ဤ ဆန့်ကျင်သော စကား, မဂ်ဖိုလ်မှ ဗီလာ တိရစ္ဆာနကထာ စကားတို့သည် အကျိုးနှင့်မစပ်၊ နိဗ္ဗာန်အကျိုးငှါမဟုတ်၊ ဆိုလိုလျှင် ဤကား ဒုက္ခ၊ ဤကား သမုဒယ-စသည်ဖြင့် သစ္စာလေးပါးကို ဆိုကြလော့။ အကျိုးနှင့်စပ်၏။ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။

(ဤ၌ တရားမပါသော အချည်းနှီး စကားကို တားသည်။ စကားထဲ တရားပါသွားလျှင် မတား၊ ဆိုသမျှ စကားအဆုံး၌ ''ဤစကားပြောနိုက်ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့သာတည်း''ဟု ဝိပဿနာတင်၍ အဆုံးသတ်အပ်၏။)

ချစ်သားတို့……ရှေးအခါ လူတယောက်သည် လောကစိန္တာကို (ဝါ-လောကဖြစ်ခြင်းရာ ကြံစရာကို) ကြံမည်ဟု မြို့ပြင်ပ ရေကန်အနီး၌ ထိုင်၍ ကြံစည်၏။ ထိုအခါ စစ်အင်္ဂါလေးပါး စစ်သားအပေါင်းသည် ကြာရိုး, ကြာပင် အတွင်းသို့ ဝင်သွားသည်ကို မြင်ရသဖြင့် ငါသည် ရူးပြီလော၊ မဖြစ်ကောင်းသည်ကိုမြင်ရသည်ဟု အကြံဖြစ်၍ သူတပါးအား ထိုမြင်ရပုံကိုပြောပြ၏။ သူတပါးကလည်း သင်သည် တကယ်ရူးပြီ၊ တကယ် စိတ်ပျံ့လွင့်ပြီ၊ မဖြစ်ကောင်းသည်ကို သင်မြင်ပြီဟု ဆို၏။

ချစ်သားတို့ ……ထိုသူမြင်ခြင်းသည် အမှန်အတိုင်းပင်ဖြစ်၏။ နတ်နှင့် အသူရာတို့ စစ်တိုက်၍ အသူရာတို့ စစ်ရှုံး၍ ထွက်ပြေးကြစဉ် ထိုကြာရိုးအတွင်းသို့ဝင်၍ အသူရာပြည်သို့ ပြေးကုန်၏။ ထို့ကြောင့် ချစ်သားတို့……လောကစိန္တာကို မကြံကြနှင့်။ သတ္တဝါဟူသော လောကသည် မြဲ၏ဟူ၍၎င်း၊ မမြဲဟူ၍၎င်း၊ အဆုံးရှိ၏ဟူ၍၎င်း၊ အဆုံးမရှိဟူ၍၎င်း မကြံကြနှင့်။ (သတ္တဝါမရှိ၊ ရုပ်နှင့်နာမ်သာရှိသည်။) အသက်နှင့်ကိုယ်သည် တခုတည်းဟူ၍၎င်း၊ တခြားစီဟူ၍၎င်း မကြံကြနှင့်။ (အသက်သည်းမရှိ၊ ကိုယ်လည်းမရှိ၊ ရုပ်နှင့်နာမ်သာရှိသည်။) သတ္တဝါ သေပြီးနောက် ပြန်ဖြစ်သည်ဟူ၍၎င်း၊ ပြန်မဖြစ်ဟူ၍၎င်း၊ အချို့ဖြစ်သည်, အချို့မဖြစ်ဟူ၍၎င်း၊ ဖြစ်သည်လည်းမဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍၎င်း မကြံကြနှင့်။ (သတ္တဝါမရှိ၊ သတ္တဝါမသေ၊ ရုပ်နှင့်နာမ်သာ ရှိသည်၊ ရုပ်နှင့် နာမ်သာ အကြောင်းအားလျော်စွာ ဖြစ်သည်၊ ပျက်သည်။) ဤသို့သော လောကစိန္တာကို မကြံကြနှင့်၊ အကျိုးနှင့်မစပ်။ ကြံလိုလျှင်

ဤကား ဒုက္ခ၊ ဤကား သမုဒယ-စသည်ဖြင့် သစ္စာလေးပါးကိုသာ ကြံကြလော့၊ အကျိုးနှင့် စပ်၏၊ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။

ချစ်သားတို့.......သင်တို့သည် ငါဘုရားဟောကြားသော သစ္စာလေးပါးကို မှတ်မိကြသလောဟု မိန့်တော်မူလတ်သော် ရဟန်းတပါးက တပည့်တော် မှတ်မိပါသည်ဘုရား။ အဘယ်သို့ မှတ်မိသနည်း။ ဒုက္ခသည် ပဌမသစ္စာ၊ သမုဒယသည် ဒုတိယသစ္စာ၊ နိရောဓသည် တတိယသစ္စာ၊ မဂ္ဂသည် စတုတ္ထသစ္စာ—ဤသို့ မှတ်မိပါသည်ဘုရား။ သာဓု သာဓု—ချစ်သားရဟန်း.......သင်သည် သစ္စာလေးပါးကို ကောင်းစွာ မှတ်မိပေသည်ဟု မိန့်တော်မူ၏။

ထို့အတူ ရဟန်းတပါးကလည်း တပည့်တော် မှတ်မိပါသည်ဘုရား။ ဒုက္ခသည် ပဌမသစ္စာ၊ သမုဒယသည် ဒုတိယသစ္စာ၊ နိရောဓသည် တတိယသစ္စာ၊ မဂ္ဂသည် စတုတ္ထသစ္စာ။ ဤသို့ ရဟန်းဂေါတမ ဟောသော သစ္စာလေးပါးသည် မဟုတ် မမှန်သေးဟူ၍ရင်း၊ တပါးသော သစ္စာလေးပါးကို ဟောပြပေအံ့ ဟူ၍ရင်း တစုံတယောက် ဆိုရာ၏။ ထိုသို့ ဆိုနိုင်သော ဟောပြနိုင်သော အကြောင်းမည်သည် မရှိ-ဟု မှတ်မိပါသည် ဘုရား၊ သာဓု သာဓု-ချစ်သား ရဟန်း.......သင်သည် သစ္စာ လေးပါးကို ကောင်းစွာမှတ်မိပေသည်-ဟု မိန့်တော်မူ၏။

ရဟန်းတပါးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား.......အဝိဇ္ဇာဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာ သင့်သူ ဖြစ်ပါသနည်းဘုရား—ဟု လျှောက်၏။ ချစ်သားရဟန်း.......၊ ဒုက္ခ၌ မသိခြင်း၊ သမုဒယ၌ မသိခြင်း၊ နိရောဓ၌ မသိခြင်း၊ မဂ္ဂ၌မသိခြင်းသည် အဝိဇ္ဇာမည်၏။ ဤလေးဌာန မသိခြင်းမျှဖြင့် အဝိဇ္ဇာ သင့်သူဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာ မသင့်နိုင်အောင် သစ္စာလေးပါးကို သိခြင်းငှါ အားထုတ်လော့-ဟု မိန့်တော်မူ၏။

[ဤ၌ လေးဌာန မသိခြင်းကို အဝိဇ္ဇာဟု ဟောသည်။ အဘိဓမ္မာ၌ ရှစ်ဌာန မသိခြင်းကို ဟောသည်။]

ရဟန်းတပါးသည်.......မြတ်စွာဘုရား ဝိဇ္ဇာဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့်ဝိဇ္ဇာသင့်သူဖြစ်ပါသနည်း ဘုရား။ ချစ်သားရဟန်း.......ဒုက္ခ၌ သိခြင်း၊ သမုဒယ၌ သိခြင်း၊ နိရောဓ၌ သိခြင်း၊ မဂ္ဂ၌ သိခြင်းသည် ဝိဇ္ဇာမည်၏။ ဤလေးဌာန သိခြင်းမျှဖြင့်ဝိဇ္ဇာသင့်သူဖြစ်၏။ ထို့ကြောင့် ဝိဇ္ဇာသင့်အောင်သစ္စာလေးပါးကိုသိခြင်ငှါ အားထုတ်လော့—ဟု မိန့်တော်မူ၏။

ချစ်သားတို့.......တစုံတယောက်သော သူသည် ငါသည်သစ္စာလေးပါးကို မသိဘဲ ဒုက္ခကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုမည်ဟု ဆိုငြားအံ့၊ ထိုစကားသည် အကြောင်းမသင့်။ ရွားရွက်၊ ထင်းရူးရွက်၊ ရှိရွားရွက်ကို အထုပ်ပြု၍ ရေကို ဆောင်မည်ဟု—ဆိုသည်နှင့် တူ၏။ ငါသည် သစ္စာလေးပါးကိုသိ၍ ဒုက္ခ ကင်းရာ နိဗ္ဗာန်ကို မျက်မှောက် ပြုမည်ဟု ဆိုငြားအံ့၊ ထိုစကားသည် အကြောင်းသင့်၏။ ပဒုမာကြာရွက်၊

ပေါက်ရွက်ကိုအထုပ်ပြု၍ရေကိုဆောင်မည်-ဟု ဆိုသည်နှင့်တူ၏။ ထို့ကြောင့် သစ္စာလေးပါးကို သိခြင်းငှါ အားထုတ်ကြလော့။

ချစ်သားတို့…….. ကောင်းကင်သို့ မြှောက်တင်အပ်သော လှံတံသည် ရံခါ အရင်းဖြင့်ကျ၏။ ရံခါ အဖျားဖြင့်ကျ၏။ ထို့အတူ အဝိဇ္ဇာဖုံးကာ တဏှာ ဆွဲဆောင်အပ်သော သတ္တဝါအပေါင်းသည် ရံခါ ဤလောကမှ ထိုလောကသို့သွား၏။ ရံခါ ထိုလောကမှ ဤလောကသို့ လာ၏။ ဤသို့ ဖန်ဖန် ဖြစ်ရခြင်းသည် သစ္စာလေးပါး မသိခြင်းကြောင့်တည်း။

ချစ်သားတို့……..သစ္စာလေးပါး မသိသူသည် လေလာတိုင်း လွင့်သော လက်ပံလဲနှင့်တူ၏။ ဆရာအမျိုးမျိုး၏ မျက်နှာကိုကြည့်နိုင်၏။ (ဝါ-အလိုသို့လိုက်နိုင်၏။) မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးကို အမြတ်တနိုး ဆည်းကပ်နိုင်၏။ သစ္စာလေးပါး သိသူကား လေလာတိုင်း မလွင့်နိုင်သော ကျောက်တိုင်နှင့်တူ၏။ ဆရာအမျိုးမျိုး၏ အလိုသို့ မလိုက်။ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးကို အမြတ်တနိုး မဆည်းကပ်။

ချစ်သားတို့……..သစ္စာလေးပါး သိသူကို အရပ်လေးမျက်နှာမှ တစုံတယောက်သောသူသည် ဝါဒဖြင့် အပြစ်တင်မည်ဟု လာပြောအံ့။ တရားနှင့်အညီ ချောက်ချားစေနိုင်သော အကြောင်းမရှိ။ ၁၆-တောင်ရှိသော ကျောက်တိုင်ကို တွင်း၌ ရှစ်တောင်မြှုပ်၍ စိုက်ထားအံ့။ အရပ်လေးမျက်နှာမှ လာသော လေပွေ၊ လေကြမ်းသည် တုန်လှုပ်ချောက်ချားစေခြင်းငှါ မတတ်နိုင်သကဲ့သို့တည်း။ ထို့ကြောင့်သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။

ချစ်သားတို့……..အဝတ်ဖြစ်စေ၊ ဦးခေါင်းဖြစ်စေ၊ မီးလောင်သောအခါ အဘယ်အမှုကို ပြုသင့်သနည်း။ မြတ်စွာဘုရား……..အဝတ်၊ ဦးခေါင်းမီးလောင်သည်ကို ငြိမ်းစေခြင်းငှါ လွန်စွာ အားထုတ်ရပါသည်ဘုရား။ ချစ်သားတို့……..အဝတ်၊ ဦးခေါင်းမီးလောင်သည်ကို လျစ်လျူရှု၍ သော်လည်း မသိသေးသော သစ္စာလေးပါးကို သိခြင်းငှါ လွန်စွာ အားထုတ်အပ်၏၊ ထို့ကြောင့် သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။

(အဝတ်၊ ဦးခေါင်း-မီးလောင်သည်ကို လျစ်လျူရှုလျှင် အလွန်ဆုံး တကြိမ်သေရုံသာဖြစ်၍ သင့်တော်သေး၏။ သစ္စာလေးပါး မသိလျှင် သံသရာမဆုံး အကြိမ်ကြိမ်သေမည်ဖြစ်၍ မသင့်မတော်ဟု မိန့်တော်မူသော မြတ်စွာဘုရား၏ မဟာ ကရုဏာတော်သည် ကြီးကျယ်လေစွ-ဟု ကြည်ညိုဉာဏ် တိုးပွါးရာ၏။)

ချစ်သားတို့……..လူတယောက်သည် အသက်တရာ နေထိုက်သူကို-အမောင်……..ငါ့အထံသို့ လာလော့။ သင့်ကို နံနက်၌ လှံချက်တရာထိုးမည်။ နေ့ခင်း၌ တရာ၊ ညချမ်း၌ တရာ-ဤသို့ လှံချက် သုံးရာ နေ့တိုင်းထိုးမည်။ ရက် ၃၀-တလ။ ၁၂-လ တနှစ်အားဖြင့် နှစ်ပေါင်းတရာ (လှံချက်တကုဋေကျော်) ပြည့်သောအခါ မသိဘူးသေး

ခသော သစ္စာလေးပါးကို သင်သိလတ္တံ့ဟု ဆိုပြောအံ့။ အကျိုးစီးပွါးမြင်သိသော အမျိုးကောင်းသားသည် ထိုလူထံ ချဉ်းကပ်ခြင်းငှါထိုက်၏။

အဘယ်ကြောင့်နည်း ဟူမူ၊ လှံချက်ပေါင်း၊၊ သံလျက်ချက်ပေါင်း၊၊ ပုဆိန်ချက် ပေါင်း-အတိုင်းမသိ ကုဋေ,ကုဋာများစွာ ခံရကုန်သော သင်တို့၏ ကျင်လည်ရာ သံသရာသည် ရှေးအစွန်းမထင်။ ဉာဏ်အစဉ်လျှောက်၍ ရှုသော်လည်း အစကိုမသိ အပ်။ ထို့ကြောင့် နှစ်ပေါင်းတရာတိတိ နေ့တိုင်း လှံချက် သုံးရာသို့ (ဝါ-လှံချက် တကုဋေကျော်သို့) ချဉ်းကပ်ခြင်းငှါ ထိုက်၏။

ချစ်သားတို့......ယင်းသို့ဖြစ်သော်လည်း ဒုက္ခခံနိုင်မှ သစ္စာလေးပါးသိသည်ဟု ငါဘုရားမဟော၊ သုခဖြင့်ချမ်းသာစွာ သိနိုင်သည်ဟု ငါဘုရား ဟောတော်မူ၏။
[ထို့ကြောင့် သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။]

အခါတပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ ယင်းတိုက်တော၌ နေတော်မူစဉ် အနည်းငယ်သော ယင်းတိုက်ရွက်ကို ကောက်ယူ၍ ချစ်သားတို့......ယခု ကောက်ယူသော ယင်းတိုက်ရွက် နှင့် တတောလုံး ယင်းတိုက်ပင်တို့၌ အရွက်သည် အဘယ်ကများမည်နည်း။ မြတ်စွာဘုရား........တတောလုံး ယင်းတိုက်ရွက်တို့က အလွန်အကဲ များပါသည်ဘုရား။

ချစ်သာတို့........ ထို့အတူ ငါဘုရားသည် သိလျက် မဟောသော တရားတို့သည် အလွန်အကဲများကုန်၏။ အဘယ်ကြောင့် သိလျက်မဟောသနည်း။ အကျိုးနှင့်မစပ်၊ ငြီးငွေ့ခြင်းငှါ၊ နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှါ မဟုတ်။ ထို့ကြောင့်မဟော။ သိ၍ ဟောသော တရားကား ဤကား ဒုက္ခ၊ ဤကား သမုဒယ-စသည်ဖြင့် သစ္စာလေး ပါးကို ဟော၏။ အဘယ်ကြောင့်ဟောသနည်း။ အကျိုးနှင့်စပ်၏။ ငြီးငွေ့ခြင်းငှါ၊ နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ ထို့ကြောင့် ဟောသည်။
[ထို့ကြောင့် သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။]

အခါတပါး မြတ်စွာဘုရားသည် ရဟန်းတို့နှင့် တောင်ထွဋ်တခုသို့ကြွသွား၏။ ထိုတောင်ထွဋ်နံပါး၌ ချောက်ကြီးတခုကို မြင်ကြ၍ ရဟန်းတပါးက မြတ်စွာဘုရား........ဤချောက်ကြီးသည်ကြောက်ဘွယ်ကောင်းလှ၏၊ ထို့ထက်ကြောက်ဘွယ်သည် ရှိပါဦးမည်လော ဘုရား-ဟု လျှောက်၏။

ချစ်သားတို့........ထို့ထက်ကြောက်ဘွယ်သည်ရှိ၏၊ သစ္စာလေးပါးမသိမမြင်သူ အပေါင်းသည် ဇာတိ ဇရာ မရဏကို ဖြစ်စေတတ်သော၊ သောက ပရိဒေဝ-စသည် တို့ကိုဖြစ်စေတတ်သော သင်္ခါရတို့၌ (ဝါ-ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၌) လွန်စွာမွေ့ လျော်ကုန်၏။ ထို သင်္ခါရတို့ကို အားထုတ်ကြသောကြောင့် ဇာတိ ဇရာ မရဏ ချောက်၊ သောက ပရိဒေဝ—စသော ချောက်တိသို့ ကျကုန်၏။ ထို သစ္စာလေးပါး

မသိမမြင်သူ အပေါင်းကို ဇာတိ ဇရာ မရဏ ဒုက္ခမှ၊သောက ပရိဒေဝ-စသော ဒုက္ခမှ မလွတ်နိုင်-ဟု ငါဘုရားဟော၏။

ချစ်သားတို့ …… သစ္စာ လေးပါး သိသူ မြင်သူ အပေါင်းသည် ဇာတိ စသည်၊ သောက စသည်တို့ကို ဖြစ်စေတတ်သော သင်္ခါရ တို့၌(ဝါ-ကုသိုလ်ကံ၊အကုသိုလ်ကံ တို့၌)မမွေ့လျော်ကြကုန်၊ ထိုသင်္ခါရတို့ကို အားမထုတ်ကြသောကြောင့် ဇာတိ စသောချောက်၊သောက စသောချောက်တို့သို့ မကျကုန်။ ထိုသစ္စာလေးပါး သိသူ မြင်သူအပေါင်းကို ဇာတိ စသော ဒုက္ခမှ၊ သောက စသော ဒုက္ခမှလွတ်ကုန်၏-ဟု ငါဘုရားဟော၏။ ထို့ကြောင့် သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။

[ဤနှင့်ဂူစွာ နောက်သုတ္တန်တို့၌ ကုသိုလ်–အကုသိုလ် သင်္ခါရတို့ကို အားထုတ်ခြင်းကြောင့် ဇာတိ ဇာရာ မရဏ-စသော ငရဲမီးအလောင်ခံကြရသည်။ ဇာတိ ဇရာ မရဏ စသော မှောင်ကြီး၌ ကျင် လည်ကြရသည်-ဟု ဟော၏။]

ဤသုတ္တန်တို့၌။ ။ကုသိုလ်ကံ၊အကုသိုလ်ကံ-သင်္ခါရ ပြုခြင်းကြောင့် သံသရာ ရှည်သည်။ ကုသိုလ်ကံ၊အကုသိုလ်ကံ-သင်္ခါရ မပြုလျှင် သံသရာမှလွတ်သည်-ဟု ပဌမ မှတ်ယူအပ်၏။

ထိုသင်္ခါရမျိုးသည် အဆံအောင်သော သစ်စေ့နှင့်တူ၏။ အဘယ်သူ ပြုသနည်း။ အဝိဇ္ဇာ မကင်းသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အထိ ပုဂ္ဂိုလ်တို့သည်၊ ဒါန၊ သီလ၊ ဘာဝနာ-စွမ်းဖြင့်၊ ကာယ၊ ဝစီ၊ မနော-ဒုစရိုက် စွမ်းဖြင့်–ထိုသင်္ခါရတို့ကို ပြုကြသည်။ အဝိဇ္ဇာကင်းသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ–ဤသုံးဦးတို့ကား ဒါန၊ သီလ-စသည် ပြုသော်လည်း ကုသိုလ် သင်္ခါရ မဖြစ်။ ဝါသနာမကင်းသော ရဟန္တာတို့ ကိုယ်နှုတ်ကြမ်းသော်လည်း အကုသိုလ် သင်္ခါရမဖြစ်။ ကုသိုလ်၊အကုသိုလ်–ဖြစ်ရမည့်နေရာ၌ ကြိယာဟူ၍သာ ဖြစ်သည်။ ပြုကာမျှသာ-မျိုးမအောင်သောသစ်စေ့နှင့်တူ၏။ ထို့ကြောင့် သင်္ခါရဟူသမျှသည် အဝိဇ္ဇာ အမြစ်ရင်းရှိသည်-ဟု ဒုတိယ တဆင့် မှတ်ယူအပ်၏။

သံသရာမှ မြန်မြန် လွတ်လိုလျှင် ကုသိုလ်၊ အကုသိုလ်–သင်္ခါရ မဖြစ်စေနှင့်။ သင်္ခါရ မဟုတ်သော ကြိယာကို ဖြစ်စေရသည်၊ ထိုသို့ဖြစ်စေနိုင်အောင် အဝိဇ္ဇာ အမြစ်ရင်း ပြတ်စေရမည်။ ဤသို့ တတိယ တဆင့်မှတ်ယူရမည်။

အဝိဇ္ဇာ အမြစ်ရှိလျက် သင်္ခါရမှ လွတ်အောင် ဒါန၊ သီလ–စသော ကုသိုလ်မပြု လျှင် ကုသိုလ်သင်္ခါရမှ လွတ်၏။ အကုသိုလ် သင်္ခါရမှကား မလွတ်၊ ဇာတိ ပြန်ဖြစ် ချင်ကြသေးသလား–ဟု ပြောလုံးထုတ်ရုံဖြင့် လိုရာမရောက်၊ မှန်းတိုင်းမပေါက်၊ ချောက်သို့ ကျနိုင်သည်သာတည်း။

သစ္စာလေးပါး ကျပ်ပြည့်သိစေလို၍ ဟောသော ကျပ်ပြည့်သော ရဟန္တာတို့၏

ဂုဏ်ပြသူထွန်ဖြစ်သည်။ ကျပ်မပြည့်သေးသျှ-ကျပ်ပြည့်စေဦးလော့။ ဤသို့ ဉာဏ်မဝေဘန်လျှင် အကြံယာ မိစ္ဆာဒိဋ္ဌိ ကမ္မပထမြောက်ဘွယ်နှင့်နီးလှ၏။
[သစ်တုံးကြီးကို ဆင်ပြောင်ဆွဲနိုင်သည်။ ကြောင်တိုမဆွဲနိုင်သေး။]

အခါတပါး ရှင်အာနန္ဒာသည် ဝေသာလီပြည်၌ ဆွမ်းခံကြွစဉ်လိစ္ဆဝီမင်းသားများ မြှားရေးပြကြသည်တို့ကို မြင်ခဲ့၍ ကျောင်းရောက်သောအခါ မြတ်စွာဘုရားအားဤသို့လျှောက်၏။မြတ်စွာဘုရား........လိစ္ဆဝီမင်းသားတို့သည် ဝေးလှသော အရပ်၌ နေ၍ သေးငယ်သော သံကောက် အပေါက်ဖြင့် မြှားတို့ကို အဆင့်ဆင့် မချွတ်မယွင်းကျအောင် ပစ်နိုင်ကြပါသည်၊ကျွမ်းကျင်ကြပါပေသည်-ဟု လျှောက်၏။

ချစ်သားအာနန္ဒာ........သံကောက်ပေါက်ဖြင့်မြှားအဆင့်ဆင့် ပစ်သွင်းခြင်းသည်၎င်း၊ အစိတ်တရာ စိတ်သော သားမြီး၏ အစွန်းချင်း ထိအောင် ပစ်ခြင်းသည်၎င်း၊ ဤနှစ်မျိုးတို့တွင် အဘယ်သည် သာ၍ခဲယဉ်းမည်နည်း။ မြတ်စွာဘုရား........သားမြီးချင်းထိအောင် ပစ်ခြင်းသည် သာ၍ ခဲယဉ်းပါသည်ဘုရား။

ချစ်သားအာနန္ဒာ........ဤကားဒုက္ခ၊ဤကား သမုဒယ-စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည် ထို သားမြီးစွန်းချင်း ထိအောင်ပစ်သည်ထက် သာ၍ ခဲယဉ်း၏။ [ထို့ကြောင့် သစ္စာလေးပါး သိခြင်း၌ အားထုတ်ကြလော့။]

သားမြီးတခုကို အစိတ်တရာစိတ်၍ တစိတ်ကို ခရမ်းသီး၌ စိုက်ထားပြီးလျှင် တစိတ်ကိုမြှား၏ အဖျား၌ စိုက်၍ တဥသဘ၌ (၀ါ—ပေနှစ်ရာကျော်၌) တည်၍ သားမြီးစွန်းချင်း ထိအောင်၊ မှန်အောင်—ပစ်ခြင်းဖြစ်သည်ဟု အဋ္ဌကထာဖွင့်ဆိုသည်။

ချစ်သားတို့........လူတယောက်သည် သမုဒြာ၌ အပေါက်တခုရှိသော ထမ်းပိုးကို ပစ်ချရာ၏၊ ထိုသမုဒြာ၌လည်း နှစ်တရာတွင် တကြိမ်သာပေါ်သော လိပ်ကန်းတကောင်လည်းရှိရာ၏။ ချစ်သားတို့........ထိုလိပ်ကန်းသည် ထိုထမ်းပိုးပေါက်၌ လည်ပင်း စွပ်မိနိုင်ရာအံ့လော။ မြတ်စွာဘုရား ......လွန်စွာ ကြာမြင့်သောအခါ—စွပ်မိနိုင်ပါလိမ့်မည် ဘုရား။ ချစ်သားတို့........မကြာခင် မြန်မြန်ပင် လိပ်ကန်း-ထမ်းပိုး-စွပ်မိနိုင်ရာ၏။

တကြိမ် အပါယ်ကျသူအား လူ့အဖြစ် ပြန်ရခြင်းကို မကြာခင်-ဟု ငါဘုရားမဟောနိုင်၊အပါယ်ဘုံ၌ တရားကျင့်ခြင်းမရှိ၊ကုသိုလ်ပြုခြင်းမရှိ၊အချင်းချင်း သတ်ဖြတ်စားသောက်ခြင်းသာရှိ၏။ထို့ကြောင့် မကြာခင် မြန်မြန် လူပြန်မဖြစ်နိုင်။ အကြောင်းကား သစ္စာလေးပါး မသိခြင်းကြောင့်တည်း။

ရဟန်းတပါးက မြတ်စွာဘုရား လိပ်ကန်းကြီး မသေ၊ သမုဒ်ရေ-မခန်း၊ ထမ်းပိုးကြမ်း-မဆွေး၊ ဤသို့ အကြောင်းညီညွတ်ပါမှ ထိုလိပ်ကန်း-ထမ်းပိုး စွပ်မိနိုင်ပါလိမ့်မည်ဘုရားဟု လျှောက်၏။ ချစ်သားတို့........ထို့အတူ အကြောင်းညီညွတ်မှ

လူအဖြစ်ကို ရသည်။ အကြောင်းညီညွတ်မှ ဘုရားပွင့်သည်။ အကြောင်းညီညွတ်မှ ဓမ္မဝိနယပွင့်လင်းသည်။ ချစ်သားတို့.......ထိုလူအဖြစ်ကို ယခုရပြီ၊ ထိုဘုရားပွင့်ခြင်းကို ယခုရပြီ၊ ထိုဓမ္မဝိနယပွင့်လင်းခြင်းကို ယခုရပြီ။

[ထို့ကြောင့် သစ္စာလေးပါးသိခြင်းငှါအားထုတ်ကြလော့။]

ချစ်သားတို့.......မြင့်မိုရ်တောင်မင်းမှ ပဲနောက်စေ့ခန့် ကျောက်ခဲကို ဖဲ့၍ ယူအံ့။ ထိုမြင့်မိုရ်နှင့် ထိုပဲနောက်ခန့် ကျောက်ခဲသည် အဘယ်က များမည်နည်း။ မြတ်စွာဘုရား.......မြင့်မိုရ်က များပါသည်။ ပဲနောက်ခန့် ကျောက်ခဲကား မနှိုင်းလောက်ပါဘုရား။ ချစ်သားတို့.......သစ္စာလေးပါး သိသော အညွှံဆုံး သတ္တက္ခတ္တုပရမ-သောတာပန်အားသော်လည်း မြင့်မိုရ်မျှ များသော ဒုက္ခသည် ကုန်ပြီ။ ပဲနောက်မျှ ဒုက္ခသာ ကြွင်းကျန်သည်။

[ထိုကြောင့် သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။]

အခါတပါး မြတ်စွာဘုရားသည် လက်သည်းခွံ၌ မြေမှုန့် အနည်းငယ် တင်၍ ချစ်သားတို့.......ဤလက်သည်းခွံမြေမှုန့် နှင့် ဤမဟာပထဝီမြေကြီးသည် အဘယ်က များမည်နည်း။မြတ်စွာဘုရား.......မဟာပထဝီမြေကြီးက များပါသည်။လက်သည်းခွံမြေမှုန့်မှာ မဆိုလောက်ပါဘုရား။ ချစ်သားတို့.......သစ္စာလေးပါး သိသော သောတာပန်အား မဟာပထဝီမြေကြီးမျှ ဒုက္ခသည် ကုန်ပြီ။ လက်သည်းခွံမြေမှုန့်မျှ ဒုက္ခသာ ကြွင်းကျန်သည်။ သမုဒ္ဒရာလေးစင်းရေမျှ ဒုက္ခသည် ကုန်ပြီ။ သမန်းမျက်ဖျားရေပေါက်မျှ ဒုက္ခသာ ကြွင်းကျန်သည်။

[ထို့ကြောင့် သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။]

ချစ်သားတို့.......လူသေ၍ လူပြန်ဖြစ်သူသည် လက်သည်းခွံမြေမှုန့်မျှ နည်းလှ၏။ အပါယ်၌ ဖြစ်သူသည် မဟာပဝီမြေကြီးမျှ များလှ၏။အကြောင်းကား သစ္စာလေးပါး မသိခြင်းကြောင့်တည်း။ ထို့အတူ သူတော်ကောင်းတရား ထွန်းလင်းရာ၌ ဖြစ်သူ နည်းလှ၏။ ပစ္စန္တရာဇ်၌ ဖြစ်သူများလှ၏။ ဝိပဿနာဉာဏ် စသော ဉာဏ်မျက်စိ ပွင့်သူ နည်းလှ၏။အဝိဇ္ဇာမှောင်ကျ၍ မျက်စိမပွင့်သူ များလှ၏။ ကုန်းသတ္တဝါဖြစ်သူနည်းလှ၏။ရေသတ္တဝါဖြစ်သူများလှ၏။ မိဘ ဂုဏ်ကျေးဇူးသိသူ၊ ရဟန်းသံဃာ၊ ဆရာသမား ဂုဏ်ကျေးဇူး သိသူ နည်းလှ၏။ မသိသူ များလှ၏။ အမျိုး၌ ကြီးသူကို ရိုသေသူ နည်းလှ၏။ မရိုသေသူ များလှ၏။ ကာယဒုစရိုက် သုံးပါးရှောင်ကြဉ်သူ၊ ဝစီဒုစရိုက်လေးပါး ရှောင်ကြဉ်သူ နည်းလှ၏။ မရှောင်ကြဉ်သူ များလှ၏။

[အကြောင်းကား သစ္စာလေးပါ မသိခြင်းကြောင့်တည်း။]

ချစ်သားတို့.......လူသေ၍ လူပြန်ဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌ ဖြစ်သူ များလှ၏။ လူသေ၍ နတ်ဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌

ဖြစ်သူ များလှ၏။ နတ်သေ၍ နတ်ပြန်ဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌ ဖြစ်သူ များလှ၏။ နတ်သေ၍ လူဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌ ဖြစ်သူ များလှ၏။

[အကြောင်းကား သစ္စာလေးပါး မသိခြင်းကြောင့်တည်း။]

ချစ်သား တို့ .....ငရဲမှသေ၍ လူဖြစ်သူ၊ နတ်ဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌ ဖြစ်သူ များလှ၏။ တိရစ္ဆာန်မှသေ၍ လူဖြစ်သူ၊ နတ်ဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌ ဖြစ်သူ များလှ၏။ ပြိတ္တာမှသေ၍ လူဖြစ်သူ၊ နတ်ဖြစ်သူ နည်းလှ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-၌ ဖြစ်သူများလှ၏။ အကြောင်းကား သစ္စာလေးပါး မသိခြင်းကြောင့်တည်း။ ထို့ကြောင့် ဤကား ဒုက္ခ၊ ဤကား သမုဒယ၊ ဤကား နိရောဓ၊ ဤကား မဂ္ဂဟု သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့။

[ဤသို့ စသည်ဖြင့် သစ္စာလေးပါး သုတ္တန်ပေါင်း ၁၃၀—ဟောသည်ကို မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ သစ္စသံယုတ် အမည်ဖြင့် ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ်ကြီး ငါးရာတို့သည် သင်္ဂါယနာတင်ကုန်၏။ ဤသို့ ဟောသော သုတ္တန်တို့၌ ရဟန်းတို့သည် ဝမ်းမြောက်စွာ ကုသိုလ်စိတ်ဖြစ်၍ ဟောသောတရားကို လွန်စွာ နှစ်သက်ကုန်၏။ ကောင်းချီးနုမော် သာရုခေါ်ကုန်၏။]

---

အဋ္ဌကထာဆရာကြီးများဖွင့်ပြရာ၌

## သစ္စာအနက် ၁၆—ချက်ကား။

ဒုက္ခသည် ပီဠနဋ္ဌ—နှိပ်စက်ခြင်းအနက်ရှိသော ဒုက္ခ၊ သင်္ခတဋ္ဌ—ပြုပြင်အပ်သော အနက်ရှိသော ဒုက္ခ၊ သန္တာပဋ္ဌ—ပူပန်ခြင်း အနက်ရှိသော ဒုက္ခ၊ ဝိပရိဏာမဋ္ဌ—ဖေါက်ပြန်ခြင်းအနက်ရှိသော ဒုက္ခ။ [လေးနက်။]

သမုဒယသည် အာယူဟနဋ္ဌ—ဒုက္ခဖြစ်အောင် အားထုတ်ခြင်း အနက်ရှိသော သမုဒယ၊ နိဒါနဋ္ဌ-ဒုက္ခ၏ အကြောင်းရင်း အနက်ရှိသော သမုဒယ၊ သံယောဂဋ္ဌ-ဒုက္ခယှဉ်တွဲခြင်း အနက်ရှိသော သမုဒယ၊ ပလိဗောဓဋ္ဌ—နှောက်ယှက်ခြင်း အနက်ရှိသော သမုဒယ။ [လေးနက်။]

နိရောဓသည် နိဿရဏဋ္ဌ—ထွက်မြောက်ရာ အနက်ရှိသော နိရောဓ၊ ဝိဝေကဋ္ဌ—ဆိတ်ငြိမ်ခြင်း၊ အနက်ရှိသော နိရောဓ၊ အသင်္ခတဋ္ဌ မပြုပြင်အပ်သော အနက်ရှိသော နိရောဓ၊ အမတဋ္ဌ—မသေခြင်း အနက်ရှိသော နိရောဓ။ [လေးနက်။]

မဂ္ဂသည် နိယျာနဋ္ဌ-တုတ်သောင်ကြောင်း အနက်ရှိသော မဂ္ဂ၊ ဟေတုဋ္ဌ-ရောက်ကြောင်း အနက်ရှိသော မဂ္ဂ၊ ဒဿနဋ္ဌ- နိဗ္ဗာန်ကို မြင်ခြင်း အနက်ရှိသော မဂ္ဂ၊ အဓိပတေယျဋ္ဌ—ကြီးကဲခြင်း အနက်ရှိသော မဂ္ဂ။ [လေးနက်။]

သစ္စာမည်ခြင်းကား။ ။မနှိပ်စက်သော ဒုက္ခမရှိ။ ဒုက္ခမှတပါး နှိပ်စက်သည် မရှိ။ ဒုက္ခကို မဖြစ်စေသော တဏှာ သမုဒယ မရှိ။ တဏှာ သမုဒယမှ တပါး ဒုက္ခ

ဖြစ်စေသည် မရှိ။မငြိမ်းချမ်းသောနိဗ္ဗာန်မရှိ။နိဗ္ဗာန်မှတပါး ငြိမ်းချမ်းသည်မရှိ။ မထုတ်ဆောင်သော မဂ္ဂင် မရှိ။မဂ္ဂင်မှ တပါး ထုတ်ဆောင်သည် မရှိ။

[ဤသို့ မြဲခြင်းကြောင့်၊ မှန်ကန်ခြင်းကြောင့်၊ မဖေါက်ပြန်ခြင်းကြောင့်၊ထင်ရှားဖြစ်ခြင်းကြောင့် သစ္စာမည်၏။]

လက္ခဏာကား။ ။ဒုက္ခသစ္စာသည် နာခြင်း-ဗာဓနလက္ခဏာရှိ၏။ သမုဒယ သစ္စာသည် အမွန်အစဖြစ်ခြင်း- ပဘဝလက္ခဏာရှိ၏။ နိရောဓသစ္စာသည် ငြိမ်းချမ်းခြင်း-သန္တိလက္ခဏာရှိ၏။မဂ္ဂသစ္စာသည်ထုတ်ဆောင်ခြင်း-နိယျာနလက္ခဏာ ရှိ၏။

[ဝါ၊ ဖြစ်ခြင်းလက္ခဏာ၊ ဖြစ်ကြောင်းလက္ခဏာ၊ နစ်ခြင်းလက္ခဏာ၊ နစ်ကြောင်းလက္ခဏာ အစဉ်အတိုင်းရှိ၏။]

ဥပမာကား။ ။ဒုက္ခသစ္စာသည် ဝေတ်မွတ်ခြင်းနှင့်တူ၏။ သမုဒယသစ္စာသည် မိုဃ်းခေါင်ခြင်းနှင့်တူ၏။ နိရောဓသစ္စာသည် ဝပြောခြင်းနှင့်တူ၏။မဂ္ဂသစ္စာသည် မိုဃ်းကောင်းခြင်းနှင့်တူ၏။ ဝါ၊ ဤမှာဘက်ကမ်း၊ ရေအယဉ်၊ ထိုမှာဘက်ကမ်း၊ ကူးကြောင်း လှံ့လနှင့်(စဉ်တိုင်း)တူ၏။ ။ဝါ၊ ဝန်ထုပ်၊ ဝန်ထုပ်ထမ်းခြင်း၊ ဝန် ပစ်ချခြင်း၊ ပစ်ချကြောင်းလှံ့လနှင့်တူ၏။ ဝါ၊အဆိပ်ပင်။အဆိပ်ပင်အမြစ်၊အမြစ် ဖြတ်ခြင်း၊ဖြတ်ကြောင်းလှံ့လနှင့်တူ၏။ ။ဝါ၊ အနာ၊အနာဖြစ်ကြောင်း၊အနာ ကင်းခြင်း၊ ဆေးကောင်းနှင့်တူ၏။ ။ဝါ၊ ရန်သူ၊ ဒေါသ၊ မေတ္တာ၊ စောင်မ ခြင်းနှင့်တူ၏။

သစ္စာလေးပါးရှုပုံကား။ ။ဆင်းရဲခြင်း ဒုက္ခသာရှိသည်။ ဆင်းရဲသူပုဂ္ဂိုလ် သတ္တဝါမရှိ။ စုံမက်ခြင်းတဏှာသမုဒယသာရှိသည်။ စုံမက်သူပုဂ္ဂိုလ်သတ္တဝါမရှိ။ ငြိမ်းချမ်းခြင်း နိရောဓသာရှိသည်။ငြိမ်းချမ်းသူပုဂ္ဂိုလ်သတ္တဝါမရှိ။ ကျင့်စဉ်လမ်း မ-မဂ္ဂသာရှိသည်။ ကျင့်သူပုဂ္ဂိုလ်သတ္တဝါမရှိ။

သစ္စာရှုကျိုးကား။ ။ဒုက္ခသစ္စာသိလျှင်သက္ကာယဒိဋ္ဌိကွာ၏(ငါ့ကိုယ်အတ္တကို မမြင်)၊ သမုဒယသစ္စာသိလျှင် ဥစ္ဆေဒဒိဋ္ဌိကွာ၏။ နိရောဓသစ္စာသိလျှင် သဿတ ဒိဋ္ဌိကွာ၏။ မဂ္ဂသစ္စာသိလျှင် အကိရိယဒိဋ္ဌိကွာ၏။

[အကိရိယဒိဋ္ဌိ ဟူသည်ကား- ကုသိုလ်ကံ၊ အကုသိုလ်ကံမရှိ။ ပြုဘွယ်မလိုဟု- အကြောင်းကံကိုပယ် သည်။]

တနည်းကား။ ။ဒုက္ခသစ္စာသိလျှင် ခန္ဓာငါးပါး၌ ရုဝသညာ၊ သုဘသညာ၊ သုခ သညာ၊ အတ္တသညာကွာ၏။ ဝါ၊ အကျိုးဒုက္ခ၌ အကျင့်မှားပျောက်၏။ ။သမုဒ သစ္စာသိလျှင် ဖြဟ္မာမိဿကိုး ဖန်ဆင်း၏-စသော အကြောင်းမဟုတ်သည်၌ အ ကြောင်းဟုမှတ်ထင်ခြင်း သညာကွာ၏။ ဝါ၊ အကြောင်းသမုဒယ၌ အကျင့်မှား ပျောက်၏။ ။နိရောဓသစ္စာသိလျှင်အရူပဘုံ-ဘဝဂ်ကို နိဗ္ဗာန်ဟု-မှတ်ထင်ခြင်း

သညာက္ခာ၏။ ဝါ၊ နိရောဓ၌ အကျင့်မှားပျောက်၏။ ။မဂ္ဂသစ္စာသိလျှင် ကာမဂုဏ် ခံစားခြင်းဖြင့်ရင်း၊ ကိုယ်ပင်ပန်းခံခြင်းဖြင့်ရင်း နိဗ္ဗာန်ရသည်ဟုမှတ်ထင်ခြင်းသညာက္ခာ၏။ ဝါ၊ နိရောဓသို့ရောက်ကြောင်း၌ အကျင့်မှားပျောက်၏။

မဂ်ကိစ္စ ၁၆-ချက်ကား။ ။သောတာပတ္တိမဂ်စိတ်ဖြစ်သောအခါ ဒုက္ခသစ္စာကိုသိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုပွားများခြင်း အားဖြင့် လေးကိစ္စဖြစ်၏။

[သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ်ဖြစ်သောအခါလည်း ထို့အတူလေးကိစ္စစီဖြစ်၍ မဂ်ကိစ္စ ၁၆-ချက်ဖြစ်၏။]

နိဒါနဝဂ္ဂသံယုတ်၌......ရှပ်နာမ်တို့၏ ရင့်ခြင်းပျက်ခြင်းသည် ဇရာမရဏမည်၏၊ (ဤကား ဒုက္ခသစ္စာ)။ ဇာတိဖြစ်ခြင်းကြောင့် ဇရာမရဏဖြစ်သည်၊ (ဤကား သမုဒယသစ္စာ)။ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်သည်၊ (ဤကားနိရောဓသစ္စာ)။ မဂ္ဂင်ရှစ်ပါးသည် ဇရာမရဏချုပ်ကြောင်း အကျင့်မည်၏၊ (ဤကားမဂ္ဂသစ္စာ)။ ဤသို့သိခြင်းလေးပါးသည် ဓမ္မဉာဏ်မည်၏- စသည်ဖြင့် ကြောင်းကျိုး ၁၁-ခုံ၌ သစ္စာလေးပါးဖြင့်ဉာဏ် ၄၄-ပါးဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ်၌ ဆက်သွယ်၍ ဟောတော်မူသည်။

ဤသို့သော သစ္စာလေးပါးကို သိမြင်သူတို့ ထူးခြားပုံကား။ ။အနာထပိဏ်သူဌေးကြီး၏သား မောင်ကာလသည် ရတနာသုံးပါး မဆည်းကပ်။ တိုက်တွန်းလည်း နားမထောင်။ ထိုအခါ သူဌေးကြီးက-ငါ၏သား- သေ၍ငရဲကျသွားလျှင် ငါအသုံးမကျဖြစ်ရတော့မှာဘဲဟု ကြံ၍— ငါ့သား........ကျောင်းသွား၍ ဥပုသ်စောင့်ပါ၊ ငွေတထောင်ပေးမည်ဟု-ဆိုသတဲ့။ကောင်းပြီဟု ဥပုသ်ယူပြီး တနေရာမှာအိပ်၍ နောက်နေ့၌ ပြန်လာတယ်။ သူဌေးကြီးက ထမင်းဆာနေတာကိုသိ၍ ချက်ခြင်း ထမင်းကျွေးတာကို—ငွေတထောင်မပေးလျှင် မစားဘူးဟုဆိုသတဲ့။

နောက်တခါတော့ ငါ့သား........ဥပုသ်စောင့်သွားဦး၊ တရားတပုဒ်မှတ်ခဲ့ပါ၊ ငွေတထောင်ပေးမည်-ဟုဆိုသတဲ့။ ကောင်းပြီးဟု-ဥပုသ်စောင့်ပြီး တရားတပုဒ် မှတ်မိအောင်တရားနာတယ်၊ မှတ်ထားသော တရားက ခဏခဏ မေ့သွားတာနဲ့ ထပ်ခါထပ်ခါ အားစိုက်၍ တရားနာစဉ်—စိတ်ကူး၍ မှတ်စဉ်ဉာဏ်တွင်းသို့ တရားဝင်၍ မဂ်ဉာဏ်ဖြင့်သစ္စာလေးပါးသိသွားသတဲ့။ နောက်နေ့၌ ထမင်းကျွေးသောအခါ ငွေစကားမပြောဘဲ ထမင်းစားတယ်။ ငွေပေးတော့လဲ မယူလိုပါဘူးဟု ဆိုသတဲ့။

[မြင့်မိုရ်တောင်မျှ ဒုက္ခသာမဟုတ်။ လောဘလဲ မြင့်မိုရ်တောင်လောက်ပင် ကုန်သွားပြီ။ ထိုကြောင့်စကြာမင်းစည်းစိမ်၊ နတ်ပြဟ္မာစည်းစိမ် ရသည်ထက် သစ္စာလေးပါး သိခြင်းသည်မြတ်၏-ဟု ဟောတော်မူတယ်။]

သာမာဝတီမိဖုရား၏ ကျွန်မ ခုဇ္ဇုတ္တရာလဲ-သုမနပန်းသည် အိမ်၌တရားနာရ၍ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး သိသွားသတဲ့။ ထိုနေ့၌ ပန်း ရှစ်သပြာဘိုးဝယ်၍ မိဖုရားထံသွားပို့တော့ မိဖုရားက ယနေ့ ပန်းတွေ များလှချေရဲ့၊ ပန်းဘိုးအသပြာ ပို၍ ရသလားလို့ မေးသတဲ့။ ခုဇ္ဇုတ္တရာက နေ့တိုင်းလိုဘဲ ပန်းဘိုးရှစ်သပြာ မှန်မှန် ရပါတယ်။ ယနေ့တော့ရှစ်သပြာလုံးပန်းဝယ်လာပါတယ်။ ယခင်နေ့တွေကလေး သပြာဘိုးသာ ဝယ်ခဲ့တယ်။ လေးသပြာကို ငါနေ့တိုင်းဖြတ်စားတယ်။ ယနေ့တော့ သစ္စာလေးပါး သိလာပြီ၊ ဖြတ်မစားတော့ဘူးဟု-ငွေစားမှုကိုပင် ရဲဝံ့စွာ ဝန်ခံသတဲ့။

[သစ္စာလေးပါးသိလျှင် အသေခံရဲတယ်။ သန်းဥ မတုတ်ရဲဘူး၊ မပလီရဲဘူး၊ ရေနှင့်အရက်ရော၍တိုက်လျှင် သစ္စာလေးပါးသိသူ သောတာပန်၏ခံတွင်းသို့ ရေသာဝင်တယ်၊ အရက်မဝင်နိုင်ဘူးတဲ့။]

သုပ္ပဗုဒ္ဓမည်သော ဒုက္ခိတကြီး တယောက်လဲ—ထမင်းကျန်၊ ဟင်းကျန်-တောင်းရင်း မြတ်စွာဘုရား တရားဟောတဲ့ နေရာရောက်သွားလို့ ပရိတ်သတ်အစွန်မှာနေ၍ တရားနာသည် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး သိသွားသတဲ့။ မိမိရသောဂုဏ်ကို လျှောက်ထားချင်သော်လဲ ပရိသတ်အကြား မဝင်ရဲလို့ အိမ်ပြန်သွားပြီး လူရှင်းလောက်မှ မြတ်စွာဘုရားထံသို့လာသတဲ့။

ထိုအခါ သိကြားမင်းက ကောင်းကင်၌တည်လျက်၊ ဟေ့- သုပ္ပဗုဒ္ဓ-လူမွဲဒုက္ခိတ........ငါသည် မင်းကို သုံးမကုန် စားမကုန်အောင်စောင်မမည်။ ''ဘုရား၊ တရား၊ သံဃာကို ဘုရားမဟုတ်၊ တရားမဟုတ်၊ သံဃာမဟုတ်။ ငါအလိုမရှိ''ဤသို့ဆိုရမည်ဟုတိုက်တွန်းသတဲ့။

ဒီတော့ သုပ္ပဗုဒ္ဓ လူမွဲ ဒုက္ခိတကြီးက ''အို-အရှက်မရှိတဲ့ အန္ဓဗာလ သိကြားကြီး.......သင်နှင့် ငါကား စကားပြောစရာအဘက်မတန်။ ငါ့ကို လူမွဲဟုနောက်မဆိုနှင့်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဟူသော သူတော်ကောင်း ဥစ္စာရတနာ ခုနစ်ပါး ရှိသော တရား သူဌေးကြီးတဦး ငါဖြစ်သည်။ အချည်းနှီးအသက်ရှည်သူမျိုး မဟုတ်ဟု ပြန်ဆိုလိုက်သတဲ့။

ထိုအကြောင်းကိုမြတ်စွာဘုရားထံ သိကြားမင်းကြီးသွားလျှောက်သောအခါ- သင်လို သိကြားမင်း ရာထောင်သော်လည်း သုပ္ပဗုဒ္ဓ သဒ္ဓါတရားကို ဖျက်ဆီးခြင်းငှါ မတတ်ကောင်းပြီဟု မိန့်တော်မူလိုက်သတဲ့။

[ရတနာသုံးပါးတော့ မထိနဲ့၊ အသက်ချင်းလဲရပစေ၊ သဘောမျိုး ထူးခြားသွားတယ်။]

သုရမ္ဗဋ္ဌမည်သော တကာတဦးလဲ- မြတ်စွာဘုရား ကျောင်းတော်သို့ နံနက်တွင်သွား၍ တရားနာရာ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး သိသွားသတဲ့။ အိမ်သို့ပြန်ရောက်လာပြီးနောက်မကြာမီ မာရ်နတ်ကြီးက ဘုရားအသွင်ဖန်ဆင်း၍ အိမ်ရှေ့၌ ရောင်ခြည်တော် ခြောက်သွယ် လွှတ်လျက် ရပ်နေတဲ့။ သုရမ္ဗဋ္ဌ က-မြတ်စွာဘု

ရား........အဘယ်ကိစ္စ ရှိပါသနည်း-ဟု ချဉ်းကပ်သွားတော့ မာရ်နတ်ဘုရားကြီးက ဒါယကာ သုရမ္ဗဋ္ဌ.......ငါဘုရားသည် နံနက်က သင်္ခါရတရားအားလုံး အမြဲမရှိဟု အမှတ်တမဲ့ ဟောလိုက်မိတယ်၊ အချို့မြဲတယ်၊ အချို့မမြဲဘူး-ဟု ပြင်၍မှတ်ရမည်-ဟုဆိုသတဲ့။

သည်တော့ သုရမ္ဗဋ္ဌက မြတ်စွာဘုရားကို နာမည်ပျက်အောင် နှောက်ယှက်တာဘဲဟု ချက်ခြင်းသိ၍ ချက်ခြင်းရိပ်မိ၍ ''အရှင်သည် မာရ်နတ်ကြီးမဟုတ်ဘူးလား''ဟု ဆိုလိုက်သတဲ့။ သည်လိုဆိုတာနဲ့ တပြိုက်နက် ရောင်ခြည်တော်ခြောက်သွယ်တွေပါကွယ်ပျောက်ပြီး မာရ်နတ်ကြီးထင်ရှားစွာ ပေါ်လာသတဲ့။ သင့်တို့လို မာရ်နတ်မျိုး ရာထောင်မက လာ၍နှောက်ယှက်သော်လည်း ငါ၏သဒ္ဓါတရား ဘုရားမပြောင်းတော့ဘူးလို့ ဆိုလိုက်သတဲ့။

[ဒီလိုသစ္စာလေးပါးမသိသူသာဖြစ်လျှင်တင်ပါ့ဘုရား၊မှန်ပါ့ဘုရားထဲမျောပါသွားရှာတော့မှာဘဲ။]

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးမှာတော့-မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးသိသူသည် ကိလေသာကို ဖေါက်ခွဲနိုင်၏။ အနမတဂ္ဂ သံသရာဝဋ်ဒုက္ခ သမုဒြာကိုလည်း ခန်းစေ၏။ အပါယ်တံခါးကိုလည်းပိတ်စေ၏။ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာသို့လည်း ရှေးရှုပြု၏။ မိစ္ဆာမဂ္ဂင်ရှစ်ပါးကိုလည်းပယ်၏၊ အတွင်း၊ အပ၊ အနီး၊ အဝေး၊ အကြီး၊ အသေး-ဖြစ်သော ဘေးရန် ကိုလည်းငြိမ်းစေ၏။ ဘုရားရှင်၏ သားတော်၊ သမီးတော်စစ်အဖြစ်သို့လည်း ရောက်စေ၏။ ရတနာသုံးပါး၌ သက်ဝင်သော အဝိဂမသဒ္ဓါရခြင်း၊ ပဋိသမ္ဘိဒါဉာဏ်ရခြင်း၊ အဘိညာရခြင်း-စသော အာနိသင်ကိုလည်းရစေ၏-ဟုဖွင့်ဆိုတော်မူသည်။

ခုဋ္ဋကနိကာယ်-ပဋိသမ္ဘိဒါဉာဏ်ရလို့ ပိဋကတ်သုံးပုံဆောင်နိုင်တယ်။ မိန်းမထဲက ဗဟုဿုတ ဧတဒဂ်ရတယ်။ သူဟောတဲ့ တရားကိုနာရလို့ သာမာဝတီအမှူးရှိသော နန်းတွင်းသူ ငါးရာ မဂ်ဖိုလ် ရကြတယ်။

မာတိကာ မာတာ-မည်သော ဒါယကာမတဦးသည် ရဟန်း ခြောက်ကျိပ်ကို ကိုးကွယ်၍ ထိုရဟန်းတို့ဟောပြသော ဥတ္တိံသကောဋ္ဌာသ ကမ္မဋ္ဌာန်းဖြင့် အနာဂါမ်တိုင်အောင် ဉာဏ်ဆိုက်၍ အဘိညာရတယ်။ ထိုအဘိညာဖြင့် ရဟန်းတို့၏စိတ်ကို ကြည့်၍ စိတ်တိုင်းကျ ပြုစုလုပ်ကျွေးတယ်၊ ဝါကျွတ်သောအခါ ထိုရဟန်းခြောက်ကျိပ်လဲ ရဟန္တာဖြစ်၍ မြတ်စွာဘုရားထံ ပြန်သွားပြီးလျှင် မာတိကာ မာတာသည် အလွန်အလိုက်သိတတ်ပါသည်။ ရဟန်းတို့၏စိတ်ကြံကိုသိ၍ ပြုစုလေ့ရှိပါသည် ဟု လျှောက်ကြားကြသတဲ့။

[ယခုအခါ ဤသို့ ပဋိစ္စသမုပ္ပါဒ်နှင့် ဆက်သွယ်သော သစ္စာလေးပါးတရားကို နာခံမှတ်သားနှလုံးထားကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ငါတို့ရှေးကုသိုလ်ကံကြောင့် ငါတို့အတွက် ကြုံတွေ့ရသော တရားတော်တွေပါတကားဟု ဆင်ခြင်ပြီးလျှင် ကုသိုလ်စိတ်အား အကုန်လုံးဖြင့်

နှလုံးအိမ်အတွင်းသို့ ဆောင်သွင်း၍ သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိခြင်းငှါ အားထုတ်နိုင်ကြပါစေကုန်သတည်း။]

---

# (၅) သဥ္စာယတန သံယုတ်ပါဠိတော်

## စိတ္တသံယုတ်တရားစာ။

အခါတပါး များစွာသောမထေရ်တို့သည် မစ္ဆိကာသဏ္ဍအရပ်၊ အမ္ဗာဋကဥယျာဉ်၌ သီတင်းသုံးနေကြသတဲ့။ ထိုအခါ ဆွမ်းကိစ္စအပြီးတွင် စည်းဝေး၍ ဤသို့သော စကားတခုကို ပြောဆိုကြသတဲ့။ ငါ့ရှင်တို့ သံယောဇဉ်နှင့် သညောဇနိယ-၍နှစ်ပါးသည် အနက် အဓိပ္ပါယ်တူသလော၊ ထူးသလော—ဟုပြောဆိုကြသတဲ့။

[ရှေးမထေရ်များသည်စည်းဝေးရာ၌ ဆုံမိကြလျှင်၊အချည်းနှီးသောစကားကို မဆိုကြဘဲ မသိလျှင်မေးမြန်းခြင်း၊ သိလျှင် ပြေဆိုခြင်းဖြင့် စကားတခုခုကို ပြောဆိုလေ့ရှိကြတယ်။ ထို့ကြောင့် ဤသို့သော ပြဿနာတခု ဖြစ်လာရတယ်။]

ထိုအခါမထေရ်အချို့က သံယောဇဉ်ဆိုဒါနှောင်ဖွဲ့သောကြိုး၊သညောဇနိယဆိုဒါ နှောင်ဖွဲ့အပ်သော တရားဖြစ်၍ မတူဘူးဟု ဆိုကြတယ်။ အချို့က အတူတူပါဘဲ၊မထူးပါဘူး-ဟု ဆိုကြသတဲ့။ ထိုအခါ ကျောင်းတကာ စိတ္တသူကြွယ်သည် အနီးသို့ရောက်လာ၍ ထိုစကားကိုကြား၍ မထေရ်များထံ ချဉ်းကပ်ရှိခိုးပြီး သင့်ရာ၌နေလျက် အရှင်ဘုရားတို့စကားပြောသည်ကို တပည့်တော် ဤသို့ဤသို့ ကြားမိပါသည်၊ဟုတ်ပါသလားဘုရား ဟု လျှောက်သတဲ့။ ဒါယကာ……သင်ကြားတိုင်းမှန်ပေသည်ဟု ဝန်ခံကြတယ်။

အရှင်ဘုရားတို့…….. သံယောဇဉ် နှင့် သညောဇနိယ—နှစ်ပါးသည် အနက် အဓိပ္ပါယ် ကွဲလွဲပါတယ်ဘုရား။သိလွယ်အောင် ဥပမာတခုပြုရလျှင် ဖြူသောနွားနှင့် နက်သော နွားနှစ်ကောင်ကို ကြိုးတချောင်းဖြင့် ချည်ထားသော အခါ လူတယောက်က-နွားဖြူသည် နွားနက်၏ နှောင်ဖွဲ့ကြိုး သံယောဇဉ်ဖြစ်သည်၊နွားနက်သည် နွားဖြူ၏နှောင်ဖွဲ့ကြိုး သံယောဇဉ်ဖြစ်သည်ဟု-ဆိုငြားအံ့။ဟုတ်မှန်ပါမည်လော ဘုရားဟု ဥပမာဖြင့်လျှောက်သတဲ့။

ဒါယကာ……..မဟုတ်နိုင်ဘူး။နွားဖြူသည် နွားနက်၏ သံယောဇဉ်ကြိုးမဟုတ်။ နွားနက်သည် နွားဖြူ၏ သံယောဇဉ်ကြိုးမဟုတ်။နွားနှစ်ကောင်ကို ကြိုးတချောင်းတည်းဖြင့် ချည်ထားပေသည်။ ထိုကြိုးသည်သာလျှင် သံယောဇဉ်ဖြစ်၍ နှောင်ဖွဲ့သောကြိုးဖြစ်တယ်ဟု မထေရ်မြတ်တို့က မိန့်ဆိုကြသတဲ့။

အရှင်ဘုရားတို့……..ထိုဥပမာနှင့်အတူ ရှုတော်မူကြပါ။စက္ခုသည် ရူပါရုံ၏သံယောဇဉ်ကြိုးမဟုတ်ပါ၊ရူပါရုံသည် စက္ခု၏သံယောဇဉ်ကြိုးမဟုတ်ပါ၊စက္ခုနှင့်

ရူပါရုံနှစ်ခုကိုစွဲ၍ ဆန္ဒရာဂဖြစ်ပါသည်။ ထိုဆန္ဒရာဂသည်သာလျှင် သံယောဇဉ်ကြီးဖြစ်ပါသည်ဘုရား။

သောတ နှင့် သဒ္ဒါရုံ၊ ဃာန နှင့် ဂန္ဓာရုံ၊ ဇိဝှါ နှင့် ရသာရုံ၊ မန နှင့် ဓမ္မာရုံတို့၌လည်း ဤအတူ၊ မန နှင့် ဓမ္မာရုံ နှစ်ခုကိုစွဲ၍ ဆန္ဒရာဂဖြစ်ပါသည်။ ထိုဆန္ဒရာဂသည်သာလျှင် သံယောဇဉ်ကြီးဖြစ်ပါသည်ဘုရားဟု လျှောက်သတဲ့။

ထိုအခါ မထေရ်မြတ်တို့က ဒါယကာ……သင်သည် လူ့ဘဝကို အရ တော်လေစွ။ ရသင့်ရထိုက်သော အာနိသင်ကို သင်ရပေသည်။ အတ္တဂမ္ဘီရ၊ ဓမ္မဂမ္ဘီရဖြင့် နက်နဲလှသော မြတ်စွာဘုရား၏စကားတော်၌ ဉာဏ်မျက်စိ ဖြစ်နိုင်ပေသည်ဟု ချီးကြူးသောစကားကို ဝမ်းမြောက်စွာ မိန့်ဆိုတော်မူကြသတဲ့။

ဒီနေရာမှာ……တရားနာသူတို့ မြဲမြဲစွဲစွဲမှတ်စရာကတော့-လောကမှာ သားသမီးပစ္စည်းဥစ္စာတို့ကို သံယောဇဉ် နှောင်ကြိုးတွေဟု ဆိုတတ်ကြတယ်။ ဒီလိုဆိုတာ မှုချမဟုတ်ဘူး။ဥပစာဖြင့် တင်စားပြီးဆိုကြတာဖြစ်တယ်။ ဝါ၊ လက်သယ်အစစ်ကို ဖုက်ထားပြီး အဖြစ်မရှိသူကို တရားခံဟု စွပ်စွဲခြင်းသာ ဖြစ်တယ်။ လက်သယ်အစစ်ကတော့ သင်းတို့ကတွေကို ချစ်ခင်စုံမက် နှစ်သက်တတ်တဲ့ ဆန္ဒရာဂ၊ တဏှာ၊ လောဘသာလျှင် သံယောဇဉ်နှောင်ကြိုး လက်သယ်အစစ်ဖြစ်ပေတယ်။

သားသမီးပစ္စည်းဥစ္စာက နှောင်မဖွဲ့တတ်ဘူးတဲ့။မိမိကိုယ်တွင်း ဟဒယဝတ္ထုမှာ ကိန်းတဲ့လောဘကသာ နှောင်ဖွဲ့နိုင်သတဲ့။ ဘုရားရှင်စကား နားထောင်ပြီး သံယောဇဉ်ဖြတ်ချင်လျှင် ကိုယ်တွင်းလောဘကိုသာမစုံမက်နိုင်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဘာဝနာဖြင့် ဖြတ်ရတယ်။ သားသမီးကို ဖြတ်ခြင်းဖြင့် သံယောဇဉ်ဖြတ်သည် မမည်နိုင်ဘူး။

နည်းယူစရာ ကောင်းတာကတော့……စိတ္တသူကြွယ်သည် အနာဂါမ်၊ ဝိဋ္ဌကတ်သုံးပုံဆောင်ဥပါသကာ ကျောင်းတကာ သူဌေးဖြစ်တယ်။ဘုန်းတော်ကြီးတွေကို ထိခိုက်ခြင်း မရှိစေဘဲ နားဝင်ချိုစွာဖြင့် ဝမ်းမြောက် ဝမ်းသာ မှတ်သားချင်အောင် တရားစကားကို ဟောပြပေတယ်။အမျိုးကောင်းသား ကုလပုတ္တ ပီသလှပေတယ်။နည်းယူဘွယ် ကောင်းလေစွ။

[စာတတ်သူဖြစ်လျက် မာန်တံခွန်ဖြင့် ထိခိုက်အောင် ဟောပြောသူတို့ကား မိမိတတ်သော စာကို အပါယ်ရိက္ခာဖြစ်အောင် ပြုသူဖြစ်၍ များစွာသနားထိုက်တယ်။ မိမိတရားကို မိမိမကြား သဖြင့် နားထိုင်းစောင်းသွားကြီးနှင့် ဂျလှ၏။ သို့သော် နားထိုင်းသော်လည်း စောင်းတီးခကာ ရနိုင်ပေလတ္တံ့။]

အခါတပါး စိတ္တသူကြွယ်သည် မထေရ်တို့ကို နေအိမ်သို့ ဆွမ်းစား ပင့်ဘိတ်သတဲ့။မထေရ်များရောက်လာသောအခါ ချဉ်းကပ်ရှိခိုး၍ အရှင်ဘုရားတို့၊ ဓာတုနာနတ္တ-ဓာတ်တို့၏ ထူးခြင်းဟု မြတ်စွာဘုရားဟောပါသည်။အဘယ်မျှဖြင့် ထူး

သည်ဟု ဟောပါသနည်း ဘုရားဟူ၍ လျှောက်သတဲ့။ မထေရ်ကြီးသည် မဖြေဘဲ ဆိတ်ဆိတ်နေသတဲ့။ နှစ်ကြိမ်သုံးကြိမ်မေးသော်လည်း ဆိတ်ဆိတ်သာနေသတဲ့။

[မထေရ်ကြီးသည် သိသော်လည်း မရဲဝံ့သောကြောင့်ဟု အဋ္ဌကထာ မိန့်ဆိုတယ်။]

ထိုအခါ ဣသိဒတ္တမည်သော ရဟန်းငယ်က မထေရ်ကြီးထံ တပည့်တော် ဖြေပါရစေဟု တောင်းပန်သတဲ့။ ခွင့်ရသောအခါ ဒါယကာ........သင်သည် ဓာတ်တို့၏ ထူးခြင်းကို မေးသည်မဟုတ်လော။ ဟုတ်ပါသည်ဘုရား။ ဒါယကာ ......မြတ်စွာဘုရားသည် စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်-တစုံ။ သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်-တစုံ။ ဤနည်းဖြင့် မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ်-တစုံ။ ခြောက်စုံ ၁၈-ပါးဖြင့် ဓာတ်တို့၏ ထူးခြင်းကို မြတ်စွာဘုရားဟောသည်ဟု ဖြေဆိုသတဲ့။

ထိုအခါ စိတ္တသူကြွယ်သည် လွန်စွာအားရ နှစ်သက်စွာ ဝမ်းမြောက်ခြင်း ဖြစ်သွားသတဲ့။ ထိုနောက် မထေရ်ကြီးက ငါ့ရှင် ဣသိဒတ္တ........သာဓုသာဓု၊ ကောင်းပေစွ။ ကောင်းပေစွ။ ဤပြဿနာသည် သင်၏ဉာဏ်၌ ထွန်းတောက်ပေသည်။ ငါ၏ ဉာဏ်၌ မထွန်းတောက်၊ နောင် ဘယ်အခါမဆို ဤသို့သောပြဿနာဖြစ်လျှင် သင်သာလျှင် ဖြေဆိုလေလော့ဟု မိန့်ဆိုသတဲ့။

[ဒီနေရာမှာ စိတ္တသူကြွယ် ပုံစံပြတာဟာ...မထေရ်များကမေးလျှင် ကောင်းစွာဖြေဆို၍ ဟောပြတယ်။ မထေရ်များကိုလဲ တရားစကားမေးမြန်းတတ်တယ်။ မထေရ်များဟောပြလျှင် ရိုသေစွာ နာခံမှတ်သားလေ့ရှိတယ်။ ငါနှင့်မဆိုင်၊ သူတော်ကောင်းများနှင့်သာ ဆိုင်သည်ဟူသော အနေမျိုးဖြင့် တခြားအဝေး၌ နေသေ့မရှိဘူး။ ငါ၊ မသိသူသာ နာရသည်။ ငါကဲ့သို့ သိသူနာဘွယ်မလိုဟု ရှောင်တိမ်းလေ့မရှိဘူး။ နည်းယူစရာတွေဖြစ်တယ်။

မှတ်စရာကတော့ စက္ခုဓာတ်နှင့်ရူပဓာတ်တွေ့ဆုံလျှင် စက္ခုဝိညာဏဓာတ်ဖြစ်တယ်။ သောတဓာတ်နှင့်သဒ္ဒဓာတ် တွေ့ဆုံလျှင် သောတဝိညာဏဓာတ်ဖြစ်တယ်။ ဤနည်းဖြင့် မနောဓာတ်နှင့် ဓမ္မဓာတ် တွေ့ဆုံလျှင် မနောဝိညာဏဓာတ်ဖြစ်တယ်။ ဤခြောက်စုံဖြစ်ခြင်းဖြင့် တလောကလုံးဖြစ်ပုံကို လွှမ်းခြုံပြီး ပြတော်မူတယ်။ ဤခြောက်စုံဖြစ်ပုံကို သိလိုလျှင် တလောကလုံးဖြစ်ပုံကို အကြွင်းမရှိ-အကုန်သိခြင်းဖြစ်နိုင်တယ်။ အကြောင်းအားလျော်စွာ ဖြစ်သော သင်္ခါရအားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ဝိပဿနာရှုစရာ ဟောပြခြင်းဖြစ်တယ်။]

အခါတပါး အရှင်ကာမဘူသည် မစ္ဆိကာသဏ္ဍအရပ် အမ္ဗာဋကဥယျာဉ်၌ နေထိုင်တော်မူတယ်။ ထိုအခါ စိတ္တသူကြွယ်သည် အရှင်ကာမဘူထံ ချဉ်းကပ်ရှိခိုး၍ နေရာတခု၌ ထိုင်သတဲ့။ ထိုသို့ ထိုင်နေသော စိတ္တသူကြွယ်ကို အရှင်ကာမဘူက- ဒါယကာ ......မြတ်စွာဘုရားသည်—

နေလင်္ဂေါ သေတပစ္ဆာဒေါ၊ ဧကာရော ဝတ္တတိရထော။
အနီဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓနံ။

ဟုဟောသည်။ ဒါယကာ........ဤသို့ အကျဉ်းဟောသည်ကို အနက်အဓိပ္ပါယ် အကျယ်ချဲ့၍ အဘယ်သို့ မှတ်သားအပ်လေသနည်းဟု မိန့်တော်မူသတဲ့။

အရှင်ဘုရား ......ဤစကားသည် ဘုရားဟော ဟုတ်ပါသလော။ ဒါယကာ....... ဘုရားဟောဟုတ်ပေသည်။ အရှင်ဘုရား........ခေတ္တဆိုင်းပါဦး။ စဉ်စားပါဦးမည်ဟု လျှောက်၍ (ဝိဋ္ဌကတ် သုံးပုံကိုနား၌ ပန်ထားသော နားဋ္ဌောင်းကို လှုပ်စေသကဲ့သို့ လှုပ်ရှားစေလျက်)စဉ်းစားပြီးလျှင် ဤသို့လျှောက်သတဲ့။

အရှင်ဘုရား........နေလင်္ဂေါ-ဟူသည် သီလဖြစ်ပါသည်ဘုရား။သေတပစ္ဆာဒေါသည် အရဟတ္တဖိုလ်-ဝိမုတ္တိပါဘုရား။ ကောရော-သည် သတိပါဘုရား။ ဝတ္တတိ-သည် ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း ဇူရိယာပုထ်ပါဘုရား။ရထော-သည် ဤမဟာဘုတ် ဓာတ်လေးပါးအစု ခန္ဓာကိုယ်ပါဘုရား။ ဤခန္ဓာကိုယ်သည် မိဘသွေးသားကြောင့်ဖြစ်၍ ထမင်းမုံ့တို့ဖြင့် တိုးပွါး၍ အနိစ္စသဘော ဖြစ်ပါသည်။ ဆေးလိမ်းခြင်း၊နှိပ်နယ်ခြင်း စသည်ဖြင့် ပြုပြင်သော်လည်း ပျက်စီးခြင်း သဘောသာရှိပါသည်ဘုရား။ရာဂ ဒေါသ မောဟသည် နီဃမည်ပါသည်။ ရဟန္တာအား ထိုနီဃတရားတို့ကို ပယ်ပြီး ဖြစ်သောကြောင့် အနီဃံ-သည် ရဟန္တာပါဘုရား။ အပတ္တံ-လည်း ရဟန္တာပါဘုရား။ တဏှာ သောတဟူသော ကိလေသာအယဉ်ကို ပယ်ပြီးဖြစ်သောကြောင့် ဆိန္နသောတံ-သည် ရဟန္တာပါဘုရား။ ရာဂ ဒေါသ မောဟ အနှောင်အဖွဲ့ကို ပယ်ပြီးဖြစ်သောကြောင့် အဗန္ဓနံ-သည် ရဟန္တာဖြစ်ပါသည်ဘုရား။ ဤသို့ အကျဉ်းဟောသည်ကို အနက် အဓိပ္ပါယ် အကျယ်ချဲ့၍ ဤသို့ တပည့်တော်—သိပါသည်ဘုရားဟု လျှောက်သတဲ့။

ထိုအခါ အရှင်ကာမဘူက ဒါယကာ ......သင်သူည် လူ့ဘဝကိုအရတော်လေစွ။ ရသင့်ရထိုက်သော အာနိသင်ကို သင်ရပေသည်။နက်နဲလှသော ဘုရားရှင် စကားတော်၌ ဉာဏ်မျက်စိဖြစ်နိုင်ပေသည်ဟု ချီးကျူးသောစကားကို၊ဝမ်းမြောက်စွာ မိန့်ဆိုတော်မူသတဲ့။

[မြတ်စွာဘုရားသည် အသား ဖြူဖြူ-ဝိန်ဝိန် ပါး ပါး နှာခေါင်း ပေါ်လွင်စွာဖြင့် ကြွလာသော ရဟန်းတပါးကို ကိုယ်တော်တိုင်မြင်၍ ချစ်သားတို့....ထိုရဟန်းကို ကြည့်ရှုကြလော့ဟု ပြ၍ဟောသော ဂါထာဖြစ်သည်။စိတ္တ သူကြွယ်သည် နည်းယူ၍ ဖြေနိုင်ခဲ့သော ပြဿနာကို ဖြေဆိုလေသည်။]

ဂါထာ အနက်ကား။ ။နေလင်္ဂေါ-ညစ်ကြေး ကင်းသော သီလ အင်္ဂါ ရှိသော။ သေတပစ္ဆာဒေါ-အရဟတ္တဖိုလ် ထီးဖြူကို ဆောင်းသော။ ကောရော၊ သတိရှိသော။ ရထော၊ ခန္ဓာကိုယ်တည်းဟူသော ရထားသည်။ ဝတ္တတိ၊ ရှေ့သို့ တက်ခြင်း နောက်သို့ဆုတ်ခြင်းဖြင့် ဖြစ်၏။ အနီဃံ—နီဃဟူသော ကိလေသာ မရှိသော။ဆိန္နသောတံ၊ တဏှာရေယဉ်ကို ဖြတ်ပြီးသော။ အဗန္ဓနံ၊ ကိလေသာ အနှောင်အဖွဲ့မရှိသော။အပတ္တံ၊ထွတ်ထိပ် သို့ရောက်သော ရဟန္တာကို။ဝါ၊ဝဋ်ဒုက္ခသို့ ပြန်မရောက်ကောင်းသော ရဟန္တာကို။ပဿ၊ ရှုလေလော့။

[ဤကား စိတ္တသူကြွယ်ရှင်းပြသောအနက်။ဘုရားရှင်အာဘော်ကျအနက်ဖြစ်၏။]

ဤနည်းမသိလျှင် အနက်ဤသို့ချွတ်တတ်၏။ ။နေ့လဂေ်ါ၊ညစ်ကြေး ကင်းသောအင်္ဂါရှိသော။သေတဗ္ဗာဒေါ၊ ဖြူသောပေါင်းမိုးရှိသော။ ကောရော၊ တခုသော အကန့်ရှိသော။ရထော၊ရထားသည်။ဝတ္တတိ၊လည်၍ဖြစ်၏။ အနီဃံ၊ဆင်းရဲမရှိသော။အပ္ပတ္တံ၊ အတောင်မရှိသော။ ဆိန္နသောတံ၊ ရေယဉ်ကိုဖြတ်သွားသော။ အဗန္ဓနံ၊အဖွဲ့မရှိသောရထားကို။ပဿ၊ကြည့်ရှုလေလော့။

[ဤကား မသိ၍ ချွတ်သော အနက်ဖြစ်ပုံတည်း။]

[ဒီနေရာမှာ မထေရ်များကလဲ''လူထံ၌စာမေးခြင်းသည် အောက်ကျသည်၊ ရှက်စရာ၊ ဂုဏ်ပျက်သည်''ဟု နှလုံးမထားဘူး။ ပျားရည်မှန်လျှင် ကြက်ဆူပင်-အနှစ်မရှိမှ ဖြစ်စေ၊တမာခါးပင်မှဖြစ်စေ ချိုသောအရသာရှိမြဲဟု နှစ်သက်စွာ နားထောင်တော်မူကြတယ်။ စိတ္တသူကြွယ်ကလည်း မထေရ်တို့ပင် ငါ့ကိုစာမေးရသည်ဟု မာန်မာနမထားဘဲ မြတ်စွာဘုရားကို အလေးပြုလျက် ဝဋ်မှထွက်မြောက်ခြင်းကို ငဲ့၍ ရိုသေစွာ ဖြေဆိုလျှောက်ကြားကာ ဟောပြပေတယ်။ ကုလပုတ္တ အမျိုးကောင်းသားဖြစ်လိုသူတို့ နည်းယူစရာ ပုံစံပြ ကြပေတယ်။]

အခါတပါး အစေလက ကဿပသည် မစ္ဆိကာသဏ္ဍသို့ ရောက်လာသတဲ့။စိတ္တသူကြွယ်၏ ငယ်မိတ်ဆွေဖြစ်တယ်။ ထိုအခါ စိတ္တသူကြွယ်သည် ချဉ်းကပ်၍ ဝမ်းမြောက်စွာစကား ပြော၍ နေရာတခု၌ ထိုင်ပြီးလျှင်''အရှင်ရဟန်းပြုသည်မှာ အဘယ်မျှ ကြာပါပြီနည်း''ဟု မေးသတဲ့။ဒါယကာ........နှစ်ပေါင်း ၃၀—ရှိပြီ။ အရှင်သည်နှစ်ပေါင်း ၃၀-ဖြင့် လူတို့ရနေကျ ကုသလကမ္မပထထက်လွန်သော ဥတ္တရိမနုဿဓမ္မ—ပုဂ္ဂိုလ်ထူးတို့ရသောတရားထူးကို တခုခုရပါသလော။ ဒါယကာ........အဝတ်မဝတ်သော နဂ္ဂေယျအကျင့်၊ ဦးပြည်းရိတ်သော မုဏ္ဍေယျ အကျင့်၊ထိုင်ရာမှထသောအခါ တင်ပါး မြူကပ်သည်ကို ခါခြင်း၄ါ ဦးဒေါင်းမြီးကိုင်သော ပါဝဠနိဗ္ဗေါဌနအကျင့်-ဤအကျင့် သုံးမျိုးမှတပါး တစုံတခုသော တရားထူးကို ရခြင်းမရှိသေး၊

ဒါယကာ........သင်သည် မြတ်စွာဘုရား၏ တပည့်သာဝက ဥပါသကာဖြစ်သည်မှာ အဘယ်မျှကြာပြီနည်း။ အရှင်ဘုရား........နှစ်ပေါင်း ၃၀—ရှိပါပြီ။ ဒါယကာ ......ဤနှစ်ပေါင်း ၃၀-ဥပါသကာ အဖြစ်ဖြင့် တရားထူး တစုံတခုကိုရလေသလော၊ အရှင်ဘုရား........တရားထူးကိုရပါသည်၊ကာမကိလေသာ အကုသိုလ်တို့မှ ဆိတ်၍ ပဌမဈာန်ကို အလိုရှိတိုင်း ဝင်စားနိုင်ပါသည်၊ ဝိတက် ဝိစာရကင်းသော ဒုတိယဈာန်ကိုရင်း၊ ပီတိသုခပြည့်သော တတိယဈာန်ကိုရင်း၊ သုခ ဒုက္ခသောမနဿ ဒေါမနဿချုပ်သော စတုတ္ထဈာန်ကိုရင်း—အလိုရှိတိုင်း ဝင်စားနိုင်ပြီ။ အကျွန်ုပ်သေလျှင် ဤစိတ္တကျောင်းတကာသည် သံယောဇဉ်ကင်းပြီ၊ ဤကာမဘုံသို့ မလာပြီဟု မြတ်စွာဘုရားမိန့်ဆိုမည် မလွဲပါဘုရားဟု လျှောက်၏။

ထိုအခါ အစေလကကဿပသည် ဤသို့ဆို၏။ အချင်းတို့......ကောင်းစွာဟောကြားအပ်သော တရား၏ အဖြစ်သည် အံ့ဘွယ်ရှိပေစွ၊ လူဝတ်ဖြင့်နေသူဖြစ်လျက်

ပုဂ္ဂိုလ်ထူးတို့ ရသောချာန်ချမ်းသာကိုရပေသည်၊ အံ့ဘွယ်ရှိပေစွ၊ ဒါယကာ—ငါသည်လည်း ဤသာသနာ၌ ရှင်ရဟန်းပြုလိုသည်၊ ဆောင်ရွက်ပေးပါဟုဆို၏။ စိတ္တသူကြွယ်သည် အစေလကကဿပ-ငယ်သူငယ်ချင်းကို မထေရ်တို့ထံခေါ်သွား၍ ဤသူကို ရဟန်းပြုပေးကြပါဘုရား၊ ပစ္စည်းလေးပါးအတွက် အားထုတ်ပါမည်ဟုလျှောက်၏၊ အစေလကကဿပသည် ရဟန်းအဖြစ်ကိုရ၍ မကြာမီရဟန္တာဖြစ်လေ၏။

[အကျိုးရှိအောင်၊ ဆောင်ရွက်သော မိတ်ဆွေကောင်းမှီသလေစွ၊ ဤသို့သော မိတ်ဆွေကောင်း၊ ကိုသာ ယုံကြည်ရသည်၊ မိမိအားအလိုလိုက်ကာ အင်း–လိုက်သောသူသည် မိတ်ဆွေတုမည်၏၊ ယုံကြည်ထိုက်သူ–အားထားထိုက်သူမဟုတ်။]

အခါတပါး နာဋပုတ္တ နိဂဏ္ဌသည် မဇ္ဈိကာ သဏ္ဍာသို့ နိဂဏ္ဌ ပရိသတ်များနှင့် လှည့်လည်လာသတဲ့၊ စိတ္တသူကြွယ်သည် ဥပါသကာများနှင့်သွား၍ နာဋပုတ္တနှင့် ဝမ်းမြောက်စွာ စကားပြော၍ သင့်သော နေရာတခု၌ နေသတဲ့။

[သာသနာသိပြီးသောစာတတ် အနာဂါမ်တဦးဖြစ်လျက် အသရေမရှိသောနိဂဏ္ဌထံ အဘယ်ကြောင့် ချဉ်းကပ်သနည်း ဟူမူ။ ''ရဟန်းဂေါတမ၏ တပည့်တို့သည် ဖွဲ့အပ်သောရှားငုတ်ကဲ့သို့ လွန်စွာခက်ထန်ကုန်၏။ တစုံတယောက်နှင့် အစေ့အစပ် စကားမျှ မပြောလိုကြ''ဟု နိဂဏ္ဌတို့စွပ်စွဲလေ့ရှိသည်ကို လွတ်စေခြင်းငှါရင်း။ ထိုနိဂဏ္ဌတို့၏ ဝါဒ၌ အပြစ်ဒေါသကို တင်ပြခြင်းငှါရင်း—ချဉ်းကပ်သတဲ့။

ထိုအခါ နာဋပုတ္တသည် ဒါယကာ-ဝိတက်ဝိစာရကင်းသော သမာဓိဟူ၍ရင်း၊ ဝိတက်ဝိစာရချုပ်ခြင်းရှိ၏ ဟူ၍ရင်း ဟောသည်ကိုယုံကြည်သလောဟုဆိုသတဲ့။ အရှင်ဘုရား……''အကျွန်ုပ်သည် မြတ်စွာဘုရားအား ယုံကြည်၍ သိသည်မဟုတ်။ ထိုသမာဓိနှင့် ထိုချုပ်ခြင်းသည်ရှိ၏၊ မသိမမြင်သူသာ သူတပါးကို ယုံကြည်၍ သိရသည်၊ အကျွန်ုပ်ကား ကိုယ်တိုင်သိ၍ သိသူဖြစ်ပါသည်။ မြတ်စွာဘုရားအား ယုံကြည်၍သိသည်မဟုတ်ပါ''ဟုဆို၏။

ထိုအခါနာဋပုတ္တသည် အရပ်လေးမျက်နှာကြည့်၍အချင်းတို့……ဤသူကိုကြည်ကြလော့၊ အလွန်ဖြောင့်စင်း၏။ စဉ်းလဲခြင်းမရှိ၊ လှည့်စားခြင်းမရှိ။ ဝိတက်ဝိစာရကိုချုပ်စေအပ်၏ဟု ထင်သူသည် လေကိုကွန်ယက်ဖြင့် တားနိုင်သည်ဟု ဂင်္ဂါရေအယဉ်ကို မိမိလက်ဆုပ်ဖြင့် တားနိုင်သည်ဟု မှတ်ထင်သူ အထင်ကြီးသူဖြစ်ရာ၏ဟုဆို၏။

[ဤကားမြတ်စွာဘုရားကို ထိခိုက်၍ဆိုခြင်းတည်း။]

အရှင်ဘုရား……ဉာဏ်နှင့် သဒ္ဓါ အဘယ်က မြတ်ပါသနည်း။ ဒါယကာ……'ဉာဏ်သာလျှင် သဒ္ဓါထက်မြတ်၏။ အရှင်ဘုရား……အကျွန်ုပ်သည် ဝိတက်ဝိစာရရှိသော ဈာန်ကို အလိုရှိတိုင်း ဝင်စားနိုင်၏။ ဝိတက် ဝိစာရ ကင်းသော ဒုတိယဈာန်ကိုရင်း၊ တတိယဈာန်ကိုရင်း၊ စတုတ္ထဈာန်ကိုရင်း–အလိုရှိတိုင်း ဝင်စားနိုင်၏။ ဤသို့ဉာဏ်ဖြင့် သိမြင်သော အကျွန်ုပ်သည် ဝိတက်ဝိစာရကင်းသော သမာဓိ

ရှိ၏ဟူ၍ငှင်း၊ ဝိတက် ဝိစာရချုပ်ခြင်းသည်ရှိ၏ဟူ၍ငှင်း- အဘယ်သမဏဖြာဟ္မဏကို သဒ္ဓါဖြင့်ယုံကြည်၍သိနိုင်ပါအံ့နည်း ဟုဆို၏။

ထိုအခါနာဋပုတ္တသည် မိမိပရိတ်သတ်ကိုကြည့်၍ တပည့်တို့........ဤသူကိုကြည့်ကြလော့၊ အလွန်ကောက်ကျစ်၏။ စဉ်းလဲ၏။ လှည်စား၏ဟုဆို၏။ ထိုအခါ စိတ္တသူကြွယ်က အရှင်သည် ယခုပင် ဤသူဖြောင့်စင်းသည်ဟုဆို၏။ ယခုပင် ကောက်ကျစ်သည်ဟုဆို၏။ ရှေ့စကားမှန်လျှင် နောက်စကားမှားပြီ။ နောက်စကားမှန်လျှင် ရှေ့စကားမှားပြီ။ အရှင်သည် အကြောင်းနှင့်ညီသော ပြဿနာဆယ်ချက်ကို သိသောအခါ နိဂဏ္ဌပရိသတ်နှင့် တကွ ငါသိပြီဟု အကြောင်းကြားတော်မူပါ။ ပြဿနာဆယ်ချက်ကား တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တဆယ်-ဤဆယ်ချက်ကိုသိလျှင် အကြောင်းကြားတော်မူပါဟုပြဿနာဆယ်ဖြင့် ပန်ကြား၍ ဖဲသွားသတဲ့။

ပြဿနာဆယ်ချက်၏ အကြောင်းရင်းကတော့။ ။အင်္ဂုတ္တိုရ်ဒသနိပါတ်မဟာဝဂ်မှာ-တိတ္ထိများနှင့် ရဟန်းများ တွေ့ဆုံကြသောအခါ တိတ္ထိတို့က-ငါ့ရှင်တို့........ရဟန်းဂေါတမသည် တပည့်တို့အား သဗ္ဗဓမ္မ-အလုံးစုံသော တရားကိုသိ၍ နေကြလော့ဟု ဆုံးမသည်။ ငါတို့ တိတ္ထိဆရာများလည်းတပည့်တို့အား သဗ္ဗဓမ္မ-အလုံးစုံသော တရားကိုသိ၍နေကြလော့ဟု ဆုံးမသည်။ ငါ့ရှင်တို့........ရဟန်းဂေါတမနှင့် ငါတို့သည်ဆုံးမခြင်း၊ တရားဟောခြင်း အထူးမရှိ။ ထူးသည်ဟု ဆိုခြင်းသည်အဘယ်စကားနည်းဟု ဆိုကုန်၏။

[အလယ်၌ဖြတ်သော ရွှေတုံးကဲ့သို့ သာသနာတော်နှင့် မိမိတို့အယူကို ဦးညှိကာဆိုကြသတဲ့။]

ထိုအကြောင်းကို မြတ်စွာဘုရားအား ပြန်လျှောက်သောအခါ ချစ်သားတို့........ဤသို့ဆိုသော တိတ္ထိကို ငါ့ရှင်တို့........တခု ဟူသည် အဘယ်နည်း၊ နှစ်ခုဟူသည် အဘယ်နည်း၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုးခုဟူသည် အဘယ်နည်း၊ ဆယ်ခုဟူသည် အဘယ်နည်းဟုပြန်မေးကြကုန်လော့။ ဤသို့မေးလျှင် တိတ္ထိတို့သည် မိမိတို့ အရာမဟုတ်သောကြောင့် မဖြေနိုင်ဘဲ ပင်ပန်းခြင်းသို့ ရောက်ကုန်လတ္တံ့။ နတ်ပြည် ဗြဟ္မာပြည်နှင့်တကွသော သြကာသလောက၌ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူနှင့်တကွသော သတ္တလောက၌ ဤပြဿနာကို နေရာတကျ ဖြေဆိုနိုင်သူကို ငါဘုရား မြင်တော်မမူ။ မြတ်စွာဘုရားသည်ငှင်း၊ မြတ်စွာဘုရား၏ တပည့်သည်ငှင်း၊ ဤ၌ တရားနာဘူးသောသူသည်ငှင်း၊ ဤသူတို့သာ ကောင်းစွာ နေရာတကျဖြေဆိုနိုင်ရာ၏၊

ချစ်သားတို့........တခုဟူသည်ရှာအပ်သောပြဿနာတခု၊ ထိုတခုဟူသည် အဘယ်နည်းဟု မေးအပ်သော ဥဒ္ဒေသတခု၊ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဟု ဖြေအပ်

သော ဗျာကရဏ တခုဖြစ်၏။ အဓိပ္ပါယ်ကား-တခုကို ကောင်းစွာသိလျှင် မျက်မှောက်၌ ဒုက္ခကင်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ အဘယ်တခုနည်းဟူမူ-သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဖြစ်၏။ ဤတခုသိလျှင် မျက်မှောက်၌ ဒုက္ခကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ နှစ်ခုဟူသည် နာမ်နှင့် ရုပ်တည်း။ ဤနှစ်ခုကိုသိလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏။
[ဤနည်းဖြင့် ဆယ်ခုအထိသိအပ်၏။ လေ့လာအပ်၏။]

## လေ့လာပုံကား။

၁။ ဧကံနာမကိံ၊ ဧကံနာမ၊ တခုဟူသည်။ ကိံ၊ အဘယ်နည်း။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရလျှင် တည်ရာရှိကုန်၏။ ဝါ၊ အကြောင်းမကင်းသောတေဘူမကသင်္ခါရတို့ဖြစ်ကုန်၏။
[ပုဂ္ဂလာဓိဋ္ဌာန်၊ ဓမ္မာဓိဋ္ဌာန်–နှစ်နက်–ဟုသိ။]

၂။ ဒွေနာမကိံ။ ဒွေနာမ၊ နှစ်ခုဟူသည်။ ကိံ၊ အဘယ်နည်း။ နာမဉ္စ၊ ရူပဉ္စ။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း။ ဝါ၊ နာမ်နှင့်ရုပ်တည်း။

၃။ တီဏိနာမကိံ။ တီဏိနာမ၊ သုံးခုဟူသည်။ ကိံ၊ အဘယ်နည်း။ တိဿော ဝေဒနာ။ တိဿော၊ သုံးပါးကုန်သော။ ဝေဒနာ၊ ဝေဒနာတို့တည်း။

၄။ စတ္တာရိနာမကိံ။ စတ္တာရိနာမ၊ လေးခုဟူသည်။ ကိံ၊ အဘယ်နည်း။ စတ္တာရော အာဟာရာ။ စတ္တာရော၊ လေးပါးကုန်သော။ အာဟာရာ၊ အာဟာရတို့တည်း။ တနည်း-စတ္တာရိ အရိယ သစ္စာနိ။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့တည်း။ တနည်း-စတ္တာရော သတိပဋ္ဌာနာ။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန် တို့တည်း။

၅။ ပဉ္စနာမကိံ။ ပဉ္စနာမ၊ ငါးခုဟူသည်။ ကိံ၊ အဘယ်နည်း။ ပဉ္စုပါဒါနက္ခန္ဓာ။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတို့တည်း။

၆။ ဆနာမကိံ။ ဆနာမ၊ ခြောက်ခုဟူသည်။ ကိံ၊ အဘယ်နည်း။ ဆအဇ္ဈတ္တိကာယတနာနိ။ ဆ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာယတနာနိ၊ အဇ္ဈတ္တိကာယတနတို့တည်း။

၇။ သတ္တနာမကိံ။ သတ္တနာမ၊ ခုနစ်ခုဟူသည်။ ကိံ၊ အဘယ်နည်း။ သတ္တဝိညာဏဋ္ဌိတိယော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏဋ္ဌိတိတို့တည်း။ တနည်း-သတ္တဗောဇ္ဈင်္ဂါ။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့တည်း။

၈။ အဋ္ဌနာမကိံ။ အဋ္ဌနာမ၊ ရှစ်ခုဟူသည်။ ကိံ၊ အဘယ်နည်း။ အဋ္ဌလောကဓမ္မာ။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောကဓမ္မာ၊ လောကဓမ် တရားတို့တည်း။ တနည်း-အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ အရိယော၊ မြတ်သော။ မဂ္ဂေါ၊ မဂ်သည်။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးရှိ၏။

၉။ နဝနာမကိံ။ နဝနာမ၊ ကိုးခုဟူသည်။ ကိံ၊ အဘယ်နည်း။ နဝ သတ္တာဝါသာ။ နဝ၊ ကိုးပါးကုန်သာ။ သတ္တာဝါသာ၊ သတ္တာဝါသတို့တည်း။

၁၀။ ဒသနာမကိံ။ ဒသနာမ၊ ဆယ်ခုဟူသည်။ ကိံ၊ အဘယ်နည်း။ ဒသ အကုသလ ကမ္မပထာ။ ဒသ၊ ဆယ်ပါးကုန်သော။ အကုသလ ကမ္မပထာ၊ အကုသိုလ် ကမ္မပထတို့တည်း။ တနည်း- ဒသကုသလ ကမ္မပထာ။ ဒသ၊ ဆယ်ပါးကုန်သော။ ကုသလ ကမ္မပထာ၊ ကုသိုလ်ကမ္မပထတို့တည်း။

[ခုဒ္ဒကပါဌ ပါဠိတော်၌ကား၊ ကုမာရပဉှာ—သူငယ်သင် ပြဿနာ ဆယ်ပါး ဟု ဟောသည်။]

[ဤပြဿနာ ဆယ်ခုတို့တွင် တခုခု ကောင်းစွာသိလျှင် မျက်မှောက် မဂ်ဖိုလ်ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သတဲ့။ ဒီလိုဖြစ်လျှင် နာဋ္ဌပုတ္တနိဂဏ္ဍကြီးသိနိုင်ဘို့ရာ လွယ်ကူမည်မဟုတ်ပေဘူး။]

အခါတပါး စိတ္တသူကြွယ်သည် မထေရ်တို့ကို နေအိမ်သို့ ဆွမ်းစား ပင့်ဘိတ်၍ ကြွရောက်လာသောအခါ ချဉ်းကပ်ရှိခိုး၍ အရှင်ဘုရား........လောက၌ ဒိဋ္ဌိတို့သည် ခန္ဓာလောကမြဲ၏ဟူ၍ဎင်း၊ မမြဲဟူ၍ဎင်း၊ အဆုံးရှိ၏ဟူ၍ဎင်း၊ အဆုံးမရှိဟူ၍ဎင်း၊ ဇီဝနှင့်ကိုယ် တခုတည်းဟူ၍ဎင်း၊ တခြားစီဟူ၍ဎင်း၊သတ္တဝါသေပြီးဖြစ်၏ဟူ၍ဎင်း၊မဖြစ်ဟူ၍ဎင်း၊အချို့ဖြစ် အချို့မဖြစ်ဟူ၍ဎင်း။ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ဎင်း-၆၂-ပါးသောဒိဋ္ဌိတို့ကို မြတ်စွာဘုရား ဟောပါသည်။ဤဒိဋ္ဌိတို့သည် အဘယ်တရားရှိခြင်းကြောင့် ဖြစ်ကြပါသနည်း။ အဘယ် တရားမရှိလျှင် မဖြစ်ကြပါသနည်းဟုလျှောက်သတဲ့။

မထေရ်ကြီး ဆိတ်ဆိတ်နေဒါနဲ့၊ ဣသိဒတ္တရဟန်းငယ်က ခွင့်ပန်ပြီးဖြေသတဲ့၊ ဖြေပုံကတော့-ဒါယကာ........ဤလောက၌ ၆၂-ပါးသော ဒိဋ္ဌိတို့သည် သက္ကာယဒိဋ္ဌိရှိခြင်းကြောင့်ဖြစ်ကြတယ်။ သက္ကာယဒိဋ္ဌိမရှိလျှင် မဖြစ်နိုင်ကြဘူးဟု ဖြေဆိုသတဲ့။

အရှင်ဘုရား........သက္ကာယဒိဋ္ဌိဆိုတာ အဘယ်ခြင်းရာဖြင့် ဖြစ်ပါသနည်းဘုရား။ ဒါယကာ........ဤလောက၌ သူတော်ကောင်းတရား မကြားမမြင်မသိသော အန္ဓပုထုဇဉ်သည် ရုပ်သည်အတ္တ၊ရုပ်ရှိသောအတ္တ၊အတ္တ၌ရုပ်၊ရုပ်၌အတ္တ-ဟု လေးမျိုးရှု၏။ဝေဒနာသည် အတ္တ၊ဝေဒနာရှိသောအတ္တ၊အတ္တ၌ဝေဒနာ၊ဝေဒနာ၌အတ္တ-ဟု လေးမျိုးရှု၏။သညာသည်အတ္တ၊သညာရှိသော အတ္တ၊အတ္တ၌သညာ၊သညာ၌အတ္တ-ဟုလေးမျိုးရှု၏။သင်္ခါရသည်အတ္တ၊သင်္ခါရရှိသော အတ္တ၊အတ္တ၌သင်္ခါရ၊သင်္ခါရ၌ အတ္တ-ဟု လေးမျိုးရှု၏။ ဝိညာဏ်သည် အတ္တ၊ ဝိညာဏ်ရှိသော အတ္တ၊ အတ္တ၌

ဝိညာဏ်၊ဝိညာဏ်၌အတ္တဟု လေးမျိုးရှု၏။ ဤသို့လျှင် ၂၀-သောသက္ကာယဒိဋ္ဌိသည် ဖြစ်၏ဟု ဖြေဆိုသတဲ့။

ဒီနေရာမှာမှတ်စရာကတော့။

ရုပ်သည် အတ္တ၊ ဝေဒနာသည် အတ္တ၊ သညာသည် အတ္တ၊ သင်္ခါရသည် အတ္တ၊ ဝိညာဏ်သည် အတ္တ- ဤငါးမျိုးသော ရှုခြင်းသည် မီးလျှံသည် အဆင်း၊ အဆင်းသည် မီးလျှံဟု တခုတည်းမကွဲမပြားရှုသကဲ့သို့ ရှုခြင်းဖြစ်တယ်။
[ခန္ဓာတပါးတည်းကို အတ္တဟု စွဲခြင်းအားဖြင့် တပါးစွဲ ၅–ခုဖြစ်တယ်။]

ရုပ်ရှိသောအတ္တ၊ ဝေဒနာရှိသောအတ္တ၊ သညာရှိသောအတ္တ၊ သင်္ခါရ ရှိသောအတ္တ၊ ဝိညာဏ်ရှိသောအတ္တ-ဤငါးမျိုးသောရှုခြင်းသည် အရိပ်ရှိသော သစ်ပင်ဟု အရိပ်သည် သစ်ပင် မဟုတ်၊ သစ်ပင်သည် အရိပ် မဟုတ်ဟူ၍ တခြားစီခွဲ၍ ရှုသကဲ့သို့ ရုပ်စသည်နှင့် အတ္တကို တခြားစီ ခွဲ၍ရှုခြင်းအားဖြင့် လေးပါးစွဲ ၅-ငါးခုဖြစ်တယ်။

အတ္တ၌ရုပ်၊ အတ္တ၌ဝေဒနာ၊ အတ္တ၌သညာ၊ အတ္တ၌သင်္ခါရ၊ အတ္တ၌ဝိညာဏ်- ဤငါးမျိုးသော ရှုခြင်းသည် ပန်း၌အနံ့ဟု ပန်းသည်အနံ့မဟုတ်၊ အနံ့သည် ပန်းမဟုတ်ဟူ၍ တခြားစီခွဲ၍ရှုသကဲ့သို့ ရုပ်စသည်နှင့် အတ္တကို တခြားစီခွဲ၍ ရှုခြင်းအားဖြင့် လေးပါစွဲ ၅-ခုဖြစ်တယ်။

ရုပ်၌အတ္တ၊ ဝေဒနာ၌ အတ္တ၊သညာ၌အတ္တ၊ သင်္ခါရ၌အတ္တ၊ဝိညာဏ်၌အတ္တ– ဤငါးမျိုးသောရှုခြင်းသည် ကြုတ်၌ပတ္တမြားဟု ကြုတ်သည် ပတ္တမြားမဟုတ်၊ ပတ္တမြားသည်ကြုတ်မဟုတ် ဟူ၍တခြားစီခွဲ၍ ရှုသကဲ့သို့ ရုပ်စသည်နှင့် အတ္တကို တခြားစီခွဲ၍ ရှုခြင်းအားဖြင့် လေးပါးစွဲ ၅–ခုဖြစ်တယ်။
[ဤကားရှုပုံကို မခွဲတခု၊ ခွဲ–သုံးခုဟု ဥပမာလေးခု ပြခြင်းသာတည်း။]

ငါဟုရှုခြင်းသည် အတ္တ၊ ငါ့ဥစ္စာငါ့ပစ္စည်းဟု ရှုခြင်းသည်အတ္တနိယဟုနှစ်မျိုးကွဲသော်လည်း အတ္တတခုတည်းဖြင့်ပေါင်းဟောသည်။ ငါ၊သူတပါး၊ယောကျ်ား၊မိန်းမဟုရှုခြင်း။ ငါ့ကိုယ်၊ ငါ့ဟာ၊ သူ့ကိုယ်၊သူ့ဟာဟုရှုခြင်းတို့ကိုလည်း အတ္တတခုတည်းဖြင့် ပေါင်းဟောသည်။
[ငါ့ကိုယ်၊ ငါ့ဟာ–ဟု ရှုခြင်းသည် အတ္တဟု ရှုခြင်းပင်တည်း။]

ဤပုစ္ဆာကို ဝိသာခါ သူကြွယ်သည် မသိ၍မေးသည်မဟုတ်။ နှိုးနှောလို၍လည်း မဟုတ်။ ယုံမှားကင်းလို၍လည်းမဟုတ်။ သူကိုယ်တိုင် သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကို ပယ်ပြီးပြီ။ သကဒါဂါမိမဂ်ဖြင့်ရုန့်ရင်းသော ကိလေသာတို့ကို ပယ်ပြီးပြီ။ အနာဂါမိမဂ်ဖြင့် ကာမရာဂ၊ ဒေါသတို့ကို ပယ်ပြီးပြီ။ သက်သက်သာသနာပြန့်ပွါးရေး အတွက်သာလျှင်ငဲ့၍ မေးခြင်းဖြစ်သည်။ မိမိ သိပြီးသောတရား

ကိုပင် ရှိသေစွာ နားထောင်ခြင်းသည် အဘယ်မှ ရသောနည်းထူး ဖြစ်သနည်း။ ရှင်နန္ဒဟောသည်ကို မြတ်စွာဘုရားသည် ရှိသေစွာနာတော်မူ၏။ ဘုရားနည်းကို ယူတတ်ပေစွ။ ဤနည်းမျိုးကို တဏှာ၊ မာန၊ ဒိဋ္ဌိအမိန့်ဩဇာခံယူသူ မယူနိုင်။

[ဤကား မာနာနုသယ သတ္တိဖြင့် ဗဟုဿုတဂုဏ်ကို အပါယ်ရိက္ခာ ပြုမိတတ်ကြမသာကြောင့် သတိပြုစရာ ညွှန်ပြခြင်းတည်း။]

အရှင်ဘုရား........သက္ကာယဒိဋ္ဌိဆိုတာ အဘယ်ခြင်းရာဖြင့် မဖြစ်နိုင်ပါမည်နည်း ဘုရား။ ဒါယကာ........ဤလောက၌ သူတော်ကောင်းတရား အကြား၊ အမြင်၊ အသိရှိသော ကလျာဏပုထုဇဉ်နှင့် အရိယာ ပုဂ္ဂိုလ်အပေါင်းသည်—

ရုပ်သည် အတ္တမဟုတ်၊ ရုပ်ရှိသော အတ္တမဟုတ်၊ အတ္တ၌ ရုပ်မတည်။ ရုပ်၌အတ္တမတည်ဟု လေးမျိုးရှု၏။ ဝေဒနာသည်အတ္တမဟုတ်၊ ဝေဒနာရှိသော အတ္တမဟုတ်၊ အတ္တ၌ ဝေဒနာမတည်၊ ဝေဒနာ၌ အတ္တမတည်ဟု လေးမျိုးရှု၏။ သညာသည် အတ္တမဟုတ်၊ သညာရှိသော အတ္တမဟုတ်၊ အတ္တ၌ သညာမတည်၊ သညာ၌အတ္တမတည်–ဟု လေးမျိုးရှု၏။ သင်္ခါရသည် အတ္တမဟုတ်၊ သင်္ခါရရှိသောအတ္တမဟုတ်။ အတ္တ၌သင်္ခါရမတည်၊ သင်္ခါရ၌ အတ္တ မတည်ဟု လေးမျိုးရှု၏။ ဝိညာဏ်သည် အတ္တမဟုတ်၊ ဝိညာဏ်ရှိသော အတ္တမဟုတ်။ အတ္တ၌ဝိညာဏ်မတည်၊ ဝိညာဏ်၌အတ္တ မတည်ဟု လေးမျိုးရှု၏။ ဤသို့ရှုလျှင် ၂၀-သော သက္ကာယဒိဋ္ဌိသည်မဖြစ်နိုင် ဟု ဖြေဆိုသတဲ့။

[စိတ္တသူကြွယ်သည် လွန်စွာနှစ်သက်ဝမ်းမြောက်သဖြင့် ထိုအရှင် ဣသိဒတ္တကို နေရပ်မေးကာ စကားဆက်ပြောခြင်းဖြင့် မမြင်ဘူးဘဲ ရင်းရင်းချာချာ သိကျွမ်းဘူးသော မိတ်ဆွေဟောင်းဖြစ်ကြောင်းကောင်းစွာသိ၍ ဝမ်းမြောက်လှစွာ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပါရစေ၊ ဤအရပ်၌ သီတင်းသုံးတော်မူပါဟုလျှောက်သတဲ့။ ဒါယကာ သင်သည် အပြစ်မရှိ ကောင်းသော စကားကိုဆိုပေသည်ဟု မိန့်ဆိုသတဲ့။ မထေရ်ကြီးများကလဲ ဝမ်းမြောက်ဝမ်းသာ အရှင် ဣသိဒတ္တကို များစွာချီးကျူးတော်မူကြသတဲ့။]

အခါတပါး စိတ္တသူကြွယ်သည် မကျန်းမမာဖြစ်၍ ဝေဒနာပြင်းစွာ နှိပ်စက်ခံနေရသတဲ့။ ထိုအခါ များစွာသော နတ်တို့သည်ရောက်လာကြ၍ သူကြွယ်........သင်သည်နောက်ဘဝ၌ စကြဝတေးမင်း ဖြစ်လို၏''ဟု တောင့်တပါဟု တိုက်တွန်းကြသတဲ့။ ထိုအခါ စိတ္တသူကြွယ်က နတ်တို့ကို ဤသို့ ဆိုသတဲ့။ တမို့ အနစ္စံ၊ တမို့အဒုဝံ၊ တမ္ပိ ပဟာယ ဂမနီယံ''ဘောန္တော၊ အချင်းနတ်တို့။ တမို့၊ ထိုစကြာမင်း စည်းစိမ်သည်လည်း။ အနိစ္စံ၊ အမြဲမရှိ။ အဒုဝံ။ မခိုင်ခံ့။ ပဟာယ၊ ပယ်စွန့်၍။ ဂမနီယံ၊ သွားထိုက်၏။ ဤသို့ နတ်တို့ကို ဆိုသောအခါ ဆွေမျိုးသားချင်း၊ မိတ်ဆွေတို့ကြား၍ အရှင်သား........သတိထားပါလော့၊ မယောင်ယမ်းပါနှင့်ဟု ဆိုကြသတဲ့။

ငါယောင်ယမ်းတာ မဟုတ်အူး။ နတ်တို့က ငါ့ကို စကြာမင်း အဖြစ် တောင်းတပါဟု တိုက်တွန်းကြတယ်။ ဒါကြောင့်နတ်တို့ကို ပြန်ပြောတာဟု ဆိုသတဲ့။ အရှင်အား အဘယ်အကျိုးကို မြင်၍ နတ်တို့တိုက်တွန်းပါသလဲဟု မေးကြတော့၊ နတ်တို့က ဤစိတ္တသူကြွယ်သည် သီလသမာဓိရှိ၏။ စိတ်စင်ကြယ်သောကြောင့် တောင်းတတိုင်း

ပြည့်စုံလတ္တံ့ ဟု ဓမ္မအကျိုးကိုမြင်၍ တရားမင်း ဖြစ်စိမ့်သောငှာ တိုက်တွန်းကြတယ်ဟု ဆိုကြသတဲ့။

ဒါဖြစ်လျှင် အကျွန်ုပ်တို့အားလည်း ဆုံးမဩဝါဒ ပေးသနားပါဦးဟု တိုက်တွန်းကြသတဲ့။ အမောင်တို့........ဤသို့ ကျင့်ကြလော့- မြတ်စွာဘုရား၌ ဂုဏ်တော်၌ သက်ဝင်ယုံကြည်ပါမည်။ တရား၌ ဂုဏ်တော်၌ သက်ဝင်ယုံကြည်ပါမည်း။ သံဃာ၌ ဂုဏ်တော်၌ သက်ဝင်ယုံကြည်ပါမည်။ ရှုဘွယ်ဝတ္ထု၌ အလှူခံ သီလဝန္တ အရှင်ကောင်းတို့နှင့် မခွဲခြမ်းသူဖြစ်ပါမည်။ ဤသို့လေးပါးသော ကျင့်ဝတ်တို့ကို ကျင့်ကြလော့ဟု ဆုံးမဩဝါဒစကားလေးခွန်း တိုက်တွန်း၍ ဆောက်တည်စေ၍ စိတ္တသူကြွယ်ဇီဝိန်ချုပ်သွားသတဲ့။

ဤရှုဘွယ်ဝတ္ထု၌ သီလဝန် အရှင်ကောင်းတို့နှင့် မခွဲခြမ်းရဘူးဆိုဒါ-အရှင်ကောင်းတို့အား ဤမျှရှုမည်။ ငါသည် ဤမျှသုံးဆောင်မည်ဟု မဝေဘန်ဘဲ အရှင်ကောင်းတို့နှင့်အတူတကွ ဆက်ဆံခြင်းသာဖြစ်လတ္တံ့ ဟု နှလုံးထားရမတဲ့။ပဉ္စင္ဂဒါယကာ ပုဏ္ဏားကြီးကဲ့သို့ မိမိစားသောက်ဆဲ အာဟာရကိုသော်လည်း အလှူခံ မြင်လျှင် ရှုဒါန်းရမယ်။

[ အလှူခံအတွက် ငါလှူပြီးပြီ။ ဒါက—ငါအတွက်ဟု သဘောမထားနှင့်၊ ထပ်၍သာလှူရမယ်ဟု ဆိုလိုတယ်။ ]
[ဒုဋ္ဌဂါမဏိမင်းကဲ့သို့ ငါတို့အမျိုးသည် အစားတလုပ်ကို သော်လည်းမလှူဘဲ စားလေ့မရှိဟု နှလုံးထားရမယ်ဟု ဆိုလိုသည်။]

ယခုအခါ ဤမျှဖြင့် သင္ဂါယတန သံယုတ်ပါဠိတော်၊ စိတ္တသံယုတ်၌ လာသော စိတ္တသူကြွယ် ကျောင်းတကာ၏ အကြောင်းကို နာကြားရသဖြင့် ဗဟုဿုတရှိသော အမျိုးကောင်းသား ကုလပုတ္တတို့သည် မိမိ၏ ဗဟုဿုတဂုဏ်ကို အပါယ်ရိက္ခာ မဖြစ်စေဘဲ မာန်မာန နှိပ်ချသော စိတ်နှလုံးဖြင့် သူတော်ကောင်းတရား သာသနာတော် ပြန့်ပွါးရေးကို အထူးအားထုတ်နိုင်ကြပါစေကုန်သတည်း။

---

## (၆) ဒိဋ္ဌိအမျိုးမျိုးနှင့် သာမညဖလသုတ္တန် တရားစာ။

### သက္ကာယဒိဋ္ဌိ နှစ်ဆယ် ဖြစ်ပုံကား။

သူတော်ကောင်းတရား မကြား၊ မမြင်၊ မသိသော အန္ဓပုထုဇဥ်သည်........ရုပ်သည်အတ္တ၊ ရုပ်ရှိသောအတ္တ၊ အတ္တ၌ရုပ်၊ ရုပ်၌ အတ္တ ဟု-လေးမျိုးရှု၏။ ။ဝေဒနာသည် အတ္တ၊ ဝေဒနာရှိသောအတ္တ၊ အတ္တ၌ဝေဒနာ၊ ဝေဒနာ၌အတ္တ ဟု-လေးမျိုးရှု၏။ ။သညာသည်အတ္တ၊ သညာရှိသောအတ္တ၊ အတ္တ၌သညာ၊ သညာသည် အတ္တ ဟု-လေးမျိုးရှု၏။ ။သင်္ခါရသည် အတ္တ၊သင်္ခါရရှိသောအတ္တ၊အတ္တ၌သင်္ခါရ၊ သင်္ခါရ၌ အတ္တ-ဟု လေးမျိုးရှု၏။ ။ဝိညာဏ်သည်အတ္တ၊ ဝိညာဏ်ရှိသောအတ္တ၊အတ္တ၌ ဝိညာဏ်၊ဝိညာဏ်၌ အတ္တ -ဟု လေးမျိုးရှု၏။

ရုပ်ခွဲ-၁။နာမ်ခွဲ ၇။ရုပ်နာမ်ခွဲ-၁၂=ပေါင်း-၂၀။
တနည်းကား.......ခန္ဓာတပါးခွဲ- ၅။ လေးပါးခွဲ-၁၅=ပေါင်း-၂၀။
တနည်းကား.......သဿတဒိဋ္ဌိ-၁၅။ ဥစ္ဆေဒဒိဋ္ဌိ- ၅=ပေါင်း- ၂၀။
တနည်းကား......ဘဝဒိဋ္ဌိ- ၁၅။ ဝိဘဝဒိဋ္ဌိ- ၅=ပေါင်း-၂၀။

ရုပ်သည် အတ္တဟု ရှုခြင်းသည် မီးလျှံသည်အဆင်း၊ အဆင်းသည် မီးလျှံဟု မကွဲမပြားရှုသည့်နှင့်တူ၏။ [ရုပ်သည်ငါ၊ ငါသည် ရုပ်-တခုတည်းဖုံ့လို့]
ရုပ်ရှိသောအတ္တဟု ရှုခြင်းသည် အရိပ်ရှိသော သစ်ပင်ဟု အရိပ်တခြား၊ သစ်ပင်တခြားရှုသည်နှင့်တူ၏။ [ရုပ်ရှိသော ကြွင်းခန္ဓာလေးပါးသာငါ-ဟူလို။]
အတ္တ၌ရုပ်ဟု ရှုခြင်းသည် ပန်း၌အနံ့ဟု ပန်းတခြား၊ အနံ့တခြား ရှုသည်နှင့်တူ၏။ [ရုပ်မှတပါး ခန္ဓာလေးပါးကို အတ္တအရာ၌ထားသည်။]
ရုပ်၌အတ္တဟု ရှုခြင်းသည် ကြုတ်၌ ပတ္တမြားဟု ကြုတ်တခြား၊ ပတ္တမြားတခြား ရှုသည်နှင့်တူ၏။ [ဝေဒနာစသည်၌ နည်းတူသိလေ။]
ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ သူ့ကိုယ်၊ သူ့ဟာ၊ အသက်၊ လိပ်ပြာ၊ အစိုးရ၏၊ တခဲနက်၊ အပျက်မရှိ၊ ခန္ဓာတခုဟောင်း လျှင် တခုသို့ပြောင်း၏။.......စသည်ဖြင့် စွဲလမ်းခြင်းသည် အတ္တဟု ရှုသည်မည်၏။
နှုတ်ဖြင့် ငါ၊ သူတပါး-စသည်ကို ဆိုသော်လည်း စိတ်၌ကား ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်-အစိတ်အစိတ်တို့၏ အစုအပေါင်းမျှ သာတည်းဟု သိခြင်း၊ ရှုခြင်းသည် အတ္တဟု ရှုသည်မမည်။ အနတ္တဟု ရှုသည်မည်၏။

---

## သက္ကာယဒိဋ္ဌိ နှစ်ဆယ် မဖြစ်ပုံကား။

သူတော်ကောင်းတရား အကြား,အမြင်,အသိရှိသော ကလျာဏ ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် အပေါင်းသည်.......ရုပ်သည် အတ္တမဟုတ်၊ ရုပ်ရှိသောအတ္တမဟုတ်၊ အတ္တ၌ ရုပ်မတည်၊ ရုပ်၌အတ္တမတည်ဟုလေးမျိုးရှု၏။
ဝေဒနာသည် အတ္တမဟုတ်၊ ဝေဒနာရှိသော အတ္တမဟုတ်၊ အတ္တ၌ ဝေဒနာမတည်။ ဝေဒနာ၌ အတ္တမတည်ဟုလေးမျိုးရှု၏။ ။သညာသည် အတ္တမဟုတ်၊ သညာရှိသော အတ္တမဟုတ်၊ အတ္တ၌ သညာမတည်၊ သညာ၌ အတ္တမတည်ဟုလေးမျိုးရှု၏။ ။သင်္ခါရသည် အတ္တမဟုတ်၊ သင်္ခါရရှိသော အတ္တမဟုတ်၊ အတ္တ၌ သင်္ခါရမတည်၊ သင်္ခါရ၌ အတ္တမတည်ဟုလေးမျိုးရှု၏။ ။ဝိညာဏ်သည် အတ္တမဟုတ်၊ ဝိညာဏ်ရှိသော အတ္တမဟုတ်၊ အတ္တ၌ ဝိညာဏ် မတည်၊ ဝိညာဏ်၌ အတ္တမတည်ဟု လေးမျိုးရှု၏။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန် စသည်တို့၌ သင်ယူခြင်း မေးမြန်းခြင်း ဆုံးဖြတ်ခြင်းကင်းလျှင် ဒိဋ္ဌိအမျိုးမျိုးကို မတားနိုင်။ ငါးသူတပါး၊ ယောက်ျား၊ မိန်းမ-အနေမျှအမှားကိုသာ သိလျက်အန္ဓပုထုဇဉ်အဖြစ်မှ မလွတ်နိုင်။ ကလျာဏ ပုထုဇဉ် အဖြစ်ဝေးစွ။ ဗုဒ္ဓသောတာပန်အဖြစ် သာ၍ဝေးစွ။ မဟာသော တာပန်အဖြစ်ကား ဆိုဘွယ်မရှိ၊ ဝေးခြင်းကြီးဝေးလေစွတကား။

[ရုပ်သည် အတ္တ-ဤဘခုသည် ရုပ်စွဲ၊တပါးစွဲ။ ။ရုပ်ရှိသောအတ္တ၊ အတ္တ၌ ရုပ်၊ရုပ်၌ အတ္တ၊ဤသုံးခုသည် ရုပ် ဖယ်၍ နာမ်စွဲ၊လေးပါးစွဲ။ ။ဝေဒနာသည် အတ္တ၊သညာသည် အတ္တ၊သင်္ခါရသည် အတ္တ၊ဝိညာဏ်သည် အတ္တ၊ ဤလေးခုသသည် နာမ်စွဲ၊ တပါးစွဲ။ ။ဝေဒနာရှိသော အတ္တ-စသောကြွင်း ၁၂ ခုသည် ဝေဒနာစသည် ဖယ်၍ ရုပ်နာမ်စွဲ၊လေးပါးစွဲ။ လေးပါးစွဲ ၁၅—သည် သဿတ ဒိဋ္ဌိ၊ ဘဝဒိဋ္ဌိမည်၏။ တပါးစွဲကား ဥစ္ဆေဒဒိဋ္ဌိ၊ဝိဘဝဒိဋ္ဌိ။ ဤသဘောမြင်ရသည်။]

---

## သေဝဏ္ဏုကာ ဒိဋ္ဌိဆယ်ပါးကား။

၁။ နတ္ထိ ဒိန္နံ-အလှူသည် အကျိုးမရှိ။

၂။ နတ္ထိ ယိဋ္ဌံ-ယဇ်ကြီး ပူဇော်ခြင်းသည် အကျိုးမရှိ။

၃။ နတ္ထိ ဟုတံ-ဧည့်ဝတ်စသော ယဇ်ငယ်သည် အကျိုးမရှိ။

၄။ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော-ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ အားအကျိုးရင်းအကျိုးဖျား မရှိ။

၅။ နတ္ထိအယံလောကော-ထိုထိုဘဝမှလာရာ ဤလောကမရှိ။ [ဖြစ်ရာ၌ ပြတ်သည် ဟုလို။]

၆။ နတ္ထိ ပရောလောကော-ဤဘဝမှ သွားရာ ထိုထိုတမလွန် လောကမရှိ။ [ဖြစ်ရာဘုံ၌ပြတ်။]

၇။ နတ္ထိ မာတာ-အမိ၌ ကောင်းမကောင်း ပြုကျိုးမရှိ။

၈။ နတ္ထိ ပိတာ-အဘ၌ ကောင်းမကောင်း ပြုကျိုးမရှိ။

၉။ နတ္ထိ သတ္တာ ဩပပါတိကာ- သေ၍ တဖန်ပဋိသန္ဓေနေသူမရှိ။ [ထိုထိုဖြစ်ရာ ဘဝ၌ ပြတ်သည်ဟု ဆိုလိုသည်။]

၁၀။ နတ္ထိလောကေ သမဏ ဗြာဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိပန္နာ+ယေ ဣမဉ္စ လောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ ။ လော ကနှင့် [illegible]လောကပဋိပတ်ကျင့်သော တရားကောင်းသော သမဏ ဗြာဟ္မဏ ဟူ၍ [illegible] + ဤလောက၊ တမလွန်လောကကို ကိုယ်တိုင်သိ၍ ဟောကြား သော သဗ္ဗညုဘုရား ဟူ၍လည်း မရှိ။

## အန္တဂ္ဂါဟိကာ ဒိဋ္ဌိဆယ်ပါးကား။

၁။ သဿတော လောကော-သတ္တဝါဟူသော ခန္ဓာလောကသည်မြဲ၏။ [သဿတဒိဋ္ဌိဖြစ်သည်။]

၂။ အသဿတော လောကော-သတ္တဝါဟူသော ခန္ဓာလောကသည်မမြဲ။ [ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။]

၃။ အန္တဝါ လောကော......သမာပတ်အတွင်း ရုပ်နာမ်လောကသည် ငယ်သော ကသိုဏ်း ဝန်းဖြင့် ပိုင်းခြားအပ်၏။ အဆုံးရှိ၏။ [သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးလုံး ဖြစ်နိုင်သည်။]

၄။ အနန္တဝါလောကော- သမာပတ်အတွင်း ရုပ်နာမ်လောကသည် ကြီးသော ကသိုဏ်း ဝန်းဖြင့် မပိုင်းခြားအပ်၊ အဆုံးမရှိ။ [သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးလုံးဖြစ်နိုင်သည်။]

၅။ တံဇီဝံ- တံသရီရံ......ဇီဝသည်ကိုယ်၊ ကိုယ်သည် ဇီဝ။ [တခုတည် ဖြစ်၍ကိုယ် ပျက်လျှင် ဇီဝပျက်ခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။]

၆။ အညံဇီဝံ-အညံသရီရံ......ဇီဝတခြား၊ ကိုယ်တခြား။ [ကိုယ်ပျက်သော်လည်း ဇီဝမပျက်ခြင်းဖြင့် သဿတ ဒိဋ္ဌိဖြစ်သည်။]

၇။ ဟောတိ တထာဂတော ပရံမရဏာ-သတ္တဝါသည် သေပြီးနောက် ပြန်၍ ဖြစ်၏။ [သဿတဒိဋ္ဌိ ဖြစ်သတည်း။]

၈။ နဟောတိတထာဂတော ပရံမရဏာ-သတ္တဝါသည်သေပြီးနောက်ပြန်၍ မဖြစ်။ [ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။]

၉။ ဟောတိစ နဟောတိစ တထာဂတော ပရံမရဏာ—သတ္တဝါသည် သေပြီး နောက် အချို့ပြန်ဖြစ်၏။ အချို့ပြန်မဖြစ်။ [အချို့မြဲ၏ဟူသော ဧကစ္စသဿတဒိဋ္ဌိ ဖြစ်သည်။]

၁၀။ နေဝဟောတိ—န နဟောတိ—တထာဂတော ပရံမရဏာ—သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်။ မဖြစ်သည်လည်းမဟုတ်။ [အမရာ မည်သော ငါးသည် ချော၍ ဖမ်းဆုပ်တိုင်း လွတ်သကဲ့သို့ အမိမခံသော အမရာဝိက္ခေပ ဒိဋ္ဌိဖြစ်သည်။]

---

## ဒိဋ္ဌိ ၆၂-ပါးကား။

သဿတဒိဋ္ဌိ—၄။ ဧကစ္စသဿတဒိဋ္ဌိ—၄။ အန္တာနန္တိကဒိဋ္ဌိ—၄။ အမရာဝိက္ခေပ ဒိဋ္ဌိ-၄။ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ—၂။ ဤ ၁၈—ပါးသည် ပုဗ္ဗန္တာ ကပ္ပိကဒိဋ္ဌိ မည်၏။

သညီဒိဋ္ဌိ—၁၆။ အသညီဒိဋ္ဌိ—၈။ နေဝသညီ နာသညီဒိဋ္ဌိ—၈။ ဥစ္ဆေဒဒိဋ္ဌိ—၇။ ဒိဋ္ဌဓမ္မနိဗ္ဗာန ဒိဋ္ဌိ—၅။ ဤ—၄၄ ပါးသည် အပရန္တာကပ္ပိကဒိဋ္ဌိ မည်၏။

ပုဗ္ဗန္တ ကပ္ပိကဒိဋ္ဌိ–၁၈။ အပရန္တကပ္ပိကဒိဋ္ဌိ–၄၄=ပေါင်း–၆၂။
တနည်း–ဥစ္ဆေဒဒိဋ္ဌိ–၇။ သဿတဒိဋ္ဌိ–၅၅=ပေါင်း–၆၂။

သဿတဒိဋ္ဌိ ၄-ပါးကား။ ။အတ္တသည်၎င်း၊ လောကသည်၎င်း-မြဲ၏ ဟု ယူခြင်းဖြစ်၏။ ပုဗ္ဗေနိဝါသ အဘိညာရ၍ ဘဝတသိန်း အထိမြင်၍ ယူခြင်းတပါး၊ ကမ္ဘာတဆယ်အထိ မြင်၍ယူခြင်းတပါး၊ ကမ္ဘာ ၄၀-အထိမြင်၍ ယူခြင်းတပါး၊ အကြံဖြင့် ကြံစည်၍ ယူခြင်းတပါး။

ကေစ္စသဿတဒိဋ္ဌိ ၄-ပါးကား။ ။အတ္တသည်၎င်း၊ လောကသည်၎င်း-အချို့မြဲ၏။ အချို့မမြဲဟု ယူခြင်းဖြစ်၏။ ဗြဟ္မာ့ဘယ် ဘဝကို ပြန်မြင်၍ယူခြင်းတပါး။ ခိဍ္ဍာပဒေါသိက နတ်ဘဝကို ပြန်မြင်၍ ယူခြင်းတပါး။ မနောပဒေါသိကနတ်ဘဝကိုပြန်မြင်၍ ယူခြင်းတပါး။ [၍ပြန်မြင်သူသုံးယောက်ကား မိမိတို့သာသေသည်။ ကြွင်းသော နတ်ဗြဟ္မာတို့ မသေဟု ယူသည်။]

အကြံဖြင့် ကြံစည်၍ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ-သည် မမြဲ၊ မနောသည်မြဲ၏ဟု ယူခြင်းတပါး။

အန္တာနန္တဒိဋ္ဌိ ၄-ပါးကား။ ။လောကသည် အဆုံးရှိ၏။ အဆုံးမရှိ-စသည်ဖြင့် ယူခြင်းဖြစ်၏။ သမာပတ်ဝင်စားစဉ်''လောကသည် အဆုံးရှိ၏''ဟူသော သညာဖြင့် နေ၍ လောကသည် အဆုံးရှိ၏ဟု ယူခြင်းတပါး။ အဆုံးမရှိဟူသော သညာဖြင့်နေ၍ လောကသည် အဆုံးမရှိဟု ယူခြင်းတပါး။ အောက်အထက်၌အဆုံးရှိ၏။ ဖီလာ၌ အဆုံးမရှိဟူသော သညာဖြင့်နေ၍ လောကသည် အဆုံးရှိသည်လည်းဟုတ်၏။ အဆုံးမရှိသည်လည်း ဟုတ်၏ ဟု ယူခြင်းတပါး။ သမာပတ် မဝင်စားဘဲ အကြံဖြင့် ကြံစည်၍ လောကသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်ဟု ယူခြင်းတပါး။

အမရာဝိက္ခေပ ဒိဋ္ဌိ ၄-ပါးကား။ ။အဖမ်းခက်သော ငါးကဲ့သို့ ပစ်ပယ်၍ ဤသို့လည်း ငါမဆို၊ ထိုသို့လည်း ငါမဆို၊ ထိုမှတပါးဟူ၍လည်း ငါမဆို။ မဟုတ်ဟူ၍လည်း ငါမဆို၊ မဟုတ်သည်မဟုတ် ဟူ၍လည်း ငါမဆို-စသည်ဖြင့် ပစ်ပယ်၍ပစ်ပယ်၍ယူခြင်းဖြစ်၏။ ကုသိုလ် အကုသိုလ်ကို မသိသူဖြစ်၍ မသိဘဲ ငါဆိုလျှင် မုသား အန္တရာယ် ဖြစ်ရာ၏ဟုကြောက်၍ ပစ်ပယ်၍ ယူခြင်းတပါး။ စွဲလမ်းခြင်း ဥပါဒါန် အန္တရာယ်ဖြစ်ရာ၏ ဟုကြောက်၍ ပစ်ပယ်၍ ယူခြင်းတပါး။ ပညာရှိတို့ မေးစစ်လျှင် ငါမဖြေနိုင်ဟု ကြောက်၍ ပစ်ပယ်၍ ယူခြင်းတပါး။ လွန်စွာတွေဝေသောကြောင့် မေးသမျှကို ဤသို့လည်း ငါမဆို- စသည်ဖြင့် ပစ်ပယ်၍ ယူခြင်းတပါး။

အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂–ပါးကား။ ။အတ္တသည်၎င်း၊ လောကသည်၎င်း–အကြောင်းကင်း၍ ဖြစ်သည်ဟု ယူခြင်းဖြစ်၏။ အသညသတ်ဘုံမှ သေ၍ လူဖြစ်၍ အ

ဘိညာဏ်ရ၍ ရှေ့စိတ်အစဉ်ကို ပြန်ကြည့်သောအခါ ဤဘဝအစ ပဋိသန္ဓေစိတ် အထိ သာမြင်၍ ငါသည်ရှေ့၌မဖြစ်၊ ယခုဘဝမှစ၍ ဖြစ်သည်၊ အကြောင်းကင်းလျက် ဖြစ်သည်ဟု ယူခြင်းတပါး။ အကြံဖြင့် ကြံစည်၍ အကြောင်းကင်းလျက် ယခုဘဝ၌ စ၍ဖြစ်သည်ဟု ယူခြင်းတပါး။

[ဤ ၁၈-ပါးသည် ပုဗ္ဗေနိဝါသအဘိညာဏ်ရသူတို့အား ရှေ့အစွန်း ရှေးဘဝကို ကြံစည်၍ ဖြစ်ခြင်း ကြောင့် ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိမည်၏။]

နောက်ဆိုလတ္တံ့သော ၄၄-ပါးသည် ဒိဗ္ဗစက္ခု အဘိညာဏ်ရသူတို့အား နောက် အစွန်း နောက်ဘဝကို ကြံစည်၍ ဖြစ်ခြင်းကြောင့် အပရန္တ ကပ္ပိက ဒိဋ္ဌိမည်၏။

ထိုတွင် သညီ ဒိဋ္ဌိ ၁၆-ပါးကား။ ။စုတိအထက်၌ သေခြင်းမရှိ၊ အမြဲသညာ ရှိ၏-ဟု ယူခြင်းဖြစ်၏။ အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် အမြဲသညာရှိ၏-ဟု ယူခြင်းတပါး။ အတ္တသည် ရုပ်မရှိ၊ သေပြီးနောက် အမြဲသညာရှိ၏—ဟု ယူခြင်းတပါး။ အတ္တသည် ရုပ်ရှိလည်းဟုတ်၏၊ ရုပ်မရှိလည်း ဟုတ်၏။ သေပြီးနောက် အမြဲ သညာရှိ၏-ဟု ယူခြင်းတပါး။ အတ္တသည်ရုပ်ရှိလည်းမဟုတ်၊ ရုပ်မရှိလည်းမဟုတ်။ သေပြီးနောက် အမြဲသညာရှိ၏-ဟု ယူခြင်းတပါး(၄)။ အတ္တသည် အဆုံးရှိ၏။ သေပြီးနောက် အမြဲသညာရှိ၏—ဟု ယူခြင်းတပါး။ အဆုံးမရှိ.......။ အဆုံးရှိလည်း ဟုတ်၏ အဆုံး မရှိလည်း ဟုတ်၏........။ အဆုံး ရှိလည်း မဟုတ်၊ အဆုံး မရှိလည်း မဟုတ်။ သေပြီးနောက်အမြဲသညာရှိ၏ ဟု ယူခြင်းတပါး(၄)။ အတ္တသည် တူသော သညာ ရှိ၏၊ မတူသောသညာ ရှိ၏။ နည်းသော သညာရှိ၏။ များသောသညာရှိ၏။ သေပြီးနောက် အမြဲသညာရှိ၏-ဟု ယူခြင်းလေးပါး(၄)။ အတ္တသည် စင်စစ် သုခ ရှိ၏။ စင်စစ် ဒုက္ခရှိ၏။ စင်စစ် သုခ ဒုက္ခရှိ၏။ စင်စစ် အဒုက္ခ-မသုခ ရှိ၏။ သေပြီး နောက် အမြဲသညာရှိ၏—ဟု ယူခြင်းလေးပါး(၄)။

အသညီဒိဋ္ဌိ ၈-ပါးကား။ ။စုတိအထက်၌ သေခြင်းမရှိ။ အမြဲသညာမရှိ-ဟု ယူခြင်းဖြစ်၏။ အတ္တသည်ရုပ်ရှိ၏။ ရုပ်မရှိ။ ရုပ်ရှိရုပ်မရှိဟုတ်၏။ ရုပ်ရှိလည်းမဟုတ် ရုပ်မရှိလည်းမဟုတ်။ သေပြီးနောက် အမြဲသညာမရှိ—ဟု ယူခြင်းလေးပါး(၄)။ အတ္တသည် အဆုံးရှိ၏။ အဆုံးမရှိ။ အဆုံးရှိမရှိဟုတ်၏။ အဆုံးရှိလည်း မဟုတ်၊ အဆုံးမရှိလည်း မဟုတ်........သေပြီးနောက် အမြဲသညာမရှိဟု ယူခြင်းလေးပါး(၄)။

နေဝသညီ နာသညီဒိဋ္ဌိ ၈—ပါးကား။ ။စုတိအထက်၌ သေခြင်းမရှိ၊ အမြဲ နေဝသညီ နာသညီဖြစ်၏ဟု ယူခြင်းဖြစ်၏။ အသညီအတိုင်း ရှစ်ချက်၌ သေပြီး နောက် အ မြဲနေဝသညီ နာသညီဖြစ်၏-ဟု ယူခြင်း ရှစ်ပါး(၈)။

ဥစ္ဆေဒဒိဋ္ဌိ ၇—ပါးကား။ ။သတ္တဝါသည်ပြတ်၏။ သေပြီးနောက် မဖြစ်ဟု ယူခြင်း ဖြစ်၏။ ဤအတ္တသည် ပထဝီ၊ အာပေါ-စသော ဓာတ်လေးပါးအစုဖြစ်၏။ လူ့ဘဝမှသေပြီးနောက်ပြတ်၏-ဟု ယူခြင်းတပါး။ လူ့ဘဝမှ မပြတ်သေး-

နတ်ဘဝမှ သေပြီးနောက်ပြတ်၏ ဟု ယူခြင်းတပါး။ နတ်ဘဝမှ မပြတ်သေး–ရူပဗြဟ္မာဘဝမှ သေပြီးနောက် ပြတ်၏-ဟု ယူခြင်းတပါး။ ထိုမှမပြတ်သေး အာကာ ဗြဟ္မာဘဝမှ........။ ဝိညာဘဝမှ........။ အာကိဉ္စ ဘဝမှ။ နေဝသညာဘဝမှ သေပြီး နောက် ပြတ်၏-ဟု ယူခြင်းတပါးစီ။

ဒိဋ္ဌိဓမ္မနိဗ္ဗာနဒိဋ္ဌိ ၅-ပါးကား။ ။မျက်မှောက်ဘဝ၌ နိဗ္ဗာန်ရောက်၏-ဟု ယူခြင်းဖြစ်၏။ ဤအတွက်သည် ကာမဂုဏ်ငါးပါး ပြည့်စုံလျှင် မျက်မှောက် နိဗ္ဗာန် ရောက်၏ ဟု ယူခြင်းတပါး။ ကာမဂုဏ်သည် အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်၏။ သောက ပရိဒေဝစသည်ကို ဖြစ်စေ၏။ ပဌမဈာန်ရမှ မျက်မှောက် နိဗ္ဗာန်ရောက် ၏ဟု ယူခြင်းတပါး။ ပဌမဈာန်၌ ဝိတက်၊ ဝိစာရ–ကြမ်း၏။ ဒုတိယဈာန် ရမှ........။ ဒုတိယဈာန်၌ ပီတိကြမ်း၏။ တတိယဈာန်ရမှ........။ တတိယဈာန်၌ သုခ ကြမ်း၏။ ဒုက္ခ-သုခ မရှိသော စတုတ္ထဈာန်ရမှ မျက်မှောက် နိဗ္ဗာန်ရောက်၏-ဟု ယူခြင်းတပါးစီ။

---

## ကမ္မပထ ဒိဋ္ဌိကြီးသုံးပါးကား။

အကိရိယံပယ်။ နတ်-ကျိုးပယ်၊ နှစ်သွယ်အဟေတု။

ယခုပြုစရာ အကြောင်းကံ ဟူ၍ မရှိကောင်းဟု ကံကိုပယ်လျှင် အကြိယ (အကိရိယ)ဒိဋ္ဌိမည်၏။ [ဤကား-အကိရိယံပယ်တည်း။]

နောင်ခံစားစရာ အကျိုးဝိပါက်ဟူ၍ မရှိကောင်းဟု ဝိပါက်ကိုပယ်လျှင် နတ္ထိက ဒိဋ္ဌိမည်၏။ [ဤကား နတ်-ကျိုးပယ်တည်း။]

အကျိုးကိုဖြစ်စေသော ရှေးအကြောင်းကံ ဟူ၍လည်း မရှိကောင်း။ ယခုအ အကြောင်းကံကြောင့် ဖြစ်သော နောက်အကျိုးဝိပါက်ဟူ၍လည်း မရှိကောင်း-ဟုကံ၊ ဝိပါက်-နှစ်ပါးလုံးပယ်လျှင် အဟေတုက ဒိဋ္ဌိမည်၏။ [ဤကားနှစ်သွယ်–အဟေတုတည်း။]

ဤသုံးမျိုး တမျိုးမျိုးယူလျှင် ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိဖြစ်၏။ အပါယ်၌ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး-ကို ဖြစ်စေနိုင်၏။ ထိုအယူမစွန့်မခြင်း အပါယ်မှ မလွတ်။ ကမ္ဘာမီးလောင်အံ့သောအခါ ပဉ္စာနန္တရိယကံ ကိုက်သူတို့ပင် အပါယ်မှ လွတ်ကုန်၏။ မိစ္ဆာဒိဋ္ဌိကားမလွတ်။ မီးမလောင်သော ကမ္ဘာသို့ ရွှေ့ပြောင်း၍ အပါယ်ဒုက္ခခံရသည်။

# ထင်ရှားသော ဒိဋ္ဌိအမည်များကား။

ဒိဋ္ဌာဝသ၊ ဒိဋ္ဌောဃ၊ ဒိဋ္ဌိယောဂ၊ သီလဗ္ဗတပရာမာသကာယဂန္ထ။ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ။ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်။ အတ္တဝါဒုပါဒါန်၊ ဒိဋ္ဌာနုသယ၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဒိဋ္ဌိကိလေသာ........ဤသို့ ထင်ရှား၏။ မထင်ရှားသော အမည် များစွာရှိသေး၏။ ထိုတွင်—

ဒိဋ္ဌာသဝ၊ ဒိဋ္ဌောဃ၊ ဒိဋ္ဌိယောဂ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌာနုသယ၊ ဒိဋ္ဌိသံယောဇဉ်၊ ဒိဋ္ဌိကိလေသာ-ဤအမည်တို့ကို ၆၂-ပါးစွမ်းဖြင့်ရင်း၊ နတ္ထိဒိန္နံ-စသော ဒသဝတ္ထုကား စွမ်းဖြင့်ရင်းဟောသည်။

၂။ အတ္တဝါဒုပါဒါန်ကို သက္ကာယဒိဋ္ဌိ ၂၀-စွမ်းဖြင့်ဟောသည်။

၃။ ဣဒံသစ္စာဘိနိဝေသကို ငါ့အယူသာ မှန်သည်ဟု အမှား၌ နှလုံးသွင်း လွန်ကဲသူ၏ ထိုထိုဒိဋ္ဌိစွမ်းဖြင့် ဟောသည်။

[ဣဒံ၊ ဤ ငါ၏ အယူသည်။ သစ္စံ-မှန်၏။ အညံ-သူတပါး၏အယူသည်။ မောဃံ-အချည်းနှီးတည်း။ ဣတိ၊ ဤသို့။ အဘိနိဝေသ ၊အလွန်အကဲ အမှား၌ နှလုံးသွင်းသော ဒိဋ္ဌိဟု-ဆိုလိုသည်။]

၄။ သီလဗ္ဗတ ပရာမာသ—ကာယဂန္ထ၊ ဥပါဒါန်၊ သံယောဇဉ်တို့ကို နွားတို့၏ အလေ့အကျင့်ဖြင့်နိဗ္ဗာန်ရသည်ဟု အမှားနှလုံးသွင်းသူ၏ ထိုထိုဒိဋ္ဌိ စွမ်းဖြင့်ဟောသည်။

[သီလ— နွားခွေး စသော တိရစ္ဆာန်တို့၏ အလေ့ဖြင့်ရင်း။ ဝတ— ထိုတိရစ္ဆာန်တို့၏အကျင့်ဖြင့်ရင်း။ ပရာမာသ—ဝဋ်ဒုက္ခမှစင်ကြယ်၏၊နိဗ္ဗာန်ရောက်၏ဟု အမှားသုံးသပ်သောဒိဋ္ဌိ-ဟုဆိုလိုသည်။ ရပ်လျက်ကျင်စွန့်ခြင်း၊ အစာကိုလက်ဖြင့် မစားဘဲ လေးဘက်ထောက် ဟပ်စားခြင်းစသော အကျင့် ဖြစ်၏။]

သီလဗ္ဗတ ပရာမာသ ဒိဋ္ဌိထက် ဣဒံသစ္စာဘိနိဝေသ ဒိဋ္ဌိက-သာ၍ ဆိုးသည်။ ထိုထို ဒိဋ္ဌိအားလုံးသည် သက္ကာယဒိဋ္ဌိ ၂၀-လျှင် အရင်းခံရှိ၏။ သက္ကာယဒိဋ္ဌိကင်းလျှင် ဒိဋ္ဌိအားလုံးကင်း၏။ သက္ကာယဒိဋ္ဌိကင်းအောင် သောတာပတ္တိမဂ်သည် အမြစ်ဖြတ်နိုင်၏။ ပဋိစ္စသမုပ္ပါဒ်သဘောကို လျော်စွာ မသိဘဲ၊ ဘာဝနာမယဉာဏ်ဖြင့် မသိဘဲ သောတာပတ္တိ မဂ်စိတ်၏ ဖြစ်ခြင်းသည် ဤသာသနာတော်၌မရှိ။ ထို့ကြောင့် စကြဝဠာတပါး မီးမလောင်သောကမ္ဘာသို့ ရွှေ့ပြောင်း၍ ငရဲခံစေသော ဒိဋ္ဌိဆိုးတို့နှင့် အဆက်ပြတ်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ပဋိစ္စ သမုပ္ပါဒ်ကို လျော်စွာသိရေး၌ ဝန်မလေးစေရာ။ မဆုတ်မနစ် ကြိုးစားအားထုတ်ရာ၏။

ဤ၌ မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒကို သာမညဖလ သုတ္တန်ဖြင့်လည်း အချို့သိနိုင် လတ္တံ့။ အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသော အခါမှစ၍ နောင်တပူပန်ခြင်းဖြင့် များစွာစိတ်ဆင်းရဲခြင်းသို့ ရောက်၏။ တနေ့၌ အမတ်တို့ကို ''ပညာရှိများထံချဉ်းကပ်လိုသည်''ဟုဆို၏။ အမတ်တို့သည် ပုရာဏ

ကဿပ—စသော တိတ္ထိဆရာကြီး ခြောက်ယောက်ထံ လိုက်ပို့ကြ၏။ အာသာဆန္ဒ မပြည့်သဖြင့် တနေ့၌ ဆရာဇီဝကနှင့် တိုင်ပင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ ချဉ်းကပ်ပြီးလျှင် ဤသို့နားတော်လျှောက်၏။

မြတ်စွာဘုရား........လောက၌ ဆင်စီး၊ မြင်းစီးအတတ်၊ အိုးလုပ် ဖျာရက် အတတ် စသည်တို့သည် အသက်မွေးကြောင်း မျက်မှောက်အကျိုး ထင်ရှားသကဲ့သို့ ရဟန်း ပြုခြင်း၏ မျက်မှောက်အကျိုး သာမညဖလသည် ထင်ရှားစွာရှိပါသလောဟု လျှောက်၏။ သင်သည် တပါးသောသူတို့ကို မေးဘူးပြီလော။ ပုရာဏကဿပစသော ဆရာကြီး ခြောက်ဦးကို မေးဘူးပါပြီဘုရား။ အဘယ်သို့ ဖြေကြားသနည်း။ ဝန်မ လေးလျှင် ဖြေပုံကို ပြောပြဦးလော့။ မြတ်စွာဘုရား........မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်များရှိရာ၌ ပြောပြခြင်းငှာ ဝန်မလေးပါဘုရား။

[ပညာရှိယောင်ထဲ၌သာ ဝန်လေးပါသည်။ ပုဒ်အက္ခရာတို့၌ အပြစ်ရှာ၍ အမှားဖမ်းတတ်ကြပါ သည်။ ပညာရှိတို့ကား-အပြစ်မရှိလျှင် ချီးမွမ်းကြပါသည်၊ အပြစ်ရှိရာ၌ ဖြောင့်မတ်အောင် ပြုပြင်ပေးကြ ပါသည်ဟု ဆိုလိုသည်။]

ပုရာဏ ကဿပ အဖြေကား။ ။ကုသိုလ် အကုသိုလ်သည် ကောင်းကျိုး၊ မ ကောင်းကျိုးမရှိ၊ ကောင်းမှု မကောင်းမှု ပြုဘွယ်မရှိဟု (အကြောင်းကံကိုတား ၍) အကိရိယဝါဒကို ဖြေပါသည်။

[သရက်ပင်ကိုမေးရာ ပိန္နဲပင်ကို ဖြေသကဲ့သို့ ဖြစ်ပါသည်။]

မက္ခလိဂေါသာလ အဖြေကား။ ။သတ္တဝါတို့ ညစ်နွမ်းကြောင်း၊ ဖြူစင် ကြောင်း အကြောင်းမရှိ၊ ကမ္ဘာ ရှစ်သန်းလေးသိန်းအတွင်း သုခ ဒုက္ခ ခံစားကြရ သည်။ ရှစ်သန်းလေးသိန်းပြည့်လျှင်ဗာလ၊ ပဏ္ဍိတအားလုံး အလိုလိုစင်ကြယ်၏။ ဝါ၊နိဗ္ဗာန်ရောက်၏။ အကျင့်ကြောင့် သံသရာတိုခြင်း၊ ရှည်ခြင်းဟုမရှိ။ ချည်လုံးကို ပစ်လျှင် ရစ်ထားသော ချည်အနေမျှသာ ပြေသကဲ့သို့တည်းဟု (ကံ၊ ဝိပါက်နှစ် ပါးလုံးတား၍) အဟေတုက ဝါဒကို ဖြေပါသည်။

[သရက်ပင်ကိုမေးရာ ပိန္နဲပင်ကို ဖြေသကဲ့သို့ ဖြစ်ပါသည်။]

အဇိတ ကေသ ကမ္ဗလ အဖြေကား။ ။ဒါနအကျိုးမရှိ၊ ယဇ်ကြီးပူဇော်ကျိုး မရှိ၊ ယဇ်ငယ်ပူဇော်ကျိုးမရှိ၊ ကုသိုလ် အကုသိုလ်၏ ကောင်းကျိုး မကောင်းကျိုး မရှိ၊ တပါးသောလောကမှလာရာ ဤလောကမရှိ။ ဤမှသွားရာ ထိုလောကမရှိ၊ [ဖြစ်ရာဘဝ၌ပြတ်၏—ဟူလို။]

အမိမရှိ၊ အဘမရှိ။ [ကောင်း၊ မကောင်းပြုကျိုးမရှိ—ဟူလို။] သေပြီး ပြန်ဖြစ်သူမရှိ၊ ကောင်းစွာကျင့်သော သမဏဗြာဟ္မဏ၊ ကိုယ်တိုင်သိ၍ ဟောကြားသော သမဏ ဗြာဟ္မဏမရှိ။ သတ္တဝါတို့သေလျှင် ကိုယ်တွင်းဓာတ် လေးပါးသည် ပြင်ပဓာတ် လေးပါးနှင့်ရော၏။ စက္ခုစသော ဣန္ဒြေခြောက်ပါးသည် ကောင်းကင်သို့ ပျံတက် ၏။ အရိုးစုသာ ထင်ရှား၏။

(က) ''ဘဿန္တာ အာဟုတိယော''အာဟုတိယော၊ အလှူဒါနတို့သည်။ ဘဿန္တာ၊ ပြာလျှင်အဆုံးရှိကုန်၏။ [ကောင်းကျိုးမပေးကုန်—ဟူလို။]
(ခ) ''ဒတ္တုပညတ္တံ-ယဒိဒံဒါနံ''ယဒိဒံဒါနံ၊ ယင်းဒါနကို။ ဒတ္တုပညတ္တံ၊ မိုက်သူတို့ပညပ်၏။ [မိုက်သူလှူသည် လိမ္မာသူ အလှူခံသည်—ဟူလို။]
(ဂ) ''တေသံ တုစ္ဆံ မုသာ ဝိလာပေါ''တေသံ၊ ထိုသူမိုက်တို့၏၊ ဝိလာပေါ၊ စကားသည်။ တုစ္ဆံ၊ အချည်းနှီးဖြစ်၏။ မုသာ၊ ချွတ်ယွင်း၏။ ဒါနအကျိုးရှိ၏ဟုဆိုသော ဗာလ၊ ပဏ္ဍိတအားလုံးသေလျှင် ပြတ်၏ဟု (အကျိုးဝိပါက်ကိုပယ်၍) နတ္ထိက ဝါဒကို၊ ဝါ၊ ဥစ္ဆေဒဝါဒကို ဖြေပါသည်။
[သရက်ပင်ကိုမေးရာ ပိန္နဲပင်ကို ဖြေသကဲ့သို့ ဖြစ်ပါသည်း။]

ပကုဓကစ္စာယန အဖြေကား။ ။ဤကိုယ်သည် ပထဝီစသောဓါတ်လေးပါး၊ သုခ၊ ဒုက္ခ၊ ဇီဝ-အားဖြင့် ခုနစ်ပါး အပေါင်းဖြစ်၏။ ပြု၍ ဖန်ဆင်း၍မဖြစ်။ အလိုလိုတည်၏။ အချင်းချင်းပြုပြင်၍ မရ။ ထက်သောထားဖြင့် ဦးခေါင်းဖြတ်သော်လည်း သတ်သည်မမည်။ ကာယခုနစ်ပါး အကြား၌သာ လက်နက်ဝင်သည်ဟု မဆီမဆိုင် အဖျင်းဖျင်းကို ဖြေဆိုပါသည်။
[သရက်ပင်ကို မေးရာ ပိန္နဲပင်ကိုဖြေသကဲ့သို့ ဖြစ်ပါသည်။]

နိဂဏ္ဌနာဋပုတ္တ အဖြေကား။ ။စာတုယာမသံဝရခေါ်သော လေးပါးအစုရှိသော စောင့်စည်းခြင်းနှင့် ပြည့်စုံရသည်။ ရေကို တားခြင်းတပါး၊ [ရေသည် သတ္တဝါတဦး ဖြစ်သည် မသုံးဆောင်ရ-ဟူလို။] မကောင်းမှုကို တားခြင်းတပါး။ တား၍ မကောင်းမှုကို ဖျက်ဆီးခြင်း တပါး။ မကောင်းမှု တားခြင်းဖြင့် နှံခြင်းတပါး— ဤလေးပါးသောစာတု ယာမသံဝရကို စောင့်စည်းခြင်းကြောင့် နာဋပုတ္တသည် ထွဋ်ထိပ်သို့ရောက်သော စိတ်ရှိ၏။ စောင့်စည်းသော စိတ်ရှိ၏။ တည်ကြည်သော စိတ်ရှိ၏ဟူ၍ ဆိုအပ်၏—ဟု စာတုယာမသံဝရကိုဖြေဆိုပါသည်။
[သက်ရှပင်ကိုမေးရာ ပိန္နဲပင်ကိုဖြေသကဲ့သို့ ဖြစ်ပါသည်။]

[ဤဝါဒနှင့်စပ်၍ ကြားရဘူးသည်မှာ တိတ္ထိအချို့သည် ရေကို ''ပိုးရှိသည်၊ပိုးသေလျှင် ငရဲကြီးသည်''ဟု ပကတိအတိုင်းမသုံး။ ချက်ပြီးမှသုံးသတဲ့။ ချက်ခိုက်ပိုးသေသော်လည်း သုံးခိုက်မသေသောကြောင့် အပြစ်မရှိဟု ယူသတဲ့။]

ဗေလဋ္ဌပုတ္တသဉ္စယ အဖြေကား။ ။တမလွန်လောက ရှိသလော-ဟု ငါ့ကို မေးလျှင် ဝေန္တိ ပိမေနော—ရှိ၏ ဟူ၍လည်း ငါမယူ။ တထာတိပိမေနော—မရှိ ဟူ၍လည်းငါမယူ။ အညထာ တိပိမေနော-ရှိမရှိမှတပါးဖြင့် ဖြစ်၏ဟူ၍လည်း ငါမယူ။ နောတိပိမေနော—ရှိမရှိမှတပါးဖြင့် မဖြစ်ဟူ၍လည်း ငါမယူ။ နောနောတိပိမေနော-ရှိ မရှိမှ တပါးဖြင့် မဖြစ်သည်မဟုတ် ဟူ၍လည်းငါမယူ(၅)။

တမလွန်လောက မရှိသလော၊ အချို့ရှိ အချို့မရှိသလော။ ရှိ မရှိလည်း မဟုတ်သလော။ သေပြီးပြန်ဖြစ်သူ၊ ကောင်းမှု မကောင်းမှု၏ကောင်းကျိုး မကောင်းကျိုး၊ သတ္တဝါသေပြီးနောက် ပြန်ဖြစ်သူ—ရှိ မရှိစသည်ဖြင့် ငါ့ကိုမေးလျှင် ရှိ၏ ဟူ၍လည်း ငါမယူ၊ မရှိဟူ၍လည်း ငါမယူ၊ ရှိမရှိမှတပါးဖြင့် ဖြစ်၏ ဟူ၍လည်း ငါမယူ၊ ရှိ မရှိမှ တပါးဖြင့် မဖြစ် ဟူ၍လည်း ငါမယူ။ ရှိမရှိတပါးဖြင့် မဖြစ်သည် မဟုတ် ဟူ၍လည်း ငါမယူဟု ဖြေကြားရာ၏ ဟူ၍ အမရာဝိက္ခေပဝါဒကို ဖြေပါသည်။

[သရက်ပင်ကိုမေးရာ ဗိန္ဓဲပင်ကိုဖြေသကဲ့သို့ ဖြစ်ပါသည်။]

ထိုဝါဒကို မနှစ်သက်သော်လည်း မနှစ်သက်ဟု မဆိုမူ၍ ဖဲခဲ့ပါသည်။ ယခုမြတ်စွာဘုရားကို မေးလျှောက်ပါသည်။ ရဟန်းပြုခြင်း မျက်မှောက်အကျိုး သာမညဖလသည် ထင်ရှားစွာရှိပါသလောဘုရားဟုလျှောက်၏။

၁။ ထိုသို့ဖြစ်လျှင် သင့်ကို ငါပြန်၍ မေးမည်။ သင်မင်းကြီး အဘယ်သို့ ဖြေဆိုမည်နည်း။ သင်မင်းကြီး၏ ကျေးကျွန် တယောက်သည်-''ကုသိုလ်ကျိုးဟူသည် အံ့ဘွယ်ရှိလေစွ၊ အဇာတသတ်မင်းအား စည်းစိမ်ပြည့်စုံသည်။ လူချင်းတူလျက် ငါကား သူကျွန်ဖြစ်သည်။ ရဟန်းပြုရမူ ကောင်းလေစွ''ဟု ကြံ၍ ရဟန်းပြု၍ ကိုယ်နှုတ်စိတ် စောင့်စည်းကာ ဆိတ်ငြိမ်ရာ၌ သူတော်ကောင်းတရားအားထုတ်ကာနေငြားအံ့။ ထိုသူကို သင်မင်းကြီးသည် ခေါ်၍ ''ငါ့ကျွန်အမှု ပြန်ပြုရမည်''ဟု ဆိုမည်လော။ ဆိုခြင်းငှာ မသင့်ပါဘုရား၊ ရှိသေစွာရှိခိုး၍ ပစ္စည်းလေးပါး လှူဒါန်း၍ တရားနှင့်အညီ စောင့်ရှောက်ပါမည်ဘုရား။ ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုး ထင်ရှားသလော၊ မထင်ရှားသလော။ ထင်ရှားပါသည်ဘုရား။

[ဤကား ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုး သာမညဖလ တည်းဟု ပညပ်အပ်၏-ဟု မိန့်တော်မူ၏။]

၂။ ထိုမှတပါး ပညပ်ခြင်းခြင်းငှါ တတ်ကောင်းပါသေးသလော ဘုရားဟု လျှောက်ပြန်၏။ မင်းကြီး........သင်၏ လယ်ကိုလုပ်သော အခွန်တိုးစေသော လယ်သမားသည်-ကုသိုလ်ကျိုးလိုလား၍ ရဟန်းပြု၍ ကောင်းစွာ စောင့်စည်း၍ သူတော်ကောင်းတရား အားထုတ်ကာနေငြားအံ့။ ထိုသူကို ''ငါ့လယ် ပြန်လုပ်ရမည်''ဟု သင်ဆိုမည်လော။ ဆိုခြင်းငှါမသင့်ပါဘုရား။ ရှိသေစွာရှိခိုး၍ လှူဒါန်း၍ စောင့်ရှောက်ပါမည်ဘုရား။ ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုး ထင်ရှားသလော၊ မထင်ရှားသလော၊ ထင်ရှားပါသည်ဘုရား။

[ဤကား ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုး သာမညဖလ တည်းဟု ပညပ်အပ်၏-ဟု မိန့်တော်မူ၏။]

၃။ ထိုထက်အလွန် ပညပ်ခြင်းငှာ တတ်ကောင်းပါသေးသလော ဘုရားဟု လျှောက်ပြန်၏။ မင်းကြီး........နားထောင်လော့။ လောက၌ မြတ်စွာဘုရားပွင့်၍

တရားဟောသဖြင့် တရားနာရသော သူကြွယ်တဦးသည် ရဟန်းအဖြစ်ကား အငြိအတွယ်မရှိ-ကောင်း၏ဟု ရဟန်းပြု၍ ပါတိမောက္ခ သံဝရသီလကိုစောင့်သုံး၏။ ဣန္ဒြိယ သံဝရသီလကို စောင့်စည်း၏။ အဘိဇ္ဈာ၊ဗျာပါဒ-စသည်တို့ကို သုတ်သင်၏။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ-ဟူသော နီဝရဏငါးပါးကိုသုတ်သင်၍(ကာမ)ကြွေးရှိသူ ကြွေးကင်းသကဲ့သို့(ဗျာပါဒ)ရောဂါရှိသူ-ရောဂါကင်းသကဲ့သို့(ထိန)-နှောင်ဖွဲ့ခံရသူ လွတ်လာသကဲ့သို့၊ (ဥဒ္ဓစ္စ)-ကျွန်ဖြစ်သူ-ကျွန်အဖြစ်မှ လွတ်လာသကဲ့သို့(ဝိစိကိစ္ဆာ)ပစ္စည်းနှင့်ခရီးသွားသူ-ခရီးခဲမှ ထွက်သကဲ့သို့ ဝမ်းမြောက်၍ ပီတိပါမောဇ္ဇရ၍ ပဌမဈာန်ရသောအခါ ပီတိ သုခပြည့်ဝ၏။

(က) ကာမစ္ဆန္ဒ ရှိသူသည် ကြွေးမြီရှိသူကဲ့သို့ ပြောဆိုတိုင်း ပြုလုပ်တိုင်း ဒုက္ခကို သည်းခံရ၏။ ကာမစ္ဆန္ဒ ကင်းသောအခါ ကြွေးမြီကင်းသူကဲ့သို့ ဝမ်းမြောက်ရ၏။

(ခ) ဗျာပါဒ ရှိသူသည် ရောဂါသည် သည်စားသမျှ ခါးသကဲ့သို့ သူတော်ကောင်း၊တရား ခါး၏။ ဗျာပါဒ ကင်းသောအခါ ရောဂါကင်းသကဲ့သို့ ဝမ်းမြောက်ရ၏။

(ဂ) ထိန မိဒ္ဓ ရှိသူသည် ပွဲသဘင်နေ့ နှောင်ဖွဲ့ခံရသူကဲ့သို့ ဟောပြောသမျှ သူတော်ကောင်း တရားကို မသိ။ ထိန မိဒ္ဓ ကင်းသောအခါ နှောင်ဖွဲ့ရာမှ လွတ်သူကဲ့သို့ ဝမ်းမြောက်ရ၏။

(ဃ) ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိသူသည် သူ့ကျွန်ခံရသူ-သခင်နိုင်းသမျှ ပြုလုပ်ရ၍ ပွဲသဘင်စသည်ကို မခံစားရသကဲ့သို့ အပ် မအပ် သုတ်သင်ခြင်းငှါ ဝိနည်းဓိုရ်ထံ သွားရ၏။ဝိဝေကသုခ မခံစားရ။ဥဒ္ဓစ္စ ကုက္ကုစ္စ ကင်းသောအခါ သူ့ကျွန်အဖြစ်မှ လွတ်သူကဲ့သို့ ဝမ်းမြောက်ရ၏။

(င) ဝိစိကိစ္ဆာရှိသူသည် ဘဏ္ဍာယူ၍ ခိုးသူရှိသော ခရီးခဲသွားသူ-တထိတ်ထိတ်ရှိသကဲ့သို့ ဘုရား တရား သံဃာ၌ ယုံမှားခြင်း ရှိသဖြင့် မဂ်,ဖိုလ် မရနိုင်။ ဝိစိကိစ္ဆာ ကင်းသောအခါ ခရီးခဲမှ ထွက်မြောက်လာသူကဲ့သို့ ဝမ်းမြောက်ရ၏။

ဝမ်းမြောက်၍ ပီတိမောဇ္ဇရ၍ ပဌမဈာန်ရသောအခါ ဝိဝေကဇ-ပီတိ သုခ အပြည့် ဖွတ်စို၏။ ရေချိုးကသယ်မှုန့် အလုံး၌တွင်းပ-ရေစေးနှံ့သကဲ့သို့ပီတိ သုခ တွင်းပ-အပြည့်နှံ့၏။

[ဤပဌမဈာန်ရခြင်းသည် ယခင်ထက်ထူးသောရဟန်းပြုခြင်း မျက်မှောက်အကျိုး သာမညဖလ ပေတည်း။]

၄။ တဖန် ဒုတိယဈာန်ရသောအခါ သမာဓိကြောင့်ဖြစ်သော ပီတိသုခသည် တကိုယ်လုံးတွင်းပ အပြည့်စွတ်စို၏။ ရေစိမ့်သော ရေကန်ကဲ့သို့ တကိုယ်လုံး တွင်းပစိမ့်၏။

[ဤဒုတိယဈာန်ရခြင်းသည် ယခင်တိုထက်ထူးသော ရဟန်းပြုခြင်း မျက်မှောက်အကျိုး သာမညဖလပေတည်း။]

၅။ တဖန် တတိယဈာန်ရသောအခါ သတိသမ္ပဇဉ်ရှိ၍ ပီတိကင်းသော သုခဖြင့် တကိုယ်လုံး တွင်းပအပြည့် စွတ်စို၏။ ရေ၌ ငုပ်လျက် ကြီးပွားသော ကြာရုံကဲ့သို့ တွင်းပချေမ်း၏။

[ဤတတိယဈာန်ရခြင်းသည် ယခင်တိုထက်ထူးသော ရဟန်းပြုခြင်း မျက်မှောက်အကျိုး သာမညဖလပေတည်း။]

၆။ တဖန် စတုတ္ထဈာန်ရသောအခါ ဥပေက္ခာသတိဖြင့် စင်ကြယ်သောစိတ်သည် တကိုယ်လုံးနှံ့၏။ အဝတ်ဖြူခြုံသူအား အဝတ်တကိုယ်လုံးနှံ့သကဲ့သို့ နှံ့၏။

(ဤစတုတ္ထဈာန်ရခြင်းသည် ယခင်တိုထက်ထူးသော ရဟန်းပြုခြင်း မျက်မှောက်အကျိုး သာမညဖလပေတည်း။)

၇။ တဖန် ဈာန်စိတ်ဖြင့် တည်ကြည်၍ ဝိပဿနာ ဉာဏဒဿန အကျိုးငှါ စိတ်ကိုဆောင်သောအခါ-ဤကာယသည်ရုပ်ရှိ၏။မဟာဘုတ်လေးပါး အပေါင်းဖြစ်၏။ ထမင်း မုန့်တို့ကြောင့် ကြီး၏။ ဖြစ်ပြီး ပျက်သော အနိစ္စ သဘောရှိ၏။ အနှံ့ဆိုး ကင်းစေခြင်းငှါ လိမ်းကျံအပ်၏။နာကျင်ခြင်း ကင်းစေခြင်းငှာဆုပ်နယ်အပ်၏။ ပြုပြင်လျက်သော်လည်း ဖရိုဖရဲ ပျက်ခြင်းသဘောရှိ၏။ ဤဝိညာဏ်သည် ဤရုပ်၌ မှီ၍ စပ်၏ဟု မြင်သိ၏။ပတ္တမြား ကုံးကိုသီသောကြိုး ညို၊ ရွှေ၊ နီ၊ ဖြူဖြင့် မျက်စိရှိသူ မြင်သိသကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် မြင်သိ၏။

[ဤဝိပဿနာဉာဏ် ရခြင်းသည် ယခင်တိုထက်ထူးသော မျက်မှောက် သာမညဖလပေတည်း။]

၈။ မနောမယိဒ္ဓိဖြင့် စိတ်ရှိသော ကိုယ်ကို ဖန်ဆင်း လိုသောအခါ မိမိကိုမှ စိတ်ရှိသော မိမိတူသော ကိုယ်တခုကို ဖန်ဆင်း၏။ ဖြူဆံမြက်မှ အညှောက်နုတ်သကဲ့သို့၊သံလျက်အိမ်မှ သံလျက်နုတ်သကဲ့သို့၊မြွေအရေဟောင်းမှ မြွေကိုယ်ကို ထုတ်သကဲ့သို့ ဖန်ဆင်း၏။

[ဤမနောမယိဒ္ဓိရခြင်းသည် ယခင်တိုထက်ထူးသော မျက်မှောက် သာမညဖလပေတည်း။]

၉။ ဣဒ္ဓိဝိဓအလို့ငှါ စိတ်ဆောင်သောအခါ တဦးတည်းဖြစ်လျက် အများဖြစ်၏။အများဖြစ်လျက် တဦးတည်းဖြစ်၏။နံရံ၊ တံတိုင်း၊ တောင်တဘက်သို့မငြိမတွယ် ကောင်းကင်၌ကဲ့သို့ မထင်ရှားရင်း၊ ထင်ရှားစွာရင်း—သွား၏။ရေ၌ကဲ့သို့ မြေ၌ ငုတ်၏။မြေ၌ကဲ့သို့ ရေပေါ်၌သွား၏။ငှက်ကဲ့သို့ ကောင်းကင်၌ တင်ပျဉ်ခွေလျက် ရွေ့သွား၏။ လ၊ နေတို့ကို ဆုပ်ကိုင်၏။ ဗြဟ္မာ့ပြည်တိုင်အောင် ကိုယ်ဖြင့် အလိုကိုဖြစ်စေ၏။ အိုးထိန်းသည်သည် လိုရာ အိုးပြုသကဲ့သို့၊ ဆင်စွယ် ပွတ်သမားသည်

လိုရာ ဆင်ခွယ်အထူးပြုသကဲ့သို့၊ ရွှေပန်းထိမ်သည်သည် လိုရာရွှေတန်ဆာပြုသကဲ့သို့ လိုတိုင်းပြီးအောင်ပြု၏။

[ဤဣဒ္ဓိဝိဓ-ရခြင်းသည် ယခင်တို့ထက်ထူးသော မျက်မှောက်သာမညဖလ ပေတည်း။]

၁၁။ ဒိဗ္ဗသောတ အလို့ငှါ စိတ်ဆောင်သောအခါ နတ်၌လူ၌ဖြစ်သော အနီးအဝေး အသံတို့ကို ကြား၏။ မှတ်သား၏။ အန္တရာယ်မရှိသော ခရီး၌ ခရီးရှည်သွားသူသည် ကြားသမျှ အသံကို မှတ်သားသကဲ့သို့ မှတ်သား၏။

[ဤဒိဗ္ဗသောတ ရခြင်းသည် ယခင်တို့ထက်ထူးသော သာမညဖလ ပေတည်း။]

၁၁။ စေတောပရိယအလို့ငှါ စိတ်ဆောင်သောအခါ သူတပါး၏ ရာဂစိတ်၊ ဒေါသစိတ်၊ စိတ်ကောင်း၊ စိတ်ညံ့ဟူသမျှကို မှန်ကြေးမုံ၌ မျက်နှာရိပ်ကိုကဲ့သို့ မြင်သိ၏။

[ဤပရစိတ္တဝိဇာနန-ရခြင်းသည် ယခင်တို့ထက်ထူးသော သာမညဖလ ပေတည်း။]

၁၂။ ရှေးဘဝသိခြင်းငှါ စိတ်ဆောင်သောအခါ အတိတ်တဘဝ၊ နှစ်ဘဝ၊ ဘဝ ရာထောင်၊ ကမ္ဘာများစွာတိုင်အောင် ဤဘဝမှ ဤဘဝသို့ ရောက်လာ၏ဟု တရွာမှ တရွာ ခရီးသွားသူကဲ့သို့ ပြန်အောက်မေ့နိုင်၏။

[ဤပုဗ္ဗေနိဝါသ-ရခြင်းသည် ယခင်တို့ထက်ထူးသော သာမညဖလ ပေတည်း။]

၁၃။ စုတူပပါတဉာဏ်အလို့ငှါ စိတ်ဆောင်သောအခါ-သေဆဲ၊ ဖြစ်ဆဲ၊ ဖြူ၊ မဲ ယုတ်၊ မြတ်-ကံအတိုင်း ချဉ်းကပ်ရသူတို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်၏။ ခရီးဆုံ ပြာသာဒ် အထက်၌ နေသူသည် အိမ်တွင်းဝင်သူ၊ ထွက်သွားသူ၊ ခရီးသွားသူတို့ ကိုမြင်သကဲ့သို့ မြင်၏။

[ဤစုတူပပါတဉာဏ်ဟူသော ဒိဗ္ဗစက္ခုဉာဏ်ရခြင်းသည် ယခင်တို့ထက်ထူးသော ရဟန်းပြုကျိုးသာ မညဖလပေတည်း။]

၁၄။ အာသဝေါကုန်ခြင်းငှါ (နိဗ္ဗာန်အလို့ငှါ-အရဟတ္တမဂ်အလို့ငှါ) စိတ် ဆောင်သောအခါ ဤတေဘူမက တရားသည် ဒုက္ခသစ္စာတည်း။ ထိုဒုက္ခကိုဖြစ်စေ သော တဏှာသည် သမုဒယသစ္စာတည်း။ ဒုက္ခ သမုဒယနှစ်ပါး ချုပ်ရာ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာတည်း။ ထိုနိဗ္ဗာန်သို့ ပို့တတ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာတည်း။

ဤသို့ ဟုတ်မှန်စွာသိ၍ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့မှ စိတ်သည် လွတ်၏။ [မဂ်ခဏ၌ လွတ်၏။]

ငါ၏စိတ်သည် လွတ်ပြီဟု ဉာဏ်ဖြစ်၏ [ဖိုလ်ခဏကိုဆင်ခြင်၏။]

ဇာတိကုန်ပြီ။ ကျင့်ဘွယ်မဂ်ကိစ္စ ၁၆ ချက်လုံး ကျင့်ပြီးပြီ။ ထိုထက်အလွန် ကျင့်ဘွယ်မရှိဟု သိ၏။ [ကံတွေရှိသော်လည်း ကိလေသာကုန်ခြင်းကြောင့် ဇာတိကုန်ပြီဟု သိ၏။]

တောင်ထိပ်၌ ကြည်လင်သော ရေကန်၌ ခရု၊ ကျောက်သွား၊ ငါး၊ လိပ်၊ ကျောက်စရစ်တို့ ကိုသွားသည်၊ ရပ်တည်သည်တို့ကို မြင်ရသကဲ့သို့ သစ္စာလေးပါး မြင်သိ၍ ကိလေသာမှလွတ်၏။

မင်းကြီး....... ''ဤ အာသဝက္ခယ ဉာဏ်ရခြင်းသည် ယခင်တို့ထက်ထူးသော ရဟန်းပြုခြင်း မျက်မှောက်အကျိုး သာမည ဖလ ပေတည်း။ ထိုထက် အလွန်မရှိပြီ''ဟု မိန့်တော်မူ၏။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရား၊ လမ်းမှားသူအား လမ်းမှန်ပြသကဲ့သို့ များစွာသော အကြောင်းတို့ဖြင့် ဟောပြပါပေသည်။ ရတနာသုံးပါး ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ၊ တပည့်တော်သည် မိုက်မဲတွေဝေသဖြင့် ခမည်းတော် မင်းတရားကြီးကို သတ်မိပါပြီ။ သည်းခံတော်မူပါဟု လျှောက်၍ ပြန်သွား၏။ ထိုနောက် ရဟန်းတို့ကို ခေါ်၍ ချစ်သားတို့........အဇာတသတ်မင်းသည် မိမိကိုယ်ကို မိမိဖျက်ဆီးအပ်ပြီ။ ခမည်းတော်ကို မသတ်မိသူ ဖြစ်အံ့၊ ဤနေရာ၌ မဂ်ဖိုလ်ရရာ၏ဟု မိန့်တော်မူ၏။

[ဤမျှဖြင့် ဝိပဿနာဉာဏ်၊ မနောမယဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတော ပရိယာယဉာဏ်၊ ပုဗ္ဗေနိဝါသာဉာဏ်၊ ဒိဗ္ဗစက္ခုစွမ်းဖြင့် ဖြစ်သော အနာဂတံသဉာဏ်။ ယထာကမ္မုပဂဉာဏ်နှစ်ပါး၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်အားဖြင့် ဉာဏ်ဆယ်ပါးညွှန်းပြတော်မူ၏။]

ဤသို့ ယခုသာမညဖလသုတ်ကို နာကြားရသူတို့သည် ဒိဋ္ဌိအမျိုးမျိုးကင်း၍ ဉာဏ်ဆယ်ပါးဟူသော သာမညဖလကို မျက်မှောက်ပြုနိုင်ကြသူတို့ ဖြစ်ကြပါစေကုန်သတည်း။

---

# ရှင်အာနန္ဒာစကား အတားခံရခြင်းနှင့် တရားသူခိုး။

## ပဋိစ္စသမုပ္ပါဒ်ဉာဏ်ရပုံ တရားစာ။

[မကြည်ဝင်း၊ မမြင့်တို့ ပင်ကျွက်မှတ်၍ ဟောလေ့ပြုကြသည်။]

မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ သီတင်းသုံး နေတော်မူသောအခါ အရှင်အာနန္ဒာ မထေရ်သည် တကာ တကာမတို့ကို ချီးမြှောက်ခြင်းအားဖြင့် ဥတ္တရာထောင်ထုပ်ကို အိမ်ပေါက်စေ့ တထုပ်စီ ချပေးသကဲ့သို့ ကမ္မာသဒမ္မရွာ၌ ဆွမ်းခံ လှည့်လည်တော်မူတယ်။ ဆွမ်းကိစ္စပြီး၍ ဆွမ်းခံရွာမှ ပြန်လာသောအခါ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ပြု၍ နေ့ခင်း၌ မြတ်စွာဘုရား ဂန္ဓကုဋိသို့ဝင်တော်မူ၍ ကိန်းအောင်းသောအခါမှ မိမိနေရာသို့ ပြန်လာ၍ တပည့်တို့အား ဆိုင်ရာဝတ်ကိုပြု၍ နေ့နေရာသုတ်သင်ပြီးလျှင် တင်ပျဉ်ခွေလျက် ဖလသမာပတ်ကို ဝင်စားတယ်။ သမာပတ်မှ ထသောအခါ ပဋိစ္စသမုပ္ပါဒ် တရားတော်၌ ဉာဏ်သက်ဝင်

စေ၍ ဤသို့ ဆင်ခြင်သုံးသပ်တော်မူသတဲ့။ ဒီမှာ ရှင်အာနန္ဒာ ဆင်ခြင်ပုံကို နည်းယူပြီး ဆင်ခြင်ရအောင် သတိပြုရမယ်။

ရှင်အာနန္ဒာ ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပုံကား။ ။အဝိဇ္ဇာကြောင့် သင်္ခါရသာ ဖြစ်သည်၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မြဟ္မာ၊ လူ၊ နတ်မဖြစ်။ အဝိဇ္ဇာလည်း အကြောင်း၊ အားလျော်စွာ ဖြစ်သော အကျိုးတရားမျှသာတည်း။

သင်္ခါရကြောင့် ဝိညာဏ်သာဖြစ်သည်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မြဟ္မာ၊ လူ၊ နတ်-မဖြစ်။ သင်္ခါရလည်း အကြောင်းအားလျော်စွာဖြစ်သော အကျိုးတရားမျှသာတည်း။

ဤနည်းဖြင့်. .ဇာတိကြောင့် ဇရာမရဏသာဖြစ်သည်။ သောက၊ ပရိဒေဝ-စသည့်တို့သာ ဖြစ်ကြသည်၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မြဟ္မာ၊ လူ၊ နတ်-မဖြစ်။ ဇာတိလည်း အကြောင်းအားလျော်စွာ ဖြစ်သော အကျိုးတရားမျှသာတည်း။

ဤသို့လျှင် အစမှအဆုံး-အဆုံးမှအစသို့ရှင်း၊ နှစ်ဘက်စွန်းမှ အလယ်၊ အလယ်မှ နှစ်ဘက်စွန်းသို့ရှင်း ရောက်စေလျက် အဆက်ဆက်ကျေးဇူးပြုပုံ ၁၂-ပုဒ်လုံးကိုသုံးကြိမ်တိုင်တိုင် ဆင်ခြင်သုံးသပ်တော်မူတယ်။ ထိုအခါ ကျေးဇူးပြုပုံခြင်းရာ အားလုံးသည် ပေါ်လွင်စွာဉာဏ်၌ ထင်ရှားလာသတဲ့။ သည်တော့ ဘယ်လို ကြံစည်မိသလဲဆိုတော့ ......ဤပဋိစ္စသမုပ္ပါဒ်သဘောသည် နက်နဲ၏။ နက်ရောင်လည်း ထင်၏ဟု အလုံးစုံသော မြတ်စွာဘုရားများ ဟောကြားပါတယ်။ ငါသည် ဉာဏ်တစိတ်တဒေသမျှ ရှိသော သာဝက ဖြစ်လျက် ငါ၏ဉာဏ်၌ ပေါ်လွင်စွာ ထင်ရှားလာတယ်။ ငါ့အားသာ ဤသို့ ပေါ်လွင်သလော။ တပါးသောသူတို့အားလည်း ပေါ်လွင်လေသလောဟု အကြံဖြစ်၍ ညနေချမ်းအချိန်တွင် ဘုရားရှင်ထံချဉ်းကပ် ဤသို့လျှောက်သတဲ့။

အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ၊
ယာဝ ဂမ္ဘီရောစာယံ ဘန္တေ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသောစ။
အထစ ပန မေ ဥတ္တာန က ဥတ္တာန ကော ဝိယ ခါယတိ။

ဘန္တေ၊ မြတ်စွာဘုရား။ အစ္ဆရိယံ၊ အံ့ဘွယ်ရှိလှပါ၏။ အဗ္ဘုတံ၊ မဖြစ်စဘူး ဖြစ်ပုံထူးလှပါ၏။ ဘန္တေ၊ မြတ်စွာဘုရား။ အယံပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စမုပ္ပါဒ်သည်။ ယာဝ၊ အလွန်အကဲ ပမာဏမရှိအောင်။ ဂမ္ဘီရောစ၊ နက်လည်းနက်၏။ ဂမ္ဘီရာဝဘာသောစ၊ နက်ရောင်လည်း ရှိပါ၏။ အထစပန၊ ထိုသို့ဖြစ်ပါသော်လည်း။ မေ-မမ၊ အကျွန်ုပ်အာနန္ဒာအား။ ဥတ္တာနက ဥတ္တာနကော ဝိယ၊ အလွန့်အလွန်ပေါ်လွင်သကဲ့သို့။ ခါယတိ၊ ထင်ရှားပါ၏။ အစ္ဆရိယံ၊ အံ့သြဘွယ်ရှိလှပါ၏။ အဗ္ဘုတံ၊ မဖြစ်စဘူး ဖြစ်ပုံထူးလှပါ၏ဘုရား။

ဒီလိုလျှောက်တဲ့နေရာမှာ ရေလေးမျိုးကိုနားလည်ရမယ်။ မဲညိုသော ဖက်ပုပ်ရေသည် နက်ရောင်နှင့်တိမ်သည်။ နှစ်တောင်သုံးတောင်မျှ နက်သော်လည်း အ

တောင်တရာလောက်နက်လေသလောဟု ထင်ရတယ်။ ကြည်လင်သောရေသည် တိမ်ရောင်နှင့် နက်သည်။ အတောင်တရာလောက် နက်သော်လည်း နှစ်တောင်သုံးတောင်မျှနက်သည်ဟု ထင်ရတယ်။ အိုးခွက်၌ တည်သောရေသည် တိမ်ရောင်နှင့်တိမ်သည်။ တထွာမျှ နက်၍ တထွာမျှ နက်သည်ဟု ထင်ရတယ်။ မြင့်မိုရ်တောင်ခြေ သမုဒြာရေသည် နက်ရောင်နှင့် နက်သည်။ လွန်စွာနက်၍ လွန်စွာနက်သည်ဟု ထင်ရတယ်။ ဤသို့ရေလေးမျိုး၌ အမည်လေးမျိုးရတယ်။

ပဋ္ဌိစ္စသမုပ္ပါဒ်မှာတော့ နက်ရောင် နှင့် နက်သည်ဟု အမည်တမျိုးသာရတယ်။ ဤသို့ နက်ရောင်ပြင်းထန် နက်နဲခြင်းမှန်လှသော်လည်း တပည့်တော် အာနန္ဒာအား ပေါ်လွင်စွာ ထင်ရှားလှသဖြင့် အံ့ဘွယ်အထူး ဖြစ်ပါသည်ဘုရားဟု၍ လျှောက်၍ ဆိတ်ဆိတ်နေသတဲ့။

ထိုအခါ မြတ်စွာဘုရားက ဤညီတော်အာနန္ဒာသည် ဘဝဂ်တိုင်အောင် လက်ကိုဆန့်တန်းချေပြီ။ မြင့်မိုရ်တောင်ကိုခွဲ၍ အဆန်ထုတ်ရန် အားထုတ်ချေပြီ။ လှေသဘော်မပါဘဲ သမုဒြာကိုကူးချေပြီ။ မဟာပထဝီမြေကြီးကို လှပ်၍ မြေသြဇာယူရန် အားထုတ်ချေပြီ။ ဘုရားရှင်တို့၏ အရာဖြစ်သော ပြဿနာကို မိမိအား ပေါ်လွင်စွာထင်ရှားသည်ဟု ဆိုဘိ၏။ ယခုအခါ ငါဘုရားတားမြစ်၍ နက်နဲခြင်းကို ဟောပြောရပေတော့အံ့ဟု ကြံစည်တော်မူပြီးလျှင် ဤသို့ မိန့်မြွက်တော်မူတယ်။

မာဟေဝံ အာနန္ဒ မာဟေဝံ အာနန္ဒ၊
ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ၊ ဂမ္ဘီရာဝဘာသောစ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧဝံ၊ ဤသို့ပဋ္ဌိစ္စသမုပ္ပါဒ်သည် ပေါ်လွင်စွာထင်ရှား၏ဟူ၍။ မာဟ၊ မဆိုလေနှင့်။ မာဟ၊ မဆိုလေနှင့်။ (ဟ-ကားလေးနက်စွာ ဆိုရာ၌ နိပါတ်ပုဒ်ဖြစ်၏)။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အယံပဋိစ္စသမုပ္ပါဒေါ၊ ဤပဋ္ဌိစ္စသမုပ္ပါဒ်သည်။
ဂမ္ဘီရောစ၊ နက်လည်းနက်၏။ ဂမ္ဘီရာဝဘာသောစ၊ နက်ရောင်လည်းရှိ၏။

သည်နေရာမှာ- ချစ်သားအာနန္ဒာ........ဤသို့မဆိုလေနှင့်ဟု တားခြင်းသည် ရှင်အာနန္ဒာကို ချီးမြှောက်ခြင်းဟူ၍လည်း ယူဆနိုင်သည်၊ မောင်းမဲခြင်းဟူ၍လည်း ယူဆနိုင်သည်-ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူတယ်။

ချီးမြှောက်ခြင်းဟု ယူဆပုံကတော့။ ။ချစ်သား အာနန္ဒာ........သင်သည် ကြီးသောပညာရှိ၏၊ ထက်မြက်သန့်ရှင်းသောဉာဏ်ရှိ၏။ ထိုကြောင့် နက်နဲသော ပဋ္ဌိစ္စသမုပ္ပါဒ်သော်လည်း သင်အား ပေါ်လွင်စွာထင်ရှားသည်-တပါးသောသူတို့အား ဤသို့ ပေါ်လွင်စွာထင်ရှားသည်ဟုမမှတ်နှင့်။ နက်ရောင်ပြင်းထန် နက်နဲခြင်း အမှန်ပေတည်း။ ထိုကြောင့် ဤသို့မဆိုလေနှင့်။
[ဤကားချီးမြှောက်၍ တားခြင်းဟု ယူဆပုံတည်း။]

တနည်းကား။ ။တနှစ်ပတ်လုံး အစားကောင်းစား၍ ခွန်အားမွေးထားသော လက်ပမ်းသည်တယောက်သည် လူသုံးယောက် မချီနိုင်သော သံလုံးကြီးကို ပေါ့ပါးစွာ ချီမ၍ မြှောက်ကစား နိုင်သော်လည်း တပါးသောသူတို့မှာ လွန်စွာ လေးလံသကဲ့သို့ ထို့အတူ ကမ္ဘာတသိန်းပတ်လုံး ပါရမီခွန်အား မွေးထားသော ရှင်အာနန္ဒာအား ပဋိသမ္ဘိဒါသည် ပေါ်လွင်စွာ ထင်ရှားသော်လည်း တပါးသောသူတို့မှာ နက်နဲသည်သာတည်း။

သမုဒ္ဒရာ၌ တိမိရ၊ ပိင်္ဂလ-မည်သော ငါးကြီးသည် ယူဇနာတရာ နက်သော ရေ၌ မိမိကျောက်ကုန်း မမြုပ်သောကြောင့် သမုဒ္ဒရာ တိမ်သည်ဟု ဆိုရသော်လည်း တပါးသော ငါးတို့မှာ တိမ်သည်ဟု မဆိုနိုင်။ ယူဇနာ ၁၅၀-ရှိသော ဂန္ဓုန်ဆင်၏ တောင်ပံလေဟုန်သည် ယူဇနာ တဋ္ဌထောင်ခန့်တိုင်အောင် မဆန့်သဖြင့် ကောင်းကင်ကျဉ်းသည်ဟု ဆိုရသော်လည်း တပါးသော ငှက်တို့မှာ ကျဉ်းသည်ဟု မဆိုနိုင်၊ ယူဇနာ ၄၈၀၀-အရပ်မြင့်သော ရာဟု အသူရိန် နတ်ကြီးသည် သမုဒ္ဒရာသို့ဆင်းသောအခါ ဒူးဆစ်မျှရှိ၍ တိမ်သည်ဟုဆိုရသော်လည်း တပါးသော သူတို့မှာ တိမ်သည်ဟု မဆိုနိုင်။

ထို့အတူ ရှင်အာနန္ဒာမှာ ဉာဏ်ကြီး၍ ပဋိသမ္ဘိဒါ ပေါ်လွင်စွာ ထင်ရှားသော်လည်း တပါးသောသူတို့မှာပေါ်လွင်သည်ဟု မဆိုနိုင်။ ထိုကြောင့် ဤသို့မဆိုလေနှင့်။

[ဒါလဲ ချီးမြှောက်၍ တားခြင်းပါဘဲ။]

တနည်းကား။ ။ရှင်အာနန္ဒာမှာ အကြောင်းလေးပါး ပြည့်စုံတယ်။ ထိုကြောင့်နက်နဲလှသော ပဋိသမ္ဘိဒါသည် ပေါ်လွင်စွာထင်ရှားလေသတဲ့။ လေးပါးကား-ရှေးဆုတောင်းကောင်းမှုရှိ၏။ ဆိပ်ကမ်း၌နေ၏။ သောတာပန်ဖြစ်၏။ ဗဟုသုတရှိ၏၊ ဤလေးပါးကြောင့်တဲ့။

၁။ ရှေးဆုတောင်း ကောင်းမှု ရှိခြင်းကား ကမ္ဘာတသိန်း ထက်၌ ပဒုမုတ္တရ မြတ်စွာဘုရားအား ကျောင်းဆောက်လှူခြင်း၊ ဝါတွင်းသုံးလ သီလဆောက်တည်၍ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခြင်းတို့ကို ပြုပြီးလျှင် မြတ်စွာဘုရားနှင့် အကျွမ်းဝင်သော အလုပ်အကျွေးဆုကိုတောင်းခဲ့တယ်။ ဤသို့ ရှေးဆုတောင်း ကောင်းမှုရှိခြင်းကြောင့် ရှင်အာနန္ဒာအား ပဋိသမ္ဘိဒါပေါ်လွင်စွာထင်ရှားတယ်။

၂။ ဆိပ်ကမ်း၌နေခြင်းကား-အလေးပြုလောက်သော ဆရာမြတ်ထံ၌ သင်ယူခြင်း၊ နာကြားခြင်း၊ မေးမြန်းခြင်း၊ ဆောင်ထားခြင်းနှင့် ပြည့်စုံသောကြောင့် ရှင်အာနန္ဒာအား ပဋိသမ္ဘိဒါပေါ်လွင်စွာ ထင်ရှားတယ်။

၃။ သောတာပန်ဖြစ်ခြင်းကား-သောတာပန် ပုဂ္ဂိုလ်တို့မှာ ပဋိစ္စသမုပ္ပါဒ်ကို မဂ်ဉာဏ်ဖြင့် ဖေါက်ထွင်းပြီးဖြစ်တယ်။ ဤသို့ သောတာပန်ဖြစ်ခြင်းကြောင့် ရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ် ပေါ်လွင်စွာ ထင်ရှားတယ်။

၄။ ဗဟုဿုတ ရှိခြင်းကား—ရှင်အာနန္ဒာသည် ဗဟုဿုတရှိသူတို့တွင် အလွန်ဆုံး-အမြတ်ဆုံး ဖြစ်၍ ဗဟုဿုတ ဧတဒဂ် ရသူဖြစ်တယ်။ ဤသို့ ဗဟုဿုတရှိခြင်းကြောင့် ရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ် ပေါ်လွင်စွာထင်ရှားတယ်။

[ဤကား အကြောင်း လေးပါးကြောင့် ရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ်ပေါ်လွင်စွာ ထင်ရှားပုံဖြစ်သတဲ့။]

ထိုဆိုပြီးသော အကြောင်းတို့ကို ထောက်ထား၍ ချစ်သားအာနန္ဒာ........သင်သည် ကြီးသောပညာရှိ၏။ ထက်မြက်သန့်ရှင်းသောဉာဏ်ရှိ၏၊ ထိုကြောင့် လေးပါးသောနက်နဲခြင်းဖြင့် နက်နဲလှသော ပဋိစ္စသမုပ္ပါဒ်သော်လည်း သင်နှင့်တွေ့တော့ ပေါ်လွင်စွာ ထင်ရှားနေတယ်။ တပါးသောသူတို့မှာတော့ ဤသို့ပေါ်လွင်စွာ ထင်ရှားသည်ဟု မမှတ်နှင့်။ နက်ရောင်ပြင်းထန် နက်နဲခြင်းအမှန် ပေတည်း။ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်သည် ပေါ်လွင်စွာ ထင်ရှားသည်ဟု မဆိုလေနှင့်။

[ဤစကားလဲ ချီးမြှောက်ခြင်းဖြင့် တားတော်မူခြင်းပါဘဲ။]

မောင်းမဲခြင်းဟု ယူဆပုံကတော့။ ။ချစ်သားအာနန္ဒာ......သင်အား ပဋိစ္စသမုပ္ပါဒ်သည် အကယ်၍ ပေါ်လွင်စွာ ထင်ရှားသည်ဖြစ်အံ့။ အဘယ်ကြောင့် မိမိအလိုလို သောတာပန် မဖြစ်ဘဲ ငါဘုရား၏နည်းဖြင့် သောတာပန်ဖြစ်ရသနည်း။ ယခုတိုင်အောင် ဘဝကြောင့် ရှုန့်ရင်းသော သံယောဇဉ်တို့ကို မပယ်နိုင်သေး၊ (သကဒါဂါမ်မဖြစ်သေး) သနည်း။ သိမ်မွေ့သော ကိလေသာတို့ကို မပယ်နိုင်သေး၊ (အနာဂါမ် မဖြစ်သေး)သနည်း။ ကိလေသာ အားလုံး မပယ်နိုင်သေး (ရဟန္တာမဖြစ်သေး)သနည်း။

ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်-တို့ကဲ့သို့ သာဝကပါရမီဉာဏ်၏အထွဋ်အထိပ်သို့ ရောက်ပါတော့လား။ ပစ္စေကဗုဒ္ဓါတို့ကဲ့သို့ ပစ္စေကဗောဓိဉာဏ်ကို ထိုးထွင်းပါတော့လား။ သဗ္ဗညုဘုရားတို့ကဲ့သို့ သဗ္ဗညုတ ဉာဏ်ကို မျက်မှောက်ပြုပါတော့လား။ ဤသို့သော ဂုဏ်ထူးတို့ဖြင့် အလိုမရှိသောကြောင့်လား။ သင်၏အဖြစ်သည် သေးငယ်သည်မဟုတ်။ သာဝကဉာဏ် တပိုင်းတစ ရရုံဖြင့် ပဋိစ္စသမုပ္ပါဒ်သည် ပေါ်လွင်စွာထင်ရှားသည်ဟု သင်ဆိုဘိ၏။ ဘုရားရှင်အားလုံးတို့၏ စကားတော်နှင့် ဆန့်ကျင်၏။ သင်ကဲ့သို့သော ရဟန်းအား ဘုရားရှင်တို့၏ စကားတော်နှင့် ဆန့်ကျင်အောင် ဆိုခြင်းသည် အဘယ်မှာ သင့်တော်နိုင်အံ့နည်း။ မသင့်တော် မလျော်လေစွ။

ချစ်သားအာနန္ဒာ ......ဤပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်းနိုင်အောင် အားထုတ်စဉ် ငါဘုရားအား လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့သည် လွန်လေကုန်ပြီ။ ပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်းနိုင်ခြင်းငှါ မလှူဘူးသော အလှူမရှိ၊ မဖြည့်ဘူးသော ပါရမီမရှိ။ ပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်းနိုင်အောင် ငါဘုရားအား ဝီရိယအားထုတ်ခြင်း မရှိလေသကဲ့သို့ သင်ဆိုဘိ၏။

မာရ်နတ်စစ်သည်ကို ဖျက်ဆီးသောအခါ ဤမြေသည်မလှုပ်။ ညဉ့်ဦးယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို၊ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို-ဖြည့်စုံစေသောအခါ ဤမြေသည်မလှုပ်။ ပစ္ဆိမယာမ် နံနက်စောစော၌ ဤပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်း၍ သိသောအခါ ဤ သောင်း လော က ဓာ တ် မြေပြင်သည် အိုးထိန်းသည်စက်၊ ပုခက်၊ ရေလှိုင်း-ရပ်မဆိုင်း ပင့်မြှောက် ရှေ့နောက်ဝဲယာ ဆုတ်တက်ကာဖြင့် ချာချာမြင့်နိမ့် တငြိမ့်ငြိမ့်လှုပ်ခဲ့ပြီ။ ချစ်သားအာနန္ဒာ......ဤသို့လျှင် ဤပဋိစ္စသမုပ္ပါဒ်သည်နက်၏၊ နက်ရောင်လည်းရှိ၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်သည် ပေါ်လွင်စွာ ထင်ရှားသည်ဟု မဆိုလေနှင့်။

[ဤကား မောင်းမဲခြင်းဖြင့် တားတော်မူခြင်းတည်း။]

ဤသို့ မဆိုလေနှင့်ဟုတားမြစ်တော် မူပြီးသောအခါ—''ပဋိစ္စသမုပ္ပါဒ် မသိခြင်းကြောင့် သံသရာရှည်သည်''ဟု ရှေးကောင်းမှုရှိသူတို့အား ထက်မြက်သောဉာဏ်ဖြစ်အောင် ဤသို့ တန်ဆာဆင်ပေးတော် မူပြန်တယ်။

> ဧတဿ အာနန္ဒ ဓမ္မဿ (အညာဏာ) အနနုဗောဓာ အပ္ပဋိဝေဓာ
> ဧဝမယံပဇာ တန္တာ ကုလက-ဇာတာ ဂုဠ-ဂုဏ္ဌိက-ဇာတာ
> မုဉ္ဇ-ပဗ္ဗဇ ဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

အာနန္ဒ၊ ချစ်သား၊အာနန္ဒာ။ ဧတဿဓမ္မဿ၊ ဤပဋိစ္စသမုပ္ပါဒ်အကြောင်းတရားကို။(အညာဏာ၊သုတမယဉာဏ်,စိန္တာမယဉာဏ်တို့ဖြင့်နာကြားခြင်းမရှိ,ကြံစည်ခြင်းမရှိ,မသိခြင်းကြောင့်။)အနနုဗောဓာ၊ ဉာတပရိညာဉာဏ်စွမ်းဖြင့် လျော်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊တီရဏ ပရိညာ, ပဟာန ပရိညာဉာဏ်စွမ်းဖြင့် မထိုးထွင်းခြင်းကြောင့်။ ဧဝံ၊ ဤသို့။ အယံပဇာ၊ ဤသတ္တဝါ အပေါင်းသည်။ တန္တာ+ကုလက+ဇာတာ၊ ကြွက်ခဲသော ချည်ထွေးကဲ့သို့+ရင်းဖျား မရွေးနိုင်အောင် ရှုပ်ထွေးသည်+ဖြစ်၍။ ဂုဠ+ဂုဏ္ဌိက+ဇာတာ၊ရက်ကန်းသည် ချည်စာကျွေးသဖြင့် လုံးထွေးသော+ချည်ထွေး သဘွယ်+ဖြစ်၍။ ဝါ—ဂုဠာမည်သော စာပေါင်းသောင်း ငှက်မ၏+အသိုက် သဘွယ်+ဖြစ်၍။ မုဉ္ဇ+ပဗ္ဗဇ+ဘူတာ၊ ဖြူဆံမြက် ပြိတ်မြက်သဘွယ်+ဖြစ်၍။ အပါယံ၊စီပွါးကင်းသော အပါယ်ဘုံရှိ

သော။ ဒုဂ္ဂတိ၊ ဒုက္ခ၏ဖြစ်ရာ အပါယ်ဘုံရှိသော။ ဝိနိပါတံ၊ သုခမှပျက်၍ ကျရာ အပါယ်ဘုံရှိသော။ သံသာရံ၊ ခန္ဓာ, အာယတန, ဓာတ်, အစဉ်ဆက်စပ်၍ မပြတ်လည်သော သံသရာကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။ ဝါ၊ သမုဒြာ လှေ–လှိုင်း လေ အကြား ဆုံးလည်နွားသို့ မွေးဖွားတိုင်းသေ–သေတိုင်းလည်းမွေး တမွေးထည်း တသေထည်း အထပ်ထပ် မပြတ်ကျင်လည် ရလေသတည်း။

ဤသို့သော အရှုပ်အထွေးကို ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သာ ကိုယ်တိုင် ဖြေဘင့်အောင်ရှင်းနိုင်ကြတယ်။ တပါးသော သတ္တဝါအပေါင်းကား ကိုယ်တိုင်ဖြောင့်အောင် မရှင်းနိုင်ကြဘဲ သက္ကာယဒိဋ္ဌိ အခြေခံ၍ လုံးထွေးသော ချည်ထွေးဖြစ်၍ သံသရာမှ လွတ်နိုင်သူဟု မရှိဘူး ကေန်ဖြစ်သတဲ့။

ဒီနေရာမှာ–

၁။ နာခံမှတ်သားတဲ့ ဉာဏ်ကို သုတမယဉာဏ် ဟု ခေါ်တယ်။
၂။ ကြံစည်တွေးတောတဲ့ ဉာဏ်ကို စိန္တာမယဉာဏ်ဟု ခေါ်တယ်။
၃။ ရုပ်နာမ် သိ၍ ဝိပဿနာဉာဏ် ဆယ်ပါးပွါးတာကိုတော့ ဘာဝနာမယ ဉာဏ်ဟု ခေါ်တယ်။

ထိုမှတပါးလဲ–

၁။ သိထိုက်တာကို+ပိုင်းခြား၍သိခြင်းကို ဉာတ+ပရိညာဟုခေါ်တယ်။

[ဤကား ရုပ်၊ ဤကား နာမ်၊ ဤမျှရှိသည်ဟု အကြောင်းနှင့် တကွ သိခြင်းမျိုး၊ ပဋိစ္စသမုပ္ပါဒ် အရကောက်ကို ကျကျနန သိခြင်းမျိုးကို ဉာတပရိညာဟု ခေါ်တယ်-ဟု ဆိုလိုတယ်။]

၂။ ဆုံးဖြတ်ကာ+ပိုင်းခြား၍ သိခြင်းကို တီရဏ+ပရိညာဟု ခေါ်တယ်။

[အနိစ္စ၊ ဒုက္ခ စသော သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် နှစ်ပါးဖြင့် + ဆုံးဖြတ်၍ သိခြင်းမျိုးကို ဆိုလိုတယ်။]

၃။ ပယ်စွန့်ကာ+ပိုင်းခြား၍ သိခြင်းကို ပဟာန+ပရိညာဟု ခေါ်တယ်။

[ဘင်္ဂဉာဏ်မှ စ၍ အနုလောမဉာဏ် တိုင်အောင် ဒိဋ္ဌိ၊ ကိလေသာတို့ကို ပယ်စွန့်သောဉာဏ်-ဟု ဆိုလိုတယ်။]

ထိုနောက် မြတ်စွာဘုရားသည် သစ်ပင်ပမာဖြင့် ပဋိစ္စသမုပ္ပါဒ်တရားကို ဤသို့ ဟောတော်မူတယ်။ ချစ်သား အာနန္ဒာ........စွဲလမ်းစရာလောကီအာရုံတို့၌ ဤကား သာယာစရာ၊ ဤကား သာယာစရာဟု ဖန်ဖန်ရှုသူအား တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ဝါ၊ အကြောင်း ကမ္မဘဝ၊ အကျိုး ဥပပတ္တိဘဝ ဖြစ်၏။ အကြောင်း ကမ္မဘဝကြောင့် ဇာတိဖြစ်၏။ (အကျိုး ဥပပတ္တိဘဝသည် ဇာတိ၌ဝင်သည်။) ဇာတိကြောင့် ဇရာမရဏဖြစ်၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ဖြစ်ကုန်၏။ ဤသို့အကြောင်း အဆက်ဆက်ဖြင့် ဒုက္ခအစုသာ ဖြစ်ခြင်းထင်ရှား၏။

ချစ်သားအာနန္ဒာ........သစ်ပင်ကြီး တပင်သည် ရှိရာ၏။ အောက်သို့ဆင်းသော အမြစ်၊ ဘေးသို့သွားသော အမြစ်တို့သည် အထက်သို့ ဩဇာကို ဆောင်ကုန်ငြားအံ့။ ထိုအကြောင်း-ထိုအထောက်အပံ့ကြောင့် ထိုသစ်ပင်သည် ကြာမြင့်စွာ တည်သကဲ့သို့ လောကီအာရုံတို့၌ ဤကားသာယာစရာ၊ ဤကားသာယာစရာဟု ရှုသူအား တဏှာစသည်ဖြစ်၍ ဒုက္ခအစုသာ အဆက်ဆက် ဖြစ်ခြင်းထင်ရှား၏။ [ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး- ဖြစ်ခြင်း မထင်ရှား။]

ချစ်သားအာနန္ဒာ.......စွဲလမ်းစရာ လောကီအာရုံ တခုခု တွေ့ကြုံသောအခါ ဤကား ကြောက်စရာ ဒုက္ခပေးချေရဲ့၊ ဒုက္ခပေးချေရဲ့-ဟု အပြစ်ကို ဖန်ဖန်ရှု သူအား တဏှာမဖြစ်မူ၍ချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ ဥပါဒါန် ချုပ်ခြင်းကြောင့်ဘဝချုပ်၏။ ဝါ၊ အကြောင်း အကျိုး ဘဝနှစ်ပါး ချုပ်၏။ အကြောင်းဘဝ ချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ ဇာတိ ချုပ်ခြင်းကြောင့် ဇရာ မရဏချုပ်၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ချုပ်ကုန်၏။ ဤသို့ အကြောင်းအဆက်ဆက်ဖြင့် ဒုက္ခအစုသာ ချုပ်ခြင်းထင်ရှား၏။

ချစ်သားအာနန္ဒာ........လူတယောက်သည် ပေါက်တူး၊ ခြင်းတောင်း ယူလာ၍ ထိုသစ်ပင်ကြီးကို အမြစ်ရင်း၌ ဖြတ်၍ မြစ်ကြီး မြစ်သေးတို့ကို မြက်ပင်ရိုးမျှမကျန်အောင် ထုတ်ပစ်ငြားအံ့။ ထိုသစ်ပင်ကိုလည်း ပိုင်းဖြတ်ခွဲစိတ်၍ ခြောက်သွေ့စေ၍ မီးတိုက်ပြီးလျှင် ပြာတို့ကို လေ၌ လွှင့်အံ့။ မြစ်၌ မျှောအံ့။ ချစ်သားအာနန္ဒာ........ ထိုသစ်ပင်သည် အမြစ်မရှိသဖြင့် နောင်မဖြစ်ခြင်းသဘောရှိသကဲ့သို့ လောကီအာရုံတို့၌၊ ဤကား—ကြောက်စရာ ဒုက္ခပေးချေရဲ့၊ ဒုက္ခပေးချေရဲ့ဟု(ဉာဏ်-ပေါက်တူး၊ သမာဓိ- ခြင်းတောင်းယူလာ၍) အပြစ် ရှုသူအား တဏှာစသည် ချုပ်၍ ဒုက္ခအစုသာ အဆက်ဆက်ချုပ်ခြင်း ထင်ရှား၏။ (ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး ချုပ်ခြင်းမထင်ရှား)ဟု မိန့်တော်မူတယ်။

[ဒီအထိကတော့ ရှင်အာနန္ဒာစကား အတားခံရခြင်းနှင့်စပ်သော တရားဖြစ်တယ်။]

တရားသျှိုး ပဋိစ္စသမုပ္ပါဒ် ရပုံကတော့—

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ လူတို့လွန်စွာ အလေးပြုကြသဖြင့် ပစ္စည်းလေးပါး လာဘ်လာဘ လွန်စွာပေါများ ကြတယ်။ တပါးသောတိတ္ထိတို့မှာတော့ လူတို့အလေးမပြုကြသဖြင့်လာဘ်လာဘရှားပါးကြပါတယ်။ ဒီတော့ ပရိသတ်များစွာနှင့် ရာဇဂြိုဟ်မှာနေတဲ့ သုသိမပရိဗိုဇ်ဆရာကြီးကို တပည့်ပရိတ်သတ်က ဤသို့ဆိုသတဲ့။

ဆရာ........ဆရာသည် ဉာဏ်ပညာထက်သူ တဦးဖြစ်တယ်။ ရဟန်းဂေါတမထံ ကိုယ်တိုင်ရဟန်းပြု၍ တရားဟောပုံတွေကို သင်ယူပါ။ ထိုနောက် ပြန်လာပြီးလျှင်

အကျွန်ုပ်တို့ကို သင်ပေးပါ။ ထိုနည်းအတိုင်း လူတို့အား တရားဟောရလျှင် အကျွန်ုပ်တို့ပရိဗိုဇ်များလည်းလာဘ်လာဘပေါများကြပါလိမ့်မည်ဟုဆိုကြသတဲ့။

ဒီတော့ သုသိမ ပရိဗိုဇ်သည် တရားဟောနည်း မြန်မြန် သင်ယူနိုင်ရအောင် ဗဟုသုတရှိသော ရှင်အာနန္ဒာထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်သတဲ့။ ရှင်အာနန္ဒာကလည်း၊ ဤသုသိမသည် ဆရာကြီးတဦးဖြစ်လျက် ငါတို့အောက် ဝင်လာခြင်းသည် ထူးခြား၏။ အနှောက်အယှက် ပေးလို၍လား မသိဟုဆင်ခြင်၍ မြတ်စွာဘုရားထံ ခေါ်သွားပြီး ထိုသူတောင်းပန်ပုံကို လျှောက်ကြားတယ်။

ထိုအခါ မြတ်စွာဘုရားက ဤသုသိမသည် ငါ၏သာသနာ၌ ကြည်ညို၍မဟုတ်၊ တရားခိုးမည်ဟု လာခဲ့သည်။ လာခြင်းမစင်ကြယ်သော်လည်း နောက်၌ အကျိုးကို မြင်တော်မူတာနဲ့ ချစ်သားအာနန္ဒာ......ဤသုသိမကို ရဟန်းပြုပေးလိုက်ချေလော့ဟု လွယ်ကူစွာ အခွင့်ပြုလိုက်သတဲ့။

သုသိမသည် ရဟန်းဖြစ်၍ နှစ်ရက် သုံးရက် ရှိသောအခါ ရှေးမဆွက မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းယူ၍ တရားအားထုတ်သော ရဟန်းများသည် ကိစ္စပြီး၍ ရောက်လာကြပြီးလျှင် မိမိတို့ရသော အရဟတ္တဖိုလ်ကို လျှောက်ကြားကြတယ်။ မြတ်စွာဘုရား......တပည့်တော်တို့မှာ ပဋိသန္ဓေကုန်ပါပြီ။ ကျင့်ဘွယ်အားလုံး ကျင့်ပြီးပါပြီ။ ပြုဘွယ်အားလုံးပြုပြီးပါပြီ။ နောက်ထပ် ကျင့်ဘွယ် မဂ်ကိစ္စမရှိဟု သိပါပြီ-ဟူ၍ လျှောက်ကြားကြတယ်။

ထိုအခါ သုသိမ ရဟန်းသည် ထိုရဟန်းသည်တို့ လျှောက်သည်ကို ကြားရလေတော့ ...... ဤသာသနာ၌ အရဟတ္တဖိုလ်သည် အကောင်းဆုံး ဆရာ့လက်ဆုပ်တရားထူးဖြစ်လတ္တံ့-ဟုကြံ၍ ထိုရဟန်းတို့ထံ ချဉ်းကပ်၍ အရှင်တို့......မြတ်စွာဘုရားထံ ရဟန္တာအဖြစ်ကို လျှောက်ကြားခြင်းသည် အဟုတ်တကယ် အမှန်အတိုင်းလောဟု မေးသတဲ့။

အဟုတ်တကယ် အမှန်အတိုင်းဟု ဆိုလတ်သော် အရှင်တို့သည် ဤသို့သိခြင်း၊ မြင်ခြင်းဖြင့် ရဟန္တာဖြစ်ကြလျှင် အနည်းကို အများပြုခြင်း၊ အများကို အနည်းပြုခြင်း၊ ထင်ရှားသည်ကို မထင်ရှားအောင်ပြုခြင်း၊ နံရံ တံတိုင်း တောင်တို့ကို ကောင်းကင်၌ ကဲ့သို့ မကပ်မငြိ ဖောက်သွားနိုင်ခြင်း၊ ရေ၌ကဲ့သို့ မြေပြင်၌ငုပ်လျှိုးခြင်း၊ မြေ၌ကဲ့သို့ ရေပေါ်၌လျှောက်သွားခြင်း၊ ငှက်ကဲ့သို့ ကောင်းကင်၌ တင်ပျဉ်ခွေ၍ သွားခြင်း၊ လ နေ တို့ကို သုံးသပ်နိုင်ခြင်း၊ ဗြဟ္မာပြည်တိုင်အောင် ကိုယ်ဖြင့် သွားခြင်း-စသော ဣဒ္ဓိဝိဓ တန်ခိုးကို ရကြပါသလော?ဟု မေးတယ်။ ထိုရဟန်းများက ဤတန်ခိုးမျိုးကို ငါတို့မရဟု ဖြေကြတယ်။

နောက်တဖန်ထပ်၍ အရှင်တို့သည် အဝေး၌တည်သော လူတို့၏ရင်း၊ နတ်တို့၏ရင်း-စကားကို ကြားသော-ဒိဗ္ဗသောတ တန်ခိုးရကြပါသလော?သူတပါး၏

ကောင်းသောစိတ်၊ မကောင်းသောစိတ်ကို သိသော ပရစိတ္တ ဝိဇာနန တန်ခိုးကို ရကြပါသလော? ရှေးရှေးဘဝများစွာ၌ နေဘူးသော ခန္ဓာအစဉ်ကို သိသော ပုဗ္ဗေနိဝါသတန်ခိုးကိုရကြပါသလော? အဝေး၌တည်သောသေဆဲ၊ ဖြစ်ဆဲ၊ ဖြူ၊ မဲ၊ ယုတ်၊ မြတ်-ကုသိုလ်ကံ အကုသိုလ်ကံ အတိုင်း ချမ်းသာ ဆင်းရဲသို့ ချဉ်းကပ်ကြသူတို့ကို မြင်သော ဒိဗ္ဗစက္ခု တန်ခိုး ရကြပါသလော? ငြိမ်သက်သော အရူပဈာန်တန်ခိုးတို့ကို နာမကာယဖြင့် ကပ်ရောက်၍နေနိုင်ကြပါသလော? ဤသို့ အဘိညာ ငါးပါးနှင့် အရူပဈာန်တို့ကို မေးသတဲ့။

ရဟန်းတို့က ငါတို့မရဟု ဆိုကြသောအခါ အရှင်တို့သည် ဤသို့ အရဟတ္တဖိုလ်ကို ပြောကြားသော ရဟန္တာတို့ဖြစ်လျက် ဤဈာန် အဘိညာကို မရခြင်းသည် အဘယ်သို့ပါနည်း? ဟုမေးပြန်တယ်။ ငါ့ရှင် သုသိမ......ငါတို့သည် ဝိပဿနာပညာ သက်သက်ဖြင့် ကိလေသာမှလွတ်သောကြောင့် ပညာဝိမုတ္တ-ပုဂ္ဂိုလ်တို့ ဖြစ်ကြတယ်ဟု ဖြေကြသတဲ့။

[ဈာန်သမာဓိမပါသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ဟု ဆိုလိုတယ်။]

အရှင်တို့......ယခုလို အကျဉ်းအားဖြင့် ဖြေဆိုတာကိုအကျယ်အားဖြင့် အနက်မသိပါ။ ချဲ့ဖြေကြပါဦးဟု တောင်းပန်တယ်။ ငါ့ရှင် သုသိမ......သင် သိသော်၎င်း၊ မသိသော်၎င်း ငါတို့သည်ပညာဝိမုတ္တတို့သာတည်းဟုဖြေကြသတဲ့။ ဘာ့ကြောင့် ဒီလိုဖြေကြသလဲ ဆိုတော့ သူ့အလိုကျအောင် ငါတို့မဖြေနိုင်။ ဘုရားရှင်ထံချဉ်းကပ်၍မေးလျှင် ယုံမှား သံသယကင်းပျောက်ပေလတ္တံ့ဟု မြော်ကိုးပြီး ဖြေကြတာ ဖြစ်သတဲ့။

သည်တော့ သုသိမရဟန်းသည် မြတ်စွာဘုရားထံ ချည်းကပ်၍ ထိုအကြောင်းစကားတို့ကို အားလုံးလျှောက်ထားသတဲ့။ ချစ်သားသုသိမ........ရှေးဦးစွာဓမ္မဋ္ဌိတိဉာဏ်ဖြစ်၏၊ နောက်၌ နိဗ္ဗာန် ဉာဏ်ဖြစ်၏။ [ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်။ နိဗ္ဗာန်ဉာဏ်ဆိုတာ မဂ်ဉာဏ်။ ရှေးဦးစွာ ဝိပဿနာဉာဏ်ဖြစ်၏။ နောက်၌ မဂ်ဉာဏ်ဖြစ်၏ဟုဆိုခြင်းပင်တည်း။]

ဒီလိုမိန့်တော့-မြတ်စွာဘုရား........ဤသို့အကျဉ်းမျှဖြင့် မသိနိုင်ပါ။ အကျယ်ချဲ့၍ ဖြေဆိုတော်မူပါဟု တောင်းပန်တယ်။ ချစ်သားသုသိမ........သင်သိသော်၎င်း၊ မသိသော်၎င်း ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ်ဖြစ်၏။နောက်၌ နိဗ္ဗာန်ဉာဏ်ဖြစ်၏-ဟု တော်မူပြီးလျှင် မေးခွန်း ၁၅-ရပ်တို့ကို မေးတော်မူတယ်။ [ဒီနေရာမှာ မဂ်ဖိုလ်ဟူသည် ဈာန်သမာဓိကြောင့် ဖြစ်သည်မဟုတ်။ ဈာန်သမာဓိကင်းလျက်သော်လည်း ဝိပဿနာဉာဏ်ကြောင့်ဖြစ်သည်ဟု သိရမတဲ့။ မေးခွန်း ၁၅-ရပ်မေးရာ၌မိမိတို့လဲဖြေနိုင်အောင် သတိပြုကြရမယ်။]

## သုသိမပရိဗိုဇ် မေးခွန်း ၁၅-ရပ်ဖြေပုံကား။

ချစ်သားသုသိမ......အဘယ်သို့ မှတ်ထင်သနည်း။ ရုပ်သည် နိစ္စလော,အနိစ္စလော။ အနိစ္စပါဘုရား။ အနိစ္စဖြစ်သော ထိုရုပ်သည် ဒုက္ခလော,သုခလော။ ဒုက္ခပါဘုရား။ အနိစ္စ၊ဒုက္ခဖြစ်၍ ဖေါက်ပြန်ပျက်စီးတတ်သောထိုရုပ်ကို ငါ့ကိုယ်၊ ငါ့ဟာ၊ငါဟု-ရှုခြင်း၄ါ သင့်မည်လော၊ မသင့်ပါဘုရား။ [ဤနည်းဖြင့်ခန္ဓာငါးပါး၌ သုံးခုစီ မေးပုံကို ချဲ၍ သိရမယ်။]

ဝေဒနာသည်နိစ္စလော,အနိစ္စလော။အနိစ္စပါဘုရား......သညာသည်......သင်္ခါရသည်......ဝိညာဏ်သည် နိစ္စလော, အနိစ္စလော။ အနိစ္စပါဘုရား၊ အနိစ္စ ဖြစ်သော ထိုဝိညာဏ်သည် ဒုက္ခလော,သုခလော။ ဒုက္ခပါဘုရား။ အနိစ္စဒုက္ခဖြစ်၍ ဖေါက်ပြန်ပျက်စီးတတ်သော ထိုဝိညာဏ်ကို ငါ့ကိုယ်၊ငါ့ဟာ၊ငါဟု-ရှုခြင်း၄ါသင့်မည်လော။ မသင့်ပါဘုရား။ [ဒီနေရာမှာ-ငါ့ကိုယ်ဟု ရှုလျှင် ဒိဋ္ဌိစွဲ၊ ငါ့ဟာဟုရှုလျှင် တဏှာစွဲ။ ငါဟုရှုလျှင် မာနစွဲ။ ဤအစွဲသုံးခုဖြင့် ရှုသည်ဟု သိရမယ်။]

ထိုကြောင့် ချစ်သားသုသိမ......အတိတ်၊ အနာဂတ်၊ပစ္စုပ္ပန်-သုံးပါး။အဇ္ဈတ္တ ဗဟိဒ္ဓ-နှစ်ပါး။ ဩဠာရိက၊ သုခုမ-နှစ်ပါး။ ဟီန၊ ပဏီတ-နှစ်ပါး။ ဒူရ၊ သန္တိက-နှစ်ပါး။ ဤသို့ ၁၁-ပါးပြားသော အလုံးစုံသော ရုပ်ကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ကောင်းစွာသိသော ပညာဖြင့်ရှုလေလော့။ထို့အတူ ၁၁-ပါးစီပြားသောအလုံးစုံသော ဝေဒနာကို၊သညာကို၊သင်္ခါရကို၊ ဝိညာဏ်ကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ကောင်းစွာသိသော ပညာဖြင့် ရှုလေလော့။ [ဒီနေရာမှာ-ငါ့ကိုယ်မဟုတ်ဟု ရှုလျှင် ဒိဋ္ဌိသေ၏။ ငါ့ဟာမဟုတ်ဟုရှုလျှင် တဏှာသေ၏။ ငါမဟုတ်ဟုရှုလျှင် မာနသေ၏။ ထိုအခါသံသရာနယ်ချဲ့သော တဏှာ၊ မာန၊ ဒိဋ္ဌိ နယ်ချဲ့သမား သုံးဦးလက်မှ လွတ်ထွက်နိုင်၏။ သံသရာဒုက္ခမှ လွတ်နိုင်၏။]

---

## တံခဲ့ တမျိုးခွဲ၍ ဆင်ခြင်ပုံကား။

၁......အတိတ် ရုပ်နာမ်သည် အတိတ်၌ ချုပ်ပြီးပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်။

၂......အနာဂတ် ရုပ်နာမ်သည် အနာဂတ်၌ ချုပ်လတ္တံ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်။

၃......ပစ္စုပ္ပန် ရုပ်နာမ်သည် ပစ္စုပ္ပန်၌ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်။

၄......အဇ္ဈတ္တ ရုပ်နာမ်သည်ဗဟိဒ္ဓမဖြစ်မူ၍ ချုပ်၏။ အနိစ္စ၊ဒုက္ခ၊အနတ္တ။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်။ [နောက်၌ ချုံးမည်၊ ချဲ့ဆိုနိုင်စေ။]

၅……ဗဟိဒ္ဓ ရုပ်နာမ်သည် အဇ္ဈတ္တ မဖြစ်မှု၍ ချုပ်၏။ အနိစ္စ……………
၆……ဩဠာရိက ရုပ်နာမ်သည် သုခုမ မဖြစ်မှု၍……………
၇……သုခုမ ရုပ်နာမ်သည် ဩဠာရိက……………
၈……ဟီန ရုပ်နာမ်သည် ပဏီတ……………
၉……ပဏီတ ရုပ်နာမ်သည် ဟီန……………
၁၀……ဒူရ ရုပ်နာမ်သည် သန္တိက……………
၁၁……သန္တိကရုပ်နာမ်သည် ဒူရမဖြစ်မှု၍ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်။

[ ရုပ်သည်…ဝေဒနာသည်… သညာသည်… သင်္ခါရသည်… ဝိညာဏ်သည်…ဟု… တခုစီသော်လည်း ခွဲ၍ ဆင်ခြင်အပ်၏။ ]

ချစ်သား သုသိမ…… ဤသို့ ရှုသော ဘုရားစကားနားထောင်သော သူတော်ကောင်းသည် ရုပ်၌လည်းငြီးငွေ့၏။ ဝေဒနာ၌လည်းငြီးငွေ့၏။ သညာ၌လည်းငြီးငွေ့၏။သင်္ခါရ၌လည်းငြီးငွေ့၏။ဝိညာဏ်၌လည်းငြီးငွေ့၏။ငြီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏။[ဝါ—မဂ်စိတ်ဖြစ်၏။]တပ်ခြင်းကင်းလတ်သော် ကိလေသာမှလွတ်၏။[ဝါ—ဖိုလ်စိတ်ဖြစ်၏။]ကိလေသာမှ လွတ်သည်ရှိသော် ငါ၏စိတ်သည် လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေသည်ကုန်ပြီ။ ကျင့်ဘွယ်ဟူသမျှ ကျင့်အပ်ပြီ။ ပြုဘွယ်ဟူသမျှပြုအပ်ပြီ။ နောက်ထပ်ပြုဘွယ် မဂ်ကိစ္စ ၁၆-ချက်မရှိဟုသိ၏။ ဤသို့ မိန့်တော်မူသောအခါ သုသိမ ရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်သွားသတဲ့။

ထိုနောက်တဖန် ပဋိစ္စသမုပ္ပါဒ် ဉာဏ်စစ်တန်းတင်၍ မေးတော်မူပြန်တယ်။ ချစ်သားသုသိမ……ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။ အကြောင်းကမ္မဘဝကြောင့် ဇာတိဖြစ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။ ဥပါဒါန်ကြောင့် အကြောင်းကမ္မဘဝနှင့် အကျိုးဥပပတ္တိဘဝဖြစ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။ တဏှာကြောင့်ဥပါဒါန်ဖြစ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။ ဝေဒနာကြောင့်တဏှာ…… ဖဿကြောင့်ဝေဒနာ……။ သဠာယတနကြောင့်ဖဿ……။ နာမ်ရုပ်ကြောင့် သဠာယတန……။ ဝိညာဏ်ကြောင့် နာမ်ရုပ်……။ သင်္ခါရကြောင့် ဝိညာဏ်……။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။

ချစ်သားသုသိမ ……ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။ အကြောင်းကမ္မဘဝ ချုပ်ခြင်းကြောင့် ဇာတိချုပ်သည်ဟု သင်မြင်၏လော။ မြင်ပါသည်ဘုရား။ ဥပါဒါန် ချုပ်ခြင်းကြောင့် အကြောင်းကမ္မဘဝနှင့်အကျိုးဥပပတ္တိဘဝချုပ်သည်ဟုမြင်၏လော။ မြင်ပါသည်

ဘုရား။ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်သည်ဟု မြင်၏လော။ မြင်ပါသည်ဘုရား။ ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်သည်ဟု........။ ဖဿချုပ်ခြင်းကြောင့်ဝေဒနာချုပ်သည်ဟု........။ သဠာယတနချုပ်ခြင်းကြောင့် ဖဿချုပ်သည်ဟု........။ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်သည်ဟု........။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်သည်ဟု........။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သည်ဟု........။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်သည်ဟု........မြင်၏လော။ မြင်ပါသည်ဘုရား။

ချစ်သားသုသိမ........ဤသို့မြင်သိလျှင် သင်သည် မြေလျှိုးမိုးပျံ ဣဒ္ဓိဝိဓတန်ခိုးကို ရသလော။ မရပါ ဘုရား။အဝေးအသံကြားနိုင်သော ဒိဗ္ဗသောတတန်ခိုးကို ရသလော။ သူတပါး၏စိတ်ကိုသိသော ပရစိတ္တဝိဇာနနတန်ခိုးကို ရသလော။ ရှေး၌ နေဘူးသော ဘဝတို့ကိုသိသော ပုဗ္ဗေနိဝါသတန်ခိုးကို ရသလော။ အဝေးအဆင်းမြင်နိုင်သောဒိဗ္ဗစက္ခုတန်ခိုးကိုရသလော။ မရပါဘုရား။ ငြိမ်သက်သော အရူပဈာန်တန်ခိုးတို့ကို နာမကာယဖြင့် ကပ်ရောက်၍ နေနိုင်သလော။ မနေနိုင်ပါဘုရား။

ချစ်သားသုသိမ........ဤသို့ ပဋိစ္စသမုပ္ပါဒ်ဖြစ်ခြင်း ချုပ်ခြင်းတို့ကို မြင်သိငြားငွေ့သူဖြစ်လျက် ဤအဘိညာ၊ အရူပဈာန်တို့ကို မရခြင်းသည် အဘယ်သို့နည်းဟု မိန့်တော်မူတယ်။ (ဒီနေရာမှာ ဈာန်သမာပတ်ကင်းသော သုက္ခဝိပဿက ရဟန်းတို့ကို ထင်ရှားအောင် ပြုခြင်းငှါ ဤသို့ မေးတော်မူသတဲ့။)

အဓိပ္ပါယ်ကတော့—

ချစ်သားသုသိမ.......သင်သည်သာလျှင် ဈာန်သမာပတ်ကင်းသော သုက္ခဝိပဿက မဟုတ်။ ထိုရဟန်းတို့သည်လည်းသင်ကဲ့သို့ ဈာန်သမာပတ်ကင်းသော သုက္ခဝိပဿက တို့သာဖြစ်၍ အဘိညာငါးပါး၊ အရူပဈာန်တို့ကို မရကြကုန်ဟု ဆိုလိုတယ်။

ထိုအခါ အရှင်သုသိမသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဦးတိုက်ကာ ဝပ်စင်းလျက်-အစ္စယော မံ ဘန္တေ အစ္စဂမာ........စသည်ဖြင့် မြတ်စွာဘုရား........ မိုက်မဲခြင်း တွေဝေခြင်း မလိမ္မာခြင်းကြောင့် ဘုရားတပည့်တော်သို့ အပြစ်ရောက်ပါပြီ။ ဘုရားတပည့်တော်သည် ဤသို့ ကောင်းစွာ ဟောကြားသော သာသနာတော်၌တရားခိုးမည်ဟု ရဟန်းပြုပါသည်။ မြတ်စွာဘုရားသည် ဘုရားတပည့်တော်၏ အပြစ်ကို နောင်စောင့်စည်းခြင်းငှါ အနာမယူ သည်းခံတော် မူပါဘုရားဟု တောင်းပန်စကား လျှောက်ကြားတယ်။

ချစ်သားသုသိမ........တကယ်စင်စစ် သင့်ထံသို့ အပြစ်ရောက်ပြီ။ သင်သည် တကယ်စင်စစ် တရားခိုးသူဖြစ်သည်။ ချစ်သားသုသိမ........မင်းဖြစ်သင့်သော ခိုးသူကို

မြို့ပြင်ထုတ်၍ ဦးခေါင်းဖြတ်သောအခါ ကိုယ်နာ၊ စိတ်နာ-ဒုက္ခဝေဒနာကို ထိုနိုးသူ ခံစားရသည် မဟုတ်ပါလော။ ခံစားရပါသည်ဘုရား။ ချစ်သား သုသိမ........ ဦးခေါင်းဖြတ်ခြင်းကြောင့် ထိုနိုးသူသည် ကိုယ်နာ၊ စိတ်နာ- ဒုက္ခဝေဒနာကို မခံစားရမှုလည်းဖြစ်တန်ရာသေး၏။ ဤသာသနာ၌ တရားနိုးမည်ဟု ရဟန်းပြုခြင်းကား ထိုနိုးသူထက် ကြောက်ဘွယ်အဖြစ်ရှိ၏။ သို့ရာတွင် ချစ်သားသုသိမ........ သင်သည် မိမိအပြစ်ကို မိမိမြင်၍ တရားနှင့်အညီ ကုစားပေ၏။ သင်၏အပြစ်ကို ငါဘုရားသည်ခံတော်မူ၏။ ချစ်သားသုသိမ........အပြစ်မြင်၍ တရားနှင့်အညီ ကုစားခြင်းသည် ငါဘုရား၏ သာသနာတော်၌ ကြီးပွါးကြောင်းဖြစ်၏။ နောင်အခါလည်း စောင့်စည်းနိုင်၏ဟု-မိန့်တော်မူသတဲ့။

ဒီနေရာမှာ သုသိမပရိဗိုဇ် တရားနိုးခြင်းနှင့်စပ်၍ သာသနာတော်၌ နိုးသူကြီးငါးဦးကို ဗဟုသုတ ဆည်းပူးကြရမယ်။

အလျှုခံလှည့်၊ ငါသိတရား၊ စွပ်စွဲမှားပြု၊ ပေးမှုဂရုဘဏ်၊
မင်ချွန်ဝါကြွား၊ ဤငါးပါး၊ နိုးစားသာသနာ။

၁။ အလှူခံလှည့်–ဟူသည်ကား။ ။လူဆိုး အသင်းဖွဲ့၍ အရပ်ရပ်လှည့်၍ ပစ္စည်းဥစ္စာ ထားပြတိုက်သကဲ့သို့ ဓမ္မကထိက အပေါင်းအသင်းနှင့်တကွ အရပ်ရပ်လှည့်၍ သာသနာ့လုပ်ငန်း မလုပ်ဘဲ သာသနာဝန်ထမ်း ရိက္ခာ ပစ္စည်းလေးပါးတို့ကို အလှူခံသော သာသနာ့ရိက္ခာ နိုးသူတယောက်တဲ့။

၂။ ငါသိတရား-ဟူသည်ကား။ ။လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ရသော မြတ်စွာဘုရား၏ တရားတော်ကို သင်ယူလေ့လာပြီးလျှင် ဤကား ငါသိသောတရားဟု ဆို၍ ဘုရားတရားတော်ကို နိုးသူတယောက်တဲ့။

၃။ စွပ်စွဲမှားပြု-ဟူသည်ကား။ ။သီလရှိသော ရဟန်းကို သီလပျက်သည်ဟု အလွဲလွဲအမှားမှား စွပ်စွဲ၍ ရဟန်းကောင်း၏ သီလကိုနိုးသူတယောက်တဲ့။

၄။ ပေးမှုဂရုဘဏ်- ဟူသည်ကား။ ။သံဃိက ဂရုဘဏ် ပစ္စည်းကို လူတို့အားချီးမြှောက် ထောက်ပံ့ခြင်းဖြင့် သံဃာ့ပစ္စည်း နိုးသူတယောက်တဲ့။

၅။ မင်ချွန် ဝါကြွား–ဟူသည်ကား။ ။ချွန်မင်ဖိုလ် တရားထူးမရဘဲ၊ ရသည်ဟု ဝါကြွား၍ တရားထူး နိုး သူတယောက်တဲ့။

ဤသို့ သာသနာတော်၌နိုးသူကြီးငါးဦးရှိ၏ဟု စတုတ္ထပါရာဇိကဌ်ဟောတယ်။ သုသိမရဟန်းသည် ငါသိတရားဟု ပြုလိုသော တရားနိုးသူ တယောက်ဖြစ်တယ်။ သို့ရာတွင် မြတ်စွာဘုရား တည်းဟူသော အမှီကောင်းကိုရ၍ ရဟန္တာ ဖြစ်ပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ခွဲဖြတ်နိုင်သူ ဖြစ်ရလေသတဲ့။

ဒီတော့ ယခုအခါ သာသနာ၌ ပွဲနိုဆည်းကပ်ကြသော သူတော်ကောင်း အပေါင်းသည်လည်း ရှင်အာနန္ဒာ ဆင်ခြင်သော ပဋ္ဌိစ္စသမုပ္ပါဒ်နည်း၊ သုသိမရဟန်းအား မြတ်စွာဘုရား မေးစစ်သော နည်းတို့ဖြင့် အစမထင်သော သံသရာပတ်လုံး မပြတ်နှိပ်စက်သော ပဋ္ဌိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ခွဲဖြတ်နိုင်သူတို့ဖြစ်ကြပါစေကုန်သတည်း။

---

## (၈) အဝိဇ္ဇာ အာသဝ ရှု တရားစာ။

[ မဝင်းကြည်၊ မစန်းရီ တို့ပင် ကျွက်မှတ်၍ ဟောလေ့ ပြုကြသည်။ ]

''အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ''အဝိဇ္ဇာပစ္စယာ၊ သစ္စာလေးတန်၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗာန်ပရ၊ ပဋ္ဌိစ္စ-ဟု ရှစ်ခုသော ဌာနတို့၌ တွေဝေသော အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့သည်။ ဝါ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့သည်။သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဒီလိုဟောတဲ့နေရာမှာ-ရှစ်ဌာန၌ တွေဝေသော အဝိဇ္ဇာဆိုတာ ဒုက္ခသစ္စာ၌တွေဝေခြင်း၊ သမုဒယသစ္စာ၌ တွေဝေခြင်း၊ နိရောဓသစ္စာ၌ တွေဝေခြင်း၊ မဂ္ဂသစ္စာ၌ တွေဝေခြင်း၊ သံသရာရှေ့အစွန်း ပုဗ္ဗန္တ၌တွေဝေခြင်း၊ နောက်အစွန်း အပရန္တ၌ တွေဝေခြင်း၊ ရှေ့နောက် အစွန်း ပုဗ္ဗန္တာ ပရန္တ၌ တွေဝေခြင်း၊ ပဋ္ဌိစ္စသမုပ္ပါဒ်၌ တွေဝေခြင်းရယ်လို့ အဝိဇ္ဇာ ရှစ်မျိုးရှိသတဲ့၊ အာရုံမပြုနိုက်၊ အိပ်ပျော်နိုက် မသိတာမျိုးကို တွေဝေတဲ့ အဝိဇ္ဇာဟု မယူရဘူးတဲ့။

ဒုက္ခသစ္စာ၌ တွေဝေခြင်းကတော့ သူရော ငါရော သတ္တဝါ အားလုံးမှာ လက်ရှိဖြစ်တဲ့ ဆံဖျားကစ၍ ဘဝါးတိုင်အောင် တကိုယ်လုံးဟာ လောကီနာမ်ရုပ် ခန္ဓာငါးပါးကြီးဖြစ်တယ်။သူဌေးစည်းစိမ်၊ မင်းစည်းစိမ်၊ လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ စည်းစိမ်တွေ ရကြပေမယ်လို့ အိုဘေး,နာဘေး,သေဘေး,အကြားထဲမှာ အမြဲနေထိုင်ကြရပေတယ်။ ဒီတော့ ကြက်ခြင်းထဲက ကြက်တွေလို ဒုက္ခရောက်ရမှာ ကိန်းသေ မဟုတ်ဘူးလား။ ဒါကြောင့် မြတ်စွာဘုရားက ဤခန္ဓာငါးပါးကြီးကို ဆင်းရဲအမှန်-ဒုက္ခသစ္စာလို့ဟောတော်မူတယ်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ........ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံခေါပန၊ ဤ ဆိုလတ္တံ့သည်ကား။ ဒုက္ခံ၊

ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယ သစ္စာမည်၏။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ နာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပ္ပိယေဟိ၊ မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူယှဉ်တွဲ၍ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ။ နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ယံပိစ္ဆံ၊ အကြင်တောင့်တခြင်းကို။ နလဘတိ၊ မရအပ်။ တမ္ပိ၊ ထိုတောင့်တခြင်းကို မရခြင်းသည်လည်း။ ဝါ၊ ထိုမရစကောင်းကို တောင့်တခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣဒံ၊ ဤဇာတိစသော တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယ သစ္စာ မည်၏။

ဒီလို ဘုရားဟောပါဠိကို ရွတ်ဆိုတာ ယုံကြည်ရမယ်လို့ အတင်းဆိုတာမဟုတ်ဘူး၊ ယုံသင့်သလား၊ မယုံသင့်သလား-ကိုယ်ပိုင်ဉာဏ်ဖြင့်သာစဉ်းစားကြည့်ရမယ်။ မအိုကောင်းသူ၊ မနာကောင်းသူ၊ မသေကောင်းသူရယ်လို့ လောကမှာရှိသလား။ပွဲနေ ပွဲထိုင် အခမ်း အနား စသည်တို့မှာ လှပတင့်တယ်အောင် ပြုပြင်ပေးနိုင်တဲ့ လူတွေဟာလဲ၊ အလှရည်၊ ပေါင်ဒါဘူးတွေ အရှိသားနဲ့ အိုကြသေးတာဘဲ မဟုတ်လား။ ဆေးကုတဲ့ ဆေးဆရာကြီးတွေဟာလဲ၊ ဆေးမျိုးစုံရှိပါလျက် နာကြသေးတယ်။ သေကြသေးတယ် မဟုတ်လား။ မျက်မြင်ကိုယ်တွေ့တွေဖြစ်၍ ထင်ရှားတယ်၊ ချဲ့ပြောစရာ မလိုတော့ဘူး။ အဲဒီ ဒုက္ခသစ္စာတွေကို ဘယ်လိုအသုံးချရသလဲ။ ပိုင်းခြားပြီး ကုန်စင်အောင် သိရမတဲ့။ လောကီတရားတွေ ဖြစ်တယ်။ ဉာဏ်ရှိသလို ချဲ့၍သိကြရမတဲ့။သားသော၊ သမီးသော-ဘယ်သူကိုမျှမချန်ဘဲ ခန္ဓာငါးပါးသာမှန်လျှင် ဒုက္ခဘဲဟု အားမနာ ပါးမနာ ဉာဏ်ဖြင့် ပိုင်းခြား၍ သိခြင်းဟာ ဒုက္ခသစ္စာ၌ အသုံးချရတဲ့ ကျင့်ဝတ်ကိစ္စဖြစ်သတဲ့။

ဒီလို အသုံးမချဘဲ ဒုက္ခသစ္စာဟုတ်မှန်ပါလျက် စည်းစိမ်ချမ်းသာ တခုခုရပြီလို့ ထင်မှဖြင့် မိမိကိုယ် မိမိ မအိုတော့ဘူးလိုလို၊ မနာတော့ဘူးလိုလို၊ မသေတော့ဘူးလိုလို၊ မှတ်ထင်နိုင်ကြတယ် ဆိုပါတော့။ သည်တော့ ကြက်ခြင်းထဲက ကြက်တွေဟာ ငါတို့မှာသေဘေးကြီး နီးကပ်နေပြီလို့မသိဘဲ။ ပျော်ပျော်ပါးပါး နေနိုင်ကြတာနဲ့ မတူဘူလား။ အဲဒီလို မိမိ၏ခန္ဓာ ငါးပါး ဒုက္ခကို သတိမရဘဲ သုခမှတ်ထင်လို့ မေ့မေ့လျော့လျော့ ခြင်းထဲကကြက်တွေ အနေ နေနိုင်ကြတာကို ဒုက္ခာသစ္စာ၌ တွေဝေသော အဝိဇ္ဇာလို့ ခေါ်သတဲ့။

သမုဒယသစ္စာ၌ တွေဝေခြင်းကတော့ ယခုပြောခဲ့တဲ့ လောကီနာမ်ရုပ် ခန္ဓာငါးပါးဒုက္ခကြီးဟာ အကြောင်းမဲ့ ဒုက္ခဖြစ်ရတာမဟုတ်ဘူး။ ရူပါရုံ သဒ္ဒါရုံစသော အာရုံခြောက်ပါး၌ ခင်မင်စုံမက်နှစ်သက်တတ်သော တဏှာခြောက်ပါးဟူသော လောဘကြောင့် ဒုက္ခဖြစ်ရသတဲ့။ တနည်းတော့လဲ-ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ-ဟူသော တဏှာသုံးပါးကြောင့် ဒုက္ခဖြစ်ရသတဲ့။ ကာမအာရုံခြောက်ပါး၌ သာယာသော လောဘဟာ ကာမ တဏှာမည်တယ်။သဿတဒိဋ္ဌိနှင့် ယှဉ်တွဲ၍ ‘‘ခန္ဓာငါးပါးဟူသော ငါ၏အတ္တဟာ ဘယ်ခါမျှမပျက်ဘဲ ချမ်းသာတယ်လို့’’ သာယာသော လောဘနှင့် ရူပဘဝ၊ အရူပဘဝကို သာယာသော လောဘကတော့ ဘဝတဏှာမည်တယ်။ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲ၍‘‘သေလျှင် ခန္ဓာငါးပါး ငါ၏အတ္တဟာ နောက်ထပ်မဖြစ်ဘဲ ချုပ်ပြတ်၍ ချမ်းသာတယ်’’လို့ သာယာသော လောဘကတော့ ဝိဘဝတဏှာမည်တယ်။နိရောဓတဏှာလဲမည်သတဲ့။ နိဗ္ဗာန်ရပြီလို့ သာယာတဲ့ တဏှာဟု ဆိုလိုတယ်။

ထိုတဏှာလက်တွင်းက နိဗ္ဗာန်ဟာ နိဗ္ဗာန်အစစ်တော့မဟုတ်ပေဘူး၊နောက်ချေးခံ ရွှေမှုန့်ကြဲထားတဲ့ နိဗ္ဗာန်ဖြစ်တယ်။ ထိုလောဘဆိုတဲ့ တဏှာခြောက်ပါး၊ တဏှာသုံးပါးကြောင့် ခန္ဓာငါးပါး ဒုက္ခကြီးဟာ ဖန်ဖန်ဖြစ်ရပေတယ်။ကောင်းကင်သို့ မြှောက်လိုက်တဲ့ခဲဟာ အောက်သို့ပြန်၍ကျရသလို လောဘတဏှာကြောင့် ဒုက္ခဖြစ်ရတာလဲကိန်းသေဘဲတဲ့။ ဒါကြောင့်မြတ်စွာဘုရားက ဤလောဘကို ဒုက္ခရောက်ကြောင်း အမှန် သမုဒယသစ္စာဟု ဟောတော်မူတယ်။

> ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ သမုဒယံ အရိယသစ္စံ၊ ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ-
> ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံခေါပန၊ ဤဆိုလတ္တံ့သည်ကား။ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။အရိယသစ္စံ၊အရိယသစ္စာမည်၏။ယာယံတဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်ကိုပြုလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊နှစ်သက်ခြင်း၊ တပ်ခြင်းနှင့်တကွဖြစ်၏။ တတြတတြ၊ ထိုထို အတ္တဘောဖြစ်ရာထိုထိုဘဝ၌။ အဘိနန္ဒိနီ၊ လွန်စွာနှစ်သက်တတ်၏။ ဣဒံ-သောတဏှာ၊ ဤတဏှာသည်။ သေယျထာ-ကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ ကာမအာရုံ၌တပ်တတ်သော တဏှာရင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာရင်း။ ဝါ၊ ရူပဘဝ၊ အရူပဘဝကိုရင်း၊ဈာန်ကိုရင်းတပ်သောဘဝတဏှာကိုရင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာရင်း။ ဣတိ၊ ဤသုံးပါးတည်း။ ဣဒံ၊ ဤတဏှာသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ **အရိယသစ္စံ၊ အရိယသစ္စာမည်၏။**

ဒီမှာလဲ ကိုယ်ပိုင်ဉာဏ် အသုံးပြုနိုင်တယ်။ သူတကာ ချမ်းသာကြွယ်ဝ၍ သားကလေး၊ သမီးကလေးများ ရွှေတွဲလွဲ၊ စိန်တွဲလွဲ မြင်ရကြားရလျှင် ချမ်းသာချင်၊ ကြွယ်ဝချင်ကြတယ်။ မိမိသားကလေး၊ သမီးကလေးများကိုလဲ ရွှေတွဲလွဲ စိန်တွဲလွဲနှင့် မြင်ချင်ကြတယ်ဆိုပါတော့။ အဲဒါ ဒုက္ခပေးမဲ့သမုဒယဘဲ။ အဲဒီသမုဒယကြောင့် နေပူမိုးရွာမရှောင်ငှက်တောခွေးတော နိုးသားထားပြအကြား သွားရ၊ လာရ၊ ရှာဖွေကြရတယ် မဟုတ်ဘူးလား။ လူ့စည်းစိမ်လိုချင်တဲ့ သမုဒယကြောင့် လူ့ဘဝဒ္ဒ အမိဝမ်းထဲ ပဋိသန္ဓေဒုက္ခကြီးနဲ့ တွေ့ကြရတယ်မဟုတ်လား။ နတ်စည်းစိမ်လိုချင်တဲ့ သမုဒယကြောင့် နတ်ပြည်မှာလဲ ပဋိသန္ဓေနဲ့ ရှေးဦးစွာတွေ့ကြရမယ် မဟုတ်လား။ ချဲ့ပြောစရာမလိုပေဘူး။ အဲဒီသမုဒယသစ္စာတွေကို ဘယ်လို အသုံးချရသလဲ။ ပယ်စွန့်ရမတဲ့။ လောကီတရားတွေဖြစ်တယ်။ ဉာဏ်ရှိသလိုပယ်ကြရမတဲ့၊ ဥပမာအားဖြင့် ထောင်ရောင်ခြည်လင်းတဲ့ အရှင်နေမင်းကြီးဟာပိုးစုန်းကြုး၏ အရောင်ကလေး အနည်းငယ်ကိုသော်လဲ ချန်မထားဘဲ ပယ်သလို-လောဘသာမှန်လျှင် ပေါက်စကလေးပင်ဖြစ်စေ ဒုက္ခပေးမဲ့ သမုဒယဘဲဟု အားမနာ ပါးမနာ ဉာဏ်ဖြင့် ပယ်ခြင်းဟာ သမုဒယသစ္စာ၌ အသုံးချရတဲ့ ကျင့်ဝတ်ကိစ္စဖြစ်သတဲ့။

ဒီလိုအသုံးမချဘဲ ဒုက္ခရောက်ကြောင်း သမုဒယကို သုခဖြစ်ကြောင်းဟု အရောဝင် မိကြတယ်ဆိုပါတော့။ လောဘနည်းသူကို လောဘနည်းရမလား၊ မိုက်တယ်၊ ဖျင်းတယ်၊ အ-တယ်လို့ အပြစ်တင်၍ လောဘကြီးအောင် နည်းပေးလမ်းပြ သင်ပေးကြတယ်ဆိုပါတော့။ သည်တော့ ကောင်းကင်သို့ မြှောက်လိုက်တဲ့ ခဲဟာ သူ့တကာထက် မြင့်အောင် တက်နိုင်လေလေ အကျနာလေလေဘဲမဟုတ်လား။ အဲဒီလို မိမိ ဒုက္ခရောက်ကြောင်း သမုဒယဟု သတိမထားဘဲ သုခရကြောင်းဟု မှတ်ထင်လို့ မေ့မေ့လျော့လျော့ သမုဒယကို အရောဝင်နိုင်ကြတာကို သမုဒသစ္စာ၌ တွေဝေသော အဝိဇ္ဇာလို့ခေါ်သတဲ့။

နိရောဓသစ္စာ၌ တွေဝေခြင်းကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် 'အရိယာသခင် အရှင်မြတ်များမျက်မှောက်ပြုကာအာရုံပြုအပ်သော တရားတော်ကြီးခန္ဓာငါးပါး ဒုက္ခချုပ်ငြိမ်းရာတရားတော်ကြီး၊ အိုဘေး, နာဘေး, သေဘေးတို့ ချုပ်ငြိမ်းရာ တရားတော်ကြီးရယ်လို့လေတိုက်ရာ၌ထွန်းထားသောဆီမီးကဲ့သို့ ငြိမ်သက်စွာရှိသတဲ့။ ဒီတရားတော်ကြီးဟာ သောတာပန်လောင်းတို့နေ့စဉ်တောင့်တတဲ့ နိဗ္ဗာန်ပါဘဲ။ (ဝဋ်ဆင်းရဲအပြစ်မြင်၍ နိဗ္ဗာန်တောင့်တသူကို သောတာပန်လောင်းဟု ပဏ္ဏာသအဋ္ဌကထာ၌ ဆိုသည်။) အဲဒီ နိဗ္ဗာန်ဟာ ဒုက္ခဟူသမျှ မဖြစ်နိုင်ဘဲ ချုပ်ငြိမ်းရာ အမှန်ဟု ဉာဏ်ကြီးသူ ပုထုဇဉ်တို့ ကွေးဆ၍ သိအပ်သော တရားတော်ကြီး ဖြစ်ပေတယ်။ ဘုရားအလောင်းတော် သူဌေးသား သုမေဓာဟာဘဏ္ဍာတိုက်ကြီးထဲမှာ မိဘဘိုးဘွားခုနစ်ဆက်စုဆောင်းထားတဲ့ဘဏ္ဍာတော်တွေကိုကြည့်ပြီးလျှင် ငါ၏

မိဘဘိုးဘွားတို့သည် မိမိစုဆောင်းခဲ့တဲ့ ဘဏ္ဍာတွေကိုယူလို့လဲ မသွားနိုင်ကြပါတကားဟု သံဝေဂ ဉာဏ်ဖြစ်၍ ထိုတရားတော်ကြီးကို တွေးဆသတဲ့။

တွေးဆပုံကတော့ မီးပူရှိလျှင် မီးပူကို ငြိမ်းစေသော ရေရှိသကဲ့သို့ ကိလေသာအပူရှိလျှင် ငြိမ်းစေသော နိဗ္ဗာနခတ်တရား ကြီးလည်း ကေန်ရှိရမယ်။ အနာရှိလျှင် အနာပျောက်ကြောင်းဆေးရှိသကဲ့သို့ အိုဘေး၊ နာဘေး၊ သေဘေးရှိလျှင် ပျောက်ကြောင်း နိဗ္ဗာနဓာတ်တရားဆေးကြီးလည်း ကေန်ရှိရမယ်။ အညစ်အကြေးသင့်လျှင် ဆေးကြောစရာ ရေစင်ရှိသကဲ့သို့ လောဘ,ဒေါသညစ်ကြေးကို ဆေးကြောနိုင်သော နိဗ္ဗာနဓာတ်တရား ရေစင်လည်း ကေန်ရှိရမယ်လို့ တွေးဆသတဲ့။ ရန်သူအဝိုင်းခံရသူဟာ လမ်းပေါက်မြင်ပါလျက် ထွက်မပြေးလျှင် လမ်းပေါက်တာဝန် မဟုတ်ဘူးလို့တွေးဆတယ်။ ဤသို့ တွေးဆပြီးလျှင် ပစ္စည်းတွေ အကုန်စွန့်၍ တောထွက်၍ ရသေ့ပြုလုပ်သတဲ့။ ဈာန်သမာပတ်တွေရပြီးမှ ဒီပင်္ကရာဘုရားရှင်နဲ့ တွေ့သောအခါ ရွှံ့ဗွက်ထဲမှာ အသက်စွန့်၍ မိမိကိုယ်ကို တံတားခင်းလှူသတဲ့။ ထိုအခါ ဒီပင်္ကရာဘုရားက—နောင်အခါ ဂေါတမဘုရား ဟူသော အမည်ဖြင့်ငါကဲ့သို့ဘုရားဖြစ်လတ္တံ့. ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသတဲ့။ အဲဒီသုမေဓာဟာအိမ်မှာ နေစဉ်ကပင် နိဗ္ဗာနဓာတ်တရားတော်ကြီးကို တွေးဆခဲ့တယ်။

ထိုနိဗ္ဗာန်ကြီးဟာ ဥပမာဆိုရလျှင် လူတယောက်ဟာ လက်မှာဝဲခြောက်နာတွေ စွဲကပ်နေတယ်ဆိုပါတော့။ ယားသလို၊ နာသလို၊ စပ်သလို၊ ရှုံ့စရာ ဒုက္ခတွေအမျိုးမျိုး တွေ့ရမယ် မဟုတ်လား။ တခါတလေတော့လဲ ဝဲကုပ်ရတာ အရသာရှိတယ်လို့ ထင်ချင်လဲ ထင်မှာဘဲ. သို့ပေမဲ့ ဆေးကောင်းတွေ့လို့ ဝဲခြောက်ပျောက်သွားတဲ့ အခါမှာ ယခုမှ ငါ့ဝဲနာတွေ ပျောက်၍ ချမ်းသာသုခ ရပေတယ်လို့ အောက်မေ့ရမှာဘဲ။ ဝဲနာတွေ မပျောက်ချင်သေးပါဘူး ဟူ၍၎င်း၊ ဝဲကုပ်ရတဲ့ အရသာကိုပြန်၍ ခံစားလိုသေးတယ်ဟူ၍၎င်း၊ စိတ်ကူးဝံ့မှာ မဟုတ်ပေဘူး။ ထို့အတူ ကိလေသာဟူသော သံသရာဝဲခြောက်တွေ ပျောက်ကင်းလို့ ချမ်းသာခြင်း ကိန်းသေဆိုထဲ့ နိဗ္ဗာန်တရားတော်ကြီး ဖြစ်ရပေတယ်။ ဤဥပမာအားဖြင့် နိဗ္ဗာန်မလိုချင်သူကို ဝဲနာမပျောက်ချင်ဘူးဟု ဆိုသူနှင့်အတူ ရှုသင့်တယ်။ ငါးကြော်မကြိုက် ကြောင်မိုက် ဟူသောစကားပုံနှင့် ညီတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဤနိဗ္ဗာန်ကို ဒုက္ခချုပ်ငြိမ်းရာအမှန် နိရောဓသစ္စာဟု ဟောကြားတော်မူတယ်။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံ ခေါ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ တဿာယေဝတဏှာယ၊ ထိုတဏှာသုံးပါး၏သာလျှင်။ ယောအသေသဝိရာဂနိရောဓော၊ အကြွင်းအကျန်မဲ့ ကင်းရာချုပ်ရာနိဗ္ဗာန်သည်။ ယောစာဂေါ၊ အကြင်စွန့်ရာနိဗ္ဗာန်သည်။ ယောပဋိနိဿဂ္ဂေါ၊ အကြင်လွတ်လွတ်စွန့်ရာနိဗ္ဗာန်သည်။ ယာမုတ္တိ၊ အကြင်လွတ်ရာနိဗ္ဗာန်သည်၊ ယောအနာလယော၊ အကြင်ကပ်ငြိခြင်းကင်းရာ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။

ဒီမှာလဲကိုယ်ပိုင်ဉာဏ်အသုံးပြုနိုင်တယ်။ခန္ဓာငါးပါးဟာ ဝန်ထုပ်ကြီးငါးထုပ်လို့ဘုရားဟောတယ်။ မီးရထားခေါင်းတွဲကြီး၊ မီးရထားလမ်းက သံတံတားကြီးတွေဟာ တန်ချိန်တသောင်း,နှစ်သောင်းစသည်ဖြင့်လေးသော်လဲ ရန်သူတွေဖျက်လို့ လမ်းပေါ်,အုတ်တိုင်ပေါ်မှ ပြုတ်ကျသွားလျှင် ညွန်ပျောင်းထဲ ကျသွားဦးတော့။ဆယ်တောင် ၁၅-တောင်လောက်သာ ကျုံ့နိုင်ကြတယ်။ ကျားပစပ်စက်နဲ့ ပြန်ဖော်လျှင် တရက်နှစ်ရက်အတွင်း လမ်းပေါ်,အုတ်တိုင်ပေါ် ပြန်ရောက်နိုင်တယ်။ယခု သတ္တဝါအများ ခန္ဓာငါးပါးကတော့ ကိလေသာ ရန်သူတွေလာဖျက်လျှင် နှစ်သိန်းလေးသောင်း မဟာပထဝီမြေကြီးကို ကျုံ့ပြီးအဝီစိတိုင်အောင် နစ်သွားနိုင်တယ်။ပြန်ဖော်နိုင်သော ကျားပစပ်စက်ကိုလဲ ဥရောပတို့ အမေရိကတို့မှာ ပြုလုပ်ပြီးပြီလို့ မကြားရသေးဘူး။

ဤမျှလောက် လေးလံသော ခန္ဓာငါးပါးကြီးကို ထမ်းဆောင်နေရတာ ဘယ်လောက်ကြီးကျယ်တဲ့ ဒုက္ခလဲဆိုတာ စဉ်းစားကြည့်ရမယ်။ ကြပ်ကြပ်ကြီး ရေငတ်မှ ရေအရသာရှိတယ်။ ဒုက္ခကိုလဲ ကြပ်ကြပ်ကြီးမြင်မှ နိဗ္ဗာန်အရသာ ပေါ်တယ်။ ထိုတန်ချိန်ပေါင်း အနန္တ ခန္ဓာငါးပါး ဒုက္ခကြီးမှ ကွင်းကျွတ် လွတ်မြောက်တဲ့ နိဗ္ဗာန်ဟာ ဘယ်မျှချမ်းသာမယ်ဆိုတာ ဖြဟ္မာကြီး အသင်္ချေ လျှာပေါင်းကုဋေ စီဖြင့် ရေတွက်သော်လဲ ကုန်နိုင်ဘွယ် မရှိပေဘူး။ လူခံတွင်း လျှာတခုဖြင့် ပြောရတာ သမုဒြာ လေးစင်း ရေတွေထဲမှ ရေပေါက်ငယ် တခုအနေမျှရှိပါမလား။ အဲဒီနိရောဓသစ္စာကို ဘယ်လိုအသုံးချရသလဲ။မျက်မှောက်ပြုရမတဲ့။တွေးဆရမတဲ့။ လောကုတ္တရာ တရားဖြစ်တယ်။ ဉာဏ်ရှိသလို တွေးဆကြရမတဲ့။ မရောက်ဘူးဘဲနဲ့ တွေးဆလို့ မှန်နိုင်ပါ့မလား?တဲ့-တချို့က မေးခွန်း ထုတ်ကြတယ်။

ပညာရှိအတွေးဟာ လူပြိန်းပြေးကြည့်တာထက် မှန်တယ်မဟုတ်လား။ ရောက်ဘူးသူရေးထားတဲ့ မြေပုံကို ကြည့်ပြီး မရောက်ဘူးသူတွေ အတွေးနဲ့လာလိုက်ကြတာ ဟောဒီမြန်မာပြည်ကြီးတောင် သူများလက်ထဲ ရောက်သွားသေးတယ်

မဟုတ်လား။မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်မပြုနိုင်သေးခင် ဤလိုဒုက္ခ ဤလို ဒုက္ခမျိုးမှ ကင်းဝေးတဲ့ နိရောဓဘဲဟု အားမနာပါးမနာ စိတ်ညစ်ညစ်နှုံ့တိုင်း တွေးဆကြံစည်ခြင်းဟာ နိရောဓသစ္စာ၌ အသုံးချရမဲ့ ကျင့်ဝတ်ကိစ္စဖြစ်သတဲ့။

ဒီလိုဒုက္ခမငြိမ်းသော နိရောဓမရှိ။ နိရောဓမှတပါး ဒုက္ခငြိမ်းရာမရှိ-ဟုကျင့်ဝတ်အတိုင်း အသုံးချရမယ်ဖြစ်လျက် အချို့က နတ်ဗြဟ္မာဖြစ်လျှင် နေဝသညာနာသညာယတနဘုံ-ဟူသော ဘဝဂ်သို့ ရောက်လျှင် နိဗ္ဗာန်ရောက်တာဘဲဟု မှတ်ထင် ကြတယ်။ မြတ်စွာဘုရား ဗြဟ္မာပြည်ကြီးသို့ ကြွသွား တော်မူသောအခါ ဗကဗြဟ္မာကြီးက ''ရဟန်းဂေါတမ........လာပါလေ့၊ လာပါလေ့၊ ကျွန်ုပ်တို့ ယခုနေတဲ့ ဗြဟ္မာဘုံဟာ အိုဘေး၊ နာဘေး၊ သေဘေးမရှိ၊နိဗ္ဗာန်ဖြစ်သည်။သည်မှာ အမြဲနေပါ''ဟု မြတ်စွာဘုရားကို ဘိတ်ခေါ်သတဲ့။ ဒီအဝိဇ္ဇာဟာ ဗြဟ္မာကြီးအားသော်လဲ မုသားဖြစ်အောင် လှည့်စားနိုင်ပေတယ်။တိမ်သလာကြက်ဆူးထွက်သူက သူ့မှာ မျက်စဉ်းအကောင်းဆုံး ရှိတယ်လို့ဆိုလျှင် ဟုတ်နိုင်မတဲ့လား။ ပုထုဇဉ်တကိုယ်လုံး ကိလေသာ ဝဲခြောက်တုံးကြီးက သူ့မှာ ဝဲဆေးဘုရင်ရှိမတဲ့လား။အဲဒီလို နိဗ္ဗာန်အစစ်မဟုတ်ဘဲ။ ဒုက္ခချုပ်ရာမဟုတ်ဘဲ-ရွှေမှုန့်ကြဲကို နိရောဓတဏယ်ဟုမှတ်ထင်၍ အလွဲလွဲ ချွတ်ယွင်းကြတာကို နိရောဓသစ္စာ၌ တွေဝေသော အဝိဇ္ဇာတို့ ခေါ်သတဲ့။

မဂ္ဂသစ္စာ၌ တွေဝေခြင်းကတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ-စသော မဂ္ဂင်တရား ရှစ်ပါးသာလျှင် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာမည်တယ်။ သမ္မာဒိဋ္ဌိဆိုတာ လမ်းမှန်လမ်းမှား သိသောကောင်းသော ဉာဏ်အမြင်ဖြစ်တယ်။ မျက်စိနှင့်တူတယ်။ သမ္မာသင်္ကပ္ပဆိုတာ ကောင်းသော အကြံအစည် ဖြစ်တယ်။ လက်ချောင်းနှင့်တူတယ်။ အကြံအစည်ကောင်းသော လက်ချောင်းဖြင့် လှည့်လှည့်ပေးနိုင်မှမျက်စိအမြင်သေချာတယ်။ဒါကြောင့်သမ္မာသင်္ကပ္ပကို ဉာဏ်၏လက်ချောင်းလို့လဲ ခေါ်ဆိုတယ်။ ဒီနှစ်ပါးကို ပညာစခန်း အဓိပညာမဂ္ဂင်နှစ်ပါးဟု မှတ်ရမတဲ့။

သမ္မာဝါစာဆိုတာ မုသာဝါဒ စသော ဝစီဒုစရိုက် လေးပါးကို မဆိုပါဘူးလို့ ရှောင်ကြဉ်၍ ကောင်းစွာဆိုခြင်းဖြစ်တယ်။ သမ္မာကမ္မန္တဆိုတာ ပါဏာတိပါတ စသော ကာယဒုစရိုက် သုံးပါးကိုမပြုပါဘူးလို့ ရှောင်ကြဉ်၍ကောင်းစွာပြုခြင်း ဖြစ်တယ်။သမ္မာအာဇီဝဆိုတာ မကောင်းသော အသက်မွေးခြင်း ဆိုတဲ့ ဒုရာဇီဝကို မပြုပါဘူးလို့ ရှောင်ကြဉ်၍ ကောင်းစွာ အသက်မွေးခြင်းဖြစ်တယ်။ ဒီသုံးပါးဟာ ဒုစရိုက် ဒုရာဇီဝတို့ကို ရှောင်ကြဉ်ရာ၌ အဆိပ်သီး မစားဝံ့သူနှင့် တူသော သီလတရား သုံးပါးဖြစ်တယ်။ ဒါကြောင့် ဒီသုံးပါးကို သီလစခန်း-အဓိသီလ မဂ္ဂင် သုံးပါးဟု မှတ်ရမတဲ့။

သမ္မာဝါယာမဆိုတာကောင်းစွာအားထုတ်ခြင်း ဖြစ်တယ်။ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်ရအောင် အားထုတ်ခြင်း တစ်ပါး။ ဖြစ်ပြီးသော အကုသိုလ်ကို ပပျောက်အောင် အားထုတ်ခြင်း တစ်ပါး။ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်အောင် အားထုတ်ခြင်းတစ်ပါး။ ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွါးအောင် အားထုတ်ခြင်းတစ်ပါး။ ဒီလိုသမ္မာဝါယာမ မဂ္ဂင်ဟာ လေးမျိုးပြားတယ်။

သမ္မာသတိဆိုတာ ကောင်းစွာ အောက်မေ့ခြင်းဖြစ်တယ်။ သူလဲလေးမျိုးပြားတယ်။

၁။ ၃၂-ကောဋ္ဌာသ ကာယအပေါင်းကို အသုဘဟု ဖန်ဖန်အောက်မေ့ခြင်း ကာယာနုပဿနာ-သတိပဋ္ဌာန် တစ်ပါး။

၂။ သုခ၊ ဒုက္ခ၊ ဥပေက္ခာ-ဝေဒနာတို့ကို ဒုက္ခဟုဖန်ဖန်အောက်မေ့ခြင်း-ဝေဒနာနုပဿနာ သတိပဋ္ဌာန် တစ်ပါး။

၃။ ရာဂရှိသောစိတ်၊ ရာဂကင်းသောစိတ်၊ ဒေါသရှိသောစိတ်၊ ဒေါသကင်းသောစိတ် စသည်တို့ကို အနိစ္စဟု ဖန်ဖန်အောက်မေ့ခြင်း-စိတ္တာနုပဿနာ သတိပဋ္ဌာန်တစ်ပါး။

၄။ ကာမစ္ဆန္ဒ၊ ဗျာပါဒစသော နီဝရဏငါးပါး။ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ စသော ဗောဇ္ဈင်ခုနစ်ပါး-ဤသို့စသောဓမ္မတို့ကို အနတ္တဟုဖန်ဖန်အောက်မေ့ခြင်း-ဓမ္မာနုပဿနာ သတိပဋ္ဌာန် တစ်ပါး-ဒီလို လေးမျိုးပြားတယ်။

သမ္မာသမာဓိဆိုတာ ကောင်းစွာ တည်ကြည်ခြင်းဖြစ်တယ်။ ပဌမဈာန်သမာဓိ၊ ဒုတိယဈာန်........၊ တတိယဈာန်........၊ စတုတ္ထဈာန်.......၊ ပဉ္စမဈာန် သမာဓိလို ငါးမျိုးပြားတယ်။ ဒီဝါယာမ၊ သတိ၊ သမာဓိဟူသော မဂ္ဂင်သုံးပါးဟာ စိတ်ကို နိုင်နင်းစွာထားနိုင်တယ်။ ဒါကြောင့် ဒီသုံးပါးကို သမာဓိစခန်း-အဓိစိတ္တ မဂ္ဂင်သုံးပါးဟု မှတ်ရမတဲ့၊ ဤမဂ္ဂင်ရှစ်ပါးဟာ အကျဉ်းအားဖြင့် သီလ၊သမာဓိ၊ပညာ သုံးပါးဖြစ်တယ်။ နိဗ္ဗာန် ရောက်ကြောင်း ကိန်းသေဖြစ်တယ်။ ဒါကြောင့်မြတ်စွာဘုရားက ဤမဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန် ရောက်ကြောင်းအမှန်-မဂ္ဂသစ္စာဟု ဟောတော်မူတယ်။

> ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊
> အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ-သမ္မာဒိဋ္ဌိ၊
> သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊
> သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ ဣဒံခေါပန၊ ဤဆိုလတ္တံ့သည်ကား။ ဒုက္ခနိရောဓ

ဂါမိနီ- ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။
အရိယသစ္စံ၊ အရိယသစ္စာမည်၏။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊
ဤမဂ်သည်သာလျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိ၏။ သေယျထိဒံ၊ အင်္ဂါရှစ်ပါး
ကား။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ မြင်ခြင်း။ သမ္မာသက်ပ္ပေါ၊ ကောင်းစွာ ကြံခြင်း။
သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာ ပြုခြင်း။ သမ္မာ
အာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းစွာအား
ထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာ
တည်ကြည်ခြင်း။ ဣတိ၊ ဤရှစ်ပါးတည်း။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခနိရောဓ
ဂါမိနီ-ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်သော၊
အရိယသစ္စံ၊ အရိယသစ္စာမည်၏။

ဒီမှာလဲ ကိုယ်ပိုင်ဉာဏ်သုံးနိုင်တယ်။ အဝိစိတိုင်အောင် ခန္ဓာဝန်ထုပ်ကျွံနစ်သွားတာကို ဖော်ထုတ်နိုင်သော ကျားပစပ်စက်ကိုဥရောပတို့, အမေရိကတို့မှာ မကြားရသေးသော်လဲဒီမြတ်စွာဘုရားသာသနာတော်ကြီးမှာရှိနေပါပြီ။ဓမ္မစကြာ တရားဦးဟောစဉ်က ပဥ္စမအကြိမ်၌ပင်လူ၊နတ်၊ဗြဟ္မာ ၁၈-ကုဋေ သံသရာညွန်ကျွံ နေရာမှ ပါလာကြတယ်။ နတ်ပြည်မှာ အဘိဓမ္မာတရား ဟောစဉ်ကလဲ နတ်၊ ဗြဟ္မာအသင်္ချေတဲ့။မဟာသမယသုတ်ဟောတုန်းက၊နတ်ဗြဟ္မာတွေကုဋေတသိန်းတဲ့။ ရာဇဂြိုဟ်ပြည်မှာ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ လူတသိန်းကျော်သတဲ့။ လမ်းဘေး၌ ဝက်မကလေးအကြောင်းပြု၍ဟောတုန်းက လူပေါင်း ၈၄၀၀၀-စသည်ဖြင့် အကြိမ်ကြိမ်ထုတ်ဖော်ပြီးပြီ။ယခုလဲထိုစက်ကြီးဟာမပျက်သေးဘူး။သာသနာစောင့် အရှင်မြတ်များ ဆက်လက်၍ ထုတ်ဖော် ဆဲပင်ဖြစ်တယ်။

ပဌမရဟန်း သောတာပန်၊ ဒုတိယရဟန်း သကဒါဂါမ်၊ တတိယ ရဟန်း အနာဂါမ်၊ စတုတ္ထ ရဟန်း ရဟန္တာဟု-ဒုက္ခအပူငြိမ်းသော သမဏလေးမျိုးလဲ ဤသာသနာ၌သာရှိတယ်။ ဒီလိုသံသရာညွန်ထဲမှထုတ်ဖော်နိုင်တဲ့ စက်ဟာဘယ်ဟာ လဲဆိုတော့ ဤသာသနာထဲက မဂ္ဂင်ရှစ်ပါးပါဘဲတဲ့။ မလျော့လွန်း မတင်းလွန်း အလယ်အလတ်ကျင့်စဉ် မဇ္ဈိမပဋိပဒါလို့လဲ ခေါ်တယ်။ ကာမဂုဏ် ကပ်ငြိလျက် လျော့လျော့ကျင့်ရသော တရားမျိုးမဟုတ်ဘူး။ ဆူးပေါ်အိပ်ခြင်း၊ သစ်ပင်၌ တွဲလွဲ ဘွဲ့ခြင်း-စသည်ဖြင့် ကိုယ်ပင်ပန်းခံ၍ တင်းတင်းကြီး ကျင့်ရသော တရားမျိုးလဲ မဟုတ်ဘူးတဲ့။ အစွန်းနှစ်ပါး၏ အလယ်၌ ကျင့်ရသော မဇ္ဈိမပဋိပဒါ—မဂ္ဂင် တရားတော်ကြီးဖြစ်ပါထယ်။ အဲဒီမဂ္ဂသစ္စာကို ဘယ်လို အသုံးချရသလဲ။ တိုးတက် အောင် ပွားများရမတဲ့။ လောကုတ္တရာ တရားဖြစ်တယ်။ ဘယ်လိုပွါးများရမလဲ။ လောကုတ္တရာမဂ္ဂင်နှင့် ဆက်သွယ်နိုင်သော ကာမာဝစရ ကုသိုလ်ကို အဝိဇ္ဇာနှင့် အဆက်ဖြတ်ပြီး ရှေးဦးစွာ ပွါးများရတယ်။ အားကောင်း၍ မဂ်ကုသိုလ် ဆက်

သွယ်သောအခါ တိုးတက်ခြင်း ပွါးများခြင်းဖြစ်လာတယ်။ လောကုတ္တရာမဂ္ဂင်ကို တခါထဲ ကျော်တက်ပြီး ပုထုဇဉ်တို့ ပွါးများလို့ မရနိုင်ပါဘူး။

ဒါကြောင့်အဓိဋ္ဌာကို အားမနာ ပါးမနာ အဆက်ဖြတ်ပြီး။ တနည်း-အဓိဋ္ဌာကို လွတ်အောင်ခုန်ကျော်၍၊ မကျော်လိုလျှင်လဲ မိမိ ရရ ဝိပဿနာဉာဏ်ဖြင့်နှင်း၍ ကာမာဝစရ ကုသိုလ်ကို ဒါန၊ သီလ၊ ဘာဝနာ စွမ်းဖြင့် ပွါးများ အားထုတ်ခြင်းဟာ မဂ္ဂသစ္စာ၌ အသုံးချရမဲ့ ကျင့်ဝတ် ကိစ္စဖြစ်သတဲ့။

ဒီမဂ္ဂင်ရှစ်ပါးမှ တပါး နိဗ္ဗာန်ရောက်ကြောင်း မရှိဘူး။ နိဗ္ဗာန်သို့ မရောက်စေနိုင်သော မဂ္ဂင်ဟူ၍လဲ မရှိဘူး။ သို့ပေမဲ့ အချို့ကတော့ သူ့အသက်သတ်၍ ယဇ်ပူဇော်ခြင်းဖြင့် နိဗ္ဗာန် ရောက်နိုင်တယ်။ ခြိုးခြံစွာ သေလုနီးပါးကျင့်မှ နိဗ္ဗာန်ရောက်နိုင်တယ်လို့ အမျိုးမျိုးကြံဆကြသတဲ့။ အချို့ကလဲ ကာမဂုဏ်လက်မလွှတ်ပေမဲ့သေခါနီး-အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ပွါးလိုက်လျှင် တခါထဲ နိဗ္ဗာန်ကို အလွယ် ကလေးရနိုင်တယ်လို့မထိမဲ့မြင်ခပ်ပေါ့ပေါ့ပြောဆိုကြသေးသတဲ့။ သူတို့ပြောဆိုတဲ့အတိုင်းတကယ်နိဗ္ဗာန်ကို အလွယ်ကလေးသာ ချောင်ချောင်ပြုပြုရလာလျှင်တော့ ''ကိလေသာ မှောင်ခိုဈေးထဲက ရလာပေမဲ့ တော်ပါပေတယ်'' လို့ အဟုတ် တကယ်ဝမ်းမြောက်ရမှာပါဘဲ။ ဒီလိုမ ဖြစ်မပဋိပဒါမဂ္ဂင်ရှစ်ပါးအစစ်ကိုဖယ်ထားပြီးတင်းတင်းကျင့်ခြင်း။လျှော့လျှော့ ကျင့်ခြင်းတို့ကို ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဘဲလို့ ကြံစည်တွေးတောပြီး အလွဲလွဲ ယူဆကြတာမျိုး ကျင့်ကြတာမျိုးကို မဂ္ဂသစ္စာ၌ တွေဝေသော အဓိဋ္ဌာလို့ခေါ်သတဲ့။

ပုဗ္ဗန္တစသည်တို့၌ တွေဝေခြင်းကတော့-သံသရာ၏ ရှေးအစွန်းဖြစ်တဲ့ အတိတ်ခန္ဓာတို့၌၎င်း၊ နောက်အစွန်းဖြစ်တဲ့ အနာဂတ်ခန္ဓာတို့၌၎င်း၊ ရှေးအစွန်းနောက်အစွန်းဖြစ်တဲ့ အတိတ်အနာဂတ် ခန္ဓာတို့၌၎င်း တွေဝေခြင်းဖြစ်ပေတယ်။တွေဝေပုံကတော့သတ္တဝါဆိုတာ ရှေးဘဝရယ်လို့မရှိဘူး။ဝါ၊ရှေးဘဝ-အဓိဋ္ဌာ၊သန်္ဒါရ-မရှိဘူး။ ယခုဘဝကစပြီး အနာဂတ်ဘဝ အဆက်ဆက်ဖြစ်တယ်လို့ အချို့ယူတယ်။ အချို့ကတော့ ရှေးရှေးဘဝကသာရှိတယ်။ နောက်ဘဝသာမရှိဘူး။ ဝါ၊ နောက်ဘဝဇာတိ၊ ဇရာမရဏ-မရှိဘူးလို့ယူတယ်။ အချို့ကတော့ ရှေးရှေးဘဝလဲမရှိ၊ နောက်နောက်ဘဝလဲ မရှိဘူးလို့ ယူတယ်။ အဲဒါ ပုဗ္ဗန္တ၌၎င်း၊ အပရန္တ၌၎င်း၊ ပုဗ္ဗန္တာပရန္တ၌၎င်း တွေဝေသော အဓိဋ္ဌာလို့ခေါ်သတဲ့။

ပဋိစ္စသမုပ္ပါဒ်၌ တွေဝေခြင်းကတော့-ရှစ်ဌာန၌ တွေဝေခြင်း သဘောဆိုတဲ့ အဓိဋ္ဌာ သာရှိတယ်။ တွေဝေတတ်သော အတ္တ မရှိကောင်းဘူး။ အတ္တဆိုတာ-ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောက်ျား မိန်းမ အတ္တဇီဝရှိကောင်းတယ်လို့ စွဲတဲ့ အတုအပ အစွဲကောင်ဖြစ်တယ်။ ပြုတတ်သော အကောင်၊ ခံစားတတ်သောအကောင်ဟု စွဲတယ်။ ထိုအစွဲကောင်ဟာ မုချစင်စစ် မရှိကောင်းဘူး။ ခန္ဓာငါးပါး

ရုပ်နာမ်သဘော တရားသာ ရှိကောင်းတယ်လို့ မှတ်ရမတဲ့။ ကုသိုလ်အကုသိုလ်ကံ သင်္ခါရသဘောသာ ရှိတယ်။ ကံသင်္ခါရပြုသူ အတ္တ အစွဲကောင်မရှိကောင်းဘူး။ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေစိတ်သာ ရှိတယ်။ ပဋိသန္ဓေနေသူ အတ္တ မရှိကောင်းဘူး။ နာမ်နှင့်ရုပ် ပေါင်းဆုံခြင်းသာရှိတယ်။ ပေါင်းဆုံသူ အတ္တ မရှိကောင်းဘူး။ စက္ခု သောတ စသော သဠာယတန ခြောက်ပါးသာရှိတယ်။ မြင်သူ၊ ကြားသူ၊ အနံ့ယူသူ၊ စားသူ၊ ထိသူ၊ သိသူ-အတ္တမရှိကောင်းဘူး။

တွေ့ထိခြင်း ဖဿသာရှိတယ်။ တွေ့ထိသူ အတ္တမရှိကောင်းဘူး။ ခံစားခြင်း ဝေဒနာသာရှိတယ်။ ခံစားသူ အတ္တမရှိကောင်းဘူး။ နှစ်သက်ခြင်း တဏှာသာရှိတယ်၊ နှစ်သက်သူ အတ္တမရှိကောင်းဘူး။ စွဲလမ်းခြင်း ဥပါဒါန်သာ ရှိတယ်။ စွဲလမ်းသူ အတ္တမရှိကောင်းဘူး။ ကံဝိပါက်ဖြစ်ခြင်း ဘဝသာရှိတယ်။ ဖြစ်တတ်သူအတ္တမရှိကောင်းဘူး။ ရုပ်နာမ်တို့၏ အစဦးဖြစ်ခြင်း ဇာတိသာ ရှိတယ်။ အစဦးဖြစ်သူ အတ္တမရှိကောင်းဘူး။ ရင့်ခြင်း ပျက်ခြင်း ဇရာမရဏသာ ရှိတယ်။ ရင့်တတ် ပျက်တတ်သူ အတ္တမရှိကောင်းဘူး။ စိုးရိမ်ခြင်း သောက၊ ငိုကြွေးသံပရိဒေဝ၊ ကိုယ်နာခြင်း ဒုက္ခ၊ စိတ်နာခြင်းဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း ဥပါယာသ သဘောသာ ရှိတယ်။ စိုးရိမ်သူအတ္တ၊ ငိုကြွေးသူအတ္တ၊ ကိုယ်နာသူအတ္တ၊ စိတ်နာသူအတ္တ၊ ပြင်းစွာပင်ပန်းသူ အတ္တရယ်လို့ မရှိကောင်းဘူး။

ဤသို့ခန္ဓာ အဆက်ဆက်၊ အာယတနအဆက်ဆက်၊ ဓာတ်အဆက်ဆက်ဖြစ်သော ဒုက္ခသဘောတရား အစုတို့သာ အဆက်မပြတ်ဖြစ်တာကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်တယ်၊ သံသရာလို့လဲခေါ်တယ်။ သည်လိုဒုက္ခ သဘော တရားတွေဖြစ်တာကို ပုဂ္ဂိုလ်သတ္တဝါဖြစ်တယ်၊ ငါသူတပါး ဖြစ်တယ်၊ ယောက်ျား မိန်းမ ဖြစ်တယ်၊ အတ္တဇီဝဖြစ်တယ်၊ ချမ်းသာတယ်၊ ကြွယ်ဝတယ်၊ အစိုးရတယ်လို့ အထင်လွဲတာကို ပဋိစ္စသမုပ္ပါဒ်၌ တွေဝေသော အဝိဇ္ဇာလို့ခေါ်သတဲ့။

အဋ္ဌကထာ ဆရာမြတ်တို့ကတော့........"ပုထုဇ္ဇနောဟိ ဥမ္မတ္တက သဒိသော" လို့မိန့်ဆိုကြတယ်။ ဟိ၊ အမှားမှား အယွင်းယွင်း တွေဝေနိုင်ကြတဲ့ အကြောင်းရင်းကား။ ပုထုဇ္ဇနော၊ ပုထုဇဉ်အပေါင်းသည်။ ဥမ္မတ္တကသဒိသော၊ သူရူးနှင့်မထူးသူမသာငါမကျူး ညီအစ်ကို အမြွာပူးဖြစ်ပေ၏။ အဓိပ္ပါယ်ကတော့အရူးနှင့်အမြွာပူးဖြစ်လို့တွေဝေကြတာတဲ့။

သည်တော့အရူးလွယ်အိတ်ဆိုတာလိုဖြစ်မှာပေါ့။ အရူးလွယ်အိတ်ထဲမှာဆိုလျှင် ဘာတွေရှိသလဲ။-ဆေးလိပ်တိုနှင့် ငါးပိချက်။ ထန်းလျက်နှင့် ငရုပ်သီးမှုန့်၊ ကိတ်မုံ့နှင့် ငှန်းကျိုး ခရင်းကျိုး........မတော်မတဲ့ အမျိုးမျိုး ရှိနိုင်ပေတယ်။ ဒါကြောင့် သူရူးဗီဗီ ပုထုဇဉ်တို့ မေ့လျော့ကာ မနေကြနှင့်၊ သတိသမ္ပဇည ရှိကြရမယ်လို့ အဋ္ဌက

ဆရာဆရာတို့ သတိပေးတာကို ဉာဏ်နား၌ အမြဲကြားလျက် ရှိကြရမယ်။ ပကတိနားကြားရုံဖြင့် တင်းမတိမ်ကြရဘူးတဲ့။

အဲဒီ ရှစ်ဌာနတွေဝေသော အဝိဇ္ဇာကြောင့် သူ့သူငါငါ သတ္တဝါ အပေါင်းမှာ ကြာမြင့်စွာသော ကာလပတ်လုံး အဝိဇ္ဇာဖုံးကာ တကျော့ဆွဲဆောင် သံသရာ ထောင်သိန်း သောင်း တဘဝမှ တဘဝသို့ ကူးပြောင်းရပေါင်း များလှလေပြီ၊ ဒုက္ခမျိုးစုံ ပျက်စီးခြင်းဖုံဖုံ တွေ့ကြုံရပေါင်း များလှလေပြီ။ သေပေါင်းလည်း များလှလေပြီ။ ဤကိုယ်ကောင် ပစ်ချရသည့်အတွက် သုသာန်မြေပုံလည်း မြင့်လှလေပြီ။ ဤသင်္ခါရ အားလုံး၌ အလွန်အကဲ ငြီးငွေ့ခြင်းငှါ၊ မတွယ်တာခြင်းငှါ၊ ထွက်မြောက်ခြင်းငှါ လွန်မင်းစွာ သင့်လှလေစွတကား။ ။ ဤသို့ သံယုတ်ပါဠိတော်ကြီးမှာ သံဝေဂဉာဏ် ထက်သန်စိမ့်သောငှါ မြတ်စွာဘုရား ဟောကြားတော်မူသတဲ့။

သည်တော့ ထိုအဝိဇ္ဇာဆိုတဲ့ တရားဟာ အရှုးနှင့်အမြွာပူးဖြစ်အောင် ပြုလုပ်တတ်သောကြောင့် သူ့ပင်ကိုယ်ကပင် ကြက်သရေမင်္ဂလာ ကင်းမဲ့၍ မတင့်မတယ် စက်ဆုပ် ရွံရှာဘွယ် အသုဘတရားကြီး အစစ် ဖြစ်နေတာကို ယခုမြင်ရပြီ မဟုတ်ပါလား။ ဒါ့ကြောင့် ထိုအသုဘအဝိဇ္ဇာနှင့် အဆက်ပြတ်သွားအောင် တွေးမိတိုင်း-တွေးမိတိုင်းကြက်သရေမင်္ဂလာမရှိတဲ့ အဝိဇ္ဇာ၊ စက်ဆုပ်စရာ ရွံစရာ ဖြစ်တဲ့ အဝိဇ္ဇာ၊ ရှစ်ဌာန၌ တွေဝေတဲ့ အဝိဇ္ဇာ၊ ငါတို့ကိုအရူးဖြစ်အောင် ပြုလုပ်တဲ့အဝိဇ္ဇာ၊ ဒုက္ခအမျိုးမျိုးဖြစ်စေတဲ့အဝိဇ္ဇာ၊ သေခြင်းတရား လက်ကိုင်ထားတဲ့ အဝိဇ္ဇာ၊ အသုဘသဘောရှိတဲ့ အဝိဇ္ဇာဟု အားမနာ ပါးမနာ တွင်တွင်ကြီး ထိုအဝိဇ္ဇာကို အသုဘရှုနိုင်ကြပါစေကုန်သတည်း။

---

## (၉) သင်္ခါရ ဆင်ကောင်ပုပ် တရားစာ။

[မပိုက်-မဝင်းကြည်တို့ ပင်ကျက်မှတ်၍ ဟောလေ့ပြုကြသည်။]

''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဒီလိုဟောတဲ့နေရာမှာ သင်္ခါရဆိုတာ လောကီကုသိုလ်၊ အကုသိုလ်ကံစေတနာ ၂၉-ခုဖြစ်တယ်။ ပုညာဘိသင်္ခါရ စသည်ဖြင့် ခွဲလိုက်လျှင် ကာမာဝစရကုသိုလ်၊ စေတနာ ရှစ်ခု၊ ရူပါဝစရကုသိုလ် စေတနာ ငါးခုကတော့ ပုညာဘိသင်္ခါရ မည်သတဲ့၊ ၁၃-ခုရှိတယ်။ လောဘမူရှစ်၊ ဒေါသမူနှစ်၊ မောဟမူနှစ်ဆိုတဲ့ အကုသိုလ်စေတနာ ၁၂-ခုကတော့ အပုညာဘိသင်္ခါရ မည်တယ်။ အရူပါဝစရကုသိုလ် စေတနာ လေးခုကတော့ အာနေဉ္ဇာဘိ သင်္ခါရမည်တယ်။

ထိုစေတနာ ၂၉-ခုတို့တွင် ကာမကုသိုလ် ရှစ်ခု၊ အကုသိုလ် ၁၂-ခုကတော့ ဒွါရသုံးပါးလုံး၌ ဖြစ်တယ်။ ရူပကုသိုလ်၊ အရူပကုသိုလ်ကတော့ မနောဒွါရ၌သာ ဖြစ်တယ်။ ကာမကုသိုလ်၊ အကုသိုလ် ၂၀-ဟာကာယဒွါရ၌ လှုပ်ရှားခြင်း၊ ကိုယ်အမှုအရာဖြစ်စေတဲ့အခါ ကာယသင်္ခါရမည်တယ်။ ဝစီဒွါရ၌ မြွက်ဆိုခြင်း-နှုတ်အမှုအရာဖြစ်စေတဲ့အခါ ဝစီသင်္ခါရမည်တယ်။ သင်္ခါရ ၂၉-ခုလုံးပင် မနောဒွါရ၌ ကြံစည်စိတ်ကူးခြင်းကို ဖြစ်စေတဲ့အခါ စိတ္တသင်္ခါရမည်တယ်။ (ဤသင်္ခါရတွေကို မဖြစ်အောင် အဝိဇ္ဇာမကင်းသူအနာဂါမ်အထိ မတတ်နိုင်ဘူးဟု ကိန်းသေမှတ်ကြရမယ်။ ရဟန္တာမဖြစ်ဘဲလျက် တတ်နိုင်ပါတယ်ဟု ဆိုလျှင် မဟုတ်မဟတ်-သနားစရာဟူ၍သာ မှတ်သားရာ၏။)

ဒီမှာမယူရတဲ့ သင်္ခါရတွေလဲရှိသေးတယ်။ အနိစ္စာဝတ သင်္ခါရာလို့ဟောရာ၌ နိဗ္ဗာန်မှ ကြွင်းသမျှ သင်္ခါရဟာ သင်္ခတ သင်္ခါရမည်တယ်။ ဒီမှာ မယူရဘူး။ ကံကြောင့် ဖြစ်သော အကျိုးဝိပါက် ကမ္မဇရုပ်ကတော့ အဘိသင်္ခတ သင်္ခါရမည်တယ်။ မယူရဘူး။ ဝီရိယစေတသိက်ကတော့ ပယောဂါဘိသင်္ခါရ မည်တယ်။ မယူရဘူး။ ထွက်သက်ဝင်သက်လေဆိုတဲ့ ကာယသင်္ခါရ၊ ဝိတက်ဝိစာရဆိုတဲ့ ဝစီသင်္ခါရ၊ ကြွင်းစေတသိက် ၅၀-ဆိုတဲ့ စိတ္တသင်္ခါရကိုလဲ မယူရဘူးတဲ့။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကတော့ ရှစ်ဌာန၌ တွေဝေသော အဝိဇ္ဇာ ရှိသူဟာ ၃၁-ဘုံဒုက္ခကို သုခစည်းဟု မှတ်ထင်၍ ဒုက္ခ ဖြစ်ကြောင်းကို သုခဖြစ်ကြောင်းဟု မှတ်ထင်၍ လိုချင်သတဲ့။ ၃၁-ဘုံဒုက္ခမှ မလွတ်နိုင်တဲ့ တရားကို ဒုက္ခလွတ်ကြောင်းဟု မှတ်ထင်၍ အားထုတ်ချင်သတဲ့။ ဒါနဲ့ တချို့ကတော့ သူတပါးထံ ဘယ်ပုံ အားထုတ်ရမလဲလို့ မေးသတဲ့။ ဒီတော့ သူ့အသက်သတ်ခြင်း စသည်ဖြင့် အကုသိုလ် ပြုရတယ် ဟူ၍၎င်း၊ ဒါန သီလ စသည်ဖြင့် ကုသိုလ်ပြုရတယ် ဟူ၍၎င်း-မိမိစိတ်၌ထင်သလို အမျိုးမျိုး ဖြေဆိုကြသတဲ့။ ဒီတော့ သုခစည်းစိမ်လိုချင်တာနဲ့ စင့်ဒုက္ခမှ လွတ်ချင်တာနဲ့ သူတပါး ပြောတဲ့အတိုင်း ပြုကြသတဲ့။ အချို့ကတော့ မမေးဘဲမိမိထင်ရာ စိတ်ကူးပြီး ''သည်လိုပြုရလျှင် ငါ၏ လိုအင်ဆန္ဒပြည့်မှာဘဲ''လို့အကြံနဲ့ ပြုလိုရာပြုကြသတဲ့။

ဘာတွေကိုပြုသလဲ၊ ရံခါ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အပုညာဘိသင်္ခါရ-အကုသိုလ်တွေကိုပြုကြတယ်။ ရံခါ ဒါန၊ သီလ၊ ဘာဝနာစွမ်းဖြင့် ပုညာဘိသင်္ခါရ-ကာမကုသိုလ်ကို၊ ရံခါ ရူပဈာန်စွမ်းဖြင့် ပုညာဘိသင်္ခါရ ရူပကုသိုလ်ကို ပြုကြတယ်။ ရံခါ အရူပဈာန်စွမ်းဖြင့်အာနေဉ္ဇာဘိသင်္ခါရ အရူပကုသိုလ်ကိုပြုကြတယ်။ ကုသိုလ်အဘိုးတန်ပြုသော်လဲ အဝိဇ္ဇာမှောင်ထဲမှာ ချည်းသာဟု မြဲမြဲမှတ်ထားရမယ်။

[မှောင်ထဲ၌ သွားသူဟာ ရံခါ လမ်းကောင်း၊ ရံခါ လမ်းဆိုးသို့ရောက်တယ်။ လမ်းဆိုးရောက်တာ

အမှောင်ကြောင့်ဟု အဖြေပေးနိုင်တယ်။ လမ်းကောင်းရောက်တာ အလင်းရောင်ကြောင့်ဟု အဖြေမပေးနိုင်ဘူး။ ဒါကို သတိပြုရမယ်။]

သည်တော့ အဝိဇ္ဇာမှောင်ထဲမှာ ပြုကြတဲ့အတိုင်း ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္ဇာဘိသင်္ခါတို့ တထွေဟာ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာကြသတဲ့။ ထိုဖြစ်ပေါ်လာသမျှ သင်္ခါရတွေဟာ အဝိဇ္ဇာ၏ လက်ပါးစေ ပါးကွက်အာဏာသားဖြစ်သော ဇာတိ ဇရာမရဏတရားတို့ ညှဉ်းဆဲနေတဲ့ ၃၁-ဘုံသံသရာထောင်ထဲမှာသာ ဒုက္ခတွေအမျိုးမျိုး တိုးမိအောင် စီမံပေးနေကြသတဲ့။

ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားနိုင်ကြရမယ်။ လူ့ပြည်မှာ မင်းစည်းစိမ်၊ သူဌေးစည်းစိမ်ဖြင့် ဘယ်လိုပင် အထက်တန်းကျကျ မောက်ကြွားနေကြသော်လဲ လက်ဦးဆုံး အမိဝမ်းထဲမှာ ကိုးလ ဆယ်လ အချုပ်ခံနေရတဲ့ ရာဇဝတ်ကောင်-ဘဝကတက်လာကြတာတွေဖြစ်တယ်။ နောက်ပြီး ထိုစည်းစိမ်ကြီးရှင်တွေဟာ ရွှေငွေစိန်ကျောက် ချယ်စီတဲ့ရတနာ မျက်နှာကြက် အောက်မှာ ခံစားနေရတယ်လို့ အထင်ကြီးနေပေမယ်လို့စင်စစ်မှာတော့ အိုဘေး၊နာဘေး၊သေဘေး-တို့၏ ခြေဘဝါးကြီး သုံးခုကို မျက်နှာကြက် ပန်းကာသဘွယ် ချယ်စီ၍နေကြရတာချည်းပါဘဲ။

ရှေးမထေရ်ကြီးတပါးက မြေကြီး ရယ်ခြင်း၊ ကျောင်းရယ်ခြင်း၊ အိမ်ရယ်ခြင်းလို့ ရယ်ခြင်းသုံးမျိုးကို မိန့်ဆိုဘူးသတဲ့။ မင်းစိုးရာဇာများကို ''ရေမြေအစိုးရသော ဘုရင်မင်းမြတ်''ဟု ဆိုတဲ့အခါရေမြေတို့က''အိုဘေးနာဘေးသေဘေးထဲက နေပြီး ဒီကောင် ကလေးက ငါတို့ကို တကယ် အစိုးရတယ်များထင်နေကြရောသလား''လို့ရယ်ကြသတဲ့။ ဘုန်းတော်ကြီးများကိုလဲ ''ငါ့ကျောင်း၊ ငါ့ကန်၊ ငါ့ပရိက္ခရာ''ဟု ဆိုတဲ့အခါ ကျောင်းကန် ပရိက္ခရာတို့က ရယ်ကြသတဲ့။ လူတွေကိုလဲ-ငါ့အိုး ငါ့အိမ် ငါ့စည်းစိမ်''ဟု ဆိုတဲ့အခါ အိုး အိမ် စည်းစိမ်တွေက ရယ်ကြသတဲ့။ အရယ်ခံနေကြရတယ်။

အိုဘေး နာဘေး သေဘေးကိုနိုင်အောင် ဘာမျှ မတတ်နိုင်ဘဲနဲ့ ထိုစည်းစိမ်ရှင်တွေဟာ ဦးချိုကျိုးသောနွားသော်မှ မာနကင်းပါလျက် သူတို့မှာမကင်းဘဲ မောက်ကြွားနေကြတာကို သူသူငါငါ ကြည့်လို့တော့ အကောင်းသားဘဲ မဟုတ်လား။ ဒီတော့ရန်သူကို မနိုင်ပေမဲ့ သဘော်ခွေးကလေးများဟောင်သံဟာ နားထောင်လို့ ကောင်းသလိုနဲ့မတူဘူးလား။

အဲဒီလို ဒုက္ခမကင်းတဲ့ စည်းစိမ်ကိုဖြစ်စေတဲ့ သင်္ခါရဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲ။ ဒီအထဲမှာ ဒါန သီလ စသည်အစွမ်းဖြင့် ပုညာဘိသင်္ခါရကိုပြုသူဟာ တွေကြုံရမဲ့ ဇာတိဒုက္ခစသည်ကို မမြင်လို့ပြုကြသတဲ့။ နတ်သွီးရမယ်ဆိုလို့ ချောက်ထဲ ခုန်ချမိတဲ့သူနှင့် တူသတဲ့။ မီးရောင်ကို ရွှေတောင်ကြီးအထင်နှင့်

မီးပုံထဲ ခုန်ဆင်းတဲ့ ပိုးဖလံနှင့်လဲတူသတဲ့။ တနည်းတော့–သင်ဓုန်းအသွား၌ ပျား ရည်လိမ်းထားတာကို လျက်တာနဲ့ လျှာပြတ်တဲ့သူနှင့်လဲ တူသတဲ့။

လောဘ ဒေါသစွမ်းဖြင့် အကုသိုလ်ဆိုတဲ့ အပုညာဘိ သင်္ခါရကို ပြုသူဟာ ပြု နေတုန်းပင် တွေတွေဝေဝေ မရှက်မကြောက် ပျံ့လွင့်ခြင်း ဖြစ်နေတာနဲ့ဖြစ်ဆဲ ဒုက္ခကိုမမြင်လို့ ပြုကြသတဲ့။ မစင်ပြေ့ပြေ့ ကိုင်ဆော့ကစားတဲ့ ကလေးသူငယ် နှင့်တူသတဲ့။ချက်ခြင်း မေရေ နံစော်ခြင်းဖြစ်နိုင်တယ်။တနည်းတော့ စိတ်ညစ်တာ နဲ့ အဆိပ်မျိုသူနှင့်လဲတူသတဲ့။ ချက်ခြင်း လက်ငင်း ဒုက္ခတွေတယ် မဟုတ်လား။

အရူပကုသိုလ်ဆိုတဲ့ အာနေဉ္စာဘိ သင်္ခါရကို ပြုသူကတော့ ဖောက်ပြန်လတ္တံ့ သော ဝိပရိဏာမဒုက္ခကို မမြင်လို့ပြုကြသတဲ့။နတ်တို့ပျော်ဘို့ခေတ္တဖန်ဆင်းထားတဲ့ နတ်မြို့–ကျက်မြို့ကြီးအတွင်း မျက်စိလယ်၍ ဝင်သွားမိသူနှင့်တူသတဲ့။ နတ်တို့ တန် ခိုးရုပ်သိမ်းလိုက်တော့ ,အထင်ကြီးထားတဲ့ နတ်မြို့ကြီးထဲမှာ မဟုတ်ဘဲချုံကြီး–ချုံ ကြားထဲ ရောက်နေသတဲ့။

အဲဒါတွေဟာ ပင်ရင်း အဝိဇ္ဇာကြောင့် အိုဘေး၊ နာဘေး၊ သေဘေး–ကြား ထဲ ရောက်စေတဲ့ သင်္ခါရတို့ ဖြစ်ပုံဘဲတဲ့။ အဝိဇ္ဇာပင်ရင်းကို မဖျက်ဆီးဘဲ အိုဘေး၊ နာဘေး၊ သေဘေး–တွေမှ လွတ်ကင်းအောင်ရှောင်လျှင် မဖြစ်နိုင်ဘူးလား?တဲ့။ ပုညာဘိသင်္ခါရစသော သုံးပါးကိုသော်လဲ မဖြစ်နိုင်အောင် ဒါန သီလ စသည် မပြုဘဲ အောင့်နေမယ်၊ ဖြစ်နိုင်တယ်မဟုတ်ဘူးလား?တဲ့။ ကြံလုံးထုတ်ကြတယ်။ သနားစရာပါဘဲ။ ကာယသင်္ခါရစသော သုံးပါးကိုလဲ အောင့်နိုင်မှ။ အောင့်ပုံက တော့–ကိုယ်လက်သွားလာ လှုပ်ရှားခြင်းမပြုနှင့်။ နှုတ်ကလဲ စကားဘာမျှမပြော နှင့်။ စိတ်ကလဲ ဘာကိုမျှမကြံနှင့်။ကြံလျှင်သင်္ခါရဖြစ်တာဘဲ။ အဲဒါတွေကို အောင့် နိုင်မှ စိတ်ချရတယ်လို့ ပြေ့ရမတဲ့။

ကာယသင်္ခါရ စသည်တို့ကို အောင့်လို့တော့ မဖြစ်နိုင်ပါဘူး။ ဒီမှာ ယုန်က လေး ခုန်သလို သတိပြုရမယ်။ ရှေးရှေးအခါက ယုန်ငယ်တကောင်ဟာချုံထဲမှာ နောက်ဖေးသွားသတဲ့။ သည်တော့ ,မဟာပထဝီမြေကြီးက ဟဲ့ယုန်မိုက်......ငါ့အ ပေါ်မှာနင်–နောက်ဖေးသွားတယ်။ တယ်မိုက်ပါတကားလို့–ကြိမ်းမောင်းသတဲ့။ သည်တော့ယုန်ကလေးက ''ကျွဲတွေနွားတွေ တဖုန်းဖုန်း၊ ဆင်ကြီးတွေ တအုန်း အုန်း စွန့်တာတွေတော့ ဘာမျှမပြော၊ ငါ့နဲနဲလေးစွန့်တာတော့ ကြိမ်းလိုက် မောင်းလိုက်ထား။ ဒီလိုမသမာတဲ့ မြေကြီးမှာ မနေလိုပါဘူး''လို့ စိတ်နာနာ ရှိ တာနဲ့ မြေကြီးမှ လွတ်အောင် ထခုန်လိုက်သတဲ့။ ထခုန်လိုက်တော့ လွတ်သွား ရောလား။ နှစ်တောင်လောက်မြင့်သွားပြီး ပြန်ကျသတဲ့။ ဒီမြေကြီးပေါ် ပြန်ကျန် ရမလားလို့စိတ်နာနာနဲ့ထ,ထခုန်ပြန်လဲနှစ်တောင်ခန့်လောက်သာမြင့်ပြီး တဖုန်း ဖုန်းနဲ့သာပြန်၍ ပြန်၍ ကျသတဲ့။ ဒီဥပမာအတိုင်း အဝိဇ္ဇာပင်ရင်းကို မဖြတ်ဘဲနှင့်

တော့ ထိုအိုဘေး၊ နာဘေး၊ သေဘေး-ကြားထဲ တဖုန်းဖုန်းနဲ့ ပြန်ကျရမှာချည်းဘဲတဲ့။

ပဋ္ဌာန်းနည်းဖြင့် ကျေးဇူးပြုပုံအမြွက်ကတော့—အကျိုးအပြစ်သတိမထားနိုင်ဘဲ တွေတွေဝေဝေနဲ့ ပါဏာတိပါတ စသည်တို့ကို ပြုကြတဲ့အခါ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပေါ်လာတယ်။ ထိုအခါ အရင်းခံ အဝိဇ္ဇာက အားပေးတဲ့ အင်ဂျင်စက်-အားစွမ်းသဘွယ် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသတဲ့။ တကွဖြစ်တဲ့ အဝိဇ္ဇာက ကောင်းတူဆိုးတူ ဖြစ်ဘော်ဖြစ်ဘက်-သဟဇာတသတ္တိ။ အမြစ်သဘွယ် ဟေတုသတ္တိဖြင့် ကျေးဇူးပြုသတဲ့။ ရှေးရှေးဇော အဝိဇ္ဇာကတော့ စကြာမင်းနတ်ရှာစံလျှင် အခြားမရှိ ချက်ခြင်းသားကြီးကို ဘုရင်ဖြစ်စေသကဲ့သို့ အခြားမရှိ ချက်ခြင်းဖြစ်စေတဲ့ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသတဲ့။ အဖန်ဖန် ထုံသော-အာသေဝန သတ္တိဖြင့်လည်း အစွမ်းကောင်းအောင် ကျေးဇူးပြုသတဲ့။

မိမိပြုပြီးတဲ့အဝိဇ္ဇာကိုပြန်ပြီးသတိရလို့ ငါအပါးအလယ်လုပ်ပြီးနှက်လိုက်တာ နေ့်ရာကျလိုက်တာလို့လဲ သာယာတတ်တယ်။ တခါတရံတော့လဲ ဒီလိုနှက်လိုက်မိလျှင် အကောင်းသား၊ ငါနဲ့နဲ ညံ့သွားတယ်လို့သော်လဲ-စိတ်ညစ်တတ်တယ်။ ဒီလို အခါမျိုးမှာ ပြန်ပြန်ပြီးနှိုးကာ အာရမ္မဏသတ္တိဖြင့် တစိမ့်စိမ့်ကျေးဇူးပြုသတဲ့။ အလေးအမြတ်ပြုကာ ''ငါနှက်လိုက်တာ သိပ်နေရာကျတာဘဲ''ဟုအားရပါးရ ဖြစ်တဲ့အခါ တိုင်ထိပ်ပေါ်တင်ပေးသလို အဓိပတိသတ္တိဖြင့် ကျေးဇူးပြုသတဲ့။

ဘုံသုံးပါးစည်းစိမ်ကိုရလို၍ ဒါန၊ သီလ၊ ဘာဝနာစွမ်းဖြင့်ကုသိုလ်တွေပြုတဲ့ အခါ အား အရှိန်ပေးတဲ့-ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသတဲ့။ ။ဒါတွေထဲမှာ နည်းယူစရာထွက်လမ်း တခုမျှမပါသေးဘူး။ သူကန်းချွတ်ချော်တာချည်းဘဲ။ ဝါ၊ ပိုးကောင်သည် မိမိကိုယ်ကို အိမ်ဖွဲ့တာချည်းဘဲ။ ''အကြောင်းမကင်းသော ဒုက္ခအစု''ဟူ၍ နှလုံးသွင်းလျှင်တော့ အဘိုးတန်တယ်။

ဒါကြောင့်ဘုံသုံးပါးစည်းစိမ်တောင့်တပြီး ဝဋ္ဋနိဿိတကုသိုလ်မျိုး ပြုကြရတာ မင်းသားရူးပတ္တမြားဝယ်သလိုဘဲတဲ့။ ပွဲထဲကမင်းသားရူးဟာ အိမ်ကငွေတသောင်းခိုးသွားသတဲ့။ သူ့အဖေကဒီလိုလုပ်လျှင် ငါတော့မွဲရတော့မှာဘဲ။ ဘာဖြစ်လို့ဒီလို အရမ်းဖြုန်းချင်ရသလဲလို့ဆိုသတဲ့။ အဖေရယ် ကျွန်တော် အရမ်းမဖြုန်းပါဘူး။ ပတ္တမြားတလုံးအခန့်သင့်လို့ တသောင်းပေးပြီးဝယ်ထားလိုက်ပါတယ်။ အရည်ကကောင်းပါဘိနဲ့၊ ကြက်ဥလောက်ရှိရဲ့ဟုပြောသတဲ့။ ဟင်,ဟုတ်ကဲ့လား။ အတော်သားဘဲ။ ဘယ်မလဲဒီပတ္တမြား၊ ပြစမ်းလို့ဆိုတော့၊ ကျွန်တော်ပတ္တမြား ဝယ်ပြီး ရာပြတ်ကိုသွားပြတယ်။ ရာပြတ်က နင့်ဟာပတ္တမြားမဟုတ်ဘူး၊ ခရမ်းချဉ့်သီးအမှည့်လို့ပြောတာနဲ့ ငါးပိနဲ့နယ်စားပစ်လိုက်ပြီလို့ဆိုသတဲ့။ ဒဲဒီ ဝဋ္ဋနိဿိတကုသိုလ်တွေ စီမံပေးတဲ့ လူစည်းစိမ်၊ နတ်စည်းစိမ်တွေဟာလဲ သွားရေကျစရာ အရည်က

ကောင်းပါဘိနဲ့၊ ခရမ်းချဉ်သီး အမှည့်ဖြစ်နေလို့ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ နယ်ပြီး အဆုံးသတ်လိုက် ရတာချည်းဘဲ။

နည်းယူစရာကတော့ မိမိပြုခဲ့တဲ့ အဝိဇ္ဇာကို ဉာဏ်ဖြင့် ဆင်ခြင်၍ ဝိပဿနာ ဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဟု နင်းပြီးသုံးသပ်ရမတဲ့။ ထိုအခါနောင်တရတဲ့ အာရမ္မဏသတ္တိဖြင့်ပုညာဘိသင်္ခါရ ဖြစ်အောင် ထိုအဝိဇ္ဇာကကျေးဇူးပြုသတဲ့။ ဒီနည်း ကတော့သည့်တွင်မကသေးဘူး။ မဂ်ဖိုလ်တိုင်အောင် ရောက်သွားနိုင်တယ်။ ရေနိုး သောက်မိလို့ ပစ္စေကဗုဒ္ဓါဖြစ်သွားတာ ဒီနည်းမျိုးဘဲ။ ရေနိုးသောက်စေသော အကုသိုလ်ကို ဝိပဿနာ ရှုသဖြင့် ပစ္စေကဗုဒ္ဓါ ဖြစ်သွားသတဲ့။ တနည်းတော့လဲ— မိမိသန္တာန်သူတပါးသန္တာန်က အဝိဇ္ဇာကို အပြစ်ရှု၍ လွတ်လိုသောဆန္ဒဖြင့် ဒါန သီလ စသော ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်ကို ပြုလုပ်ရမတဲ့။ ထိုအခါ စိုင်ကော် ချုံပေါ်ရောက်သလို အဝိဇ္ဇာက အားပေးပြီး ကော်လိုက်တဲ့ ဥပနိသျ သတ္တိဖြင့် ကျေးဇူးပြုသတဲ့။ ဒီနည်းလဲ မဂ်ဖိုလ်တိုင်အောင် ရောက်သွားနိုင်တယ်။ အင်္ဂုလိမာလ ခိုးသူကြီး-ရဟန္တာ ဖြစ်သွားတာ ဒီနည်းမျိုးဘဲတဲ့။ အကုသိုလ်ကို လွတ်အောင် ခုန်ကျော်၍ ကုသိုလ်ပြုလို့ ရဟန္တာဖြစ်သွားသတဲ့။ ဒါဟာ သူကန်း ချွတ်ချော်တဲ့ အထဲမပါဘူး။ မှောင်ထဲမှာ ခလုတ် မတိုက်မိအောင် သတိကောင်း သူနှင့် တူတယ်။

သီဟိုဠ်ကျွန်းမှာလဲ— မုဆိုးကြီးတယောက် ရေငတ်ငတ်ရှိတာနဲ့ တောထဲက ကျောင်းတခုသို့ဝင်သွားတယ်။ ရေအိုးထဲမှာ ရေမမြင်ရလို့ ''ဘုန်းကြီးလုပ်နေပြီး ရေမှခပ်မထားဘူး ပျင်းလိုက်တာ''လို့ ဆိုသတဲ့၊ ဘုန်းကြီးက ကျောင်းထဲကကြား တော့ ဘယ်လိုလူစားပါလိမ့်၊ ငါခပ်ထားတဲ့ရေတွေ ဒင်းမတွေ့လေရော့သလား လို့ ဆင်းလာပြီး အိုးတွေဖွင့်ပြီး ဒါတွေရေမဟုတ်ဘူးလား၊ မင်းမတွေ့ဘူးလားလို့ ဆိုတော့မှ ရေတွေတွေ့လို့ သောက်ရသတဲ့။ ဟဲ့ တကာ—မင်းဘာအလုပ်လုပ်သလဲ။ တပည့်တော်-မုဆိုးပါဘုရား။ ဘယ်လောက်ကြာပြီလဲ။ တသက်လုံးပါဘဲဘုရား။ နင့်အကုသိုလ်တွေ ကြီးကျယ်လိုက်တာ၊ ငါခပ်ထားတဲ့ ရေတွေကတောင် နင့်ကိုမြင် တော့ ပုန်းနေတယ်။ နင့်အမြင်ကို မခံချင်ဘူးတဲ့ဟဲ့၊ တာဘဲစဉ်းစားကြည့်တော့လို့ ပြောတာနဲ့ မုဆိုးကြီး သံဝေဂဉာဏ်ဖြင့် ထိတ်လန့်လို့ ကိုရင်ကြီးဝတ်နေသတဲ့။

တလလောက်ကြာတော့ သားမယား လွမ်းတာနဲ့ ထွက်ပါရစေတော့လို့ လျှောက်သတဲ့။ ဧ-ထွက်ချင်ထွက်တာပေါ့။ သို့ပေမဲ့ ဒီအနားမှာ သစ်သား အစိုတွေ ဆယ်တောင်လောက် မြင့်အောင် ပုံပေးစမ်း။ နောက်တော့ ထွက်ချင် ထွက်လို့ ပြောသတဲ့။ ထွက်ချင်ချင်နဲ့ တောထဲမှ ခုတ်ပြီး ပုံပေးလိုက်တာ ဘာမျှမကြာခင် ဆယ်တောင်၊ ဆဲ့ငါးတောင်လောက် မြင့်သွားသတဲ့။ ဒီတော့ ဒီထင်းပုံကြီးကို မီး တောက်အောင် မီးထဲ့စမ်းလို့ ခိုင်းသတဲ့။ တနေ့လုံးမီးထဲ့လိုက်တာ သစ်သား အစို

တွေဖြစ်သောကြောင့် မီးငြိရုံမျှ မငြိဘူးတဲ့။ ဒီတော့မထေရ်မြတ်က ဒီမှာကြည့်ဟု ဆိုပြီး တန်ခိုးနဲ့ မြေလှပ်ပြီး ငရဲပြည်က ငရဲမီးကလေး ပိုးစုန်းကြူးအနေလောက် လှမ်းယူပြီး ထင်းအစိုပုံအပေါ်တင်လိုက်သတဲ့။ ဒီတော့ မီးတောက်မျှ ထမတောက်ဘဲ ထင်းစိုတွေ ချက်ခြင်းပြာကျသွားသတဲ့။ မြင်ပလား ကိုယ်ရင်ကြီး၊ ထွက်ချင်လျှင် ထွက်တော့။ တသက်လုံး နင်မုဆိုးလုပ်နေတာ ဒီငရဲဟာ-နင့်ဘို့ဘဲလို့ ဆိုသတဲ့။ ဒီတော့ ကြောက်လွန်းလို့ ငရဲအကျိုးပေးမဲ့ အဝိဇ္ဇာမှ လွတ်ပါ စေခြင်းငှာ ကောင်းကောင်းနေပြီး တရားအားထုတ်သတဲ့။ မကြာမီဘဲ အနာဂါမ်တည်သွားသတဲ့။

[ဒါကြောင့်မို့လို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဆိုပေမဲ့၊ ဝိပဿနာ ဖြစ်အောင်၊ အဝိဇ္ဇာမှ လွတ်အောင် ပြုလုပ်လျှင်တော့ ပဋိစ္စသမုပ္ပါဒ် ရန်မရှာနိုင်ဘူးလို့ မှတ်ရမတဲ့။]

တနည်းတော့လဲ-မဂ်ဖိုလ်သာလျှင် သံသရာမှ မုချ ထွက်နိုင်တယ်။ မဂ်ဖိုလ် ကိုလဲ ကာမာဝစရကုသိုလ်က ဥပနိဿယသတ္တိ၊ အနန္တရသတ္တိတို့ဖြင့် ဆက်သွယ်အောင် ကျေးဇူးပြုနိုင်တယ်။ ထိုသတ္တိတို့ဖြင့် မဆက်သွယ် မိခင်တော့ အိုဘေး-နာဘေး-သေဘေးအကြားထဲ ပစ်ချနေတာဘဲတဲ့။ ဒါဟာ ကြောက်စရာ အဆန်းမဟုတ်ပါဘူး။ တိုင်းရေး ပြည်ရေးသမားတွေဟာ ထောင်ကျတာ အဆန်းမဟုတ်ဘူး၊ သေတာ အဆန်းမဟုတ်ဘူးလို့ စိတ်ထက်သန်ကြတယ် မဟုတ်လား။ ဘုရားလောင်း သုမေဓာကို ကြည့်စမ်း၊ နိယတဗျာဒိတ်ရပြီးမှ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ဖြည့်ကျင့်တဲ့ ပါရမီကုသိုလ်တွေဟာ အိုဘေး၊ နာဘေး၊ သေဘေးအကြားထဲ ပဋိသန္ဓေဝိညာဏ်ဖြစ်အောင် ပစ်ချနေတယ်မဟုတ်လား။ အဆန်းမဟုတ်ပါဘူး။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ရှိတော့ ပါရမီ ပြည့်လို့ မဂ်ဖိုလ်နှင့် ဆက်သွယ်ပြီး ဘုရားဖြစ်သွားတယ်။ သည်တော့ ပဋိစ္စသမုပ္ပါဒ် သံသရာမှာ ထွက်နိုင်တယ်။ ဒါကြောင့် မဂ်ဖိုလ်နှင့် ဆက်သွယ်နိုင်သော ကာမာဝစရ ကုသိုလ်က ပစ်ချတဲ့ အိုဘေး နာဘေးဟာ ကြောက်စရာမဟုတ်ဘူး။ ''ဒါမှ တို့အရေးလို့''ကြွေးကြော်ထိုက်ပေတယ်။

ဒီတော့ ဒီကာမာဝစရ ကုသိုလ်ဆိုတာ ပင်လယ်ထဲက ဆင်ကောင်ပုပ်လိုဘဲဟု မှတ်ရမတဲ့။ ပင်လယ်ထဲမှာလှေသင်္ဘောပျက်၍ထောက်တည်ရာမရ ကမ်းမမြင်လမ်းမမြင် ဖြစ်နေတဲ့အခါ ဆင်ကောင်ပုပ်ကြီးက မိမိအနားရောက်လာတယ် ဆိုပါတော့။ ထိုအခါ ပုပ်စော်နံပေမဲ့ တက်စီးရမည့်ဟာ တို့အရေး မဟုတ်လား။ တက်စီးပြီးပင်လယ်ထဲရှောက်လယ်ရမလား။ မလယ်ချင်နဲ့။ ကမ်းပါးသို့ရောက်အောင် ယက်သွားရမယ်။ ကမ်းပါးမရောက်ခင် ပုပ်စော်နံလှတယ်လို့ စွန့်မပစ်နှင့်။ ဒုက္ခကြီး ကိန်းသေတွေ့သွားမယ်။ ကမ်းပါးရောက်မှ ရုံ့စရာကြီးရယ်လို့ စွန့်ပစ်လိုက်တော့ ဒုက္ခမရောက်နိုင်တော့ဘူး။

ဒီဥပမာအတိုင်း ကာမာဝစရကုသိုလ်နဲ့ ဘုံသုံးပါး ပင်လယ်ထဲမှာ လှည့်လယ်

မနေချင်နဲ့တဲ့။ မဂ်ဖိုလ် ကမ်းပါးရောက်အောင် မနေမနား ယက်သွားရမယ်။ မဂ်ဖိုလ် မရသေးခင်လဲ သံသရာလယ်တဲ့ ကာမာဝစရ ကုသိုလ်လို့ စွပ်စွဲပြီး စွန့်မပစ်နှင့်။ သံသရာဒုက္ခကြီး ကိန်းသေတွေသွားမယ်။ မဂ်ဖိုလ် ရတော့မှ စွန့်ပစ်လျှင်ဒုက္ခ မရောက် နိုင်တော့ဘူး။

အင်္ဂုတ္တိုရ်အဋ္ဌကထာ - ယသ္မိံသမယေပုဒ်ကို အနက်ငါးနက်ဖွင့်တယ်။ ထိုတွင် ခဏ အနက်ဖွင့်ပြရာ၌ ရပ်ပြစ်ရှစ်ပါးမှ လွန်သော ဗုဒ္ဓုပ္ပါဒနဝမ ခဏသည်၎င်း။ ပဋိရူပ ဒေသဝါသ-စသော သမ္ပတ္တိ စက်လေးပါးသည်၎င်း ခဏမည်၏။ ကာမာဝစရ ကုသိုလ်၏ ဖြစ်ခွင့် ခဏဟုဖွင့်ပြ၍ လိပ်ကန်း ထမ်းပိုးပေါက်စွပ်သော ပမာဖြင့်ရခဲလှသော လူ့ဘဝရခြင်း။ ဘုရားပွင့်သောအခါဖြစ်ခြင်း။ သူတော်ကောင်းတရားတည်ရှိခြင်း၊ ဤသို့စသော ခဏသမ္ပတ္တိကင်းခဲ့လျှင် ကာမာဝစရ ကုသိုလ်ဖြစ်ခြင်းမရှိ၊ ထိုခဏသည် ရခဲ၏။ ကာမာဝစရ ကုသိုလ်သည် ရခဲသော ခဏနှင့်စပ်၏။ လောကုတ္တရာ မဂ်ဖိုလ်ဖြစ်အောင် ကျေးဇူးပြု၏။ ထိုကြောင့် ဤကာမာဝစရ ကုသိုလ်သည်လည်း ရခဲသော ဒုလ္လဘပင်တည်းဟု ပြတော်မူသည်။ ထိုသို့ပြခြင်းဖြင့် ရခဲသော ခဏနှင့်စပ်သော ကာမာဝစရ ကုသိုလ်ကို မပြုဘဲ၊ အချည်းနှီးကာလကိုကုန်စေလျက် မေ့လျော့သော နေခြင်းကို မဖြစ်စေကြနှင့်ဟု မြတ်စွာဘုရား တားမြစ်တော်မူသည်ဟု မိန့်ဆိုတယ်။

ထိုစကား၊ အဓိပ္ပါယ်ကျကတော့ကာမာဝစရကုသိုလ် မပြုနိုင်သူဟာ ရပ်ပြစ်ရှစ်ပါး၌ ပါဝင်သူသော်လည်း ဖြစ်ရမည်။ သင့်တင့်ရာ အရပ်၌ မနေမိသူ၊ သူတော်ကောင်းအမှီမရှိသူ၊ မိမိကိုယ်ကို ကောင်းစွာ မဆောက်တည်သူ၊ ရှေးကုသိုလ်မရှိသူ-သော်လည်း ဖြစ်ရမည်ဟု သိနိုင်ရမယ်။

ထို အဋ္ဌသာလိနီ၌ပင် ကာမာဝစရ ကုသိုလ်သည် အာရောဂျ၊ အနဝဇ္ဇ၊ ကောသလ္လသမ္ဘူတအားဖြင့် အနက်သုံးပါးရှိ၏။ ကိလေသာဟူသော အနာမရှိခြင်းသည် အာရောဂျ အနက်မည်၏။ ကိလေသာ အပြစ်မရှိခြင်းသည် အနဝဇ္ဇ အနက်မည်၏။ လိမ္မာသူ ဖြစ်ကြောင်း-ဉာဏ်ကြောင့် ဖြစ်ခြင်းသည် ကောသလ္လ သမ္ဘူတ အနက်မည်၏။ ဉာဏဝိပ္ပယုတ်ကုသိုလ်၌ ကောသလ္လသမ္ဘူတ အနက် မုချ မရ၊ ဤသို့လည်း ဖွင့်ပြတော်မူတယ်။

ဤနေရာ၌အချို့ကား၊ ကာမာဝစရကုသိုလ်သည် ပဋိသန္ဓေကို ဖြစ်စေနိုင်သည်။ ဇာတိ၊ ဇရာ၊ မရဏအပြစ်ရှိသည်။ အနဝဇ္ဇကုသိုလ်မဟုတ်ဟုအဋ္ဌကထာကိုလွန်ကျူး၍ အဆိုရဲတင်းကုန်၏။ မျက်မမြင်တစ္ဆေမကြောက်ဆိုကုန်၏။ သံသရာရှည်စေသည်ဟူ၍သော်လည်း ယိုးစွပ်ကုန်၏။ သတိပြုစရာကတော့ အကုသိုလ်ထဲမှာ ဥဒ္ဓစ္စ စေတနာသည် ပဋိသန္ဓေ ကျိုးမပေးနိုင်။ ကမ္မပထမမြောက်သော ဒုစရိုက်အကုသိုလ်သည်

ပဋိသန္ဓေကျိုးမပေးနိုင်။ ထိုတရားတို့ကို အနဝဇ္ဇ-အပြစ်မရှိသောတရားတို့ဟူ၍ ချီးမွမ်းနိုင်ကြမည်လော။ ဤသို့ကား မချီးမွမ်းတန်ရာ။ ဇာတိ၊ ဇရာ၊ မရဏအပြစ် မရှိသော သန္တတရား ဟူ၍လည်း ရှိဦးမည်ဟု မှတ်ထင်ကြသလော။ မဂ်ကြောင့်ဖြစ်သောဖိုလ်သော်လည်း ဥပါဒ် ဋ္ဌီ၊ ဘင်၊ ဇာတိ၊ ဇရာ၊ မရဏရှိသည်ဟုသိအပ်၏။

မြတ်စွာဘုရားကိုယ်တော်တိုင်ကပင် ကာမာဝစရ ကုသိုလ်သည် လောကုတ္တရာ မဂ်ဖိုလ်ဖြစ်အောင် ကျေးဇူးပြု၏—ဟု ချီးမွမ်းတော်မူတယ်။ ထိုချီးမွမ်းသော စကားတော်ကို ထိခိုက်သည်။ ဆန့်ကျင်သည်ဟု မထင်သဖြင့် ဆိုမိခြင်းဖြစ်တယ်။ မြတ်စွာဘုရားကို အားထားသူဖြစ်လျက် ဤသို့ဆိုမိခြင်းသည် သနားဘွယ် ကောင်းလေစွ။ ထိုသူနှင့်တူသူ-ရှိဦးမည်လော။ ထိုသို့သောသူကို မေတ္တာကရုဏာများများ ပွါးထိုက်သတဲ့။ တောသမင်-ရှေ့၌သော်လည်း ဘိုးလမင်း-အရောင် မဝှက်ဘဲ လင်း သကဲ့သို့ တရားရောင် လင်းပေးကြရမယ်လို့ မိန့်မှာတော်မူကြတယ်။

မဂ်ဖိုလ်ရ၍ ဘုရားစကား ကျပ်ပြည့်နားထောင်သော အရိယာပုဂ္ဂိုလ်များမှာ တော့ ကာမာဝစရကုသိုလ်ကိုသာ၍ပင် ပြုကြသေးတယ်။ ဘုရားလက်ထက်က သောတာပန်လူမွဲတကာတဦးဟာ ထမင်းစားဘို့ ချက်ပြီး ဦးဦးဖျားဖျားရယ်လို့ ဆွမ်းခံ ရဟန်းတပါးကို ဆွမ်းတဇွန်းလှူလိုက်သတဲ့။ ထိုတကာဆွမ်းလှူတာကို မြင်လို့ တပါး သောဆွမ်းခံရဟန်းတွေကလဲ တပါးပြီးတပါးကြွလာလိုက်တာ လာသမျှလောင်း တာဘဲ။ ကုန်သွားတော့မရှိမဲ့၊ ရှိမဲ့နဲ့ စားဘို့ပြန်ချက်ပြီးလဲ ဦးဦးဖျားဖျားကလေး ဆိုပြီးလောင်းပြန်သတဲ့။ ဆွမ်းခံရဟန်းမမြင်တခု၊ မြင်လျှင် လောင်းတာဘဲတဲ့။ တခါတလေ သားသမီးကလေးတွေဟာ ထမင်း ဆာလွန်းလို့ အိမ်နားနီးပါးလယ် တောင်းစားကြရသတဲ့။ နောက်တော့ လူတွေကရဟန်းတွေလွန်လွန်းတယ်လို့ ကဲ့ရဲ့ တာနဲ့ မြတ်စွာဘုရား နားတော်ကြားတော့ ဒီလိုပစ္စည်းနွမ်းပါး သဒ္ဓါများသော အရိယာသေက္ခပုဂ္ဂိုလ်ကို သံဃာအများသိအောင် သေက္ခသမ္မုတိပေးထားရမယ်။ ထိုသို့ သေက္ခသမ္မုတိ-ရတဲ့ တကာ၏ အိမ်ခြံစည်းရိုးအတွင်း မပင့်ဘဲ ဝင်၍ ရပ်၍ ဆွမ်းမခံရဘူးလို့ သိက္ခာပုဒ်ပညပ် တော်မူတယ်။

မြတ်စွာဘုရားက ထိုဒါယကာကို ဒါနသံသရာရှည်မှာစိုးလို့ တားတာမဟုတ် ဘူး။ ရဟန်းတွေ အပေါ်မှာ လူတို့မလေးစားမှာ စိုးလို့တဲ့။ သာသနာ ငါးထောင် တည်အောင် စောင့်ရှောက်မဲ့ ရဟန်းတွေဖြစ်တယ်၊ ထိုရဟန်းအဆက်ဆက်ကိုလူတို့ လေးစားဘို့ရန်တော့ မြတ်စွာဘုရား ဆန္ဒပြင်းထန်တော်မူသတဲ့။

ဒီသံသရာသုံးပါးကိုဖြစ်စေနိုင်သောအကြောင်းတွေဟာ အဝိဇ္ဇာနှင့် အတူဖြစ် ဘက်—တဏှာ၊ ဥပါဒါန် စသည်ဖြင့် များစွာရှိပါလျက် အဝိဇ္ဇာ တခုထဲကိုသာ ဟောခြင်းဟာ ဘာကြောင့်လဲဆိုတော့ ပြဓာန်းသောပဓာနအကြောင်း၊ ထင်ရှားသောပါကဋအကြောင်း၊ မဆက်ဆံသော အ-သာဓာရဏ ကြောင်းဖြစ်လို့တဲ့။

(က) ပဓာနအကြောင်းဆိုတာ-သင်္ခါရသာ အဝိဇ္ဇာကြောင့် ဖြစ်တာမဟုတ်သေးဘူး။ သင်္ခါရ၏အကြောင်း—တဏှာ၊ ဥပါဒါန်တို့လဲ အဝိဇ္ဇာကြောင့်ဘဲတဲ့။ ဒီလို အဝိဇ္ဇာကပဓာန—ပြဓာန်းသော အကြောင်းရင်း ပင်မကြီး ဖြစ်သတဲ့။

(ခ) ပါကဋ အကြောင်းဆိုတာကတော့-သလိပ်နာဆိုလျှင် သလိပ်များခြင်း၊ နဲခြင်းဖြင့် သလိပ် မညီညွတ်ခြင်းတို့ ဖြစ်သော်လဲ— သည်းခြေစသည်တို့လဲ မညီညွတ်ခြင်းဖြစ်တာဘဲတဲ့၊ သလိပ်သာပါကဋ-ထင်ရှားသတဲ့။ ဘာ့ကြောင့်လဲ၊ သလိပ်ကို ကုသလျှင် ဓာတ်အားလုံး ညီညွတ်၍ သလိပ်နာပျောက်သတဲ့။ အဲဒါလို ဤသင်္ခါရ ဖြစ်ရခြင်းမှာလဲ အဝိဇ္ဇာကို ကုသလိုက်လျှင် သင်္ခါရ အားလုံးပျောက်သတဲ့။ အဝိဇ္ဇာသာ ပါကဋ—ထင်ရှားသော အကြောင်း ဖြစ် သတဲ့။

(ဂ) အ—သာဓာရဏ အကြောင်း ဆိုတာကတော့—သင်္ခါရ ဖြစ်တယ်ဆိုတာ အဝိဇ္ဇာမရှိသော ရဟန္တာနှင့် မဆက်ဆံ၊ ဘာမျှ မဆိုင်ဘူး။ အဝိဇ္ဇာရှိသူ အားသာသင်္ခါရဖြစ်တယ်။ အဲဒီလို အဝိဇ္ဇာသည်အ-သာဓာရဏ—အဝိဇ္ဇာ မရှိသူနှင့် မဆက်ဆံသော အကြောင်းဖြစ်သတဲ့။ ဒါကြောင့် ပင်မ—ပဓာန ဖြစ်သော အဝိဇ္ဇာကြောင့်၊ ဝါ—ထင်ရှားသော အဝိဇ္ဇာကြောင့်၊ ဝါ— ရဟန္တာတို့နှင့် မဆက်ဆံသော အဝိဇ္ဇာကြောင့် သင်္ခါရ သုံးမျိုးဖြစ်သတဲ့။

[အဝိဇ္ဇာမရှိသော ရဟန္တာအား ဒါန-သီလပြုသော်လည်း ကုသိုလ်မဖြစ်၊ ကုသိုလ်အစား ကြိယာ သာဖြစ်သည်။]

ဟောဒီနေရာမှာမကောင်းကျိုးပေးသော အဝိဇ္ဇာကြောင့်မကောင်းကျိုးပေးသော အပုညာဘိသင်္ခါရသာဖြစ်ပါစေ၊ ကောင်းကျိုးပေးသော ပုညာဘိသင်္ခါရစသည်တို့ဖြစ်ခြင်းသည် ကြောင်းကျိုး ဆန့်ကျင်တယ်လို့ မေးခွန်းတခု ရှိတယ်။ အဖြေကတော့— ဒီလိုဘဲ ဆန့်ကျင်တာ လောကမှာ အများအပြားပင် ရှိသတဲ့။ အကျိုးဆိုတိုင်းလဲ ဝိပါက် အကျိုးရင်းချည်းမဟုတ်ဘူးတဲ့။ ရှေးစိတ်နှင့် နောက်စိတ်ဟာ စိတ်ချင်းတူသော်လဲ နေရာမတူ။ ရှေးအတတ်ပညာနှင့် နောက်အတတ်ပညာဟာ ပညာချင်းတူသော်လဲ နေရာမတူ။ နို့ရည်ကြောင့် နို့ဓမ်း ဖြစ်သော်လဲ အရသာ သဘောချင်းမတူ။ တင်လဲခဲကြောင့် အရက်ဖြစ်သော်လဲ တင်လဲကား မမူး မယစ်။ စက္ခုဓာတ်နှင့် ရူပဓာတ်တို့ကိုမှီ၍ စက္ခုဝိညာဏဓာတ်ဖြစ်ရာ၌ ရုပ်နှင့် နာမ်မတူ။ သလေးစေ့ကြောင့် သလေးစပါးသီးဖြစ်ရာ၌ ကြောင်းကျိုးသာ တူတယ်။ ကာလမတူ၊ မှုတ်သောသားချိုမှ အသံဖြစ်ရာ၌ကြောင်းကျိုးမတူ။ မြည်းမက အသတိုရ်မြင်း မွေးဘွားရာ၌ ကြောင်းကျိုးမတူ။ ဒီလို ကြောင်းကျိုးမတူဘဲ ဆန့်

ကျင်တာတွေ လောကမှာ အများအပြားရှိတယ်။ ဒါကြောင့် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရတို့ မတူမတန် ဖြစ်ခြင်းကိုလဲ ဖြစ်သင့်တယ်လို့ မှတ်ရမတဲ့။

တနည်း၊တော့လဲ—စုတိ၊ ပဋိသန္ဓေ၊ သံသရာ၊ သန်တလက္ခဏာ၊ပဋိစ္စသမုပ္ပါဒ်— ဤငါးဌာန၌ တွေဝေသော အဝိဇ္ဇာကြောင့် သင်္ခါရသုံးမျိုးလုံး ဖြစ်နိုင်သတဲ့။

ခန္ဓာငါးပါးတို့၏ ပျက်ခြင်းသည် စုတိမည်၏။ ဒီလို သိရမှာ မသိတဲ့ အန္ဓပုထုဇဉ်ဟာ သတ္တဝါ-သေတယ်၊ငါ့သား ငါ့သမီးသေတယ်လို့ တွေဝေသတဲ့။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းသည် ပဋိသန္ဓေမည်၏။ဒီလိုသိရမှာ မသိတဲ့ အန္ဓပုထုဇဉ်ဟာ သတ္တဝါ ပဋိသန္ဓေနေတယ်၊ ငါ့မှာသားသမီးရလာပြီလို့ တွေဝေသတဲ့။

ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းသည် သံသရာမည်၏။ ဒီလိုသိရမှာ မသိတဲ့ အန္ဓပုထုဇဉ်ဟာ သတ္တဝါသည် တဘဝမှ တဘဝသို့ပြောင်းရွှေ့သွားတယ်၊ ခန္ဓာဟောင်းကိုစွန့်၍ ခန္ဓာသစ်သို့ ပြောင်းရွှေ့သွားတယ်လို့ တွေဝေသတဲ့။

စိတ် စေတသိက် ရုပ် ဟူသော သန်တ တရားတို့သည် ဖြစ်ပြီးလျှင် ပျက်ခြင်းလက္ခဏာရှိကုန်၏။ စိတ်သည် အာရုံကို သိခြင်းလက္ခဏာရှိ၏။ ဖဿ ဝေဒနာ စသော စေတသိက်သည် တွေ့ထိခြင်း၊ခံစားခြင်းစသော လက္ခဏာရှိ၏။ ပထဝီ အာပေါ စသော ရုပ်သည်ကြမ်းတမ်းခြင်း၊ ယိုစီးခြင်း-စသော လက္ခဏာရှိ၏။ ဒီလိုသိရမှာ မသိတဲ့ အန္ဓပုထုဇဉ်ဟာ ထိုတရားတွေကို ငါ့ကိုယ် ဟူ၍၊ ငါ့ဟာ ဟူ၍၊ ငါဟူ၍၊ မြဲတယ် နိုင်တယ် တင့်တယ်တယ် ဟူ၍-တွေဝေသတဲ့။

အဝိဇ္ဇာသဘောကြောင့် သင်္ခါရသဘောသာဖြစ်သည်။သင်္ခါရသဘောကြောင့် ဝိညာဏ်သဘောသာဖြစ်သည်။ ပုဂ္ဂိုလ်၊သတ္တဝါ၊အတ္တ၊ ဇီဝဖြစ်သည်မဟုတ်။ ဤကား ပဋိစ္စသမုပ္ပါဒ်မည်၏။ ဒီလိုသိရမှာ မသိတဲ့ အန္ဓပုထုဇဉ်ဟာ တွေဝေသော အတ္တရှိ၏။ကံသင်္ခါရပြုသူ အတ္တရှိ၏၊အနုမြူသည် နတ်ဗြဟ္မာသည် ကလလရေကြည်စသည်ဖြင့် ဖန်ဆင်း၍ မျက်စိစသည်ကိုထည့်ပေး၏။ ထိသူအတ္တ၊ခံစားသူအတ္တ၊နှစ်သက်သူအတ္တ၊ စွဲလမ်းသူအတ္တ၊ အသစ်ဖြစ်သူအတ္တရှိ၏ဟူ၍ တွေဝေသတဲ့။ သတ္တဝါအားလုံးသည် နိယတိ သဘောအားဖြင့် ပေါင်းဆုံ၍-နတ် လူ ငှက် စသည်ဖြင့် အလိုလိုဖြစ်၏။ အလိုလိုပြတ်၏ဟူ၍၎င်း တွေဝေသတဲ့။

အဲဒီလို ငါးဌာန၌ တွေဝေသော အဝိဇ္ဇာကြောင့် ရံခါ ကုသိုလ်ပြုခြင်း။ ရံခါ အကုသိုလ်ပြုခြင်းအားဖြင့် သင်္ခါရသုံးမျိုးလုံး ဖြစ်နိုင်သတဲ့။ မြတ်စွာဘုရား၏ဉာဏ်မျက်စိတော်ထဲမှာ သနားစရာတွေ ဖြစ်ကြတယ်။

ဗာလကေသုပိ သတ္တေသု၊ ဒယံ ကုဗ္ဗန္တိ သာဓဝေါ။
မဂါနံပိ ဟိ သမ္မုခေါ၊ နစန္ဒော ကောမုဒံ ဟရေ။ ။

ဗာလကေသုပိ သတ္တေသု၊ အသိဉာဏ်နည်းလှသော ဗာလ သတ္တဝါတို့၌ သော်လည်း။ သာဓဝေါ၊ ပညာရှိသူတော်ကောင်းတို့သည်။ ဒယံ၊ ချစ်ခင်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာကို။ကုဗ္ဗန္တိ၊ ပြုနိုင် ထားနိုင် ပွားများနိုင်ကြကုန်၏။ ဟိ၊ ပွားများနိုင်မှု ဥပမာတန္တု|ကား။မဂ္ဂါနံ၊သားသမင်တို့၏။ သမ္ဘုခေပိ၊ မျက်မှောက်၌ သော်လည်း။ စန္ဒော၊ ကောင်းကင်ထက်ဝှမ်း၊ လျှမ်းလျှမ်းတောက်ဝင်း၊ ဘိုးလမင်းသည်။ ကောမုဒံ၊ မိမိထွန်းနေကျ အရောင်အလင်းကို။ န-ဟာရေ-ဟိ၊ မပယ်ဖျောက်သည်သာတည်း။ ဝါ၊ ဘုရားစကား ထိက်နိုက်မှားသော သမင်တောသားအားသော်လည်း နောက်ထပ်ဝစီကံ မထိုက်ပါစေနှင့်ဟု မေတ္တာ၊ ဂရုဏာ—လရောင် လင်းထိုက်သည်သာတည်း။

ဒီနေရာမှာ ခွဲလမ်းပုံတွေကိုပြဦးမယ်။ ။ဗုဒ္ဓဘာသာကို ဆန့်ကျင်တဲ့ လူ့တမျိုး၏အယူမှာ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေကို ပေးချင်လျှင် ပေးနိုင်တယ်။ ရှူတော့မလှူရဘူး။လှူလျှင် ဒါနဖြစ်၍ ငရဲကြီးသတဲ့။ဒီဝါဒဟာ ဒါန-သံသရာရှည်တဲ့ လူတမျိုး၏ အယူကို ချိုးဖျက်တာများဖြစ်မလားမသိ။သာလွန်၍လေးနက်ရှာပေတယ်။ ပေးတယ်၊ ဝန္ဒနတယ်၊ လှူတယ်ဆိုတာ အတန်းအစား နားလည်သူတို့-ပုဂ္ဂိုလ်အားလျော်စွာ ဝေဘန်သုံးစွဲတဲ့ စကားဖြစ်၍ အဓိပ္ပါယ်တူ-ဒါနချည်းပါဘဲ။တိရစ္ဆာန်ကို အစာ-မရှိမသေပစ်ကျွေးတာတောင် ဒါနဖြစ်သေးတယ်။ဒီလိုမသိရှာလို့စေတနာ အောက်တန်းကျကျဖြင့် မိမိအယူမိမိမြတ်နိုး ခွဲလမ်းနိုင်ကြတာဘဲ။

နိဗ္ဗာန်မြန်မြန်ရောက်ချင်သူ-လူတမျိုးကလဲ လောကုတ္တရာကုသိုလ်ကို ပြုမှ လောကမှ ထွက်နိုင်တယ်လို့ယူပြီး မိမိပြုသောကုသိုလ်ကို လောကုတ္တရာလို့ ခွဲလမ်းကြတယ်။ လောကုတ္တရာကုသိုလ်ဆိုတာ မဂ်စိတ်လေးခုဖြစ်တယ်။ ကာမာဝစရကုသိုလ်၏ ဥပနိဿယသတ္တိရမှ ဆိုင်ရာကိလေသာကို ကိစ္စအပြီးတိုင် သတ်လျက်တသံသရာလုံးမှ တကြိမ်စီသာ ဖြစ်ကြတယ်။ ဆပ်တလဲလဲ ပြုတိုင်း ဖြစ်တာမျိုးမဟုတ်ဘူး။ ဒီလိုမသိလို့ မိမိပြုတဲ့ ကုသိုလ်ကို လောကုတ္တရာဟု ခွဲလမ်းနိုင်ကြရှာတယ်။

ဒေဝဒတ်ကြီးလဲ ယက်ရှိဘုရားကို သတ်ပြီးလျှင် ငါဘုရားလုပ်မယ်။'လေးသချေသော,ဘာသော ပါရမီမဖြည့်ပေမဲ့ ဘုရားဖြစ်တာ အလွယ်ကလေးလို့ ခွဲလမ်းပြီး မြတ်စွာဘုရားကို အကြိမ်ကြိမ် လုပ်ကြံနိုင်တာ ထင်ရှားတယ် မဟုတ်လား။

ခုန်ပေါက်ကာ ကျွမ်းထိုးနေသော ကလေးကို အမေက-ဘာဖြစ်လို့ ဒီလောက်ဆော့ရသလဲလို့ဆိုတော့-ဆော့တာမဟုတ်ပါဘူးတဲ့။ ဆေးပုလင်းကို လှုပ်လှုပ်ပြီး သောက်ရမယ်လို့ အမေပြောထားတာ မလှုပ်ဘဲသောက်မိလို့ ဝမ်းထဲရောက်တဲ့ဆေးတွေကို လှုပ်ပေးနေတာပါလို့ဆိုသတဲ့။သူ့အကြောင်း ပြတာအလွန်လုံလောက်တယ်လို့ သူ့ဉာဏ်ထဲမှာ ခွဲလမ်းမှာဘဲ။

အချို့က နာနတ်သီးကို အူတိုင်ကြီးကြီး ဖြစ်အောင် လှီးပြီး စားဒါကို တွေ့ဘူး

လေတော့ မျက်စိပွင့်ပြီး ပိန္နဲသီးအူတိုင်ကို လုစားတယ်ဆိုပါတော့။ ဒါတွေဟာ ဆရာသမားနည်းကောင်းမှ ကင်းလေတော့ သနားစရာ ကရုဏာ၏အာရုံတွေသာ ဖြစ်ကြတယ်။ ဘိုးလမင်းကဲ့သို့ပင် မေတ္တာ၊ ကရုဏာ-လရောင်လင်းထိုက်ကြပေ တယ်။နည်းကောင်း နည်းမှန်ကို ကောင်းစွာ ပြောပြပါလျက် မလိုက်နာဘဲ အာခံ ကာ-ကာပြန်ခဲ့လျှင် ဦးချိုမာန်အားကိုးရှိသော သမင်၏ တာဝန်ပေတည်း။

ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိဏာယကော။
ကေဒါ ယာတိ မဂ္ဂေန၊ ဥမ္မဂ္ဂေနာပိ ကေဒါ။ ။

ယထာပိနာမ၊ ဥပမာမည်သည်ကား။ ဇစ္စန္ဓော၊ ဝမ်းတွင်းကန်းဖြစ်သော။ နရော၊ သတ္တဝါသည်။ အပရိဏာယကော၊ ခရီးညွှန်ကင်းသည်ရှိသော်။ ကေဒါ၊ ရံခါ။မဂ္ဂေန၊ လမ်းကောင်းဖြင့်။ယာတိ၊ သွား၏။ ကေဒါ၊ရံခါ။ ဥမ္မဂ္ဂေနာပိ၊ လမ်းဆိုးဖြင့်လည်း။ ယာတိ၊ သွား၏။

လမ်းဆိုးသွားတာ ကန်းလို့ဖြစ်သော်လည်း လမ်းကောင်းသွားတာ ကောင်း လို့ဟု ဝမ်းတွင်းကန်းကို ဆိုနိုင်အံ့လော။

သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
ကရောတိ ကေဒါ ပုညံ၊ အပုည-မပိ ကေဒါ။ ။

တထာ၊ ထိုအတူ၊ သံသာရေ၊ သံသရာ၌။ သံသရံ-ဗာလော၊ ကျင်လည်သော အန္ဓပုထုဇဉ်သည်။အပရိဏာယကော၊ခရီးညွှန် ဆရာကောင်း ကင်းသည်ရှိသော်။ ကေဒါ၊ရံခါ။ ပုညံ၊ ကုသိုလ်ကို။ ကရောတိ၊ ပြု၏။ ကေဒါ၊ ရံခါ။ အပုည-မပိ၊ အကုသိုလ်ကိုလည်း။ ကရောတိ၊ ပြု၏။

အကုသိုလ်ပြုတာမိုက်လို့ဖြစ်သော်လည်း ကုသိုလ်ပြုတာ လိမ္မာလို့ဟု ဝမ်းတွင်း ကန်း အန္ဓပုထုဇဉ်ကို ဆိုနိုင်အံ့လော၊သို့သော် ကံကောင်းလို့ဟု ဆိုနိုင်ဘွယ်ရှိ၏။ ကံကောင်းတဲ့ခွေး ပြေးရင်းလွှားရင်း အစာဟပ်မိသကဲ့သို့တည်း။ ဤစကားရပ် တို့ဖြင့် မိမိ၏ ပုထုဇဉ်အဖြစ်ကို များများကြီး စက်ဆုပ်၍ လွတ်မြောက် ချင်ကြ ကုန်လော့။

ယဒါ ဥတ္တာစ သော ဓမ္မံ၊ သစ္စာနိ အဘိ-သမေဿတိ။
တဒါ အဝိဇ္ဇူ-ပသမာ၊ ဥပ-သန္တော စရိဿတိ။ ။

ယဒါ၊ အကြင်ဘုရား သာသနာ ရောင်ဝါထွန်းပ ဗုဒ္ဓုပ္ပါဒ နဝမခဏ၌။ သော၊ထိုအန္ဓပုထုဇဉ်သည်။ ဓမ္မံ၊တရားကို။ ဥတ္တာစ၊သူတော်ကောင်းမှီးသိရှိပြီး၍ သာလျှင်။ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ အဘိ-သမေဿတိ၊ မဂ်ဉာဏ်ဖြင့်သိ

လတ္တံ့။ တဒါ၊ ထိုအခါ၌။ အဝိဇ္ဇူပသမာ၊ အဝိဇ္ဇာငြိမ်းခြင်းကြောင့်။ ဥပသန္တော၊ ကိလေသာငြိမ်းသည်ဖြစ်၍။ စရိဿတိ၊ ကျင်လည်ရလတ္တံ့။ ဝါ။ နိဗ္ဗာန်ထုတ်ခြောက် ရောက်ရလတ္တံ့။

အဲဒီလို အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူကြတယ်။ ဒါကြောင့် ဒါနသီလစသော ကုသိုလ်သင်္ခါရတို့ကို အဝိဇ္ဇာအကြောင်းရင်းခံလျက် ပျော်ပွဲ ရွှင်ပွဲတို့ဖြင့် တွေဝေစေလျက်ဝမ်းတွင်းကန်းအတု၊ သံသရာဝဲလယ်အောင်မပြုမိကြစေနှင့်တဲ့။ အကယ်၍ပြုမိလျှင် ဥမ္မာဒန္တီအရူးမ-ဆင်စီးမှားသလို ဖြစ်ရလိမ့်မတဲ့။

ရှေးအခါက သိဝိတိုင်းမှာ တိရိဋိဝစ္ဆ သူဌေးကြီး၏သမီးဟာ အလွန်လှသော ကြောင့် ဥမ္မာဒန္တီဟု အမည်ရသတဲ့။ ဥမ္မာဒန္တီဆိုတာ-မြန်မာလိုပြန်တော့ အရူးမ တဲ့။ သူရူးတာမဟုတ်ဘူး၊ သူ့ကို မြင်တဲ့လူတိုင်း အရူးလိုဖြစ်စေနိုင်သောကြောင့်တဲ့။ (ဒီနာမည်မျိုးဟာဘုရားရှင်လက်ထက်ကလဲ အလွန်လှတဲ့ သတိုးသမီး တယောက်ကို ကာဏာ-အကန်းမလို့သူ့အမေက အမည်ပေးထားတယ်။ သူ့ကိုမြင်သူတိုင်း အကန်း လိုဖြစ်သွားအောင် လှလွန်းလို့တဲ့။) ဥမ္မာဒန္တီဟာ ရူးလောက်တဲ့ အလှဘုရင်မက လေးဟု သိဝိမင်းကြီး နားတော်ကြားတော့ လက္ခဏာဘတ်တတ်တဲ့ ပုဏ္ဏားလေး ဦးလွှတ်ပြီး စုံစမ်းနိုင်းသတဲ့၊ သူဌေးကြီးက ရှင်ဘုရင်လွှတ်လိုက်တယ်လို့သိတော့ ထမင်းကျွေးပြီး ဧည့်ခံသတဲ့။ ထမင်းစားနေကြတုန်း ဥမ္မာဒန္တီ-ထွက်လာတာမြင် တော့ ပုဏ္ဏားတွေဟာ အူကြောင်ကြောင်ဖြစ်ပြီး တယောက်ကပစပ်ဟလျက်ထ မင်းလုပ်ကို ဦးခေါင်းပေါ်ခွံ့နေသတဲ့။ တယောက်ကတော့လက်မောင်းကြားထဲခွံ့ သတဲ့။ တယောက်ကတော့ တဖုန်းဖုန်းနဲ့ထမင်းကိုပုတ်သတဲ့။ တယောက်ကတော့ မျက်တောင်မခတ်ဘဲဖူးစိုက်ကာကြည့်နေသတဲ့။ ဒီတော့ ဥမ္မာဒန္တီက-လက္ခဏာကို ဘယ်လိုကြည့်မှာလဲ၊ အရူးတွေဆင်းသွားကြလို့ နှင်ချလိုက်သတဲ့။

ပုဏ္ဏားတွေက အရှက်ကွဲပြီး၊စိတ်ဆိုးဆိုးနဲ့ ရှင်ဘုရင်ထံရောက်တော့ ဒီသူငယ်မ ဟာလှပေမဲ့ ကြက်သရေမရှိဘူး၊ သူယုတ်မာ လက္ခဏာပါတယ်လို့ သံတော်ဦးတင် ကြသတဲ့။ ရှင်ဘုရင်ကလဲ သူယုတ်မာမကလေးဟု အသိအမှတ်ပြုလိုက်သတဲ့။ ဒီတော့ ဥမ္မာဒန္တီက ရှင်ဘုရင်ကို ရန်ငြိုးဖွဲ့သတဲ့။ တနေ့တော့ နက္ခတ်ပွဲသဘင်အခါ ရှင် ဘုရင် ရထားစီးပြီး မြို့လှည့်သတဲ့။ အိမ်ရှေ့ရောက်လာတော့ ဥမ္မာဒန္တီက ပြူတင်း တံခါးပေါက်မှာပန်းတောင်းကလေးကိုင်ပြီး ရှင်ဘုရင်ကို ပန်းပွင့်တွေနဲ့ပစ်ပြီး တံ ခါးပိတ်လိုက်သတဲ့။ ရှင်ဘုရင်လဲ ဥမ္မာဒန္တီကို ရိပ်ခနဲမြင်လိုက်တာနဲ့သတိမရဘဲမူးလဲ သွားသတဲ့။ မြို့တော်ကို မလှည့်နိုင်တော့ဘဲ နန်းတော်ပြန်သွားပြီး အိပ်ရာထဲမှာ မြှားမှန်တဲ့သမင်လို လူးလှိမ့်လျက် ငါ့ကိုရူးစေတဲ့သူငယ်မ၊ မုဆိုးကြီးကို သမင်ကြည့် သလို မရဲတရဲနဲ့ ငါ့ကိုကြည့်တဲ့သူငယ်မ။ ငါ့စိတ်ကို ငါမနိုင်တော့ပါဘူး၊ ငါတော့ ရူးပါပြီ။ ယခုနယ်ခါသိကြားမင်းဆင်းလာပြီး လိုရာဆုတောင်းဟုဆိုလျှင် ဒီအပြင်

ဘယ်ဆိုကိုမျှ မတောင်းလိုပါဘူးဟု ညည်းညူလျက် မစားနိုင်၊ မအိပ်နိုင်-ဖြစ်သွားသတဲ့။ စစ်သားတွေပစ်တဲ့ ခြောက်လုံးပြူးဟာ ပစ်တဲ့အခိုက် တခါသာ ကျည်ဆံထွက်တယ်။ အသားတနေရာသာ ထိတယ်။ ဥမ္မာဒန္တီ အာရုံ ခြောက်ပါးလုံးနဲ့ ပစ်လိုက်တဲ့ ခြောက်လုံးပြူးကတော့ စိတ်ကူးမိတိုင်း ကျည်ဆံထွက်နေတယ်။ စက္ခု၊ သောတ........မန ကျအောင် အတွင်းအပ ကွက်လပ်မရှိ တထိထဲထိနေတယ်။ ဒီဝဏ္ဏ-သည်နေရာတွင် ထားဦး။ ဒင်း၏ ကုသိုလ်သင်္ခါရကို စိစစ်ရဦးမယ်။

ဥမ္မာဒန္တီဟာ ရှေးအတိတ်က ဆင်းရဲသော သတို့သမီးတယောက်ဖြစ်သတဲ့။ သူများနည်းတူ ဝတ်ပန်းဆိုး အဝတ်နီနီကိုဝတ်ချင်လွန်းလို့ မိဘကလဲဝယ်မပေးနိုင်တာနဲ့ သူဌေးအိမ်မှာ သုံးနှစ်အစေခံ ပြုလုပ်လေတော့ ဝတ်ပန်းဆိုးအဝတ်ကြီး တထည် သဘောကျရသတဲ့။ ဝတ်ပါတော့မယ်လို့ ရေဆိပ်သို့သွားပြီးရေချိုးနေတုန်း၊ ရဟန်းတပါးသင်္ကန်းခိုးသူလုသွားလို့ သစ်ခက် သစ်ရွက်ဖုံးအုပ်လျက် ထိုင်နေရောက်လာသတဲ့။ ဒီတော့ဥမ္မာဒန္တီလောင်းက-ငါသည်ရှေ့ကဒါနကုသိုလ်နဲ့ပါးလို့ အဝတ်ဖြင့် ဆင်းရဲရတယ်။ ဒီအဝတ်ကိုလှူလိုက်ပါတော့မယ်၊ မဝတ်တော့ပါဘူးလို့ တကျောကိုသတ်ပြီး စီဝရဒါန သင်္ကန်းအလှူကို လှူသတဲ့၊ ဒီအထိပြောစရာအပြစ်မရှိသေးဘူး၊ တော်သေးတယ်၊ ထိုရဟန်းကလဲ အလှူခံပြီး သစ်ခက်သစ်ရွက်တွေ ပယ်ပြီး ထိုဝတ်ပန်းဆိုး အဝတ်ကို တပိုင်းဝတ်၍ တပိုင်းရုံလိုက်တော့—နေလုလင် ထွက်လာသကဲ့သို့တကိုယ်လုံးတင့်တယ်တာကိုမြင်ရသတဲ့။ (ဒီတော့ဥမ္မာဒန္တီလောင်းကလေး ရူးတော့မယ်) ရူးပုံကား၊ အရှင်ဘုရား........တပည့်တော်မသည် ဤစီဝရဒါနကြောင့် ဖြစ်လေရာဘဝ၌ လှပသော အဆင်းရှိသူ-ဖြစ်ရပါလို၏။ မြင်သူတိုင်း ရူးလောက်အောင် အလှဆုံး၊ ထိပ်သီးဖြစ်ရပါလို၏ လို့ဆုတောင်း ရူး-ရူး လိုက်သတဲ့။

ဒီမှာသင်္ကန်းဆိုတာ နိဗ္ဗာန်ကြွသော အရှင်မြတ်တိုင်းဝတ်၍ ကိလေသာသတ်ရာစစ်ပွဲ၌ အောင်လံထူရသော သင်္ကန်းဖြစ်သောကြောင့် နိဗ္ဗာန်တိုင်အောင် ရစေနိုင်ပါလျက် ဒုက္ခကင်းတဲ့ နိဗ္ဗာန်ကိုမတောင့်တ၊ ဒုက္ခမကင်းတဲ့ အလှဆုံး-ခရမ်းချည်းသီး အမှည့်ကို ပတ္တမြားထင်ပြီး တောင့်တမိလိုက်တယ်။ ဒီတော့ သူကိုယ်တိုင် ရူးတဲ့ ဥမ္မာဒန္တီကတော့ ယခုဘဝထဲကဖြစ်နေပြီ။ သူတပါးကိုရူးစေတဲ့ ဥမ္မာဒန္တီကတော့ နောက်ဘဝမှ ဖြစ်မယ်မဟုတ်လား။ ဒီလို ဒါနကုသိုလ် ပုညာဘိသင်္ခါရ ဆင်ကောင်ပုပ်နဲ့ သံသရာထဲမှာ ဝဲလှည့်ကာ ကြွားချင်၊ မော်ချင်လွန်းလို့ ကမ်းပါးရောက်အောင် မကပ်နိုင် ခြင်းကြောင့် ဥမ္မာဒန္တီအရူးမ- ဆင်စီးမှားတယ်လို့ ဆိုရတယ်။ ဥမ္မာဒန္တီမှာ လှပေမဲ့ ကြက်သရေမရှိဘူး။ သူယုတ်မာမ-ဟုအဆိုခံရခြင်းစသော သံသရာဘေးကိုမမြင်သော အဝိဇ္ဇာတွေဝေခြင်းကြောင့် သင်္ကန်းအလှူ-ပုညာဘိသင်္ခါရ ကုသိုလ်ဖြစ်အောင်ပြုတာ နတ်သမီးလိုချင်လို့ ချောက်ထဲခုန်ဆင်းတာဘဲ။ အဆိုခံရတဲ့ ချောက်ထဲကျရှာတယ်။ ရွှေတောင်ကြီးအထင်နဲ့မီးပုံထဲခုန်ဆင်းတာဘဲ။

များရည် လိမ်းသော သင်ရုန်းကို လျက်မိသွားတာဘဲ။ ဒီလို ကာမာဝစရ ကုသိုလ်မျိုးကို သံသရာမှ မထွက်နိုင်ဘူးလို့ အပြစ်ဆိုထိုက်တယ်။

ထိုကြောင့် အိုဘေး၊ နာဘေး သံသရာဘေးကို ထင်မြင်စွာရှုလျက် အဝိဇ္ဇာမှ လွတ်မြောက်စိမ့်သောငှါ၊ သတိတမံ—ဉာဏ်မြေကတုတ် ပညာစွန်းချွန်းကောင်းကောင်းအုပ်ပြီးလျှင် နိဗ္ဗာန် ကမ်းသို့ ကပ်နိုင်အောင် ပုညာဘိသင်္ခါရ ဆင်ကောင်ပုပ်ကို ကမ်းပေါ်းအရောက်တည်တံ့စွာ စီးနိုင်ကြပါစေကုန်သတည်း။

---

# (၁၀) ဝိညာဏ်နှင့် ဝိဘာသတ် တရားစာ။

သင်္ခါရပစ္စယာဝိညာဏံ။ ။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဒီလိုဟောတဲ့နေရာမှာ သင်္ခါရဆိုတာ ပုညာဘိသင်္ခါရစသော လောကီကုသိုလ်၊ အကုသိုလ်-စေတနာ ၂၉-ခုပင် ဖြစ်သတဲ့။ သို့ပေမဲ့ ဒီနေရာမှာ အဘိညာကုသိုလ်စေတနာ၊ မဂ်ပယ်ပြီးသော အကုသိုလ်စေတနာ အဟောသိကံ စေတနာတို့ကို မယူရဘူး။ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရတော့ ဟုတ်တယ်။ ဝိညာဏ်ကိုဖြစ်စေနိုင်တဲ့ သင်္ခါရမဟုတ်လို့တဲ့။ ထိုပြင်ဥဒ္ဓစ္စအကုသိုလ်စေတနာကိုလဲ ပဋိသန္ဓေအခါ မယူရဘူး၊ ပဝတ္တိအခါမှယူရမတဲ့။ ပဋိသန္ဓေကျိုး မပေးနိုင်သောကြောင့်တဲ့။

ဝိညာဏ်ဆိုတာကတော့ ပဋိသန္ဓေစိတ် ၁၉-ခု၊ ပဝတ္တိအခါ လောကီဝိပါက်စိတ် ၃၂-ခုသာဖြစ်သတဲ့။ လောကုတ္တရာတို့ကို ဝဋ္ဋကထာ၌ မယူရဘူး။ အဘိဓမ္မာဝေဘန်သောအဘိဓမ္မဘာဇနီယနည်းမှာတော့လောကီလောကုတ္တရာစိတ် ၈၉-ခု လုံးပင် အကြောင်းကြောင့်ဖြစ်သော ဝိညာဏ်ဖြစ်တယ်။ ပဋိစ္စသမုပ္ပန္န အကျိုးတရားတို့သာ ဖြစ်တယ်လို့ ဟောသတဲ့။

[အကြောင်းကိုပဋိစ္စသမုပ္ပါဒ်၊ အကျိုးကိုပဋိစ္စသမုပ္ပန္န-ဟု ခေါ်တယ်။]

ဒီမှာ ဝိညာဏ်ကို ခွဲလိုက်တော့ အပါယ်လေးဘုံ၌ အပါယ်ဘုံသားဖြစ်စေတဲ့ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေတခု။ လူ၊ စာတုမဟာရာဇ်နှစ်ဘုံ၌ ဝမ်းတွင်းကန်း-ဇစ္စန္ဓ စသည်ဖြစ်စေတဲ့ သုဂတိအဟိတ် ပဋိသန္ဓေတခု၊ ကာမသုဂတိ ခုနစ်ဘုံ၌ ဒွိဟိတ်၊ တိဟိတ်ဖြစ်စေတဲ့ကာမသုဂတိသဟိတ်ပဋိသန္ဓေစိတ်ရှစ်ခု။ (ဒွိဟိတ်ပဋိသန္ဓေလေး၊ တိဟိတ် ပဋိသန္ဓေလေးဟု ခွဲရတယ်။) ရူပ၁၅-ဘုံ၌ ရူပဗြဟ္မာဖြစ်စေတဲ့ ရူပပဋိသန္ဓေငါးခု၊ အရူပလေးဘုံ၌ အရူပဗြဟ္မာဖြစ်စေတဲ့ အရူပပဋိသန္ဓေလေးခု၊ ပေါင်း ၁၉-ခုဖြစ်တယ်။

[အသညသတ်ဘုံ ရုပ်ပဋိသန္ဓေတခုကတော့ ဝိညာဏ်မဟုတ်လို့ ဒီနေရာမှာ မဆိုသေးဘူး။]

တနည်း—ဒုဂ္ဂတိပဋိသန္ဓေ ၁—ခု။ သုဂတိပဋိသန္ဓေ ၁၈—ခု၊ပေါင်း ၁၉။
တနည်း—အဟိတ် ၂။ သဟိတ် ၁၇—ပေါင်း ၁၉။
တနည်း—အဟိတ် ၂။ ဒွိဟိတ် ၄။ တိဟိတ် ၁၃—ပေါင်း ၁၉။
တနည်း—ကာမ ပဋိသန္ဓေ ၁၀၊ ရူပ ၅၊ အရူပ ၄—ပေါင်း ၁၉။

ဒီအထဲမှာအဟိတ်၂၊ဒွိဟိတ်၄—ဟာမဂ်ဖိုလ်အန္တရာယ်ဖြစ်စေတဲ့ပဋိသန္ဓေ ၆-ခု ဖြစ်တယ်။ တိဟိတ်ကတော့ အန္တရာယ်မဖြစ်စေတဲ့ ပဋိသန္ဓေ ၁၃—ခုဖြစ်တယ်။ (မဂ်ဖိုလ်အန္တရာယ် မဖြစ်ဘူး။)

ပဝတ္တိအခါမှာတော့ အနိဋ္ဌာရုံအညံ့စားကိုမြင်၊ကြား၊နမ်း၊စား၊ထိရတဲ့စက္ခု ဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် ဟု ဝိညာဏ်ငါးခု၊ လက်ခံတဲ့သမ္ပဋိစ္ဆိုင်းတခု၊ စုံစမ်းတဲ့ သန္တီရဏတခု။ ဒီ ၇—ခုဟာ အကုသိုလ်စိတ် ၁၂-ခု၏ အကျိုး အကုသလဝိပါက် ၇—ခုမည်တယ်။ ဣဋ္ဌာရုံ အကောင်းစားကို မြင်၊ ကြား၊နမ်း၊ စား၊ထိရတဲ့စက္ခုဝိညာဏ်စသောဝိညာဏ် ငါးခု၊ လက်ခံတဲ့သမ္ပဋိစ္ဆိုင်းတခု၊ အကောင်းနှင့်အလတ်ခွဲပြီး စုံစမ်းတဲ့ သန္တီရဏ နှစ်ခု၊ ဒီရှစ်ခုဟာ ကာမကုသိုလ် ရှစ်ခု၏အကျိုး အဟိတ် ကုသလဝိပါက်ရှစ်ခု မည်တယ်။ [အဟိတ်ဝိပါက် ၁၅—ခုပြီး၊ပြီ။]

ဣဋ္ဌာရုံကိုသာ ခံစားတဲ့ သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက တခု၊သသင်္ခါရိကတခု၊ထိုနှစ်ခုအတူဉာဏဝိပ္ပယုတ်နှစ်ခု၊ထိုလေးခုအတူဥပေက္ခာ သဟဂုတ်လေးခု၊ဒီရှစ်ခုဟာ ထိုသောမနဿ သဟဂုတ်စသော ကာမကုသိုလ်ရှစ်ခု အကျိုး သဟိတ်ကာမ ကုသလဝိပါက်ရှစ်ခုမည်တယ်။ ဒွိဟိတ်၄။ တိဟိတ်၄— ဖြစ်တယ်။ ဒီအထိကာမဝိပါက် ၂၃—ဟု ခေါ်တယ်။

ကသိုဏ်းဝန်းစသော အာရုံကို အာရုံပြုတဲ့ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်ဝိပါက်—ငါးခုကတော့ ထိုပဌမဈာန် စသော ရူပကုသိုလ်ငါးခု၏အကျိုးရူပဝိပါက်၅—ခုမည်တယ်။ ၅—ခုလုံးတိဟိတ်။

ကောင်းကင်ပညတ်စသည်ကိုအာရုံပြုတဲ့အာကာသာနဉ္စာယတနဈာန်ဝိပါက်၊ ဝိညာဏဉ္စာယတနဈာန်ဝိပါက်၊ အာကိဉ္စညာယတနဈာန်ဝိပါက်။ နေဝသညာ နာသညာယတနဈာန်ဝိပါက်-ဒီလေးခုကတော့ထိုအာကာသာနဉ္စာယတနဈာန် ကုသိုလ်စသော အရူပ ကုသိုလ်လေးခု၏ အကျိုး အရူပဝိပါက် ၄—ခု မည်တယ်။ လေးခုလုံး တိဟိတ်။

သင်္ခါရနှင့်တွဲလိုက်တော့ ဥဒ္ဒစ္စကြဉ်သောအ ကုသိုလ်စေတနာ ၁၁-ခုကြောင့် အပါယ်လေးဘုံ၌ ဒုဂ္ဂတိ အဟိတ် ပဋိသန္ဓေတခု၊ အကုသိုလ်စေတနာ ၁၂-ခုလုံး

ကြောင့်ကာမ ၁၁-ဘုံ၌ပဝတ္တိအကျိုးအကုသလဝိပါက်ခုနစ်ခု။ ရူပ ၁၅-ဘုံ၌အကုသလ ဝိပါက် ၄-ခုဖြစ်တယ်။ [ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ်သုံးခုတော့ မဖြစ်ဘူး။]

ကာမကုသိုလ် စေတနာရှစ်ခုကြောင့် ကာမသုဂတိခုနစ်ဘုံ၌ ကာမသုဂတိ ပဋိသန္ဓေ ၉-ခု၊ ပဝတ္တိအကျိုးကား ကာမ ၁၁-ဘုံ၌ အဟိတ်၊ သဟိတ်ဝိပါက် ၁၆—ခု။ ရူပ ၁၅-ဘုံ၌ အဟိတ်အကျိုး ၅-ခုဖြစ်တယ်။ [ဃာနစသော သုံးခု မဖြစ်ဘူး။]

ရူပကုသိုလ် စေတနာငါးခုကြောင့် ရူပ ၁၅-ဘုံ၌ ရူပပဋိသန္ဓေငါးခု။ ပဝတ္တိအကျိုး ရူပဝိပါက် ငါးခုဖြစ်တယ်။ ဒီအထဲမှာ ပဉ္စမဈာန် ကုသိုလ်စေတနာ တခုကတော့ အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေတခုကိုလဲ ဖြစ်စေတယ်။

အရူပ ကုသိုလ် စေတနာလေးခုကြောင့် အရူပလေးဘုံ၌ အရူပ-ပဋိသန္ဓေ လေးခု။ ပဝတ္တိအကျိုး အရူပဝိပါက်လေးခု၊ တဘုံတခုစီ ဖြစ်တယ်။

ပဋ္ဌာန်းနည်း ကျေးဇူးပြုပုံကတော့-ထိုသံခါရစေတနာ ၂၉-ခုဟာ ထိုထိုဘုံ၌ ပဋိသန္ဓေဝိပါက် ၁၉-ခု။ ပဝတ္တိဝိပါက် ၃၂-ခုကိုမျိုးစေ့သဘွယ်—ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုတယ်။ အားပေးစက်သဘွယ်—ဥပနိဿယပစ္စည်းဖြင့်လဲ ကျေးဇူးပြုတယ်။ အကြောင်းမကောင်းသော သခ်တ တရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေ-လို့ရူရတယ်။ ဒီလိုအကြောင်း သိမ်းဆည်း၍ ရှုလိုက်လျှင် ဂုဏ်ရှိသောတာပန်ဖြစ်တယ်။

ပဋိသန္ဓေ ဝိညာဏ်စိတ်ဆိုတာ ရုပ်ရှိသောပဋိသန္ဓေ၊ ရုပ်မရှိသောပဋိသန္ဓေ ဟု နှစ်မျိုးပြားတယ်။ ရုပ်ရှိတာလဲဘာဝရုပ်ရှိသော ပဋိသန္ဓေ၊ ဘာဝရုပ်မရှိသော နပုံ ပဏ္ဍုက်ပဋိသန္ဓေဟု နှစ်မျိုးပြားတယ်။ ဘာဝရုပ်ရှိတာလဲ ဣတ္ထိဘာဝရုပ် ရှိသော ပဋိသန္ဓေ၊ ပုရိသဘာဝရုပ်ရှိသော ပဋိသန္ဓေဟု နှစ်မျိုးပြားတယ်။

တနည်းတော့လဲ—ကာမပဋိသန္ဓေ၊ ရူပပဋိသန္ဓေ၊ အရူပ ပဋိသန္ဓေဟု သုံးမျိုး ပြားတယ်။ တနည်းတော့လဲ—ကြက်ငှက်များလို အဥထဲမှာ ကိန်းတဲ့ အဏ္ဍဇပဋိသန္ဓေ၊ ယခုလူများ၊ တိရစ္ဆာန်များလို သူ့ငယ်အိမ်-အချင်းမှာကိန်းတဲ့ ဇလာဗုဇ ပဋိသန္ဓေ၊ မန်ကျည်းပင်ထဲမှာဖြစ်တဲ့ စိဉ္စမာတို့လို အရေအညှိမှာစွဲတဲ့ သံသေဒဇပဋိသန္ဓေ၊ နတ်ဗြဟ္မာများ၊ ကမ္ဘာဦးသားများလိုလူကြီးတခါထဲဖြစ်တဲ့ဩပပါတိကပဋိသန္ဓေဟုယောနိစွမ်းဖြင့် လေးမျိုးပြားတယ်။ တနည်းတော့လဲ-ဒေဝ-နတ်ဂတိ၊ မနုဿ- လူဂတိ၊ နိရယ-ငရဲဂတိ၊ ပေတ-ပြိတ္တာဂတိ၊ တိရစ္ဆာန-တိရစ္ဆာန်ဂတိဟု ဂတိစွမ်းဖြင့် ငါးမျိုးပြားတယ်။

တနည်းတော့လဲ-ကေတ္တကာယ-နာနာတ္တသညီ စသည်ဖြင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တဝါသ ကိုးပါးဟု ပြားသေးတယ်။

ထိုခုနစ်ပါး၊ ကိုးပါး အကျယ်ကတော့ ကေတ္တကာယ နာနတ္တသညီ ဆိုတာ ကိုယ်သဏ္ဍာန်ရုပ်ပုံတူတယ်။ ပဋိသန္ဓေစိတ်မတူဘူး။ ဒုတိယဈာန် သုံးဘုံ ဗြဟ္မာကြီးတွေတဲ့။ [ဈာန်ဒု-သုံးဖြာ၊ ဧ-နာမ်-မှတ်လေ။]

နာနာတ္တကာယ-ဧကတ္တသညီဆိုတာကိုယ်သဏ္ဌာန်မတူ၊ပဋိသန္ဓေစိတ်တူတယ်။ အပါယ်လေးဘုံသားနှင့် ပဌမဈာန် သုံးဘုံ ဖြဟ္မာကြီးတွေတဲ့။
[ပါယ်—ပ—ခုနစ်၊ နာ-ဖြေစ်၏။]

ဧကတ္တကာယ—ဧကတ္တသညီဆိုတာ ကိုယ်လဲတူ ပဋိသန္ဓေစိတ်လဲတူတယ်။တတိယဈာန်သုံးဘုံ၊ ဝေဟပ္ဖိုလ်တဘုံ၊သုဒ္ဓါဝါသ ငါးဘုံ ဖြဟ္မာကြီးတွေတဲ့။
[တ—ဝေ-သုဒ္ဓါ၊ကိုးဖြာ ဧ-တေည်း။]

နာနာတ္တကာယ—နာနာတ္တသညီဆိုတာကိုယ်လဲမတူ၊ပဋိသန္ဓေစိတ်လဲမတူ။ ဝိနိပါတိက အသူရာနှင့်တကွ လူ့ပြည်၊ နတ်ပြည် ကာမသုဂတိ ခုနစ်ဘုံသား လူတွေနတ်တွေတဲ့။
[ခုနစ်—ကဂသု၊နာ—နာရှုလော့။

အသညသတ္တဆိုတာနာမ်မရှိတဲ့ အသညသတ်ဘုံ ဖြဟ္မာကြီးတွေတဲ့။
အာကာသာနဉ္စာယတနူပဂဆိုတာ အာကာသဘုံဖြဟ္မာကြီးတွေတဲ့။
ဝိညာဏဉ္စာယတနူပဂဆိုတာ ဝိညာဘုံဖြဟ္မာကြီးတွေတဲ့။
အာကိဉ္စညာယတနူပဂဆိုတာ အာကိဉ်ဘုံ ဖြဟ္မာကြီးတွေတဲ့။
နေဝသညာနာသညာယတနူပဂဆိုတာ နေဝသညာဘုံဖြဟ္မာကြီးတွေတဲ့။

ဒီနောက်ဆုံးလေးဘုံမှာ ရုပ်မရှိဘူး။ နေဝသညာဘုံမှာတော့လဲ နာမ်ရှိပေမဲ့ အလွန်သိမ်မွေ့တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာဉာဏ်ဖြင့် ရှုလို့မရနိုင်တဲ့ နာမ်သာ ရှိတယ်။ ထင်ရှားသော နာမ်မရှိဘူး။

အားလုံး ပေါင်းလိုက်တော့ သတ္တဝါ ကိုးပါးလို့ မည်တယ်။ ထိုကိုးပါးထဲမှ အသညသတ်နှင့် နေဝသညာဘုံကို ဖယ်လိုက်တော့ ထင်ရှားသော စိတ်ဝိညာဏ်တည်သော ဘုံတွေဟာ ဝိညာဏဋ္ဌိတိ ခုနစ်ပါးလို့မည်တယ်။

ဒီလို အမျိုးမျိုးခွဲပြလိုက်တဲ့ပဋိသန္ဓေဆိုတဲ့တရားဟာ ဘယ်လိုတရားလဲ၊ ရှေးဘဝမှ လာသလား?တဲ့။ရှေးဘဝမှလာတာမဟုတ်ဘူး။ အဝိဇ္ဇာနုသယ အကြောင်းရင်းခံ၍ တဏှာနုသယ ခြံရံ၍ ကံသင်္ခါရကြောင့် ဖြစ်ပေါ်လာသော နာမ်ရုပ်တရားဖြစ်သတဲ့။ဖြစ်ဆဲဥပါဒ်ဆဲ အခါ၌သာ ဘဝသစ်သို့ရောက်လာသလိုဖြစ်တဲ့ တရားတဲ့။

ဒီပဋိသန္ဓေဆိုတာ အကြောင်းကင်း၍ဖြစ်သလား?တဲ့။ အကြောင်းမကင်းဘူး။ ရှေးဘဝက-ကံသင်္ခါရစသောအကြောင်းကြောင့်ဖြစ်သတဲ့။ မူလအသံတခုကြောင့် ပဲ့တင်သံဖြစ်သလို၊ တံဆိပ်ရေးထင်သလို၊ မှန်ရိပ်ထင်သလို၊ ဆီမီးလျှံအဆက်ဆက်လင်းသွားသလို ဖြစ်သတဲ့။ ရှေးဘဝက ကံသင်္ခါရလဲ မဟုတ်ဘူး။ ထိုကံ သင်္ခါရ အကြောင်းလဲ မကင်းဘူးတဲ့။

အပါယ်လေးဘုံသားတို့မှာတော့—တဏှာဖြစ်တဲ့ အဝိဇ္ဇာက အပါယ်ပဋိသန္ဓေစေသောအပြစ်ကို မှောင်ချပေးတယ်။ တဏှာက အပြစ်မမြင်လို့ဖြစ်ချင်တယ်။ ဒီတော့ အကုသိုလ် ကံသင်္ခါရက အပါယ်ဘုံ၌ ဝိညာဏ်ပဋိသန္ဓေဖြစ်အောင် ပစ်ချတယ်။ သုဂတိဘုံသားတို့မှာတော့ အနုသယ -မပြတ်ကိန်းအောင်းနေတဲ့ အဝိဇ္ဇာက ပဋိသန္ဓေစေသော အပြစ်ကို မှောင်ချပေးတယ်။ ဖွဲလမ်းတဲ့ နိကန္တိတဏှာက အပြစ်မမြင်လို့ ဖြစ်ချင်တယ်။ ဒီတော့ ကုသိုလ်ကံသင်္ခါရက သုဂတိဘုံ၌ ဝိညာဏ် ပဋိသန္ဓေဖြစ်အောင် ပစ်ချတယ်။ ဒီအဝိဇ္ဇာ၊ တဏှာ၊ ကံသင်္ခါရဆိုတာ ဘဝတိုင်း ခန္ဓာကိုယ်ကို ပြုပြင်ပေးတဲ့ လက်သမား ဆရာကြီးသုံးယောက်ဖြစ်သတဲ့။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာ၌ သင်္ခါရနှင့်ဝိညာဏ်သည် တခုထည်းလား-တခြားစီလား?တဲ့။ တခုထည်း မဟုတ်ဘူး။ တခြားစီလဲမဟုတ်ဘူး။ တသန္တာန်ထည်း ဆက်၍ဖြစ်တယ်။ နို့မှနို့ဓမ်းဖြစ်ရာ၌ နို့သည်နို့ဓမ်းမဟုတ်ဘူး။ တခြားမှနို့ဓမ်း ဖြစ်လာတာလဲ မဟုတ်ဘူး။ တသန္တာန်ထည်းဆက်၍ ဖြစ်သလိုဘဲတဲ့။

ဘဝဟောင်းမှမလာဘဲ အသစ်ဖြစ်ခဲ့လျှင် တယောက်၏ ကံကြောင့် တယောက်၏အကျိုးလွှဲချော်၍ မဖြစ်နိုင်ဘူလား?တဲ့။ တသန္တာန်ထည်း ဆက်သွယ်သောအကျိုးဆိုတာသူတပါး၏ အကျိုးလွှဲချော်၍ မဖြစ်ကောင်းဘူး။ သူတပါး၏ကံကြောင့်လဲ မိမိမှာမဖြစ်ကောင်းဘူး။ ဥပမာ—သရက်စေ့တစေ့ကို ပျားရည်လိမ်းစိုက်လျှင် ထိုအစေ့မှပေါက်သော အပင်၏ အသီးဟာ ပိုပြီးချိုတယ်။ ငယ်စဉ်ကသင်ထားသောပညာဟာ ကြီးသောအခါ ထိုသူအားသာ အကျိုးပြီးတယ်။ ထိုအတူ အတိတ်ကံသည် ထိုကံကို ပြုသူအားသာအကျိုးပေးတယ်။ သူတပါးအားလွှဲချော်ပြီး အကျိုးမပေးဘူးတဲ့။

အကျိုးခံစားတတ်သူရှိပါသလား။ အဘယ်သို့သော သူအား ထိုအကျိုးဖြစ်မလဲ?တဲ့။ သစ်ပင်၌အသီးအပွင့် ဖြစ်ပေါ်လာသောအခါ ထိုသစ်ပင်သည် သီးတတ်ပေသည်။ ပွင့်တတ်ပေသည်ဟု ခေါ်ဆိုကြသလို ကောင်းကျိုး မကောင်းကျိုး ဖြစ်လာသောအခါ ဤသူသည်အကျိုးကိုခံစားတတ်ပေသည်ဟု ခေါ်ဆိုကြတယ်။ ထိုသို့ခေါ်ဆိုသော ပညတ်နည်းဖြင့် အကျိုးခံစားတတ်သူရှိသည်။ ထိုသို့သောသူအား ထိုအကျိုးဖြစ်သည်။ ပရမတ်နည်းဖြင့်ခေါ်ဆိုခြင်းမဟုတ်ဘူးတဲ့။

ပြုအပ်သောကံရှိနိုက် အကျိုးပေးသလား၊ မရှိမှ အကျိုးပေးသလားတဲ့။ ရှိနိုက် အကျိုးပေးလျှင် ကံနှင့်အကျိုးပြိုင်တူ ဖြစ်ရတော့မှာဘဲ။ မရှိမှပေးလျှင် ရှေး၌ဖြစ်စေ၊ နောက်၌ဖြစ်စေ အခါမရွေး အကျိုးပေးရတော့မှာဘဲ။ ဒါကြောင့်ဒီလိုကံရှိနိုက်၊ မရှိနိုက်လို့ မမှတ်ရဘူး။ ရှေးဘဝက ကံအဘိသင်္ခါရကို ပြုခဲ့သောကြောင့်သာ ယခုဘဝမှာ ဝိညာဏ်ဖြစ်လာတယ်လို့မှတ်ရတယ်။ ဘဏ္ဍာ ဝယ်ယူခဲ့သောကြောင့်သာ

အဘိုးငွေ ပေးရသလို၊ ချေးငှါးခဲ့သောကြောင့်သာ အစားပြန်ပေးရသလိုဟု မှတ်ရတယ်။

အကုသိုလ်ကံ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်း ထင်ရှားအောင် ဥဒါဟရုဏ်ပြရလျှင် ရှေးယခင်- ကဿပဘုရားရှင် လက်ထက်တော်က ပုဏ္ဏားတယောက်ဟာ လယ်ထွန်သွားမယ်လို့ပြင်နေတုန်း အဘော်တယောက်က ဘုရားဖူးသွားရအောင်လို့ လာခေါ်သတဲ့။ ''မလိုက်အားဘူးကွယ်''လို့ပြန်ပြောပြီး သည်တွင်မရပ်ဘဲ၊ ဘယ့်နှယ်ဆက်ပြောလိုက်သလဲဆိုတော့-''သွားဖူးပေမဲ့ ဒီဘုရားက ငါ့လယ်ကို ကူပြီးထွန်ပေးမှာမဟုတ်ဘူး''လို့ဝစီသင်္ခါရကလေး မျိုးရိကွာ မြွက်ဆိုလိုက်မိသွားသတဲ့။ ဒီတခါမှာ ချက်ချင်းဘာအပြစ်မျှမမြင်အောင် အဝိဇ္ဇာမှောင်ချပေးတာနဲ့ မပြောလောက်တဲ့ အပုညာဘိ သင်္ခါရကလေး ဖြစ်သွားပြီတဲ့။ (ဒီဟာ အဝိဇ္ဇာပစ္စယာသင်္ခါရာပင်တည်း)။ ဒီပုဏ္ဏား-သေသွားတော့ တဏှာက အပြစ်မမြင်တာနဲ့ ကြာကြာလယ်ထွန်ရတဲ့ဘဝမှာဖြစ်ချင်လှချည်ရဲ့လို့ ပူဆာတာနဲ့ ထိုအကုသိုလ်သင်္ခါရ မျိုးစေ့ကလေးက ပေတဂတိသို့ ပစ်ချလိုက်ရတယ်။ ဒီတော့ တောအုပ်ကြီးထဲမှာ နွားတရှဉ်းနဲ့ လယ်ထွန်လျက် ပြိတ္တာကြီးဖြစ်သွားသတဲ့။

[ဒီဟာ သင်္ခါရပစ္စယာ ဝိညာဏံ-ပင်တည်း။]

နေ့ညည့်မပြတ် စေဟဲ့၊ ဘောဟဲ့နဲ့၊ လယ်ထွန်နေလိုက်တာယခုဘုရားပွင့်လာပြီးတဲ့အခါတိုင်အောင် ထွန်လို့မပြီးသေးဘူး။ တနေ့တော့ ရဟန်းတွေဗောဓိပင် ဘုရားဖူးသွားကြလို့ဒီတောကြီးထဲရောက်သွားပြီးမျက်စိလယ်လို့ လမ်းစပျောက်သွားကြသတဲ့။ ဘယ်သွားရမှန်းမသိဘဲ ဟိုရောက်ဒီရောက်နဲ့ ဖြစ်နေရာမှ ထိုလယ်ထွန်နေတဲ့ပြိတ္တာကြီး သွားတွေ့တော့ လယ်သမားကြီးဘဲလို့ ဝမ်းမြောက်ပြီး ဟကာကြီး........ ငါတို့ ဒီနေ့ မျက်စိလယ်နေတယ်၊ ဘယ်သွားရမှန်းမသိလို့ လမ်းပြစမ်းပါ တကာကြီးလို့ ဆိုကြသတဲ့။ ဒီတော့ ပြိတ္တာကြီးက ကိုယ်တော်တို့ မျက်စိလယ်တာ ဘာမျှမကြာသေးဘူး။ တပည့်တော် မျက်စိလယ်ပြီး ဒီမှာ လယ်ထွန် နေလိုက်တာ ကဿပဘုရား လက်တက်ထဲက ကြာလှပြီ၊ ဘယ်ကို သွားရမှန်း မသိသေးဘူးလို့ ပြန်ပြောသတဲ့။ အဲဒါ အပုညာဘိ သင်္ခါရကလေး အနည်းငယ်ကြောင့် ပြိတ္တာဘုံမှာ ဝိညာဏ် ပဋိသန္ဓေဖြစ်ခြင်းဘဲ။ အဲဒီလို ပျက်ချော်ချော်နဲ့ အကုသိုလ်ကလေးကို သော်လဲ ငယ်ငယ်ကလေးရယ်လို့ မထိမဲ့မြင်မပြုရဘူး၊ သိရှိကြရမယ်လို့ မြတ်စွာဘုရား ဆုံးမတော်မူတယ်။

မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။
ဥဒ-ဗိန္ဒု-နိပါတေန၊ ဥဒ ကုဂမ္ဘာပိ ပူရတိ။
ပူရတိ ဗာလော ပါပဿ၊ ထောကံ ထောကံပိ အာစိနံ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပါပဿ၊ မကောင်းမှုအကုသိုလ်ကို။ မန္တံ၊ အ

နည်းငယ်သည်။ န-အာဂမိဿတိ၊ အဘယ်မှာမကောင်းကျိုးပေးနိုင်အံ့နည်းဟု။ မာဝမညေထ၊ မအောက်မေ့ရာ။ ဥဒ-မိန္ဒု—နိပါတေန၊ ရေတပေါက်တပေါက်မျှ ကျခြင်းဖြင့်။ ဥဒ—ကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိ၊ ချိုးနိုင်သုံးနိုင် အောင်ပြည့်လျှံ၏။ ဧဝံ၊ ဤအတူ။ ထောက်ထောက်ပိ၊ အနည်းငယ်မျှ အနည်းငယ်မျှ အကုသိုလ်ကိုလည်း။ အာစိနံ၊ ဆည်းပူးသည်ရှိသော်။ ဗာလော၊ လူမိုက်သည်။ ပါပဿ၊ မကောင်းမှုအကုသိုလ်ဖြင့်။ ပူရတိ၊ အပါယ်အထိ ရိက္ခာပြည့်လျှံလေ၏။

ကုသိုလ်ကံသင်္ခါရကြောင့်လဲ ဥဒါဟရုဏ်ပြရလျှင်—

ရှေးအခါ ဒွါရဝတီတိုင်းပြည်သို့ လှည်းကုန်သည်ငါးရာ ကူးသန်းရောင်းဝယ်သွားကြသတဲ့။ တောခရီးကျတော့ စားရေရိက္ခာပါးရှားပြီး ဒုက္ခများကြတယ်။ ဒီတော့ ကံအားလျော်စွာ ရုက္ခစိုးနတ်ကြီးနဲ့တွေ့လို့ နတ်ကြီးက ထိုကုန်သည်တွေကို အလိုပြည့်အောင် စောင်မမယ်လို့အားခဲပြီး စောင်မတယ်။ ဘယ်လိုစောင်မသလဲ။ ကုန်သည်တွေက ရေသောက်ရ—ကောင်းမှာဘဲလို့ ကြံလိုက်လျှင် နတ်ကြီးက လက်ညှိုးဆန့်တန်းပြီးရေတွေကျလာစေသတဲ့။ ကုန်သည်တွေအားရပါးရသောက်ချိုးသုံးစွဲကြရတယ်။ ရေချိုးပြီးတော့ ကုန်သည်တွေက ထမင်းစားရ-ကောင်းမှာဘဲလို့ ကြံကာရှိသေး၊ နတ်ကြီးက လက်ညှိုးဆန့်တန်းပြီး ထမင်းတွေ ဟင်းတွေ ထွက်ကျလာစေသတဲ့။ အားရပါးရ ဝဝကြီး စားသောက်ကြရတယ်။ စားပြီးတော့ ဗိုက်လေးတယ်။ အိပ်ရာကလေးများ ကောင်းကောင်းရချင်ပါဘိတော့ဟု ကြံကြပြန်သတဲ့။ နတ်ကြီးကလက်ညှိုးဆန့်တန်းပြီး ခတင်တွေ၊ စောင်၊ ခေါင်းအုံးတွေ-ထွက်ကျလာစေသတဲ့။ အိပ်ရေးဝကြတော့ အဝတ်အစား အသစ်ဝတ်ချင်တာနဲ့ ကြံလိုက်ပြန်တော့လဲ လက်ညှိုးကြီးဆန့်တန်းပြီးအဝတ်အစားအသစ်တွေထွက်ကျလာစေသတဲ့။ ဒီနည်းနဲ့အလိုရှိတိုင်း မုံ့ ပဲ သရေစာ စသည်တို့ပါ လက်ညှိုးကြီးမှကျလာ ကျလာစေတယ်။

နောက်တော့ ကုန်သည်ကြီးက စကားပြောချင်တာနဲ့ တောင်းပန်ပြီး အသင်နတ်မင်း........သင်နတ်မင်းဟာတယ်တန်ခိုးကြီးပါတကား၊ သိကြားမင်းလားလို့မေးသတဲ့။ ငါသိကြားမင်း မဟုတ်ဘူး။ ဒီတောထဲမှာ သစ်ပင်စောင့်နတ်တဦး သာမညပါဘဲလို့ ဆိုသတဲ့။ ရှေးလူဖြစ်စဉ်က ဘယ်လိုကုသိုလ်များ ပြုခဲ့ပါသလဲလို့မေးတော့ နတ်ကြီးက အသင်တို့ဟာ ကြံကြံစည်စည်—တွေ့ကရာ “ရှက်စရာတွေ” ရှောက်မေးတာဘဲ။ မပြောချင်ဘူးလို့ ဆိုသတဲ့။ အကျွန်ုပ်တို့၏ ကျေးဇူးရှင်နတ်မင်းကြီးရယ်၊ ကုသိုလ်ဆိုတာ ရှက်စရာမဟုတ်ပါဘူး။ ပြောပြပါ။ အကျွန်ုပ်တို့လဲ အတုခိုးပြီးကျင့်ပါရစေလို့ ဝိုင်းပြီးတောင်းပန်တော့မှ နတ်ကြီးကဒီလိုကွဲ့ ငါ့ကုသိုလ်က ကြီးကျယ်တာမဟုတ်ဘူး။ ပြောပြရမှာတော့ ရှက်ရှက်ဘဲကွဲ့။ ငါတို့တိုင်း

ပြည်မှာ ဝိသယသူဌေးကြီးဟာ ထမင်းရည်ချောင်းစီး- အလှူကြီး လှူပြီးလာသမျှ ကျေးမွေးလှူဒါန်းလေ့ရှိတယ်။ အရပ်ရပ်ကလူတွေ လာလိုက်ကြတာ အချို့ကလမ်း မသိလို့ ဘယ်ကိုသွားရသလဲလို့ ငါ့ကိုမေးကြတယ်။ ဒီတော့ငါက အမောင်တို့၊ အမိတို့...... ဒီလမ်း ဒီလမ်းကို သွားရတယ်လို့ ကောင်းကောင်းမွန်မွန် သွားတတ်အောင် လက်ညှိုးညွှန်ပြီး လမ်းကိုလိုက်လိုက်ပြီး ပြရဘူးတယ်။ ဒီကောင်းမှုကလေး ဘဲရှိတယ်။ ဒါနဲ့ ယခုတော့ ငါ့လက်ညှိုးဟာရွှေရောင်တောက်ပြီး လိုတိုင်းပြီးစေနိုင်တဲ့ နတ်လက်ညှိုးကြီးဖြစ်နေတာဘဲ။

ဒီပြင်ပြောစရာ ကုသိုလ်မရှိလို့ ပြောရတာ ရှက်ရှက်ဘဲ၊ မင်းတို့မေးလွန်းလို့သာ ငါပြောရတယ်ကွဲ့လို့ ဆိုသတဲ့၊ ဒီမှာအလှူအိမ်ကို လက်ညှိုးညွှန်ပြတဲ့ ပုညာဘိသင်္ခါရဟာ ကိုယ်အမှုအရာ ကာယသင်္ခါရကလေး မဟုတ်လား။ ဒါလဲ–အဝိဇ္ဇာပစ္စယာ သင်္ခါရာဘဲ။ ထိုသူသေသွားတော့ အဝိဇ္ဇာမှောင်ချခြင်းကြောင့် ပဋိသန္ဓေစသော ဝဋ်ဒုက္ခကိုမမြင်ဘဲမျက်လုံးပြာသွားဟန်တူတယ်။ တဏှာကအပြစ်မမြင်လို့ သစ်ပင်စောင့်နတ် ဖြစ်ချင်လှချည့်ရဲ့လို့ ပူဆာတာနဲ့ ထိုလက်ညှိုးညွှန်တဲ့ ကုသိုလ်ကံသင်္ခါရကလေးက သွားရောဟယ်လို့ ဒေဝဂတိ-တောထဲသို့ ပစ်ချလိုက်သတဲ့။ ဒါကတော့ သင်္ခါရပစ္စယာ ဝိညာဏံဘဲ။ အဝိဇ္ဇာ၊ တဏှာ၊ ကံသင်္ခါရ–သူတို့သုံးဦးလက်ချက်နဲ့ဘဲ ဒေဝဂတိမှာ လက်ဦးဆုံး ပဋိသန္ဓေကြီးနဲ့ဆောင့်မိလို့နန္ဒင်း–ဆေးဒါန်း လိမ်းထားသလို ရွှေလက်ညှိုး ဝါဝါနဲ့ နတ်ကြီး ဖြစ်သွားတယ်။ နောက်လဲ အိုဘေး သေဘေးနှင့် ဆောင့်မိဦးမဲ့နတ်ကြီးပါဘဲ။ အဲဒီလို ဘာမျှမဆိုလောက်တဲ့ ကုသိုလ်ငယ်ကလေးကိုသော်လဲ ဘယ်လို အကျိုးပေးနိုင်မှာလဲလို့ မထီမဲ့မြင်မပြုရဘူး။ သတိရှိကြရမယ်လို့ မြတ်စွာဘုရား ဆုံးမတော်မူတယ်။

မာဝ မညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒ-ဗိန္ဒု-နိပါတေန၊ ဥဒ-ကုမ္ဘောပိ ပူရတိ။
ပူရတိ ဓီရော ပုညဿ၊ ထောကံထောကံပိ အာစိနံ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပုညဿ၊ ကုသိုလ်ကောင်းမှုကို။ မန္တံ၊ အနည်းငယ်သည်။ န အာဂမိဿတိ၊ ဘယ်လိုအကျိုးပေးနိုင်အံ့နည်းဟု။ မာဝမညေထ၊ မအောက်မေ့ရာ။ ဥဒ-ဗိန္ဒု-နိပါတေန၊ ရေတပေါက် တပေါက်မျှ ကျခြင်းဖြင့်။ ဥဒ-ကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိ၊ ချိုးနိုင်သုံးနိုင်အောင်ပြည့်လျှံ၏။ ဧဝံ၊ ဤအတူ။ ထောကံထောကံပိ၊ အနည်းငယ်မျှအနည်းငယ်မျှ ကုသိုလ်ကိုလည်း။ အာစိနံ၊ ဆည်ပူးသည်ရှိသော်။ ဓီရော၊ ပညာရှိသည်။ ပုညဿ၊ ကုသိုလ်ကောင်းမှုဖြင့်။ ပူရတိ၊ ဒေဝဂတိ ရိက္ခာပြည့်လျှံ၏။

ဒီပဋိစ္စသမုပ္ပါဒ်နည်းမှာဆိုလိုရင်းကတော့-ကုသိုလ်ဖြစ်စေ၊အကုသိုလ်ဖြစ်စေ ကံ သင်္ခါရဆိုတာ အဝိဇ္ဇာမှောင်ကြီးထဲမှာ တဏှာလက်ညှိုးညွှန်ရာသို့ ပဋိသန္ဓေ ဝိညာဏ်ဖြစ်အောင် ပစ်ချတာချည်းဘဲ၊ ပစ်ချမဲ့ ပဋိသန္ဓေဝိညာဏ်ကို သဘော မကျလျှင်တော့ လက်မလွှန့်ခင် ကံ သင်္ခါရကိုပြုပြင်ပြောင်းလွှဲရတယ်။ ပြောင်းလွှဲ ပုံကတော့ နည်းယူစရာဘဲ။

သီဟိုဠ်ကျွန်းမှာ-သောဏ မထေရ်၏ ဘခင်ကြီးဟာ တသက်လုံး မုဆိုးကြီး လုပ်နေတယ်။ အသက်ကြီးလို့ အမဲမလိုက်နိုင်တော့မှ မထေရ်မြတ်ထံ ကိုရင်ကြီး လာဝတ် နေတယ်။ တနေ့၌ ရောဂါနှိပ်စက်လို့ သေခါနီးကျတော့ လက်ပံပင်၊ ခွေးနက်ကြီးစသော နိရယဂတိ-ငရဲနိမိတ်တွေ ထင်လာသတဲ့။ ဒီတော့ချစ်သား သောဏ—လာပါဦး။ငါ့ကိုလူမဲကြီးတွေ၊ခွေးနက်ကြီးတွေ လာဆွဲတယ်။ ကယ်ပါ ဦးလို့ပြောသတဲ့။မထေရ်မြတ်က ငါ့ဘခင်သည် အပါယ်ငရဲကေန်ကျတော့မှာဘဲ၊ ငါကဲ့သို့သောသူရှိလျက် ငါ့ဘခင် ငရဲကျရမလားလို့ ပန်း၊ ဆီမီး၊ ရေချမ်းတွေကို ယူဆောင်စေ၍ ကိုရင်ကြီး........ ဒီပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်ပါ။ တပည့်တော်၏ လှူဖွဲ့ လက်ဆောင်ကို အလှူခံတော်မူပါ ဘုရားဟု လျှောက်ရမယ်လို့ သင်ပေးသတဲ့။

ဒီလို ပူဇော်လိုက်ပြီး အတော်ကလေးကြာတော့ ငရဲ နိမိတ်တွေ ပျောက် သွားပြီး နတ်သမီး၊နတ်ဗိမာန်စသော ဒေဝဂတိ နိမိတ်တွေ ထင်လာသတဲ့။ အချို့ နတ်သမီးကလေးတွေက ခြေရင်းမှာ ခစားလို့ စကားပြောလို့ နေကြသတဲ့။ ဒီတော့ သူ့သားမထေရ်ကို သတိရပြီး ချစ်သား သောဏ၊ ချစ်သား သောဏလို့ လှမ်းခေါ် သတဲ့။ ဘာဖြစ်လို့လဲ ကိုရင်ကြီးလို့ မေးတော့-အသင်ဒီမှာ မနေနှင့်၊တခြားသွား၊ ဝေးဝေး သွားနေစမ်းပါလို့ ဆိုသတဲ့။ ဘာဖြစ်လို့လဲလို့ မေးတော့-အသင့်မိထွေး လောင်းကလေးတွေ ရောက်နေကုန်ပြီလို့ ဆိုသတဲ့။ (ငိုအားထက် ရယ်အားသန် စရာမဟုတ်လား။) ဒီတော့မှ မထေရ်မြတ်က ငါ့ဘခင်အပါယ်မှကေန်လွတ်ပြီလို့ ဝမ်းမြောက် တော်မူရသတဲ့။

ဒီမှာ လူနာကလဲ သတိကောင်းသေးတယ်။အဝိဇ္ဇာ မှောင်ချတာလဲ မသေချာ သေးလို့ တဏှာမလိုချင်သေးတာဘဲ၊ ရောဂါတို့၊လို့ သတိများ လစ်နေလျှင်တော့ ငရဲမီးကို ရွှေဗိမာန်ထင်ပြီး၊ခွေးနက်ကြီးတွေကိုလဲစီးတော်ဆင်ထင်ပြီး တဏှာက ဖြစ်ချင်တယ်လို့ ညွှန်မှာပါဘဲ။ ဒီလိုအဝိဇ္ဇာ မသေချာသေးလို့ လက်မလွှန်မီ ကံ သင်္ခါရကို ပြုပြင်ပေးလိုက်တော့ ပဋိသန္ဓေ ဝိညာဏ်လဲ ပြောင်းလွှဲ သွားတာဘဲ။ ဒီလို ပြောင်းလွှဲသွားပေမဲ့ အဝိဇ္ဇာလက်ချက်မှတော့ မလွတ်ဘူး။ ယခုလောက်ရှိ လျှင် ဇာတိဒုက္ခနဲ့ ဆောင့်မိပြီးရော့မယ်။ နောက်လဲဇရာမရဏနှင့် ဆောင့်မိ ဦးမှာ ကိန်းသေပါဘဲ။

အဝိဇ္ဇာ တဏှာတို့သာ မကူလျှင် ဒီကံသင်္ခါရဟာ သံသရာထဲမှာ ဘာမျှ မလုပ်တတ်ဘူး။ အဝိဇ္ဇာကို အဘေရင်း၊ တဏှာကို အမေရင်းလို့ အမြဲအားကိုးတယ်။ သည်တော့ အလွယ်နည်းနဲ့ဆိုလိုက်ရလျှင် အဘေရင်း၊ အမေရင်းကို သတ်ပစ်ကြ။ အဘေရင်း၊ အမေရင်း သေသွားလျှင် ချမ်းသာ သုခကြီးတော့ ကိန်းသေဘဲလို့ မှတ်ရမယ်။

လက်ထက်တော်က လကုဏ္ဍကဘဒ္ဒိယဆိုတဲ့ ကိုယ်တော်ကို ကြည့်ကြရမယ်။ ခန္ဓာကိုယ်ကသေးသေးကလေး၊ မြင်သူတိုင်းက ကိုယ်ရင်ငယ်ကလေးလို့မှတ်ထင်ကြတယ်။ တနေ့၌ တောနေရဟန်းများ ဘုရားဖူးလာကြတော့ ကျောင်းတော်အနီးမှာ ထိုကိုယ်တော်ကလေးနဲ့ တွေ့ပြီးမှ ဘုရားထံ ဝင်သွားကြတယ်။ မြတ်စွာဘုရားက ချစ်သားတို့……ကျောင်းအောက်နားမှာ မထေရ်ကြီးတပါး တွေ့ခဲ့ကြသလားလို့ မေးသတဲ့။ မတွေ့ပါဘုရား။ ကိုရင်ငယ်ကလေး တပါးကိုသာ တွေ့ခဲ့ကြပါတယ်လို့ လျှောက်ကြသတဲ့။ ချစ်သားတို့……သင်တို့တွေ့ခဲ့တာ ကိုရင်ငယ်ကလေး မဟုတ်ဘူး၊ မထေရ်ကြီး တပါးဖြစ်တယ်လို့ မိန့်တော်မူသတဲ့။ ခန္ဓာကိုယ် ငယ်ငယ်ကလေး ပါ ဘုရားလို့ လျှောက်တော့ ချစ်သားတို့……ဆံဖြူသွားကျိုးမှ မထေရ်ကြီးလို့ မှတ်ကြသလား၊ သစ္စာလေးပါးသိ၍ ဒုက္ခကင်းလျှင် မထေရ်ကြီးဖြစ်တယ်။ ဒီမထေရ်ကြီးဟာ မိဘနှစ်ဦးကိုသတ်ပစ်ပြီးကတဲက ဒုက္ခတွေကင်းသွားတယ်လို့မိန့်တော်မူသတဲ့။ ဒီတော့ တောနေ ရဟန်းတွေဟာ တပါးကိုတပါးကြည့်ပြီး သံသယဖြစ်ကြတာနဲ့၊ ဘယ်လို အမိန့်တော်မြတ်ကို သိရမှာပါလဲဘုရားလို့ လျှောက်ကြသတဲ့။ ဒီတော့ မြတ်စွာဘုရားက ဒီလိုဂါထာတပုဒ်ကို ဟောပြတော်မူသတဲ့။

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မာတရံ၊ အမိကို။ ပိတရံ၊ အဘကို။ ဟန္တွာ၊ သတ်၍။ ရာဇာနော ဒွေ စ ခတ္တိယေ၊ အများဆည်းကပ်ရာ–မင်းကြီးနှစ်ဦးကိုလည်း။ ဟန္တွာ၊ သတ်၍။ သာနုစရံ၊ အခွန်သိမ်းအမတ်နှင့် တကွသော။ ရဋ္ဌံ၊ ကျယ်ဝန်းသောတိုင်းပြည်ကြီးကို။ ဟန္တွာ၊ ဖျက်ဆီး၍။ အနီဃော၊ ဆင်းရဲဒုက္ခမှ လွတ်သော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ယာတိ၊ သွား၏။

ဒါကတော့ ဓိက်သည်ကိုမသိ၍ ပေးသောအနက်၊ ထင်ရှားစွာဖွင့်ဆိုသောအနက်၊ ပရပက္ခဖြစ်တယ်။ ဆိုလိုရင်း မဟုတ်သေးဘူး။ စိတ်၌ထားသောအနက် မဟုတ်သေးဘူး။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မာတရံ၊ အမိပမာဖြစ်စေသောတဏှာကိုရင်း။ ပိတရံ၊ အဘပမာပင်ရင်းမှောင်အဝိဇ္ဇာကိုရင်း။ ဟန္တွာ၊ တဖန်မဖြစ်နိုင်အောင် သတ်ဖြတ်၍။ ရာဇာနောဒွေစခတ္တိယေ၊ သတ္တဝါတိုင်း ခစားရတဲ့ ဘုရင်အလား၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကိုရင်း။ ဟန္တွာ၊ သတ်ဖြတ်၍။ သာနုစရံ၊ အခွန်သိမ်း အမတ်ကြီး နန္ဒီရာဂနှင့်တကွသော။ ရဋ္ဌံ၊ တိုင်းဝန်းကျယ်အလား၊ အပြန့်ကျယ်သော အာယတန ၁၂-ပါးကို။ ဟန္တွာ၊ ဖျက်ဆီး၍။ အနီဃော၊ သံသရာဒုက္ခမရှိသော။ ဗြာဟ္မဏော၊ မကောင်းမှုအပပြုပြီးသော ရဟန္တာ အရှင်မြတ်သည်။ ယာတိ၊ နိဗ္ဗာန် နတ်ကွန်း ခေမာကျွန်းသို့ ကြွယွန်းတော်မူလေ၏။

ဒါကတော့ ဝှက်သည်ကိုသိ၍ပေးသောအနက်၊ မထင်ရှားစေဘဲဆိုသူ၏ စိတ်၌ ထားသောအနက်၊ သကပက္ခဖြစ်တယ်။ ဆိုလိုရင်း အနက်ဖြစ်တယ်။

ဒီဂါထာဖြင့် ချစ်သားတို့……အင်တို့လဲဗာသံသရာလုံးဦးစီးနေတဲ့ အမိရင်း၊ အဘရင်းကို သတ်ပစ်ကြလေ့။ ယခုဘဝခေတ္တဆုံတွေ့တဲ့ မိဘကိုတော့ လက်ဖျားနှင့်တောင် မတို့ကြနှင့်လို့ ဆုံးမလိုက်တယ်။ သည်တော့ ထိုတောနေရဟန်းတွေအားလုံးမိဘသတ်ပြီး မဂ်ဖိုလ် ရကြသတဲ့။

ယခုတကာ၊ တကာမတရားနာပရိတ်တွေကို ''သင်တို့ခွေးများ မဖြစ်ချင်ကြဘူလား''လို့မေးလိုက်လျှင် တယ်စကား ရိုင်းလှပါတကားရယ်လို့ နှလုံးနာသွားကြလိမ့်မယ်။ မနာကြနှင့်၊ မိရင်း၊ ဘရင်းတို့က မနိုင်သေးလို့ မဖြစ်ချင်သေးပါဘူးလို့သာ ပြန်ဖြေကြရမယ်။ ဘာကြောင့်လဲ၊ သူဌေးသား ဃောသကကို ကြည့်ရမယ်။ ခရီးသွားစဉ် ရိက္ခာပြတ်ပြီးငတ်မွတ်တဲ့ ဒုက္ခတွေတွေ့တာနဲ့ နွားကျောင်းသားရွာက ခွေးကြီးတွေကိုမြင်တော့ ငါတို့မှာ လူ့ဘဝရပေမဲ့ ဒီခွေးကြီးတွေဖြစ်သလောက်မျှမကောင်းဘူး၊ ဒီခွေးကြီးတွေလို ဖြစ်ချင်စမ်းပါဘိတော့တယ်လို့ အဝိဇ္ဇာဘခင်ချပေးတဲ့ မှောဇ်ထဲမှာ တဏှာ မိခင်စေနိုင်းတဲ့ အတိုင်း ပြောဆိုလိုက်တယ်။ နောက်တော့နွားကျောင်းသားတွေ ကျွေးမွေးကြတာကို ဆာဆာနဲ့ အစားလွန်ပြီးအစာမကျေနိုင်လို့ သေသွားတော့ ခွေးမကြီးဝမ်းထဲရောက်ပြီး ခွေးကလေးသွားဖြစ်ရတယ်။ ဒီလို ခွေးဖြစ်ချင်ရတာ ဘယ်သူကစေနိုင်းတယ်ဆိုတာ ရိပ်မိလောက်ပေပြီ။ အဝိဇ္ဇာ တဏှာဆိုတဲ့ မိဘ နှစ်ဦးက ခွေးဘဝ အပြစ်မမြင်အောင် မှောင်ချပြီး စေနိုင်းတယ်မဟုတ်လား။ တောသားတွေလဲ မြို့ကြီးများရောက်လျှင် သတိထား။ ကားပေါ်မှာ ဗိုလ်ခွေးတွေကိုမြင်လျှင် ကားစီးချင်တတ်ကြတယ်။

ထို့ကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်အောင် စီမံပေးတဲ့ အဝိဇ္ဇာ၊ တဏှာ-မိဘနှစ်ဦးကို ဝိပဿနာဉာဏ် လက်စွဲလျက် လကုဏ္ဍက ဘဒ္ဒိယ ကိုယ်တော်ကလေး သတ်သလို အမြစ်ပြတ်အောင် မိရင်း၊ ဘရင်းကို သတ်နိုင်ကြပါ စေကုန်သတည်း။

# (၁၁) နာမ်ရုပ်၊ သဠာယတနဖြင့် မျက်နှာကြီးတရားစာ။

ဝိညာဏပစ္စယာ နာမရူပံ။ ဝိညာဏ ပစ္စယာ၊ ဝိညာဏ်ဟူသောအကြောင်းကြောင့်။ နာမရူပံ၊ နာမ်သည်၎င်း၊ ရုပ်သည်၎င်း၊ နာမ်ရုပ်သည်၎င်း။ သမ္ဘဝတိ၊ ဖြစ်၏။ ။ဒီလိုဟောတဲ့နေရာမှာ ဝိညာဏ်ဆိုတာ-ပဋိသန္ဓေစိတ် ၁၉-ခု။ပဝတ္တိအခါ လောကီဝိပါက်စိတ် ၃၂-ခုဖြစ်တယ်။ ၎င်းတို့ကို သဟဇာတဝိညာဏ်ဟူ၍၎င်း၊ဝိပါက်ဝိညာဏ်ဟူ၍၎င်းခေါ်တယ်။ ။လောကီကုသိုလ်စိတ် ၁၇-ခု၊ အကုသိုလ်စိတ် ၁၂-ခုလဲ ဝိညာဏ်မည်သေးတယ်။ ၎င်းတို့ကို အဘိသင်္ခါရဝိညာဏ် ၂၉-ခုဟူ၍၎င်း၊ ကံဝိညာဏ် ၂၉-ခုဟူ၍၎င်းခေါ်တယ်။ (ကမ္မဘဝ၌ ဘဝဂ္ဂ မိကံ ၂၉-ခုဟု ဆိုသတ္တံ့)။ ။ဝိပါက်ဝိညာဏ်၊ ကံဝိညာဏ်-ဟု ဝိညာဏ်နှစ်မျိုးကိုပြတယ်။

နာမ်ရုပ်ဆိုတာကတော့-စေတသိတ်သည် နာမ်မည်၏။ ကမ္မဇရုပ်သည် ရုပ်မည်၏။ တနည်း-အရူပလေးဘုံ၌ဝိပါက် ဝိညာဏ်နှင့် ယှဉ်သောစေတသိတ်သည် နာမ်မည်၏။ အသညသတ်ဘုံ၌ကံဝိညာဏ်ကြောင့်ဖြစ်သောကမ္မဇရုပ်သည်ရုပ်မည်၏။ ကြွင်းသော ပဉ္စဝေါကာရ ၂၆-ဘုံတို့၌ ဝိပါက်ဝိညာဏ်နှင့်တကွဖြစ်သော စေတသိတ်နှင့် ကမ္မဇရုပ်သည်နာမ်ရုပ်မည်၏။ ဒီလိုအမည်ရတဲ့ နာမ်ရယ်၊ ရုပ်ရယ်၊ နာမ်ရုပ်ရယ်-သုံးမျိုးလုံးကိုပေါင်းပြီး နာမ်ရုပ်လို့ခေါ်တယ်။ အဲဒါပဋိသန္ဓေနေရာမှာ ချော်လဲလို့နာမ်တွေ၊ ရုပ်တွေပူးရောင်လာတာဘဲ။ တနည်း-မျက်လှည့်ရုံကြီး ၃၁-ခုမှာ မျက်လှည့်ပြတဲ့ အရုပ်မျိုးစုံတွေဖြစ်တာဘဲတဲ့။

ဒီနေရာမှာ စိတ်နာမ်ကိုတော့ အကြောင်းဝိညာဏ် ဖြစ်သောကြောင့် အကျိုးနာမ်၌ မယူရဘူး။ နိဗ္ဗာန်နာမ်ကိုလဲ အကြောင်းကင်းသောလောကုတ္တရာ ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်၌ မယူရဘူး။ အဘိဓမ္မာဘာဇနီယ နည်းမှာတော့-စိတ်တခု ယုတ်ကိုးဆယ်လုံး ဝိညာဏ်မည်တယ်။ စေတသိက် ၅၂-ပညာသလုံး-နာမ်မည်တယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ-အကြောင်းလေးပါးကြောင့်ဖြစ်သော စတုဇရုပ်အားလုံး-ရုပ်မည်တယ်လို့ ဟောသတဲ့။

ကျေးဇူးပြုပုံကတော့-အရူပလေးဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်၊ ပဝတ္တိအခါ ဝိပါက်စိတ်သည် တကွ ဖြစ်သော စေတသိတ်အား သဟဇာတ သတ္တိစသည်ဖြင့် ကျေးဇူးပြုသတဲ့။

[ပဋ္ဌာန်းနည်း နားမလယ်၍ ပျင်းစရာဟု စိတ်မတွန့်ကြနှင့်၊ နာကြားရခဲ့သော ဘုရားစကားတော်ဟု အာရုံပြုကြလော့။ လင်းနို့သားငါးရာ-မဒိဘဲ နားထောင်သောကုသိုလ်ဖြင့် နတ်ဖြစ်ခြင်း၊ နောက်၌ အဘိဓမ္မာနားလယ်၍ ရဟန္တာ ဖြစ်ခြင်းတို့ကို အားကျကြလော့။]

ပဋ္ဌာနဝေါဟာရ ၂၆-ဘုံ၌ ပဋိသန္ဓေစိတ်၊ ပဝတ္တိဝိပါက်စိတ်သည် တကွဖြစ်သော စေတသိက်နှင့် ကမ္မဇရုပ်အား သဟဇာတ သတ္တိစသည်ဖြင့် ကျေးဇူးပြုသတဲ့။

အသညသတ်ဘုံမှာတော့ အတိတ် ရူပပဥ္စမဈာန်ကုသိုလ်-ကံဝိညာဏ်သည် အသညသတ် ကမ္မဇရုပ်အား သုတ္တန်ပကတူပနိဿယ မျိုးဖြင့် ကျေးဇူးပြုသတဲ့။

ပဋ္ဌာနဝေါဟာရ ၂၆-ဘုံ၌ အတိတ်ကာမကုသိုလ်၊ အကုသိုလ်၊ ရူပကုသိုလ်-ကံဝိညာဏ်သည် ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့အား သုတ္တန်ပကတူပနိဿယ မျိုးဖြင့် ကျေးဇူးပြုသတဲ့။

ပဝတ္တိဝိပါက်ဝိညာဏ်အားလုံးသည် တကွ ဖြစ်သော နာမ်ရုပ်အား သဟဇာတ သတ္တိစသည်ဖြင့် ကျေးဇူးပြုသတဲ့။ ဤသို့ ပဋ္ဌာန်းနည်းကျေးဇူးဖြစ်ပုံကို ဆင်ခြင်၍ အကြောင်းမကင်းသော တေဘူမက နာမ်ရုပ်သာဖြစ်သည်။ ငါ၊ သူတပါး-မဖြစ်ဟု ရှုလျှင် ရှုနိုင်သောတရားပင် ဖြစ်သတဲ့။

စေတသိက်နာမ်တို့ကို စိတ္တာနုပရိဝတ္တိနော ဓမ္မာ-စိတ်၏ နောက်သို့ လိုက်၍ ဖြစ်သော တရားတို့ဟူ၍၎င်း၊ မနော ပုဗ္ဗင်္ဂမာဓမ္မာ-စိတ်ရှေ့သွားရှိသော တရားတို့ဟူ၍၎င်း၊ ဟောသောကြောင့် ဝိညာဏ်ကြောင့် စေတသိက်နာမ်ဖြစ်ခြင်းကိုသိသာတယ်။ စိတ်ကြည်လျှင် ရုပ်ကြည်သည်ကို၎င်း၊ စိတ်မကြည်လျှင် ရုပ်မကြည်သည်ကို၎င်း- မျက်မြင်ဒိဋ္ဌ ဖြစ်သောကြောင့် ဝိညာဏ်ကြောင့် စိတ္တဇရုပ်ဖြစ်ခြင်းကိုလည်း သိသာတယ်။ မြင်ရသော စိတ္တဇရုပ်ကို ထောက်စာသောအားဖြင့် မမြင်ရသော ကမ္မဇရုပ်ကိုလည်း ဝိညာဏ်ကြောင့်ပင် ဖြစ်သည်ဟု သိရမတဲ့။ မြစ်ထဲမှာရေကြီးလို့ ရေကျတာတွေ မြင်ရလျှင် မြစ်ဖျားမှာ မိုးရွာပြီဟု ထောက်စာ၍ သိရသကဲ့သို့ ဘဲတဲ့။ ဒီလိုနေရာမျိုးမှာ မြင်မှယုံမယ်ဆိုလျှင် လူညံ့ဖြစ်နိုင်တယ်။

စိတ်ကြည်လျှင် ရုပ်ကြည်သည်ဆိုတဲ့နေရာမှာ အကြောင်းကတော့လူတို့၏နှလုံးအိမ်အတွင်း၌ ပုန်းညက်စေ့ခန့်တွင်းငယ်ရှိသတဲ့။ တွင်းငယ်၌တလက်ဖက်၏ထက်ဝက်ခန့်သွေးတည်သတဲ့။ ထိုသွေးကိုမှီ၍ ဟဒယဝတ္ထုရုပ်ဖြစ်သတဲ့။ မနောဓာတ်၊ မနောဝိညာဏဓာတ်ဟူသော စိတ်တို့သည် ဟဒယဝတ္ထုသွေး၌မှီ၍ဖြစ်သတဲ့။ စိတ်နှင့်အတူ စေတသိက်တို့လည်း မှီ၍ ဖြစ်ကြသတဲ့။ ရာဂစိတ် တို့ဖြစ်တဲ့အခါ ထိုသွေးသည် နီနီစပ်စပ်ဖြစ်တယ်။ ဒေါသတို့ဖြစ်တဲ့အခါ မဲနက်တယ်။ မောဟတို့ဖြစ်တဲ့အခါ အသားဆေးရည် အဆင်းရှိတယ်။ ဝိတက်တို့ ဖြစ်တဲ့အခါ ပဲပြုတ်ရည်အဆင်းရှိတယ်။ သဒ္ဓါတရားတို့ဖြစ်တဲ့အခါ မဟာလှေခါးပန်းအဆင်းဝါဝင်းတယ်။ ပညာတရားတို့ဖြစ်တဲ့အခါ ကြည်လင်၍အရောင်ထွက်တယ်။ ထိုသွေးတို့ဟာပုန်းညက်တွင်းပြည့်လျှံပြီးလျှင် တကိုယ်လုံးပြန့်သွားသတဲ့။ ဒါကြောင့်ရာဂဖြစ်လျှင် တကိုယ်လုံး အသားနီစပ်စပ်၊ ဒေါသဖြစ်လျှင်ညိုညိုမဲမဲ၊ အချို့နှလုံးကွဲသတဲ့။ သဒ္ဓါပညာဖြစ်လျှင်ရုပ်ကြည်လင်တယ်၊ လွန်စွာ သဒ္ဓါပညာဖြစ်သော အနာထပိဏ် သူဌေးကြီးမှာတော့ ညဉ့်

မှောင်ထဲ ဘုရားဖူးအသွားတွင် အရောင်အဝါထွန်းပေါင်းစွာ ပြင်ပသို့ ထွက်လာသတဲ့။

ဒီလို ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်တယ်လို့ ဟောတော်မူတာကို ကြားနာရသောပညာရှိတို့က ဒီလိုဆင်ခြင်ကြသတဲ့။ ဝိညာဏ်ကြောင့်ပုဂ္ဂိုလ်၊သတ္တဝါ ဖြဟ္မာ၊ နတ်၊လူ၊ငါ၊သူတပါး-ဖြစ်ခြင်းမထင်ရှားပါတကား။ ပရမတ်နာမ်နှင့် ရုပ်သာ ဖြစ်ခြင်းထင်ရှားလေစွတကားလို့ ဆင်ခြင်ကြသတဲ့။

ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးထဲမှာ ဘယ်အင်္ဂါကိုဖောက်၍သံသရာမှထွက်နိုင်သလဲလို့မေးလျှင်-မူလနှစ်ပါးဖြတ်မှဟူ၍၎င်း၊ ဝေဒနာကြောင့် တဏှာနေရာမှာ တဏှာကိုမဖြစ်အောင် ချုပ်စေခြင်းကြောင့်ဟူ၍၎င်း-ဟောတော်မူတယ်။ သို့ပေမဲ့ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်လုံးမင် နိဗ္ဗာန်ဝင်ရန်လမ်းပေါက် ၈၄၀၀၀ ဖြစ်တယ်။ ထို့ကြောင့် ဘယ်အင်္ဂါမဆိုအဝိဇ္ဇာတဏှာမသချင် နိဗ္ဗာန်ဝင်ပေါက် ၁၂–ပေါက်ဖြစ်တာဘဲလို့ မှတ်ရမယ်။

ဒါကြောင့် ဒီ နာမ်ရုပ်မှာ တဏှာသတ်ပြီး ထွက်လမ်း ဖောက်ကြရအောင် ဝိညာဏ်ကိုလဲ နာမ်ထဲထည့်ကြရမည်။ ဒီတော့ နာမ်ဟူသာလေးပါး ဖြစ်သွားပြီ။ ထိုနာမ်ဆိုတာဝဏ္ဏ၊အာရုံပေါင်းဆုံတဲ့အခါဖြစ်တယ်။ အာရုံကိုစိတ်ကူး၍အာရုံသို့ ညွတ်လျက်ဖြစ်တယ်။ အာရုံကိုညွတ်တတ်သောကြောင့်နာမ်မည်တယ်လို့မှတ်ရမယ်။ ရုပ် ဆိုတာကတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော-ဆိုတဲ့ မဟာဘုတ် လေးပါးက အချင်းချင်း မှီ၍ ဖြစ်တယ်။ စက္ခု၊ သောတ စသော ဥပါဒါရုပ် ၂၄-ပါးက မဟာဘုတ်လေးပါးကိုမှီ၍ ဖြစ်တယ်။ ပူခြင်း ချမ်းခြင်းစသည်ကြောင့် သွင်မတူပြောင်းလွဲဖောက်လဲဖောက်ပြန်ဖြစ်တတ်တယ်။ ပူတမျိုး၊အေးတမျိုး ဖောက်ပြန်တယ်။ စားရတမျိုး၊မစားရတမျိုးဖောက်ပြန်တယ်၊ စိတ်ချမ်းသာတမျိုး၊ စိတ်ညစ်တမျိုးဖောက်ပြန်တယ်။ ဥဂ္ဂရခြောက်ပါးတွင် တဥဂ္ဂါရတမျိုးမဖောက်ပြန်ဘူး။ ဖြူမဲ၊ပူအေး၊ဖြောင့်ကွေး၊ ပိန်ထွား၊ ချို ခါး၊ မွှေး နံ့-ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်တယ်လို့မှတ်ရမယ်။

အဆင်းတခုကိုမြင်ရတဲ့အခါ အထူးမှတ်ရအောင်ခွဲခြားပြလိုက်ဦးမယ်။ အဆင်းနှင့်မျက်စိသည်ဥပါဒါရုပ်မည်တယ်။ မဟာဘုတ်လေးပါးကို မှီ၍ဖြစ်တယ်။ ဤဥပါဒါရုပ်နှင့်မဟာဘုတ်သည် ဖောက်ပြန်သောရုပ်အစုဖြစ်သည်ဟုမှတ်ရမယ်။ ထိုအဆင်းကို ကောင်းကောင်း ဆိုးဆိုး—ဝမ်းသာလျက်၊ ဝမ်းနည်းလျက် မထွေးမစွန့်နိုင်ဘဲ စားမြုံ့ပြန်လျက် မြိန်ရှက်စွာ ခံစားခြင်းသည် ဝေဒနာ။ မမေ့နိုင်အောင် မှတ်ထားခြင်းသည်သညာ။ကြံစည်၊နှစ်သက်၊အမျက်ထွက်ခြင်းစသည်သည်သင်္ခါရ။ သိခြင်းသည်ဝိညာဏ်။ ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် အာရုံသို့ညွတ်တတ်သော နာမ်အစုဖြစ်သည်ဟု မှတ်ရမယ်။ ၎င်းတို့အပြင် ငါ၊ သူတပါး၊

ယောကျ်ား မိန်းမ-မရှိတော့ဘူး။ ထိုကြောင့် အဆင်းမြင်ရာ၌လည်း ရုပ်အစု၊ နာမ်အစု။

ထိုအတူအသံကြားရာ၊ အနံ့ယူရာ၌လည်း ရုပ်အစု၊ နာမ်အစု။ အရသာစားရာ၊ အတွေ့ထိရာ၌လည်း ရုပ်အစု၊နာမ်အစု။လောဘဖြစ်ရာ၊ဒေါသဖြစ်ရာ၌လည်း ရုပ်အစု၊နာမ်အစု။သဒ္ဓါဖြစ်ရာ၊ပညာဖြစ်ရာ၌လည်းရုပ်အစု၊နာမ်အစု။ဝမ်းနည်းရာ၊ ဝမ်းသာရာ၌လည်း ရုပ်အစု၊နာမ်အစု။ချစ်ရာ၊မုန်းရာ၌လည်း ရုပ်အစု၊နာမ်အစု-၌သို့စသည်ဖြင့် နည်းယူ၍ နှလုံးသွင်းရမယ်။

လှည်းအိမ်၊ဝင်ရိုး၊လှည်ဘီး—စသောအပေါင်းကိုလှည်းဟုအခေါ်သာရှိသည်။ လှည်းဟု သီးခြားမရှိ။ ရုပ်အစု၊နာမ်အစုကို ယောကျ်ားကိုယ်ကောင်၊မိန်းမကိုယ်ကောင်ဟု အခေါ်သာရှိသည်။ ယောကျ်ား မိန်းမမရှိ။

တိုင်ထူ၊ နွယ်ပတ်၊ မြေညက်ကပ်၊ သက်ကယ်မိုးကို အိမ်ဟု အခေါ်သာရှိသည်။ တိုင်၊နွယ်၊မြေညက်၊သက်ကယ်မှတပါး အိမ်ဟု သီးခြားမရှိ။အရိုး—တိုင်သဘော၊ အကြော—ရစ်ပတ်၊ အသား—ကပ်မြှုပ်၊ အရေထူ ရေအပါး-အုပ်ထားသည်ကို ယောကျ်ားကိုယ်ကောင်၊မိန်းမကိုယ်ကောင်ဟုအခေါ်သာရှိသည်။အရိုး၊အကြော၊ အသား၊ အရေမှတပါး ယောကျ်ား မိန်းမ မရှိ။

အကြောင်းအားလျော်စွာနာမ်နှင့်ရုပ်-ဝဋ္ဋဒုက္ခသာဖြစ်သည်။ဝဋ္ဋဒုက္ခသာတည်သည်၊ ဝဋ္ဋဒုက္ခသာ ချုပ်သည်။ ဝဋ္ဋဒုက္ခမှတပါး ပုဂ္ဂိုလ်သတ္တဝါ မရှိ။

ခန္ဓာငါးတန်—အတ္တမှန်လျှင်၊ နာရန်—ကျင်ရန်မသင့်။ နာကျင်ဘို့မှုဖြစ်ပေါ်ကလည်း အတ္တမဆိုအား။ခန္ဓာငါးပါးကား နာသည်၊ကျင်သည်—အတ္တမဟုတ်။ အနတ္တ၊ အနတ္တ။

အရုပ်သစ်သား-ကြိုးတပ်ထား၍ သွားဟန်-လာဟန် လှုပ်ရှားသည်။ ရုပ်အစုအားနာမ်တွဲထားလည်းသွား။ဟန်၊လာဟန်လှုပ်ရှားသည်။သွားသူမရှိ၊လာသူမရှိ၊ လှုပ်ရှားသူမရှိ။

ရုပ်နာမ်နှစ်ခု—အချင်းချင်းမှီထားသော ကျူဝါးအစု။ တခုတိမ်းလျှင် အကုန်ယိမ်းသည်။

နာမ်ဟူသည် ဝတ္ထုအာရုံ တွေ့ကြုံခိုက်သာဖြစ်ပေါ်လာ၏။ ထွက်လာရာ၊ တည်နေရာ-ဘယ်မှာမျှမရှိ။

ကန်းသူက သွားချင်၊ မြင်သူကအကျိုး-ကျောတွင်ပိုး၍၊ အကျိုးညွှန်လမ်း၊ သွားပုံဆန်းသို့-ရုပ်ကန်း နာမ်ကျိုး—ကျောကပ်ပိုး၏၊ ကျောပိုးနာမ်ရုပ်—ငါမဟုတ်။

လူနှင့်လှေငယ်၊ ချင်းချင်းတွယ်လျက်—ဝဲလယ်သမုဒ်၊ စုန်ဆန်မြုပ်၏။ နာမ်နှင့်

ရုပ်ကား ချင်းချင်းအားနှီ—သံသာရှည်ဝဲ ဃရက်ဆွဲ၏။ ဃရက်ဆွဲနာမ်ရုပ်-ငါမဟုတ်။

ထန်းမြစ်ထက်ခြမ်း ရုပ်နာမ်ခြမ်းလျှင် စွဲလမ်းစရာ သူငါကွယ်ပြုတ် နာမ်နှင့်ရုပ်သာ-ငါမပါ။

ထက်ခြမ်းကွဲနာမ်ရုပ် မဟုတ်သူငါ-မြင်သောအခါ သက္ကာယဒိဋ္ဌိကွာ၏။ အတ္တဒိဋ္ဌိ အစွဲပြုတ်၏။ ကလျာဏပုထုဇဉ်ဖြစ်၏။ ထိုအခါ ဒုက္ခသစ္စာကိုမြင်၏။

ဤနာမ်နှင့်ဤရုပ်သည် အဝိဇ္ဇာ၊ တဏှာ၊ ကံ-စသောအကြောင်းကြောင့် အတိတ်၌ဖြစ်ပြီး၊ ပစ္စုပ္ပန်၌ဖြစ်ဆဲ၊ အနာဂတ်၌ ဖြစ်လတ္တံ့—ကာလသုံးပါးလုံး အကြောင်းအား လျော်စွာ အကျိုးနာမ်ရုပ်သာဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။ သူ့ကြောင့် ငါ့ကြောင့် ငါဖြစ်ပြီး၊ သူဖြစ်ပြီး—မရှိ။ ငါဖြစ်ဆဲ သူဖြစ်ဆဲမရှိ၊ ငါဖြစ်လတ္တံ့၊ သူဖြစ်လတ္တံ့မရှိ။ အကြောင်းမကင်းသော နာမ်ရုပ်အစုသာဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။ သူ့အကြောင်းနှင့်သူ ဖြစ်သောကြောင့် ငါ့အလိုသို့ လိုက်မည်မဟုတ်။

ဤသို့ကာလသုံးပါးလုံး နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းမိသောအခါ-ကာလသုံးပါးလုံး ယုံမှားခြင်း ၁၆—ပါး၊ ယုံမှားခြင်း ၈—ပါး ကင်းပျောက်၍ စူဠသောတာပန်အဖြစ်သို့ရောက်၏။ ထိုအခါ သမုဒယသစ္စာကိုမြင်၏။

ယခုအခါ သာသနာတွင်း၌ ဘယ်သူမဆို လူမှန်လျှင် ဤစူဠသောတာပန်အထိ ဖြစ်နိုင်သည်။ စူဠသောတာပန်မျှမဖြစ်လျှင် သာသနာတွင်း လူဖြစ်ကျိုးမနပ်။ သနားဘွယ်ကောင်းလေစွ။

ထိုမှတဆင့်တက်၍ သစ္စာလေးပါးကိုသိရမယ်။ အကြောင်းအားလျော်စွာဖြစ်သော အကျိုးနာမ်ရုပ်သည် ဆင်းရဲကေန် မဖောက်ပြန်သောကြောင့် ဒုက္ခသစ္စာမည်၏။ အကြောင်းဟူသမျှသည် ဆင်းရဲကြောင်း ကေန် မဖောက်ပြန်သောကြောင့် သမုဒယသစ္စာမည်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုနှလုံးသွင်းခြင်းသည် ဆင်းရဲကင်းရာသို့ ထွက်နိုင်ကြောင်း ကေန် မဖောက်ပြန်သောကြောင့် မဂ္ဂသစ္စာမည်၏။ ဒုက္ခမြင်သူတိုင်း စိတ်ဦးညွတ်စရာ-နာမ်ရုပ်မဖြစ်ရာ-အကြောင်းဝဋ်ပြတ်ရာ နိဗ္ဗာန်သည် ဆင်းရဲငြိမ်းကေန် မဖောက်ပြန်သောကြောင့် နိရောဓသစ္စာမည်၏။

ဤသို့ဆက်သွယ်၍ သစ္စာလေးပါးသိလျှင် မဂ်ဖိုလ်အထိရ၏။ မဂ်ဖိုလ်မရလျှင် သုဂတိမြဲ၏။ စူဠသောတာပန် ဖြစ်သည်မည်၏။ ဒါတွေဟာ ဗုဒ္ဓဘာသာ ဖြစ်သော လူတိုင်းသွားရမဲ့ ခရီးစဉ်တွေဖြစ်တယ်။ ထိုကြောင့် သူတော်ကောင်းတွေနဲ့သာဆိုင်တယ်၊ ငါ့နဲ့မဆိုင်ဘူးလို့မျှား မအောက်မေ့လိုက် ကြနှင့်။

ယုံမှား ၁၆-ပါးကား။ ။အတ္တဒိဋ္ဌိရှိသူတို့အားအတိတ်စွဲငါးပါး၊ အနာဂတ်စွဲ ငါးပါး၊ ပစ္စုပ္ပန်စွဲ ခြောက်ပါးဖြင့်တရူးထည်းရူး၍အစွဲ ၁၆-ပါးကပ်ကြတယ်။

အတိတ်၌ ငါဖြစ်ဘူးပြီလော၊ မဖြစ်ဘူးပြီလော၊ အဘယ်သို့သောသူ ဖြစ်ဘူးသနည်း။ အဘယ်ခြင်းရာဖြင့် ဖြစ်ဘူးသနည်း။ အဘယ်သူဖြစ်ပြီး၍ တဖန်အဘယ်သူ ဖြစ်ဘူးပြန်သနည်း—ဤသို့အတိတ်ခွဲ ငါးပါးစွဲတာကို အကြောင်းအားလျော်စွာ အကျိုးနာမ်ရုပ်သာ ဖြစ်ဘူးပြီ။ ငါဖြစ်ပြီးမရှိ၊ သူဖြစ်ပြီးမရှိဟု အကြောင်းသိသော ဉာဏ်ဖြင့် ချွတ်လွှဲရတယ်။

အနာဂတ်၌ ငါဖြစ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော၊ အဘယ်သို့သောသူ ဖြစ်မည်နည်း။ အဘယ်ခြင်းရာဖြင့် ဖြစ်မည်နည်း။ အဘယ်သူဖြစ်ပြီး၍ တဖန်အဘယ်သူ ဖြစ်ဦးမည်နည်း။ ဤသို့ အနာဂတ်ခွဲ ငါးပါးစွဲတာကိုလဲ အကြောင်းအားလျော်စွာ အကျိုး နာမ်ရုပ်သာ ဖြစ်လတ္တံ့။ ငါဖြစ်လတ္တံ့မရှိ-သူဖြစ်လတ္တံ့မရှိဟု အကြောင်းသိသော ဉာဏ်ဖြင့် ချွတ်လွှဲရတယ်။

ပစ္စုပ္ပန်၌ ငါသည်ယခု ငါဟုတ်သလော။ မဟုတ်သလော။ ကိုယ်တွင်းအတ္တ ငါသည် အဘယ်သို့သော သူဖြစ်သနည်း။ အဘယ်ခြင်းရာဖြင့် ဖြစ်သနည်း။ အဘယ်ဘဝမှလာခဲ့သနည်း။ အဘယ်ဘဝသို့ သွားဦးမည်နည်း-ဤသို့ ပစ္စုပ္ပန်ခွဲ ခြောက်ပါး စွဲတာကိုလဲ အကြောင်းအားလျော်စွာ အကျိုးနာမ်ရုပ်သာဖြစ်ဆဲ။ ငါဖြစ်ဆဲမရှိ။ သူဖြစ်ဆဲမရှိဟု အကြောင်းသိသော ဉာဏ်ဖြင့် ချွတ်လွှဲရတယ်။

ယုံမှားရှစ်ပါးကား။ ။ဘုရား၌၊ တရား၌၊ သံဃာ၌၊ သိက္ခာ၌ ယုံမှား၏။ (လေးပါး)။ ရှေးအစွန်း၌၊ နောက်အစွန်း၌၊ ရှေ့နောက်အစွန်း၌၊ ပဋိစ္စသမုပ္ပါဒ် တရား၌ယုံမှား၏။ (လေးပါး)။ ဤရှစ်ပါးတို့တွင်-

၁။ ဘုရား၌ ယုံမှားခြင်းကား တင့်တယ်သော ရူပကာယရှိ၊ မရှိ။ သဗ္ဗညုတ ဉာဏ်ရှိ၊ မရှိဟု ကိုယ်တော်၌ရင်း၊ ဂုဏ်တော်၌ရင်း-ယုံမှားသတဲ့။

၂။ တရားကား-မဂ်၊ ဖိုလ်၊ နိဗ္ဗာန်—ဟူသည် ရှိ၊ မရှိ။ ထွက်မြောက်ကြောင်း ဟုတ်၊ မဟုတ်ဟု ယုံမှားသတဲ့။

၃။ သံဃာ၌ကား-မဂ်ပုဂ္ဂိုလ် လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ် လေးယောက်ရှိ၊ မရှိ။ ကောင်းစွာ ကျင့်၊ မကျင့်။ ထိုသံဃာအား လှူလျှင်အကျိုးရှိ၊ မရှိဟု ယုံမှားသတဲ့။

၄။ သိက္ခာ၌ကား-သီလ၊ သမာဓိ၊ ပညာ-သိက္ခာသုံးပါး။ ဝါ၊ မဂ္ဂင်ရှစ်ပါး၌ ကျင့်လျှင် အကျိုးရှိ၊ မရှိဟုယုံမှားသတဲ့။

၅—၈။ ရှေ့အစွန်းစသည်တို့၌ကား-ရှေးဘဝရှိ၊ မရှိ။ နောက်ဘဝရှိ၊ မရှိ။ ရှေးဘဝ နောက်ဘဝ ရှိ၊ မရှိ။ အဝိဇ္ဇာစသော အကြောင်းဝဋ်၊ သင်္ခါရစသော အကျိုးဝဋ်ဟူသည်ရှိ၊ မရှိဟု ယုံမှားသတဲ့။

နာမ်ရုပ်တို့ကို အကြောင်းနှင့်တကွ သိလျှင် ဤယုံမှားခြင်း ရှစ်ပါးလဲ ကင်းပျောက်တယ်။ ဤဉာဏ်ဟာ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်၊

ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ်။ သမ္မာဒဿနဉာဏ်လဲ မည်တယ်။ အမည် ငါးပါးရတယ်။ ဤမှတက်၍ သမ္မသနဉာဏ်စသော ဝိပဿနာဉာဏ် ဆယ်ပါးဖြင့် အစဉ်အတိုင်း အားထုတ်သွားလျှင် သောတာပတ္တိ မဂ်ဖိုလ်သို့ ကိန်းသေရောက်နိုင်သတဲ့။

ဒီနည်းဖြင့် ဘယ်အင်္ဂါမဆို နာမ်နှင့်ရုပ် ဖြစ်အောင် ခွဲယူပြီး နိဗ္ဗာန်ဝင်ရန် လမ်းဖောက်နိုင်သတဲ့။

---

## "သဠာယတန"

နာမရူပပစ္စယာ သဠာယတနံ။ ။နာမရူပ ပစ္စယာ၊ နာမ်ရုပ် ဟူသော အကြောင်းကြောင့်။သဠာယတနံ၊ခြောက်ပါးသော အဇ္ဈတ္တိကာယတနနှင့် ဆဋ္ဌာယတနသည်။သမ္ဘဝတိ၊ဖြစ်၏။ ။ ဒီလိုဟောတဲ့နေရာမှာ နာမ်ရုပ် ဆိုတာ-စေတသိက် ခန္ဓာသုံးပါး။ ရုပ်ထဲက မဟာဘုတ်လေးပါး။ ဝတ္ထုရုပ်ခြောက်ပါး။ ဇီဝိတရုပ်၊အာဟာရ ရုပ်အားဖြင့် ရုပ် ၁၂-ပါးဖြစ်တယ်။ ဤမျှကိုနာမ်ရယ်၊ ရုပ်ရယ်၊ နာမ်ရုပ်ရယ်-ပေါင်းပြီး အကြောင်း နာမ်ရုပ်ဟု ခေါ်တယ်။

သဠာယတန ဆိုတာ-အရူပဘုံ၌ မနာယတန ဟူသော ဆဋ္ဌာယတန တပါး။ ရူပ ၁၅-ဘုံ၌စက္ခု၊သောတ၊မနာ-ဟူသော အာယတနသုံးပါး။ကာမ ၁၁-ဘုံ၌ စက္ခု၊သောတ၊ ဃာန၊ဇိဝှါ၊ ကာယ၊ မနာ-ဟူသော အာယတနခြောက်ပါး။ ဒီခြောက်ပါးသာ ဖြစ်တယ်။ ၁-ရယ်၊ ၃-ရယ်၊ ၆-ရယ်-ပေါင်း ၁၀-မဖြစ်စေနှင့်။ခြောက်သာဖြစ်စေရမယ်။ရူပါရုံ၊သဒ္ဒါရုံစသော ဗာဟိရာယတနခြောက်ပါးကိုတော့ တပြိုင်ထည်းရတာလဲမဟုတ်။တသန္တာန်ထည်းရတာလဲ မဟုတ်သောကြောင့် အကျိုးသဠာယတန၌ မယူရဘူးတဲ့။ ကျေးဇူးပြု ပုံကတော့........

၁။ စေတသိက် နာမ်သည် အာယတနခြောက်ပါးအား ပြိုင်တူ သဟဇာတသတ္တိ စသည်ဖြင့် ကျေးဇူးပြုသတဲ့။

၂။ ပဋိသန္ဓေစေတသိက်နာမ်သည် ပဉ္စာယတန ငါးပါးအား နောက်မှ ထောက်ပံ့သော ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသတဲ့။

၃။ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေ-မနာယတနအား သဟဇာတစသည်ဖြင့် ကျေးဇူးပြုသတဲ့။

၄။ မဟာဘုတ်လေးပါးသည်၎င်း။ဇီဝိတရုပ်သည်၎င်း။အာဟာရရုပ်သည်၎င်းပဝတ္တိပဋိသန္ဓေပဉ္စာယတနငါးပါးအားသဟဇာတစသည်ဖြင့်၎င်း၊ ရူပဇီဝိတိန္ဒြိယစသည်ဖြင့်၎င်း၊ အာဟာရ စသည်ဖြင့်၎င်း ကျေးဇူးပြုသတဲ့။

၅။ ပဉ္စပသာဒရုပ်သည် ပဉ္စဝိညာဏ် မနာယတနအား၊ ဟဒယဝတ္ထုသည် ကြွင်းမနာယတနအား နိဿယစသည်ဖြင့် ကျေးဇူးပြုသတဲ့။

၆။ ပဉ္စဝေါကာရပဋိသန္ဓေအခါနာမ်ခန္ဓာသုံးပါးနှင့် ဟဒယဝတ္ထုဟူသော နာမ်ရုပ်သည် မနာယတနအား သဟဇာတ စသည်ဖြင့် ကျေးဇူးပြုသတဲ့။
ရုပ၏အရ၌ ဗာဟိရာယတနကိုလဲယူလျှင် အလုံးစုံသော နာမ်ရုပ်သည်မနာယတနအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြု၏ ဟူ၍လည်း ကြံဘွယ်ရှိသတဲ့။

အာယတန ဖြစ်စဉ်ကတော့ အမိဝမ်း၌ ပဋိသန္ဓေနေသော ဂဗ္ဘသေယျ က လူသတ္တဝါတို့မှာ ကလလ ရေကြည် တည်စကပင် ကာယာယတန–မနာယတန နှစ်ပါးဖြစ်တယ်။ ရေကြည်ခုနစ်ရက်၊ အမြှုပ်ခုနစ်ရက်၊ သားတစ်ခုနစ်ရက်၊ တခဲ နက်ခုနစ်ရက်၊ ခက်မငါးဖြာခုနစ်ရက်၊ ၎င်းခက်မငါးဖြာ၏ ရင့်ခြင်းကတော့ ခုနစ်ရက်နှစ်လီအားဖြင့်၊သတ္တာဟခုနစ်လီ ၄၉–ရက်တွင် စက္ခုဖြစ်တယ်။ နောက် ခုနစ်ရက်တွင် သောတ၊နောက်ခုနစ်ရက် ဃာန၊နောက်ခုနစ်ရက်ဇိဝှါ ဖြစ်တယ်။ ၁၁–ခုမြောက် သတ္တာဟ ၇၇–ရက်တွင် အာယတန ၆–ပါးပြည့်စုံတယ်လို့ ဋီကာ ကျော်ဆရာဆိုသတဲ့။ မူလဋီကာဆရာကတော့ သတ္တာဟ ၁၁–လီ ၇၇–ရက်တွင်မှ စက္ခု၊သောတ၊ဃာန၊ဇိဝှါတို့ ဖြစ်ကြတယ်လို့ ဆိုသတဲ့။ သံသေဒဇ၊ ဩပပါတိက ပုဂ္ဂိုလ်တို့မှာတော့ ပဋိသန္ဓေကပင်အစ္ဈတ္တိကအာယတနခြောက်ပါးလုံးဖြစ်သတဲ့။ အဲဒါတွေဟာ သူကန်းလဲကျလို့ ဖူးရောင်ပြီး ပြည်ဥတဲ့ နေရာခြောက်ခုဘဲတဲ့။ ဝါ၊ မြေကောင်းရာ၌ ပေါက်သော ချုံသစ်ပင်တွေ ဘဲတဲ့။

ထိုတွင်သားတစ်မာတာတာလေးဖြစ်တာ တခဲနက် ခေါ်တယ်။ ဦးခေါင်း၊ခြေ၊ လက်အတွက် အဖုအတက် ကလေးငါးခု ထွက်တာ–ခက်မငါးဖြာ ခေါ်တယ်။ ထို နောက် ၄၂–သတ္တာဟ၌ဆံပင်၊မွေးညှင်း၊ ခြေသည်းလက်သည်း–စသည်တို့ပြည့်စုံ စွာဖြစ်၍ရက်ပေါင်း၂၉၄–ရက် ၉–လကျော်ဆယ်လတွင်ထိုသူငယ်ဘွားမြင်တယ်။ အမိဝမ်း၌နေစဉ် ထိုသူငယ်ဟာ အမိစားသော အစာဖြင့် မျှတသတဲ့။ ဒါကြောင့် အမိ အပူအစပ်စားလျှင် ထိုသူငယ်ဟာ ငရဲခံရသလို ပူတယ်။ စပ်တယ်။ ရေခဲများ စားလိုက်လျှင် လောကန္တရိက်ငရဲမှာ ခံရသလို နိုက်နိုက်တုန်အောင် ချမ်းသတဲ့။ ရိုက်ပုတ်ကာရန်ဖြစ်၍ လုံးထွေးတဲ့အခါတော့ အလမ္ပာယ်မြွေကဲ့သို့၊ အရက်သမား လက်ဝယ် ဆိတ်သူငယ်ကဲ့သို့ မချိမဆံ့ ပင်ပန်း ရှာသတဲ့။

၁။ စက္ခုပသာဒသည် ရူပါရုံ ထိနိုက်အပ်သော မဟာဘုတ်ကို ကြည်လင်စေ တယ်။ မျက်နက်ဝန်း အလယ်–ကိုယ်သဏ္ဍာန် အရိပ်ထင်ရာ၌ ရှိသော မျက် လွှာခုနစ်ထပ်ကို အကြည်ဓာတ်နှံ့စေလျက်တည်တယ်။ သန်းဦးခေါင်းပမာ ဏရှိတယ်။ စက္ခုဝိညာဏ် စသောစိတ်တို့၏ ဝတ္ထုဒွါရ အဖြစ်ဖြင့် တည် သတဲ့။ ဝတ္ထုဆိုတာ မှီရာ။ ဒွါရဆိုတာ ထွက်ရာဝင်ရာတံခါးသဘွယ်တဲ့။

၂။ သောတပသာဒသည် သဒ္ဒါရုံ ထိနိုက်အပ်သော မဟာဘုတ်ကို ကြည်လင် စေတယ်။နားအုံအတွင်း နှသောမွေးနီ–စီစီညာညာ ပေါက်ရာ၌ အကြည်

ခေတ်နှံ့စေလျက် တည်တယ်။ လက်ခွပ်ကွင်း သဏ္ဌာန်ရှိတယ်။ သောတဝိ ညာဏ်စသော စိတ်တို့၏ ဝတ္ထု၊ ဥါရအဖြစ်ဖြင့် တည်သတဲ့။

၃။ ဃာနပသာဒသည် ဂန္ဓာရုံထိခိုက်အပ်သော မဟာဘုတ်ကို ကြည်လင်စေတယ်။ နှာခေါင်းအုံအတွင်း ဆိတ်ခွာသဏ္ဌာန်အရပ်၌ အကြည်ခေတ်နှံ့စေလျက်တည်တယ်။ ဃာနဝိညာဏ်စသော စိတ်တို့၏ ဝတ္ထု၊ ဥါရအဖြစ်ဖြင့် တည်သတဲ့။

၄။ ဇိဝှါပသာဒသည် ရသာရုံထိခိုက်အပ်သော မဟာဘုတ်ကို ကြည်လင်စေတယ်။ လျှာလယ်အထက်-ကြာပွင့်ဖပ်အဖျားပိုင်းသဏ္ဌာန်အရပ်၌အကြည်ခေတ်နှံ့စေလျက်တည်တယ်။ ဇိဝှါဝိညာဏ်စသော စိတ်တို့၏ ဝတ္ထု၊ ဥါရအဖြစ်ဖြင့် တည်သတဲ့။

၅။ ကာယပသာဒသည် ဖောဋ္ဌဗ္ဗာရုံသုံးခု ထိခိုက်အပ်သော မဟာဘုတ်ကို ကြည်လင်စေတယ်။ တကိုယ်လုံး အကြည်ခေတ်နှံ့စေလျက်တည်တယ်။ တကိုယ်လုံးဟုဆိုသော်လဲပါဠိကတေဇောတည်ရာအစာသစ်အိမ်၊ ဆံပင်ဖျား၊ မွေးညှင်းဖျား၊ လက်သည်း ခြေသည်း။ ခြောက်သော အရေဖျားတို့၌ကား မတည်ဘူးဟု သီးခြားမှတ်ရမယ်။ ကာယဝိညာဏ်စသော စိတ်တို့၏ဝတ္ထု၊ ဥါရအဖြစ်ဖြင့် တည်သတဲ့။

၆။ မနာယတနကတော့ စိတ်ခေတ် ခုနစ်မျိုးပြားတယ်။ ခုနစ်မျိုးထဲက မနောခေတ်နှင့်မနောဝိညာဏခေတ်တို့က-ပုန်းညက်တွင်းသွေး-ဟဒယဝတ္ထုမှာ မှီ၍ဖြစ်တယ်။ အာရုံခြောက်ပါးလုံးကို အာရုံပြု၍ ဖြစ်တယ်။

ဒီနေရာမှာ ကာယပသာဒဟာ-တကိုယ်လုံး နှံ့တည်လျှင် ပသာဒငါးပါး ရောယှက်ကြသလောလို့ မေးစရာရှိသတဲ့။ အဖြေကတော့-မရောယှက်နိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့-ကလာပ်တခုစီ အသီးသီး ဖြစ်ကြတယ်။ မရောနိုင်အောင် အာကာသ ခေတ်ကလဲ ခြားထားသတဲ့၊ ဒီတော့မှီရာ မဟာဘုတ်ချင်းလဲ မရောဘူး။ လက္ခဏာအားဖြင့်လဲ မရောဘူး၊ လက်ဖြင့်ခွဲ၍ မရသောကြောင့်သာ နှံ့တည်တယ်လို့ ဆိုရတယ်၊ ဝါဂွမ်းဆီနှံ့ တည်သလိုဘဲတဲ့။ ဒီအာယတန ခြောက်ပါးထဲမှာ—

၁။ စက္ခုဟာ မြွေနှင့် တူတယ်။ အရှုပ်အထွေးကြိုက်တယ်။ ပြောင်ချောမကြိုက်ဘူး။ အရုပ်ခြူးပန်းစသည်ဖြင့် ရှုပ်ရှုပ်ထွေးထွေးများ မြင်ရလျှင် မျက်စိဖြင့်ပင် ကြည့်၍မဝလို့၊ ခံတွင်းကိုလဲ ကြည့်စမ်းပါဟု နိုင်းသလိုဘဲ ခံတွင်းကလဲဟ၍ ကြည်သတဲ့။ အလင်းရောင်-အာလောက ခေတ်ကိုလဲ အားကိုးတယ်။ အရောင် ရှိမှမြင်ရသောကြောင့်တဲ့။

၂။ သောတဟာ မိကျောင်းနှင့် တူတယ်။ ရေနက်ရာငုပ်၍ တွင်းခေါင်း

အောင်းလျက် အစာမြှော်သလို နားအုံ အတွင်း အပေါက် အခေါင်း၌ အောင်းလျက် အသံကိုမြှော်တယ်။ အပေါက် အခေါင်း-အာကာသ ဓာတ်ကိုလဲ အားကိုးတယ်။ အာကာသဓာတ်ရမှ အသံကြားရသောကြောင့်တဲ့။

၃။ ဃာနဟာ ငှက်နှင့်တူတယ်။ ကောင်းကင်လေထဲ၌ ငှက်မွေ့လျော်သလို ကောင်းကင်လေကို အားကိုးတယ်။ ကောင်းကင်လေ ဝါယောဓာတ်ရမှ အနံ့ယူနိုင်သောကြောင့်တဲ့။ နွားမျှားမိုယ်းဦးကျစ-မြေနမ်း၍ ကောင်းကင်မော့ပြီး ယေရှုကြသတဲ့။

၄။ ဇိဝှာဟာ အိမ်ခွေးနှင့်တူတယ်။ မီးဖိုခုံလောက်အကြားပြာယက်၍ အိပ်ရန် မီးဖိုချောင်သို့သာသွားချင်သလိုလျှာရှိသူတိုင်းမီးဖိုချောင်သို့သွားလိုသတဲ့။ လျှာလယ်အထက်၌ တံတွေးများများ-အာပေါဓာတ်ကို အားကိုးတယ်။ အာပေါဓာတ် တံတွေးရှိမှ အရသာခံစားနိုင်သောကြောင့်တဲ့။

၅။ ကာယဟာတောခွေးနှင့် တူတယ်။ သုသာန်၌ လူသားစား၍ လူသေကိုမှီပြီးအိပ်လိုသကဲ့သို့ ရုပ်အဘော်တခုကိုမှီရန် အလိုရှိတယ်။ ပထဝီဓာတ်ကို အားကိုးတယ်။ ပထဝီဓာတ် ထောက်ပံ့မှ ဖော့ဋ္ဌဗ္ဗာရုံအတွေ့ကို ခံစားနိုင်သောကြောင့်တဲ့။ ရုပ်အဘော် တခုကိုမရလျှင် မိမိလက်မောင်းကို ဦးခေါင်းတင်၍ အိပ်လိုကြသတဲ့။

၆။ မနကတော့ တောမျောက်နဲ့တူတယ်။ သစ်ပင်တပင်မှ တပင်သို့ ခုန်ကူးချင်သလို အာရုံတခုမှ အာရုံတခုသို့ ပြောင်းပြီး စိတ်ကူးချင်တယ်။

ဒီတော့လူတိုင်းလူတိုင်း မိမိတို့ခန္ဓာကိုယ်ကြီးဟာတိရစ္ဆာန်ခြောက်မျိုးလှောင်မွေးထားတဲ့ တိရစ္ဆာန်ရုံကြီး ဖြစ်မနေဘူးလား။

ဒီစက္ခုစသောပသာဒတို့ဟာ တပေါင်းစည်းဖြစ်သော်လဲ အချင်းချင်း လက္ခဏာသဘော မရောယှက်ဘူး။ အဆင်းအမျိုးမျိုး ရှိသော အလံတို့၏ အရိပ်အပေါင်းသည် မရောသကဲ့သို့။ မိးစာအမျိုးမျိုး၏ တပေါင်းထည်း မီးလျှံအပေါင်းသည် အချင်းချင်း မရောသကဲ့သို့ဟု မရောယှက်ပုံကိုသိရမတဲ့။

ဒီအာယတနတွေကို-တနေရာမှမလာဘဲ တနေရာသို့မသွားဘဲ ဖြစ်ရာဌာန၌သာချုပ်တဲ့အာယတနတို့ဟူ၍ရင်း။ မည်သည့် သဘောတရားကို ဖြစ်ပေါ်အောင်အားထုတ်ခြင်း၊ ကြောင့်ကြခြင်း မရှိသော အာယတနတို့ ဟူ၍ရင်း ရှုရမတဲ့။ တနည်း- ကိုယ်တွင်းအာယတနခြောက်ပါးကို မြွေ၊ မိကျောင်း၊ ငှက်၊ အိမ်ခွေး၊ တောခွေး၊ မျောက်-၍တိရစ္ဆာန် ၆-ကောင်နှင့်တူတဲ့အာယတန။ ပြင်ပ အာယတန ခြောက်ပါးကို အမှိုက်ပုံ၊ ရေအောင်း၊ ကောင်းကင်၊ မီးဖိုတွင်း၊ သုသာန်၊ တောအုပ်—ဟူသောစားကျက်ခြောက်ခု နှင့် တူတဲ့ အာယတန—ဟု ရှုရ

မတဲ့။ တနည်း—ကိုယ်တွင်း အာယတန ခြောက်ပါးကို ထားပြတိုက်ခံရသော ရွာ ခြောက်ရွာ နှင့် တူတဲ့ အာယတန။ ပြင်ပအာယတန ခြောက်ပါးကို ထားပြကြီး ၆-သင်းနှင့်တူတဲ့ အာယတန—ဟု ရှုရမတဲ့။ ဒီလိုရှုလျှင် ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟု မမြင်ဘဲ နာမ်နှင့်ရုပ်သာမြင်ရသဖြင့် ကလျာဏ ပုထုဇဉ်ဖြစ်နိုင်တယ်။

လက်ထက်တော်က—ပုဏ္ဏားကြီးတဦးဟာ လယ်ထွန်ချိန်တခါ၊ တလင်းချိန်တခါ၊ တလင်းသိမ်းချိန်တခါ၊ ချက်ချိန်တခါ၊ စားချိန်တခါ အဦးအဖျား ငါးခါငါးခါ၊ လှူလေ့ရှိသောကြောင့် ပဉ္စဂ္ဂဒါယကပုဏ္ဏားဟု အမည်ရသတဲ့။ တနေ့သ၌ အိမ်တွင်း ဘက်လှည့်လျက် ထမင်းစားနေခိုက် အိမ်ရှေ့မှာ မြတ်စွာဘုရား ဆွမ်းရပ်တော်မူလာသတဲ့။ ဒီပုဏ္ဏားလင်မယားဟာ ကဿပဘုရား လက်ထက်က ရုပ်နာမ်နားလယ်အောင် နာကြားခဲ့ကြတယ်။ မဂ်ဖိုလ်ရချိန်တန်ပြီ၊ ကျောင်းကိုလဲတခါမျှ မလာကြဘူးလို့-ကြွလာတာဖြစ်တယ်။ ဆွမ်းလိုချင်လွန်းလို့ မဟုတ်ပါဘူး။ ပုဏ္ဏေးမကြီးက ဘုရားရှင် ဆွမ်းရပ်နေတာမြင်တော့ ပုဏ္ဏားကြီးသိသွားလျှင် ဆွမ်းထလောင်းတော့မှာဘဲ၊ ငါပြန်မချက်နိုင်ဘူးဟု ပုဏ္ဏားကြီးမသိအောင်သွားပြီး ကန်တော့ဆွမ်းပါဘုရားဟု တိုးတိုးကလေး လျှောက်သတဲ့။

ဒီတော့ မြတ်စွာဘုရားက ငါမသွားနိုင်ဘူးဟု ဦးခေါင်းခါပြသတဲ့။ ဘုရားရှင် ဦးခေါင်းခါပြတာကို ပုဏ္ဏေးမကြီးက မအောင့်နိုင်ဘဲ အသံထွက်အောင် သည်းစွာ ရယ်သတဲ့။ ရယ်သံကြားလို့ ပုဏ္ဏားကြီး-လှည့်ကြည့်တော့ ဘုရားရှင်ကို မြင်တာနဲ့ ပုဏ္ဏေးမကြီးကို နင်တယ်မိုက်ပါတကား၊ ကပိလဝတ် ဘုရင်မင်းသားကြွလာ၍ ရပ်နေတာငါ့ကို ဘာမျှမပြော။ နင့်အပြစ်ဟာ မသေးဘူးနော်လို့ဆိုပြီး စားဆဲထက်ဝက်ကျန်သော ထမင်းပန်းကန်ကို ကိုင်လျက် ဘုရားရှင်ထံ သွားပြီး မြတ်စွာဘုရား........အကျွန်ုပ်သည် အချိန်ငါးပါး၌အဦးအဖျားငါးခါ၊ ငါးခါလှူပြီးမှ စားပါသည်။ ဤထမင်းစားကြွင်း တဝက်ကို အလှူခံနိုင်ပါ သလားဟုလျှောက်သတဲ့။

မြတ်စွာဘုရားက ငါစားကြွင်းဖြင့် အလိုမရှိဟုမဆိုဘဲ ပုဏ္ဏားကြီး........ငါ့အား စားဦးလဲ သင့်တယ်။ စားကြွင်းလဲ သင့်တယ်။ ငါတို့ရဟန်းဆိုတာ သူတပါးပေးတာကိုမှီ၍အသက်မွေးသောပြိတ္တာနှင့်တူတယ်လို့မိန့်ဆိုလိုက်သတဲ့။ ဒီတော့ ပုဏ္ဏားကြီးက စကြာမင်းလောင်း မင်းသား ဖြစ်ပါလျက် ဤသို့ဆိုနိုင်ပါပေသည်ဟု ဝမ်းမြောက်စွာ အံ့ဩလျက်မြတ်စွာဘုရားကိုအရှင့်တပည့်များကိုအဘယ်ကြောင့်ဘိက္ခုဟု ခေါ်ပါသလဲလို့ ပုစ္ဆာမေးသတဲ့။ မြတ်စွာဘုရားက ဘယ်ပုံဖြေလျှင် အကျိုးရှိမလဲလို့ ဆင်ခြင်လိုက်တော့ သင်းတို့ လင်မယားနှစ်ယောက်လုံး ကဿပဘုရားရှင် လက်ထက်က ရုပ်-နာမ် ခန္ဓာအာယတနတရားတွေကို နာကြားဘူးကြပေတယ်လို့ ဤဂါထာဖြင့် ဖြေဆိုလိုက်သတဲ့။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အ-သတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။ ။

ပြဟ္မဏ၊ ဒါယကာပုဏ္ဏား။ သဗ္ဗသော၊ အလုံးစုံသော။ နာမရူပသ္မိံ၊ နာမ်ရုပ် နှစ်ဖြာခန္ဓာအာယတနဌ၌။ ယဿ၊ အကြင်သူအား။ မမာယိတံ။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု မြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိ။ အ—သတာ စ၊ မရှိတွေကွင်းပျက်စီးခြင်းဖြင့်လည်း။ န သောစတိ၊ မစိုးရိမ်။ သ-သော၊ ထိုသူကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘယ+ဣက္ခု—ဘေးကို+ရှုသည့် ဘိက္ခုမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒီလိုဖြေလိုက်တဲ့ ဂါထာအဆုံးမှာ ပုဏ္ဏားကြီးရော၊ ပုဏ္ဏေးမကြီးပါ သောတာပန်၊ သကဒါဂါမ် တို့ကိုလွန်ပြီး အနာဂါမ် ပုဂ္ဂိုလ်ကြီးတွေ ဖြစ်သွားကြသတဲ့။
ဒီနေရာမှာ အချို့က ပုဏ္ဏေးမကြီး—အနာဂါမ်ထည်တာကို မသဒ္ဒါနိုင်ဘူးတဲ့။ လုလ္လိုမျှားရလျှင်လိုက်လုချင်သတဲ့။အဲဒါ-မသဒ္ဒါမရှိနဲ့။ ရုပ်နာမ် ခန္ဓာ အာယတန တရားတွေနာဘူးကြားဘူးနှလုံးသွင်းဘူးတဲ့ပုဂ္ဂိုလ်ဆိုတာမီးခဲပြာဖုံးမျိုးဖြစ်တယ်၊ မြတ်စွာဘုရားက ငါတို့ရဟန်းဆိုတာစားကြွင်းလဲသင့်တာဘဲလို့ ဆိုတာကို ကြားထဲက ကပိလဝတ်ဘုရင်မင်းသားဖြစ်လျက် နှိမ့်ချနိုင်ပလေနော်ဟုပြာတွေ လွင့်သွားရောပေါ့။ နှလုံးသွင်းဘူးတဲ့ ရုပ်နာမ် တရားတွေကို ထပ်ကြားရပြန်တော့ အနာဂါမ် အလွယ်ကလေး ဖြစ်သွားနိုင်တာပေါ့။

ဒီဝတ္ထုမှာ အံ့စရာကောင်းတာကတော့ ပုဏ္ဏားကြီးလင်မယား-တရား နာလဲ မလာ။ မကြည်ညိုသူလဲ ဖြစ်လျက် မြတ်စွာဘုရားက အိမ်အရောက် မဂ်ဖိုလ်လာပို့ရတယ်။ ရှေးက နာမ်ရုပ်နာ ကြားနှလုံးထားဘူးတဲ့ သူတွေ မျက်နှာကြီးပုံမထင်ရှားဘူးလား။ ဒါကြောင့် ယခုအခါ နာမ်ရုပ်နှစ်ဖြာ ခန္ဓာ အာယတနတို့ကို နာခံမှတ်သား နှလုံးထားကြသူများလဲ နောက်ဘုရားမပွင့်မီ မဂ်ဖိုလ် ရလျှင်ရ၊ မရလျှင် ပုန်း၍မလွတ်အောင် မျက်နှာကြီးကြဦးတော့မှာဘဲလို့ စဉ်းစားပြီး ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု အစွဲမကပ်နိုင်အောင် နာမ်ရုပ်နှစ်ဖြာ ခန္ဓာ အာယတနတို့ကို ဘာဝနာ ဉာဏ်တရားဖြင့် ရှုစားနိုင်ကြပါစေ ကုန်သတည်း။

---

## (၁၂) ဖဿဝေဒနာ ကျည်းတဲ့ တဏှာကို

### သုတ်သင်စရာ တရားစာ။

သဠာယတန ပစ္စယာ ဖဿော။ ။သဠာယတနပစ္စယာ၊သဠာယတန ဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ။ဒီလိုဟောတဲ့ နေရာမှာ သဠာယတန ဆိုတာ အရူပဘုံက မနာယတန ဟူသော ဆဠာယတနရယ်၊

တပါးသောဘုံက အဇ္ဈတ္တိကာယတနခြောက်ပါးရယ်၊ ဗာဟိရာယတန ခြောက်ပါးရယ်၊ အားလုံးပေါင်း၍ အကြောင်း သဠာယတနဟု မည်သတဲ့။

ဖဿဆိုတာလောကီဝိပါက် ၃၂-ခု၌ရှိသော ဖဿ ၃၂-ခုဖြစ်တယ်။ ဒွါရ စွမ်းဖြင့်တော့ စက္ခုဒွါရမှာဖြစ်တဲ့ စက္ခုဝိညာဏ်ဒွေဖဿသည် စက္ခုသမ္ဖဿမည်တယ်။ သောတဒွါရမှာ သောတဝိညာဏ် ဒွေဖဿကတော့ သောတသမ္ဖဿ။ ထိုအတူ ဃာနမှာ ဃာနသမ္ဖဿ။ ဇိဝှါမှာ ဇိဝှါသမ္ဖဿ။ ကာယမှာ ကာယ သမ္ဖဿ။ မနောမှာတော့ ကြွင်းဖဿ ၂၂-ပါးသာ မနော သမ္ဖဿမည်တယ်။ ခြောက်မျိုးပြား၍ ခေါ်တယ်။

ဒီနေရာမှာ အကြောင်း အကျိုး နှစ်ပါးလုံး သက်ရှိ၌သာ ဟောတယ်လို့ ယူကြသောဆရာမြတ်တို့က အရူပဘုံ ဆဋ္ဌာယတနနှင့် ပဉ္စဝေါကာရဘုံ အဇ္ဈတ္တိကာယတနတို့ကိုသာ ပေါင်း၍ အကြောင်း သဠာယတနလို့ မိန့်ဆိုကြသတဲ့။

အကျိုးကိုသာသက်ရှိ၌၊ အကြောင်းကိုတော့သက်ရှိသက်မဲ့ နှစ်ဌာနလုံး၌ ဟောတယ်လို့ယူကြသော ဆရာမြတ်တို့ကတော့ ဗာဟိရာယတနလဲ ဖဿဖြစ်ကြောင်းဘဲ။ ဒါကြောင့် ဆဋ္ဌာယတန၊ အဇ္ဈတ္တိက သဠာယတန၊ ဗာဟိရ သဠာယတန တို့ကို ပေါင်း၍ အကြောင်း သဠာယတနလို့ မိန့်ဆိုကြသတဲ့။

ဖဿဖြစ်တာဟာ အာယတနအားလုံးကြောင့် ဖဿတခုမဖြစ်ဘူး။ အာယတနတခုကြောင့်လဲ ဖဿအာလုံးမဖြစ်ဘူး။ အာယတန အများကြောင့်သာ ဖဿတခုဖြစ်တယ်။ စက္ခုသမ္ဖဿတခုဖြစ်တဲ့အခါ စက္ခာယတနရယ်။ ရူပါယတနရယ်၊ စက္ခုဝိညာဏ် မနာယတနရယ်။ ယှဉ်ဘက် စေတသိက် ဓမ္မာ ယတနရယ်-ဒီအာယတန လေးပါးကြောင့်သာ ဖဿ တခုဖြစ်သတဲ့။

ကျေးဇူးပြုပုံကတော့ စက္ခာယတန စသော အဇ္ဈတ္တိကာယတန ငါးပါးသည် စက္ခုသမ္ဖဿ စသော ဖဿငါးပါးအား အသီးသီး နိဿယသတ္တိ စသည်ဖြင့်ကျေးဇူးပြုသတဲ့။

ဝိပါက်မနာယတနသည် ဝိပါက်မနောသမ္ဖဿအား အတူဖြစ်ဘက် သဟဇာတသတ္တိ စသည်ဖြင့် ကျေးဇူးပြုသတဲ့။

ရူပါရုံစသော ဗာဟိရာယတနခြောက်ပါးသည် ဖဿခြောက်ပါးအား အသီးသီး အာရမ္မဏသတ္တိစသည်ဖြင့် ကျေးဇူးပြုသတဲ့။

ဖဿသဘော ထင်ရှားအောင် ဆိတ်နှစ်ကောင်ဝှေ့တာကို ဥပမာရမယ်။ တကောင်ကို စက္ခုဓာတ်ကဲ့သို့၊ တကောင်ကိုရူပဓာတ်ကဲ့သို့။ ဦးခေါင်းချင်းထိတာ ဖဿကဲ့သို့ဟု ဥပမာရမယ်။ သို့ပေမဲ့ ဖဿဟာ တကယ်ထိတာ မဟုတ်ဘူး။ ဝမ်းမြောက်ဘွယ် ဝမ်းနည်းဘွယ် အာရုံ အကောင်းအညံ့ကို မြင်ရ၊ ကြားရလျှင် ထိုထိုဝတ္ထု ဒွါရမှာရှိတဲ့ စိတ်ကိုလာထိသကဲ့သို့ အခြင်းအရာမျှသာ ဖြစ်တယ်။ ထိသကဲ့သို့ အခြင်း

အရာမျှဆိုတာလဲ အချဉ်သီးစားသူကိုမြင်ရလျှင် မိမိခံတွင်းထဲ အချဉ်သီးရောက်လာသလို သွားရေတွေ ကျလာတယ်မဟုတ်လား။ ရေးခြစ်သံ ကြားရလျှင် မိမိသွားကို လာမထိသော်လဲ လာထိသလို သွားကျိန်းတယ်မဟုတ်လား။ သစ်ပင်ခေါင်ဖျား တက်သူကိုမြင်လျှင် အချို့ဒူးတုန်တယ် မဟုတ်လား။ မိမိဒူးကတော့ သစ်ပင်ဖျားမရောက်ပေမဲ့ ရောက်သလိုအခြင်းအရာဖြစ်တယ်။ အဲသည်လို ပရမတ်သဘောအခြင်းအရာမျှဖြစ်တဲ့ ဖဿဟာဖူးရောင်၍ ပြည်ဥသော အနာအဖု ခြောက်ခုနှင့်တူတဲ့ စက္ခု၊ သောတ စသော အနာခြောက်ခုမှာ ရူပါရုံ၊ သဒ္ဒါရုံ စသည်တို့နှင့် ရှေးရှုဆုံမိလျှင် လာထိတာဘဲ။ မီးခြစ်အိမ်မှာမီးခြစ်ဆံခြစ်လိုက်တော့ မီးတောက်ကလေး ဖြစ်လာသလိုဘဲတဲ့။

## “ဝေဒနာ”

ဖဿပစ္စယာ ဝေဒနာ။ ။ဖဿ ပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။သမ္ဘဝတိ၊ဖြစ်၏။ ။ဒီလို ဟောတဲ့နေရာမှာ ဖဿဆိုတာ ယခင်လောကီဝိပါက် ဖဿ ၃၂-ခုဖြစ်တယ်။

ဝေဒနာဆိုတာ ထိုဖဿ ၃၂-ခုနှင့် အတူဖြစ်သော ဝေဒနာ ၃၂-ခုဖြစ်တယ်။ စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာစသည်ဖြင့် ခြောက်မျိုးပြားတယ်။ ဒွါရစွမ်းဖြင့် ဒီခြောက်မျိုးသာပြားတယ်။ စိတ်အပြားဖြင့်တော့ ဝေဒနာလဲတခုယုတ်ကိုးဆယ်ပြားတယ်။သို့ပေမဲ့ လောကုတ္တရာ ဝေဒနာကို ဝဋ်ဒုက္ခကထာ၌ မယူရဘူး။လောကီဝေဒနာ ၈၁-ခုကိုသာယူရတယ်။'အကြီးအကဲဇာနည်အားဖြင့်သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ-ဟု ငါးမျိုးပြားထယ်၊ ငါကဲ့ သို့ကိုယ်ချမ်းသာခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်း၊ လျစ်လျူရှုခြင်းဖြစ်ကြရမယ်လို့ အကြီးအကဲပြုတယ်။ အာရုံအရသာကိုခံစားခြင်းဖြင့် အာရုံကောင်းလျှင် သုခဝေဒနာ၊ညံ့လျှင် ဒုက္ခဝေဒနာ၊ အလတ်စားဖြစ်လျှင် အဒုက္ခမသုခဝေဒနာ။ ဝါ၊ ဥပေက္ခာဝေဒနာဟု သုံးမျိုးပြားတယ်။ ချုံးလိုက်တော့သုခနှင့် ဒုက္ခ နှစ်ပါးသာဖြစ်တယ်။ သုခဆိုတာလဲ ဖောက်ပြန်လျှင် ဒုက္ခဘဲတဲ့။ ဝိပရိဏာမဒုက္ခပင်ဖြစ်သောကြောင့် ဝေဒနာ အားလုံးဟာ ဒုက္ခတမျိုးထည်းမှာ အဆုံးသတ်တယ်။ ကျေးဇူးပြုပုံကတော့—

၁။ ဖဿအားလုံးသည် အတူဖြစ်ဘက် ဝေဒနာအား သဟဇာတသတ္တိ စသည်ဖြင့် ကျေးဇူးပြုတယ်။

၂။ ရှေးရှေးစိတ် ဖဿသည် နောက်နောက်စိတ် ဝေဒနာအား အခြားမဲ့ အနန္တရသတ္တိ၊ အားကြီးသောအကြောင်း— ဥပနိဿယ သတ္တိ စသည်ဖြင့် ကျေးဇူးပြုတယ်။

[ဝါဒကွဲဆရာတို့အလိုအားဖြင့် ဝိပါက်မဟုတ်သော ဖဿသည် ဝိပါက် ဝေဒနာ့တို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုတယ်လို့ မိန့်ဆိုကြတယ်။]

ဒီဝေဒနာသဘောဆိုတာ စားတော်ကဲ ချက်ပေးတဲ့ဘောဇဉ်ကို ရှင်ဘုရင်သာ မြိန်ရှက်စွာ ခံစားသည်နှင့်တူတယ်။ အတူဖြစ်ဘက် ဖဿစသည်တို့ကိုလဲ စားတော်ကဲ ပမာ မြီးကြည့်ရုံသာ ခံစားစေတယ်။

ဒီဝေဒနာဟာ ကောင်းသောအာရုံ၌ မြိန်ရှက်စွာ ခံစားပါစေ၊ မကောင်းသော အာရုံ၌ အဘယ်သို့ မြိန်ရှက်စွာ ခံစားသနည်းဟုမေးသင့်တယ်။ အဖြေကတော့ ဤသူ ဤသူဟာ ငါကတော့ကောင်းစားအောင်ကြည့်ရှုရတယ်။ ငါ့ကိုတော့ ကွယ်ရာမကောင်းပြောတယ်။ ဒင်းတော့လား မကျေနိုင်ဘူးဟဲ့လို့ခဏခဏ စားမြုံ့ပြန်ပြီး ခံစားတယ်မဟုတ်လား။ မထွေးနိုင် မစွန့်နိုင်သဖြင့် ကူပြီး အပြစ်ပြောလျှင် သာ၍သဘောကျသေးတယ်။ တရားစကားဖြင့် ဖြေဖျောက်ရန် ဟောပြောလျှင် တရားဟောတဲ့သူကိုတောင် စိတ်ဆိုးပြီး ဒေါမနဿဝေဒနာနဲ့ ခံစားလိုက်သေးတယ် မဟုတ်လား။

ဒီဝေဒနာအမျိုးမျိုးဟာ ဥပါဒ်၊ ဋ္ဌီ၊ ဘင်စွမ်းဖြင့်ဖြစ်ပြီးပျက်တဲ့သင်္ခါရဒုက္ခချည်း တမျိုးထဲဖြစ်တယ်။ တနည်း-မသင့်တာစားတဲ့ လူမမာဟာ စားတုန်း သုခဖြစ်ပေမဲ့ နောင်ဖမ်းတော့ ဒုက္ခဖြစ်ရသလို ပျော်တပြုံးပြုံးနဲ့ သုခတွေ့ရပေမဲ့ ငိုတမဲ့မဲ့နဲ့ အဆုံးသတ်ရသော ဝိပရိဏာမ ဒုက္ခချည်း တမျိုးထဲဖြစ်တယ်။ အဲတာ အနာ၌ ထိုးနာတာဘဲ။ ပွတ်၍ရသောမီး-ပူလောင်တာလို ရှုရတယ်။

## "တဏှာ"

ဝေဒနာပစ္စယာ တဏှာ။ ။ဝေဒနာပစ္စယာ၊ ဝေဒနာဟူသောအကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ။ဒီလိုဟောတဲ့နေရာမှာ ဝေဒနာ့ဆိုတာ ယခင်လောကီဝိပါက် ဝေဒနာ ၃၂-ခုဖြစ်တယ်။ တနည်း-လောကီဝေဒနာ ၈၁-ခုလုံး အကြောင်းဝေဒနာဖြစ်တယ်။

တဏှာဆိုတာ ရူပါရုံစသော အာရုံခြောက်ပါးကို နှစ်သက်သောကြောင့် အာရုံစွမ်းဖြင့် ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာဟု ခြောက်ပါးပြားတယ်။ ထိုအာရုံခြောက်ပါးကို ကာမရာဂဖြင့် သာယာခြင်းသည် ကာမတဏှာ မည်တယ်။ သဿတဒိဋ္ဌိနှင့် ယှဉ်တွဲလျက် ငါ၏ အာရုံခြောက်ပါး-အတွသည်မြဲ၏၊ ခိုင်၏ဟု သာယာခြင်းသည် ဘဝတဏှာမည်တယ်။ ရူပဘဝ၊ အရူပဘဝဟူသော ဥပပတ္တိဘဝကိုရင်း၊ ဈာန်ဟူသော ကမ္မဘဝကိုရင်း-တပ်သော ဘဝါသဝမည်သော ဘဝရာဂ-ဘဝတဏှာသည်လည်း ဘဝတဏှာမည်

တယ်။ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲလျက် ငါ၏ အာရုံ ခြောက်ပါး-အတ္တသည် နောက်ထပ် ဒုက္ခမဖြစ်ဘဲ ပြတ်၏ဟု သာယာခြင်းသည် ဝိဘဝတဏှာ မည်တယ်။ နိရောဓတဏှာဟူ၍လဲ ခေါ်တယ်။ ပြတ်ပြီ၊ နိဗ္ဗာန်ရောက်ပြီလို့ ခွဲလမ်းတဲ့ တဏှာဖြစ်တယ်။ နိဗ္ဗာန်အစစ်တော့ မဟုတ်ဘူး။ နိဗ္ဗာန်အစစ်ကို အာရုံပြုလျှင်တော့ တဏှာသေတာဘဲ။ တဏှာအာရုံပြုတဲ့ နိဗ္ဗာန်ဟာ ဥစ္ဆေဒဒိဋ္ဌိ လက်တွင်းမှာ တဏှာ၏ အသက်ရှူပေါက်-တဏှာ၏ စားကျက်ပင် ဖြစ်တယ်။

ဒီတဏှာဟာဖြစ်ပုံခြင်းရာအားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု သုံးမျိုးအရင်းခံတယ်။ ရူပါရုံစသော အာရုံစွမ်းဖြင့် ၆-ပါးစီပြား၍ ၁၈-ပါး ဖြစ်ပြန်တယ်။ တဖန်အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလစွမ်းဖြင့် သုံးပါးစီပြား၍ ၅၄-ပါးဖြစ်ပြန်တယ်။ တဖန် အဇ္ဈတ္တ၊ ဗဟိဒ္ဓ-သန္တာန်စွမ်းဖြင့် နှစ်ပါးစီပြား၍ ၁၀၈-ပါးပြားပြန်တယ်။ ဒါကို တဏှာအစစ် တရာ့ရှစ်ဟု မိန့်ဆိုကြသတဲ့။

(က) တဏှာသုံးတန်၊ တည်၍ခံ၊ အာ၊ ကာ၊ သန်ဖြင့်မြောက်။
(ခ) တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏ ထိုမျှလောက်။

ကျေးဇူးပြုပုံကတော့ ဝေဒနာ ၃၂-ပါးသည်၊ ဝါ၊ လောကီဝေဒနာ ၈၁-ခုသည် တဏှာအာလုံးအား အားပေးစက် သဘွယ်-ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသတဲ့။

ဒုက္ခဝေဒနာခံစားရတဲ့အခါ ဘယ်တော့ ချမ်းသာရပါ့မလဲလို့ သုခကိုလှမ်းပြီး တောင့်တတဲ့တဏှာဖြစ်တယ်။ သုခဝေဒနာခံစားရတဲ့အခါ မရောင့်ရဲနိုင်တဲ့တဏှာ ဖြစ်တယ်။ ဥပေက္ခာ ဝေဒနာခံစားရတဲ့အခါလဲ သုခအတူ ငြိမ်သက်တယ်လို့စုံမက် တဏှာ ဖြစ်တယ်။ ထို့ကြောင့် ဝေဒနာ အားလုံးဟာ တဏှာကို ဖြစ်စေနိုင်တာချည်းဘဲတဲ့။

ဝေဒနာကြောင့် တဏှာ ဖြစ်တာ သတ္တဝါ တိုင်းလားလို့ဆိုတော့ အနုသယ မကင်းတဲ့ သတ္တဝါတိုင်းဘဲတဲ့။ အနုသယကင်းတဲ့ ရဟန္တာများမှာတော့ ဝေဒနာကြောင့် တဏှာမဖြစ်နိုင်ဘူး။ အနုသယမကင်းသေးသော်လဲ သူတော်ကောင်း မှီဝဲရ၍ ယောနိသော မနသိကာရရှိတဲ့ ကလျာဏ ပုထုဇဉ်တို့မှာလဲ ဝေဒနာကြောင့် တဏှာမဖြစ်နိုင်ဘူးတဲ့။ ဒါကြောင့် ဝေဒနာကြောင့် တဏှာဖြစ်တယ်လို့ ဟောတဲ့ နေရာမှာ တဏှာမဖြစ်နိုင်အောင် သတ်၍ သံသရာမှ ထွက်နိုင်ဘို့ ထွက်လမ်းတခုကို ပြတော်မူဟယ်။

ဒီတဏှာ သဘောဟာ အာရုံတခုခုကို စုံမက်မိလျှင် အိုးကင်းပူ၌ အမဲသားတုံးကဲ့သို့ ကပ်ငြိတတ်သတဲ့။ ဒီတဏှာကပ်မိလျှင် အလွန်တရာ ခွာရခက်တယ်။ ခရီးသွားစဉ် ရင်ဆိုင်ခဲ့တွေ့တဲ့ အာရုံတခုကို တဏှာကပ်မိလျှင် လွန်သွားပေမဲ့ လှည့်ကြည့်

လှည့်ကြည့်နဲ့ ခလုပ်တိုက်သူလဲ တိုက်ကုန်ပြီ။ ချုံ့ကလေးများကွယ်သွားလျှင် ငုံ့၍ ကြည့်လိုက်ချင်သေးတယ်။ အဲဒါထိခိုက်တဲ့ အနာ-နာလို့ ဆေးကုချင်တာ မဟုတ်လား။ ဝါ၊ ဆားငန်ရေသောက်မိလို့ ရေငတ်မပြေနိုင်တာ မဟုတ်လား။

တနည်းတော့လဲ-မျောက်နဲ့စေးနှင့် တူသတဲ့။ ရှေးကမုဆိုးအချို့ဟာ သစ်ရွက်ကြီး တခုမှာ မျောက်နဲ့စေးတွေ သုတ်ပြီး မျောက်တို့ သွားတတ်တဲ့ လမ်းမှာ ချထားကြသတဲ့။ လက်ဆော့တဲ့ မျောက်တွေတော့ ညာဘက်လက်ဖြင့် တို့ကြည့်သတဲ့။ ဒီတော့ ညာဘက်လက်ကပ်နေရောတဲ့။ ဒါနဲ့ ကပ်ရာမှကွာသွားအောင် ဘယ်ဘက်လက်ဖြင့် ထောက်ပြီးရုန်းလိုက်သတဲ့။ ဒီတော့ ဘယ်ဘက်လက်လဲ ကပ်နေပြန်ရောတဲ့။ ခြေနှစ်ဘက်ဖြင့် စုံကန်ရုန်းပြန်တော့ ခြေနှစ်ဘက်လဲ ကပ်နေပြန်ရောတဲ့။ ဦးခေါင်းဖြင့် ဆောင့်ပြီးရုန်းပြန်တော့ ဦးခေါင်းလဲကပ်နေပြန်ရော။ နောက်ဆုံးတော့ ရင်ဘတ်ဖြင့်ကော့ပြီး ရုန်းပြန်သတဲ့။ ဒီတော့ ရင်ဘတ်ပါ ကပ်နေသတဲ့။ အဲဒီလို ထိုမျောက်ကလေး-ခြောက်ဌာန ကပ်နေတဲ့အခါမှာ မုဆိုးကြီးလာပြီး အလွယ်တကူ ဖမ်းယူသွားနိုင်သတဲ့။ ထိုအတူ ယောနိသောမနသိကာရနှင့်ဝေး၍စိတ်ဆော့တဲ့ အန္ဓပုထုဇဉ်တွေဟာလဲ အာရုံခြောက်ပါး၌ တဏှာဖြင့် ကပ်နေကျ ဖြစ်သောကြောင့် ဇာတိ၊ ဇရာမရဏဆိုတဲ့ သေမင်းကြီးရောက်လာပြီး အလွယ်တကူဖမ်းယူသွားနိုင်သတဲ့။

ဆားငန်ရေသောက်မိလို့ ရေငတ်မပြေတာ ထင်ရှားအောင် သမဏနတ်သား ပြောတာကို ဆင်ခြင်ရမယ်။ လက်ထက်တော်က ရဟန်းတော်တပါးဟာ ဝဋ်ဒုက္ခမှ လွတ်အောင်ဟု အသက်ခန္ဓာမငဲ့ဘဲ သံတုံး အပ်ဖြစ်အောင်သွေးသော လုံ့လမျိုးဖြင့် နေ့ညဥ့်မပြတ် ရဟန်းတရား အားထုတ်သတဲ့။ တနေ့၌ စင်္ကြံဦးမှာ တရားနှလုံးသွင်းလျက်နေစဉ် ကိုယ်တွင်းလေနှိပ်စက်လို့ ဇီဝိတိန္ဒြေချုပ်သွားသတဲ့။ တမဂ် တဖိုလ်မျှ မရသော်လဲ အလုပ်လက်ရှိဖြင့် ကွယ်လွန်ခြင်းကြောင့် တာဝတိံသာ နတ်ပြည်မှာ နတ်ဗိမာန်ကြီး တခုအတွင်း နတ်သားကြီး သွားဖြစ်သတဲ့။ ဗိမာန်ထဲမှ နတ်သမီးတွေ တထောင်လောက်က ငါတို့ဗိမာန်ရှင် နတ်သားကြီး ရောက်လာပြီဆိုပြီး တီးမှုတ်ကခုန်၊ သီဆိုကာ-လာပြီးခြံရံကြသတဲ့။ သည်တော့ နတ်သမီးတွေကိုမြင်တာနဲ့ အဖူးအမျှော်လာကြတဲ့မာတုဂါမတွေလို့ ထင်ပြီးအပေါ်ခြုံနတ်ပုဆိုးကြီးကို သင်္ကန်းလိုလက်ကတော့ပြင်ထိုးပြီးစက္ခုန္ဒြေချ၍ထိုင်နေလိုက်သတဲ့။ သူကိုယ်တော့သူ နတ်ဖြစ်တာကိုမသိသေးဘူး။ သည်တော့နတ်သမီးတွေကအကင်းပါးလို့ရိပ်မိပြီး ဒီနတ်ပြည်ဟာ တရား အားထုတ်ရတဲ့ နေရာမဟုတ်ပါဘူးလို့ ဆိုပြီး တီးမှုတ် ကြပြန် သတဲ့။ ‘‘ဒီမာတုဂါမတွေဟာ ဟိရိ၊ ဩတ္တပ္ပ နည်းလှချေရဲ့။ ကျောင်းကန် ဘုရားထဲမှာ ရဟန်း သံဃာတွေ အနီး အနားမှာလဲ သာသနာတော်၏ ပြောင့် တံကျင်တွေကို

တီးလို့ မှုတ်လို့၊ ဘယ့်နှယ်ဟာတွေ ပါလိမ့်မလဲ''လို့ မကြည့်ဘဲ ငုံ့နေလိုက်သတဲ့။ ဒီတော့ ကိုယ်လုံးပေါ် မှန်ကြီးတွေ ရှေ့နားမှာ ချပြီး ဒီမှာ ရှုစားတော်မူပါဦး ဘုရားလို့ဆိုကြသတဲ့။ ဒီတော့မှ မှန်ရိပ်မြင်လို့သေပြီး နတ်လာဖြစ်နေပြီလို့ သိရသတဲ့။ ငါဟာရဟန္တာဖြစ်အောင် အားထုတ်တယ်။ ဒီနေရာကို တောင့်တပြီး အားထုတ်တာမဟုတ်ဘူးလို့ ထိုနတ်စည်းစိမ်ကိုစိတ်ပျက်ပျက်နဲ့-''ရွှေပုဆိုးရမလားလို့ လက်ဖွဲ့ဝင်ထိုးရာ လက်သီးချက်ရတာနဲ့ တူလိုက်တာ''ဟု ဆင်ခြင်ပြီး ဗိမာန်တွင်းသို့ မဝင်ဘဲ နတ်သမီးတွေနှင့်တကွ မြတ်စွာဘုရား၊ထံ ချဉ်းကပ်ပြီး ဤဂါထာဖြင့် ရွတ်ဆိုလျှောက်ကြားသတဲ့။

အစ္ဆရာ-ဂဏ-သင်္ဃုဋ္ဌံ၊ ပိသာစ- ဂဏသေဝိတံ။
ဝနန္တံ မောဟနံ နာမ၊ ကထံ ယာတြာ ဘဝိဿတိ။

ဘန္တေ၊ မြတ်စွာဘုရား။ အစ္ဆရာ-ဂဏသင်္ဃုဋ္ဌံ၊ နတ်သမီးအပေါင်းဖြင့်-ကြွက်ကြွက်ညံသော။ ပိသာစ–ဂဏ+သေဝိတံ၊ ဘုတ်ပြိတ္တာတို့၏+နေထိုင်ရာဖြစ်သော။ ဝနန္တံ–မောဟနံနာမ၊ မေ့ပင်တွေပေါ+မေ့တောကြီးရှိသော– တာဝတိံသာမည်သောပြိတ္တာဘုံကို။ ကထံ၊ အဘယ်သို့လျှင်။ ယာတြာ၊ လွန်မြောက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါအံ့နည်း မြတ်စွာဘုရား၊

ဒီဂါထာမှာ မိမိ၏ ရဟန္တာဖြစ်လိုသော သမာဆန္ဒကို အလေးပြုခြင်းဖြင့် နတ်သမီးတွေကို ဘုတ်ပြိတ္တာမတွေ–အငတ်မတွေလို့ဆိုတယ်။ နန္ဒဝန် နတ်ဥယျာဉ်ကြီး ကိုတော့ မေ့တောကြီးလို့ဆိုတယ်။ တာဝတိံသာနတ်ဘုံကိုတော့ ပြိတ္တာဘုံလို့ဆိုတယ်။ မဆိုဘဲနေပါ့မလား။ ပြိတ္တာတွေဟာ အာရုံအရသာ မခံစားရလို့ တငန်းငန်းနဲ့ ငတ်နေကြသလို တာဝတိံသာ နတ်တွေဟာလဲ အာရုံအရသာ အမျိုးမျိုး ခံစားရပေမဲ့ တငန်းငန်းနဲ့ အငတ်ပြေတယ်လို့ မရှိဘူး။ အထက်တန်းစားပြိတ္တာတွေဖြစ်တယ်။

တခါမှာလဲ နတ်ဗိမာန်လေးခုအကြား နတ်သမီးတယောက် လာဖြစ်တာကို သူ့ရသင့်တယ်၊ ငါရသင့်တယ်လို့ နတ်သားလေးဦး နတ်သမီးလုမှု သိကြားမင်းကြီးထံ ရောက်သွားကြသတဲ့။ ဒီနတ်သမီးကလေးကိုမှ မရလျှင် ရူးရပါလိမ့်မယ်။ မစားနိုင် မအိပ်နိုင် ဖြစ်ရပါလိမ့်မယ်လို့ အသီးသီးဆင်ခြင်လဲကြသတဲ့။ ပြိတ္တာငတ်တွေဖြစ်ပုံ မထင်ရှားဘူးလား။ ဒီတော့ သိကြားမင်းကြီးက မင်းတို့က မရလျှင် ရူးရုံ–မစားနိုင်ရုံ တော်သေးတယ်၊ ငါကတော့မရလျှင် သေရလိမ့်မယ်၊ ဒါကြောင့် ဘဏ္ဍာတော်ဖြစ်ထိုက်တယ်လို့ သိမ်းယူလိုက်သတဲ့။ ဒါတွေဟာ တဏှာ ဆားငန်ရေသောက်မိလို့ အငတ်မပြေနိုင်ကြတာဘဲ။ ဒါကြောင့် နတ်ပြည်ကသေလျှင် ငရဲသို့ သွားကြတာ များတယ်။ တရာမှာ တယောက်လောက်၊ တထောင်မှာ တယောက်

လောက်သာ ငရဲမှလွတ်ကြသတဲ့။ ဒါက နတ်တွေအင်တော်မပြေပုံ စကားဆက်သွား တာဖြစ်တယ်။

တာဝတိံသာပြဿာဘုံကို အဘယ်သို့ လွန်မြောက်နိုင်ပါအံ့နည်း?ဟု ထိုရဟန်း နတ်သားလျှောက်တော့— မြတ်စွာဘုရားက ဥဇုဂေါနာမ သောမဂ္ဂေါ—စသည် ဖြင့် ဖြောင့်ဖြောင့်သွားသောလမ်းမ၌ မဂ္ဂင်ရထား စီးသွားလျှင် လွန်မြောက်နိုင် တယ်လို့ဖြေပြီး၊သစ္စာလေးပါး ပြလိုက်တယ်။ ဒီတော့မှ ထိုရဟန်းနတ်သား သော တာပန်တည်သွားသတဲ့။ ရဟန္တာဖြစ်နိုင်လောက်အောင် ဟောပေမဲ့ ဉာဏ်ခံတွင်း အားလျော်စွာ သောတာပန်တည်ပြီး မြတ်စွာဘုရားကို နတ်နံ့သာစသည်ဖြင့် ပူ ဇော်ပြီး ပြန်သွားသတဲ့။

နတ်ပြည်ကသေလျှင် ငရဲသွား-များတယ်လို့ ဆိုတဲ့နေရာမှာ သုပြဟ္မနတ်သား ဝတ္ထုကြည့်ရမယ်။ သုပြဟ္မ နတ်သားဆိုတာ နတ်သမီးတထောင်နှင့်နန္ဒဝန် နတ်ဥ ယျာဉ်ထဲတွက်သွားပြီး ပင်လယ်ကသစ်ပင်အောက်၌ ထိုင်နေသတဲ့။ နတ်သမီး ငါး ရာက သစ်ပင်ပေါ်တက်ပြီးပန်းခူးသတဲ့။ နတ်တို့တန်ခိုး နဲ့ ယူဇနာတရာမြင့်တဲ့ သစ် ပင်မြစ်စေ၊ လက်အနီးညွတ်ပေးရပေမယ်လို့ မညွတ်စေဘဲ အပျော်သစ်ပင်-တက် ပြီးတေးဆိုကာပန်းတွေကိုချွေချသတဲ့။ဒီပြင်ငါးရာကပန်းကောက်ပြီး ပန်းကုံးပြု၍ နတ်သားကိုဆင်မြန်း၍ ပျော်ချင်တိုင်းပျော်နေကြသတဲ့။ ထိုခဏတွင် သစ်ပင်ပေါ် က နတ်သမီးငါးရာဟာ ကံအားလျော်စွာ တပြိုင်နက်သေပြီး အဝီစိ ငရဲသို့ ရောက် သွားကြသတဲ့။ နတ်တို့ခန္ဓာကိုယ်ဟာ အလွန်သိမ်မွေ့တယ်။ သေလျှင် အလောင်း ကောင် မကျန်ဘူး။ မီးတောက်များငြိမ်းသလို ဖြစ်တယ်။ အတော်ကလေး ကြာ တော့ တေးဆိုသံ မကြားတာနဲ့ ဘယ်သွားကြပါလိမ့်မလဲလို့နတ်သားက ဆင်ခြင် ကြည့်လိုက်သတဲ့။ သေပြီးအဝီစိရောက်နေကြတာ တွေ့လေတော့ ချက်ခြင်းသောက မီး ငါးရာ ထတောက်သတဲ့။ ဒို့လူတွေမှာ ဒီလောက် မီးများများတပြိုင်နက် ထ တောက်တာ မကြားဘူးပါဘူး။ သူတို့နတ်တွေဘဲ လွန်လွန်းတယ်။ ငါးရာကျန် သေးတယ်လို့ မဖြေနိုင်ကြဘူး။တကိုင်းထည်းမနားကြရလို့ထင်ပါရဲ့။နောက်တော့ သူ့ကိုယ်လဲ သူဆင်ခြင် ကြည့်သတဲ့။ ငါလဲ နောက်ခုနစ်ရက်အတွင်း ကျန်ငါးရာနှင့် အတူသေပြီး ထိုအဝီစိမှာ သွားဆုံရလိမ့်မယ်လို့ မြင်သတဲ့။ သည်တော့လဲ တကိုင်း ထည်းမနားဝံ့ပြန်ဘူး။ အကြီးအကျယ် ထိတ်လန့်ပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား........ယခုအမြဲ တဖျတ်ဖျတ် ထိတ်လန့်နေပါတယ်။ဒုက္ခ လက်မလွှန်ခင် အကြောက်ပြေဆေး တိုက်ကျွေး တော်မူပါဘုရားလို့ လျှောက်သတဲ့။ ဒီတော့ မြတ် စွာဘုရားက ဤသို့ ဟောပြသတဲ့။

နညတြ ဗောဇ္ဈာ တပသာ၊ နညတြိန္ဒြိယ-သံဝရာ။
နညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

ဒေဝပုတ္တ၊ အိုနတ်သား။ ဗောဇ္ဈာ၊ ဗောဇ္ဈင် ခုနစ်ပါး ပွါးများခြင်းကိုရင်း။ တပသာ၊ မြိုးခြံသော ရုတင် အကျင့်ကိုရင်း။ အညတြ၊ ကြဉ်၍။ ပါဏီနံ၊ သတ္တဝါ တို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယ သံဝရာ၊ စက္ခု စသော ဣန္ဒြေခြောက်ပါး စောင့်စည်းခြင်းကို။ အညတြ၊ ကြဉ်၍။ ပါဏီနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရား မြင် တော်မမူ။သဗ္ဗနိဿဂ္ဂါ၊ ဥက္ခအားလုံးစွန့်ရာနိဗ္ဗာန်ကို။ အညတြ၊ကြဉ်၍။ပါဏီနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရား မြင်တော်မမူ။

ဣန္ဒြေခြောက်ပါးစောင့်လျှင် စတုပါရိသုဒ္ဓိသီလပြည့်တယ်၊ ၎င်းအခါရုတင်ဖြင့် မြိုးခြံလျက်သတိ၊ပညာစသော ဗောဇ္ဈင်တိုးပွားအောင်ဝိပဿနာပွါးလျှင် နိဗ္ဗာန် အာရုံ၌ မဂ်စိတ်ဖြစ်နိုင်တယ်။ဒီလို အဝိပ္ပါယ်မျိုး သဘောပေါက်အောင် ဟောပြ တာနဲ့ တထိတ်ထိတ် တလန့်လန့်ဖြစ်နေတဲ့ နတ်ဟာ အထိတ်အလန့်ကင်းပြီး သော တာပန် တည်သွားတယ်။ သိသိကလေးကပ်နေတဲ့ ငရဲမှ လွတ်သွားတယ်။ ဒီလိုသာ ဘုရားထံမသွားလျှင် ယခုလောက်ရှိ အဝီစိမှာ အခြေအရံ တတောင်နဲ့ ဒယ်အိုးတခု ထဲ၌ ကိန်းသေဖြစ်ရှာရတော့ မှာဘဲ။

တချို့ကဒီ-နညတြ-ဂါထာကို ထိတ်လန့်စရာအခါမျိုးကြုံလျှင် ရွတ်ဆိုကြတယ်။ အင်းချပြီး အရာရာသုံးကြတယ်၊ အပွင့်ကောင်းတယ်။ ဈေးခေါ် ကောင်းတယ်။ အကာအကွယ်လဲ အလွန်ကောင်းသတဲ့။ တစ္ဆေကိုတော့ ကောင်းကောင်းနိုင်သတဲ့။ ဒါဟာ သူ့ဖို့မလိမ္မာလို့ ထိုဂါထာကို နာမည်ပျက်စေတာဘဲ။ ဘာကြောင့်လဲဆို တော့ ဒီတစ္ဆေအနေမျှ ဟုတ်ရိုးလား။ တသံသရာယုံးကိုနိုင်တဲ့ အကာအကွယ်ကြီး ဖြစ်တယ် မဟုတ်လား။ စကြဝဠာ တခုလုံးကို ထွန်းလင်းစေတဲ့ နေမင်းကြီးဖြစ် လျက် ပိုးစုန်းကြူးရောင်ကို ပယ်နိုင်သော နေမင်းကြီးဟုဆိုလျှင် နေမင်းကြီးမှာ ကောင်းနိုင်ပါတော့မလား။ ခါးတောင်းကျိုက်ပြီး ပရွက်ဆိတ်ဖမ်းသလို၊ခါးချဉ် ကို အမြောက်နဲ့ ပစ်သလို နေတာပေါ့။

မုဒုလက္ခဏဇာတ်မှာတော့ ဒီတကျော်ဟာ မရခင်လိုချင်တာတခုထဲ။ရပြီးတော့ အမျိုးမျိုး တိုးလာသတဲ့။ ။ဗြဟ္မဒတ်မင်းကြီး ကိုးကွယ်သော ဈာန်အဘိညာ ရ တဲ့ ငါတို့ဘုရားအလောင်း ရသေ့ကြီးဟာ မုဒုလက္ခဏမိဖုရားကြီးကိုမြင်၍ စုံမက်ပြီး ''မုဒုကိုလိုချင်လှချည့်ရဲ့၊ ဘယ်တော့ ရပါ့မလဲ''ဟု မစားနိုင် မသောက်နိုင် ခုနစ် ရက်ကိုင်အောင် ကြိစည် တောင့်တသတဲ့။ အဲဒါမရခင် လိုချင်တာ တခုထဲဖြစ်ပုံတဲ့။

တိုအကြောင်းကို မင်းကြီး-သိသွားတော့ ဒီလို၊ဒီလို-စောင့်ရှောက်မှ ဖြစ်မယ် လို့ မိဖုရားနှင့် တိုင်ပင်ပြီးရသေ့ကြီးအားမိဖုရားကိုယူပါတော့-လို့ ပေးလိုက်သတဲ့။ ရသွားတော့မိဖုရားက နေစရာအိမ်တဆောင်ရဘို့ရှင်ဘုရင်ထံသွားတောင်းပါလို့ ခိုင်းသတဲ့။ သွားတောင်းတော့ ရွာစွန်မှာ သူတကာညစ်ကြေးစွန့်တဲ့ အိမ်ပျက်တခု

ကို ပေးလိုက်သတဲ့။ မိဖုရားက ရွံစရာတွေသုတ်သင်ပါဦးလို့ နိုင်းတော့ပေါက်တူး၊ ခြင်းတောင်း-သွားတောင်းပြီး သုတ်သင်ရပြန်သတဲ့။ သုတ်သင်ဆိုတာ စကားယဉ် သုံးတာ-မစင်တွေ ထမ်းထုတ်ရတဲ့ မိလ္လာကုလားကြီး ဖြစ်သွားတာ ကိုဆိုတာ။ ထိုနောက်လဲ ခတင်၊ မွေ့ရာ၊ ခေါင်းအုံး၊ ဖျာ၊ စောင်၊ ခြင်ထောင်၊ အိုး၊ ခွက်-စသည် ဖြင့် တခုပြီးတခုလိုတာနဲ့ မိဖုရား နိုင်းတိုင်း သွားတောင်းပြီး ထမ်းသယ်လာရပြန် တယ်။ မောရမှန်း ပန်းရမှန်းတောင် မသိနိုင်ဘူး။ ဒါကရပြီးတော့ အမျိုးမျိုး တိုး လာတာ ဖြစ်ပုံတဲ့။

နောက်တော့ ခတင်ပေါ်မှာ အတူ ယှဉ်ထိုင်လျက်နေတော့ မိဖုရားက အရှင်၏ ရသေ့ရဟန်း အဖြစ်ကို အရှင် မသိနိုင်တော့ဘူးလားလို့ ဆိုပြီး ရသေ့ကြီးကို မှတ် ဆိတ်တွေ ဆွဲရမ်းသတဲ့။ ဒီတော့မှ သတိရသွားသတဲ့။ ဤမျှလောက် မသိနိုင်အောင် နှိပ်စက်သော တဏှာသည် ငါ့ကို အကန်း လုပ်တာဘဲ။ တိုးပွါးလာလျှင် အပါယ် မှာ ဦးခေါင်းမဖော်နိုင်အောင် နှိပ်စက်ဦးမှာဘဲ။ ဒင်းကိုမှီ၍ တဏှာလောဘတွေ သာ တိုးပွားတယ်။ ပြန်ပေးမှနေရာကျမယ်လို့ မင်းကြီးထံသွားပြီးမလိုချင်တော့ပါ ဘူး။ ပြန်ယူပါတော့လို့-ဆိုပြီး-ဂါထာဟခုကို ရွတ်ဆိုသတဲ့။

ကော ဇူဿ ပုရေ အာသိ၊ အလဒ္ဓါ မုဒုလက္ခဏံ။
ယတော လဒ္ဓါ အဠာရက္ခိ၊ ဇူဿာ ဇူဿံ ဝိဇာယထ။ ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မုဒုလက္ခဏံ၊ မုဒုလက္ခဏာ မိဖုရားကို။ အ လဒ္ဓါ၊ မရမီ။ ပုရေ၊ ရှေး၌။ မမ၊ ငါအား။ ကောဇူဿာ၊ မုဒုရမှု ကောင်း၊ လေဠဟု အလိုဆန္ဒတခုသည်။ အာသိ၊ ဖြစ်ခဲ့ပြီ။ ယတော၊ အကြင်အခါ၌။ အဠာရက္ခိ၊ တင့် တယ်သော မျက်လုံးရှိသော မုဒုကို။ လဒ္ဓါ၊ ရပြီ။ အထ၊ ထိုအခါ၌။ ဇူဿာဇူဿံ၊ များပြားထိုထို ဆန္ဒအလိုကို။ ဝိဇာယထ၊ ဖြစ်စေခဲ့ရလေပြီ။

ကာမဇာတ်မှာတော့ တဏှာဆိုတာ ဖြစ်ခါစ နှိမ်မှ-မနှိမ်လျှင် တဖြေးဖြေး နယ်ချဲ့သတဲ့။ ခမည်းတော် မင်းကြီးနတ်ရွာစံတော့ သားတော်ကြီးက ဘုရင်အလုပ် လက်မခံလိုဘူးဟု ညီတော်ကိုလွှဲပြီး ပစ္စန္တရာဇ်မှာသွား၍ လက်အမှု-လုပ်ကိုင်စား သောက်နေသတဲ့။ တောကလူတွေက မင်းသားဟု သိ၍ခြံရံပြီး ခစားကြသတဲ့။ ထိုသူ များကို မင်းခွန်လွှတ်ရန် ညီတော်ဘုရင်ထံ အကြောင်းကြားလိုက်တော့ ညီတော် ဘုရင်က မင်းခွန်လွှတ်သတဲ့။ နောက်တော့ တစတစနဲ့ ခစားသူတွေ များလာ တော့ ဇနပုဒ်ကိုတောင်း၊ မြို့ရွာကိုတောင်းနဲ့ တဏှာနယ် ချဲ့လာတယ်။ နောက် တော့ မင်းအဖြစ်ကို ပေးရမယ်၊ ပမပေးလျှင်စစ်တိုက်မယ်လို့ ရာဇသံပေးလိုက်သတဲ့။ ညီတော်က တယ် မိုက်ပဲတဲ့ နောင်တော်ပါတကားဟု ဆိုပြီး စစ်မတိုက်ဘဲ တိုင်း ပြည်အပ်လိုက်သတဲ့။ ရှင်ဘုရင်ဖြစ်တော့လဲ ဘယ်တိုင်းပြည်ကို တိုက်ယူရပါမလဲလို့

တကြိတ်ကြိတ်ကြိပြီး တဏှာနယ်ချဲ့နေသတဲ့။ ထိုအခါ သိကြားမင်းက လုလင်အသွင်ယူပြီး တိုင်းပြည်ကြီး သုံးခု အလွယ် တကူရဘို့ မြင်ထားပါတယ်။ မြန်မြန် စစ်ပြင်ပါလို့ လာပြောသတဲ့။ ဒီတော့ သဘောကျလွန်းလို့ ထိုလုလင်ကို နေရာ ထိုင်ခင်းတောင် မပေးမိဘူး။ တဏှာ မှုန်သွားသတဲ့။

နောက်တနေ့တော့ ထိုလုလင်ကို ရှာမတွေ့တာနဲ့ မစားနိုင်၊ မသောက်နိုင်–စိတ်ထောင်းကိုယ်ကြေပြီး သွေးကျတဲ့ရောဂါဖြစ်လာသတဲ့။ ဘယ်ဆရာမှ ကုမရလို့ လက်လွှတ်ကြသတဲ့၊ ထိုအခါ ငါတို့ဘုရားအလောင်း တက္ကသိုလ်ပြန် ဆေးဆရာ ရောက်လာပြီး ရောဂါဖြစ်ခြင်းအကြောင်းရင်းကို ပြောပြပါလို့ဆိုတော့၊ ရောဂါကိုသာကုပါ၊ အကြောင်းရင်း မပြောလိုဘူးလို့ငြင်းပယ်သတဲ့။ အကြောင်းရင်းသိမှဆေးကုလွယ်တယ်။ ပြောသာပြောပါလို့ဆိုတော့မှ တိုင်းပြည်ကြီးသုံးခုမရလို့ တဏှာမှိုပြီး ရောဂါဖြစ်တယ်၊ ကုနိုင်ကုပါလို့ ဆိုသတဲ့။ အရှင်မင်းကြီး........စိုးရိမ်ခြင်းဖြင့်တိုင်းပြည်ရနိုင်ပါမလားလို့မေးသတဲ့။ မရနိုင်ပါဘူး။ မရနိုင်လျှင် အဘယ်ကြောင့် စိုးရိမ်နေရသလဲ။ တနေ့ကျလျှင် မိမိကိုယ်တောင် စွန့်သွားရမယ် မဟုတ်လား။ တိုင်းပြည်လေးခုဘုရင်လုပ်ပြီး ပွဲတော်လေးခုတခါထည်း ပွဲတော်တည်နိုင်မလား။ အိပ်ရာလေးခုအိပ်နိုင်မလား။ ပုဆိုးလေးထည် ဝတ်နိုင်မလား။ တဏှာ အလိုမလိုက်ပါနှင့်၊ အပါယ် ကျသွားပါလိမ့်မယ်လို့ တရားဟောသတဲ့။

မင်းကြီး.......တဏှာဆိုတာ လိုတိုင်းရတဲ့အခါ ဝမ်းမြောက်ပြီး နယ်ချဲ့တာဘဲ။ သားရေသွားသည်မလိုရာအစွန်းအစကိုလိုးပယ်၍ဘိနပ်ချုပ်ရသကဲ့သို့ကာမတဏှာ တရားကို ဉာဏ်ထားဖြင့်လှီးပယ်၍ ကိုယ်၊ နှုတ်၊ စိတ်–ဖြောင့်စင်းအောင်ပြုရမယ်လို့ ဟောစဉ် ဆေးဆရာက မင်းကြီး၏ထီးဖြူကို အာရုံပြု၍ သြဒါတကသိုဏ်း စီးဖြန်း သဖြင့်ဈာန်ကိုရသတဲ့။ ထိုခဏတွင်မင်းကြီးရောဂါကင်း၍ဉာဏ်တည်းဟူသောဆေးဖြင့်ရောဂါကင်းစေနိုင်ပါပေတယ်ဟုငွေရှစ်ထောင်ဆုချသတဲ့။ ဆေးဆရာကမယူလိုပါဘူး။ ယခုတရားဆေးကုစဉ်ဈာန်ရပါပြီ။ သူတော်ကောင်းတရား လက်မလွှတ်အောင်စောင့်ပါဟုဆိုပြီး ဟိမဝန္တာ၌ ရသေ့ပြု၍ ဈာန်ဖြင့်သေတော့ ဗြဟ္မာပြည် ရောက်သတဲ့။

သံယုတ် ပါဠိတော်မှာ–စက္ခုံစ ပဋိစ္စ ရူပေစ–ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ တဿာယေဝ တဏှာယ အသေသ–ဝိရာဂ–နိရောဓာ ဥပါဒါန နိရောဓော........စသည်ဖြင့် ဟောတဲ့ အတိုင်း စက္ခုစသော အာယတနတို့က အခြေခံပြီးဖဿ၊ ဝေဒနာတို့ ကူညီလို့ဖြစ်လာတဲ့ တဏှာကို ဥပါဒါန် မဖြစ်စေဘဲ အကြွင်းမဲ့ ချုပ်အောင် သုတ်သင်ရမယ်။ ဒီတော့မှ ဥပါဒါန်တို့လဲ ချုပ်၍ ဝဋ်ဒုက္ခမှ လွတ်နိုင်သတဲ့။

ဒါကြောင့် အိုးကင်းပူ၌ အမဲသားကပ်သလို၊ မျောက်နဲ့စေးကပ်သလို–ကပ်

တတ်တဲ့ တဏှာကို အကြောင်းအားလျော်စွာ ဥပါဒ်၊ ဋ္ဌီ၊ ဘင်ဖြင့် ဖြစ်ပြီးပျက်သွားတတ်တဲ့ အနိစ္စသဘော တဏှာ၊ ဒုက္ခသဘောတဏှာ၊ အနတ္တသဘောတဏှာ-ဖြစ်တယ်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဟုတ်ဘူးလို့ရှုပြီး တဏှာကို အကြွင်းမဲ့ချုပ်ငြိမ်းအောင် သုတ်သင် နိုင်ကြပါစေကုန်သတည်း။

---

## (၁၃) ဥပါဒါန်သုတ်သင် စက်ပိုင်ရှင်ဖြစ် တရားစာ။

“တဏှာပစ္စယာ ဥပါဒါနံ”။ ။တဏှာပစ္စယာ၊ တဏှာဟူသောအကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ။ဒီလိုဟောတဲ့ နေရာမှာ တဏှာဆိုတာ ယခင်တဏှာသုံးပါး၊ တဏှာခြောက်ပါး။ တဏှာအစစ် ၁၀၈-ပါးပင် ဖြစ်တယ်။

ဥပါဒါန်ဆိုတာ အားကြီးသော တဏှာနှင့် ဒိဋ္ဌိဖြစ်တယ်။ လေးမျိုးပြားတယ်။ ပြားပုံကတော့-တဏှာအစစ် ၁၀၈-၏နိုင်မြဲခြင်းသည် ကာမုပါဒါန်မည်တယ်။ နတ္ထိဒိန္နံ-စသော ဝတ္ထုဆယ်ပါးရှိသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် မည်တယ်။ နွားစသော တိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြင့်ရပ်၍ ကျင့်စွန့်ခြင်း၊ စားခြင်း၊ စားမြုံ့ပြန်ခြင်းစသည်ကိုပြုလျှင် သံသရာဝဋ်ဒုက္ခမှ စင်ကြယ်တယ်၊ နိဗ္ဗာန်ရနိုင်တယ်လို့ စွဲလမ်းသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန်မည်တယ်။ သက္ကာယဒိဋ္ဌိ နှစ်ဆယ်သည် အတ္တဝါဒုပါဒါန် မည်တယ်။ ထိုတွင်ဒိဋ္ဌုပါဒါန်စသော သုံးပါးကိုသောတာပတ္တိမဂ်ပယ်သည်။ ကာမုပါဒါန်ကို မဂ်လေးပါးဖြင့်ပယ်သည်။ အနာဂါမ်အား ကာမရာဂမရှိ၊ ကာမုပါဒါန် ကားရှိသည်ဟု နိက္ခေပကဏ္ဍ၌ ဖွင့်ဆိုသည်။

တဏှာနှင့်ဥပါဒါန်ထူးခြားပုံကတော့ တဏှာဆိုတာ မရသေးသော အာရုံကို တောင်းတတယ်၊ မှောင်ရိပ်ထဲမှာ ခိုးသူစမ်းတာနှင့် တူသတဲ့၊ ဥပါဒါန်ကတော့ ရပြီးသောအာရုံကို မြဲစွာယူတယ်။ ဘဏ္ဍာထုပ်ကို ရပြီးသော ခိုးသူနှင့်တူသတဲ့။ တနည်း-တဏှာဆိုတာ အလိုနည်းခြင်း-အပ္ပိစ္ဆတာဂုဏ်နှင့် ဆန့်ကျင်သတဲ့။ ဥပါဒါန်ကတော့ ရောင့်ရဲခြင်း-သန္တုဋ္ဌိဂုဏ်နှင့် ဆန့်ကျင်သတဲ့။ တနည်း-တဏှာဆိုတာ ရှာဖွေရခြင်း-ပရိယေသနဒုက္ခကို ဖြစ်စေတယ်။ ဥပါဒါန်ကတော့ စောင့်ရှောက်ရခြင်း-အာရက္ခဒုက္ခကိုဖြစ်စေသတဲ့။

သံသရာထဲမှာ ကိလေသာတို့၏ ဖြစ်စဉ်ရယ်လို့တော့မှချမရှိဘူး။ ပရိယာယ်အားအားဖြင့်တော့ တခုသောဘဝ၌ သက္ကာယဒိဋ္ဌိ ရှေ့သွားရှိသူဟာ သဿတဒိဋ္ဌိသော်၎င်း၊ ဥစ္ဆေဒဒိဋ္ဌိသော်၎င်း တခုခုကို စွဲလမ်းသတဲ့။ သဿတဒိဋ္ဌိ စွဲသူကတော့ မြဲသောအတ္တ-ချမ်းသာပါစေဟု သီလဗ္ဗတုပါဒါန်ကို လိုက်စားတတ်သတဲ့။ ဥစ္ဆေဒဒိဋ္ဌိစွဲသူကတော့ ငါသေလျှင်ပြတ်ပြီးနောက်ဘဝစိုးရိမ်စရာ အပါယ်ဒုက္ခမရှိဘူးလို့ ကာမုပါဒါန်ကို လိုက်စားတတ်သတဲ့။ ဤကဲ့သို့ အတ္တဝါဒုပါဒါန် ဖြစ်ပြီးမှ ဒိဋ္ဌု

ပါဒါန်၊ ထိုနောက် သီလဗ္ဗတုပါဒါန်၊ ထိုနောက် ကာမုပါဒါန် ဖြစ်တယ်လို့ ပရိယာယ်အားဖြင့် မှတ်ရမတဲ့။ ဒါတွေဟာ ဆေးကုလို၍ ဆေးအလွဲ ယူတာတွေဘဲ။ ဝါ၊ ရေငတ်၍ ဖန်ဖန်ရေ တောင့်တတာတွေဘဲတဲ့။

ကျေးဇူးပြုပုံကတော့ ကာမတဏှာသည် ကာမုပါဒါန်အား-အားပေးစက်သဘွယ်-ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသတဲ့။

တကွဖြစ်သော တဏှာအားလုံးသည် ကာမုပါဒါန်မှ တပါးသော ဥပါဒါန်သုံးပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသတဲ့။

တကွမဟုတ်လျှင် တဏှာအားလုံးသည် ဥပါဒါန်အားလုံးအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသတဲ့။

ဒိဋ္ဌုပါဒါန်၌ ဝတ္ထုဆယ်ပါး ရှိတယ်ဆိုတာ နတ္ထိဒိန္နံ-အလှူဆိုတာ အကျိုးမရှိ၊ နတ္ထိယိဋ္ဌံ-ယဇ်ကြီးပူဇော်ခြင်း အကျိုးမရှိ။ နတ္ထိဟုတံ-ညှော်သည်ဝတ်စသော ယဇ်ငယ် အကျိုးမရှိ။ နတ္ထိ ကမ္မာနံဝိပါကော-ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကျိုးရင်းကျိုးဖျားမရှိ။ နတ္ထိ အယံလောကော-ထိုထိုဘဝမှ လာရာ၌ပစ္စုပ္ပန် လောကမရှိ။ နတ္ထိပရောလောကော-၌ဘဝမှသွားရာ ထိုထိုတမလွန်လောကမရှိ။ (ဖြစ်ရာဘဝ၌သာပြတ်သည်ဟု ဆိုလိုတယ်။) နတ္ထိ မာတာ-အမိ၌ အကောင်းအဆိုး ပြုကျိုးမရှိ။ နတ္ထိပိတာ-အဘ၌အကောင်းအဆိုးပြုကျိုးမရှိ။ နတ္ထိ သတ္တာဩပပါတိကာ-သေ၍ တဖန် ပဋိသန္ဓေ နေသူမရှိ။ နတ္ထိ လောကေ သမဏ ဗြာဟ္မဏာ-လောက၌ အနုလောမ ပဋိပဒါ ကျင့်သော သမဏ ဗြာဟ္မဏ ဟူ၍လည်း မရှိ။ ပစ္စုပ္ပန်လောက တမလွန်လောကကို သိ၍ဟောကြားသော သဗ္ဗညု ဘုရား ဟူ၍လည်း မရှိ။ ၌ဝတ္ထုဆယ်ပါးကို ယူသတဲ့။

ဒီ—ဒိဋ္ဌိဆယ်ပါးဟာကမ္မပထမြောက်သောဒိဋ္ဌိကြီးသုံးပါးနှင့်သက်ဆိုင်တယ်။ ကမ္မပထ မြောက်သော ဒိဋ္ဌိကြီးသုံးပါးဆိုတာ........

"အကိရိ—ကံပယ်။ နတ်-ကျိုးပယ်။ နှစ်သွယ်—အဟေတု။"

အကိရိ-ကံပယ်ဆိုတာ အကြောင်းကံဟူ၍ မရှိကောင်း။ ကုသိုလ်၊ အကုသိုလ်ပြုစရာမလိုဟု အကြောင်းကံကိုပယ်ခြင်းသည်အကြိယ ဒိဋ္ဌိမည်သတဲ့။

နတ်—ကျိုးပယ်ဆိုတာ—အကျိုးဝိပါက်ဟူ၍မရှိကောင်း။ ဘာကိုပြုပြု မကောင်းကျိုး၊ ကောင်းကျိုးမရှိဟု အကျိုးဝိပါက်ကို ပယ်ခြင်းသည် နတ္ထိက ဒိဋ္ဌိမည်သတဲ့။

နှစ်သွယ်-အဟေတုဆိုတာ—အကြောင်းကံလဲ မရှိ။ အကျိုးဝိပါက်လဲ မရှိ။ အကျိုးကို ဖြစ်စေသော အကြောင်းဟူ၍ရင်း။ အကြောင်းကြောင့်ဖြစ်သော အကျိုးယူ၍ရင်း—မရှိဟု ကြောင်းကျိုး နှစ်ခုလုံးကို ပယ်ခြင်းသည် အဟေတုက ဒိဋ္ဌိမည်သတဲ့။ ။ဒီ—ဒိဋ္ဌိတွေဟာ နတ်ပြည်အန္တရာယ်၊ မဂ်ဖိုလ်အန္တရာယ် ဖြစ်ကြတယ်။

အတ္တဝါဒုပါဒါန်— သက္ကာယ ဒိဋ္ဌိ နှစ်ဆယ်ဆိုတာ— သူတော်ကောင်းတရား

မကြား မမြင် မသိသော အန္ဓပုထုဇဉ်သည် ရုပ်သည်အတ္တ၊ ရုပ်ရှိသောအတ္တ၊ အတ္တ၌ရုပ်၊ ရုပ်၌အတ္တဟု လေးမျိုးရှု၏။ ဝေဒနာသည်အတ္တ၊ ဝေဒနာရှိသော အတ္တ၊ အတ္တ၌ဝေဒနာ၊ ဝေဒနာ၌အတ္တဟုလေးမျိုးရှု၏။ သညာသည်အတ္တ၊ သညာရှိသော အတ္တ၊ အတ္တ၌သညာ၊ သညာ၌ အတ္တဟု လေးမျိုးရှု၏။ သင်္ခါရသည် အတ္တ၊ သင်္ခါရရှိသော အတ္တ၊ အတ္တ၌ သင်္ခါရ၊ သင်္ခါရ၌ အတ္တဟုလေးမျိုးရှု၏။ ဝိညာဏ်သည် အတ္တ၊ ဝိညာဏ်ရှိသော အတ္တ၊ အတ္တ၌ ဝိညာဏ်၊ ဝိညာဏ်၌ အတ္တဟု လေးမျိုးရှု၏။

ရုပ်ခွဲ-၁။ နာမ်ခွဲ-၇။ ရုပ်နာမ်ခွဲ-၁၂=ပေါင်း ၂၀။ ဘနည်း-ခန္ဓာတပါးစွဲ-၅။ လေးပါးစွဲ-၁၅=ပေါင်း၂၀။ တနည်း-သဿတဒိဋ္ဌိ-၁၅။ ဥစ္ဆေဒဒိဋ္ဌိ-၅=ပေါင်း ၂၀။ တနည်း-ဘဝဒိဋ္ဌိ-၁၅။ ဝိဘဝဒိဋ္ဌိ-၅=ပေါင်း ၂၀။ ။ ခန္ဓာတပါးစွဲသည် ဥစ္ဆေဒဒိဋ္ဌိ၊ ဝိဘဝဒိဋ္ဌိ မည်၏။ လေးပါးစွဲသည် သဿတဒိဋ္ဌိ၊ ဘဝဒိဋ္ဌိ မည်၏။ ဤသို့ခွဲစိတ်၍ သိရတယ်။

သင်္ကေတ-ပရမတ္ထအားဖြင့်ထင်ရှားရှိသော+ကာယော-ရုပ်နာမ်ခန္ဓာငါးပါး အပေါင်းသည်သက္ကာယမည်၏။ သက္ကာယေ-ခန္ဓာငါးပါး အပေါင်းသက္ကာယ၌+ဒိဋ္ဌိ-ငါသူတပါးဟု အမှားမြင်ခြင်းသည်သက္ကာယဒိဋ္ဌိမည်၏။ တပျက်ထည်းပျက်သော ခန္ဓာငါးပါးကို ဘယ်အခါမျှ အပျက်မရှိသော ငါသူတပါးဟူသော ခိုင်မြဲသောအမည်ပညတ်ဖြင့်စွဲ လမ်းရခြင်းသည် ''သောသူကို မောင်သက်ရှည်''ဟု-မှည့်ခေါ်သကဲ့သို့ တမှားထည်းမှားလျက် တလွဲထည်းလွဲလျက် ရှိသည်ဟု သိရတယ်။

ရုပ်သည်အတ္တဟု ရှုခြင်းသည် ရုပ်သည် ငါ၊ ငါသည် ရုပ်ဟု တခုထည်း မကွဲအောင်ရှုခြင်းဖြစ်တယ်။ မီးလျှံသည်အဆင်း၊ အဆင်းသည်မီးလျှံဟု ရှုသည်နှင့် တူတယ်။ ရုပ်ရှိသောအတ္တဟု ရှုခြင်းသည် ရုပ်မှခွဲယူ၍ ကြွင်းခန္ဓာလေးပါးကို ငါဟုရှုခြင်းဖြစ်တယ်။ အရိပ်ရှိသော သစ်ပင်ဟု အရိပ်မှ သစ်ပင်ကိုခွဲ၍ ရှုသည်နှင့်တူတယ်။ အတ္တ၌ရုပ်ဟု ရှုခြင်းသည် ငါ၌ရုပ်တည်သည်ဟု ရှုခြင်းဖြစ်တယ်။ ရုပ်မှခွဲယူ၍ ကြွင်းခန္ဓာလေးပါးကို ငါအရာထား၍ ရှုခြင်းဖြစ်တယ်။ ပန်း၌ အနံ့တည်သည်ဟု ပန်းနှင့်အနံ့ကို ခွဲ၍ရှုသည်နှင့်တူတယ်။ ရုပ်၌အတ္တဟု ရှုခြင်းသည် ရုပ်၌ငါတည်သည်ဟု ကြွင်းခန္ဓာလေးပါးကို ငါအရာထား၍ ရှုခြင်းဖြစ်တယ်။ ကြုတ်ထဲ၌ ပတ္တမြားတည်သည်ဟု ကြုတ်နှင့်ပတ္တမြားကို ခွဲရှုသည်နှင့်တူတယ်။ ဝေဒနာသည် အတ္တဟု ရှုခြင်းစသည်တို့၌လည်း ဤဥပမာလေးခုအတိုင်းပင် သိရမတဲ့။

ဤအတ္တဟူသည် ပရမတ်ကိုမှီ၍ စွဲမြှောင်သော ပညတ်ကောင်ဖြစ်တယ်။ အန္ဓပုထုဇဉ်တို့၏ အစွဲကောင်ဖြစ်တယ်။ အစိုးရ၏ဟူ၍၎င်း၊ အပျက်မရှိဟူ၍၎င်း၊ တခဲနက် အစိုင်အခဲ-ခွဲ၍မရဟူ၍၎င်း-စွဲလမ်းအပ်သောကိုယ်ကောင်ဖြစ်တယ်။ ငါ-သူတပါးဟူ၍၎င်း၊ ယောကျ်ား မိန်းမဟူ၍၎င်း၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟူ၍၎င်း-

စွဲအပ်သော အကောင်တု ဖြစ်တယ်။ စင်စစ်ပြစရာ အထည်ကိုယ်မရှိဘဲ စွဲလမ်းခြင်း သက်သက်သာဖြစ်တယ်။

ဤသက္ကာယဒိဋ္ဌိ ၂၀-သည် နတ်ပြည်မတား၊ မဂ်ဖိုလ်ကိုသာတားသည်။ သောတာပတ္တိမဂ်ရမှ အမြစ်ပြတ်သည်။ ဒိဋ္ဌိဟူသမျှသည် ဤသက္ကာယဒိဋ္ဌိသာလျှင် အရင်းခံဖြစ်၏။ မိဘသတ်ခြင်းစသော ကံကြီးကြောင့် ငရဲခံရသူသည် ကမ္ဘာပျက်အံ့သော အခါ ငရဲမှလွတ်၏။ မိစ္ဆာဒိဋ္ဌိ ကံကြီးကြောင့် ငရဲခံရသူကား အယူမစွန့်မချင်း ငရဲမှမလွတ်။ ကမ္ဘာပျက်အံ့သောအခါ၌ တပါးသောစကြဝဠာသို့ ပြောင်း၍ ငရဲခံရ၏။ ဤသို့သော မိစ္ဆာဒိဋ္ဌိကံကြီးကိုပင် သက္ကာယဒိဋ္ဌိသည် ဖြစ်စေနိုင်၏။ ထိုကြောင့် ကြောက်ဘွယ်ကောင်းလှ၏။ သင်ကြား မေးမြန်း ဆုံးဖြတ်ခြင်း အာဂမဖြင့်ရင်း၊ မဂ်ဖိုလ်ရခြင်း အဓိဂမဖြင့်ရင်း၊ ထိုသက္ကာယဒိဋ္ဌိကို ပျောက်ကင်းစေအပ်၏။ မိန်းမောသူ၊ မွေးစသူငယ်၊ ခြင်၊ ပရွက်စသည်တို့အား သက္ကာယဒိဋ္ဌိမဖြစ်ဘူး။ ဉာဏ်အမြင်စင်ကြယ်လို့မဟုတ်။ မစွဲလမ်းနိုင်အောင် တွေဝေခြင်း လွန်ကဲခြင်း ကြောင့်တဲ့။ မဂ်ဖိုလ်မရသေးသမျှ အာဂမဖြင့် သက္ကာယဒိဋ္ဌိကင်းစေခြင်းကား စိတ်မချရသေး။ ဝိပဿနာဉာဏ်စဉ် ဆယ်ပါးလုံး၌ပင် သက္ကာယဒိဋ္ဌိကို အဖန်ဖန်ပယ်ကြရသေးတယ်။

ဤသက္ကာယဒိဋ္ဌိကို သင်ကြား မေးမြန်းခြင်းမျှဖြင့် မကင်းစေနိုင်သေးသောသူသည် အသုတဝန္တ—နားရွက်မရှိသူမည်၏။ ဘုရားရဟန္တာနောက် ကပ်၍လိုက်နေသော်လည်း သူတော်ကောင်းကို မမြင်သူမည်၏။ သူတော်ကောင်းတရား မသိသူမည်၏။ သူတော်ကောင်း ဝိနည်းမရှိသူမည်၏။ ဆရာအမျိုးမျိုး-ဘုရားအမျိုးမျိုးတို့၏ မျက်နှာကိုဖူးမျှော်နိုင်၏။ ပုရာဏကဿပစသော ကြက်သရေမရှိသည့် ဝတ်လစ်စားလစ်တို့ကိုပင် ဘုရားဟု အမြတ်တနိုးဆည်းကပ်နိုင်၏။ ကာမဂုဏ်၌ ကျွံနစ်သူဖြစ်၏။ နီဝရဏတရားဆိုးတို့ဖြင့် ဖုံးအုပ်လျက် ကျိုးကန်းတောင်းမှောက်အလားမှောက်ထားအပ်သူ ဖြစ်၏။ သူတော်ကောင်းတို့မှထုတ်၍ သီးသန့်အပ်သော လူထူးခေါ် ပုထုဇဉ်မည်၏။ အန္ဓပုထုဇဉ် မည်၏။ သင်ကြားကာ၊ မေးမြန်းကာဖြင့် “ခန္ဓာ၊ အာယတန၊ ဓာတ်အစုမျှသာတည်း။ ငါ သူတပါး ယောက်ျား မိန်းမ မရှိ၊ ငါ့ကိုယ် ငါ့ဟာ ငါမဟုတ်”ဟု ဒိဋ္ဌိ တားနိုင်အောင် သိသူကား ကလျာဏပုထုဇဉ်မည်၏။ ထိုအခါ သီသလောက် သက္ကာယဒိဋ္ဌိ ကွာ၏။ မဂ်ပယ်စဉ်အားဖြင့် ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တဝါဒု-ဟူသော ဒိဋ္ဌိဉပါဒါန် သုံးခုကို ပဌမမဂ်ဖြင့်ပယ်သည်။ ကာမုပါဒါန်ကို အောက်မဂ်သုံးကြိမ်ဖြင့် ခေါင်းပါးအောင်ပြု၍ စတုတ္ထမဂ်ဖြင့်အကြွင်းမဲ့ပယ်သည်။ ဝါ၊ မဂ်လေးခုဖြင့် လေးကြိမ်ပယ်သည်။ ထိုကြောင့် အနာဂါမ်အား ကာမုပါဒါန်ရှိခြင်းသည် ထင်ရှား၏။

ဥပါဒါန်လေးပါးတို့တွင် ဒိဋ္ဌုပါဒါန် စွဲလမ်းပုံကို နာရဒဇာတ်တော်ကြီးဖြင့် ဆင်ခြင်ကြရမယ်။ ရှေးအခါ ဝိဒေဟတိုင်း မိထိလာပြည်၌(ယခုဘုရားလက်ထက် ဥရုဝေဠကဿပ ရဟန္တာလောင်း) အင်္ဂတိ မင်းကြီးဟာ စစ်သူကြီး မိုက်စကားနားထောင်ပြီး ကဿပအနွယ် ဂုဏအမည်ရှိသော အဝတ်မဝတ်သည့် ဒိဋ္ဌိကြီး(ယခု သုနက္ခတ် လိစ္ဆဝီလောင်း)ထံချည်းကပ်ပြီး သုဂတိ ဘဝရောက်အောင် ဘယ်လိုတရားများ အားထုတ်ရပါမလဲဟု မေးလျှောက်သတဲ့။ သည်တော့ ဒိဋ္ဌိကြီးက မြတ်သောမင်းကြီး...... ကုသိုလ် အကုသိုလ်ဆိုတာ အကျိုးမရှိဘူး၊ မိဘ ဆရာသမား ပုဂ္ဂိုလ်ကြီးတို့အား ပြုရတဲ့ကျင့်ဝတ်ဟာလဲ အကျိုးမရှိဘူး။ ပညာရှိယောင်ဗာလတို့သာ ဒါနပြုကြတယ်။ ပဏ္ဍိတတို့က အလှူခံကြတယ်။ အချည်းနှီး-အလကား-အကျိုးမရှိပါဘူး။ ကမ္ဘာကြီး၊ ရှစ်သန်း လေးသိန်း ပြည့်လျှင် သတ္တဝါအားလုံး သံသရာမှ စင်ကြယ်၍ နိဗ္ဗာန်ရကြတာချည်းဘဲဟု ဟောသတဲ့။ ထိုအခါ (ဒေဝဒတ်လောင်း) အလာတ-စစ်သူကြီးက ယခုဟောတဲ့တရားဟာ ဟုတ်ပါပေတယ်။ အကျွန်ုပ်ကိုယ်တိုင် ရှေးဘဝက ပိင်္ဂလမည်သောနွားသတ်သမားဖြစ်ခဲ့တယ်။ ထိုဘဝမှသေတော့ ယခုဘဝမှာ စစ်သူကြီးလာဖြစ်တယ်။ အကုသိုလ်ကံ အကျိုးမရှိလို့ အကျွန်ုပ်ငရဲမကျခဲ့ဘူးဟု ထောက်ခံသတဲ့။ သူ့အတိတ်အကြောင်းကတော့ ကဿပမြတ်စွာဘုရား၏ စေတီတော်မှာ အနော်ဇာ ပန်းကုံးဖြင့် ပူဇော်ခဲ့ဘူးတယ်။ ထိုဘဝမှသေတော့ ကံတပါးကြောင့် နွားသတ်သမား သွားဖြစ်တယ်။ ထိုမှသေပြန်တော့ ပန်းကုံးလှူတဲ့ကုသိုလ်ကြောင့် ဒီဘဝမှာစစ်သူကြီးလာဖြစ်တယ်။ ဇာတိဿရဉာဏ် တစိတ်မျှရသူဖြစ်၍ နွားသတ်တဲ့ ဘဝကိုသာမြင်၍ ပန်းကုံးလှူတဲ့ ဘဝကို မမြင်လို့ အကုသိုလ်အကျိုးမရှိဟု မိစ္ဆာအယူဖြင့် ထောက်ခံလိုက်သတဲ့။

ထိုအခါ ထိုဒိဋ္ဌိကြီးထံ၌ ဥပုသ်စောင့်နေသော(ရှင်မောဂ္ဂလာန်အလောင်း) ဗီဇကဆိုတဲ့ကျွန်က ရှိုက်ကြီးငင်ကြီးနဲ့ ငိုပြီး ထောက်ခံပြန်သတဲ့။ အကျွန်ုပ်သည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးဖြစ်၍ ဒါန၊ သီလတွေ အကြီးအကျယ်များစွာပြုခဲ့ဘူးပါတယ်။ ထိုဘဝကသေတော့ ယခုအစေခံ ကျွန်မျိုးလာဖြစ်ရပါတယ်။ ပင်ပန်းတွေ အကုန်ခံပြီး ပြုခဲ့တဲ့ ကုသိုလ်ဟာ အကျိုးမရှိတာ ကိုယ်တွေ့ဖြစ်ပါတယ်လို့ ထောက်ခံပြန်သတဲ့။ ထိုသူဟာ ကဿပဘုရားလက်ထက်က နွားပျောက်လို့ တောထဲ လိုက်ရှာစဉ် ရဟန်းတဦးက မျက်စိလယ်၍ လမ်းခရီးမေးသတဲ့။ ဆိတ်ဆိတ်နေတာကို ထပ်မေးတော့ စိတ်ဆိုးပြီး ကျွန်မျိုးရဟန်းဟု ဆဲခဲ့ဘူးတယ်၊ ဇာတိဿရဉာဏ်တစိတ်ရလို့ သူဌေးဘဝကိုသာမြင်၍ ဆဲခဲ့တဲ့ဘဝမမြင်လို့ မိစ္ဆာအယူဖြင့် ထောက်ခံသတဲ့။

ထိုအခါ အင်္ဂတိမင်းကြီးက အထောက်အထားတွေ ခိုင်လုံပါပေတယ်လို့ မိစ္ဆာယူ ယူပြီး၊ ဒါနသီလတွေကိုဖြတ်သတဲ့။ သမီးတော် ရုစာမင်းသမီး(ယခုရှင်အာနန္ဒာ

အလောင်း)ကိုလဲ ၁၅-ရက်တကြိမ် ဒါနပြုရန် ငွေတထောင်ပေးနေကျကိုလဲမပေးဘဲ ချစ်သမီး........ ယနေ့ကစ၍ ဒါနသီလကိုမပြုနှင့်၊ ကုသိုလ် အကုသိုလ်ဆိုတာ ဘာအကျိုးမှမရှိဘူး၊ ငါအသေအချာသိခဲ့ပြီလို့ဆိုပြီးတားသတဲ့။ (ဒါတွေဟာဆေးအလွဲယူတာဘဲ၊ ဝါ၊ရေငတ်လို့ဖန်ဖန်ရေထောင့်တတာဘဲဟု သိကြရမယ်။)သမီးတော်က ဘခမည်းတော်-လူပေါင်းမှားပြီ၊ ဒီအလာတစ်သျှကြီးနှင့် ဗီဇကကျွန်တို့ဟာ ဇာတိဿရဉာဏ်ဖြင့် တဘဝကိုသာ သိကြပါတယ်။ သမီးတော်သည်ကား ယခင်နတ်သမီး ဖြစ်စဉ်က၊ အတိတ်ခုနစ်ဘဝ၊ အနာဂတ်ခုနစ်ဘဝ—တိုင်အောင်ပင် ၁၄-ဘဝအတိသိရှိခဲ့ပါတယ်။

သမီးတော်သည် ရှေးအခါမဂဓတိုင်း၌ ရွှေပန်းထိမ်သည် ဖြစ်စဉ်က ပရဒါရကံ-သူတပါး သားမယားကို လွန်ကျူးမိခဲ့ပါတယ်။ ထိုမှသေတော့ ဝံသတိုင်း ကောသမ္ဗီပြည်မှာ သူဌေးသား ဖြစ်၍ သူတော်ကောင်းနှင့် ပေါင်းသင်းမိလို့ ကုသိုလ်ကောင်းမှု များစွာပြုခဲ့ပါတယ်။ ထိုမှသေသောအခါ အဆိပ်ရှိသော အစာကိုမျိုမိသူဟာ အဆိပ်နှိပ်စက်ချိန် ရောက်သလို၊ ရောရုဝငရဲမှာကြာမြင့်စွာ ခံခဲ့ရပါတယ်။ ငရဲမှလွတ်တော့လဲဘိဏ္ဏာဂတတိုင်းမှာ ဆိတ်ဖိုဖြစ်၍ သင်းကွပ်ခံခဲ့ရပါတယ်။ ထိုနောက် တောထဲမှာ မျောက်ဖြစ်၍ မွေးသောနေ့၌ပင် သင်းအုပ် မျောက်ကြီးက ကိုက်ပြီး သင်းကွပ် သည်ကို ခံခဲ့ရပြန်တယ်။ ထိုနောက် နွားဖြစ်၍ သင်းကွပ်ခံရပါတယ်။ ထိုနောက် ဝဇ္ဇီတိုင်းမှာ သူဌေးမျိုးတွင် ယောကျာ်းမဟုတ်၊ မိန်းမမဟုတ်တဲ့-နပုံပဏ္ဍုက်ဖြစ်ပြန်ပါတယ်။ ထိုမှသေတော့ သာဝတိံသာ နတ်ပြည်မှာ ကောသမ္ဗီ သူဌေးသားဘဝက ကုသိုလ်ကြောင့် နတ်သမီးဖြစ်ပါတယ်။ ထိုအခါ အတိတ်ဘဝတွေကို ပြန်ပြီး ဆင်ခြင်လိုက်တော့-နပုံပဏ္ဍုက်၊ နွား၊ မျောက်၊ ဆိတ်၊ ရောရုဝငရဲ၊ ကောသမ္ဗီ သူဌေးသား၊ မဂဓတိုင်း ရွှေပန်းထိမ်သည် ဘဝအထိ အတိတ်ခုနစ်ဘဝကိုပြန်၍သမီးတော်မြင်သိရပါတယ်။

နောက်ကို ငါဘာဖြစ်ဦးမလဲလို့ ဆင်ခြင်ပြန်တော့ သိကြားမင်း၏ အလုပ်အကျွေးလေးဘဝ-ဆက်ကာဆက်ကာ ဖြစ်လတ္တံ့၊ပဉ္စမဘဝ၌ဇဝနနတ်သား၏နတ်မိဖုရား၊ဆဋ္ဌဘဝ၌ ယခုအင်္ဂတိမင်းကြီး၏ သမီးတော်-ရုစာ မင်းသမီးဖြစ်လတ္တံ့။သတ္တမဘဝ၌တာဝတိံသာ၌တန်ခိုးကြီးသော နတ်သားဖြစ်၍ မိန်းမဘဝမှလွတ်ပေတော့အံ့ဟု သမီးတော် မြင်သိရပါတယ်။ ပရဒါရ ကံကြောင့် မိန်းမ ခြောက်ဘဝ၊ နပုံပဏ္ဍုက်တဘဝ၊ သင်းကွပ် တိရစ္ဆာန်သုံးဘဝ၊ ငရဲတဘဝဖြစ်ခဲ့ပါတယ်။ကံဆိုတာ မပျောက်မပျက်ပါဘူး။ ပဌမဇော ဒိဋ္ဌဓမ္မ ဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးပါတယ်။သတ္တမဇော ဥပပဇ္ဇဝေဒနီယကံသည် အခြားမဲ့ဒုတိယဘဝ၌ အကျိုးပေးပါတယ်။အလယ်ဇောငါးချက် အပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ အကျိုးပေးပါတယ်။ ထိုအတွင်း အကျိုးမပေးဘဲ မပျောက်

ပျက်ပါဘူး။ ထို့ကြောင့် ကဿဗဂုဏ မိစ္ဆာဒိဋ္ဌိကြီး၏ စကားကို မယူပါနှင့်ဟု ထောင်းပန်သတဲ့။

တောင်းပန်သော်လဲ မင်းကြီး အယူမစွန့်ဘဲနဲ့ ရုစာမင်းသမီးက အရပ်ရှစ်မျက်နှာတို့ကို ရှိခိုးပြီး နတ်ဗြဟ္မာတို့ကို တိုင်တမ်းသတဲ့။ ထိုအခါ (ငါတို့ ယခု ဘုရား အလောင်း) နာရဒဗြဟ္မာကြီးက ဗြဟ္မာပြည်မှ ဆင်းလာပြီး ငရဲဘေးမျိုးစုံပြ၍ ဆုံးမသတဲ့။ ဒီတော့မှ ဗြဟ္မာကြီးကို ကြောက်တာနဲ့ အင်္ဂတိမင်းကြီး မိစ္ဆာအယူကို စွန့်နိုင်သတဲ့။ ဒီဝတ္ထုမှာ ဒိဋ္ဌုပါဒါန် အလွဲလွဲ စွဲလမ်းပုံတွေကို သိနိုင်ကြရမယ်။

သီလဗ္ဗတုပါဒါန် စွဲလမ်းပုံကတော့ သုနက္ခတ်မည်သော လိစ္ဆဝီရဟန်းဝတ္ထု၌ သိကြရမယ်။ ထိုရဟန်းသည် အလုပ်အကျွေး အဖြစ်ဖြင့် မြတ်စွာဘုရား၏ သပိတ်တော်ကိုကိုင်၍ နောက်တော်မှ အတူဆွမ်းခံကြွလေ့ရှိသတဲ့။ တနေ့တော့ လမ်းဘေး၌ ကောရခတ္တိယမည်တဲ့ ဒိဋ္ဌိကြီးကိုမြင်သတဲ့။ ထိုဒိဋ္ဌိကြီးဟာ အဝတ်မဝတ်ဘဲ ခွေးတို့၏အလေ့အကျင့်ကိုဆောက်တည်၍ ကျင့်သတဲ့။ လေးဘက်ထောက်၍သွားတယ်။ မီးဖိုခုံလောက် အကြား၌ ဝင်အိပ်တယ်။ အစာကို မြေပေါ် ပုံပေးရတယ်။ လေးဘက်ထောက်၍ နမ်းပြီးမှ ခံတွင်းဖြင့် စားတယ်။ လက်ဖြင့် ယူမစားဘူး။ ဒီတော့ သုနက္ခတ်ရဟန်းက-''ဤရဟန္တာကြီးသည် အလွန်ခေါင်းပါးစွာ ကျင့်ပေတယ်။ အလွန်မြင့်မြတ်လေစွ''ဟု စိတ်ဖြင့် ကြံစည်လိုက်သတဲ့။ ထိုအခါ မြတ်စွာဘုရားက သုနက္ခတ်-ဘာဖြစ်လို့ ဒီလိုကြံစည်ရသလဲဟုအပြစ်တင်လိုက်သတဲ့။ ဒီတော့သုနက္ခတ်က ''မြတ်စွာဘုရား၊ သူတကာ ရဟန္တာဖြစ်တာကို ဝန်မတိုသင့် ပါဘူး'' လို့ လျှောက်သတဲ့။ ဟဲ့သုနက္ခတ်—ငါဝန်တိုတာ မဟုတ်ဘူး။ မိစ္ဆာ အယူလွဲပြီး အမှားကျင့် နေတာဖြစ်တယ်။ နောက်ခုနစ်ရက်တွင် ဤကောရခတ္တိယသည် အစာမကျေလို့ သေလိမ့်မယ်။ ဗြိတ်မြက်တောသုသာန်မှာ ချရလိမ့်မယ်။ ထိုနေရာမှာ အလောင်းကိုခေါက်ပြီးမေးလျှင် ကာလကဉ္စိက အသုရကာယ်မျိုးဖြစ်နေတယ်လို့ ထပြီးပြောလိမ့်မယ်-ဟု မိန့်တော်မူသတဲ့။ ဒီတော့ သုနက္ခတ်ရဟန်းက ထိုဒိဋ္ဌိကြီးထံ အလစ်သွားပြီး-မြတ်စွာဘုရားက ဒီလို၊ ဒီလို-ပြောတယ်၊ အစားအသောက် ခြင်ဆင်ပါလို့ ပြောသတဲ့။ ဒိဋ္ဌိကြီးက ဒီရှင်ကြီးဂေါတမဟာ ငါတို့နဲ့မတဲ့လို့ ပြောချင်ရာ ပြောတယ်၊ မုသာဝါဒဖြစ်စွပ်စွဲရအောင် ငါအစာမစားဘဲ နေမယ်လို့ ပြန်ပြောသတဲ့။ သုနက္ခတ်ကလည်းနေ့တိုင်းအလစ်အလစ်သွားပြီး တရက်ရှိပြီ၊ နှစ်ရက်ရှိပြီ၊ အစားအသောက်ဆင်ခြင်ပါ-စသည်ဖြင့်သူလျှိုငါ့ဘက်သားလုပ်နေသတဲ့။ ခုနစ်ရက်ရှိတော့ ဒိဋ္ဌိတကာ တယောက်က— ငါ့ဆရာ အိမ်မကြွတာခုနစ် ရက်ရှိပြီ၊ နေထိုင်၍ မကောင်းလေရော့သလားဟု ဝက်သားဟင်းနဲ့ထမင်းယူသွားပြီး မြေပေါ်မှာပုံပေးသတဲ့။ ဒိဋ္ဌိကြီးက ရှင်ကြီးဂေါတမ စကားမှန်ချင်မှန်၊ မှားချင်မှား-ဝဝစားပြီးသေတာက-ကောင်းသေးတယ်လို့ လေးဘက် ထောက်သွားပြီး ဝမ်းပိုက် အပြည့်ဝ

အောင် စားသတဲ့။ (ဒီဝတ္ထုမှာ ဒီဟာတွေ ဆေးအလွဲယူတာ။ ဝါ၊ ဖန်ဖန်ရေ တောင့်တတာဟု သိကြရမယ်။) ညဉ့်ကျတော့ အစာ မကျေလို့ သေရရှာသတဲ့။ ဒီတော့ တခြားသူသာန်ကို ပို့မယ်လို့ ယူသွားကြတာ မျက်စိမှားပြီး ဗြိတ်မြက်တော သုသာန်သို့ရောက်သွားကြ လို့ချက်ခြင်း အလောင်းကို ပြန်ဆွဲယူကြသတဲ့။ ယူလို့မရလေတော့ ရှိပါစေ၊ ရှင်ကြီး ဂေါတမ စကားနှစ်ခွန်းတော့ မှန်သွားပြီလို့ ဆိုပြီး ပြန်သွားကြသတဲ့။ နောက်နေ့ကျတော့ သုနက္ခတ် ရဟန်းက သူ့သေထပြီး စကားပြောမယ်ဆိုတာတော့ မုသားကိန်းသေ ဖြစ်ရမယ်လို့ ဗြိတ်မြက်တော သုသာန်သို့ သွား၍ အလောင်းကိုခေါက်၍ ဘယ်ရောက်နေသလဲလို့ မေးသတဲ့။ ဒီတော့အသုရကာယ်ဘုံက ရောက်လာပြီး အလောင်းကောင်၌ ဝင်ပူး၍ ထိုင်ပြီးလျှင် ငါယခုကာလကိဉ္စိက အသုရကာယ် ဖြစ်နေတယ်လို့ ပြောသတဲ့။ ထိုနောက် သုနက္ခတ်ရဟန်းလဲ တုန်လှုပ် ချောက်ချားသော စိတ်ဖြင့် သာသနာ့ဘောင်မှ ဘိမ်းရှောင်ကာ ဖဲသွားသတဲ့။ ဒီဝတ္ထုမှာ တိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်တယ်လို့ သီလဗ္ဗတုပါဒါန် အလွဲလွဲစွဲ လမ်းပုံကို သိနိုင်ကြရမယ်။

အတ္တဝါဒုပါဒါန် စွဲလမ်းပုံကတော့သစ္စကပရိဗိုဇ် အကြောင်းဖြင့် သိရမယ်။ ဝေသာလီပြည်မှာ သစ္စကပရိဗိုဇ် ဆိုတာ ဝမ်းပိုက်ကိုသံပြားကြီး ပတ်ထားတယ်။ ပညာတွေ လွန်စွာတို၊ပွားသဖြင့် ဝမ်းပိုက်ပေါက်ကွဲ သွားမှာစိုးလို့တဲ့။ ဘယ်ဆရာမဆိုငါနဲ့ ဝါဒချင်းပြိုင်လျှင်တုန်လှုပ်ရမယ်။ ချွေးဒီးဒီးကျရမယ်။ လူမဆိုထားနှင့် သစ်သားတိုင်ကြီးဖြစ်စေတုန်လှုပ်ရမယ်လို့ပြောဆိုလေ့ရှိသတဲ့။ တနေ့တော့ မြတ်စွာဘုရားသည် ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ -ငါ့ကိုယ်မဟုတ်၊ ငါ့ဟာမဟုတ်၊ ငါမဟုတ်ဟု ဟောတာကို သစ္စကပရိဗိုဇ် သတင်းရတာနဲ့ လိစ္ဆဝီမင်းသားတွေကို ဤသို့ဆိုသတဲ့။ အမောင်တို့........လိုက်ခဲ့ကြလော့၊ရှင်ကြီးဂေါတမနှင့် ငါဝါဒချင်းပြိုင်မယ်။'ဆိတ်သိုး မွေးရုတ်ဖွားကြီးကို အမွေးဆွဲရမ်းသ လိုရှင်ကြီးဂေါတမကိုဆွဲရမ်းပြမယ်လို့ဆိုပြီး မင်းသားငါးရာကို ခေါ်သွားသတဲ့။မြတ်စွာဘုရားထံရောက်တော့ ပြဿနာတခု မေးပါရစေဟု ခွင့်တောင်းပြီး အရှင်သည် မိမိ၏ သာဝကများကို ဘယ်လိုဆုံးမ ပါသလဲဟု မေးသတဲ့။

မြတ်စွာဘုရားက ငါ၏ သာဝကများကို-ခန္ဓာငါးပါး-အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါ့ကိုယ်မဟုတ်၊ ငါ့ဟာမဟုတ်၊ ငါမဟုတ်ဟု-ဆုံးမပုံကို မိန့်တော်မူသတဲ့။ရှင်ကြီးဂေါတမ........ဥပမာတခုကို စဉ်းစားကြည့်ပါ။သစ်ပင်တို့သည် မြေကိုမှီ၍ ပေါက်ရောက်ကြီးပွားရတယ် မဟုတ်လား။ထိုအတူသတ္တဝါတိုင်းလဲ ခန္ဓာငါးပါးကိုမှီ၍ ကုသိုလ်၊အကုသိုလ်-ပြုလုပ်ကြရတယ် မဟုတ်လားဟု ဆိုသတဲ့။ သစ္စက........သင်သည် ခန္ဓာငါးပါးကို ငါ၏အတ္တ၊ငါ့ကိုယ်၊ငါ့ဟာ၊ငါ-ဟု ဆိုလိုသလောဟု မေးလိုက်သတဲ့။ ရှင်ကြီးဂေါတမ........အကျွန်ုပ်လဲ ဆိုလိုပါတယ်၊ဤလူအပေါင်းတို့လည်း ထိုအ

တူဘဲ ဆိုလိုကြပါတယ်လို့ သူတပါးကိုဆွဲထည့်ပြီးဝန်ခံသတဲ့။ သစ္စက……သူတပါးဆိုလိုတာကို ဆွဲမထည့်နှင့်၊ မိမိဝါဒကိုသာလွတ်လွတ်ကျွတ်ကျွတ်ဖြေဆိုရမယ်လို့မြတ်စွာဘုရား-မိန့်ဆိုလိုက်တော့မှ-ဟုတ်ပါတယ်၊ အကျွန်ုပ်သည် ခန္ဓာငါးပါးကို-ငါ၏အတ္တ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-ဟု ဆိုလိုပါတယ်ဟု လွတ်လွတ်ဝန်ခံသတဲ့။ (ဒါတွေလဲ သစ္စက-ဆေးအလွဲယူတာ။ ဝါ၊ ဖန်ဖန်ရေ တောင့်တတာလို့ သိကြရမယ်။)

သစ္စက……သင့်ကို ငါတခုမေးမယ်၊ ဖြေနိုင်လျှင်ဖြေလော့။ အဘိသိက်ခံသော ပြည့်ရှင်မင်းတို့သည် မိမိပိုင်သည့် နိုင်ငံသားတို့အား၊ သတ်ထိုက်လျှင် သတ်ခြင်းငှာ၊ နှင်ထိုက်လျှင် နှင်ခြင်းငှာ၊ ချီးမြှောက်ထိုက်လျှင် ချီးမြှောက်ခြင်းငှာ-ပြုပြင်တိုင်း ဖြစ် နိုင်ကြ၏လော။ ရှင်ကြီးဂေါတမ……အဘိသိက် မခံသော ဤလိစ္ဆဝီ မင်းပေါင်းစုံတို့ပင် ဖြစ်နိုင်ကြသေးတယ်။ အဘိသိက်ခံသော မင်းတို့မှာ ဆိုစရာမရှိ၊ သာ၍ဖြစ်နိုင်ကြပါတယ်လို့ အားရပါးရဝန်ခံလိုက်သတဲ့။ ဒီလိုဖြစ်လျှင် သင်ပိုင်သော သင်၏ အတ္တရုပ် ခန္ဓာကို ငါ၏ရုပ်သည် ဒီလိစ္ဆဝီမင်းသားတွေလို လှလှပပဖြစ်ရမယ်။ ယခုအတိုင်းမဖြစ်နှင့်ဟု ပြုတိုင်း ဖြစ်နိုင်သလောဟု မိန့်တော်မူသတဲ့။ ဒီတော့သစ္စကပရိဗိုဇ်က (မိမိရှုံးပြီဟုသိ၍) ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေသတဲ့။ နှစ်ကြိမ်မြောက် ထပ်မေးသောအခါလဲ ဆိတ်ဆိတ်ဘဲနေသတဲ့။ ငါမေးတာဆိတ်ဆိတ်နေဘို့ မဟုတ်ဘူး၊ ဒီတကြိမ်ထပ်မေးဦးမယ်၊ မဖြေလျှင်ဦးခေါင်းခုနစ်စိတ်ကွဲလိမ့်မယ်လို့ မိန့်တော်မူသတဲ့။ ထိုအခါ လက်နက်စွဲ ဘီလူးကြီးတဦးသည် သစ္စက၏ဦးထိပ်အထက် ကောင်းကင်၌ တည်လျက်ဘုရားရှင်မေးတာကိုမဖြေလျှင် ဤလက်နက်ဖြင့်ဦး၊ ခေါင်းခုနစ်စိတ် ခွဲမယ်ဆိုသတဲ့။ သည်တော့ ဖြေပါတော့မယ်၊ မေးတော်မူပါလို့ ဝန်ခံသတဲ့။

သစ္စက……သင်ပိုင်သောသင်၏ ရုပ်ခန္ဓာကို မင်းသားတွေလို လှလှပပဖြစ်ရမယ်၊ ယခုအတိုင်းမဖြစ်ရဟု ပြုပြင်တိုင်း ဖြစ်နိုင်သလော။ မြတ်စွာဘုရား……ရုပ်ခန္ဓာကို ပြုပြင်တိုင်းမဖြစ်နိုင်ပါဘုရား။ သစ္စက……သတိထား၍ ဖြေလော့။ သင့်စကားတွေ ရှေ့နောက်မညီတော့ဘူး။ နာမ်ခန္ဓာတို့ကိုလဲ ပြုပြင်တိုင်း ဖြစ်နိုင်သလော။ မြတ်စွာဘုရား……နာမ်ခန္ဓာတို့ကိုလဲ ပြုပြင်တိုင်း မဖြစ်နိုင်ပါဘုရား။ သစ္စက……သင့်စကားတွေဟာရှေ့နောက်မညီတော့ဘူး။ သစ္စက……လူတယောက်သည် ဒုက္ခရောက်နေသူဖြစ်လျက် ဤဒုက္ခသည် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟုရှုငြားအံ့၊ ထိုသူသည် ထိုဒုက္ခမှလွတ်နိုင်မည်လော။ မြတ်စွာဘုရား……အဘယ်မှာလွတ်နိုင်ပါအံ့နည်း။ မလွတ်နိုင်ပါဘုရား။ သစ္စက……သင့်ကိုယ်တိုင်ကပင် ဤဒုက္ခဖြစ်သောခန္ဓာငါးပါးကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟုကပ်ငြိလျက်ရှုသူမဟုတ်လော။ မြတ်စွာဘုရား……အဘယ်မှာမရှုဘဲနေနိုင်ပါမည်နည်း။ ရှုမိသူဖြစ်ပါသည်ဘုရား။ သစ္စက……အနှစ်မာမာရှာသူသည် ငှက်ပျောတုံးကိုခွဲ၍ ရှာလျှင် အနှစ်မာမာ မမြင်ရသကဲ့သို့ သင်၏အယူဝါဒမှာလဲ အနှစ်မာ

မှာ မမြင်ရ။ သင်သည် ရှေးက ဝါဒချင်းပြိုင်လျှင် ဘယ်သူမဆို တုန်လှုပ်ရမယ်။ ချွေးကျရမယ်၊ သစ်သားတိုင်သော်မှလဲ တုန်လှုပ်ရမယ်လို့ ပြောဘူးသည်မဟုတ်လော။ ယခုတော့ သင့်မှာ ချွေးတွေကျကုန်ပြီ။ ငါ့မှာ ချွေးမရှိဟု မိန့်ဆိုတော်မူ၍ ရွှေရောင်အဆင်း ဝါဝင်းသောကိုယ်တော်ကို လည်ပင်းတော်ဆီမှ လှစ်ပြတော်မူသတဲ့၊ ဒီတော့ သစ္စကပရိဗိုဇ်ဟာ ဆိုစရာမမြင်၍ ငုံ့ပြီးမှိုင်နေသတဲ့။

ထိုအခါ လိစ္ဆဝီမင်းသားတဦးက ဥပမာတခုဆိုသတဲ့။ မြတ်စွာဘုရား........ရေကန်တခုမှာ ဂဏန်းလုံးတကောင် ရှိပါတယ်။ လွန်စွာညှပ်တတ်ပါတယ်။ ကလေးသူငယ်တွေက ကန်ထဲမှ ဖမ်းယူပြီး ကုန်းပေါ်ရောက်တော့ လက်မခြေမတွေချိုးပစ်ကြပါတယ်။ ဒါနဲ့ဘဲရေကန်ထဲပြန်မဆင်းတတ်တော့ပါဘူး။ ထိုအတူ သစ္စကပရိဗိုဇ်၏ အယူဝါဒ တွေကိုလဲ မြတ်စွာဘုရားချိုးပစ်လိုက်တာနဲ့ နောက်ကို ဘုရားရှင်အား ဝါဒပြိုင်ဝံ့တော့မှာ မဟုတ်ပါဘူးဟု ဆိုသတဲ့။ ဒီတော့သစ္စက-က၊ ဟေ့ မင်းနဲ့စကားပြောတာမဟုတ်ဘူး၊ မင်းအသာနေ၊ ဝင်မရှုပ်နဲ့လို့ ကြိမ်းမောင်းသတဲ့။

နောက်တော့-မြတ်စွာဘုရားကို ဘယ်လို လျှောက်သလဲ ဆိုတော့၊ မြတ်စွာဘုရား........အကျွန်ုပ်သည် ရှင်ကြီးဂေါတမကို အမှတ်မထား သာမန်အားဖြင့် ချဉ်းကပ်မိပါတယ်။ အမှန်ယစ်သော ဆင်ပြောင်ကြီးအနီး ချဉ်းကပ်ရသလို၊ မီးပုံကြီးအနီး ချဉ်းကပ်ရသလို၊ တန်ခိုးကြီးသော နဂါးမင်းအနီး ချဉ်းကပ်ရသလိုဖြစ်ပါတယ်။ သာမန်ပုဂ္ဂိုလ် မချဉ်းကပ်ထိုက်ပါဘူးဟု လျှောက်သတဲ့၊ (ဒါကတော့ အကျွန်ုပ်လို ပညာရှိကြီးများမှ ချဉ်းကပ် ထိုက်တယ်လို့ မိမိကိုယ်ကို ချီးမြှောက်လိုသော အလိုဖြင့် လျှောက်တဲ့ စကားဖြစ်သတဲ့။)

ထိုနောက်ရှင်ကြီးဂေါတမသည် တပည့်သံဃာနှင့်တကွ နက်ဖြန်နံနက်ဆွမ်းဘုန်းပေး ကြွတော်မူပါဟု လျှောက်ပြီး ပြန်သွားသတဲ့။ လိစ္ဆဝီမင်းသား တို့ကိုလည်း ဆွမ်းလာပို့ကြဟုစီမံပြီး နောက်နေ့၌ မြတ်စွာဘုရားအား ဆွမ်းကပ်ပြီးသောအခါ အရှင်ဘုရား........ဤဒါနသည် ဆွမ်းလှူသူ လိစ္ဆဝီတို့အား ချမ်းသာခြင်း ဖြစ်ပါစေလို့ လျှောက်သတဲ့။ မြတ်စွာဘုရားက သစ္စက........လိစ္ဆဝီတို့သည် ရာဂမကင်းသော သင့်ကို လှူသည့်အတွက် အကျိုးရလတ္တံ့။ သင်ကား ရာဂကင်းသော ငါဘုရားကို လှူသည့်အတွက် အကျိုးရလတ္တံ့ဟုမိန့်တော်မူသတဲ့။ ဒီဝတ္ထုမှာ သစ္စကကြီး အတ္တဝါဒပေါ်ပေါက် အလွဲလွဲအချွတ်ချွတ်လမ်းပုံကို သိကြရမယ်။

ငါတို့ဂေါတမဘုရား အလောင်းသော်မှလဲ ၉၁-ကမ္ဘာထက်မှာ အဝတ်မကပ်တဲ့အစေလက ဒိဋ္ဌိကြီး ဖြစ်ဘူးသေးတယ်။ တကိုယ်လုံး မြူမှုန့်ပွမ်းလျက် ဆိတ်ငြိမ်ရာ၌အယောက်ထည်း နေတယ်။ လူမြင်လျှင် တောသမင်ကဲ့သို့ ထွက်ပြေးတယ်။ အစားအသောက်ဖောက်ပြန်ပုံကတော့နွားငယ် မစင်စသည်ကို စားတယ်။ သူ-သူတော်ကောင်း တရားပျက်မှာစိုးလို့ ကြောက်ဘွယ်ကောင်းသော တောအုပ်ကြီးမှာ နေ

တယ်။ဆောင်းတွင်း ဆီးနှင်းကျချိန် လွင်ပြင်၌နေတယ်။နေထွက်လျှင် တောအုပ်သို့ ဝင်ပြီး သစ်ပင်မှကျသော ဆီးနှင်းစွတ်စေလျက် အခဲခံတယ်။ နွေအခါ နေ့ခင်းနေပူ ခံတယ်။ညဉ့်အခါ လေတိတ်ရာချုံအုပ်၌ ချွေးတလုံးလုံးဖြင့် အပူခံတယ်။ ဖော့အခါ မီးလှုံခြင်း၊ စောင်ခြုံခြင်း မပြု။ ပူတဲ့အခါ လေညှင်းမခံ။ ဒီလိုကျင့်မှ ဗြဟ္မာပြည် ရောက်နိုင်တယ်လို့ မဆုတ်မနစ် ပွဲကောင်းကောင်းဖြင့်ကျင့်သတဲ့။(ဒါလဲ ဆေးအလွဲ ယူခြင်း၊ ဖန်ဖန်ရေ တောင့်တခြင်းဟု သိကြရမယ်။) နောက်သေချိန် ရောက်သော အခါ ဗြဟ္မာနိမိတ်မထင်၊ ငရဲနိမိတ်ဆိုးကြီးတွေ ထင်လာသတဲ့။သည်တော့မှ အလ ကား အကျင့်ပါတကားဟု အယူကိုစွန့်ပြီး သမ္မာဒိဋ္ဌိအယူယူပြီးမှ ဝိညာဏ်ချုပ်လို့ နတ်ပြည်သို့ ရောက်သွားသတဲ့။ နိယတဗျာဒိတ် ရပြီးသော ဘုရားအလောင်းများ ဟာ မိစ္ဆာဒိဋ္ဌိ ဖြစ်သော်လဲ သေအောင် မစွန့်တဲ့ နိယတမိစ္ဆာ ဒိဋ္ဌိတော့ မဖြစ် ကောင်းဘူးတဲ့။ အန္ဓပုထုဇဉ်တွေ မိစ္ဆာဒိဋ္ဌိဖြစ်မှ သာ၍ နစ်နာတယ်။

ကာမုပါဒါန်စွဲလမ်းပုံကို ဗိမ္ဗိသာရမင်းကြီး ဖြစ်ပုံကိုကြည့်ကြရမယ်။ ဗိမ္ဗိသာရ မင်းကြီးဟာမြတ်စွာဘုရား တဝါရတွင် ရာဇဂြိုဟ်သို့ကြွ ဖော့စဉ်ကလူအသိန်းကျော် နှင့် သွားရောက်ကာ တရားနာသဖြင့် သောတာပန်တည်တဲ့ ဝေဠုဝန် ကျောင်းတ ကာကြီးတဦးဖြစ်တယ်။ နှစ်ပေါင်းများစွာ ဘုရားဟာကာ ကျောင်းဒကာ ဖြစ်ပါ လျက်သေတော့စာတုမဟာရာဇ်မှာ ဝေဿဝဏ်နတ်မင်းကြီးအထံမှာ ဇနဝသဘ နတ်သားရယ်လို့ အစေခံနတ်သားသွားဖြစ်တယ်။ ဇနလူတသိန်းကျော်ကို + ဝသ ဘ—သောတာပန် တည်အောင် ခေါင်းဆောင်ကြီးပြုခဲ့လို့ ဇနဝသဘနတ်သားအ မည်ရတယ်။ တနေ့တော့ ဘုရားရှင် ထံသို့ ရောက်လာပြီး လျှောက်ထားပုံဟာ— ဝေဿဝဏ်နတ်မင်းကြီးက စေလွှတ်လို့တဲ့-ဝိရူဠှကနတ်မင်းထံ သွားရင်း ယခုခဏ ဝင်လာပါသတဲ့။ ကြားလို့ကောင်းကြရဲ့လား။ ဘာဖြစ်လို့ ဒီလိုအစေခံနတ်-ဖြစ် ရသလဲလို့ဆိုတော့၊ ဒီဘုံ၊ ဒီဘဝ၊ ဒီနေရာမှာ ဆက်၍ဆက်၍ ဖြစ်တာ ၁၄-ကြိမ်ရှိ ပြီတဲ့။ နေနေကျနေရာဟောင်းရယ်လို့ နိကန္တိ တဏှာတွယ်တာတဲ့ ကာမုပါဒါန် ကြောင့်အထက်နတ်ပြည်၌ဖြစ်နိုင်လျက်မဖြစ်လိုဘဲ အလုပ်အကျွေး အစေခံနတ်မျိုး ထဲမှာ မြိန်ရှက်စွာ ဖြစ်နေလိုက်ရသတဲ့။

[ဒါကသောတာပန်ကျောင်းတကာ ရှင်ဘုရင်၏ ကာမုပါဒါန် အစွဲအလမ်းသန်ပုံဖြစ်တယ်။ဆေး အလွဲယူပုံ၊ ဖန်ဖန်ရေ တောင့်တပုံဖြစ်တယ်။]

ဗျာန်ရ—ရဟန်းသုံးပါး၏ကာမုပါဒါန် စွဲလမ်းပုံလဲ ရှိသေးတယ်။သာကီဝင် မင်းသမီး ဂေါပိကာဆိုတာ ဗျာန်ရ—ရဟန်းသုံးပါးကို ကိုးကွယ်တဲ့ ကျောင်းအမ တဦးဖြစ်တယ်။ထိုရဟန်းသုံးပါးဟောကြားဆုံးမတဲ့ တရားတွေကိုသိရသဖြင့် မိမိ၏ မိန်းမ ဘဝကို အပြစ်မြင်သတဲ့။ ဘုရားပခွင့်က ဣဋ္ဌါ မြင်ပကောင်းတဲ့ ဘဝမျိုး၊

သိကြားနတ်မင်း ဖြဟ္မာမင်း မဖြစ်ကောင်းတဲ့ ဘဝမျိုး၊ စကြဝတေးမင်း မဖြစ်ကောင်းတဲ့ ဘဝမျိုးဟု အပြစ်မြင်၍ ယောက်ျားဘဝကို တောင့်တတာနဲ့ တာဝတိံသာမှာ သိကြားမင်းကြီးရဲ့ သားတော် ဂေါပက နတ်သားရယ်လို့ သွားဖြစ်သတဲ့။ တနေ့တော့ နတ်ပွဲသဘင်မှာ စာတုမဟာရာဇ်ဘုံ–အောက်တန်းစား–ဂန္ဓဗ္ဗနတ်–ကကချေသည်တွေက ဂေါပကနတ်သားထံ အသုံးတော်ခံပါရစေလို့ ရောက်လာကြသတဲ့။ အကကောင်း၊ အဆိုကောင်း၊ ရုပ်အဆင်းကလဲ နတ်တို့မျက်စိဖြင့် ပင်အံ့သြလောက်အောင် လှပတဲ့ နတ်မင်းသားသုံးယောက်ကို မြင်ရတော့၊ ဒီနတ်မင်းသားတွေဟာ ရှေးက ဘယ်လို ကုသိုလ်ရှင် များပါလိမ့်မလဲလို့ ဂေါပက နတ်သားက ဆင်ခြင်လိုက်သတဲ့။ ရဟန်းသီလဝန္တတွေ ဖြစ်ခဲ့တယ်လို့ မြင်တာနဲ့ သီလ အကျိုးဝမ်းမြောက်ဘွယ် ကောင်းလေစွဟု ထပ်ပြီးဆင်ခြင်ပြန်တော့ ချာန်ရ–ရဟန်းတွေ ဖြစ်ခဲ့တယ်လို့ မြင်တာနဲ့ ပိုပြီး ဝမ်းမြောက်သွားသတဲ့။ ဘယ်မြို့ဘယ်ရွာမှာ သီတင်းသုံးကြပါလိမ့်မလဲလို့ထပ်ပြီး ဆင်ခြင်ပြန်တော့ မိမိကိုးကွယ်ခဲ့တဲ့ ဘုန်းကြီးသုံးပါးဟု သိရသတဲ့။ သည်တော့ ဂေါပကနတ်သားက သီလဝန်–ချာန်ရဆိုတာ ဖြဟ္မာပင်ဖြစ်ထိုက်ပါလျက် ယုတ်ညံ့သော ဂန္ဓဗ္ဗ ကချေသည် မျိုးဖြစ်ရမလားလို့ စိတ်ဆိုးပြီး— ''ဘုရားဟော မြင်းလေးစီးထဲမှာ ကြိမ်ဝင့်ရုံ၊ အသားထိရုံ၊ သွေးထွက်ရုံ–ရိုက်လို့မပြေး၊ အရိုးထိအောင်လှံဖြင့်ထိုးမှပြေးတဲ့စတုတ္ထမြင်းမျိုးလိုပုဂ္ဂိုလ်တွေဖြစ်တယ်၊ မညာမတာ နဲ့ကာနဲ့ကာ ထိုးမှဘဲ''ဟုကြိမ်းပြီး—

အချင်းနတ်မင်းသားတို့........မြတ်စွာဘုရား–မကြာမကြာ ဆုံးမ တရားဟောတဲ့အခါ ကိုယ်တော်တို့ မျက်နှာတွေ ဘယ်ဘက်လှဲ့ နေကြသလဲ။ ငေးနေကြသလား၊ တရား နာရင်း အိပ်နေကြသလား။ မရှက် ကြဘူးလား။ ကိုယ်တော်တို့ စကားနားထောင်ပြီး ကျောင်းအမဖြစ်ခဲ့တဲ့ အကျွန်ုပ်ကတော့ သိကြားမင်း၏ သားတော်–ဂေါပကနတ်သားရယ်လို့လာဖြစ်တယ်၊ ဆရာဘုန်းကြီးတွေဖြစ်ခဲ့တဲ့ သင်တို့ကတော့ ကချေသည် ဂန္ဓဗ္ဗနတ် အညံ့စား လာဖြစ်တယ်။ အရှင်ဘုရားတို့–အရှက် မရှိတာ အံ့ပါရဲ့။ ကြက်သရေမရှိတဲ့ မမြင်ထိုက်တာတွေကို မြင်ရလေခြင်း–စသည်ဖြင့် ထပ်ကာထပ်ကာ အပြစ်တင်စကားတွေကို ဆိုလိုက်သတဲ့။ ဒီတော့ နတ်မင်းသားတွေက ငါတို့မှာ ပွဲကတယ်ဆိုလျှင် များစွာဆုလာဘ် ရနေကျဖြစ်ပါလျက် ယခုတော့ တချစ်ဖျစ်နဲ့အပြစ်တင်ခံကြရတယ်။ ဒီသိကြားမင်း၏သားဟာ ဘယ်လိုနတ်သားများလဲလို့ ဆင်ခြင်တော့ မှယခင် ရဟန်းဘဝတုန်းက ကျောင်းအမကြီး ပါတကာဟုသိ၍ နတ်သားနှစ်ဦးကတော့ ကြောက်လန့်သော သံဝေဂ ဉာဏ်ဖြင့် သတိရပြီးသူတော်ကောင်းတရား ဆင်ခြင်အားထုတ်သတဲ့။ သည်တော့မှ အနာဂါမိမဂ်ဖိုလ်ရပြီးဖြဟ္မပုရောဟိတာဘုံသို့ ချက်ခြင်းရောက်သွားကြသတဲ့။ နတ်သားတဦးကတော့

ကာမုပါဒါန် စွဲလမ်းချက် ပြင်းထန်လွန်းလို့ နတ်ကချေသည် အဖြစ်ဖြင့် ကျန်ရစ်ခဲ့ရသေးသတဲ့။

[အဲဒီဝတ္ထုတွေမှာ ကာမုပါဒါန် အလွဲလွဲ စွဲလမ်းပုံတွေကို သိကြရမယ်။ ဝါ-ဆေးအလွဲယူပုံ၊ ဖန်ဖန်ရေ တောင့်တပုံကို သိကြရမယ်။]

ယခုပြခဲ့တဲ့ ဥပါဒါန်တွေဟာ တဏှာကြောင့်ဖြစ်တယ်။တဏှာချုပ်လျှင် ဥပါဒါန်ချုပ်တယ်။ ထိုကြောင့် ဥပါဒါန်အရမ်းမစွဲနိုင်အောင် သူ့သူ့၊ ငါ့ငါ့-စက် လေးပါးရှိကြရမယ်၊ စက်လေးပါး ဆိုတာ– ပဋိရူပဒေသဝါသ– ကုသိုလ်ဖြစ်စေနိုင်သော သင့်တင့်ရာအရပ်၌ နေခြင်း။ သပ္ပုရိသူပနိဿယ-သူတော်ကောင်းကို မပြတ်မှီဝဲခြင်း။သဒ္ဓမ္မသဝန-သူတော်ကောင်းတရားကို နာခံမှတ်သားခြင်း။အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်း။ ဤစက်လေးပါးရှိလျှင် အကုသိုလ်ခေါင်းပါး၊ကုသိုလ်တိုးပွားသောကြောင့် တဏှာကိုသတ်ပြီး ဥပါဒါန်ကို ပြတ်စေနိုင်သတဲ့။

ထိုကြောင့်ထဏှာအရင်းခံ ဥပါဒါန်ဆွဲဆောင် သံသရာအချုပ်ထောင်ကြီး၌ ချိုင့်လျှောင်သောတောကြက်၊ ကျော့ကွင်းမိသောတောဝက်၊ ကြောင်ခံတွင်းကြွက်အသွင်၊ မိမိဖြစ်အင် ဆင်ခြင်ဝလေ့ ဖန်ဖန်ငြီးငွေ့သော သူတော်ကောင်းတို့သည် ဥပါဒါန်ချုပ်ငြိမ်းမှု စက်လေးခုလက်သုံး စက်လေးလုံးသခင် စက်ပိုင်ရှင်ကြီးတွေ သာဖြစ်နိုင်ကြပါစေကုန်သတည်း။

---

## (၁၄) ဘဝ၊ ဇာတိ၊ ဇရာမရဏ၊ သောကစသည်နှင့်

### ပဋိစ္စသမုပ္ပါဒ် ထိပေါက် တရားစာ။

ဥပါဒါနပစ္စယာ ဘဝေါ။ ။ ဥပါဒါန ပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ဘဝေါ၊ကမ္မဘဝ-ဥပပတ္တိဘဝသည်။သမ္ဘဝတိ၊ဖြစ်၏။ ။ဒီလိုဟောတဲ့နေရာမှာ ဥပါဒါန်ဆိုတာ ယခင်ဥပါဒါန်လေးပါးပင်ဖြစ်တယ်။

ဘဝဆိုတာ ကမ္မဘဝ၊ဥပပတ္တိဘဝဟု နှစ်ပါးပြားတယ်။ကမ္မဘဝဆိုတာ ပုညာဘိ သင်္ခါရစသော စေတနာ ၂၉-ခုဖြစ်တယ်။ ထိုစေတနာ ၂၉-နှင့် အတူဖြစ်သော ဘဝဂါမိကံ ၂၉-ခုလဲ ကမ္မဘဝ မည်သေးတယ်။ ဘဝဂါမိကံဆိုတာ ဝဋ္ဋ်ဆင်းရဲသို့ ရောက်စေတဲ့ လောကီကုသိုလ်၊အကုသိုလ် ၂၉-ခု စိတ္တုပ္ပါဒ် ဖြစ်တယ်။ အာစယ ဂါမိဓမ္မလို့လဲ ဟောတော်မူတယ်။

ဥပပတ္တိဘဝဆိုတာ ဘဝကြီး ကိုးပါးဖြစ်တယ်။ကာမဘဝ၊ရူပဘဝ၊အရူပဘဝဟု သုံးပါး၊ သညီဘဝ၊အသညီဘဝ၊နေဝသညီ-နာသညီဘဝဟု သုံးပါး။ဧက ဝေါ

ကာရဘဝ၊ စတု-ဝေါကာရဘဝ၊ ပဉ္စ-ဝေါကာရဘဝဟု သုံးပါး။ ဤသို့ ဘဝကြီး ကိုးပါးဖြစ်တယ်။

[ကမ္မဘဝက အကြောင်း၊ ဥပပတ္တိဘဝက အကျိုး။ ကြောင်းကျိုးမတူဘဲ ဘဝမည်ခြင်း တူသော ကြောင့် ပေါင်းဟောသည်။]

ထိုတွင် ကာမ ၁၁—ဘုံ၌ ဝိပါက်၊ ကမ္မဇရုပ်သည် ကာမဘဝမည်တယ်။ ရူပ ၁၆-ဘုံ၌ ဝိပါက် ကမ္မဇရုပ်သည် ရူပဘဝ……။ အရူပ ၄-ဘုံ၌ (ကမ္မဇရုပ်မပါဘဲ) ဝိပါက်သည် အရူပဘဝ……။ ဒါက သုံးပါး။ ။ တနည်း-သညီ ၂၉—ဘုံ၌ ဝိပါက် ကမ္မဇရုပ်သည် သညီဘဝ……။ အသညသတ်ဘုံ၌ ကမ္မဇရုပ်သည် အသညီဘဝ……။ နေဝသညာဘုံ၌ ဝိပါက်သည် နေဝသညီ နာသညီဘဝ……။ ဒါက သုံးပါး။

[ဒီမှာ နောက် နှစ်ဘုံကိုသိလျှင် ၂၉-ဘုံကိုသိနိုင်ရမည်။]

တနည်း—အသညသတ်ဘုံ၌ ကမ္မဇရုပ်သည် ဧကဝေါကာရဘဝ……။ အရူပ ၄—ဘုံ၌ ဝိပါက်သည် စတု—ဝေါကာရ ဘဝ……။ ကြွင်း ၂၆—ဘုံ၌ ဝိပါက်ကမ္မဇ ရုပ်သည် ပဉ္စ—ဝေါကာရဘဝ……။ ဒါက သုံးပါး။ ဒီလိုဘဝကြီးကိုးပါးကို ခွဲစိတ်ရ တယ်။

သင်္ခါရနှင့် ဘဝထူးပုံကတော့—သင်္ခါရဆိုတာ ပစ္စုပ္ပန် ပဋိသန္ဓေကိုဖြစ်စေတဲ့ အတိတ်ဘဝ စေတနာဖြစ်တယ်။ စေတနာသက်သက်ဖြစ်တယ်။ ဘဝဆိုတာ အနာ ဂတ် ပဋိသန္ဓေကိုဖြစ်စေတယ်။ ပစ္စုပ္ပန်ဘဝစေတနာနှင့် ဘဝဂါမိကံဖြစ်တယ်။ စေ တနာသက်သက်မဟုတ်ဘူး။ တနည်း—သင်္ခါရဆိုတာ ဝိညာဏ်ကိုသာဖြစ်စေတယ်။ ဘဝဆိုတာ ဝိညာဏ်ကိုရင်း၊ အသညီဘဝကိုရင်းဖြစ်စေတယ်။ တနည်း—သင်္ခါရဆို တာ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးသာဖြစ်တယ်။ ဘဝဆိုတာ ဥပပတ္တိဘဝနှင့်တကွ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ သုံးမျိုးဖြစ်တယ်။

ဘဝကြီး ကိုးပါးထဲမှာ ကာမဘဝသည် သညီဘဝ၊ ပဉ္စဝေါကာရဘဝလမည် တယ်။ ကာမဘဝ၌ သညီဘဝ၊ ပဉ္စဝေါကာရဘဝနှစ်ပါးအတွင်းဝင်တယ်။ ရူပ ဘဝသည် သညီဘဝ၊ အသညီဘဝ၊ ဧက—ဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ လမည်တယ်။ ထိုဘဝလေးပါးအတွင်းဝင်တယ်။ အရူပဘဝသည် သညီဘဝ၊ နေဝ သညီ နာသညီဘဝ၊ စတုဝေါကာရဘဝလ မည်တယ်။ ထိုဘဝသုံးပါး အတွင်းဝင် တယ်။ ဒီလိုအတွင်းဝင်ပုံကိုလသိရမယ်။

ကာမုပါဒါန် အကြောင်းရင်းခံ၍ ကာမဘုံ၌ ဖြစ်ချင်လို့ ပြုသောကုသိုလ်ကံ၊ အကုသိုလ်ကံသည် ကမ္မဘဝမည်တယ်။ ထိုကံကြောင့် ဖြစ်သော ဝိပါက်၊ ကမ္မဇ ရုပ်သည် ဥပပတ္တိဘဝမည်တယ်။ ထိုကမ္မဘဝ၊ ဥပပတ္တိဘဝနှစ်ပါးလုံးသည် ကာမ

ဘဝနှစ်ပါးမည်တယ်။ ထိုကာမဘဝ၌သည်၊ ပဋ္ဌ—ဝေါ........ဘဝနှစ်ပါးအတွင်းဝင်တယ်။

ထိုအတူ ရူပဘုံ၌ ဖြစ်ချင်လို ပြုသော ရူပကုသိုလ်ကံသည် ကမ္မဘဝ........။ ထိုကံကြောင့် ဖြစ်သော ဝိပါက်၊ ကမ္မဇရုပ်သည် ဥပပတ္တိဘဝ........။ ထိုနှစ်ပါးလုံးသည် ရူပဘဝနှစ်ပါးမည်တယ်။ ထိုရူပဘဝ၌ ဘဝလေးပါး အတွင်းဝင်တယ်။

အရူပဘုံ၌ ဖြစ်ချင်လို ပြုသောအရူပကုသိုလ်ကံသည် ကမ္မဘဝ........။ ထိုကံကြောင့် ဖြစ်သော ဝိပါက်သည် ဥပပတ္တိဘဝ........။ ထိုနှစ်ပါးလုံးသည် အရူပဘဝ နှစ်ပါးမည်တယ်။ ထိုအရူပဘဝ၌ ဘဝသုံးပါးအတွင်းဝင်တယ်။

ဒီလို ကာမုပါဒါန်ကြောင့် ကာမဘဝနှစ်ပါး။ ရူပဘဝနှစ်ပါး။ အရူပဘဝနှစ်ပါး။ ပေါင်းခြောက်ပါးဖြစ်တယ်။ ကြွင်းဥပါဒါန်တို့ကြောင့်လဲ ထိုအတူ ခြောက်ပါးစီဖြစ်တယ်။ ဥပါဒါန်လေးပါးကြောင့် ဘဝခြောက်ပါးစီအားဖြင့် ထိုထိုအတွင်းဝင် ဘဝတို့နှင့် တကွဘဝကြီး ၂၄—ပါးဖြစ်တယ်။

တနည်း-အကျိုးဥပပတ္တိဘဝကိုးပါးပြားသောကြောင့် အကြောင်း ကမ္မဘဝလဲ ကိုးပါးပြား၍ ဘဝကြီး ၁၈—ပါးဖြစ်တယ်။ ထို ၁၈—ပါးသည် ဥပါဒါန်လေးလီစွမ်းဖြင့် ဘဝကြီး ၇၂—ပါးဖြစ်တယ်။ ဒါကအကျယ်ချဲ့တာဖြစ်တယ်။

ချုံးလိုက်တော့-ကမ္မနှင့်ဥပပတ္တိကို တခုတည်းပြုလျှင် အတွင်းဝင်တို့နှင့်တကွ။ ကာမဘဝတပါး။ ရူပဘဝတပါး၊ အရူပဘဝတပါးဟု သုံးပါး........။ ထိုသုံးပါးသည် ဥပါဒါန်လေးလီစွမ်းဖြင့်ဘဝ ၁၂-ပါးဖြစ်တယ်။ ကမ္မနှင့်ဥပပတ္တိကို မချုံးဘဲဥပါဒါန်လေးပါးကိုသာ တခုထည်းချုံးလျှင် ကာမဘဝနှစ်ပါး၊ ရူပဘဝနှစ်ပါး၊ အရူပ ဘဝနှစ်ပါးအားဖြင့် ဘဝခြောက်ပါးဖြစ်တယ်။ ကမ္မနှင့်ဥပပတ္တိကိုလဲ တခုထည်းချုံးလျှင် ကာမ၊ ရူပ၊ အရူပ-ဟု ဘဝသုံးပါးသာ ဖြစ်တယ်။ ထိုထိုနည်းမှ-တနည်းတော့လဲ ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်ပါးသာဖြစ်တယ်။ တနည်း-ဥပါဒါနပစ္စယာ ဘဝေါ-စွမ်းဖြင့် ဘဝ တပါးထည်းသာ ဖြစ်တယ်။

ဒီလို ဘဝတပါးထည်း ဖြစ်ပုံကိုရှင်း။ ၂-ပါး၊ ၃-ပါး၊ ၆-ပါး၊ ၉-ပါး၊ ၁၈-ပါး ဖြစ်ပုံကိုရှင်း။ ဥပါဒါန်လေးလီစွမ်းဖြင့် ၄-ပါး၊ ၈-ပါး၊ ၁၂-ပါး၊ ၂၄-ပါး၊ ၃၆-ပါး၊ ၇၂-ပါးဖြစ်ပုံကိုရှင်း။ ဉာဏ်ကွန့်မြူးနိုင်ရမယ်။

အချို့က သီလဗ္ဗတုပါဒါန်ကြောင့် ရူပဘဝ၊ အရူပဘဝတို့၌ မဖြစ်နိုင်ဘူးဟု ဆိုကြတယ်၊ မမှတ်ယူအပ်။ ဥပါဒါန်အားလုံးကြောင့် ဘဝအားလုံး ဖြစ်နိုင်တယ်လို့ မှတ်ယူရမတဲ့။ ဘာကြောင့်လဲဆိုတော့ ပုတုဇဉ် ဆိုတာ ဥမ္မတ္တက-သူရူးတွေတဲ့။ သင့်မသင့် မစီစစ်တတ်ဘူး။ ဥပါဒါန် တခုခုရဲ့လမ်းမှဖြင့် ဘယ်ဘဝမဆိုတောင့်တပြီး ပြုလိုရာ ကံတခုခုကို ပြုတာချည်းဘဲ။ ဒါကြောင့် ဥပါဒါန် အားလုံးကြောင့် ဘဝ အားလုံးဖြစ်သတဲ့။

ဖြစ်ပုံကတော့-အချို့သောသူဟာကြားဘူးခြင်း၊တွေးဆခြင်းဖြင့်လူ့ပြည်၊နတ်ပြည်၌ ကာမအာရုံ ပြည့်စုံတယ်လို့ ကြားပြီးရချင်တယ်၊ ရောက်ချင်တယ်။ မသူတော်တို့၏ တရားအလွဲကို နာရသူဖြစ်လျှင် ကာမုပါဒါန် စွမ်းဖြင့် လူနတ်ဖြစ်အောင်ဟု အကုသိုလ်ကံကို ပြုတယ်။တနည်းကား-မျက်မှောက်ခံစားဘို့ မရသေးသော ကာမအာရုံကို တောင့်တ၍၎င်း၊ ရပြီးကို စောင့်ရှောက်လို၍၎င်း၊ ကာမစွမ်းဖြင့် အကုသိုလ်ကံကိုပြုတယ်။ ထိုကံကြောင့် လူနတ်မဖြစ်ဘဲ အပါယ်ဘုံ၌ ဖြစ်တယ်။ဒီလို ဖြစ်တော့ ထိုအကုသိုလ်ကံသည် ကမ္မဘဝမည်တယ်။ထိုကံကြောင့် အပါယ်မှာဖြစ်တဲ့ ဝိပါက်၊ကမ္မဇရုပ်-ဟူသော ခန္ဓာငါးပါးသည် ဥပပတ္တိဘဝမည်တယ်။ ထိုကမ္မ၊ဥပပတ္တိ-နှစ်ပါးလုံးသည် ကာမဘဝ နှစ်ပါးမည်တယ်။ သညီဘဝ၊ပဉ္စဝေါကာရဘဝလဲမည်၍ အတွင်းဝင်တယ်။

အချို့ကတော့ ထိုနည်းအတိုင်း ကာမုစ္ဆလမ်း၍ သူတော်ကောင်းတို့၏ တရားမှန်ကို နာရသူဖြစ်လျှင် ကာမုစွမ်းဖြင့် လူနတ်ဖြစ်အောင် ကာမကုသိုလ်ကံကို ပြုတယ်။ထိုကံကြောင့်လူ့ပြည်နတ်ပြည်၌ဖြစ်တယ်။ဒီလိုဖြစ်တော့ ယခင်လိုကမ္မဘဝ၊ ဥပပတ္တိဘဝ ခွဲသိရမယ်။ ကာမဘဝ နှစ်ပါးအမည်ရပုံ၊ ဘဝနှစ်ပါး အတွင်းဝင်ပုံကိုလဲ သိရမယ်။

အချို့ကတော့ ရူပဘုံ၊ အရူပဘုံတို့၌ ကာမအာရုံ-လွန်စွာပြည့်စုံတယ်လို့ ကြား၍ ကာမုစွမ်းဖြင့် ရူပဈာန်၊ အရူပဈာန်ရအောင် အားထုတ်တယ်။ ထိုကံကြောင့် ရူပဘုံ၌ ဝိပါက်၊ ကမ္မဇရုပ်-ခန္ဓာငါးပါး။ အရူပဘုံ၌ ဝိပါက်သာ—နာမ်ခန္ဓာလေးပါးဖြစ်တယ်။ ဒီလိုဖြစ်တော့ ယခင်လို ကမ္မဘဝ၊ ဥပပတ္တိဘဝ ခွဲသိရမယ်။ရူပဘဝနှစ်ပါး၊ အရူပဘဝနှစ်ပါးဟု အမည်ပေးရမယ်၊ ရူပဘဝ၌ ဘဝ ၄-ပါးအတွင်းဝင်ပုံ၊ အရူပဘဝ၌ သုံးပါး အတွင်းဝင်ပုံကိုလဲ သိရမယ်၊ ဒီတွင် ကာမုကြောင့် စုံလင်ပြီ။

ဒိဋ္ဌုပါဒါန်ကြောင့်ကတော့၊ဤအတ္တသည် ကာမ၊ရူပ၊အရူပ-ဘုံတခုခု၌ သာကောင်းစွာ ပြတ်တယ်လို့ ဥစ္ဆေဒဒိဋ္ဌိစွဲ၍ ဒိဋ္ဌုပါဒါန် စွမ်းဖြင့် ထိုထိုအကုသိုလ်၊ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်ကံကို ပြုတယ်။ ထိုထိုကံအားလျော်စွာ ထိုထိုဘုံ၌ ဖြစ်တယ်။ ဒီလိုဖြစ်တော့ ကမ္မဘဝ၊ ဥပပတ္တိဘဝခွဲသိ။ ဘဝ နှစ်ပါးစီ အမည်ပေး၍ အတွင်းဝင်ဘဝ ၂—ပါး၊ ၄-ပါး၊ ၃—ပါးကိုသိရမယ်။

အတ္တဝါဒုပါဒါန်ကြောင့် ကတော့ ဤအတ္တသည် ကာမ၊ ရူပ၊အရူပ-ဘုံတခုခု၌သာ မပင်မပန်း ချမ်းသာတယ်လို့ သဿတဒိဋ္ဌိစွဲ၍ အတ္တဝါဒုပါဒါန်စွမ်းဖြင့် ထိုထိုအကုသိုလ်၊ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်ကံကို ပြုတယ်။ ထိုထိုကံအားလျော်စွာ ထိုထိုဘုံ၌ဖြစ်တယ်။ဒီလိုဖြစ်တော့ ကမ္မဘဝ၊ဥပပတ္တိဘဝခွဲသိ။ ဘဝနှစ်ပါးစီ အမည်ပေး၍ အတွင်းဝင် ဘဝတို့ကို သိရမယ်။

သီလဗ္ဗတုပါဒါန်ကြောင့်ကတော့ ဤသို့ဤသို့သော အလေ့အကျင့်သည်ကာမ၊ ရူပ၊ အရူပ-တဘုံဘုံ၌သာ ဖြည့်ကျင့်ရလျှင် သာ၍ပြည့်စုံတယ်လို့ သီလဗ္ဗတုပါဒါန် စွမ်းဖြင့် ထိုထို အကုသိုလ်စသော ကံကိုပြုတယ်။ ထိုထိုကံအားလျော်စွာ ထိုထိုဘုံ၌ ဖြစ်တယ်။ဒီလိုဖြစ်တော့ ကမ္မဘဝ၊ ဥပပတ္တိဘဝခွဲသိ။ ဘဝနှစ်ပါးစီ အမည်ပေး၍ အတွင်းဝင် ဘဝတို့ကို သိရမယ်။

ဥပါဒါန် အားလုံးကြောင့် ဘဝအားလုံး ဖြစ်ပုံစုံလင်ပြီ။ ဒီဘဝတွေဟာ ဆေး အလွဲယူ၍ ဆေးလိမ်းမှားတာတွေချည်းဘဲ။တနည်းတော့—ငါးမျှားချိတ် ကောက် ကောက် မျိုတာတွေ ချည်းဘဲလို့ သိရမယ်။

ကျေးဇူးပြုပုံကတော့ ဥပါဒါန်လေးပါးသည် မယှဉ်မတွဲ တကွဲစီဖြစ်သော ရူပ ဘဝ၊အရူပဘဝ၊ကာမကုသိုလ်ဘဝတို့အား။ ဝါ၊ သမ္ပယုတ် မဟုတ်သော ကမ္မဘဝ၊ ဥပပတ္တိဘဝတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသတဲ့။

အတူတကွ သမ္ပယုတ်ဖြစ်သော အကုသိုလ် ကမ္မဘဝအားသဟဇာတသတ္တိစသည် ဖြင့်........။သမ္ပယုတ်မဟုတ်သော ကမ္မဘဝတို့အား ဥပနိဿယသတ္တိစသည်ဖြင့် ကျေးဇူး ပြုသတဲ့။

တနည်းကား—ကာမုပါဒါန်သည် သမ္ပယုတ် ကမ္မဘဝအား အမြစ်သဘွယ်-ဟေ တုသတ္တိ၊ သဟဇာတသတ္တိ စသည်ဖြင့် ကျေးဇူးပြုသတဲ့။

ကြွင်းဥပါဒါန်သုံးပါးသည် သမ္ပယုတ်ကမ္မဘဝအား ရောက်ကြောင်း မဂ္ဂသတ္တိ၊ သဟဇာတသတ္တိ စသည်ဖြင့် ကျေးဇူးပြုသတဲ့။

ဥပါဒါန်လေးပါးသည် သမ္ပယုတ်မဟုတ်သော ကမ္မဘဝ၊ ဥပပတ္တိ ဘဝတို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသတဲ့။

## "ဇာတိ"

ဘဝပစ္စယာ ဇာတိ။ ။ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်၊ ဝါ၊ ကမ္မဘဝကြောင့်။ဇာတိ၊ရုပ်ဇာတိ၊နာမ်ဇာတိသည်။သမ္ဘဝတိ၊ဖြစ်၏။ (ဥပပတ္တိ ဘဝ ဇာတိ၌ဝင်သည်) ဒီလိုဟောတဲ့နေရာမှာဘဝဆိုတာ ယခင်စေတနာ ၂၉-ခု၊ ဘဝဂါမိကံ ၂၉-ခုဆိုတဲ့ ကမ္မဘဝသာ ဇာတိ၏အကြောင်း ဘဝဖြစ်တယ်။ ဥပ ပတ္တိဘဝကတော့ ဥပါဒါန်ကြောင့်ဖြစ်သော်လဲ ဇာတိကို ဖြစ်စေနိုင်သော အ ကြောင်းဘဝမဟုတ်ဘူး။ ကမ္မဘဝကြောင့် နောက်ဘဝမှာဖြစ်တယ်။ ဒါကြောင့် ဇာတိကဲ့သို့ အနာဂတ်အကျိုးအဖြစ်ဖြင့် ယူရသတဲ့။ ကမ္မဘဝကား အကျိုးကိုဖြစ် စေတဲ့ဘဝ။ ဥပပတ္တိ ဘဝကား ကိုယ်တိုင်အကျိုးအဖြစ်ဖြင့် ဖြစ်တဲ့ဘဝ-ဤကား အထူးတည်း။

ဇာတိဆိုတာ နိဗ္ဗတ္တရုပ်တို့၏ရင်း၊ နာမက္ခန္ဓာ လေးပါးတို့၏ရင်း ဖြစ်ခြင်း ဥပါဒ်သဘောသာဖြစ်တယ်။ ။ရုပ်နာမ်တို့၏ ဖြစ်ခိုက်၊ တည်ခိုက်၊ ပျက်ခိုက်ဟူသော ဥပါဒ်၊ ဌီ၊ ဘင်သုံးခုတို့တွင် ဖြစ်ခိုက် ဥပါဒ်တခုသာ ဇာတိမည်တယ်။ ရုပ်တခုလုံး၊နာမ်တခုလုံးမဟုတ်၊သုံးဘို့တဘို့ဖြစ်သော အစိတ်အပိုင်းမျှသာ ဖြစ်တယ်။ ယခင်ဥပပတ္တိဘဝကတော့ ဝိပါက်၊ ကမ္မဇရုပ်တို့၏ ဥပါဒ် ဌီ ဘင်သုံးခုလုံး ရုပ်အပြည့်၊ နာမ်အပြည့်ဖြစ်တယ်။ ဒါလဲ-အထူးဘဲ။

ဇာတိ၏အကြောင်းဟာ ကမ္မဘဝသာဖြစ်တာ ထင်ရှားအောင် အမြွာမွေးသူတို့ဖြင့်သိရတယ်။အမြွာမွေးသူတို့ဟာ မိဘ၏သွေးသား၊ အာဟာရ၊ အအေအပူစသော ပြင်ပအကြောင်းချင်းတူလျက် ဝိန်း၊ထွား၊ မဲ၊ဖြူ၊ ယုတ်၊ မြတ်မတူခြင်းဟာ ကံမတူခြင်းကြောင့်သာ ဖြစ်ကြတယ်။ ကမ္မဘဝကြောင့်ဖြစ်သော သတ္တဝါတို့မှာ အဇ္ဈတ္တသန္တာန်၌ ကမ္မဘဝသာအကြောင်းရင်းခံရှိတယ်။ဒါကြောင့် ကမ္မံသတ္တေဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ-ဟု ဟောတော်မူတယ်။ယဒိဒံ ယာအယံ ဟီနပ္ပဏီတတာ၊အကြင် အယုတ် အမြတ်၏ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာယဟီနပ္ပဏီတတာယ၊ ထိုအယုတ်အမြတ်၏ ဖြစ်ခြင်းအကျိုးငှါ။ ကမ္မံ၊ အတိတ်ကုသိုလ် အကုသိုလ်ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ ဝေဘန်၏။

ကျေးဇူးပြုပုံကတော့ လောကီကုသိုလ်၊ အကုသိုလ်ကမ္မဘဝ အားလုံးသည် ၃၁-ဘုံ၌ ရုပ်နာမ်တို့၏ ဖြစ်ခိုက် ဥပါဒ်ဇာတိအား မျိုးစေ့သဘွယ်-ကမ္မသတ္တိ၊ အားပေးစက်သဘွယ်-ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသတဲ့။ ဒီဟာဆေးလိမ်းလို့ အနာတိုးတဘဲ။ ဝါ၊ မျိုးစေ့မှအပင်ပေါက်တာဘဲတဲ့။

## "ဇရာမရဏ"

ဇာတိပစ္စယာ ဇရာမရဏံ။ ။ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ဇရာမရဏံ၊ရုပ်ဇရာမရဏ၊နာမ်ဇရာမရဏသည်။သမ္ဘဝတိ၊ဖြစ်၏။ ။ ဒီလိုဟောတဲ့ နေရာမှာ ဇာတိဆိုတာ ယခင်ရုပ်ဇာတိ၊ နာမ်ဇာတိ ဟူသော ဥပါဒ်သဘောသာ ဖြစ်တယ်။

ဇရာမရဏဆိုတာ နိဗ္ဗတ္တရုပ်တို့၏ရင်း၊ နာမက္ခန္ဓာ လေးပါးတို့၏ရင်း ရင့်ခြင်း-ဌီသဘောနှင့် ပျက်ခြင်း-ဘင်သဘော ဖြစ်တယ်။ရုပ်နာမ်တို့၏ သုံးဘို့နှစ်ဘို့ အစိတ်အပိုင်းဖြစ်တယ်။

ကျေးဇူးပြုပုံကတော့ ရုပ်နာမ်တို့၏ ဥပါဒ်ဇာတိသည် ဌီ၊ ဘင်-ဇရာမရဏအားသုတ္တန်နည်း ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုတယ်။ ဒီဟာအနာတိုး၍ ပြည်မှည့်ပြီး ပေါက်ကွဲတာဘဲ။ ဝါ၊ ပေါက်သောသစ်ပင် ပြိုလဲတာဘဲတဲ့။

ဇာတိရှိသူအားသာ ဇရာမရဏဖြစ်တယ်။ သောကပရိဒေဝ စသည်တို့လဲ ဖြစ်ကြတယ်။ ဒါကြောင့် ဇာတိသည် ဇရာမရဏ၏ အကြောင်းလဲဖြစ်တယ်။ သောကပရိဒေဝစသည်တို့၏ အကြောင်းလဲ ဖြစ်တယ်လို့ဟောတယ်။

ငရဲစသော ထိုထိုဘုံ၌ ဇာတိသာမဖြစ်လျှင် ငရဲမီး-ဘယ်သူကိုလောင်ပည်နည်း။ မြက်စား၊ လှည်းရုန်း၊ သံချွန်ထိုးခံရသောနွား၊ ငတ်သော ပြိတ္တာ၊ လောကန္တရိက်၌ ခံရသော အသုရကာယ် အဘယ်မှာရှိနိုင်အံ့နည်း။ ငရဲသမုတ် ဘင်ပုပ်စုပေါင်း၊ အမိဝမ်းခေါင်း၌ ဆယ်လ ဘယ်သူအောင်းမည်နည်း။ အချုပ်အားဖြင့် လောက၌ ရှိရှိသမျှဒုက္ခသည် ဇာတိကြောင့်သာ မဟုတ်လော။ ဇာတိကင်းလျှင် ဒုက္ခဘယ်မှာ မရှိပြီ။

ဒီနေရာမှာ ချော့ခေါ်တဲ့သူ၊ လဲအောင်ရိုက်သူ၊ လည်ပင်းဖြတ်သူဟု ရန်သူသုံးယောက်အသွင် ရှုရမယ်။ ဇာတိရန်သူသည် ငါတို့ကို တဘဝမှ တဘဝသို့ ရောက်အောင် ချော့ခေါ်ခဲ့ပြီ။ ဇရာရန်သူသည် ရောက်ရာဘဝ၌ ငါတို့ကို မထနိုင်အောင် ရိုက်ဆဲ၊ နှက်ဆဲ၊ သတ်ပုတ်ဆဲဖြစ်သည်။ မရဏရန်သူသည် မထနိုင်သော ငါတို့ကို လည်ပင်းဖြတ်တော့မည်။ ထိုနောက်တဖန် ဇာတိရန်သူ-လာချော့လျှင် ငါလိုက်ဦးမှာဘဲလား။ ဒါဖြင့် အန္ဓပုထုဇဉ်တွေဟာ ငါလို လူမိုက်အစစ် တွင်းထွက်တွေချည်းပါတကားဟု ရှုရမယ်။ ဇာတိသဘောကိုသိ၍အချော့မကြိုက်တဲ့ ရဟန္တာဖြစ်မှ လွတ်မည်။ ကလျာဏပုထုဇဉ်ဖြစ်လျှင်လည်း လွတ်ကြောင်းလမ်းစ ရလေပြီလို့ မှတ်ရမယ်။

## "သောကစသောငါးပါး"

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ။သောက-စိုးရိမ်ခြင်း၊ ပရိဒေဝ-ငိုကြွေးခြင်း၊ ဒုက္ခ-ကိုယ်နာခြင်း၊ ဒေါမနဿ-စိတ်နာခြင်း၊ ဥပါယာသာ-ပြင်းစွာပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဝါ-ဇာတိကြောင့် ဖြစ်ကုန်၏။

ဒီလိုဟောတဲ့နေရာမှာ သောကဆိုတာ ဆွေမျိုးပျက်စီးခြင်းစသည်တို့ကြောင့် စိုးရိမ်ပူဆွေးသော ဒေါမနဿဝေဒနာဖြစ်တယ်။ အကုသိုလ်ဒေါသမူ၌ယှဉ်၍ ပျက်စီးခြင်းအရသာကို မတွေးနိုင်၊ မစွန့်နိုင်-မြိန်ရှက်စွာခံစားခြင်း ဖြစ်တယ်။ ဒါဟာ ရေနွေးအိုး-မီးထိုးပေးတာဘဲ။

ပရိဒေဝဆိုတာ ဆွေမျိုး ပျက်စီးခြင်း စသည် တို့ကြောင့် ငိုကြွေး မြည်တမ်းသော စိတ္တဇ ဝိပလ္လာသ သဒ္ဒရုပ်ဖြစ်တယ်။ ဝါ၊ ငိုကြွေးသံဖြစ်တယ်။ ဒါကရေနွေးအိုးဆူပွက်တာဖြစ်တယ်။

ဒုက္ခဆိုတာ ကာယဝိညာဏ်၌ ရှိသော ဒုက္ခဝေဒနာဖြစ်တယ်။ ဝါ၊ ထိခိုက်ခြင်းစသည်ကြောင့် ကိုယ်၏ နာကျင်ခြင်းဖြစ်တယ်။

ဒေါမနဿဆိုတာ ဒေါသမူစိတ်၌ရှိသော ဒေါမနဿ ဝေဒနာဖြစ်တယ်။ ဝါ၊ တွေးမိတိုင်း စိတ်၏ နာကျည်းခြင်းဖြစ်တယ်။

ဥပါယာသဆိုတာ ဆွေမျိုးပျက်စီးခြင်းစသည်တို့ကြောင့် ပြင်းစွာပင်ပန်းသော ဒေါသ စေတသိက် ဖြစ်တယ်။ ဝါ၊ သက်မကြီးရှူ ရှိုက်ကာ ပြင်းစွာ ပင်ပန်းသော ဒေါသ ဖြစ်တယ်။ ဒါက ရေနွေးအိုး-ခန်းအောင် မီးပြင်းတိုက်တာတဲ့။

ဒီသောကစသော ငါးပါးဟာ ဇာတိကြောင့်လဲဖြစ်တယ်။ ဇရာမရဏကြောင့်လဲဖြစ်တယ်။ တပါးသော ဒုက္ခကြောင့်လဲ ဖြစ်တယ်။ ရူပဘုံ၊ အရူပဘုံတို့မှာတော့ လုံးလုံး မဖြစ်ဘူး၊ ဇာတိ၏ မုချ အကျိုးရင်း မဟုတ်။ ဇာတိ၏ အကျိုး ဗျာဓမျှဖြစ်တယ်။ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါဟု မရေတွက်ရဘူးတဲ့။

သောကစသည်ဖြစ်တဲ့အခါတိုင်း အဝိဇ္ဇာလဲ အတူဖြစ်တယ်။ ပရိဒေဝ အသံမှာတော့ အဝိဇ္ဇာအတူမဖြစ်သော်လဲ အဝိဇ္ဇာဖြင့် တွေဝေသူတို့မှာသာ ငိုကြွေးသောကြောင့် အဝိဇ္ဇာလက်ကိုင် ရှိသူအားဟု သိရမတဲ့။

တနည်း—ကာမ အာရုံစုံမက်၍ ကာမာသဝ ရှိသူတို့မှာ ကာမအာရုံ ပျက်စီးတဲ့အခါ သောကစသည်ဖြစ်တယ်။ အသက်ရှည်၍ ဘဝါသဝရှိသော နတ်တို့မှာ အနိစ္စဒုက္ခ စသော တရားသံကြားရတဲ့အခါ စုတိနိမိတ် ထင်သလို၊ ခြင်္သေ့ သစ်ကျားအနီးရောက်သလို-ထိတ်လန့်တုန်လှုပ်ကြတယ်။ ရုပ်သည် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟုစွဲလမ်းသော ဒိဋ္ဌာသဝရှိသူတို့မှာ ရုပ်ဖောက်ပြန်တဲ့အခါ သောကစသည် ဖြစ်တယ်၊ တွေဝေခြင်းဖြင့် အဝိဇ္ဇာသဝရှိသူတို့မှာ မျက်မှောက်ထင်ထင် သောကစသည် အလွယ်တကူ ဖြစ်တယ်။

ဒီလို အာသဝလေးပါးကြောင့် သောကစသော ငါးပါးဖြစ်တယ်။ သောကစသော ငါးပါးဖြစ်လျှင် အာသဝပါဝင်ပြီး ဖြစ်တယ်။ ထိုအာသဝကြောင့် အဝိဇ္ဇာဖြစ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်။ ဤသို့ စသည်ဖြင့် ဘဝစက်ဆက်၍ လှည့်ခွေ၍ မပြတ်ဖြစ်ပြန်တယ်။ ဒီလိုဆက်၍ လှည့်ခွေပုံကိုပြလို၍ သောကစသော ငါးပါး ကိုအဆုံး၌ ဟောသတဲ့။

အဝိဇ္ဇာ၊ တဏှာ-ဟူသော မူလနှစ်ပါး အသစ်မဖြစ်ဘဲချုပ်မှ ဘဝစက်လဲ ချုပ်ပြတ်တယ်။ ဇရာမရဏ-နှိပ်စက်ခံရသူတို့မှာ မအိုချင်၊ မသေချင်သဖြင့် နုပျိုလို၊ အသက်ရှည်လိုသော အာသဝဖြစ်တယ်။ အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်တယ်။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်တယ်။

ဒီလိုမပြတ်လည်၍ဖြစ်သော အစမထင် ဘုံသုံးပါး၌ဖြစ်တဲ့ ဝဋ်သုံးပါးဘဝစက်ကို ပဋိစ္စသမုပ္ပါဒ်ဟု ဟောတယ်။ ဤဘဝစက်သည်အစမရှိ၊ ပြုပြင်ဖန်ဆင်းသူမရှိ၊

ခံစားသူပုဂ္ဂိုလ် သတ္တဝါမရှိ။ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ သဘောမှ ဆိတ်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ သဘောဖြစ်တယ်လို့ ဖန်ဖန်ရှုရမတဲ့။

နက်နဲလှသော ဤပဋိစ္စသမုပ္ပါဒ် သဘောကို လျော်စွာသိလိုသော အာသာဆန္ဒ ပြင်းထန်စွာ ရှုပါလျက် မသိနိုင်လျှင် စိတ်ပင်ပန်းခြင်း ဒေါမနဿ သဘောဖြစ်တတ်တယ်။ ဒီလိုဒေါမနဿမျိုးတော့ဖြစ်လျှင် ဖြစ်ပါစေ။ မှီဝဲအပ်သော သေဝိတဗ္ဗ ဒေါမနဿဟု ခေါ်တယ်။ မဟာသီဝမထေရ်ကြီးဟာ နှစ်ပေါင်း ၃၀-လုံးတနှစ် တကြိမ်-မျက်ရည်ပေါက်ကြီးငယ် ယိုစီးလျက် ထိုသေဝိတဗ္ဗဒေါမနဿဖြင့် ငိုတော်မူရသတဲ့။

ထိုမထေရ်ကြီးဟာ တဆဲ့ရှစ်ရပ်သောဂိုဏ်းသံဃာတို့အားစာပေပို့ချကာသြဝါဒပေးလေ့ရှိသတဲ့။ တပည့်တွေထဲကသောတာပန်၊ သကဒါဂါမ်-စသည်ဖြစ်တာမရေတွက်နိုင်အောင် များတယ်။ ရဟန္တာဖြစ်တာချည်း သုံးသောင်း ရှိသတဲ့။ တနေ့၌ ရဟန္တာတပါးက ဆရာမထေရ်၏ ဂုဏ်ကို ဆင်ခြင်ကြည့်လိုက်တော့ ပုထုဇဉ်ဖြစ်နေတာမြင်ရလို့မထေရ်မြတ်သည် သူတပါး၏အားကိုးရာဖြစ်လျက် မိမိ၏အားကိုးရာကား မဖြစ်ပါတကားဟု ကြွလာပြီး စာတဝါ-တက်ပါရစေလို့ တောင်းပန်သတဲ့။ ငါ့ရှင် အချိန်အား မရှိတော့ဘူး။ ဆွမ်းခံသွားစဉ် လမ်းခရီး၌ပင် အချို့စာမေးကြတယ်။ အချို့က သင်္ကန်းရုံစဉ်၊ ယာဂု သောက်စဉ်၊ ရွာမှ ပြန်ထွက်စဉ်၊ ဆွမ်းစားစဉ်၊ ခြေဆေးစဉ်၊ ဒန်ပူဝါးစဉ်၊ မျက်နှာသစ်စဉ်၌ ပင်စာမေးကြ၊ စာတက်ကြတယ်။ အချိန်အား မရှိတော့ဘူးလို့ဆိုသတဲ့။ ဒီလိုဖြစ်လျှင် အရှင်ဘုရားမှာ နံနက်စောစော သုံးလေးကြိမ် ဘင်ပျဉ်ခွေလျက် တရားနှလုံးသွင်းချိန်ပင်မရှိတော့ဘူးလားဘုရား။ ဧ-တရားနှလုံး သွင်းချိန်ပင် မရှိတော့ဘူး။ အရှင်ဘုရားသည် သူတပါး၏ အားကိုးစရာ ဖြစ်ပါပေ၏။ မိမိ၏ အားကိုးစရာကား မဖြစ်။ သေဘို့ရာ အချိန်အားပင်မရှိ။ သေမင်းကြီးရောက်လာလျှင် ငါမအားသေးဘူး။ စာပေပို့ချရဦးမယ်လို့သာ မိန့်တော်မူပါတော့ ဘုရားလို့ ဆိုပြီး ကောင်းကင်သို့ ပျံတက်၍ ကြွသွားသတဲ့။

ဒီတော့မထေရ်မြတ်က ဒီရဟန်းဟာ တကယ်စာတက်ချင်လို့မဟုတ်ဘူး။ ငါ့ကို ချွန်းဖြင့် လာချိတ်ဆွဲတာဘဲလို့ သတိရပြီး ငါသို့သောသူသည် နှစ်ရက် သုံးရက်လောက်ဖြင့် ရဟန္တာဖြစ်၍ ပြန်လာနိုင်မှာဘဲလို့ ဘယ်သူ့ကိုမျှ မပြောကြားဘဲ ဝါဆိုလဆန်း ၁၃-ရက်နေ့တွင် တောထဲသို့ ကြွသွားပြီး တရားအားထုတ်သတဲ့။ ထိုနေ့တွင် မဂ်ဖိုလ် မရတော့ ဝါဆိုလပြည့်နေ့ ရစေမယ်လို့ အားထုတ်သတဲ့။ မရပြန်တော့ ဝါတွင်းသုံးလဆိုတာမကြာဘူး။ သုံးရက်အနေလောက်ဟုနှလုံးထားပြီး သီတင်းကျွတ်လျှင် ဤပဋိစ္စသမုပ္ပါဒ် ခန္ဓာဘဝစက်ကို မဂ်ဉာဏ်ဖြင့် ဖောက်ခွဲနိုင်ရမယ်လို့တော၌ ဝါကပ်ပြီးအားထုတ်ပြန်တယ်။ သီတင်းသာ ကျွတ်သွားတယ်။ ပဋိစ္စ

မုပ္ပါဒ်ဘဝစက် မဖောက်ခွဲနိုင်တာနဲ့ ငါသည်နှစ်ရက်သုံးရက်ဖြင့် ကိစ္စပြီးစေရမယ်လို့လာခဲ့တာသုံးလဖြင့်ပင် ကိစ္စမပြီး။ တပါးသော ရဟန်းများမှာတော့ ဝါကျွတ်လျှင် ကိစ္စပြီး ကြပေတယ်လို့ စိတ်ကူးစဉ် မျက်ရည်တွေ ယိုစီးထွက်ကျ လာသတဲ့။

ထိုနောက် ပဋိစ္စသမုပ္ပါဒ်ဉာဏ်ဖြင့် ရဟန္တာမဖြစ်မခြင်း ညောင်စောင်း၌လှဲ၍ မအိပ်ပါတော့အံ့။ ခြေတို့ကိုလဲ ရေမဆေးပါတော့အံ့ဟု ဆောက်တည်ပြီး အားထုတ်ပြန်တယ်။ တာနဲ့လဲ သီတင်းသာကျွတ်ရော မဂ်ဖိုလ်မရလို့ ဝမ်းနည်းပြီး မျက်ရည်ကျပြန်တယ်။ ဒီနည်းဖြင့် သီတင်းကျွတ်လပြည့်ပေါင်း ၂၉-ကြိမ်တိုင်အောင် မျက်ရည်ကျသတဲ့။ အရပ်ထဲက ကလေးသူငယ်တွေဟာ မထေရ်၏ခြေ-ရေမဆေးလို့ကွဲတဲ့နေရာကို ဆူးတို့ဖြင့် ချုပ်တွယ်ထားတာကိုကြည့်ပြီး ''မဟာသီဝမထေရ်၏ ခြေဘဝါးကြီးလိုဖြစ်ပါစေ''ဟု ကျိန်ဆိုကာ ပျက်ရယ်ပြုကြသတဲ့။ အနှစ်သုံးဆယ်ပြည့်တဲ့ သီတင်းကျွတ် လပြည့် ရောက်တော့လဲ ငါအားထုတ်တာ နှစ်ပေါင်း ၃၀-ရှိပြီ၊ မဂ်ဖိုလ်မရသေး။ ဒီဘဝ၌ မဂ်ဖိုလ်မရထိုက်သူ ဖြစ်လေရော့သလား၊ ရဟန္တာအဖြစ်ဖြင့် ဝါမကျွတ်နိုင်ပါတကားလို့ ဒေါမနဿဖြစ်၍ မျက်ရည်ကျပြီး ငိုပြန်သတဲ့။ ထိုအခါကျတော့ မနီးမဝေး၌ ငိုသံတခုကြားရတာနဲ့ ဟဲ့ဘယ်သူလဲ ဒီမှာငိုနေတာလို့ မေးသတဲ့၊ တပည့်တော်မ နတ်သမီးပါဘုရား။ ဘာ့ကြောင့်ငိုရသလဲ။ တမဂ်တဖိုလ်လောက် ရမလားလို့အားခဲပြီး အရှင်ဘုရားကဲ့သို့ ငိုပါတယ်ဘုရားလို့ လျှောက်သတဲ့။ ဒီတော့မှ ငါ့ငိုတာ နတ်သမီးကပင်သိ၍ ပြောင်လှောင် နေပါပကောလို့ ဝိပဿနာ တိုးပွားစေပြီး ပြန်အားထုတ်သတဲ့။ ဒီတော့မှ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ရ၍ ခန္ဓာဖေါက်ခွဲပြီး ရဟန္တာဖြစ်သွားသတဲ့။

ရဟန္တာဖြစ်၍ ကိစ္စတုံးသွားတော့မှ ငါမအိပ်ရတာကြာပြီဟု အိပ်ရာများပြင်ပြီးခြေဆေးဦးမယ်လို့ လှေကားရင်းသွားထိုင်သတဲ့။ တပည့်ရဟန္တာပေါင်း သုံးသောင်းက ထိုအကြောင်းသိလို့ ခြေဆေးပေးမယ်ဟု ရောက်လာပြီး ဝိုင်းနေကြတော့ ငါ့ရှင်တို့...... ငါ့ခြေကို ရေမဆေးတာ နှစ်သုံးဆယ်ရှိပြီ၊ သင့်တို့မဆေးကြနှင့်၊ ငါကိုယ်တိုင်ဘဲ ဆေးမယ်လို့ ဆိုသတဲ့။ ထိုအခါ သိကြားမင်းကြီးက သုဇာနတ်မိဖုရားကိုခေါ်လာပြီး ရှေ့ကထား၍ အရှင်ဘုရားတို့...... ဟောဒီတကာမကြီးက မထေရ်ကြီးဖူးမျှော်ချင်လို့ အဝေးကြီးက ရောက်လာပါတယ်။ လမ်းကလေး တဆိတ်လောက် မစတော်မူကြပါလို့ဆိုပြီး အနားရောက်သွားသတဲ့။ ဒီတော့မထေရ်က- နတ်မင်း......လူတို့၏ ကိုယ်နံ့ဟာ နတ်တို့နှာခေါင်းမှာ အလွန်ဆိုးတယ် မဟုတ်လားလို့ဆိုသတဲ့။ မဆိုးပါဘူးဘုရား၊ အရှင်မြတ်တို့၏ သီလအနံ့ဟာ နတ်ပြည်လွန်ပြီး ဘဝဂ်တိုင်အောင် မွှေးလို့ရောက်လာရပါတယ်လို့ဆိုပြီး ခြေဖမျက်ကို ဆုပ်ကိုင်လျက် ခြေဘဝါးအပြင်ကို သိကြားမင်းကြီး ဆုပ်နယ်ပေးလိုက်တော့ ကလေး သူငယ်၏ခြေဘဝါးကဲ့သို့ နူးညံ့လှပစွာဖြစ်သွားသတဲ့။ သိကြားမင်းကြီးလဲ ခြေဆေး

ပေးပြီးမှ ပြန်သွားတယ်။အဲဒါ မင်္ဂဉာဏ်မိုလ်ဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကိုလျှော်စွာ မပေါက်ခွဲနိုင်လို့ဖြစ်တဲ့ ဒေါမနဿကို အကြောင်းခံပြီး ရဟန္တာဖြစ်သွားတာတဲ့၊ ဒီလို ဒေါမနဿမျိုးကိုမှီဝဲအပ်သော သေဝိတဗ္ဗ ဒေါမနဿလို့ဟောတော်မူတယ်။

ဒီလိုနက်နဲတဲ့ ပဋိစ္စသမုပ္ပါဒ်သဘောကို မကြာမကြာ နာကြားရသဖြင့် လျော်စွာ သိခဲ့လျှင် ဖြိတ္တာလို ဆင်းရဲဒုက္ခရောက်သူဖြစ်စေ၊ ထိုဒုက္ခမျိုးမှ မျက်မှောက်ထင်ရှားစွာ လွတ်မြောက်နိုင်သတဲ့။

တနေ့၌ မြတ်စွာ ဘုရားသည် ညနေစောင်းတွင် လူတို့ကို တရား ဟောပြီးလို့ ရဟန်းတို့ကို နိဗ္ဗာန်နှင့်စပ်သောတရား ဟောကြားကာနေသတဲ့။ထိုအခါ ဝေမာနိက ဖြိတ္တာမကြီး တယောက်ဟာ သွီးကလေးနှိုရိုဥတ္တရာကို ရင်ခွင်ပိုက်လျက် သားကလေးနှိုညာ ပုနဗ္ဗသုကို လက်ဆွဲလျက် အစာရှာဖွေကာ ဇေတဝန်ကျောင်းတော်အနီးသို့ ရောက်လာသတဲ့။သူတို့ရှာတဲ့အစာဆိုတာ လူတို့နှင့်ပစ်တဲ့ အညစ်အကြေး ချွဲခန်း သလိပ်၊နှပ်၊တံတွေးဖြစ်သတဲ့။ ဖြိတ္တာဆိုပေမဲ့ အပါယ်ဘုံက ဖြိတ္တာတော့မဟုတ်ဘူး။စာတုမဟာရာဇ်ဘုံ အဝင်အပါ ပဋိသန္ဓေတိဟိတ် ဖြစ်သော်လဲ ပဝတ္တိအကျိုး ညံ့လွန်းလို့ ဖြိတ္တာလို အခေါ်ခံနေရတာ၊ ဖြိတ္တာတွေလိုဘဲ နှပ်၊တံတွေး– ကောက်စားနေရတယ်။ ဘုရားရှေ့မှာ ရဟန်းတွေ တရားနာနေကြတာတွေတော့ စတုမဂ္ဂပျားသကာတို့ကို ဝေခြမ်းနေကြလားမသိဟု ငတ်ငတ်နဲ့ ဖြိတ္တာတွေး–တွေးပြီး အဖိတ်အစင်ကလေးများ စားရမလားလို့ ရဟန်းပရိသတ်အနီးသို့ ချဉ်းကပ်သွားသတဲ့။ အနီးရောက်တော့မှ တရားဟောသံကြားရလို့ မတုန်မလှုပ်ရှိသော်ငြား နားစိုက်ပြီး ရပ်နေသတဲ့။ ကလေးနှစ်ယောက်ကတော့ တရားနာရမှန်းမသိလို့ အမေ ဒီနေရာမှာဘာဖြစ်လို့ ရပ်နေသလဲ၊ စားစရာလဲ မရှာဘူး။ ဆာလှပါပြီ အမေရယ်လို့ ဆိုကြသတဲ့။ ကလေးတွေက ဒီလိုပူဆာလိုက်တော့ တရားအန္တရာယ်ဖြစ်စေတော့မှာဘဲလို့ ဂါထာတခုဖြင့် ချော့ပြောသတဲ့။

တုဏှီ ဥတ္တရိကေ ဟောဟိ၊ တုဏှီ ဟောဟိ ပုနဗ္ဗသု။
ယာဝါဟံ ဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မံ သောဿာမိ သတ္ထုနော။ ။

ဥတ္တရိကေ၊ ချစ်သွီးဥတ္တရာ။ တုဏှီဟောဟိ၊ ဆိတ်ဆိတ်နေပါလော့။ ပုနဗ္ဗသု၊ ချစ်သား ပုနဗ္ဗသု။ တုဏှီဟောဟိ၊ ဆိတ်ဆိတ်နေပါလော့။ ယာဝ၊ အကြင်မျှလောက်။ အဟံ၊ ငါသည်။ဗုဒ္ဓသေဋ္ဌဿ သတ္ထုနော၊ နတ်လူတို့၏ ဆရာ ဘုရားမြတ်စွာ၏။ ဓမ္မံ၊ တရားကို။သောဿာမိ၊ နာကြားလို၏။ တာဝ၊ ထိုမျှလောက်။ တုဏှီ ဟောထ၊ ဆိတ်ဆိတ်နေကြစမ်းပါလော့။

ချစ်သား ချစ်သွီးတို့........ငါတို့ဆရာ ဘုရားမြတ်စွာသည် ဒုက္ခကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို ဟောဖြနေတယ်။ ငါ့သား ငါ့သွီးတို့ကို ငါသိပ်ပြီး

ချစ်ပါတယ်။ သို့ပေမဲ့ ဆင်းရဲကင်းစေတဲ့ တရားတော်ဖြစ်လေတော့ လွန်စွာတောင့်တရပေတယ်။ ဒီလိုတရားမျိုးငါတို့မနာကြားရ၊ မသိရလို့ ငတ်ငတ်မွတ်မွတ်နဲ့ ပြိတ္တာ ဒုက္ခအမျိုးမျိုးတွေ့ကြရတယ်။ တိတ်တိတ်ကလေး နေကြစမ်းပါကွယ်လို့ ချော့ပြောသတဲ့။ ဒီတော့သားကလေးနို့ညာ ပုနဗ္ဗသုက ပါရမီလှုံ့ဆော်လို့သဘောကျပြီး ဂါထာတခုဖြင့် ပြန်ပြောသတဲ့။

အမ္မာ န ဗျာဟရိဿာမိ၊ တုဏှီဘူတာ ယမုတ္တရာ။
ဓမ္မမေဝ နိသာမေဟိ၊ နညာ ဒုက္ခံ စရာမသေ။ ။

တာတ အမ္မာ၊ အိုမိခင်။ န ဗျာဟရိဿာမိ။ ကျွန်တော်ဆိတ်ဆိတ်နေပါတော့အံ့။ အယံ ဥတ္တရာပိ၊ ဤညီမကလေးဥတ္တရာသည်လည်း။ တုဏှီဘူတာ၊ ဆိတ်ဆိတ်နေပါပြီ။ ဓမ္မံဝ၊ တရားတော်ကိုသာလျှင်။ နိသာမေဟိ၊ နားစိုက်၍သာ နာကြားပါလော့။ နညာ၊ သူတော်ကောင်းတရား မသိခြင်းကြောင့်။ ဒုက္ခံ၊ ငတ်မွတ်ရှည်ကြာ ဆင်းရဲစွာလှ ပြိတ္တာဒုက္ခသို့။ စရာမသေ၊ ရောက်ခြင်းကြီး ရောက်ရကုန်၏ တကား။

ဒီလိုမိခင်စကားကို နားထောင်ပြီး ပုနဗ္ဗသုလဲ တရားနားစိုက်ကာ နေသတဲ့။ ထိုအခါ မြတ်စွာဘုရားက ထိုပြိတ္တာသားအမိတို့၏ တရားရှုစိုက်သည်ကို သိတော်မူတာနဲ့ သစ္စာလေးပါး ဟောပြလိုက်သတဲ့။ ဒီတော့ သားအမိ နှစ်ယောက်လုံးဟာ ဘာဝနာမယဉာဏ်ဖြင့် သံသရာ ဘဝစက်ကြီးဖောက်ခွဲပြီး **သောတာပန်** အဖြစ်သို့ ရောက် သွားကြသတဲ့။ (နှပ်တံတွေး ရှာစားရတဲ့ ပြိတ္တာငတ်ဘဝ ရောက်နေသူပင် ဘုရားရှင် ဉာဏ်တော်နှိုး၍ဖောက်ခွဲနိုင် ဖျက်ဆီးနိုင်လျှင် လူ့ဘဝရသူတို့မှာဆိုစရာ မရှိအားတက်စရာကောင်းလေစွ) နို့စို့သမီးကလေးမှာတော့ ငယ်လွန်းလို့ မဂ်ဖိုလ် မရသော်လဲ ဥပနိဿယ အကြောင်း ကောင်းကောင်းကြီး ရသွားသတဲ့။ ပြိတ္တာသားအမိ နှစ်ယောက်မှာ ပဋိစ္စသမုပ္ပါဒ် ဉာဏ်ဖြင့် ဘဝစက်ကိုဖောက်ခွဲနိုင်သည်နှင့် တပြိုင်နက် အမြင် ဆိုးဝါးလှသော ကြောက်ဘွယ်၊ ရွံ့ဘွယ် ပြိတ္တာရုပ်အဆင်းတွေ ပျောက်ကင်းပြီးနတ်သမီး၊ နတ်သားကိုယ်ဖြင့် နတ်စည်းစိမ် ရကြသတဲ့။ သမီးကလေးမှာ ပဋိစ္စသမုပ္ပါဒ် မသိသော်လဲ မိခင်၏ အာနုဘော်ကြောင့် နတ်၏ စည်းစိမ်ကို ရတာဘဲတဲ့။

ဒီတော့ ပြိတ္တာမကြီးက ဝမ်းသာလွန်းလို့ ချစ်သား ပုနဗ္ဗသု........ငါတို့ဆရာဘုရား မြတ်စွာသည် သံသရာ၌ မျက်စိလယ်လမ်းမှားသူတို့ကို လမ်းမှန်ရောက်အောင်ပြပြီး တရား ဟောတော်မူတယ်။ ငါ့သားလဲ ပညာရှိသူဖြစ်လို့ မြတ်စွာဘုရား ဟောတဲ့ တရားကို ကောင်းစွာထိုးထွင်း၍ သိလာပြီ။ မွေးရတာမွေးရကျိုးနပ်လေစွလို့ ဆိုပြီး ဂါထာတခုကို ဆိုပြန်သတဲ့။

ပုနဗ္ဗသု သုဒိ ဟောတိ၊ အဋ္ဌာဟ‌ေမှိ သမုဂ္ဂတာ။
ဒိဋ္ဌာနိ အရိယသစ္စာနိ၊ ဥတ္တရာပိ သုဏာတု မေ။ ။

အဋ္ဌ၊ ယခုအခါ၌။ အဟံ၊ ငါမွေးမယ်သည်။ သမုဂ္ဂတာ‌ေမှိ၊ ပြိတ္တာဒုက္ခမှ ကွင်းကျွတ်လွတ်ပြီ။ ဝါ၊ သာသနာတွင် သက်ဝင်နိုင်ကြောင်း ဦးခေါင်းထောင်နိုင်ပြီ။ ပုနဗ္ဗသု၊ ချစ်သား ပုနဗ္ဗသု။ တွံပိ၊ သင်သည်လည်း။ သုဒီဟောတိ၊ ငါနှင့်မခြားသူဋ္ဌေးသားပမာ ချမ်းသာလေလော့။ အရိယသစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ဒိဋ္ဌာနိ၊ မြင်အပ်သိအပ်ကုန်ပြီ။ မေ၊ ငါ၏သမီးဖြစ်သော။ ဥတ္တရာပိ၊ ဥတ္တရာသည်လည်း။ သုဏာတု၊ ငါတို့ဘဝစက် ဖျက်နိုင်ခြင်း ချမ်းသာ သုခရခြင်းကို နားထောင် စမ်းပါလော့။

ထိုအခါမှစ၍ သားအမိသုံးယောက်ဟာ ချမ်းသာသောကိုယ်စိတ်ဖြင့် ဒီတသက်တွင်မက-မမွဲနိုင်လောက်အောင် ပဋိစ္စသမုပ္ပါဒ် ထီကြီးပေါက်သောကြောင့် မျက်နှာကြီးပြီး ဂန္ဓကုဋိအနီးတွင်သစ်ပင်၌ နေရာသစ်-ဘုံဗိမာန်ရကြသတဲ့။ ညဉ့်နံနက်လဲ မပြတ် ဘုရားဖူးခြင်း၊ တရားနာခြင်းဖြင့် သာသနာတွင်ဦးခေါင်းထောင်လျက် ကြာမြင့်စွာနေကြရသတဲ့။ အဲဒါ ပဋိစ္စသမုပ္ပါဒ်သဘောကို လျော်စွာသိလို့ မျက်မှောက်အကျိုးများပုံလို့ မှတ်ရမယ်။

ထိုကြောင့် ပြင်းထန်သောအာသာဆန္ဒဖြင့် မျက်ရည်ကျအောင်ဒေါမနဿဖြစ်ချင်ဖြစ်ပါစေ၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် လျော်စွာ ဖောက်နိုင်-ခွဲနိုင်အောင် အားထုတ်ကြသဖြင့် ပဋိစ္စသမုပ္ပါဒ် ထီပေါက်သူတို့ ဖြစ်နိုင်ကြပါ စေကုန်သတည်း။

---

## (၁၅) ဝိနိစ္ဆယခြောက်ပါး စက်မြစ်ဖြတ်တရားစာ။

ဒီ ပဋိစ္စသမုပ္ပါဒ်၌ ဝိနိစ္ဆယ ခြောက်ခုကို သိရမတဲ့။ သစ္စပ္ပဘာဝ-အကြောင်းသစ္စာရှိခြင်း၊ ကိစ္စ-အလုပ်ကိစ္စ၊ ဝါရဏ-တားခြင်း၊ ဥပမာ-တူခြင်း။ ဂမ္ဘီရဘေဒ-နက်နဲခြင်းလေးပါး။ နယဘေဒ-နည်းလေးပါး-ဒီခြောက်ခုကို သိရမတဲ့။

သစ္စပ္ပဘာဝဆိုတာ-သာမန်အားဖြင့် လောကီ ကုသိုလ်၊ အကုသိုလ်ဖြစ်တဲ့ ကိလေသဝဋ်ကမ္မဝဋ်သည် သမုဒယသစ္စာမည်တယ်လို့မှတ်ရမယ်။ ကြွင်းသော ဝိပါကဝဋ်သည်၊ ဝါ-လောကီစိတ်၊ စေတသိက်၊ ရုပ်သည် ဒုက္ခသစ္စာမည်တယ်လို့မှတ်ရမယ်။ ဒီတော့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်လေးခုသည် သမုဒယသစ္စာမည်တယ်။ ဘဝသည် သမုဒယနှင့် ဒုက္ခဖြစ်၍ သစ္စာ၂ယ မည်တယ်။ ကမ္မဘဝက-သမုဒယ၊ ဥပပတ္တိဘဝက—ဒုက္ခတဲ့။ ဝိညာဏ်စသော ကြွင်း ၇-ပါးသည် ဒုက္ခသစ္စာ မည်တယ်။ ဒီလို သိပြီး ရှုပုံ ရှုနည်း ကတော့—

အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ခြင်းသည်သမုဒယကြောင့်သမုဒယဖြစ်ခြင်းဖြစ်၏။ သင်္ခါရ ကြောင့် ဝိညာဏ် ဖြစ်ခြင်းသည် သမုဒယကြောင့် ဒုက္ခ ဖြစ်ခြင်းဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်သည်ဒုက္ခကြောင့် ဒုက္ခဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတနသည် ဒုက္ခကြောင့် ဒုက္ခ။ သဠာယတနကြောင့် ဖဿသည် ဒုက္ခကြောင့် ဒုက္ခ။ ဖဿကြောင့် ဝေဒနာသည် ဒုက္ခကြောင့် ဒုက္ခ။ ဝေဒနာကြောင့် တဏှာသည်ဒုက္ခကြောင့် သမုဒယ။ တဏှာကြောင့် ဥပါဒါန်သည် သမုဒယကြောင့် သမုဒယ။ ဥပါဒါန်ကြောင့် ဘဝသည် သမုဒယကြောင့် သမုဒယနှင့်ဒုက္ခ-ဟူသောသစ္စာ—၂ယဖြစ်၏။ ဘဝကြောင့် ဇာတိသည် သမုဒယကြောင့် ဒုက္ခဖြစ်၏။ (ကမ္မဘဝကြောင့်သာ ဇာတိဖြစ်သည်။ ဥပပတ္တိ ဘဝကား ဇာတိ၌ ဝင်သောကြောင့်တည်း။) ဇာတိကြောင့် ဇရာမရဏသည် ဒုက္ခကြောင့် ဒုက္ခဖြစ်၏။........ ဤသို့ဤဘဝစက်ကို ဖန်ဖန် ရှုရမတဲ့။

ကိစ္စဖြင့်ရှုပုံကတော့ အဝိဇ္ဇာသည် တွေဝေအောင်လဲပြုတယ်။ သင်္ခါရကိုလဲ ဖြစ်စေတယ်—နှစ်ကိစ္စ။ သင်္ခါရသည် တေဘူမက သင်္ခတ တရားတို့ကိုလဲ ပြုပြင်တယ်။ ဝိညာဏ်ကိုလဲဖြစ်စေတယ်-နှစ်ကိစ္စ။ ဝိညာဏ်သည် အာရုံကိုလဲသိတယ်။ နာမ်ရုပ်ကိုလဲဖြစ်စေတယ်-နှစ်ကိစ္စ။ နာမ်ရုပ်သည် အချင်းချင်းလဲ ထောက်ပံ့တယ်။ သဠာယတနကိုလဲဖြစ်စေတယ်—နှစ်ကိစ္စ။ သဠာယတနသည် မိမိ၏စားကျက်အာရုံခြောက်ပါး၌လဲဖြစ်တယ်၊ ဖဿကိုလဲဖြစ်စေတယ်—နှစ်ကိစ္စ။ ဖဿသည် အာရုံကိုလဲ တွေ့ထိတယ်။ ဝေဒနာကိုလဲဖြစ်စေတယ်—နှစ်ကိစ္စ။ ဝေဒနာသည်အာရုံ အရသာကိုလဲခံစားတယ်။ တဏှာကိုလဲ ဖြစ်စေတယ်—နှစ်ကိစ္စ။ တဏှာသည် အာရုံကိုလဲ နှစ်သက်တယ်၊ ဥပါဒါန်ကိုလဲ ဖြစ်စေတယ်-နှစ်ကိစ္စ။ ဥပါဒါန်သည် အာရုံကိုလဲ စွဲလမ်းတယ်။ ဘဝကိုလဲဖြစ်စေတယ်-နှစ်ကိစ္စ။ ဘဝသည် ဂတိငါးပါး၌လဲပစ်ချတယ်။ ဇာတိကိုလဲ ဖြစ်စေတယ်-နှစ်ကိစ္စ။ ဇာတိသည် ခန္ဓာကိုလဲ ဖြစ်အောင်ပြုတယ်။ ဇရာမရဏကိုလဲ ဖြစ်စေတယ်-နှစ်ကိစ္စ။ ဇရာမရဏသည် ခန္ဓာတို့၏ရင့်ခြင်းပျက်ခြင်းကိုလဲ စွဲ၍တည်တယ်။ ဘဝသစ်ကိုရင်း၊ သောက ပရိဒေဝစသည်တို့ကိုရင်း-ဖြစ်စေတယ်-နှစ်ကိစ္စ။ ဤသို့လည်း ဤဘဝစက်ကို ဖန်ဖန်ရှုရမတဲ့။

ဝါရဏ—တားခြင်းဖြင့် ရှုပုံကတော့-အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု ဟောခြင်းသည် ပြုပြင်မန်ဆင်းသူ ရှိ၏ဟု ယူသောမိစ္ဆာအယူကို တားတယ်။ သင်္ခါရ ပစ္စယာ ဝိညာဏံဟု ဟောခြင်းသည် အတ္တသည် တဘဝသို့ ပြောင်းရွှေ့၏ဟု ယူသောမိစ္ဆာ အယူကို တားတယ်။ ဝိညာဏပစ္စယာ နာမရူပံသည် အတ္တဟူသည် တလုံးတည်း တခဲနက်ဟု ယူသော မိစ္ဆာအယူကို တားတယ်၊ (နာမ်ကခြား၊ ရုပ်တခြားဟု အကွဲ အစိတ်ကို ပြခြင်းဖြင့် တားသတဲ့။) နာမရူပ ပစ္စယာ သဠာယတနသည် မြင်၊ ကြား နမ်း၊ စား၊ ထိ၊ သိသူ အတ္တရှိ၏ဟု ယူသောမိစ္ဆာအယူကိုတားတယ်။ သဠာယတန

ပစ္စယာ ဖဿော သည် တွေ့ထိတတ်သူ အတ္တ ရှိ၏ဟု ယူသော မိစ္ဆာအယူကို တား တယ်။ ဖဿပစ္စယာ ဝေဒနာသည် ခံစားတတ်သူ အတ္တရှိ၏ဟု ယူသောမိစ္ဆာအယူ ကိုတားတယ်။ ဝေဒနာပစ္စယာ တဏှာသည် နှစ်သက်တတ်သူ အတ္တရှိ၏ဟု ယူသော မိစ္ဆာအယူကိုတားတယ်။ တဏှာ ပစ္စယာ ဥပါဒါန်သည် စွဲလမ်းတတ်သူ အတ္တရှိ ၏ဟုယူသော မိစ္ဆာအယူကိုတားတယ်။ ဥပါဒါနပစ္စယာ ဘဝေါသည် အသစ်ဖြစ် သူအတ္တရှိ၏ဟု ယူသော မိစ္ဆာအယူကိုတားတယ်။ ဘဝပစ္စယာ ဇာတိသည်ပဋိသန္ဓေ နေတတ်သူ အတ္တရှိ၏ဟု ယူသော မိစ္ဆာအယူကိုတားတယ်။ ဇာတိပစ္စယာ ဇရာမ ရဏံ စသည်သည် အိုသူ၊ သေသူ–အတ္တရှိ၏။ မိုးရိမ်သူအတ္တ၊ ငိုကြွေးသူအတ္တ၊ ကိုယ် ဆင်းရဲသူအတ္တ၊ စိတ်ဆင်းရဲသူအတ္တ၊ ပြင်းစွာပင်ပန်းသူအတ္တ–ရှိ၏ဟု ယူသော မိစ္ဆာအယူကိုတားတယ်။ ဤသို့လည်း ဤဘဝစက်ကို ဖန်ဖန်ရူရမတဲ့။

တနည်း–တွေ့ဝေခြင်းအဝိဇ္ဇာသာရှိသည်၊ တွေ့ဝေသူပုဂ္ဂိုလ်သတ္တဝါမရှိ။ ပြု ပြင်ခြင်း သင်္ခါရသာရှိသည်၊ ပြုပြင်သူမရှိ။ ဝိညာဏ်ဖြစ်ခြင်းသာရှိသည်၊ တဘဝမှ ပြောင်းရွှေ့လာသူမရှိ။ နာမ်နှင့် ရုပ်တွဲခြင်းသာရှိသည်။ တလုံးတည်း တခဲနက် မရှိ။ စက္ခုသောတ စသော မြင်၊ ကြား၊ နမ်း၊ စား၊ ထိ၊ သိခြင်းသာရှိသည်။ မြင် သူ၊ ကြားသူ၊ နမ်းသူ၊ စားသူ၊ ထိသူ၊ သိသူမရှိ။ တွေ့ထိခြင်း ဖဿသာရှိသည်၊ တွေ့ ထိသူမရှိ။ ခံစားခြင်းဝေဒနာသာရှိသည်၊ ခံစားသူမရှိ။ နှစ်သက်ခြင်းတဏှာသာရှိ သည်၊ နှစ်သက်သူမရှိ။ စွဲလမ်းခြင်း ဥပါဒါန်သာရှိသည်။ စွဲလမ်းသူမရှိ။ ဂတိငါး ပါး၌ ပစ်ချ၍ဖြစ်ခြင်း ဘဝသာရှိသည်၊ ဖြစ်သူမရှိ၊ ပဋိသန္ဓေဖြစ်ခြင်းသာရှိသည်၊ ပဋိသန္ဓေနေသူမရှိ။ အိုခြင်း သေခြင်း ဇရာမရဏသာရှိသည်၊ အိုသူသေသူမရှိ။ စိုး ရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်နာခြင်း၊ စိတ်နာခြင်း၊ ပြင်းစွာပင်ပန်းခြင်းသာရှိသည်၊ စိုးရိမ်သူ၊ ငိုကြွေးသူ၊ ကိုယ်နာသူ၊ စိတ်နာသူ၊ ပြင်းစွာပင်ပန်းသူမရှိ။........ဤသို့ လည်း ဤဘဝစက်ကို ဖန်ဖန်ရူရမတဲ့။

ဥပမာဖြင့် ရှုပုံကတော့-ကန်း၊ ချော်၊ လဲကျ (၃)။ ပူးကြွ၊ ပြည့်၊ ထိ၊ (၃)။ နာ၏၊ ကူ၊ လွဲ (၃)။ လိမ်း၊ တိုး၊ ကွဲ၊ (၃)။ ဆက်တွဲပမာ-သူငါတူလှ၏။ (အပိုင်ငယ် တိုင်း ရပ်၍ဘတ်။)

ကန်း-ဟူသည်ကား-အဝိဇ္ဇာသည် သူကန်းနှင့်တူ၏။ (ထိုထိုဓမ္မတို့ကို ဆက်ဆံ သော လက္ခဏာ၊ မဆက်ဆံသော လက္ခဏာတို့ဖြင့် မသိခြင်းကြောင့်တဲ့။)

ချော်–ဟူသည်ကား–သင်္ခါရသည် သူကန်း–ချွတ်ချော်သည်နှင့်တူ၏။ (ရံခါ ကုသိုလ် ရံခါ အကုသိုလ်ဖြင့် ချွတ်ချော်သတဲ့။)

လဲကျ–ဟူသည်ကား– ဝိညာဏ်သည်သူကန်း–ချွတ်ချော်၍– လဲကျသည်နှင့်တူ ၏။ (ပဋိသန္ဓေထဲသို့ လိမ့်ကျလာသောကြောင့်တဲ့။)

ဖူ ကြွ-ဟူသည်ကား-နာမ်ရုပ်သည်သူကန်း-ချွတ်ချော်၍-လဲကျ၍-ဖူးရောင်သည့်နှင့်တူ၏ (နာမ်နှင့်ရုပ် ပွထလာသောကြောင့်တဲ့။)

ပြည်-ဟူသည်ကား-သဠာယတနသည့်သူကန်း-ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍-အနာအဖုပြည်ဥသည်နှင့်တူ၏။ (အနာခြောက်ခုဖြစ်သတဲ့။)

ထိ-ဟူသည်ကား-ဖဿသည်-သူကန်း-ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍-အနာ အဖု ပြည်ဥ၍-ထိခိုက်သည်နှင့် တူ၏။

နာ၏-ဟူသည်ကား-ဝေဒနာသည်-သူကန်း-ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍-အနာ အဖု ပြည်ဥ၍-ထိခိုက်၍-အနာ နာသည်နှင့် တူ၏။

ကု-ဟူသည်ကား- တဏှာသည်-သူကန်း- ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍-အနာ အဖု ပြည်ဥ၍-ထိခိုက်၍-အနာ နာ၍-ဆေးကုလိုသည်နှင့်တူ၏။

လွဲ-ဟူသည်ကား-ဥပါဒါန်သည်-သူကန်း- ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍-အနာ အဖု ပြည်ဥ၍-ထိခိုက်၍-အနာနာ၍- ဆေးကုလို၍-မသင့်သော ဆေးအလွဲ ယူသည်နှင့် တူ၏။

လိမ်း-ဟူသည်ကား- ဘဝသည်-သူကန်း-ချွတ်ချော်၍-လဲကျ၍- ဖူးရောင်၍-အနာ အဖု ပြည်ဥ၍-ထိခိုက်၍-အနာနာ၍-ဆေးကုလို၍-ဆေးအလွဲယူ၍-ဆေးလိမ်းမှားသည်နှင့်တူ၏။

တိုး-ဟူသည်ကား- ဇာတိသည်-သူကန်း-ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍- အနာအဖုပြည်ဥ၍- ထိခိုက်၍-အနာနာ၍-ဆေးကုလို၍-ဆေးအယူလွဲ၍-ဆေးလိမ်းမှား၍-အနာတိုးသည်နှင့်တူ၏။

ကွဲ-ဟူသည်ကား-ဇရာမရဏသည်-သူကန်း-ချွတ်ချော်၍-လဲကျ၍-ဖူးရောင်၍-အနာအဖု ပြည်ဥ၍-ထိခိုက်၍-အနာနာ၍-ဆေးကုလို၍-ဆေးအယူ လွဲ၍-ဆေးလိမ်းမှား၍-အနာတိုး၍-ပြည်မှည့်ပြီး ပေါက်ကွဲသည်နှင့် တူ၏။........ ဤသို့လည်း တသန္တာန်ထည်း ဆက်သွားသောဥပမာဖြင့် ဤဘဝစက်ကိုဖန်ဖန်ရှုရမတဲ့။

တနည်းကား-တိမ်၊ပိုး၊ထိန်းအုပ်(၂)။ မျက်လှည့်ရုပ်၊ချုံ့ထူ(၂)။မီးပွတ်၊ပူ ငန်(၃)။ ဖန်ဖန်၊ချိတ်ကောက် (၂)။မျိုးပေါက်၊ ပင်လဲ(၂)။ သီးခြားတွဲ ကွဲကွဲ ပမာ သူငါ တူလှ၏။

တိမ်-ဟူသည်ကား-အဝိဇ္ဇာသည် မျက်စိ တိမ်လွှားသည်နှင့် တူ၏။

ပိုး-ဟူသည်ကား-သင်္ခါရသည် မိမိကိုယ်ကို အိမ်ဖွဲ့သော ပိုးကောင်နှင့် တူ၏။

ထိန်းအုပ်-ဟူသည်ကား -ဝိညာဏ်သည် အမတ်ကြီး တို့၏ ထိန်းအုပ် ခြင်းခံ၍ မင်းစည်းစိမ်ရသော မင်းသား ငယ်နှင့် တူ၏။(သင်္ခါရ အမတ်ကြီးတို့ ပြုပြင်ပေးမှ ဂတိငါးပါး၌ တည်ခြင်းကြောင့်တဲ့။)

မျက်လှည့်ရုပ်-ဟူသည်ကား- နာမ် ရုပ်သည် မျက်လှည့်ရုပ် မျိုးစုံနှင့် တူ၏။

(၃၁-ဘုံ သတ္တဝါတို့၌ အချို့ လက်မရှိ၊ အချို့ ခြေမရှိ၊ အချို့ ခြေ များစွာရှိ၏၊ အချို့ တောင်ပန်ရှိ၏-စသည်ဖြင့် အရုပ်မျိုးစုံ ဖြစ်သောကြောင့်တဲ့။)

ချုံ့ထူ-ဟူသည်ကား—သဠာယတနသည် မြေကောင်းရာ၌ပေါက်သော ချုံ့သစ်ပင်နှင့်တူ၏။ (လောဘ၊ ဒေါသ စသည်ဖြင့် စည်ပင်စွာ စက္ခု၊ သောတ စသည်တို့ ဖြစ်သောကြောင့်တဲ့။)

မီးပွတ်-ဟူသည်ကား—ဖဿသည် ပွတ်၍ရသော မီးနှင့်တူ၏။ (အာရုံနှင့် ပသာဒ ထိခိုက်မှ ဖြစ်သောကြောင့်တဲ့။)

ပူ-ဟူသည်ကား—ဝေဒနာသည် ပွတ်၍ ရသော မီး-ပူလောင်သည်နှင့် တူ၏။

ငန်-ဟူသည်ကား—တဏှာသည် ဆားငန်ရေသောက်၍ ရေငတ်သည်နှင့်တူ၏။

ဖန်ဖန်-ဟူသည်ကား—ဥပါဒါန်သည် ရေငတ်၍ဖန်ဖန်ရေ တောင့်တသည်နှင့် တူ၏။ (ဘဝတို့၌ လွန်စွာ ကပ်ငြိသောကြောင့်တဲ့။)

ချိတ်ကောက်-ဟူသည်ကား—ဘဝသည် ငါးများချိတ် ကောက်ကောက်မျိုသည်နှင့် တူ၏။ (ပဋိသန္ဓေ ဖြစ်စေတတ်သော ကံကို ပြုမိသောကြောင့်တဲ့။)

မျိုးပေါက်-ဟူသည်ကား—ဇာတိသည် မျိုးစေ့အပင် ပေါက်သည်နှင့် တူ၏။

ပင်လဲ-ဟူသည်ကား—ဇရာမရဏသည်ပေါက်သောသစ်ပင်ပြိုလဲသည်နှင့်တူ၏။ ဤသို့လည်းသန္တာန်သီးခြားမဆက်သောဥပမာဖြင့် ဤဘဝစက်ကိုဖန်ဖန်ရှုရမတဲ့။

ဂမ္ဘီရဘောဒဖြင့်ရှုပုံကတော့—အတ္ထ၊ ဓမ္မ၊ ဒေသနာ၊ ပဋိဝေဓ—လေးဖြာ ဂမ္ဘီရ။

အတ္ထ—ဟူသည်ကား—အဝိဇ္ဇာကြောင့်ရင်း၊ အဝိဇ္ဇာနှင့် အတူဖြစ်သော တရားတို့ကြောင့်ရင်း-သင်္ခါရဖြစ်တယ်။တပါးသော အကြောင်းကြောင့်သင်္ခါရမဖြစ်။ ဤသို့စသည်ဖြင့် အကြောင်းတရားတို့ဖြစ်ခြင်းကြောင့် အကျိုးတရားတို့ အဆင့်ဆင့်ဖြစ်လာခြင်း၊ အကြောင်း တရားတို့ မဖြစ်လျှင် အကျိုးတရားတို့ မဖြစ်နိုင်ခြင်းဟူသောအနက်နှစ်ပါးသည်ဟုတ်မှန်၏။သိနိုင်ခဲ၏။သားမြီးဖျားချင်းထိအောင် ထိုးနိုင်သည်ထက် အသိခက်၍ နက်နဲလှ၏။ထိုကြောင့် ဤဘဝစက်သည် အကျိုးအတ္ထဂမ္ဘီရအားဖြင့် သမုဒ်ရေလယ် ယုန်သူငယ်တမျှ နက်နဲလှ၏ဟု ဖန်ဖန်ရှုရမတဲ့။

ဓမ္မ-ဟူသည်ကား—အဝိဇ္ဇာစသည်သည် အကြင် အခြင်းအရာဖြင့်ကျေးဇူးပြု၏။ အကြင် အနိုက်အတံ့ တည်နိုက်၌ ကျေးဇူးပြု၏။ ထိုကျေးဇူးပြုသော အကြောင်းတရားတို့၏ အခြင်းအရာနှင့် ထိုအနိုက်အတံ့သည် သိနိုင်ခဲ၏။ သားမြီးဖျားထိုးနိုင်သည်ထက်အသိခက်၏။ ထိုကြောင့် ဤဘဝစက်သည် အကြောင်းဓမ္မဂမ္ဘီရအားဖြင့် နက်နဲလှ၏ဟု ဖန်ဖန် ရှုရမတဲ့။

ဒေသနာ—ဟူသည်ကား—ဤဘဝစက်ကို မင်္ဂဖိုလ် ရထိုက်သူ ဝေနေယျတို့အား ကောင်းစွာသိအောင် ထိုထိုအနုလုံဖြင့်ရင်း၊ ပဋိလုံဖြင့်ရင်း ဟောကြားခြင်းသည် လွယ်ကူသည်မဟုတ်။ သာဝက ဉာဏ်ထွဋ်ထိပ်သို့ရောက်သော ရှင်သာရိပုတြာတို့ပင်

မဟောကြားနိုင်၊ သဗ္ဗညုတ ဉာဏ်တော်ရသော ဘုရားရှင်တို့သာ ဟောကြားနိုင်သည်။ ထို့ကြောင့် ဤဘဝစက်သည် ဟောကြားခြင်းဒေသနာ ဂမ္ဘီရအားဖြင့်နက်နဲလှ၏ဟု ဖန့်ဖန် ရှုရမတဲ့။

ပဋိဝေဓ—ဟူသည်ကား—အဝိဇ္ဇာ၊ သင်္ခါရ စသည်တို့၏ သဘောသည့် သိအပ်သော ပဋိဝေဓမည်၏။ ထိုသဘောကို သိသောဉာဏ်သည် သိတတ်သော ပဋိဝေဓမည်၏။ ဤသို့သိအပ်၊ သိတတ်—နှစ်ရပ်သော ပဋိဝေဓသည် သိနိုင်ခဲသော သဘောရှိ၏။ ထို့ကြောင့် ဤဘဝစက်သည် သိအပ်သော ပဋိဝေဓဂမ္ဘီရ၊ သိတတ်သော ပဋိဝေဓဂမ္ဘီရ အားဖြင့် နက်နဲလှ၏ဟု ဖန်ဖန်ရှုရမတဲ့။

နယဘေဒဖြင့် ရှုပုံကတော့—ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း—ဟု နည်းလေးပါးဖြင့် ရှုရတယ်။

ဧကတ္တနည်းကား—မျိုးစေ့မှ အညှန့်စသည်ဖြစ်၍ သစ်ပင်ကြီးဖြစ်လာသကဲ့သို့ အဝိဇ္ဇာစသည်မှ သင်္ခါရစသည်တို့ တဆက်ထည်း စပ်၍ ဖြစ်ခြင်းသည် ဧကတ္တနည်းမည်၏။ ဤနည်း သိလျှင် ဥစ္ဆေဒဒိဋ္ဌိ ကင်း၏။ (တသန္တာန်ထည်း ကျိုးကြောင်း စပ်သည်ဟု အမှန်ကို မြင်ရသောကြောင့်တဲ့။) အသိ လွဲလျှင် သဿတ ဒိဋ္ဌိ စွဲ၏။ (သန္တာန် မပြတ်ဘဲ တခုထည်းဟု အလွဲ ယူသောကြောင့်တဲ့။)

နာနတ္တနည်းကား—အဝိဇ္ဇာသဘော တခြား၊ သင်္ခါရသဘောတခြား—ဤသို့ စသည်ဖြင့် တခြားစီဖြစ်ခြင်းသည် နာနတ္တနည်းမည်၏။ ဤနည်း သိလျှင် သဿတ ဒိဋ္ဌိကင်း၏။ (အသစ်အသစ် တခြားစီ ဖြစ်သည်ဟု အမှန် မြင်သောကြောင့်တဲ့။) အသိလွဲလျှင် ဥစ္ဆေဒ ဒိဋ္ဌိစွဲ၏။ (မွေးသူ တခြား၊ သေသူ တခြားဟု လွဲနိုင်သောကြောင့်တဲ့။)

အဗျာပါရနည်းကား—သင်္ခါရကို ငါဖြစ်စေမည်ဟု အဝိဇ္ဇာအား ကြောင့်ကြ ဗျာပါရမရှိ။ ဝိညာဏ် စသည်ကို ငါဖြစ် စေမည်ဟု သင်္ခါရ စသည်တို့အား ကြောင့်ကြဗျာပါရမရှိ။ ဤသို့ ပရမတ္ထသဘောတရားတို့အား ကြောင့်ကြဗျာပါရ မရှိခြင်းသည် အဗျာပါရ နည်းမည်၏။ ဤနည်းသိလျှင် အတ္တဒိဋ္ဌိကင်း၏။ (ပြုသူ အတ္တမရှိ၊ ပြုပြင်သော သတ္တဝါမရှိ။ နိဿတ္တ—သတ္တဝါလဲ မဟုတ်။ နိဇ္ဇီဝ—အသက်လဲ မဟုတ်။ ဓမ္မသဘောမျှသာ ရှိသည်ဟု အမှန် မြင်သောကြောင့်တဲ့။) အသိလွဲလျှင် အကြိယ ဒိဋ္ဌိစွဲ၏။ (အကြောင်းမရှိဟု အကြောင်းကို မယူသောကြောင့်တဲ့။ ကြောင့်ကြဗျာပါရ မရှိသော်လဲ သဘာဝ နိယာမအားဖြင့် ဖြစ်သော အကြောင်းဖြစ်ခြင်းကားရှိ၏။ မီးလျှံဟူသမျှ အထက်သို့ တက်ခြင်း၊ လေဟူသမျှ ဘေးတိုက်ဖီလာတိုက်ခြင်းသည် သဘာဝ နိယာမအားဖြင့် ဖြစ်သော အကြောင်း ဖြစ်ခြင်းသည် ရှိသတဲ့။ ဤသို့ အကြောင်းဖြစ်ခြင်းရှိသည်ဟု အမှန်ကိုမယူနိုင်သောကြောင့်တဲ့။)

ဧဝံဓမ္မတာနည်းကား—နို့ရည်မှ နို့မိန်းစသည် ဖြစ်သကဲ့သို့ ဓမ္မတာအားဖြ

အဝိဇ္ဇာစသည်မှ သင်္ခါရစသည်ဖြစ်ခြင်းသည် ဧဝံဓမ္မတာနည်းမည်၏။ ဤနည်းသိလျှင်အနေဟတုကဒိဋ္ဌိ၊အကြိယဒိဋ္ဌိကင်း၏။ (ကြောင်းကျိုးလျော်စွာဖြစ်ခြင်းကိုသိသောကြောင့်တဲ့။ နို့မှနို့ဓမ်းဖြစ်သည်။ ရေမှမဖြစ် နှမ်းမှဆီဖြစ်သည်၊ သဲမှမဖြစ်။ အကြောင်းဟူသမျှကြောင့် အကျိုးဟူသမျှ အရမ်းမဖြစ်၊ လျော်စွာဖြစ်သည်ဟု သိသောကြောင့် အကြောင်းကံကိုလဲမပယ်၊အကျိုးဝိပါက်ကိုလဲမပယ်ဟုဆိုလိုသည်။) အသိလွဲလျှင် အဟေတုကဒိဋ္ဌိ၊နိယတိဝါဒစွဲ၏။(အကြောင်းကြောင့် အကျိုးဖြစ်ခဲ့လျှင် အကြောင်းတခြား၊ အကျိုးတခြား ဖြစ်သတဲ့။ ဒါကြောင့် သဲဟူသောအကြောင်းတမြားမှ ဆီဟူသောအကျိုးတခြား သော်လည်း ဖြစ်သင့်ရာ၏။ ကြံမှနို့သော်လည်း ဖြစ်သင့်ရာ၏။ ထိုသို့မဖြစ်ခြင်းကြောင့် ထိုထိုအကျိုး၏ ထိုထိုအကြောင်းဟူသည် မရှိစကောင်းဟု အကြောင်းပယ်၍ အဟေတုက ဒိဋ္ဌိစွဲသတဲ့။နိယတိစွဲပုံကတော့-ထိုထိုအကြောင်းမရှိသော်လဲ သဘာဝနိယာမအားဖြင့် နို့မှနို့ဓမ်းဖြစ်သကဲ့သို့ မိဘ၏သွေးသားကြောင့် သဘာဝနိယာမအားဖြင့် သတ္တဝါဖြစ်သတဲ့။ သဘာဝနိယာမအားဖြင့်နတ်လူစသော ဂတိငါးပါး၌ဖြစ်သတဲ့။သဘာဝနိယာမအားဖြင့် တနေ့ကျလျှင် သံသရာဝဋ်ဆင်းရဲကင်းပြတ်၍ သတ္တဝါတိုင်း နိဗ္ဗာန်ရနိုင်သတဲ့။ ဒါဟာ နိယတိဝါဒစွဲတာတဲ့။)

ဒီနေရာမှာ နိယာမငါးပါးနားလည်သင့်တယ်၊ ဗီဇ၊ ဥတု၊ ဗီဇ၊ ကမ္မ၊ ဓမ္မ၊—ဟု နိယာမတရားငါးပါးရှိတယ်။

စိတ္တ—ဟူသည်ကား—စိတ်တို့၏ အစဉ်အတိုင်းဖြစ်ခြင်းသည် စိတ္တနိယာမ မည်၏။ သင်သည် အာဝဇ္ဇန်း စိတ်ဖြစ်၍ ဘဝင်စိတ်နောင် ဖြစ်ပါလော့၊ သင်ကားမြင်တတ်သော စိတ်ဖြစ်၍ အာဝဇ္ဇန်းစဉ်နောင် ဖြစ်ပါလော့-ဤသို့စသည်ဖြင့် စိတ်စဉ်ဖြစ်ပုံကို စီမံပေးသူ မရှိဘဲ အာရုံ ပသာဒ ထိခိုက်သောအခါ အာဝဇ္ဇန်းစသည်တို့ အစဉ်ကျအောင် ဖြစ်ခြင်းသည် စိတ္တ နိယာမ မည်သတဲ့။

ဥတု-ဟူသည်ကား-ဥတုအားလျော်စွာ သစ်ပင်တို့ တချိန်ထည်း သီးခြင်း၊ ပွင့်ခြင်းသည် ဥတုနိယာမ မည်သတဲ့။

ဗီဇ-ဟူသည်ကား-သရက်သီးခြင်း တူအောင် အုန်းသီးတိုင်းထိပ်၌ အပေါက်ရှိအောင် ဖြစ်ခြင်းစသည်သည် ဗီဇနိယာမ မည်သတဲ့။ ဒီမျိုးစေ့မှ ဒီလိုသာဖြစ်ရခြင်းမြဲသတဲ့။

ကမ္မ-ဟူသည်ကား၊ တိဟိတ်ကုသိုလ်ကံဘည် တိဟိဘ်၊ ဒွိဟိတ်-အဟိတ်အကျိုးကိုဖြစ်စေတယ်။ဒွိဟိတ်ကံသည် ဒွိဟိတ်၊ အဟိတ်အကျိုးကိုဖြစ်စေတယ်။ ဖွတ်တွင်းပိတ်ဘူးသောကံကြောင့် လှိုင်ခေါင်း အပိတ်ခံရတယ်၊ ဤသို့ စသည်ဖြင့် ကံတူအကျိုးပေးခြင်း၊ ကံအားလျော်စွာ အကျိုးပေးခြင်းသည် ကမ္မနိယာမ မည်သတဲ့။

ဓမ္မ-ဟူသည်ကား-ဘုရားလောင်း ပဋိသန္ဓေယူသောအခါ မြေလှုပ်ခြင်း၊ ဘုရား

ပွင့်သောအခါ၊ ပရိနိဗ္ဗာန် စံသောအခါ မြေလှုပ်ခြင်း စသည်သည် ဓမ္မနိယာမမည်သတဲ့။ လောကတံထွာ ဓမ္မတာ အတိုင်းဖြစ်တာတဲ့။ ဒီလို နိယာမငါးပါးဖြင့် ထုံးစံ အတိုင်းဖြစ်ပေမဲ့၊ ထိုထိုဖြစ်သင့်သောအကြောင်းကင်းပြီး ထုံးစံအတိုင်းဖြစ်တယ်လို့ မယူရဘူး။ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း စသည်ဖြင့်အကြောင်း ၂၄-ပစ္စည်း ပဋ္ဌာန်းနည်းကို ဟောတော်မူတယ်။

---

## ယခုအခါတိုက်တွန်းနှိုးဆော်ခြင်းဥယျောဇဉ်ကိုပြမေတော့အံ့

သတ္တဝါအပေါင်းသည် မူလနှစ်ပါး နိုင်မြဲသော စက်ဝိုင်းနှစ်ခုဖြင့် သံသရာ အထပ်ထပ် မရပ်မတည် တလည်ထည်း လည်ကုန်၏။

ပဋိစ္စသမုပ္ပါဒ်ကိုလျော်စွာသိသောဉာဏ်ကား ထိုမူလနှစ်ပါးမဖြစ်နိုင်ကြောင်း ဉာဏ်ဖြစ်၏။ မူလနှစ်ပါးမဖြစ်လျှင် သံသရာ ဘဝစက်ပျက်၏။

ဤဘဝစက်ကို မဖျက်နိုင်၊ မခွဲနိုင်လျှင်-မိုယ်းကြိုးစက်ကြီး၊ လောင်မီးပမာ၊ သံသရာမှ-ခုန်ကာ ကျော်ထွက် လွတ်မြောက်ချက်ကား အိပ်မက်၌ပင် မရှိလေစွ တကား။

ဤဘဝစက်ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာ မယဉာဏ် တို့ဖြင့် လျော်စွာမသိခြင်းကြောင့်-မြိတ်ဆာချည်ထွေး၊ စာသိုက်ထွေးနှင့်၊ မြက်ထွေးအတူ၊ သူငါမကြွင်း-လေးဘုံဆင်းကာ သံသရာ၌ ရှည်ကြာ ဒုက္ခ တွေ့ရလေစွ တကား။

ဤပဋိစ္စသမုပ္ပါဒ်သဘောသည် သမုဒြာ၌ ယုန်ငယ်ပမာ ထောက်ရာ တည်ရာမရ နက်နဲလေစွတကား။

သို့စဉ်နက်မှောင် နက်ရောင် ပြင်းထန် နက်နဲ မှန်လည်း စိန်ဉာဏ် ဆောင်ထား ခုနစ်နှစ်သမီး၊ ခုနစ်နှစ်သားတို့ပင် ဘုရားရှင် ဉာဏ်တော်မှီး၍-ခွဲနိုင်၊ ဖေါက်နိုင်၊ ဖျက်ဆီးနိုင်ကြကုန်၏။ (ထိုအတူ ခွဲနိုင်၊ ဖေါက်နိုင်၊ ဖျက်ဆီးနိုင်ရပါလို၏။ ထိုအတူ ခွဲနိုင်၊ ဖေါက်နိုင်၊ ဖျက်ဆီး နိုင်ကြပါစေကုန်သတည်း။)

ထိုကြောင့် မိမိအကျိုး၊ သူတပါးအကျိုး တိုးပွားစေလိုသော အမျိုးကောင်းသားသည် ကိစ္စတပါးပယ်ရှား၍ နက်နဲလှသော ဤဘဝစက်ကို ထောက်ရာတည်ရာ ရအောင် မနေမနား အားထုတ်ရာ၏။ ဝါ-အားထုတ်နိုင်ကြပါစေကုန်သတည်းဟု အဋ္ဌကထာ ဆရာမြတ်တို့ တိုက်တွန်း နှိုးဆော် တော်မူကြသတဲ့။

တိုက်တွန်း နှိုးဆော်သည့်အတိုင်း မနေ မနား အားထုတ်ပုံ အားကျစရာ ကောင်းတာကတော့—တောကျောင်းတခုမှာသောက်ရေ အိုးရေအပြည့်ဖြစ်လျက် ရေမတွေ့သော မုဆိုးကြီး သက်န်းဝတ်ပြီး နောက်လူထွက်ချင် သောအခါ ငရဲမီး မြင်တာနဲ့ လူမထွက်တော့ဘဲ မဆုတ်မနစ် ဝတ်ကြီး ဝတ်ငယ်ပြု၍ ပဋိစ္စသမုပ္ပါဒ်

ဖေါက်ခွဲနိုင်အောင် တရားအထူး အားထုတ်သတဲ့။ အိပ်ငိုက်လာလျှင် မြက်ကရွတ်ရေဆွတ်၍ ဦးခေါင်း၌ ထားလျက်-ခြေတို့ကို ရေ၌ စိမ်လျက် အားထုတ်သတဲ့။

တနေ့၌ သာမဏေငယ်များ စာအံကြရာတွင် ''လုံ့လရှိသူ၊ သတိရှိသူ၊ မမေ့မလျော့သူအား ကုသိုလ်ကောင်းကျိုး မပြတ်တိုး၏-''လို့ ကြားရသတဲ့။ ဒီတော့ အထူးအားထုတ်တဲ့ ပုဂ္ဂိုလ်ဖြစ်သောအတိုင်း ဝမ်းမြောက်လွန်းလို့ လုံ့လရှိသူဆိုတာ ငါသို့သောသူကိုဆိုတာဘဲ။ သတိရှိသူဆိုတာ ငါ့ကိုဆိုတာ၊ မမေ့လျော့သူဆိုတာငါဘဲ-ဟု မိမိကိုယ်တွင်းဆောင်သွင်းပြီး ဝမ်းမြောက်ဝမ်းသာ ဝိပဿနာ တိုးပွားစေခြင်းဖြင့်ပဋိစ္စသမုပ္ပါဒ်ကိုဖေါက်ခွဲ၍အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ရောက်သွားသတဲ့။

တောကျောင်းတခုမှာလဲ ရဟန်း သုံးကျိပ် ပဋိစ္စသမုပ္ပါဒ် ဖေါက်ခွဲ ခြင်းငှာ အားထုတ်၍ နေကြသတဲ့။ ညဥ့်အချိန်တွင် ကျားတကောင်လာ၍ ရဟန်းတပါးကို ချီသွားသတဲ့။ ရဟန်းတို့ လိုက်သောအခါ ကမ်းပါးပြတ် တဘက်သို့ ယူပြေးလို့ ရဟန်းများ မလိုက်နိုင်ကြတာနဲ့ လှမ်းပြီး သတိပေးကြသတဲ့။ ဘဝစက်ဖျက်နိုင်သော ပုဂ္ဂိုလ်၏ဂုဏ်ထူးသည် ဤအခါမျိုး၌တင်ရှားတယ်လို့ သတိပေးကြသတဲ့။ ထိုရဟန်းသည် ကျားခံတွင်း၌ ''ဤကျားဝါးသော ဒုက္ခဝေဒနာသည် ဖဿကြောင့်ဖြစ်သည်။ အကြောင်းအားလျော်စွာ ဥပါဒ်ဋ္ဌီဘင်ဖြင့် ဖြစ်လာသော ဒုက္ခဝေဒနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တယ်။ နာတတ်သော ငါသူတပါးမရှိ။ နာခြင်းဒုက္ခဝေဒနာ သာရှိတယ်''-စသည်ဖြင့် ဝိပဿနာ ဘာဝနာမယ ဉာဏ်ဖြင့် ကိုယ်တွင်းကိုယ်ပတလောကလုံးကို တကျော မကပ်နိုင်အောင်ရှုသတဲ့။ ဖမျက်ကျားဝါးစဉ် သောတာပန်တည်သတဲ့။ ဒူးဝါးတော့ သကဒါဂါမ်၊ ချက်ဝါးတော့ အနာဂါမ် တည်ပြီး၊ နှလုံးမဝါးမီ ရဟန္တာဖြစ်သွားသတဲ့။ ရဟန္တာ ဖြစ်ပြီးတော့လဲ ''ငါသည် ကျားဝါးခံရသော်လည်း ကိလေသာ ကုန်စင်အောင် သံသရာ ဘဝစက်ကို ဖျက်နိုင်သေးသည်''ဟုမိန့်ဆိုပြီးမှ နိဗ္ဗာန်ဝင်သွားသတဲ့။ ကျားပါးစပ်ထဲသို့ ကိစလသဝင့်၊ ကမ္မဝင့်တို့ကို ထိုးသွင်းပေးလိုက်သကဲ့သို့ အားထုတ် တော်မူနိုင် ကြကုန်စွတကား။

အမ္ဗခါဒကတိဿ မထေရ်ကတော့-ဒုဗ္ဘိက္ခ ဘေးကြီးကြုံတဲ့အခါ ခရီးသွားရင်း အာဟာရ ပြတ်လို့ သရက်ပင် အောက်မှာ လဲနေသတဲ့။ သရက်သီးမှည့်တွေ ကြွေကျလို့ စားချင် သော်လည်း-ဥစ္စာနဲ့ အင်္ဂါ အန္တရာယ်ရောက်လျှင် ဥစ္စာ အပျက်ခံ၊ အင်္ဂါအထိမခံနှင့်ဟူ၍ င်း။ အင်္ဂါနှင့်အသက်အန္တရာယ်ရောက်လျှင်အင်္ဂါအပျက်ခံ။ အသက် အထိမခံနှင့်ဟူ၍ရင်း။ အသက်နှင့် သီလ အန္တရာယ်ရောက်လျှင် အသက်အသေခံ။ သီလအပျက်မခံနှင့် ဟူ၍ရင်း-သုံးမျိုးသော ဩဝါဒဖြင့် မိမိကိုယ်ကို ဆုံးမကာနေသတဲ့။ ဥပါသကာကြီး တယောက်လဲ ထိုနေရာရောက်လာ၍ အာဟာရပြတ်နေမှန်းသိလို့ သရက်သီးအားဖျော်ရည်ပြု၍ ဆက်ကပ်ပြီး ခရီးအတူသွားရန် လျှောက်တော့ ငါခရီးမသွားနိုင်ဘူး။ အားမရှိဘူးလို့ဆိုတာနဲ့ အရှင်မြတ်အား ကျောင်း

အရောက် တပည့်တော် မှိုပါရစေ။ တပည့်တော်ကို ချီးမြှောက်သော အားဖြင့် ကျောက်ကုန်းထက်သို့ တက်တော်မူပါဟု တောင်းပန်ပြီးကျောပိုး၍ကျောင်းအရောက် လိုက်ပို့သတဲ့။ မထေရ်မြတ်က ကျောပေါ်က နေပြီး ဤကဲ့သို့ ဆင်ခြင်သတဲ့။

န ပိတာ နာပိ တေ မာတာ၊ န ဉာတိ နာပိ ဗန္ဓဝါ။
ကရောတေ တာဒိသံ ကိစ္စံ၊ သီလဝန္တဿ ကာရဏာ။ ။

အယံ၊ ဤဉပါသကာသည်။ တေ၊ သင်၏။ နပိတာ၊ အဘမဟုတ်။ နာပိမာတာ၊ အမိလဲမဟုတ်။ နဉာတိ၊ ဆွေမျိုးလဲမဟုတ်။ နာပိဗန္ဓဝါ၊ ချစ်ကျွမ်းဝင်သူလဲမဟုတ်။ သီလဝန္တဿ၊ သီလရှိသူ၏။ ကာရဏာ၊ အကြောင်းသီလကြောင့်။ တာဒိသံကိစ္စံ၊ ထိုသို့အဖျော်ကပ်၍ ကျောပိုးခြင်းကိစ္စကို။ ကရောတေ၊ ပြုလုပ်ပေ၏။

ဒီလို ဆင်ခြင်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် သံသရာဘဝစက် ခန္ဓာငါးပါးကို ဖောက်ခွဲသတဲ့။ ကျောက်ကုန်းထက်၌ပင် ဘဝစက် သံသရာဖျက်ဆီးပြီး ရဟန္တာအဖြစ်သို့ ရောက်တော်မူသတဲ့။သာသနာ ငါးထောင်ပတ်လုံး ပြောစမှတ်ရအောင် ကိစ္စတပါး ပယ်ရှား၍ နက်နဲလှသော ဘဝစက်ကို ထောက်ရာတည်ရာ ရစေလျက် ဒီလို နေရာမျိုး၌ပင် မနေမနား အားထုတ် တော်မူကုန်စွတကား။

ကဿကလိုဏ်၌နေသော မိတ္တမထေရ်သည် သွီးအားမိခင်ကပြောသောစကားဖြင့် ပဋ္ဌိနသမုပ္ပါဒ်ဉာဏ် ရတော်မူသတဲ့။ မိခင်က ထင်၊ခွေသွားမယ်လို့ ပြင်ဆင်ပြီးတော့ ''ချစ်သွီး ဒီနေရာ၊ ဒီနေရာမှာ–ဆန်ရင်းသားရှိတယ်။ နို့၊ထောပတ်၊တင်လဲ ရှိတယ်။ ဆွမ်းဟင်း ချက်၍ အရှင်မိတ္တကြွလာလျှင် ဆွမ်းကပ်လိုက်။ သွီးလဲ စား။ ငါကတော့ မနေ့ကကျန်တဲ့ ထမင်းချမ်းခဲကို ပအုံးရည်ဖြင့် စားပြီးပြီ။နေ့လယ်ကျတော့ ပြန်လာတဲ့အခါ အမေစားဘို့ ဟင်းရွက်နှင့် ဆန်ကွဲကလေးကို ကျိုထားလိုက်သွီး'' လို့ဆိုသတဲ့။ထိုစကားကို ဆွမ်းခံကြွလာသော မထေရ်မြတ် ကြားသွားတော့ ဒီဥါယိကာမကြီးဟာ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုတောင့်တပြီး ငါ့ကို အားထားတယ်။ သံသရာဝဋ္ဋ်မြစ်မူလနှစ်ပါးချုပ်မှ ဤဆွမ်းကို ငါအလှူခံမယ်လို့ ကျောင်းပြန်ပြီး မဆုတ်မနစ် ဝိပဿနာပွားများ အားထုတ်သတဲ့။ နံနက်ခင်းတွင်ပင် ဝဋ္ဋ်မြစ်မူလနှစ်ပါးချုပ်ပြီး ရဟန္တာဖြစ်သွားသတဲ့။ ထိုအခါ သစ်ပင်စောင့်နတ်က........

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျာ-သိ မာရိသ။ ။

ပုရိသာဇည၊ ကြောင်းကျိုးသိတတ် အာဇာနည် အရှင်မြတ်။ တေ၊ အရှင်မြတ်သား။ နမော၊ ရှိခိုးပါ၏ဘုရား။ ပုရိသုတ္တမ၊ မူလ-ပယ်သတ် ဝဋ္ဋ်မြစ်ဖြတ်သော အ

ရှင်မြတ်။ တေ၊ အရှင်မြတ်အား။ နမော၊ ရှိခိုးပါ၏ဘုရား။ မာရိသ–(မာရံ+ဣသ) မာရ်ငါးပါး သတ်ပြီး သောအရှင်မြတ်။ ယဿတေ၊ အကြင် အရှင်မြတ်အား။ အာသဝါ၊ အစိတ္တာကို မွေးဖွား အာသဝေါ လေးပါးတို့သည်။ ခီဏာ၊ ကုန်ခန်း ကုန်ပြီ။ သော-တွံ၊ ထိုအရှင်မြတ်သည်။ ဒက္ခိဏေယျော၊ မြတ်သော အလှူခံထိုက် သူသည်။ အသိ၊ ဖြစ်တော်မူပါပြီဘုရား။

ဤသို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူး ပြီးလျှင် အရှင်မြတ်ကဲ့သို့ ပဋိသမ္ဘိဒါ ဉာဏ်ကမ်း၊ တဘက်သို့ကူးတက်နိုင်သော ပုဂ္ဂိုလ်အား ဆွမ်းလှူတဲ့ အမယ်အိုသည် ဒုက္ခ အမျိုးမျိုးမှ ကင်းလွတ်တော့မည် မလွဲပါဘုရားလို့ လျှောက်သတဲ့။ ''မနေ့ကကျန် တဲ့ထမင်းချမ်းခဲ''ဟူသောစကားဖြင့် မိမိအကျိုး၊ သူတပါးအကျိုး တိုးပွားစေ လိုသောအမျိုးကောင်းသား မိသစ္စာ ဘဝမက်၌ထောက်တည်ရာ ရသွားခြင်းသည် သူ့သူငါငါ အားကျစရာ ကောင်းလေစွ။

မဟာဂါမဌ္ဌကာကဝဏ္ဏမင်းကြီး နန်းစံသော့အခါ တောရွာတခု၌ ထင်းခုတ် သမား တဦးသည်တတ်အားသမျှ သံဃာတို့အား ဆွမ်းဟင်း ချက်၍ နေ့တိုင်း လောင်းသတဲ့။ ကိုရင်ကလေးတွေက ဒီဟင်း မကောင်းဘူးဆိုပြီး သွန်ပစ်ကြသတဲ့။ ဒီတော့ထင်းခုတ်သမားက အရှင်မြတ်တို့နှစ်သက်အောင် လှူမယ်လို့ သမီးကလေးကို ငွေ ၁၂–ဖြင့် သူဌေးတဦးထံ ပေါင်နှံပြီး နွားမတကောင်ကိုဝယ်သတဲ့။ နို့ညှစ်ပြီး နို့ဆွမ်းလှူတော့မှ ကိုရင်ကလေးတွေကသဘောကျသတဲ့။ နောက်မကြာခင် မယား ကို ဒီလိုဆိုသတဲ့။ ဒီအတိုင်း နေ့စဉ် နို့ဆွမ်းနို့ဘတ်လှူပါ။ သမီးကလေး ပြန်ရွေးဘို့ အရပ်တပါး အလုပ်အကိုင်သွားဦးမယ်လို့ မှာထားပြီး ခြောက်လကြာအောင် အလုပ်အကိုင်သွားလုပ်သတဲ့။ ငွေ ၁၂-တိတိစုမိတော့မှ သမီးကလေး ရွေးလောက် ပြီလို့ ချက်ချင်းပြန်လာသတဲ့။ လမ်းမှာမထေရ်ကြီးတပါးနှင့်တွေ့တော့ ဝ ်ကြီး ဝတ်ငယ်ပြုလျက် အတူပြန်လာသတဲ့။ ဆွမ်းချိန်ရောက်လာတော့ လူတယော က– ထမင်းတထုပ် ယူလာတာတွေ့လို့ ငွေတကျပ်ပေးမယ်လို့ သွားဝယ်သတဲ့။

ထမင်းရှင်က အကြောင်းထူးသည်ဟု ရိပ်မိ၍ တကျပ်ဖြင့်မရောင်းနိုင်ဘူးလို့ ဈေးကိုင်သတဲ့။ နှစ်ကျပ်ပေးပါမယ်၊ သုံးကျပ်ပေးပါမယ်-စသည်ဖြင့် ၁၂-ကျပ်လုံး ပေးပါမယ်။ မထေရ်မြတ်ကို ဆွမ်းကပ်ချင်လို့ပါဟု တောင်းတောင်း ပန်ပန်ဖြင့် ဆို သတဲ့။ ဒီတော့မှ ၁၂-ဖြင့် ဝယ်ယူပြီး ဆွမ်းကပ်၍ ခရီးအတူဆက်ပြီး သွားတော့ စကား တပြောပြောနဲ့ ထိုတကာ သမီးကလေး ရွေးဘို့ငွေ ၁၂-ဖြင့် ထုပ်ဝယ်ကပ် ကြောင်းကို မထေရ်ကြီး သိသွားသတဲ့။ တယ်ရက်ရောတဲ့ တကာပါတကာဟု ကျောင်းရောက်သွားတော့ မဆုတ်မနစ် မနေမနား သံဝေဂဉာဏ် ပွားတိုင်း ဝိ ပဿနာ ဉာဏ်စဉ်ဖြင့် ဘဝစက်ပျက်အောင် ဝဋ်မြစ်ကို ဖြတ်သတဲ့။ ရဟန္တာဖြစ်

သွားပြီးနောက် သံဃာများကိုလမ်း၌ တွေ့ကြုံပုံအကြောင်း အားလုံးပြောပြပြီး ပရိနိဗ္ဗာန်စံသတဲ့။ ပရိနိဗ္ဗာန်စံချိန်နီးတော့လဲ ငါ့အလောင်းကို ထိုထင်းခုတ်သမား လက်ဖြင့် ထိမှလှုပ်နိုင်စေ၊ မီးသဂြိုဟ်နိုင်စေဟု ဓိဋ္ဌာန် တော်မူသတဲ့။ နိဗ္ဗာန်စံပြီး တော့ မထေရ်၏အလောင်းကို ကာကဝဏ္ဏမင်းကြီးလာပြီး မီးသဂြိုဟ်မည်ဟုပင့် ချီစေရာမတတ်နိုင်လို့ ထိုထင်းခုတ်သမားကို လိုက်ရှာ၍ ရောက်လာတော့မှ မင်း ကြီး၏ ချီးမြှောက်ခြင်းခံ၍ မီးသဂြိုဟ်ရသတဲ့၊ မိမိအကျိုး သူတပါးအကျိုးကို တိုး ပွါးစေနိုင်ခြင်းသည် အားကျဘွယ်ကောင်းလေစွ။

မဟေဿမြို့သား မဟာနာဂ၊ ဂုဋ္ဌနာဂ-ညီနောင် မထေရ်နှစ်ပါးဟာ စိတ္တလ တောင်၌ နှစ်ပေါင်းသုံးဆယ်နေပြီးမှမိခင်ရွာသို့ပြန်လာပြီး နောက်တနေ့ကျတော့ ဆွမ်းခံကြွသွားသတဲ့။ မိခင်ဒါယိကာမကြီးက ရှေ့ကမထေရ်ကို ဆွမ်းလောင်းပြီး တော့၊ အရှင်ဘုရားသည် တပည့်တော်မ၏ သားအကြီး မဟာနာဂ မဟုတ်ပါလော လို့မေးသတဲ့။ ''ဒါယိကာမကြီး၊ နောက်မှလာသော မထေရ်ကို မေးကြည့်စမ်းပါ ဦး''ဟု ဆိုပြီး လွန်သွားသတဲ့၊ နောက်မထေရ်အား ဆွမ်းလောင်းပြီးတော့လဲ အ ရှင်ဘုရားသည် တပည့်တော်မ၏ သားအငယ် ဂုဋ္ဌနာဂ မဟုတ်ပါလောလို့မေး သတဲ့။ ''ဒါယိကာမကြီး........ရှေ့ကကြွသွားသောမထေရ်ကိုမမေးလိုက်ဘူးလား'' ဟု ဆိုပြီး လွန်သွားသတဲ့။

[အဲဒါ အချုပ်မခံရအောင် ပဋ္ဌာန်းသမုပ္ပါဒ်ဉာဏ်ဖြင့် ဘဝစက် ဖေါက်ခွဲတဲ့ အရှင်တွေချည်ဘဲ။]

ကောရဏ္ဍကကျောင်းနေ မထေရ်၏တူ ရဟန်းတပါးလဲ ရောဟဏဇနပုဒ်၌ စာသင်ပြီး မိဘရပ်ရွာ ပြန်လာ၍ မိဘတို့ဆောက်သော ကျောင်း၌ ဝါကပ်သတဲ့။ မိဘတို့ကတော့ မောင်တော်မထေရ်မြတ်က ဝါကျွတ်လျှင် နင်တို့သား-ဦးပဋ္ဌင်းကို ငါလွှတ်လိုက်မယ်လို့ မိန့်ဆိုဟဲ့စကားအရဖြင့် ဝါကျွတ်လျှင် ဦးပဋ္ဌင်းကြွလာလိမ့် မယ်-ကိန်းသေဟု မြှော်လင့်နေကြလို့ ယခုသူတို့ကျောင်းမှာ ဝါကပ်တဲ့ ဦးပဋ္ဌင်း ကိုတော့ ငါတို့ သားနှင့် တရွယ်ထဲ—ရုပ်ချင်းလဲ ဆင်တယ်။ ညီအစ်ကို ဆိုလျှင် ယုံ လောက်ပါရဲ့လို့ သားရင်းကိုယ်စားဆိုပြီးကြည်ညိုကြသဖြင့် နေ့တိုင်းအိမ်မှာဆွမ်း ကပ်သတဲ့။ ဦးပဋ္ဌင်းကလဲဘွမ်းစားပြီး၊ တရားစကား—နေ့တိုင်းဟောပြောသတဲ့။ ဝါကျွတ်တော့ ရောဟဏဇနပုဒ်သို့ ပြန်သွားဦးမယ်လို့ဆိုတာနဲ့၊ သင်္ကန်း၊ အဝတ်၊ လမ်းစာ ရိက္ခာတို့ကို အပြည့်အစုံလှူပြီး နောက်လဲ ဘယ်ခါမဆို ပေါက်လာလျှင် တကာကြီးအရင်း တကာမကြီးအရင်းလို သဘောထားပြီး ကြွလာတော်မူပါဘု ရားလို့ လျှောက်လိုက်သတဲ့။

ထိုနောက် မောင်တော်မထေရ်ကြီးရောက်လာသောအခါသူတို့၏သား-ဦးပဋ္ဌင်း လို့ စိတ်ချ လက်ချသိရတော့မှ မိခင်ဒါယိကာမကြီးက ရဟန်းကလေးကြွသွားတဲ့ အရပ်ကို ရှေးရှုပြုကာ မြေကြီးမှာဝပ်လျက် အကြိမ်ကြိမ်ဦးချပြီးလျှင် အသံထုတ်၍

ဖြေ—မြတ်စွာဘုရားကြီးသည် ရထဝိနီတအကျင့်၊ နာဠကအကျင့်၊ အရိယဝံသအကျင့်—စသည်တို့ကို ဘဝဝဋ်မြစ်ပြတ်အောင် ဟောခြင်းသည် ဒီဦးပဉ္စင်းလို ပုဂ္ဂိုလ်မျိုးကို ပုံစံသက်သေပြု၍ ဟောတော်မူလေသလား ဘုရား။ အံ့သြဘွယ်ဦးပဉ္စင်းပါဘုရား၊ တဝါတွင်းလုံး အိမ်မှာ ဘွမ်းစား၍ နေ့တိုင်း တရားဟောလျက် အရိပ်အမြွက်မျှ မပေါ်အောင် နေလိုက်တာ တကယ့် ဦးပဉ္စင်းပါဘုရား—ဟု အကြိမ်ကြိမ် တမ်းတကာ၊ တမ်းတကာဖြင့် အကြိမ်ကြိမ် ဦးချသတဲ့။

[အဲဒါလဲ အချုပ်မခံရအောင် ဘဝစက်၏ မူလဖျက်ဆီးတဲ့ အရှင်မြတ်ဘဲ။]

အရဟံ ဂုဏ်တော်မှာတော့ သံသရာ စက်ဝန်း ဆိုတာ အဝိဇ္ဇာ၊ ဘဝတဏှာ ဟူသော ပုံတောင်းချက်မ၊ ပုညာဘိသင်္ခါရစသော အကန့်၊ ဇရာမရဏ ဟူသော အကွပ်။ တနည်း-အဝိဇ္ဇာ—ပုံတောင်း၊ ဇရာမရဏ-အကွပ်၊ အကြွင်းဆယ်ပါး-အကန့်ရှိသတဲ့။ အာသဝသမုဒယ-ဝင်ရိုးဖြင့်စွပ်၍ ဘဝသုံးပါး-ရထားမှာ တပ်ဆင်ပြီး အစမရှိသော ကာလပတ်လုံးလည်တဲ့ သံသရာစက်တဲ့။ မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ ဝီရိယ-ခြေတော်စုံဖြင့် သီလ-မြေ၌ရပ်၍ သဒ္ဓါ-လက်ဖြင့် ကံကုန်အောင် ပြုသော အရဟတ္တ မဂ်ဉာဏ်-ပုဆိန်ကို ကိုင်စွဲ၍ ထိုသံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးသတဲ့။ ဝါ၊ အကြောင်းအဆက်ဆက်ကို သိသော ဓမ္မ-ဋ္ဌိတိဉာဏ်တော်ဖြင့် ငြီးငွေ့၍ အကန့်တို့ကို ဖျက်ဆီးသတဲ့။ ထိုကြောင့် အရဟံ အမည် ရတော်မူတယ်။

[ဓမ္မဋ္ဌိတိ ဉာဏ်ဟူသည် ပဋိစ္စသမုပ္ပါဒ်ပင်တည်း။]

ဒီလို ပဋိစ္စသမုပ္ပါဒ် သံသရာ စက်အကြောင်းကို ကိုယ်တော်တိုင်သိ၍ ကိုယ်တိုင် ဖျက်ဆီး၍ သူတပါးတို့ကိုလည်း သိအောင် ဖျက်ဆီးနိုင်အောင် ဟောကြားသော သာသနာ တော်မြတ်၌ ယုံကြည် အားထားသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ဝိနိစ္ဆယခြောက်ပါး သုံးသပ်လျက် ဘဝစက်ကြီးကို အမြစ်ပြတ်အောင် အပြီးတိုင် ဖျက်ဆီးနိုင်ကြပါစေကုန်သတည်း။

## နိဂုံး

ဤမျှဖြင့် ညောင်လေးပင်မြို့ တောရကျောင်းတိုက်၌ ပဓာန ဥက္ကဋ္ဌ မထေရ်ဖြစ်ဆဲဖြစ်သော ဦးအရိယ မထေရ်အရှင်-စီရင်ရေးသားသော ပဋိစ္စသမုပ္ပါဒ် အရသာသည် ဟောစဉ် တရားစာနှင့်တကွ ဂေါဇာသက္ကရာဇ် ၁၃၁၀-ပြည့်နှစ်ပြာသိုလဆုတ် ၁၄-ရက် ကြာသပတေးနေ့၌ ပြီးဆုံးခြင်းသို့ ရောက်လေသတည်း။

ပဥ္စဝေါကာရဘုံ၌ ၄၃—ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ကို အမြဲမှီ၍ ဖြစ်သကဲ့သို့ ဝေနေယျအလောင်းသတ္တဝါအပေါင်းတို့သည် ဘုရားရှင် သာသနာတော်၌ အမြဲမှီလျက် ကြီးပွားကြပါစေကုန်သတည်း။

# ပဋိစ္စသမုပ္ပါဒ် အမေး—အဖြေ။
## (ရှေးဦးစွာ လွယ်ကူသော မေးခွန်းများဖြစ်၍ စဝရသူ—ဖြေနိုင်ရမည်။)

၁……ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါအဘယ်မျှ ရှိသနည်း။……ကာလ အဘယ်မျှ ရှိသနည်း။……ဝဋ်……။ခြင်းရာ……။အစပ်……။အလွှာ……။မူလအဘယ်မျှရှိသနည်း။

၂……အင်္ဂါ ၁၂-ပါးရေပြပါ။……ကာလသုံးပါးရေပြပါ။ ။(အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်—ဤကား ကာလသုံးပါးဖြစ်ပါသည်။)အတိတ် ကာလ နှစ်ပါးရေပြပါ။အနာဂတ်ကာလ နှစ်ပါးရေပြပါ။ပစ္စုပ္ပန်ကာလ ရှစ်ပါးရေပြပါ။ ဝဋ်သုံးပါးရေပြပါ။(ကိလေသဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်-ဤကားဝဋ်သုံးပါးဖြစ်ပါသည်)ကိလေသဝဋ် သုံးပါးရေပြပါ။ကမ္မဝဋ် နှစ်ပါးရေပြပါ။ဝိပါကဝဋ်ရှစ်ပါး ရေပြပါ။

၃……အဝိဇ္ဇာ,သင်္ခါရကိုယူလျှင်အဘယ်ကိုယူရသနည်း။တဏှာ,ဥပါဒါန်,ဘဝကိုယူလျှင် အဘယ်ကိုယူရသနည်း။ ဇာတိ,ဇရာမရဏကိုယူလျှင် အဘယ်ကို ယူခြင်း ဖြစ်သနည်း။

၄……ခြင်းရာ နှစ်ဆယ် ရေပြပါ။(အတိတ် အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး ပစ္စုပ္ပန် အကြောင်း ငါးပါး၊ အနာဂတ် အကျိုးငါးပါး-ဤကား ခြင်းရာ နှစ်ဆယ် ဖြစ်ပါသည်။)

၅……အစပ်သုံးပါးရေပြပါ။(သင်္ခါရနှင့်ဝိညာဏ်အကြားသည်တစပ်၊ဝေဒနာနှင့် တဏှာ အကြားသည်တစပ်၊ ဘဝနှင့် ဇာတိ အကြားသည် တစပ်-ဤကား အစပ် သုံးပါး ဖြစ်ပါသည်။)

၆……အဝိဇ္ဇာ မူလသည် အဘယ်အထိ ဆောင်သနည်း။ ။(အဝိဇ္ဇာ မူလသည် ဝေဒနာအထိ ဆောင်ပါသည်။)

၇……အဝိဇ္ဇာမူလဆောင်ရာ၌အင်္ဂါ၊ကာလ၊ဝဋ်၊ခြင်းရာ၊အစပ်၊အလွှာ၊မူလ-အဘယ်မျှ ရှိသနည်း။ ။(အဝိဇ္ဇာမူလ ဆောင်ရာ၌ အင်္ဂါ ၇-ပါး၊ ကာလ နှစ်ပါး၊ ဝဋ်သုံးပါး။ ခြင်းရာ ဆယ်ပါး။ အစပ် တပါး။ အလွှာ နှစ်ပါး၊ မူလ တပါး ရှိပါသည်။)

၈……တဏှာ မူလသည် အဘယ် အထိ ဆောင်သနည်း။ ။(တဏှာ မူလသည် ဇရာမရဏ အထိ ဆောင်ပါသည်။)

၉……တဏှာမူလ ဆောင်ရာ၌ အင်္ဂါ၊ကာလ၊ဝဋ်၊ခြင်းရာ၊အစပ်၊အလွှာ၊မူလ—အဘယ်မျှ ရှိသနည်း။ ။(တဏှာမူလ ဆောင်ရာ၌ အင်္ဂါငါးပါး။ ကာလ

နှစ်ပါး၊ ဝဋ်သုံးပါး။ ခြင်းရာ ဆယ်ပါး။ အစပ် တပါး၊ အလွှာနှစ်ပါး။ မူလ တပါး ရှိပါသည်။)

---

# အားထုတ်၍ လေ့လာရန် မေးခွန်းများ။

၁......ဇရာမရဏသည် အင်္ဂါ တပါးဟု ဆို၏။ နှစ်ပါး မဟုတ်လော၊ အဘယ်ကြောင့် တပါးဟုဆို သနည်း။ ။(ဇရာမရဏသည် မိမိ သဘော အားဖြင့် ရင့်ခြင်းနှင့် ပျက်ခြင်း နှစ်ပါးဖြစ်ပါသည်။ သို့ရာတွင် အင်္ဂါအားဖြင့် တပေါင်း ထည်းပြု၍ ဟောပါသည်။ ထိုကြောင့် အင်္ဂါတပါးဟု ဆိုရပါသည်။)

၂......ကိ-သုံး၊ ကံ-နှစ်၊ ဝိပါက်-ရှစ်ကို ဆဲ့နှစ်ပါး-ဖြစ်အောင် ပေါင်းပြပါ။ ။(ကိ-သုံး-ဟူသည် ကိလေသာဝဋ် သုံးပါးဖြစ်၍သုံးပါးလုံး ကျပ်ပြည့်ဖြစ်ပါသည်။ ကံ-နှစ်ကား-ကမ္မဝဋ်နှစ်ပါး-ကျပ်ပြည့်မဟုတ်ပါ၊ တပါးခွဲသာ ရှိပါသည်။ ဝါ-တကျပ်ခွဲသာ ရှိပါသည်။ဝိပါက်ရှစ်ကား-ဝိပါကဝဋ်ရှစ်ပါး၊ကျပ်ပြည့်မဟုတ်ပါ။ ခုနစ်ပါးခွဲ။ ဝါ၊ ခုနစ်ကျပ်ခွဲသာ ရှိပါသည်။ ထိုကြောင့် ကိလေသဝဋ်သုံးကျပ်။ ကမ္မဝဋ်တကျပ်ခွဲ။ဝိပါကဝဋ် ခုနစ်ကျပ်ခွဲဖြစ်၍ ပေါင်း ၁၂-ကျပ်ဖြစ်ပါသည်။)

၃......ကမ္မဘဝနှင့် ဥပပတ္တိဘဝ ထူးပုံ အကျဉ်းဖော်ပြပါ။ ။(ကမ္မဘဝသည် အကြောင်း ကမ္မဝဋ်၊ ဥပပတ္တိဘဝသည် အကျိုးဝိပါကဝဋ်-ဤသို့ အကြောင်း အကျိုး ထူးပါသည်။)

၄......ဘဝနှစ်ပါး ကြောင်းကျိုး ထူးပုံသိသာအောင် ဖော်ပြပါ။ (ကမ္မဘဝသည် ယခု ဘဝအားထုတ်သော ကံဖြစ်၍ နောက်ဘဝ ပဋိသန္ဓေကိုဖြစ်စေ၏။ ဥပပတ္တိ ဘဝသည် ထိုအကြောင်းကံကြောင့် နောက်ဘဝ၌ အကျိုးပဋိသန္ဓေ နာမ်ရုပ် ဖြစ်၍ ဖြစ်၏။ ဤသို့ဖြစ်စေသော ကံနှင့်-ဖြစ်သော အကျိုးဟု ထူးပါသည်။)

၅......အဝိဇ္ဇာ၊ သင်္ခါရကိုယူလျှင် အဘယ့်ကြောင့် တဏှာ၊ ဥပါဒါန်၊ ဘဝကို လည်းယူသနည်း။ ။(အဝိဇ္ဇာ၊သင်္ခါရနှင့် တဏှာ၊ဥပါဒါန်၊ဘဝသည် အဟူဖြစ်ဘက် ဖြစ်သောကြောင့် ယူရပါသည်။ တနည်းကား-ကိလေသာချင်းတူ၊ ကံချင်း တူသောကြောင့် တခုကိုယူလျှင် တခုကိုလည်းယူရပါသည်။)

၆......ကိလေသာချင်း တူပုံမျှကို ဖော်ပြပါ။ ။(အဝိဇ္ဇာလည်း-ကိလေသာ။ တဏှာ၊ ဥပါဒါန်လည်း ကိလေသာ။ ကိလေသာချင်း အတူတူ။ ကိလေသာဝဋ် သုံးပါးဖြစ်ပါသည်။)

၇......ကံချင်းတူပုံမျှကိုဖော်ပြပါ။ ။(သင်္ခါရလည်း-ကံ။ကမ္မဘဝလည်း-ကံ။ ကံချင်းအတူတူ။ ကမ္မဝဋ်နှစ်ပါး ဖြစ်ပါသည်။)

၈......ဇာတိ၊ ဇရာမရဏကိုယူလျှင် အဘယ်ကြောင့် ဝိညာဏ်စသော ငါးပါး

ကိုယူခြင်းဖြစ်သနည်း။ ။(ဂုဏ်နှင့် ဒြဗ်ဖြစ်၍ ခွဲ၍မရပါ။ တနည်းကား-ဌာနီနှင့် ဌာနဖြစ်၍ ခွဲ၍မရပါ။ တနည်း-ဝိပါက်ချင်းတူ၍ ခွဲ၍မရပါ။ ထိုသို့ခွဲ၍မရသောကြောင့် ယူခြင်းဖြစ်ပါသည်။)

၉……ဂုဏ်နှင့် ဒြဗ်ဖြစ်ပုံကို ခွဲပြပါ။ ။(ဇာတိ၊ ဇရာ-မရဏသည် ဝိညာဏ်စသော ငါးပါး၏ဂုဏ်ဖြစ်ပါသည်။ ဝိညာဏ်စသော ငါးပါးသည် ဇာတိဂုဏ်၊ ဇရာမရဏဂုဏ်နှစ်ပါး၏ တည်ရာဒြဗ် ဖြစ်ပါသည်။)

၁၀ ……ဌာနီနှင့် ဌာနဖြစ်ပုံကို ခွဲပြပါ။ ။(ဇာတိ၊ဇရာ မရဏသည် ဝိညာဏ်စသောငါးပါး၌ တည်တတ်သော ဌာနီဖြစ်ပါသည်။ ဝိညာဏ်စသောငါးပါးသည် ဇာတိ၊ ဇရာ မရဏ၏ တည်ရာဌာနဖြစ်ပါသည်။)

၁၁……ဝိပါက်ချင်း တူပုံမျှ ဖေါ်ပြပါ။ ။(ဝိညာဏ်စသော ငါးပါးလည်း-ဝိပါက်။ ဇာတိ၊ ဇရာမရဏလည်း-ဝိပါက်။ ဝိပါက်ချင်းအတူတူ။ ဝိပါကဝဋ်ရှစ်ပါး၌ ပါဝင် ပါသည်။)

၁၂……ဘဝနှစ်ပါးတို့တွင်ကမ္မဘဝကိုအဘယ်ခြင်းရာ၌တိုက်ရိုက်ယူသနည်း။ ။(ကမ္မဘဝကိုအတိတ်အကြောင်း၊ပစ္စုပ္ပန်အကြောင်းတို့၌ တိုက်ရိုက်ယူပါသည်။)

၁၃……ဥပပတ္တိဘဝကို အဘယ်ခြင်းရာ၌ တိုက်ရိုက်ယူသနည်း။ ။(ဥပပတ္တိဘဝကိုဘယ်ခြင်းရာမှာမှ တိုက်ရိုက်မယူပါ။ အနာဂတ်အကျိုး ဇာတိ၌သာပါဝင်ပါသည်။)

၁၄……သင်္ခါရနှင့် ဝိညာဏ်အကြားသည် အဘယ်နှင့် အဘယ်စပ်သည်ဟု သုံးနည်းလောက် စပ်ပြပါ။ ။(သင်္ခါရနှင့် ဝိညာဏ်အကြားသည် အတိတ်နှင့် ပစ္စုပ္ပန်စပ်သည်။ အကြောင်းနှင့်အကျိုးစပ်သည်။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးစပ်သည်။ သုံးနည်း။)

၁၅……ဝေဒနာနှင့် တဏှာအကြားသည် အဘယ်နှင့်……။ဘဝနှင့် ဇာတိ အကြားသည် အဘယ်နှင့် အဘယ်စပ်သည်ဟု သုံးနည်း လောက် စပ်ပြပါ။ ။(ဖြေနိုင်ရမည်။ လွယ်သည်။)

၁၆……အလွှာလေးပါးတို့တွင် ပဌမအလွှာကို နှစ်ပါးဟူ၍၎င်း၊ ငါးပါးဟူ၍၎င်း နှစ်နည်းဆိုသည်။အဘယ်ပုံယူသနည်း။ ။(ပဌမအလွှာကို အင်္ဂါ ၁၂-ပါးအားဖြင့် ယူလျှင်နှစ်ပါး။ ခြင်းရာ ၂၀-အားဖြင့်ယူလျှင် ငါးပါး-ဟု ဆိုရပါသည်။)

၁၇……အဝိဇ္ဇာ၊သင်္ခါရကိုမြင်ရလျှင်အတူဖြစ်ဘက်တဏှာ၊ဥပါဒါန်၊ဘဝလည်းပုန်းလျက် အနီး၌ရှိပုံကို ဥပမာဆောင်ပြပါ။ ။(ကျပ်ပြား၌ ခေါင်းကိုမြင်ရလျှင် တဘက်၌ မမြင်ရသော်လည်း ပန်းရှိသည်ဟူ၍၎င်း၊ ပန်းကိုမြင်ရလျှင်လည်း တဘက်၌ ခေါင်းရှိသည် ဟူ၍၎င်း ရိပ်မိရပါသည်။ ထိုအတူ အဝိဇ္ဇာ၊ သင်္ခါရကိုမြင်

ရလျှင် အတူဖြစ်ဘက် တကျာ၊ ဥပါဒါန်၊ ဘဝကိုလည်း အနီး၌ပုန်းနေသည်ဟု ရိပ်မိရပါသည်။)

၁၈……ဇာတိ၊ ဇရာမရဏဟူသော ဂုဏ်နှစ်ပါးကို ယူလျှင် ဝိညာဏ်စသော ဖြမ် ငါးပါးကိုလည်း ယူခြင်းသာဖြစ်၏။ ငါးပါး–ဟု ဆို၏။ ဂုဏ်နှစ်ပါးနှင့် ဖြမ် ငါးပါးကိုပေါင်းလျှင် ခုနစ်–ဖြစ်သည် မဟုတ်လော။ အဘယ်ကြောင့် ငါးပါး ဖြစ်သနည်း။ ။(ဂုဏ်အင်္ဂါနှစ်ပါးနှင့် ဖြမ်အင်္ဂါ ငါးပါးကိုပေါင်းလျှင် အင်္ဂါ အရေအတွက်အားဖြင့်သာ ခုနစ်ပါး ဖြစ်ပါသည်။ ဖြမ်အားဖြင့်ကား ငါးပါး သာဖြစ်ပါသည်။ ဂုဏ်အားဖြင့်ကား နှစ်ပါးသာ ဖြစ်ပါသည်။သည်နေရာမှာ ဖြမ် ကိုရည်၍ ငါးပါးဖြစ်ပါသည်။)

၁၉……ဂုဏ်နှစ်ပါးနှင့် ဖြမ်ငါးပါး ပေါင်းရာ၌ ၇-ပါးဖြစ်ပုံ၊ ၅-ပါးဖြစ်ပုံ၊ ၂-ပါးဖြစ်ပုံကို ဥပမာဆောင်ပြပါ။ ။(မြမြ၊ ဝဝ-ဂုဏ်နှစ်ပါးရှိသော လူငါး ယောက်ဟု ဆိုရာ၌ ဂုဏ်ဖြမ်ကို မငဲ့ဘဲ နှစ်သချာနှင့် ငါးသချာပေါင်းလျှင်သာ ၇-ဖြစ်ပါသည်။ လူအရေအတွက်ကား ၅-ယောက်သာဖြစ်ပါသည်။ ဂုဏ် အားဖြင့် မြမြ၊ ဝဝ-ဂုဏ်နှစ်ပါးသာဖြစ်ပါသည်။ ထိုအတူဖြစ်ခြင်းဂုဏ်၊ ရင့်၍ ဖျက်ခြင်းဂုဏ် နှစ်ပါးရှိသော ဝိညာဏ်စသော ဖြမ်ငါးပါး၌လည်း သချာသာ ၇-ခု။ ဖြမ်ကား ၅–ယောက်၊ ဂုဏ်ကား နှစ်ပါးသာ ဖြစ်ပါသည်။)

၂၀……ဂုဏ်ကိုယူလျှင် ဖြမ်ကိုလည်း ရသည်၊ ဖြမ်ကိုယူလျှင် ဂုဏ်ကိုလည်း ရသည် ဟု ဆိုရာ၌ ဥပမာ ဆောင်ပြပါ။ ။(အညှာရှိသော သစ်သီး၌ အညှာကို ယူလျှင် သစ်သီးကိုလည်း ရပါသည်။ သစ်သီးကိုယူလျှင် အညှာကိုလည်း ရပါသည်။ ထိုအတူ ဂုဏ်နှစ်ပါးရှိသော ဖြမ်ငါးပါး၌ ဂုဏ်ကိုယူလျှင် ဖြမ်ကိုလည်းရပါသည်။ ဖြမ်ကို ယူလျှင် ဂုဏ်ကိုလည်း ရပါသည်။)(မြမြ၊ ဝဝ တို့လာကြဟုခေါ်လျှင် ငါးယောက် လာကြပါသည်။ ငါးယောက်လာကြဟု ခေါ်လျှင် မြမြ၊ ဝဝတို့ လာကြပါသည်။ ထိုအတူ ဟူ၍လည်း ဖြေအပ်၏။)

၂၁……အဝိဇ္ဇာ၊ သင်္ခါရကိုယူလျှင် တကျာ၊ ဥပါဒါန်၊ ဘဝကိုလည်း-ယူရသည်၊ ငါးပါး-ဟုဆိုရာ၌ အဘယ်ကြောင့် ငါးပါးဖြစ်သနည်း။ နှစ်ပါး၊ သုံးပါးတခုခုမ ဖြစ်ပြီလော။ (အဝိဇ္ဇာ၊ သင်္ခါရကား ဖြမ်နှစ်ပါး။ တကျာ၊ ဥပါဒါန်၊ ဘဝကား ဖြမ်သုံးပါး။ ဤသို့ဖြမ်နှစ်ပါးနှင့်ဖြမ်သုံးပါးဖြစ်၍ ဖြမ်ချင်းပေါင်းသောကြောင့် ဖြမ်ငါးပါးဖြစ်ပါသည်။ နှစ်ပါး၊ သုံးပါး တခုခု မဖြစ်ကောင်းပါ။)

၂၂……ဝဋ်သုံးပါးကို အကြောင်းဝဋ်၊ အကျိုးဝဋ် ခွဲပြပါ။ ။(ကိလေသဝဋ်၊ ကမ္မဝဋ်သည် အကြောင်းဝဋ်။ ဝိပါကဝဋ်သည် အကျိုးဝဋ် ဖြစ်ပါသည်။)

၂၃……အကြောင်းဝဋ်အဘယ်မျှ၊ အကျိုးဝဋ် အဘယ်မျှရှိသနည်း။ ။(အတိတ် အကြောင်း၊ ငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါပါးအားဖြင့် အကြောင်းဝဋ်ဆယ်ပါ

ရှိပါသည်။ ပစ္စုပ္ပန်အကျိုးငါးပါး၊ အနာဂတ် အကျိုးငါးပါးအားဖြင့် အကျိုး ဝဋ် ဆယ်ပါး ရှိပါသည်။)

၂၄......သတ္တဝါတို့အား ရှေးဘဝ၊ နောက်ဘဝရှိပုံကို အဘယ်ကိုထောက်ဆ၍ သိနိုင်သနည်း။ ။(ပုဗ္ဗန္တ ဘဝစက်၊ အပရန္တ ဘဝစက် နှစ်ပါးကို ထောက်ဆ၍ သိနိုင်ပါသည်။)

၂၅......ပုဗ္ဗန္တဘဝစက်၊ အပရန္တဘဝစက်-ဟူသော စကား၏ အဓိပ္ပါယ်ကို ရှင်းပြပါ။ ။(ရှေးအစွန်း-ရှေးအစ-ရှေးဘဝမှ လည်လာသောစက်ဝိုင်းသည် ပုဗ္ဗန္တ ဘဝစက် မည်၏။ နောက်အစွန်း-နောက်အစ-နောက်ဘဝသို့ လည်သွားသော စက်ဝိုင်းသည် အပရန္တ ဘဝစက် မည်၏။)

၂၆......အဝိဇ္ဇာကို အဘယ်ကြောင့် အစစ္စာ ဟောသနည်း။ ။(ပဓာန ခေါင်းဆောင်ကြီးဖြစ်သောကြောင့် အဝိဇ္ဇာကို အစစ္စာ ဟောပါသည်။)

၂၇......ပဓာန ခေါင်းဆောင်ကြီးဖြစ်ပုံကို ရှင်းပြပါ။ ။(အဝိဇ္ဇာသည် ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း အကုသိုလ်ကံ၏ ခေါင်းဆောင်။ တဏှာသည် သုဂတိဘဝသို့ရောက်ကြောင်း ကုသိုလ်ကံ၏ ခေါင်းဆောင် အသီးသီး ဖြစ်လျက် အဝိဇ္ဇာသည် တဏှာ၏ဖြစ်ကြောင်းခေါင်းဆောင်လည်းဖြစ်သေးသည်။ ဤသို့အဝိဇ္ဇာသည်ပဓာန ခေါင်းဆောင်ကြီး ဖြစ်ပါသည်။)

၂၈......နက်ရောင်ပြင်းထန် နက်နဲမှန်ပုံကို ရေလေးမျိုးဖြင့် ရှင်းပြပါ။ ။(ဖက်ပုပ်အိုင်ရေသည် တိမ်သော်လည်းနက်ရောင်ထင်သည်။ ကြည်လင်သော စမ်းအိုင်ရေသည်နက်သော်လည်း တိမ်ရောင်ထင်သည်။ အိုးခွက်၌ ရေသည်တိမ်လျက် တိမ်ရောင်ထင်သည်။ သမုဒ္ဒရာရေသည် နက်လျက်နက်ရောင်ထင်သည်။ ဤသို့ ရေလေးမျိုးရှိ၏။ ပဋိစ္စသမုပ္ပါဒ်ကား နက်လျက် နက်ရောင်ထင်သည်။ တမျိုးထည်းသာ ရှိသည်။ လေးမျိုး မရကောင်းပါ။)

၂၉......ရှစ်ဌာန၌ တွေဝေသော မောဟဟုဆိုရာ၌ ရှစ်ဌာန ရေပြပါ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ-ဤကား တွေဝေရာ ရှစ်ဌာန ဖြစ်ပါသည်။)

၃၀......ဒုက္ခသစ္စာ၌ တွေဝေ ပုံဖေါ်ပြပါ။ ။(၃၁-ဘုံ ခန္ဓာ နာမ်ရုပ် ဒုက္ခကို သုခဟု မှတ်ထင်ခြင်းသည် ဒုက္ခသစ္စာ၌ တွေဝေခြင်းမည်ပါသည်။)

၃၁......သမုဒယသစ္စာ၌ တွေဝေ ပုံဖေါ်ပြပါ။ ။(ဒုက္ခ နာမ်ရုပ် ဖြစ်ကြောင်း တဏှာဟူသော လောဘကို သုခဖြစ်ကြောင်းဟုမှတ်ထင်ခြင်းသည် သမုဒယသစ္စာ၌ တွေဝေခြင်း မည်ပါသည်။)

၃၂......နိရောဓသစ္စာ၌ တွေဝေ ပုံဖေါ်ပြပါ။ ။(ဒုက္ခ မကင်းသော ဘုံဘဝ

တခုခုကို ဒုက္ခကင်းရာ နိဗ္ဗာန်ဟု မှတ်ထင်ခြင်းသည် နိရောဓ သစ္စာ၌ တွေဝေခြင်း မည်ပါသည်။)

၃၃……မဂ္ဂသစ္စာ၌ တွေဝေပုံကို ဖေါ်ပြပါ။ ။(မဂ္ဂင် ရှစ်ပါးမှ တပါးသော အကျင့်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု မှတ်ထင်ခြင်းသည် မဂ္ဂသစ္စာ၌တွေဝေခြင်း မည်ပါသည်။)

၃၄……ပုဗ္ဗန္တ၌ တွေဝေ ပုံဖေါ်ပြပါ။ ။(သံသရာ၏ ရှေးအစွန်း ဖြစ်သော အတိတ်ဘဝ—အတိတ်ခန္ဓာရှိသည်ဟု မသိခြင်းသည်ပုဗ္ဗန္တ၌တွေဝေခြင်းမည်ပါသည်။)

၃၅……အပရန္တ၌တွေဝေပုံဖေါ်ပြပါ။ ။(သံသရာ၏နောက်အစွန်းဖြစ်သော အနာဂတ် ဘဝ-အနာဂတ် ခန္ဓာ ရှိသည်ဟု မသိခြင်းသည် အပရန္တ၌ တွေဝေခြင်း မည်ပါသည်။)

၃၆……ပုဗ္ဗန္တာပရန္တ၌ တွေဝေ ပုံဖေါ်ပြပါ။ ။(သံသရာ၏ ရှေးအစွန်း အတိတ်ဘဝ ခန္ဓာကိုငင်း၊နောက်အစွန်းအနာဂတ်ဘဝခန္ဓာကိုငင်းနှစ်ခုလုံး၌ ရှိသည် ဟု မသိခြင်းသည် ပုဗ္ဗန္တာပရန္တ၌ တွေဝေခြင်း မည်ပါသည်။)

၃၇……ပဋိစ္စသမုပ္ပါဒ၌ တွေဝေ ပုံဖေါ်ပြပါ။ ။(အဝိဇ္ဇာကြောင့် သင်္ခါရသာ ဖြစ်သည်၊ သင်္ခါရကြောင့် ဝိညာဏ်သာ ဖြစ်သည်။ ဤသို့ စသည်ဖြင့် ဝဋ်ဒုက္ခ သက်ဆက်—ကြောင်း ကျိုးဆက်၍ ဖြစ်သည်ကို ငါဖြစ်သည်၊ သူဖြစ်သည်၊ သူကြောင့် ဖြစ်သည်၊ ငါကြောင့်ဖြစ်သည်၊ ချမ်းသာသည်၊ အစိုးရသည်၊ ငါ့ကိုယ် ငါ့ဟာ ငါဖြစ်သည်။ အကြောင်းမရှိ အလိုလိုဖြစ်သည်၊ အလိုလို ပြတ်သည်—စသည်ဖြင့် မှတ်ထင်ခြင်းသည် ပဋိစ္စသမုပ္ပါဒ၌ တွေဝေခြင်း မည်ပါသည်။)

၃၈……ငါးဌာန၌ တွေဝေ သူသည် သင်္ခါရ သုံးပါးကို ပြုသည်ဟု အဋ္ဌကထာဆိုသည်။ ထိုငါးဌာန ရေပြပါ။ ။(စုတိ၊ ပဋိသန္ဓေ၊ သံသရာ၊ သင်္ခတ လက္ခဏာ၊ ပဋိစ္စသမုပ္ပါဒ—ဤကား ငါးဌာန ဖြစ်ပါသည်။)

၃၉……စုတိ၌ တွေဝေပုံ ဖေါ်ပြပါ။ ။(ရုပ် နာမ် တို့၏ အကြောင်းအား လျော်စွာ ပျက်ခြင်းသည် မရဏမည်၏၊ စုတိမည်၏။ ဤအနေမျှသိရမည်ကို သတ္တဝါ သေသည်၊ ငါ့သား ငါ့သမီး သေသည်ဟု လွန်၍ကဲ၍ သိခြင်းသည်စုတိ၌ တွေဝေခြင်း မည်ပါသည်။)

၄၀……ပဋိသန္ဓေ၌ တွေဝေပုံဖေါ်ပြပါ။ ။(ရုပ်နာမ် တို့၏ အကြောင်းအား လျော်စွာ ဖြစ်ခြင်းသည် ဇာတိမည်၏၊ ပဋိသန္ဓေမည်၏။ ဤအနေမျှ သိရမည်ကို သတ္တဝါမွေးဘွား၏၊ ငါ့မှာ သားသွီးဖြစ်၏ဟု လွန်၍ကဲ၍သိခြင်းသည် ပဋိသန္ဓေ၌ တွေဝေခြင်းမည်ပါသည်။)

၄၁……သံသရာ၌ တွေဝေပုံ ပေါ်ပြပါ။ ။(ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ ကြောင်းကျိုးဆက်စပ် မပြတ်ဖြစ်ခြင်းသည် သံသရာမည်၏။ ဤအနေမျှ သိရမည်ကို သူသူ ငါငါ-သတ္တဝါ အပေါင်းသည် တဘဝမှ တဘဝသို့သွား၏၊ လာ၏၊ ကူးပြောင်း၏-စသည်ဖြင့်လွန်၍ကဲ၍သိခြင်းသည်သံသရာ၌တွေဝေခြင်းမည်ပါသည်။)

၄၂……သင်္ခတလက္ခဏာ၌ တွေဝေပုံပေါ်ပြပါ။ ။(စိတ်ဟူသော သင်္ခတတရားသည် သိခြင်း၌လက္ခဏာ ရှိ၏။ စေတသိက် ဟူသော သင်္ခတ တရားသည် ထိခြင်း၊၊ ခံစားခြင်းစသော လက္ခဏာရှိ၏။ ရုပ်ဟူသော သင်္ခတတရားသည် ကြမ်းတမ်းခြင်း၊၊ ယိုစီးခြင်း၊၊ ပူခြင်း၊၊ ထောက်ပံ့ခြင်းစသော လက္ခဏာ ရှိ၏။ ဤကား သဘာဝ လက္ခဏာမည်၏။ စိတ်၊ စေတသိက်၊ ရုပ်ဟူသော သင်္ခတ တရား သုံးပါးလုံးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရှိ၏။ ဤကား သာမည လက္ခဏာမည်၏။ ဤသို့သဘာဝ လက္ခဏာ၊ သာမည လက္ခဏာ–နှစ်ပါးကို မသိဘဲ ငါ့ကိုယ် ဖြစ်၏၊ ငါ့ဟာဖြစ်၏၊ ငါဖြစ်၏၊ မြဲ၏၊ တင့်တယ်၏-စသည်ဖြင့် လွန်၍ ကဲ၍ သိခြင်းသည် သင်္ခတလက္ခဏာ၌ တွေဝေခြင်း မည်ပါသည်။)

၄၃……ပဋိစ္စသမုပ္ပါဒ၌ တွေဝေ ပုံပေါ်ပြပါ။ ။(ပြခဲ့ပြီးပါပြီ။)

၄၄……ငါးဌာန တွေဝေသူသည် သင်္ခါရသုံးပါးကို ပြုသည်ဟူ၍ဆိုရာ၌ ပြုပုံကို ဥပမာ ဆောင်ပြပါ။ ။(ခရီးညွှန်ကင်း-အလင်းမရ–မျက်မမြင် ဒုက္ခိတသည် လမ်းကောင်း၊၊ လမ်းဆိုး အရမ်းတိုး၏။ ထိုအတူ ငါးဌာန တွေဝေသူသည် ကုသိုလ်၊ အကုသိုလ် အရမ်းတိုး၍ ပုညာဘိ သင်္ခါရစသော သင်္ခါရ သုံးပါးကို ပြုပါသည်။)

၄၅……အဘယ် အခါ၌ ထိုမျက်မမြင် ဒုက္ခိတ အဖြစ်မျိုးမှ လွတ်မည်နည်း။ ။(သစ္စာလေးပါး သိသောအခါ၌ အဝိဇ္ဇာ အမြစ်ပြတ်၍ မျက်မမြင်ဒုက္ခိတ အဖြစ်မျိုးမှ လွတ်နိုင်ပါသည်။)

၄၆……သင်္ခါရ သုံးမျိုး-စုံလင်အောင် ခွဲပြပါ။ ။(ကာမ ကုသိုလ် စေတနာရှစ်ခု၊ ရူပကုသိုလ် စေတနာငါးခုသည် ပုညာဘိသင်္ခါရ ၁၃–ခုမည်ပါသည်။ အကုသိုလ် စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရ ၁၂-ခုမည်ပါသည်။ အရူပကုသိုလ် စေတနာလေးခုသည်အာနေဉ္ဇာဘိသင်္ခါရ ၄-ခုမည်ပါသည်။ တနည်းကား-ကာမကုသိုလ်၊ အကုသိုလ်စေတနာ ၂၀-သည်ကာယဒွါရ၌ဖြစ်သောအခါကာယသင်္ခါရ ၂၀-မည်ပါသည်။ ထို ၂၀-သည်ဝစီဒွါရ၌ဖြစ်သောအခါ ဝစီသင်္ခါရ ၂၀-မည်ပါသည်။ လောကီကုသိုလ်၊ အကုသိုလ် စေတနာ ၂၉ ခုလုံးသည်မနောဒွါရ၌ဖြစ်သောအခါ စိတ္တသင်္ခါရ ၂၉-ခု မည်ပါသည်။

၄၇……လောကီ ဝိပါက် ၃၂-ခုကို သိသာရုံ ရေပြပါ။ ။(အကုသလ ဝိပါက် ၇-ခု၊ ကာမကုသလဝိပါက် ၁၆-ခု။(ဝါ-အဟိတ်ရှစ်၊ သဟိတ်ရှစ်ပေါင်း ၁၆-ခု။) ရူပဝိပါက် ၅-ခု။ အရူပဝိပါက် ၄-ခု။ ဤသို့လောကီဝိပါက် ၃၂-ခုဖြစ်ပါသည်။)

၄၈........သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာ၌ ပဋိသန္ဓေဝိညာဏ် ၁၉—ခု ဖြစ်ပုံ—ဘုံနှင့် တွဲပြပါ။ ။(ဥဒ္ဓစ္စ ကြဉ်သော အကုသိုလ် စေတနာ ၁၁-ခုကြောင့် အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေတခုဖြစ်ပါသည်။ ကာမကုသိုလ်စေတနာ ၈-ခုကြောင့် ကာမသုဂတိ ခုနစ်ဘုံ၌ သုဂတိ အဟိတ် ပဋိသန္ဓေ တခု၊ ဒွိဟိတ် ပဋိသန္ဓေ လေးခု၊ တိဟိတ် ပဋိသန္ဓေ လေးခု—ပေါင်း ၉—ခုဖြစ်ပါသည်။ ရူပကုသိုလ်စေတနာ ၅—ခုကြောင့် အသညသတ်ကြဉ်သောရူပ ၁၅—ဘုံ၌ ရူပပဋိသန္ဓေ ၅—ခုဖြစ်ပါသည်။ အရူပကုသိုလ် စေတနာ ၄—ခုကြောင့် အရူပ ၄-ဘုံ၌ အရူပ ပဋိသန္ဓေ ၄-ခုဖြစ်ပါသည်။)

၄၉........သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာ၌ ပဝတ္တိ ဝိညာဏ် ၃၂-ခုမျှ ဖြစ်ပုံ တွဲပြပါ။ ။(အကုသိုလ်စေတနာ ၁၂-ခုကြောင့် အကုသလ ဝိပါက် ၇—ခုဖြစ်ပါသည်။ ကာမကုသိုလ်စေတနာ ၈—ခုကြောင့်အဟိတ် ၈၊ သဟိတ် ၈—အားဖြင့် ကာမ ကုသလဝိပါက် ၁၆ခု—ဖြစ်ပါသည်။ ရူပကုသိုလ် စေတနာ ၅—ခုကြောင့် ရူပဝိပါက် ၅-ခုဖြစ်ပါသည်။ အရူပကုသိုလ်စေတနာ ၄—ခုကြောင့်အရူပဝိပါက် ၄—ခု ဖြစ်ပါသည်။)

၅၀........ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံ—ဘုံနှင့်တွဲပြပါ။ ။(အရူပ ဝိပါက်ဝိညာဏ် ၄—ခုကြောင့် အရူပ ၄—ဘုံ၌ နာမ်သာဖြစ်ပါသည်။ ရှေးကာမဘုံကဖြုံခဲ့သော ရူပပဉ္စမဈာန်ကုသိုလ်ကံဝိညာဏ်တခုကြောင့် အသညသတ်တဘုံ၌ ရုပ်သာဖြစ်ပါသည်။ ကြွင်းသော ပဋိသန္ဓေဝိညာဏ် ၁၅ခု၊ ပဝတ္တိဝိညာဏ် ၂၈—ခုကြောင့်ကြွင်း ၂၆—ဘုံ၌ နာမ်နှင့်ရုပ်ဖြစ်ပါသည်။)

၅၁........နာမ်ရုပ်ကြောင့်သဠာယတနဖြစ်ပုံ—ဘုံနှင့်တွဲပြပါ။ ။(အရူပ ၄—ဘုံ၌နာမ်ကြောင့်မနာယတနတပါးသာဖြစ်ပါသည်။အသညသတ်တဘုံ၌ ရုပ်ကြောင့် အာယတနတပါးမျှ မဖြစ်ပါ။ ကြွင်းရူပ ၁၅—ဘုံ၌ နာမ်ရုပ်ကြောင့် စက္ခာယတန၊ သောတာယတန၊ မနာယတန—သုံးပါးသာဖြစ်ပါသည်။ ကာမ ၁၁—ဘုံ၌ နာမ်ရုပ်ကြောင့်စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတန—ဟု ၆—ပါးဖြစ်ပါသည်။)

၅၂........အာယတန ၆—ပါးကြောင့် အစဉ်အတိုင်းဖြစ်သော ဖဿ ၆—ပါးရေပြပါ။ ။(စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ—ဤကား အစဉ်အတိုင်း ဖဿ ၆—ပါးဖြစ်ပါသည်။)

၅၃........ဖဿ ၆-ပါးကြောင့် စဉ်တိုင်းဖြစ်သော ဝေဒနာ ၆-ပါးရေပြပါ။ ။(စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ—ဤကားစဉ်တိုင်း ဝေဒနာ ၆—ပါးဖြစ်ပါသည်။)

၅၄……ဝေဒနာ ၆–ပါးကြောင့် စဉ်တိုင်းဖြစ်သောတဏှာ ၆–ပါး ရေပြပါ။ ။(ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ–ဤကား စဉ်တိုင်း တဏှာ ၆–ပါး ဖြစ်ပါသည်။)

၅၅……ဖဿကြောင့် ဝေဒနာသုံးပါး ဖြစ်ပုံကို ခွဲပြပါ။ ။(ဣဋ္ဌာရုံ ဖဿအကောင်းစားတွေ့ထိလျှင် ကိုယ်စိတ်ချမ်းသာသော သုခဝေဒနာဖြစ်ပါသည်။ အနိဋ္ဌာရုံ ဖဿအညံ့စားတွေ့ထိလျှင် ကိုယ်စိတ်ဆင်းရဲသော ဒုက္ခဝေဒနာဖြစ်ပါသည်။ မဇ္ဈတ္တာရုံဖဿ အလတ်စား တွေ့ထိလျှင် လျစ်လျူရှုသော ဥပေက္ခာဝေဒနာဖြစ်ပါသည်။)

၅၆……ဝေဒနာကြောင့် တဏှာဖြစ်ပုံကို ရှင်းပြပါ။ ။(သုခဝေဒနာ-ချမ်းသာစွာ ခံစားရလျှင်အဖန်ဖန်ခံစားလိုသော တဏှာဖြစ်ပါသည်။ ဥပေက္ခာဝေဒနာ-လျစ်လျူရှုကာ ခံစားရလျှင် အညံ့မဟုတ်သောကြောင့် အဖန်ဖန်ခံစားလိုသော တဏှာဖြစ်ပါသည်။ ဒုက္ခဝေဒနာ–ဆင်းရဲစွာ ခံစားရလျှင်ကား-ဘယ်အခါ အာရုံကောင်းကောင်း ခံစားရပါအံ့နည်းဟု လှမ်း၍ တောင့်တသောတဏှာဖြစ်ပါသည်။)

၅၇ …. အနိဋ္ဌာရုံ အာရုံဆိုးဆိုးကို မထွေးနိုင်၊ မစွန့်နိုင် ဖြန့်ယှက်စွာခံစားနိုင်သလား။ ။(အနိဋ္ဌာရုံ အာရုံဆိုးဆိုးကို ဒုက္ခ ဝေဒနာဖြင့် ခံစားရသောအခါ မကျေနိုင် မချမ်းနိုင်၊ ငါ့ကို သင်းတို့မကောင်းကြံကြတယ်။ သေခမ်း ရှင်ခမ်း ဖြတ်မယ်။ မကျေဘူးဟဲ့-စသည်ဖြင့် တသက်လုံးမထွေးနိုင်၊ မစွန့်နိုင်-ဖြန့်ယှက်စွာ သေသည်အထိ ခံစားကြတာ လောကမှာထင်ရှားပါသည်။)

၅၈……ဝေဒနာကြောင့် တဏှာသည် သတ္တဝါတိုင်းအား ဖြစ်သလော။ ။(ရဟန္တာအား ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဆက်၍ မဖြစ်ပါ။ ပုထုဇဉ်အားသော်လည်း ဗဟုသုတရှိ၍ ယောနိသော မနသိကာရ–သင့်အောင် နှလုံးသွင်းလျှင် တဏှာမဖြစ်ပါ။ အယောနိသောမနသိကာရ–မသင့်အောင်နှလုံးသွင်းသူတို့အားသာ ဝေဒနာဖြစ်တိုင်း တဏှာဆက်၍ ဖြစ်နိုင်ပါသည်။)

၅၉……ကာမ၊ ဘဝ၊ ဝိဘဝ-ဟူသော တဏှာသုံးပါးကိုထင်ရှားအောင် ရှင်းပြပါ။ ။(ကာမ အာရုံ စွဲမက်သော တဏှာသည် ကာမ တဏှာ မည်ပါသည်။ သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာသည် ဘဝတဏှာမည်ပါသည်။ ဝါ-ရူပဘဝ၊ အရူပဘဝကို စွဲမက်သော တဏှာသည် ဘဝတဏှာမည်ပါသည်။ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာသည် ဝိဘဝ တဏှာမည်ပါသည်။ ဝါ-နိဗ္ဗာန်မဟုတ်ဘဲ နိဗ္ဗာန်ဟု စွဲမက်သော နိရောဓတဏှာသည်လည်း ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သောဝိဘဝတဏှာပင် ဖြစ်ပါသည်။)……

၆၀……ဥပါဒါန် လေးပါးကို ထင်ရှားအောင် ရှင်းပြပါ။ ။(ကာမအာရုံ၌

စွဲလမ်းသော ကာမတဏှာတည်း ကာမုပါဒါန်မည်ပါသည်။ အရှုသည် အကျိုးမရှိ—စသည်ဖြင့်စွဲလမ်းသော ဒိဋ္ဌိဆယ်ပါး၊ ဒိဋ္ဌိ ၆၂-ပါးသည် ဒိဋ္ဌုပါဒါန်မည်ပါသည်။ သီလ- တိရစ္ဆာန်တို့၏ အလေ့ဖြင့်+ဝတ—တိရစ္ဆာန်တို့၏ အကျင့်ဖြင့်+ပရာမာသ- နိဗ္ဗာန်ရသည်ဟု သုံးသပ်သော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန်မည်ပါသည်။ ရုပ်သည် အတ္တ၊ ရုပ်ရှိသောအတ္တ-စသည်ဖြင့် စွဲလမ်းသော သက္ကာယဒိဋ္ဌိ ၂၀-သည် အတ္တဝါဒုပါဒါန် မည်ပါသည်။ စွဲလမ်းသော တဏှာတခု၊ ဒိဋ္ဌိ သုံးခုဖြစ်ပါသည်။)

၆၁......သင်္ခါရ ၂၉-ခုနှင့် ဘဝဂါမိကံ ၂၉-ခုတို့တွင် သင်္ခါရ ၂၉-ခုကို ရေပြပါ။ ။(လောကီကုသိုလ်၊ အကုသိုလ်စေတနာ ၂၉—ခုသည် သင်္ခါရ ၂၉—ခုမည်ပါသည်။ ဝါ—ပုညာဘိသင်္ခါရ ၁၃—ခု၊ အပုညာဘိသင်္ခါရ ၁၂—ခု၊ အာနေဉ္ဇာဘိသင်္ခါရ ၄-ခုသည် သင်္ခါရ ၂၉—ခုမည်ပါသည်။ ဝါ-ကာယသင်္ခါရ ၂၀၊ ဝစီသင်္ခါရ ၂၀။ စိတ္တသင်္ခါရ ၂၉—ခုသည် သင်္ခါရ ၂၉—ခုမည်ပါသည်။ စေတနာ စေတသိက် တခုသာ သင်္ခါရမည်ပါသည်။)

၆၂......ဘဝဂါမိကံ ၂၉—ခုကို ရေပြပါ။ ။(လောကီကုသိုလ်၊ အကုသိုလ် ၂၉-ခု၌ ရှိသောစိတ်၊ စေတသိက် အားလုံးသည် ဘဝဂါမိကံ ၂၉-ခုမည်ပါသည်။)

၆၃ ......ဥပပတ္တိ ဘဝမည်သော ဘဝကြီး ကိုးပါးကို ရေပြပါ။ ။(ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ-သုံးပါး။ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ- နာသညီဘဝ-သုံးပါး။ ဧက—ဝေါကာရဘဝ၊ စတု-ဝေါကာရဘဝ၊ ပဉ္စ—ဝေါကာရဘဝ—သုံးပါး—ဤကား ဥပပတ္တိဘဝမည်သော ဘဝကြီးကိုးပါး ဖြစ်ပါသည်။)

၆၄......ကာမဘဝ ဟူသည် အဘယ်နည်း။ ။(ကာမ ၁၁—ဘုံ၌ ဝိပါက်နာမ်၊ ကမ္မဇ—ရုပ်ဖြစ်ခြင်းသည် ကာမဘဝ မည်ပါသည်။)

၆၅......ရူပဘဝဟူသည်အဘယ်နည်း။ ။(ရူပ ၁၆-ဘုံ၌ ဝိပါက်နာမ်၊ ကမ္မဇ-ရုပ်ဖြစ်ခြင်းသည် ရူပဘဝ မည်ပါသည်။)

၆၆......အရူပ ဘဝ ဟူသည် အဘယ်နည်း။ ။(အရူပ ၄-ဘုံ၌ ဝိပါက်နာမ် ဖြစ်ခြင်းသည် အရူပ ဘဝ မည်ပါသည်။ ရုပ်မဖြစ်ပါ။)

၆၇ ......သညီ ဘဝ ဟူသည် အဘယ်နည်း။ ။(သညီ ၂၉—ဘုံ၌ ဝိပါက်နာမ်၊ ကမ္မဇ—ရုပ်ဖြစ်ခြင်းသည် သညီဘဝ မည်ပါသည်။)

၆၈ ......အသညီ ဘဝဟူသည် အဘယ်နည်း။ ။(အသညီတဘုံ၌ ကမ္မဇ -ရုပ်ဖြစ်ခြင်းသည် အသညီ ဘဝ မည်ပါသည်။ နာမ်မဖြစ်ပါ။)

၆၉......နေဝသညီ-နာသညီ ဘဝ ဟူသည် အဘယ်နည်း။ ။(နေဝသညီ-နာသညီ တဘုံ၌ ဝိပါက်နာမ် ဖြစ်ခြင်းသည် နေဝသညီ—နာသညီဘဝ မည်ပါသည်။ ရုပ်မဖြစ်ပါ။)

၇၀......ကေ—ဝေါကာရ ဘဝဟူသည် အဘယ်နည်း။ ။(ကေ—ဝေါကာရ တ
ဘုံ၌ ကမ္မဇ-ရုပ်ဖြစ်ခြင်းသည် ကေဝေါကာရဘဝ မည်ပါသည်။ နာမ်မဖြစ်ပါ။)
၇၁......စတု.ဝေါကာရ ဘဝဟူသည် အဘယ်နည်း။ ။စတု.ဝေါကာရ ၄—ဘုံ
၌ ၀ိပါက်နာမ် ဖြစ်ခြင်းသည် စတုဝေါကာရ ဘဝ မည်ပါသည်။ ရုပ်မဖြစ်ပါ။)
၇၂......ပဉ္စ—ဝေါကာရဘဝဟူသည်အဘယ်နည်း။ ။(ပဉ္စ-ဝေါကာရ၂၆-ဘုံ
၌ ၀ိပါက်နာမ်၊ ကမ္မ—ဇရုပ်ဖြစ်ခြင်းသည် ပဉ္စ—ဝေါကာရ ဘဝမည်ပါသည်။)
၇၃......ဇာတိ ဇရာ မရဏသည် ရန်သူသုံးဦးနှင့် တူ၏ဟု အဋ္ဌကထာ ဆိုသည်။
ရန်သူနှင့် တူပုံရှင်းပြပါ။ ။(ဇာတိသည် တဘဝမှ တဘဝသို့ဆောင်၏။တော
နက်ထဲသို့ ချော့ခေါ်သော ပဌမရန်သူနှင့် တူပါသည်။ ဇရာသည် ရောက်ရာဘဝ၌
ချက်ခြင်း အိုမင်းရင့်လျော်အောင်နှိပ်စက်၏။ တောနက်ထဲရောက်လျှင်ရောက်ခြင်း
မထနိုင်အောင် ရိုက်သော ဒုတိယရန်သူနှင့် တူပါသည်။ မရဏသည် ဇရာဒုက္ခ
သင့်သူကို ခန္ဓာပျက်အောင် အသေသတ်၏။တောနက်ထဲ၌ မထနိုင်သူကို ဦးခေါင်း
ဖြတ်သော တတိယရန်သူနှင့် တူပါသည်။)
၇၄......သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ-ဤငါးပါးကို အင်္ဂါ၌
အဘယ်ကြောင့် မပြသနည်း။ ပဋိစ္စသမုပ္ပါဒ်မှ လွတ်သလော။ ။(သောကစ
သော ငါးပါးသည် ပဋိစ္စသမုပ္ပါဒ်မှ အလွတ်မဟုတ်ပါ၊ ဇာတိ၏ အကျိုးဖျားမျှ
ဖြစ်ပါသည်။ အကျိုးရင်းမဟုတ်ပါ။ ထိုကြောင့် အင်္ဂါ၌မပြပါ။)
၇၅......အကျိုးဖျားမျှဖြစ်ပုံဖော်ပြပါ။ (သောကစသော ငါးပါးသည် ဇာတိ
ကြောင့်လည်းဖြစ်ပါသည်။ ဇရာကြောင့်လည်းဖြစ်ပါသည်။ မရဏကြောင့်လည်း
ဖြစ်ပါသည်။ ထိုမှတပါးသောအကြောင်းတို့ကြောင့်လည်း ဖြစ်ပါသည်။ ဘုံအား
ဖြင့် ကာမ ၁၁-ဘုံ၌သာအမြဲဖြစ်ပါသည်။ဖြဟ္မာ ၂၀-၌မဖြစ်ပါ။ ထိုကြောင့်
ဇာတိ၏အကျိုးဖျားမျှဖြစ်သည်ဟု ဆိုရပါသည်။)
၇၆......အဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရသည် ပဋ္ဌာန်းနည်း အဘယ်ပစ္စည်းသတ္တိ
ဖြင့် ဖြစ်နိုင်သနည်း။ ။(အဝိဇ္ဇာကြောင့်—အကုသိုလ် သင်္ခါရသည်ပဋ္ဌာန်းနည်း
ဟေတု၊ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊ သဟဇာတ၊ ဥပနိဿ၊ အာသေဝန-စသော
ပစ္စည်းသတ္တိများစွာဖြင့် ဖြစ်ပါသည်။)
၇၇......အာရမ္မဏ သတ္တိဖြင့် အဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရ ဖြင်ပုံကို ဖော်ပြ
ပါ။(ရှေးက ဖြစ်ခဲ့ပြီးသောအကုသိုလ်အဝိဇ္ဇာကို စဉ်းစားမိတိုင်းအာရုံပြု၍ လော
ဘ၊ ဒေါသတို့ဖြစ်လာသောအခါ အာရမ္မဏ သတ္တိဖြင့် အဝိဇ္ဇာကြောင့် အကုသိုလ်
သင်္ခါရဖြစ်ပါသည်။)
၇၈......အဓိပတိသတ္တိဖြင့် ဖြစ်ပုံကို ဖော်ပြပါ။ ။(ရှေးရှေးဖြစ်ပြီး အကုသိုလ်
အဝိဇ္ဇာကို—အဘိုးတန်လိုက်တာ၊ သိပ်နေရာကျပါဘဲ-စသည်ဖြင့် အလေးပြု၍ သာ

ယာသောအခါ အဓိပတိသတ္တိဖြင့် အဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရ ဖြစ်ပါသည်။)

၇၉ ......ဥပနိဿယသတ္တိဖြင့် ဖြစ်ပုံကို ဖော်ပြပါ။ ။(ရှေးရှေးဖြစ်ပြီး အကုသိုလ် အဝိဇ္ဇာကို အခြေခံပြု၍—မည်သည့်ရပ်ရွာမှာ လူမိုက်မိုက်လုပ်ခဲ့တာ ငါကွ—စသည်ဖြင့် နောက်ထပ် လောဘ၊ ဒေါသတို့ဖြစ်ယာသောအခါ ဥပနိဿယသတ္တိဖြင်ံ့ အဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရ ဖြစ်ပါသည်။)

၈၀........ဟေတုစသော ကြွင်းသတ္တိဖြင့် ကျေးဇူးပြုသောအခါ ဖြစ်ပုံအကျဉ်းဖော်ပြပါ။ ။(ဟေတု၊သဟဇာတ-သတ္တိစသည်ဖြင့် ကျေးဇူးပြုသောအခါ အကြောင်း အဝိဇ္ဇာနှင့် အကျိုးအကုသိုလ်သင်္ခါရသည် ပြိုင်တူဖြစ်ပါသည်။ အနန္တရ၊ အာသေဝန—သတ္တိစသည်ဖြင့် ကျေးဇူးပြုသောအခါ အခြားမရှိ နီးကပ်စွာ ဖြစ်ပါသည်။)

၈၁ .......အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရဖြစ်ရာ၌ သင်ကြားရသောနည်း—သုံးနည်းကို ရေတွက်ပြပါ။ ။အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာကို ရှက်လျက် ဖြစ်ပုံတနည်း။ အဝိဇ္ဇာကိုခွန်ကျော်လျက် ဖြစ်ပုံ ာနည်း။ အဝိဇ္ဇာကိုနင်းလျက် ဖြစ်ပုံတနည်း—ဤသို့ သုံးနည်းသင်ကြားရပါသည်။)

၈၂........အဝိဇ္ဇာကိုရှက်လျက် ကုသိုလ်သင်္ခါရဖြစ်ပုံ ရှင်းပြပါ။ ။(သံသရာဘေး မဆင်ခြင်၊ လူနတ်စည်းစိမ်ကို ကောင်းလှပြီထင်၍ လိုချင်တောင့်တလျက် ကုသိုလ်ပြုသောအခါ ဥပနိဿယသတ္တိဖြင့် အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရ ဖြစ်ပါသည်။ ထိုအခါ အဝိဇ္ဇာကို ဦးခေါင်းထက် ရှက်လျက် ကုသိုလ်ရှင်အား ကုသိုလ်ဖြစ်ပါသည်။)

၈၃........အဝိဇ္ဇာကိုခွန်ကျော်လျက် ကုသိုလ်သင်္ခါရဖြစ်ပုံ ရှင်းပြပါ။ ။(မိမိ၊ သူတပါးပြုခဲ့သော အကုသိုလ်အဝိဇ္ဇာကို—"အပါယ်ဘေး၊ သံသရာဘေး—အဖြစ်ပေးလတ္တံ့"—ဟု ဆင်ခြင်၍ ထိုအဖြစ်မှ လွတ်ပါစေခြင်းငှာဟု ကုသိုလ်ပြုသောအခါ ဥပနိဿယသတ္တိဖြင့် အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရဖြစ်ပါသည်။ ထိုအခါ အဝိဇ္ဇာကို ခွန်ကျော်လျက် ကုသိုလ်ရှင်အား ကုသိုလ်ဖြစ်ပါသည်။)

၈၄........အဝိဇ္ဇာကိုနင်းလျက် ကုသိုလ်သင်္ခါရဖြစ်ပုံရှင်းပြပါ။ ။(မိမိပြုမိသော အကုသိုလ်အဝိဇ္ဇာကို ဉာဏ်ဖြင့် သိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ နိုင်နိုင်နင်းရှုသောအခါ အာရမ္မဏသတ္တိဖြင့် အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရဖြစ်ပါသည်။ ထိုအခါ အဝိဇ္ဇာကိုနင်းလျက် ကုသိုလ်ရှင်အား ကုသိုလ်ဖြစ်ပါသည်။)

၈၅ ......အဝိဇ္ဇာမကင်း မိုက်မဲခြင်းကြောင့် ကုသိုလ်ပြုသည်ဆိုလျှင် အများအားဖြင့် မကျေနပ်နိုင်။ ထိုကြောင့်အဝိဇ္ဇာဦးစီးသော အဝိဇ္ဇာ ရှက်ထားသော ကုသိုလ်ရှင်ကို ဥပမာဖြင့် ရှင်းပြပါ။ ။(အဝိဇ္ဇာဦးစီးသော ရှက်ထားသော ကုသိုလ်ရှင်သည် ညစ်ကြေးပေလို့ ညွန့်အိုင်ရေချိုးလျှင် တိုး၍ ညစ်ကြေးပေသလို မိုက်လို့ ဘဝစည်းစိမ် တောင့်တပြီး ကုသိုလ်ပြုလျှင် တိုး၍ မိုက်မဲသွားနိုင်ပါသည်။)

၈၆ .......အဝိဇ္ဇာခွန်ကျော်သောကုသိုလ်ရှင်ကိုဥပမာဖြင့် ရှင်းပြပါ။ ။အဝိဇ္ဇာ

ခုန်ကျော်သော ကုသိုလ်ရှင်သည် ညစ်ကြေးပေလို့ ရေကောင်းရေသန့် ချိုးလျှင် ညစ်ကြေးကင်းသွားသလို မိုက်လို့ အမိုက်လွတ်အောင် ခုန်ကျော်၍ ကုသိုလ်ပြုလျှင် အမိုက်အမဲကင်းသွားနိုင်ပါသည်။)

၈၇........အဝိဇ္ဇာနင်းထားသော ကုသိုလ်ရှင်ကို ဥပမာဖြင့် ရှင်းပြပါ။ ။အဝိဇ္ဇာကိုနင်းထားသော ကုသိုလ်ရှင်သည် အိုက်လွန်းလို့ ရေချိုးလျှင် အအိုက်ပျောက်သလို မိုက်လွန်းလို့ အမိုက်ကိုနင်း၍ ဝိပဿနာကုသိုလ်နင်းပြုလျှင် အမိုက်ပျောက်သွားနိုင်ပါသည်။)

၈၈........ကုသိုလ်သည် အဘယ်သို့သော သူအားဖြစ်သည်၊ အဘယ်သို့သော သူအား မဖြစ်ဟု ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် ရှင်းပြပါ။ ။(အဝိဇ္ဇာရှိ၍ မိုက်ရိုင်းလွန်းသူတို့အားသာ ကုသိုလ် ဖြစ်ပါသည်။ အဝိဇ္ဇာကင်း၍ မမိုက်ရိုင်းသူတို့အား ဘယ်ကုသိုလ်မျှ-မဖြစ်ပါ၊ ကုသိုလ် အစား ကြိယာ ဖြစ်ပါသည်။)

၈၉........အဝိဇ္ဇာ အမိုက် မရှိသူ၊ ရှိသူတို့ကို ခွဲပြပါ။ ။(ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ–၃ုံးယောက်အား အဝိဇ္ဇာ အမိုက် မရှိပါ။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ–၄ုလေးယောက်အား အဝိဇ္ဇာ အမိုက် ရှိပါသေးသည်။)

၉၀........ဒါန–သီလစသော ကောင်းမှုပြုပါလျက် ကုသိုလ် မရသူ၊ ရသူခွဲပြပါ။ ။(ဒါန–သီလစသော ကောင်းမှုပြုလျှင် ပုထုဇဉ်မှ အနာဂါမိအထိ လေးယောက်သာကုသိုလ်ရနိုင်ပါသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့မှာ ကုသိုလ်မရနိုင်ပါ။ ကြိယာ စိတ်ကိုသာ ရနိုင်သည်။)

၉၁........ကုသိုလ်နှင့် ကြိယာ ထူးခြားပုံကို ဖော်ပြပါ။ ။(ကုသိုလ်သည် မျိုးအောင်သော သစ်စေ့နှင့် တူပါသည်။ သံသရာထဲ၌ ဇာတိ၊ ဇရာ၊ မရဏ သစ်ပင်ကို ပေါက်ရောက်စေနိုင်ပါသည်၊ ကြိယာသည် မျိုးမအောင်သော သစ်စေ့နှင့်တူပါသည်။ သံသရာထဲ၌ ဒုက္ခပင်တို့ကို မပေါက်ရောက်စေနိုင်ပါ။ တနည်းတော့လဲ၊ အမိုက်မကင်း သူအားဖြစ်သော ကုသိုလ်သည် အမိုက်ကို ဖျက်ဆီးသော မဂ်လေးပါးဖြစ်အောင် တတ်နိုင်ပါသည်။ အမိုက် ကင်းသူအားဖြစ်သော ကြိယာသည် အမိုက်ကို ဖျက်ဆီးသော မဂ်လေးပါးဖြစ်အောင်မတတ်နိုင်ပါ။ သို့ရာတွင် မဂ်လေးကြိမ်ဖြင့် အမိုက်ကို ဖျက်ဆီးပြီးသူအား နောင်ဖျက်ဆီးစရာ အမိုက် မရှိတော့ပါ။ မဂ်ဖြစ်ဘို့ မလိုတော့ပါ။)

၉၂........ကုသိုလ်သည် ဇာတိစသော ဒုက္ခကို ဖြစ်စေသည်ဟူ၍ရင်း၊ မဂ်လေးပါး ဖြစ်အောင် တတ်နိုင်သည်ဟူရင်း မီးစတဘက်၊ ရေမှုတ်တဘက် ဆိုထားသည်။ ပယ်ရမည်လော၊ ကျင့်ရမည်လော။ ။(ကုသိုလ်ကို မပယ်အပ်ပါ၊ ကျင့်ရပါသည်။ ယခုမှ ဇာတိကြောက်လို့ ကုသိုလ်ပယ်သော်လဲ ဇာတိ မလွတ်နိုင်သေးပါ။ အကုသိုလ်ကို ပြုလျှင်လဲ ဇာတိဖြစ်နိုင်ပါသည်။ ဇာတိဖြစ်စေသော ကုသိုလ်တွေကိုလဲ

များစွာ ပြုထားပြီး ရှိကြပါသည်။ အကြိမ်ကြိမ် တွေ့ပြီး၊ တွေ့ဆဲ၊ တွေ့လတ္တံ့သော ဇာတိတို့ကို သတိသမ္ပဇညကင်းလျက် အလန့်တကြား မကြောက်သင့်ပါ။ မဂ်လေးပါးဖြစ်အောင်တတ်နိုင်သော ကုသိုလ်ကို အားထုတ်၍ ကျင့်အပ်ပါသည်။ တကြိမ်မျှ မတွေ့ဘူးသော မဂ်ဖြစ်ပါသည်။ ထိုမဂ်ရလျှင် အဝိဇ္ဇာ အမိုက်ကင်း၍ ဇာတိစသော ဒုက္ခမှ အပြီးတိုင် လွတ်ကင်း နိုင်ပါသည်။)

၉၃........မဂ်နှင့် ဆက်သွယ်လျှင် ဇာတိဘေးရှိသော ကုသိုလ်ကို မပယ်အပ်ပုံ၊ ကျင့်အပ်ပုံကို ဥပမာဆောင်ပြပါ။ ။(သမုဒြာအတွင်းသင်္ဘောပျက်၍ ထောက်တည်ရာ မရသော သူ၏အနီးသို့ ဆင်သေကောင်ပုပ်ကြီး ရောက်လာသည်ဖြစ်အံ၊ ပုပ်စော်နံသော ရွံ့စရာဘေးရှိသော်လည်း ကမ်းပါးအရောက် ယက်သွားနိုင်သည်ဟု သိလျှင် တက်စီးရမည် ဖြစ်ပါသည်။ ထိုအတူ ဇာတိဘေး စသည်ဖြင့် ပုပ်စော်နံ ရွံ့စရာကုသိုလ်-ဆင်သေကောင်ပုပ်ကို မဂ်လေးပါး ကမ်းပါးအရောက် ယက်သွားနိုင်သည်ဟုသိသော ထောက်တည်ရာ မရသေးသော အမျိုးကောင်းသားသည် အားထုတ်ကာ တက်စီး ရပါသည်။)

၉၄........ဤဘဝစက်သည် ဇရာ မရဏာ၌ မပြတ်ဘဲ အဘယ်သို့ ပြန်၍ ဆက်သနည်း။ ။(ဇရာမရဏာ၌ မပြတ်ဘဲ သောကစသည့်တို့လည်းဖြစ်ကုန်၏။ ထိုအခါ နှုတ်ချိုလို၊ အသက်ရှည်လိုသော ကာမာသဝ-စသည့်တို့လည်းဖြစ်ကုန်၏။ အာသဝနှင့် တွဲလျက် အဝိဇ္ဇာလည်း ဖြစ်ပြန်၏။ ဤသို့ ဇရာမရဏကြောင့် အဝိဇ္ဇာဖြစ်၍ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သဖြင့် ဘဝစက်ပြန်၍ ဆက်ပါသည်။)

၉၅........ဤဘဝစက်မှ ထွက်နိုင်အောင် အဘယ်အင်္ဂါကို ဖျက်ရသနည်း။ ။(ဤဘဝစက်မှ ထွက်နိုင်အောင် အဝိဇ္ဇာ၊ တဏှာဟူသော မူလအင်္ဂါနှစ်ပါးကို ဖျက်ရပါသည်။)

၉၆........ဒါန သီလ စသော ကုသိုလ်ဖြင့် နိဗ္ဗာန်ရပုံကို ရှင်းပြပါ။ ။(အဝိဇ္ဇာ၊ တဏှာကို အားနည်းအောင်ပြုသော ဒါန သီလ စသော ကုသိုလ်သည် ဥပနိဿယသတ္တိဖြင့်ရင်း၊ အနန္တရသတ္တိဖြင့်ရင်း မဂ်ကိုဖြစ်စေနိုင်ပါသည်။ ထိုမဂ်သည်နိဗ္ဗာန်ကို အာရုံပြုလျက် အဝိဇ္ဇာ တဏှာကို အမြစ်ဖြတ်ပါသည်။ အဝိဇ္ဇာ အကြွင်းမဲ့ချုပ်လျှင် သင်္ခါရချုပ်ခြင်းစသည်ဖြင့်ရင်း၊ တဏှာအကြွင်းမဲ့-ချုပ်လျှင်၊ ဥပါဒါန်ချုပ်ခြင်း စသည်ဖြင့်ရင်း ဒုက္ခ အစု ချုပ်ငြိမ်း၍ နိဗ္ဗာန် ရပုံကို ဟောပါသည်။ အဝိဇ္ဇာ၊ တဏှာကို အားပေးလျက်ဖြစ်သော ကုသိုလ်ဖြင့်ကား နိဗ္ဗာန်မရနိုင်ပါ။)

၉၇ ......အဝိဇ္ဇာ၊တဏှာကိုအားပေးသော ဝဋ္ဋနိဿိတကုသိုလ်ထက် ကြောက်ဘွယ်တရား ရှိသေးသလော၊ အဘယ်မှာ ရှိသေးသနည်း။ ။(ဝဋ္ဋနိဿိတ ကုသိုလ်သည် အဝိဇ္ဇာ၊ တဏှာမူလကို အားပေးရုံသာ ဖြစ်ပါသည်။ မူလကား မဖြစ်ပါ။ အကု

သိလ်တရားကား ထိုမူလ နှစ်ပါးကို အားလည်းပေးသည်။ မူလလည်းဖြစ်ပါသည်။ ထိုကြောင့် ဝဋ္ဋနိဿိတကုသိုလ်ထက် အကုသိုလ်သည်ပို၍ ကြောက်ဘွယ်ဖြစ်ပါသည်။ (ပဋ္ဌိတမာနီ) ပညာ လွန်သူတို့ကား-အကုသိုလ်ကို အပြစ်များစွာ မဆိုဘဲ ဝဋ္ဋနိဿိတ ကုသိုလ်ကို ပို၍ အပြစ်များစွာ ဆိုကြပါသည်။)

## ဝိပဿနာ ခရီးစဉ် မေး—ဖြေ။

(၁) သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်-ဤဉာဏ်သုံးပါး၏ အဓိပ္ပါယ်ကို ရှင်းပြပါ။ ။(သင်ယူ၊ နာကြား၊ မေးမြန်းခြင်းအားဖြင့် သိသော ဉာဏ်သည် သုတမယဉာဏ်........။ကြံစည်၊စိတ်ကူးခြင်းဖြင့်သိသော ဉာဏ်သည် စိန္တာမယဉာဏ်........။ ပွါးများ အားထုတ်ခြင်းဖြင့် သိသော ဝိပဿနာဉာဏ်သည် ဘာဝနာမယဉာဏ် မည်ပါသည်။)

(၂) တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်-ဤပဟာန်သုံးပါး၏ အဓိပ္ပါယ်ကို ရှင်းပြပါ။ ။(ထိုထို အကုသိုလ်အင်္ဂါကို ဇောခုနစ်ကြိမ်ဖြင့် ပယ်သော ကာမကုသိုလ် ပညာသည် တဒင်္ဂပဟာန်........။ အကုသိုလ်ကို ဝေးအောင် ခွါသောရူပ၊အရူပ-မဟဂ္ဂုတ်ကုသိုလ်ပညာသည် ဝိက္ခမ္ဘနပဟာန်........။အကုသိုလ်ကို တကြိမ်ထည်းဖြင့် အပြီးတိုင် သတ်သော မဂ်လေးပါး ပညာသည် သမုစ္ဆေဒ ပဟာန် မည်ပါသည်။)

(၃) ဝိပဿနာဉာဏ်၌ဖြစ်သော ပရိညာသုံးပါးကို ရေတွက်ပြပါ။ ။(ဉာတ ပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ-ဤကားပရိညာ သုံးပါးဖြစ်ပါသည်။)

(၄) ဉာတ ပရိညာဟူသည် အဘယ်နည်း။ ။(ဤကား ရုပ်၊ ဤကား နာမ်၊ ဤမျှရှိသည်။ ဤကားအကြောင်းဖြစ်သည်ဟု သိထိုက်သမျှကို သိသော ဉာဏ်သည် ဉာတ ပရိညာ မည်ပါသည်။)

(၅) တီရဏပရိညာဟူသည် အဘယ်နည်း။ ။(ဤရုပ်၊ဤနာမ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သည်ဟု ဆုံးဖြတ်သော ဝိပဿနာဉာဏ်သည် တီရဏပရိညာမည် ပါသည်။)

(၆) ပဟာနပရိညာဟူသည် အဘယ်နည်း။ ။(ဒိဋ္ဌိကိလေသာတို့ကို ပယ်စွန့်လျက်သိသော ဝိပဿနာဉာဏ်သည် ပဟာန ပရိညာမည်ပါသည်။)

(၇) ဉာတပရိညာ၏ ဖြစ်ရာဌာနကို ဖေါ်ပြပါ။ ။(ဤကားရုပ်၊ဤကားနာမ် ဟု ပိုင်းခြားသော နာမရူပ ပရိစ္ဆေဒ ဉာဏ်သည်၎င်း။ ဤရုပ်၊ ဤနာမ်တို့၏ အကြောင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟ ဉာဏ်သည်၎င်း-ဤဉာဏ်နှစ်ပါးသည် ဉာတပရိညာ၏ ဖြစ်ရာဌာန ဖြစ်ပါသည်။)

(၈) တီရဏပရိညာ၏ ဖြစ်ရာဌာနကို ဖော်ပြပါ။ ။(အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟုသုံးသပ်သော သမ္မသနဉာဏ်သည်၎င်း၊ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသော ဥဒယဗ္ဗယဉာဏ်သည်၎င်း-ဤဉာဏ်နှစ်ပါးသည် တီရဏပရိညာ၏ဖြစ်ရာဌာနဖြစ်ပါသည်။)

(၉) ပဟာနပရိညာ၏ ဖြစ်ရာဌာနကို ဖော်ပြပါ။ ။(အထက်၌ ဝိပဿနာဉာဏ်ရှစ်ပါးသည် ပဟာန ပရိညာ၏ ဖြစ်ရာဌာန ဖြစ်ပါသည်။)

(၁၀) ဉာတပရိညာ၏ဖြစ်ရာ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်အောင် ရုပ်နာမ်ကို ပိုင်းခြားပြပါ။ ။(အာရုံကို မသိသော ပထဝီ၊ အာပေါစသော သဘောတရားသည်ရုပ်မည်၏။ ပူခြင်းချေခြင်း စသည်ကြောင့် သွင်မတူပြောင်းလွဲ-ဖြူမဲ၊ ပိန်ထွား၊ ချိုခါး၊ မွှေးနံ-ဖေါက်လွဲ ဖေါက်ပြန် ဖြစ်တတ်၏။ အာရုံကို သိသော စိတ်၊ စေတသိက်သည် နာမ်မည်၏။ အာရုံသို့ ရှေးရှုညွတ်တတ်၏။ ဤသို့ ရုပ်နာမ်ကို ပိုင်းခြား မှတ်သား ရပါသည်။)

(၁၁) နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းခြားနိုင်သူ၏ အာနိသင်ကို ဖော်ပြပါ။ ။(ဤရုပ်ဤနာမ်မှတပါး ငါ, သူတပါး, ယောကျ်ား, မိန်းမ, မရှိဟု ဒိဋ္ဌိကို တားနိုင်အောင် ပိုင်းခြားလျှင် သက္ကာယဒိဋ္ဌိ ကွာပါသည်။ အန္ဓပုထုဇဉ်အဖြစ်မှ လွတ်ပါသည်။ ကလျာဏ ပုထုဇဉ်အဖြစ်သို့ ရောက်ပါသည်။)

(၁၂) ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြစ်အောင် အကြောင်းကို သိမ်းဆည်းပြပါ။ ။(အနာတွေ့လျှင် အကြောင်းရှာရပါသည်။ ကလေး သူငယ်တွေ့လျှင် မိခင်ရှာရပါသည်။ ထိုအတူ ရုပ်နာမ်တွေ့လျှင် အနာသဘွယ်၊ သူငယ်အလား သဘောထား၍ ဖြစ်ကြောင်း ရှာရပါသည်။ ထိုကြောင့် ဤရုပ်၊ ဤနာမ်သည် အဝိဇ္ဇာ၊ တဏှာ၊ ကံစသော အကြောင်းကြောင့်ဖြစ်သည်။ အကြောင်းမကင်းသော အကျိုးတရားသာ ဖြစ်သည်-ဟုအကြောင်းကို သိမ်းဆည်းရပါသည်။)

(၁၃) ပစ္စယပရိဂ္ဂဟဉာဏ်ရသူ၏အာနိသင်ကိုဖော်ပြပါ။ ။(ပစ္စယပရိဂ္ဂဟ ဉာဏ်ရသူသည် အကြောင်း မကင်းသော အကျိုးတရား အပေါင်းသာ-ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့-ဟု သိပါသည်၊ သူ့ကြောင့် ငါ့ကြောင့် ငါ သူတပါး ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့-ဟူ၍ မရှိဟုသိ၍ ယုံမှားကင်္ခါ စင်ကြယ် ပါသည်။ သာသနာ၌ ထောက်ရာတည်ရာရ၍ သက်သာရာ ရသူဖြစ်ပါသည်။ ဂုဋ္ဌသောတာပန်ခေါ်သော သောတာပန် အထွေး-အဖြစ်သို့ ရောက်ပါသည်။)

(၁၄) ဝိပဿနာ ဉာဏ်ဆယ်ပါးကို အလွယ် တကူ သိနိုင်အောင် ရေတွက်ပြပါ။ ။(သမ္မသနဉာဏ်၊ ဥ၊ ဘင်၊ ဘ၊ အာ၊ နိ၊ မု၊ ပဋိ၊ ရု၊ နု-ဤကား ဝိပဿနာဉာဏ်ဆယ်ပါး သိသာရုံ ရေတွက်ခြင်း ဖြစ်ပါသည်။)

(၁၅) သမ္မသနဉာဏ် ဟူသည် အဘယ်နည်း။ ။(အကြောင်း၊ သိမ်းဆည်းပြီး

သော ရုပ်နာမ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု အဖန်ဖန်သုံးသပ်ခြင်းသည် သမ္မသန ဉာဏ်မည်ပါသည်။)

(၁၆) အဆင်းမြင်ရာ၌သမ္မသနဉာဏ်ဖြစ်အောင်သုံးသပ်ပြပါ။ ။(အဆင်း တခုခုမြင်သောအခါ ဤအဆင်းနှင့် ဤမျက်စိသည် အကြောင်းတရားတို့ ညီညွတ်မှ ဖြစ်ပေါ်လာသော ရုပ်ဖြစ်ပါသည်။ မြင်ခြင်း သိခြင်းသည် အကြောင်းတရားတို့ ညီညွတ်မှဖြစ်ပေါ်လာသော နာမ်ဖြစ်ပါသည်။ ဤရုပ်၊ ဤနာမ်မှ တပါးမြင်တတ်၊ သိတတ်သော-ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ-မရှိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ—ဤသို့ သမ္မသနဉာဏ် ဖြစ်စေရပါသည်။)

(၁၇) သမ္မသနဉာဏ် အရာ၌ ခန္ဓာငါးပါးကို ၁၁—မျိုးခွဲ ရှုရမည်ဟု ဆို၏။ ၁၁-မျိုးခေ ရပြပါ။ ။(အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်—သုံးမျိုး။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်မျိုး။ ဩဠာရိက၊ သုခုမ-နှစ်မျိုး။ ဟီန၊ ပဏီတနှစ်မျိုး။ ဒူရ၊ သန္တိက၊-နှစ်မျိုး- ဤကား ခန္ဓာငါးပါးကို ခွဲစရာ ၁၁—မျိုး ဖြစ်ပါသည်။)

(၁၈) အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြင့် ခွဲ၍ သုံးသပ်ပြပါ။ ။(အတိတ်ရုပ်သည် အတိတ်၌ ချုပ်ပြီးပြီ—အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနာဂတ် ရုပ်သည် အနာဂတ်၌ ချုပ်လတ္တံ့—အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပစ္စုပ္ပန်ရုပ်သည်ပစ္စုပ္ပန်၌ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ—ဤသို့သုံးသပ်ရပါသည်။)

(၁၉) အဇ္ဈတ္တ၊ ဗဟိဒ္ဓဖြင့်ခွဲ၍ သုံးသပ်ပြပါ။ ။(အဇ္ဈတ္တရုပ်သည် ဗဟိဒ္ဓမဖြစ်မူ၍ ချုပ်၏—ဗဟိဒ္ဓရုပ်အသည် အဇ္ဈတ္တမဖြစ်မူ၍ ချုပ်၏-အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဤသို့ သုံးသင် ရပါသည်။)

(၂၀) ဩဠာရိက၊ သုခုမ-စသည်တို့ဖြင့်ခွဲ၍ သုံးသပ်ပြပါ။ ။ဩဠာရိက ရုပ်သည် သုခုမ မဖြစ်မူ၍ ချုပ်၏။ သုခုမရုပ်သည် ဩဠာရိက မဖြစ်မူ၍ ချုပ်၏- အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ။ဟီနရုပ်သည် ပဏီတမဖြစ်မူ၍ ချုပ်၏။ ပဏီတရုပ်သည် ဟီန မဖြစ်မူ၍ ချုပ်၏-အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ။ဒူရရုပ်သည် သန္တိက မဖြစ်မူ၍ ချုပ်၏-သန္တိကရုပ်သည် ဒူရမဖြစ်မူ၍ချုပ်၏—အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ။ဝေဒ နာသည် ......။ သညာသည်........။ သင်္ခါရသည် ......။ ဝိညာဏ်သည်........တခုစီငင်း၊ ရုပ် နာမ်သည်-ဟု ပေါင်း၍ငင်း-သုံးသပ်ရပါသည်။)

(၂၁)ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြပါ။(အဝိဇ္ဇာကြောင့် သင်္ခါရသာ ဖြစ်သည်။ "ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဖြစ်။ သင်္ခါရကြောင့် ဝိညာဏ် သာ ဖြစ်သည်—ငါ့ကိုယ် ငါ့ဟာ ငါမဖြစ်.......။ဤနည်းမှီး၍ဇာတိကြောင့်ဇရာမရ ဏသာ ဖြစ်သည်—ငါ့ကိုယ် ငါ့ဟာ ငါမဖြစ်- အနိစ္စ၊ ဒုက္ခ၊ အနတ္တ—ဤသို့ သုံးသပ် ရပါသည်။)

(၂၂) မြေတလှမ်း တလှမ်း၌-ကြွ၊ ဆောင်၊ လွှဲ၊ ချ၊ ထား၊ နှိပ်—ဟူသောအစိတ်

အပိုင်း ၆-ခုကို ရှင်းပြပါ။ ။(ခြေတလှမ်း တလှမ်း၌ အစိတ်အပိုင်း ၆-ခုကို မှတ်သားရပါသည်။ ကြွ........ဟူသည့်ကား-လှမ်းလိုသော ခြေကို ရှေးဦးစွာ ကြွရပါသည်။ဆောင်........ကြွပြီးမှ ထိုခြေကို ရှေ့သို့ ဆောင်ရပါသည်။လွှဲ........ဆောင်ပြီးမှ ဆူး၊ ခြောင့်၊ ခလုတ်ကို မြင်၍ ဘေးသို့လွှဲလိုက်ရပါသည်။ချ........လွှဲပြီးမှ မြေ၌ချရပါသည်။ ထား........ချပြီးမှ မြေ၌ တည်အောင် ထားရပါသည်။ နှိပ်........ထားပြီးမှ နောက်တဘက် လှမ်းလို၍ ထိုခြေကို မြေ၌ နှိပ်၍နင်းရပါသည်။ ထိုနောက်မှ နောက်တဘက်ကို ကြွ၍ လှမ်းရပါသည်။)

(၂၃) ခြေတလှမ်းတလှမ်း၌သမ္မနညာဏ် ၆-ပါးဖြစ်အောင်သုံးသပ်ပြပါ။ ။(ခြေကြွစဉ် ရုပ်သည် မဆောင်မီ ချုပ်၏။ ဆောင်စဉ် ရုပ်သည် မလွှဲမီ ချုပ်၏။ လွှဲစဉ် ရုပ်သည် မချမီ ချုပ်၏။ ချစဉ် ရုပ်သည် မထားမီချုပ်၏။ ထားစဉ်ရုပ်သည် မနှိပ်မီချုပ်၏။နှိပ်စဉ်ရုပ်သည် မကြွမီချုပ်၏-အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဤသို့ ၆-ပါး ဖြစ်သည်။)

(၂၄) ........ခြေတလှမ်း တလှမ်း၌ဖြစ်သော ညာဏ် ၆-ပါးကို နာမ်အားဖြင့် ပရိုပါဠိနည်း လေးဆက်လောက်သုံးသပ်ပြပါ။ ။(ခြေတလှမ်းတလှမ်း၌အစိတ်အပိုင်း ၆-ခုကိုသိသော ပဌမစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ထိုပဌမစိတ်ကိုသိသော ဒုတိယစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ထိုဒုတိယစိတ်ကိုသိသော တတိယစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ထိုတတိယစိတ်ကို သိသော စတုတ္ထစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။)

(၂၅) ဥ-ဟူသော ဥဒယဗ္ဗယညာဏ် ဟူသည် အဘယ်နည်း။ ။(ရုပ်နာမ်တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုသောညာဏ်သည် ဥဒယဗ္ဗယ ညာဏ် မည်ပါသည်။)

(၂၆) ......ရုပ်၌ ဥဒယဗ္ဗယရှုပုံ ရှုပြစမ်းပါ။ ။(ဤရုပ်သည် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ-ဖြစ်ခြင်းကြောင့် ဖြစ်သည်။ဥပါဒ်အခါလည်းဖြစ်ခြင်းပင်တည်း။ ဤကားဥဒယ ငါးပါး။အဝိဇ္ဇာ၊ တဏှာ၊ ကံ၊အာဟာရ-ချုပ်ခြင်းကြောင့်ချုပ်သည်။ ဘင်အခါလည်း ချုပ်ခြင်းပင်တည်း။ဤကား ဝယငါးပါး။)

(၂၇) ဝေဒနာ၊ သညာ၊ သင်္ခါရ၌ ဥဒယဗ္ဗယရှုပုံ ရှုပြစမ်းပါ။ ။(ဤဝေဒနာ၊ သညာ၊သင်္ခါရသည် အဝိဇ္ဇာ၊ တဏှာ၊ကံ၊ဖဿဖြစ်ခြင်းကြောင့် ဖြစ်သည်။ ဥပါဒ်,အခါလည်း ဖြစ်ခြင်းပင်တည်း။ဤကား ဥဒယငါးပါးစီ။အဝိဇ္ဇာ၊တဏှာ ကံ၊ ဖဿ ချုပ်ခြင်းကြောင့် ချုပ်သည်။ ဘင်,အခါလည်း ချုပ်ခြင်းပင်တည်း-ဤကား ဝယငါးပါးစီ။)

(၂၈) ဝိညာဏ်၌ ဥဒယဗ္ဗယရှုပုံ ရှုပြစမ်းပါ။ ။(ဤဝိညာဏ်သည် အဝိဇ္ဇာ၊ တဏှာ၊ကံ၊ နာမ်ရုပ်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ဥပါဒ်,အခါလည်း ဖြစ်ခြင်းပင်တည်း။ ဤကား ဥဒယငါးပါး။ အဝိဇ္ဇာ၊တဏှာ၊ ကံ၊ နာမ်ရုပ်ချုပ်ခြင်းကြောင့်

ချုပ်သည်။ ဘင်, အခါလည်း ချုပ်ခြင်းပင်တည်း ဤကား ဝယငါးပါး။)

(၂၉) အဘယ်အခါ အာရဗ္ဘဝိပဿက ပုဂ္ဂိုလ်ဖြစ်သနည်း။ ။(ဥဒယ-ဗ္ဗယ ၅၀-ရှု၍ သင်္ခါရတို့၏ အသစ်အသစ် ဖြစ်လာပုံ၊ တိုတောင်းသော ခဏအတွင်း ပျက်ပုံကို မြင်သောအခါ တရုဏ ဝိပဿနာမည်သော ဥဒယ-ဗ္ဗယဉာဏ်ရသည်ဖြစ်၍ အာရဗ္ဘဝိပဿက ပုဂ္ဂိုလ် ဖြစ်ပါသည်။)

(၃၀) အဘယ်အခါ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိဖြစ်သနည်း။ ။(အာရဗ္ဘဝိပဿကပုဂ္ဂိုလ် ဖြစ်သောအခါ သြဘာသ၊ ပီတိ–စသော ဘေးရန်ဆယ်ပါးဖြစ်တတ်ပါသည်။ ထိုအခါ ငါအားဖြစ်သော သြဘာသ–စသည်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဤသို့ အနိစ္စ–စသည်ဖြင့် သိသောစိတ်သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဤ သြဘာသ–စသည်သည် လမ်းမှန်မဟုတ်၊ ဝိပဿနာညစ်နွမ်းကြောင်း ဘေးရန်ဖြစ်၏။ ထိုဘေးရန်မှ လွတ်သော ဝိပဿနာဉာဏ်စဉ်သာလျှင် ပုဗ္ဗဘာဂမဂ်ဖြစ်၍ လမ်းမှန်ဖြစ်သည်။ ဤသို့လမ်းမှန်၊ လမ်းမှား–မှတ်သားသောအခါ မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ ဖြစ်ပါသည်။)

(၃၁) ပဋိစ္စသမုပ္ပါဒ်အင်္ဂါကို ဥဒယ-ဗ္ဗယဉာဏ် ရှုပြစမ်းပါ။ ။(အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်သည်-ဤကား ဥဒယဉာဏ်။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်။ ဤကားဝယဉာဏ်........ဤနည်းမှီ၍ ဇာတိဖြစ်ခြင်းကြောင့် ဇရာမရဏဖြစ်သည်- ဤကားဥဒယဉာဏ်။ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်သည်။ ဤကားဝယဉာဏ်။)

(၃၂) ဥဒယ-ဗ္ဗယဉာဏ်သည် ပရိညာနှစ်ပါး၏ အရာဌာနဟု ဆိုသည်။ ဖြစ်ပုံရှင်းပြပါ။ ။(ဥဒယ-ဗ္ဗယဉာဏ်၏ ဖြစ်ခါစသည် တီရဏပရိညာ၏ ဌာနဖြစ်ပါသည်။ အလေ့အလာများသောအခါ ပဟာနပရိညာ၏ဌာနသို့ သက်ဝင်ပါသည်။)

(၃၃) ဥဒယ-ဗ္ဗယဉာဏ် ရသူအား ရုပ်နာမ် ထင်ပုံ ဖော်ပြပါ။ ။(ဤရုပ်၊ ဤနာမ်သည် မဖြစ်မီ စုပုံလျက်မရှိ။ ဖြစ်သောအခါ စုပုံရာမှမလာ။ ချုပ်သောအခါ တနေရာသို့မသွား။ ချုပ်ပြီးနောက် စုပုံလျက်မရှိ။ စောင်းသံသည် ရှေးကမဖြည်။ တီးမှ ဖြည်သည်။ ဖြည်ပြီးနောက် ပျောက်ပျက်လေသည်။ ထိုအတူ-ဤရုပ်၊ ဤနာမ်သည် ရှေးကမဖြစ်၊ အကြောင်းညီညွတ်မှ အသစ်ဖြစ်လာသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်လေသည်။ ဤသို့ထင်ပါသည်။)

(၃၄) ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးမသွင်း၊ သန္တတိအစဉ် ဖုံးလွှမ်းခြင်းကြောင့် အနိစ္စမထင်ဟုဆို၏။ သန္တတိအစဉ် ဖျက်ပြပါ။ ။(ဤရုပ်၊ ဤနာမ်သည် ဥဒယငါးပါး၊ ဝယငါးပါးဖြင့် ဖြစ်၍ ပျက်ပါသည်။ အစဉ်အဆက် တခုထည်းမဟုတ်ပါ။ အပိုင်းအပြတ် ဖြစ်၍ ပျက်ပါသည်-အနိစ္စ၊ အနိစ္စ။)

(၃၅) မပြတ်နှိပ်စက်အပ်သည်ကို နှလုံးမသွင်း၊ ဣရိယာပုထ် ဖုံးလွှမ်းခြင်း

ကြောင့် ဒုက္ခမထင်ဟုဆို၏။ ဣရိယာပုထ် ဖျက်ပြပါ။ ။(ဤရုပ်၊ ဤနာမ်သည် ဖြစ်ခြင်း၊ ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်ခံရပါသည်။ ဣရိယာပုထ် ပြောင်းလွှဲခြင်းဖြင့် အညောင်းပြေ၍ချမ်းသာသည်မဟုတ်ပါ။ ဣရိယာပုထ်တခုမှ တခုသို့မရောက်ဘဲ အမြဲနှိပ်စက် ခံနေရပါသည်-ဒုက္ခ၊ ဒုက္ခ။)

(၃၆) ပထဝီ၊ အာပေါစသော အကွဲအပြားကို နှလုံးမသွင်း၊ တခဲနက် ဖုံးလွှမ်းခြင်းကြောင့် အနတ္တမထင်ဟုဆို၏။ တခဲနက် ဖျက်ပြပါ။ ။ဤရုပ်၊ ဤနာမ်သည် ပထဝီ၊ အာပေါ-စသော အကွဲအပြား၊ ဖဿ၊ ဝေဒနာစသော အကွဲအပြား ဖြစ်ပါသည်။ တပုံးထည်း တခဲနက် ခိုင်ခံ့သည် မဟုတ်ပါ။ ပကတိမျက်စိဖြင့် မမြင်နိုင်အောင် သေးငယ်၍ မျက်စိတမှိတ်ခန့်မျှ အသက်မရှည်သော မှုန်မှုန် မွှားမွှား တရာ အစုကလေးတွေ ဖြစ်ပါသည်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု စွဲယူစရာမရှိ-အနတ္တ၊ အနတ္တ။)

(၃၇) ဘင်-ဟူသော ဘင်္ဂဉာဏ်ဟူသည် အဘယ်နည်း။ ။(ဥဒယ·ဗ္ဗယဉာဏ် အမြင်သန်၍ ဖြစ်ခြင်း၊ ပျက်ခြင်း-လျင်လျင် မြန်မြန် ထင်ဖန်များသောအခါ ဖြစ်ခြင်း မမြင်၊ ပျက်ခြင်းကိုသာ မြင်ရခြင်းသည် ဘင်္ဂဉာဏ် ဖြစ်ပါသည်။)

(၃၈) ဘင်္ဂဉာဏ်ဖြင့် ပျက်ခြင်းမျှမြင်ပုံကို ဥပမာဆောင်ပြပါ။ ။(လျှပ်စစ်ပြက်သောအခါ လျင်မြန်ခြင်းကြောင့် ဖြစ်ခြင်းကို စွဲအောင်မမြင်၊ ပျက်ခြင်းသာ စွဲအောင် မြင်ရပါသည်။ ထိုအတူ ရုပ်နာမ်တို့၏ လျင်မြန်ခြင်းကြောင့် ဖြစ်ခြင်းမမြင်၊ ပျက်ခြင်းသာစွဲအောင်မြင်ရပါသည်။)

(၃၉) ဘင်္ဂဉာဏ်ဖြင့် ပျက်ခြင်းကိုသာ မြင်ပြစမ်းပါ။ ။(ဤရုပ်၊ ဤနာမ်၊ သင်္ခါရအစုသည် ဖြစ်လေသမျှ ပျက်ဘို့ချည်းသာဖြစ်လေစွတကား။ တဖျစ်ဖျစ် မြည်ဆူ အိုးကင်းပူထက် နှမ်းစေ့ကျက်သကဲ့သို့ တပျက်ထည်းသာ ပျက်လေစွတကား။ မိုဃ်းကြီးရွာစဉ် ရေပြင်အထက် ဥဗေါင်းရေပွက် လျင်စွာပျက်သကဲ့သို့ အပျက်မြန်လှလေစွတကား။)

(၄၁) ဘင်္ဂဉာဏ်ရသူ၏ အာနိသင်ကို ဖော်ပြပါ။ ။(ရုပ်နာမ်လောက၌ ဘင်္ဂဉာဏ်ရလျှင် ဦးခေါင်း မီးလောင်သူအလား ကိစ္စတပါး ပယ်ရှား၍-ဝါ၊ ဦးခေါင်းမီးလောင်စဉ်သော်လည်း ကိစ္စတပါး ပယ်ရှား၍ ဘင်္ဂဉာဏ်ဖြင့် ပျော်ပျော်ကြီးအပျက်ကို ရှုနိုင်ပါသည်၊ အပျက်မြင်သူကို သေမင်းမမြင်နိုင်လတ္တံ့။)

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ပုဗ္ဗုဠကံ၊ ဥဗေါင်းရေပွက်ကို။ ပဿေယထာ၊ တဖျစ်ဖျစ် ပျက်အင်-ရှုမြင်သကဲ့သို့။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရေမဟုတ်ဘဲရေအသွင်-ရှုမြင်ရသကဲ့သို့။ ဧဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးပါး ရုပ်နာမ်လောကကို။ အဝေက္ခန္တံ၊ အပျက်

စုနှင့် ကိုယ်မဟုတ်ဘဲ ကိုယ်အသွင်ဟု ဉာဏ်သက်ဝင်၍ ရှုမြင်သူကို။ မဇ္ဈိမဂါထာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။ ဝါ၊ အရဟတ္တမဂ်ရ၍ ဘဝတဖန်မရှိသော ကြောင့် မမြင်ရလေတော့သတည်း။ ဤသို့ဟောပါသည်။)

(၄၁) အပျက်ကိုပျော်ပျော်ကြီး ရှုနိုင်ပုံကို ဥပမာဆောင်ပြပါ။ ။(အချုပ်ထောင်အတွင်း အကျဉ်းခံရသူသည် ထိုအချုပ်ထောင်၏ ပျက်သော နေရာတခုကို မြင်ရလျှင် ထိုအပျက်ကို ပျော်ပျော်ကြီး ရှုနိုင်ပါသည်။ အချုပ်ထောင်၏ အပျက်မြင်သူသည် မကြာမီအချုပ်ထောင်စောင့်သူတို့ မမြင်ရာသို့ ရောက်နိုင်ပါသည်။)

(၄၂) ဘ-ဟူသော ဘယဉာဏ်ဟူသည် အဘယ်နည်း။ ။(ဘင်္ဂဉာဏ် အမြင်သန့်၍ ၃၁-ဘုံ သင်္ခါရအားလုံးသည် ကြောက်ဘွယ် ဘေးရန်ကြီးပါတကား-ဟု တွယ်တာခြင်းကင်းလျက် ကြောက်ခြင်းသည် ဘယဉာဏ်မည်ပါသည်။)

(၄၃) ဘယဉာဏ်ဖြင့် ကြောက်ပုံ ကြောက်ပြစမ်းပါ။ ။(၃၁-ဘုံသင်္ခါရအားလုံးသည် ခြသေ့ သစ်ကျားပမာ ကြောက်စရာကောင်းလေစွ။ မြွေဆိုး၊ ဆင်ဆိုး၊ မိုယ်ကြိုးစက်ကွင်းပမာ-လန့်စရာကောင်းလေစွ။ မီးကျီးစုအသွင်၊ စစ်မြေပြင်တန့်နှိန်း-သင်းချိုင်းကုန်းပမာ-နေဧရာမကောင်းလေစွ။ အတိတ်ရုပ်နာမ်တွေပျက်ပြီးပြီ။ ပစ္စုပ္ပန်ရုပ်နာမ်တွေ ပျက်ဆဲ၊ အနာဂတ်ရုပ်နာမ်တွေ ပျက်လတ္တံ့။ ကာမဘုံခန္ဓာ ရှားနှစ် တံကျင်ပမာ။ ရူပဘုံခန္ဓာ သံတံကျင်ပမာ။ အရူပဘုံခန္ဓာ ရွှေတံကျင်ပမာ။ တွယ်တာဘွယ် မကောင်း၊ သက်သာကြောင်း မပါ၊ ကြောက်ဘွယ် တို့သာ ဖြစ်ကုန်စွတကား။)

(၄၄) တွယ်တာခြင်းကင်းပုံကို ဥပမာဆောင်ပြပါ။ ။(မင်းပြစ်သင့်သော သူ့ပုန်သုံးယောက်၏ မိခင်သည် သားကြီးဦးခေါင်းဖြတ်ပြီးကို မြင်ပြီး၍ သားလတ် ဦးခေါင်းဖြတ်ဆဲကိုမြင်ရသောအခါ သားငယ်ကိုလည်း ဦးခေါင်းဖြတ်လတ္တံ့ဟုသိ၍ ငါ့သားဟု တွယ်တာစရာ မထင်သကဲ့သို့ အတိတ် ရုပ်နာမ်တွေ ပျက်စီးပြီး၍ ပစ္စုပ္ပန်ရုပ်နာမ်တွေ ပျက်ဆဲကို မြင်ရသောအခါ အနာဂတ်ရုပ်နာမ်တွေလဲ ပျက်လတ္တံ့ဟုသိ၍ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-ဟု တွယ်တာစရာရုပ်နာမ်သင်္ခါရကို မမြင်ရသဖြင့် တွယ်တာခြင်းကင်း ရပါသည်။)

(၄၅) ဒေါသကြောက်၊ ဉာဏ်ကြောက်ကို ရှင်းပြ၍ လိုအပ်သော ကြောက်ခြင်းကိုဖေါ်ပြပါ။ ။(တောထဲ၌ ကျားကို ရင်ဆိုင်မြင်ရသောအခါ ဘာမျှမကြံစည်တတ်အောင် တွေဝေလျက် ကြောက်ခြင်းသည် ဒေါသကြောက် ဖြစ်ပါသည်။ လှောင်အိမ်ထဲက ကျားကိုမြင်ရသောအခါ ဤသို့ဤသို့ ကြောက်စရာ ကောင်းသည်ဟု ဆင်ခြင် တိုင်းထွာနိုင်သော ကြောက်ခြင်းသည် ဉာဏ်ကြောက်ဖြစ်ပါသည်။ ဤဝိပဿနာ အရာ၌ သတိ သမ္ပဇည မကင်းသော ဉာဏ်ကြောက်ကိုသာ အလိုရှိ ရပါသည်။)

၄၆ ......အာ—ဟူသော အာဒီနဝဉာဏ် ဟူသည် အဘယ်နည်း။ ။(ဘယဉာဏ်ဖြင့်ကြောက်၍ ၃၁—ဘုံ သင်္ခါရအားလုံးကို မဆက်ဆံလိုသဖြင့် အပြစ်မြင်ခြင်းသည် အာဒီနဝဉာဏ် မည်ပါသည်။)

၄၇......အာဒီနဝဉာဏ်ဖြင့် အပြစ်မြင် ပြစမ်းပါ။ ။(ဘုံသုံးပါးသည် လှံတံကျင်သုံးစင်း၊ မီးကျီးတွင်း သုံးခုနှင့်တူလေစွ။ ဓာတ်ကြီးလေးပါးသည် မြွေဆိုးကြီးလေးကောင်နှင့် တူလေစွ၊ခန္ဓာငါးပါးသည် သံလျက်မိုးသော သူသတ်ယောကျ်ားငါးဦးနှင့်တူလေစွ။ စက္ခုသောတ စသော ကိုယ်တွင်းအာယတန ခြောက်ပါးသည် ထားပြတိုက် ခံရသော ရွာ-၆ —ခုနှင့်တူလေစွ။ ရူပါရုံ—သဒ္ဒါရုံ စသော ပြင်ပအာယတန ခြောက်ပါးသည် ထားပြကြီး ၆—သင်းနှင့် တူလေစွ။ ဝိညာဏဋ္ဌိတိ ၇-ပါး။သတ္တာ—ဝါသဘုံ ၉—ပါးသည် မီး ၁၁—မျိုးတောက်လောင်သော ခုနစ်ထပ်အိမ်ကြီး၊ ကိုးထပ်အိမ်ကြီးနှင့် တူလေစွ။ ဆက်ဆံ စရာအနည်းငယ်မျှ မရှိလေစွတကား။)

၄၈......ဓာတ်ကြီးလေးပါးကို မြွေဆိုးကြီးလေးကောင်နှင့် တူပုံ အပြစ်မြင် ပြစမ်းပါ။ ။(ဤကိုယ်၌ ပထဝီပျက်လျှင် ကဋ္ဌမုခမြွေ ကိုက်သကဲ့သို့ တောင့်တင်း၏။ပထဝီနှံ့သောဤကိုယ်သည် ကဋ္ဌမုခမြွေ၏ ခံတွင်း၌နေရသည်နှင့်တူလေစွ။ ။ အာပေါပျက်လျှင် ပူတိမုခမြွေ ကိုက်သကဲ့သို့ ပုပ်ပွ၏။ အာပေါနှံ့သော ဤကိုယ်သည် ပူတိမုခမြွေ၏ခံတွင်း၌နေရသည်နှင့်တူလေစွ။ ။တေဇောပျက်လျှင်အဂ္ဂိမုခမြွေကိုက်သကဲ့သို့ ပူလောင်၏။ တေဇောနှံ့သော ဤကိုယ်သည် အဂ္ဂိမုခမြွေ၏ခံတွင်း၌ နေရသည်နှင့် တူလေစွ။ ။ဝါယောပျက်လျှင် သတ္ထမုခမြွေကိုက်သကဲ့သို့ ပေါက်ကွဲ၏၊ ကြေလွင့်၏။ ဝါယောနှံ့သော ဤကိုယ်သည် သတ္ထမုခမြွေ၏ ခံတွင်း၌ နေရသည်နှင့်တူလေစွ။)

၄၉......ပဋိသမ္ဘိဒါနည်း အမြွက်ဖြင့် အပြစ်မြင် ပြစမ်းပါ။ ။(ခန္ဓာငါးပါး ဖြစ်ခြင်းသည် ဒုက္ခ၊ခန္ဓာငါးပါး အဆက်ဆက်သည် ဒုက္ခ၊အကြောင်းနိမိတ်ရှိခြင်းသည် ဒုက္ခ၊ အားထုတ်ခြင်းသည်ဒုက္ခ၊ပဋိသန္ဓေရှိခြင်းသည် ဒုက္ခ-ဤကားအပြစ်ကို သိသော အာဒီနဝဉာဏ် ငါးခု။ ခန္ဓာငါးပါး မဖြစ်ခြင်းသည် သုခ၊ ခန္ဓာငါးပါး မဆက်ခြင်းသည် သုခ၊ အကြောင်းနိမိတ်မရှိခြင်းသည် သုခ၊ အားမထုတ်ခြင်းသည် သုခ၊ ပဋိသန္ဓေ မရှိခြင်းသည် သုခ—ဤကား နိဗ္ဗာန်ကိုသိသော သန္တိပဒဉာဏ် ငါးခု။)

၅၀......အာဒီနဝဉာဏ် ပြရာ၌ သန္တိပဒဉာဏ်ကို အဘယ်ကြောင့် တွဲ၍ ဟောပြသနည်း။ ။(အာဒီနဝ၏ ဆန့်ကျင်ဘက်ကို မြင်စေလို၍၎င်း၊ ဘေးမြင်၍ ကြောက်သူအား သက်သာရာရစေလို၍၎င်း၊ဘေးကိုမြင်လျှင် နိဗ္ဗာန်သို့ညွှတ်ကိုင်း

သက်ဝင်နိုင်သည်ဟု အကျိုးကိုပြလို၍ဝှင်း—သင်္ခါရဉာဏ်ကိုတွဲ၍ ဟောပြတော်မူပါသည်။)

၅၁........နိ—ဟူသော နိဗ္ဗိဒါဉာဏ်ဟူသည် အဘယ်နည်း။ ။(အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်၍ ဘုံသုံးပါး၌ ငြီးငွေ့သော ဉာဏ်သည်၊ ဝါ၊ သင်္ခါရ—နိဗ္ဗာန်သို့ ညွတ်ကိုင်း သက်ဝင်သော ဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်ပါသည်။)

၅၂........နိဗ္ဗိဒါဉာဏ်ဖြင့် ဘုံသုံးပါးငြီးငွေ့ပြစမ်းပါ။ ။(ရွှေဟင်္သာသည် ဥန်းစလ္လာရေအိုင်၌ မမွေ့၊ ဟိမဝန္တာအိုင်ကြီး၌သာ မွေ့သည်။ ဘုံသုံးပါးသည် ဥန်းစလ္လာရေအိုင်နှင့် တူလှ၏။ ဝိပဿနာ ဉာဏ်အိုင်ကြီးသာ မွေ့လျော်ဘွယ်ကောင်းလေစွ၊ ကေသရာဇာခြင်္သေ့မင်းသည် လှောင်အိမ်ရွှေချိုင့်၌မမွေ့၊ တောသုံးတောင်၌သာ မွေ့သည်။ ဘုံသုံးပါးသည် သံချိုင့်၊ ငွေချိုင့်၊ ရွှေချိုင့်နှင့်တူလှ၏။ ဝိပဿနာဉာဏ်ချိုင့်ကြီးသာ မွေ့လျော်ဘွယ်ကောင်းလေစွ။ ဆဒ္ဒန်ဆင်ဖြူတော်သည် မြို့ရွာအတွင်း၌ မမွေ့၊ ဆဒ္ဒန်အိုင်ကြီး၌သာ မွေ့သည်။ ဘုံသုံးပါးသည် မြို့ရွာအတွင်းနှင့်တူလှ၏။ ''ခန္ဓာငါးပါးမဖြစ်ခြင်းသည် သုခ''စသည်ဖြင့် တွေးဆ၍မြင်ရသော သင်္ခါရဉာဏ် နိဗ္ဗာန်အိုင်ကြီးသာ မွေ့လျော်ဘွယ်ကောင်းလေစွ။)

၅၃........ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ-၃၊ဉာဏ်သုံးပါး ထူးပုံ၊ တူပုံ ဖော်ပြပါ။ ။(ဘယဉာဏ်—ကြောက်ခြင်း၊ အာဒီနဝဉာဏ် အပြစ်မြင်ခြင်း၊ နိဗ္ဗိဒါဉာဏ်ငြီးငွေ့ခြင်းအားဖြင့် အားထုတ်စဉ် သဘောမတူပါ။ အပြီးအဆုံးသို့ ရောက်သောအခါ သဘောတူပါသည်။ တဉာဏ်ထည်းသုံးမည်ရဟူ၍ပင် မိန့်ဆိုကြပါသည်။)

၅၄........မု-ဟူသော မုဉ္စိတုကမျတာဉာဏ်ဟူသည် အဘယ်နည်း။ ။(နိဗ္ဗိဒါဉာဏ်ဖြင့်လွန်စွာငြီးငွေ့၍ ဘုံသုံးပါးမှ ထွက်မြောက်လို၊ လွတ်လိုသော ဉာဏ်သည် မုဉ္စိတုကမျတာဉာဏ်မည်ပါသည်။)

၅၅........မုဉ္စိတု ကမျတာဉာဏ်ဖြင့် လွတ်လိုပြစမ်းပါ။ ။(ဘုံသုံးပါး၌ အိုဘေး၊ နာဘေး၊ သေဘေး အကြား ကျင်လည်ရခြင်းသည် ပိုက်ကွန်မိသော ငါး၊ ဂဠုန်လက်တွင်း နဂါး၊ မြွေခံတွင်း ဖားနှင့် တူလှ၏။ ယခုလွတ်မှုကောင်းလေစွ။ ။ချိုင့်လှောင်သောတောကြက်၊ ကျော့ကွင်းမိသော တောဝက်၊ ကြောင်ခံတွင်း ကြွက်နှင့် တူလှ၏။ ယခုလွတ်မှု ကောင်းလေစွ။ ။အလမ္ပယ် မြွေအလား၊ စွန်လက်သည်းကြား စာသူငယ်၊ ညွန်အိုင်အလယ် ဆင်ပြောင်နှင့်တူလှ၏။ ယခုလွတ်မှု ကောင်းလေစွ။)

၅၆........ပဋိ-ဟူသော ပဋိသင်္ခါရဉာဏ်ဟူသည် အဘယ်နည်း။ ။(မုဉ္စိတုကမျတာဉာဏ်ဖြင့် လွတ်လိုသော်လည်း လွတ်ကြောင်းမပြည့်စုံသဖြင့် သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးဖြင့် ပြန်၍ သိမ်းဆည်းသော ဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်ပါသည်။)

၅၇........ပဋိသန္ဓိဉာဏ်ဖြင့် ပြန်၍ သိမ်းဆည်း ပြစမ်းပါ။ ။(ရုပ်သည် ကုန်ခြင်း ပျက်ခြင်းကြောင့် အနိစ္စ၊ အနိစ္စ။ ကြောက်ဘွယ်ဘေး ရှိခြင်းကြောင့် ဒုက္ခ၊ ဒုက္ခ။ စက်ဆုပ်ဘွယ် ဖြစ်ခြင်းကြောင့် အသုဘ၊ အသုဘ။ အနှစ်သာရ မရှိခြင်းကြောင့် အနတ္တ၊ အနတ္တ။ ။ဝေဒနာသည်........။ သညာသည်........။ သင်္ခါရသည်......။ ဝိညာဏ်သည် ထိုအတူ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ အနတ္တ။)

၅၈........လွတ်ကြောင်း မပြည့်စုံသဖြင့် ပြန်၍ သိမ်းဆည်းပုံကို ဥပမာဆောင်ပြပါ။ ။(သဘောသားတို့ ဖမ်းသွားသော ကျီးငှက်သည် ကမ်းမမြင်သော သမုဒ္ဒရာသို့ ရောက်မှ ပြန်လွှတ်လိုက်သောအခါ အထက်ကောင်းကင်သို့ ပျံတက်ကာကြည့်၍ ကမ်းခြေ-မြင်လျှင် တရှိန်ထည်း ပျံသွားပါသည်။ ကမ်းခြေမမြင်လျှင် မပျံနိုင်သဖြင့် ထိုသဘော၏ လင်းယဉ်တိုင်၌ပင် ပြန်၍နားရပါသည်။ ထိုအတူ ဤပဋိသန္ဓိဉာဏ်သည် နိဗ္ဗာန်ကမ်းခြေကို မမြင်၍ တရှိန်ထည်း မသွားနိုင်သဖြင့် သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးဖြင့် ပြန်၍ သိမ်းဆည်း ရပါသည်။)

၅၉........ဤပဋိသန္ဓိဉာဏ်အရာ၌ တံငါသည် ဥပမာကို ဖေါ်ပြပါ။ ။(တံငါ တယောက်သည် ငါးဆောင်းရာ၌ မိသော အကောင်ကို လည်ပင်း၌ ဆုပ်လျက်- ''ငါးကြီး တကောင်ရပြီ''ဟု ဝမ်းမြောက် ပါသည်-၁။ ရေမှ ထုတ်ပေါ်သော အခါ လည်ရေး သုံးတန့်ကို မြင်ပါသည်-၂။ ထိုအခါ မြွေဟု သိ၍ ကြောက်ပါ သည်-၃။ အပြစ် မြင်ပါသည်-၄။ ငြီးငွေ့ ပါသည်-၅။ လွှတ်ပစ် လိုပါသည်-၆။ လွှတ်ကြောင်းပြည့်စုံအောင် မြွေကို ဆုပ်၍ ရစ်သော အမြီးကို ဖြေ၍ မြှောက်၍ ကြိမ် ကြိမ်ဝင့် ပါသည်-၇။ ထိုနောက် အားနည်းသောမြွေကို လွှင့်၍ ပစ်ပါသည်-၈။ ထိုနောက် ကမ်းပါးသို့ တက်၍ ဝမ်းမြောက်စွာ လာလမ်းပြန်ကြည့်ပါသည်-၉။ ပြန်ကြည့်၍ ဘေးကင်းရာ၌ တည်ပါသည်-၁၀။)

၆၀........ယခုဖေါ်ပြသော တံငါသည် ဥပမာကို ဥပမေယျနှင်းပြပါ။ ။(ထိုတံ ငါနှင့်တူသော ယောဂီပုဂ္ဂိုလ်သည် ဘုံသုံးပါး၌ ခန္ဓာအတ္တဘောကိုရ၍ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု—လည်ပင်း၌ ဆုပ်လျက် ဝမ်းမြောက်ပါသည်-၁။ ထိုအတ္တဘောကို သမ္မသနဉာဏ်။ ဥဒယဗ္ဗယဉာဏ်။ ဘင်ဉာဏ်ဖြင့် ဖေါ်ထုတ် သောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟူသော လည်ရေး သုံးတန့်ကို မြင်ပါသည်-၂။ ထိုအခါ ဘယ ဉာဏ်ဖြင့် ကြောက်ပါသည်-၃။ အာဒီနဝ ဉာဏ်ဖြင့် အပြစ်မြင်ပါသည်-၄။ နိဗ္ဗိဒါ ဉာဏ်ဖြင့် ငြီးငွေ့ပါသည်—၅။ မုဉ္စိတုကမျတာဉာဏ်ဖြင့် လွှတ်ပစ် လိုပါသည်-၆။ လွှတ်ကြောင်းပြည့်စုံအောင် ပဋိသန္ဓိဉာဏ်ဖြင့် ပြန်၍ သိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ အနတ္တ-ဟု ကြိမ်ကြိမ်ဝင့်ပါသည်-၇။ ထိုနောက် အားနည်းသော သင်္ခါရ တို့ကို ဂေါတြဘူဉာဏ်ဖြင့် လွှတ်၍ ပစ်ပါသည်-၈။ ထိုနောက် မဂ်ဉာဏ်ဖြင့် ကမ်း

ပါးသို့ တက်၍ လာလမ်း ပြန်ကြည့်ပါသည်-၉။ နိဂုံးလိဉာဏ်ဖြင့် ဘေးကင်းရာ၌ တည်ပါသည်—၁၀။)

၆၁........ရူ-ဟူသော သင်္ခါရုပေက္ခာဉာဏ်ဟူသည် အဘယ်နည်း။ ။(ပဋိသင်္ခါ ဉာဏ်ဖြင့် ပြန်၍ သိမ်းဆည်းဖန်များလတ်သော် သင်္ခါရတို့၌ လျစ်လျူရှုနိုင်သော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်ပါသည်။)

၆၂........အဘယ်သို့ ဖြစ်၍ သင်္ခါရတို့၌ လျစ်လျူရှုနိုင်သော ဉာဏ်ဖြစ်လာသနည်း။ ။(သင်္ခါရတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်းကိုရင်း၊ မုန်းခြင်း၊ ချစ်ခြင်းကိုရင်း ပယ်နိုင်သောကြောင့် လျစ်လျူရှုနိုင်သော ဉာဏ်ဖြစ်လာပါသည်။)

၆၃........သင်္ခါရုပေက္ခာဉာဏ်ဖြစ်လာပုံကို ထင်ရှားအောင် ရှင်းပြပါ။ ။(ပဋိသင်္ခါဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ-ထင်သော်လည်း အနတ္တမထင်-သုညမမြင်လျှင် သစ္စာလေးပါးမသိနိုင်ပါ။အနတ္တနိုင်မြဲစွာထင်အောင် အနည်းနည်း အဖုံဖုံပြန်၍ သိမ်းဆည်းရပါသည်။ သိမ်းဆည်းဖန်များလတ်သော် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု တူစရာ မမြင်သဖြင့် ကြောက်ခြင်း,နှစ်သက်ခြင်းလဲမဖြစ်ပါ။ မုန်းခြင်း,ချစ်ခြင်းလဲမဖြစ်ပါ။ ထိုအခါ လျစ်လျူရှုနိုင်သော သင်္ခါရုပေက္ခာဉာဏ် ဖြစ်လာပါသည်။)

၆၄........မုန်းခြင်း၊ချစ်ခြင်းပယ်၍ လျစ်လျူရှုနိုင်ပုံကို ဥပမာ ဆောင်ပြပါ။ ။(ချစ်လှစွာသော မယားကို ပြော၍ မရ—ယုတ်မာလှသောကြောင့် စွန့်ပစ်လိုက်သော သူသည် နောက်၌ ဘယ်လိုနေနေ-မမုန်း,မချစ်-လျစ်လျူ ရှုနိုင်ပါသည်။ ထို့အတူ သင်္ခါရုပေက္ခာဉာဏ်ရသော ယောဂီပုဂ္ဂိုလ်သည် ခန္ဓာ ငါးပါး သင်္ခါရတရားတို့၌ မမုန်း,မချစ်-လျစ်လျူ ရှုနိုင်ပါသည်။)

၆၅........သင်္ခါရုပေက္ခာဉာဏ်ရသော ယောဂီ၏ စိတ်အနေအထားကို ဖော်ပြပါ။ ။(သင်္ခါရုပေက္ခာဉာဏ်ရသော ယောဂီ၏ စိတ် အနေ အထားသည် ကြာရွက်၌ ရေပေါက်၊ မီးရှိန်ကြောက်သော ကြက်တောင်၊ မီးလောင်သော အမဲရွတ်ကဲ့သို့ ခန္ဓာငါးပါး သင်္ခါရတို့၌ တွန့်လိပ် ခွေ ကုပ် စက်ဆုပ်ခြင်း လျစ်လျူရှုခြင်း သဘောရှိပါသည် ။၃၁-ဘုံ သံသရာဇာတ်ခုံ၌ မိမိ အတ္တဘောကို ထုတ်ပြခြင်းငှာ အာသာဆန္ဒ မရှိနိုင်တော့ပါ။)

၆၆........မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ-၃ဉာဏ်သုံးပါး ထူးပုံ၊ တူပုံ၊ ဖော်ပြပါ။ ။(အစ၌ လွတ်လိုခြင်း၊ အလယ်၌ လွတ်ကြောင်းပြည့်စုံအောင် ပြုခြင်း၊ အဆုံး၌ လျစ်လျူရှုခြင်း အားဖြင့် ဖြစ်ပုံမျှထူးပါသည်။ သုံးမည်ရ တဉာဏ်ထည်းဟူ၍ပင် မိန့်ဆိုကြပါသည်။ အနက်ထူး မရှိပါ။)

၆၇........သင်္ခါရုပေက္ခာဉာဏ်ရပြီးသော ယောဂီ၏ ဝိပဿနာဉာဏ်သည် အဘယ်သို့ပြားသနည်း။ ။(သင်္ခါရုပေက္ခာဉာဏ် ရပြီးသော ယောဂီ၏ ဝိပဿနာဉာဏ်

သည် သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်—ဟု သုံးမျိုးပြားပါသည်။)

၆၈......သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘု—ဉာဏ်ဟူသော ဉာဏ်သုံးပါးသည်အဘယ်သို့သော အမည်ထူးကို ရသနည်း။ ။(သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘု-ဟူသော ဉာဏ်သုံးပါးသည် သိခါပတ္တာ-ဟူ၍၎င်း၊ ဝုဋ္ဌာနဂါမိနီ-ဟူ၍၎င်း အမည်ထူးတို့ကို ရပါသည်။)

၆၉......သိခါပတ္တာ၏ အဓိပ္ပါယ် ရှင်းပြပါ။ ။(သိခါ—ထွဋ်ထိပ်သို့+ပတ္တာ—ရောက်၏။ ဝိပဿနာဉာဏ် ထိပ်ဆုံးသို့ရောက်သောကြောင့် သိခါပတ္တာမည်ပါသည်။)

၇၀......ဝုဋ္ဌာနဂါမိနီ၏ အဓိပ္ပါယ် ရှင်းပြပါ။ ။(ဝုဋ္ဌာန-ထသည်၊ မဂ်သည် အပါယ်စသော ဘုံဘဝမှထသည်။ နိဗ္ဗာန်အာရုံပြုသောကြောင့် သင်္ခါရအာရုံဟူသော သင်္ခါရနိမိတ်မှလည်း ထသည်။ထမြောက်သောကြောင့် ဝုဋ္ဌာန မည်ပါသည်။ ဂါမိနီ-သွား၏။ ဝုဋ္ဌာနမည်သော-မဂ်သို့ဆိုက်အောင် သွားသောကြောင့် ဝိပဿနာဉာဏ်သည် ဝုဋ္ဌာနဂါမိနီ မည်ပါသည်။)

၇၁......ဤသင်္ခါရုပေက္ခာဉာဏ်ကို အဘယ်အခါရနိုင်သည်၊ အဘယ်သူရနိုင်သည်-ရှင်းပြပါ။ ။(ဤသင်္ခါရုပေက္ခာဉာဏ်ကို ဤသာသနာ ငါးထောင်အတွင်း ရနိုင်ပါသည်။ ကံကြီးငါးပါး မထိုက်သူ၊ နိယတမိစ္ဆာဒိဋ္ဌိကင်းသူ၊ သဒ္ဓါယုံကြည်ခြင်းအားကြီးသူ၊ အာသာဆန္ဒပြင်းထန်သူ-ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောလူတိုင်း ပါရမီမလို-ဒွိဟိတ်၊ တိဟိတ်၊ ဘယ်သူမဆို ရနိုင်ပါသည်။)

၇၂......သင်္ခါရုပေက္ခာဉာဏ်အထိ အားထုတ်သူ၏ အာနိသင်ကို ဖော်ပြပါ။ ။(သင်္ခါရုပေက္ခာ ဉာဏ်အထိ အားထုတ်ခြင်းသည် ပဋိသမ္ဘိဒါဉာဏ် ရကြောင်း အင်္ဂါ ဖြစ်ပါသည်။)

၇၃......ပဋိသမ္ဘိဒါဉာဏ်၏ အာနိသင် အမြွက်မျှ ဖော်ပြပါ။ ။(ရှင်ဂုဏ္ဍပန်သည် ဂါထာတပုဒ်ကို သုံးလသင်သော်လည်း နှုတ်တက်မရပါ။ နောက်၌ ပုဝါဖြူတခုကို လက်ဖြင့် သုံးသပ်စဉ် ညစ်ညစ် သွားသည်ကို သဖြင့် ဝိပဿနာဉာဏ် အဆင့်ဆင့်ရ၍ ရဟန္တာဖြစ်သွားပါသည်။ ရဟန္တာဖြစ်သည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါဉာဏ်ရ၍ ပိဋကတ်သုံးပုံ—ဘုရားစကားတော်ကို ဆရာထံမသင်ဘဲ တတ်မြောက်ပါသည်။ ပုထုဇဉ်ထဲက မရကောင်းသောကြောင့် ပဋိသမ္ဘိဒါဉာဏ်ရလျှင် ပုထုဇဉ်လောဟု တွေးတောဘွယ်မရှိပါ။ ခုဇ္ဇုတ္တရာ—ကျွန်မ—သောတာပန် ပဋိသမ္ဘိဒါဉာဏ်ရ၍ ပိဋကတ်သုံးပုံ ဆောင်နိုင်ပါသည်။ ဗဟုဿုတဂုဏ်ပင်ရပါသည်။ ဤကားအမြွက်မျှဖြစ်ပါသည်။)

၇၄......ဤသင်္ခါရုပေက္ခာဉာဏ်ဖြင့် ရုပ်,နာမ်,သင်္ခါရ တို့ကို လျစ်လျူရှုပြစ်မြဲ

ပါ။ ။(တောဘုမကဘန်ါရှရုပ်နာမ်အားလုံးသည် အတ္တမှဆိတ်၏။ နိစ္စသာရမှ ဆိတ်၏။ ငါဟူသော အတ္တမရှိ။ ငါ့ဥစ္စာဟူသော အတ္တနိယမရှိ။ ဘယ်နေရာ၊ ဘယ်အခါ၊ ဘယ်သဘော၌မဆို ငါဟု-ဆိုစရာ ကိုယ်မရှိ။သူ—ဟုဆိုစရာကိုယ်မရှိ။ သူ၏ ကြောင့်ကြစရာ ငါမရှိ။ ငါ၏ကြောင့်ကြစရာ သူမရှိ။ ၄က်ပျောတုံး လက်ပံတုံး၊တူစွာ အနှစ်မပါ၊ အနှစ်မဟုတ်။ အနှစ်ကင်း၏။ တောင့်တ၍မနိုင်၊ စိုးပိုင်သူမမြင်၊ သခင်မရှိ—အလိုမတူဘဲဖြစ်၏။သူစိမ်းပြင်ပဖြစ်၏။သတ္တဝါမဟုတ်၊အသက်မဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမ-မဟုတ်၊ အချည်းနှီး အလကားဖြစ်၏။ မိတ်ဆွေပုံဟန် သေကြောင်းကြံသော ရန်သူနှင့်တူ၏။ အိုနာ သေရေး ဒုက္ခဘေးမျိုးစုံရှိ၏။ ဘာတခုမျှ အားကိုးစရာမရှိ၊ သုညအတိဖြစ်၏။)

၇၅……ဤသန်ါရှုပေက္ခာဉာဏ်၌ အရှင်မောဃရာဇ မထေရ်အားမြတ်စွာဘုရား အဘယ်သို့ ဟောသနည်း။

သုညတောလောကံ အဝေက္ခဿု၊ မောဃရာဇ သဒါသတော။
အတ္တာ-နုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။ ။

မောဃရာဇ၊ချစ်သားမောဃရာဇ။သဒါ၊ အခါခပ်သိမ်း။သတော၊ ထင်သောသတိရှိသည်ဖြစ်၍။အတ္တာ နုဒိဋ္ဌိံ၊အတ္တာနုဒိဋ္ဌိမည်သော သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို။ ဥဟစ္စ၊ ပယ်နုတ်၍။ လောကံ၊ ခန္ဓာငါးဝ ရုပ်နာမ်လောကကို။ သုညတော၊နိစ္စမရှိ၊ သုခမရှိ၊ အတ္တမရှိ—သုညအတိဟူ၍။ အဝေက္ခဿု၊ ယက်ဝင်အောင်ရှုလော့။ ဧဝံ၊ ဤသို့ရှုသည်ရှိသော်။ မစ္စုတရော၊ သေမင်းကို လွန်သည်။ သိယာ-ဟောတိ၊ ဖြစ်၏။……ဤသို့ဟောပါသည်။

၇၆ ……နု-ဟူသော အနုလောမ ဉာဏ်သည် အဘနည်း။ ။(သန်ါရှုပေက္ခာဉာဏ် ရင့်သန်၍ မဂ်စိတ်၊ ဖိုလ်စိလ်-ဖြစ်အံ့သောအခါ တဝီထိထည်း၌ဖြစ်သော ပရိကံ၊ ဥပစာ၊ အနုလုံ—အမည်ရသောထိပ်ဆုံးရောက် ဝိပဿနာဉာဏ်သည် အနုလောမ ဉာဏ်မည်ပါသည်။)

၇၇……ပရိကံ။ ဥပစာ၊အနုလုံသည် အဘယ်ကြောင့် အနုလောမဉာဏ်မည်သနည်း။ ။(ပရိကံ၊ ဥပစာ၊ အနုလုံသည် ရှေးဉာဏ်၊ နောက်ဉာဏ်တို့အား လျော်ပါသည်။လိုက်လျောပါသည်။ ထိုသို့လျော်အောင်လိုက်လျောကြောင့် အနုလောမ ဉာဏ်မည်ပါသည် )

၇၈……ရှေးဉာဏ်၊ နောက်ဉာဏ်တို့နှင့်လျော်စွာလိုက်လျောပုံကိုရှင်းပြပါ။ ။(ဤအနုလောမဉာဏ်သည် အာရဒ္ဓဝိဿက ပုဂ္ဂိုလ်ဖြစ်သည်မှ စ၍ဖြစ်သော ဥ, ဘင်, ဘ, အာ, နိ, မု, ပဋိ, ရု-ဟူသော ရှေးဉာဏ်ရှစ်ပါး၏ အလုပ်ကိစ္စကို မှန်ကန်ပေသည်ဟု ထောက်ခံသကဲ့သို့ဖြစ်၍ လျော်ပါသည်။နောက်မဂ်ဉာဏ်ရှိသောဗောဓိပက္ခိယ တရား ၃၇ ပါး တို့သို့ရောက်အောင်ဝိုသတဲ့သို့ဖြစ်၍လည်း လျော်ပါသည်။)

၇၉........ရှေးဉာဏ်၊ နောက်ဉာဏ်တို့နှင့် လိုက်လျောပုံ ဥပမာဆောင်ပြပါ။ ။ (အမတ်ကြီးရှစ်ဦး-ရုံးထိုင်၍ တရားနှင့်အညီ ဆုံးဖြတ်သော စီရင်ချက်ကို မင်းတရားကြီးသည် ကြည့်ရှု၍—ဤအတိုင်း တည်စေရမည်ဟု အမိန့်ချခြင်းသည် အမတ်ကြီးရှစ်ဦး၏ ဆုံးဖြတ်ချက်နှင့် လိုက်လျောပါသည်။ ရှေးရှေးမင်းတို့၏ ဓမ္မသတ်ဖြတ်ထုံးနှင့်လည်း လိုက်လျောပါသည်။ ထိုအတူ အနုလောမဉာဏ်သည် ရှေးဉာဏ်ရှစ်ပါး၏ ကိစ္စနှင့်ငင်း၊ နောက်မဂ်ဉာဏ်၌ ဗောဓိပက္ခိယတရား ၃၇-ပါးတို့နှင့် ငင်း—လိုက်လျောခြင်း ဖြစ်ပါသည်။)

၈၀........အနုလောမဉာဏ်ဖြစ်ပုံ ထင်ရှားအောင် ဖြစ်ပြပါ။ ။(သင်္ခါရုပေက္ခာဉာဏ်-ဖန်ဖန်ထက်သန်၍ မဂ်စိတ်ဖြစ်လိုသည်ရှိသော် ရုပ်နာမ်သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-လက္ခဏာတပါးပါးကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းစိတ် တကြိမ်ဖြစ်၍ ပရိကံ၊ ဥပစာ၊ အနုလုံ-ဟု ဝိပဿနာဇောသုံးကြိမ် ဖြစ်ပါသည်။ ထိုနောက် နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူဝိပဿနာ ဉာဏ်ဇောတကြိမ်၊ သောတာပတ္တိမဂ်ဇောတကြိမ်၊ သောတာပတ္တိဖိုလ်ဇောနှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘဝင်ကျပါသည်။ ဤဝီထိစိတ်စဉ်၌ ပရိကံ၊ ဥပစာ၊ အနုလုံသည် အနုလောမဉာဏ် ဖြစ်ခြင်း ဖြစ်ပါသည်။)

၈၁........ပရိကံ၊ ဥပစာ၊ အနုလုံ၏ သဘောကို ရှင်းပြပါ။ ။(မဂ်၏ အခြေခံဖြစ်သောကြောင့် ပရိကံ မည်ပါသည်။ မဂ်၏ အနီး၌ ဖြစ်သောကြောင့် ဥပစာ မည်ပါသည်။ မဂ်အား လျော်သောကြောင့် အနုလုံ မည်ပါသည်။)

၈၂........ဂေါတြဘူ ဉာဏ်ဇော၏ သဘောကို ရှင်းပြပါ။ ။(ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သော်လည်း ကိလေသာ သတ်ခြင်း ကိစ္စ မပြီးပါ၊ ကာမဇော—တဒင်္ဂပဟာန်သာ ဖြစ်ပါသည်။ မဂ်ကို အချက်ပေးသော ရှေ့တော်ပြေး ဖြစ်ပါသည်။ ပုထုဇဉ် အနွယ်ကို ဖျက်၍၊ အရိယာ အနွယ်ကို ဖြစ်စေတတ်သောကြောင့် ဂေါတြဘူ မည်ပါသည်။)

၈၃........သောတာပတ္တိ၏ သဘောကို ရှင်းပြပါ။ ။(သောတ-မဂ္ဂင် ရှစ်ပါးဟူသော နိဗ္ဗာန် တံခါးဝ သို့+အာပတ္တိ-ရှေးဦးစွာ ရောက်သောကြောင့် သောတာပတ္တိ မည်ပါသည်။)

၈၄........မဂ်ဉာဏ်ဇော၏ သဘောအစွမ်းသတ္တိကို ရှင်းပြပါ။ ။(မဂ်ဉာဏ်ဇောသည် ဂေါတြဘူအချက်ပေးသောသညာဖြင့် တကြိမ်တည်းသာဖြစ်၍ ကိလေသာကို ကိစ္စပြီးအောင် သတ်သော လောကုတ္တရာဇော—သမုစ္ဆေဒပဟာန် ဖြစ်ပါသည်။ ဒုက္ခကို ပိုင်းခြား၍ သိခြင်း၊ သမုဒယကို ပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း၊ မဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂကို တိုးပွားစေခြင်း အားဖြင့် မဂ်ကိစ္စ လေးချက်တပြိုင်တည်းပြီးစေပါသည်။ အန-မတဂ္ဂ သံသရာ—ဝဋ်ဒုက္ခ သမုဒြာကို ခန်းစေပါသည်။

အပါယ်တံခါး ပိတ်စေပါသည်။ သူတော်ကောင်း ဥစ္စာခုနစ်ဖြာသို့ ရှေးရှုပြုပါသည်။ မိစ္ဆာ မဂ္ဂင် ရှစ်ပါးကို ပယ်ပါသည်။ တွင်း၊ ပါနီး၊ ဝေး၊ ကြီး၊ သေး သေဘေးရန်ကို ငြိမ်းစေပါသည်။ ဘုရားရှင်၏ သားတော်စစ်၊ သမီးတော်စစ် အဖြစ်သို့ ရောက်စေပါသည်။ ရတနာ သုံးပါး၌ သက်ဝင်သော အဝိဂမသဒ္ဓါကို ရခြင်း၊ ပဋိသမ္ဘိဒါ ဉာဏ်ရခြင်း၊ အဘိညာ ရခြင်းစသော အာနိသင်ကို ပြီးစေနိုင်ပါသည်။)

၈၅……ဖိုလ်ဉာဏ်ဇော၏ သဘောကို ရှင်းပြပါ။ ။ (ဖိုလ်ဉာဏ်ဇောသည် အကြိမ်များစွာဖြစ်သော လောကုတ္တရာဇောဖြစ်ပါသည်။ မဂ်သတ်သော ကိလေသာကို တဖန် ငြိမ်းအောင် ပယ်သောကြောင့် ပဋိပဿဒ္ဓိပဟာန် မည်ပါသည်။ ဖလဋ္ဌာန် ပုဂ္ဂိုလ်ဟူသော အမည်ကို ရစေပါသည်။)

၈၆……မဂ်ဖိုလ် ရပြီးသူတို့အား ဖြစ်သော ပစ္စဝေက္ခဏာ ဉာဏ်သဘောကို ရှင်းပြပါ။ ။(ပစ္စဝေက္ခဏာဉာဏ်သည် အဝိဇ္ဇာ အမိုက် မကုန်သေးသော သောတာပန် သက-ဒါဂါမ်, အနာဂါမ် သုံးယောက်တို့အား ကာမ ကုသိုလ် ဉာဏ်ဇော ဖြစ်ပါသည်။ အဝိဇ္ဇာ အမိုက် ကုန်သော ရဟန္တာအား ကာမ ကြိယာဉာဏ်ဇော ဖြစ်ပါသည်။ ဤဇောဖြင့် ဆင်ခြင်ခြင်းကား ဤမဂ်ဖြင့် ငါလာခဲ့သည်ဟု မဂ်ကို ဆင်ခြင်ခြင်း၊ တစီထိ။ ဤအကျိုးရသည်ဟု ဖိုလ်ကို ဆင်ခြင်ခြင်း တစီထိ။ ဤကိလေသာကို ပယ်ပြီးပြီဟု ပယ်ကိလေသာကို ဆင်ခြင်ခြင်း၊ တစီထိ။ ဤကိလေသာ ကြွင်းသေးသည်ဟု ကြွင်းကိလေသာကို ဆင်ခြင်ခြင်း တစီထိ။ ဤတရားကို အာရုံပြု၍ သိရပေပြီဟု နိဗ္ဗာန်ကို ဆင်ခြင်ခြင်း တစီထိ-ဤသို့ ငါးစီထိဖြစ်ပါသည်။ အောက်ပုဂ္ဂိုလ် သုံးယောက်အား ငါးစီထိစီ။ ရဟန္တာအားကား ကြွင်းကိလေသာ မရှိ၍ လေးစီထိ။ ဤသို့ ပစ္စဝေက္ခဏာ စီထိပေါင်း ၁၉-စီထိ ဖြစ်ပါသည်။)

၈၇……သောတာပန် တည်ပြီးနောက် သကဒါဂါမ် တည်အောင် အဘယ်သို့ ပြုရသနည်း။ ။(သောတာပန် တည်ပြီး သူသည် ထိုခဏ္ဍ ငါး၊ တပါးသော ခဏ္ဍရင်း ဘုံတဆင့် တက်ခြင်းငါ ထိုရုပ်နာမ် သင်္ခါရတို့ကို ဉာဏ်ဆယ်ပါးဖြင့် သုံးသပ်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ် အဆုံး၌ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံဖြစ်၍၊ နိဗ္ဗာန်ကိုအာရုံပြုလျက် ဝေါဒါန်တကြိမ်၊ သကဒါဂါမိမဂ် တကြိမ်၊ ၎င်းဖိုလ် နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘဝင်ကျ၏။ ထိုနောက် ပစ္စဝေက္ခဏာ ငါးစီထိဖြစ်၏။ ထိုအခါလူ့ပြည်သို့ ပဋိသန္ဓေတကြိမ်-လာနိုင်သော သကဒါဂါမ် ပုဂ္ဂိုလ် ဖြစ်ပါသည်။)

၈၈…… ဝေါဒါန် ၏သဘောကိုရှင်းပြပါ။ ။(ပဌမမဂ်၏ရှေ့၌ ဂေါတြဘူဖြင့် ပုထုဇဉ်အနွယ်ကို ဖြတ်ပြီးပါပြီ။ နောက်နောက် မဂ်တို့၏ ရှေ့၌ကား စင်ကြယ်ပြီဟူသော သဘောဖြင့် ဝေါဒါန်အမည်ဖြင့် ဖြစ်ပါသည်။ ဂေါတြဘူနေရာ၌ ဖြစ်သောကြောင့် ဂေါတြဘူဟူ၍လည်း ခေါ်နိုင်ပါသည်။)

၈၉……အနာဂါမ် တည်အောင် အဘယ်သို့ ပြုရသနည်း။ ။(သက,ဒါဂါမ် တည်ပြီးသူသည်နှအခါမရွေး ဘုံတဆင့်တက်ခြင်း၄ါ ဉာဏ်ဆယ်ပါး သုံးသပ်သည် ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ်အဆုံး၌ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်ဒါန်၊ အနာဂါမိမဂ်တကြိမ်၊ ရင်းဖိုလ်နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘဝင်ကျ၏။ ထိုနောက် ပစ္စဝေက္ခဏာ ငါးဝီထိ ဖြစ်၏။ ထိုအခါ ကာမဘုံသို့ ပဋိသန္ဓေ မလာသော-အနာဂါမ် ပုဂ္ဂိုလ် ဖြစ်ပါသည်။)

၉၀……ရဟန္တာဖြစ်အောင် အဘယ်သို့ ပြုရသနည်း။ ။(အနာဂါမ် တည်ပြီးသောသူသည် အခါမရွေး ဘုံတဆင့် တက်ခြင်း၄ါ ဉာဏ်ဆယ်ပါး သုံးသပ်သည် ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ် အဆုံး၌ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်ဒါန်၊ အရဟတ္တမဂ် တကြိမ်၊ ရင်းဖိုလ်နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်၍ ဘဝင်ကျ၏။ ထိုနောက်ပစ္စဝေက္ခဏာလေးဝီထိဖြစ်ပါသည်။ ထိုအခါ ပူဇော်အထူး ခံထိုက်သော ရဟန္တာဖြစ်ပါသည်။ ထိုအခါမှ သာသနာတော်၌ ရဟန်းကိစ္စ-တုံးသူဖြစ်ပါသည်။ ခရီးဆုံးသူ ဖြစ်ပါသည်။)

၉၁……မဂ်လေးပါး ကိလေသာပယ်စဉ်ကို ရှင်းပြပါ။ ။(ပဌမ မဂ်သည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် အပါယ်လားကြောင်း အကုသိုလ်တို့ကို အကြွင်းမဲ့ ပယ်ပါသည်။ ဒုတိယ မဂ်သည် ကာမရာဂ၊ ဗျာပါဒတို့ကို ခေါင်းပါးအောင် ပယ်ပါသည်။ တတိယမဂ်သည်ကာမရာဂ၊ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်ပါသည်။စတုတ္ထမဂ်သည် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ စသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ပါသည်။)

၉၂……မဂ်လေးပါး ဘဝမှ ထပုံစဉ်ပြပါ။ ။(ပဌမ မဂ်သည် အပါယ်လေးဘုံမှထပါသည်။ ဒုတိယမဂ်သည် ကာမဘုံ တစိတ်တဒေသမှ ထပါသည်။ တတိယမဂ်သည် ကာမသုဂတိ ၇-ဘုံမှ ထပါသည်။ စတုတ္ထမဂ်သည် ရူပဘဝ၊ အရူပဘဝဟူသော ဗြဟ္မာဘုံ ၂၀-မှထပါသည်။)

၉၃……အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် သုံးပါးတို့တွင် အဘယ်ကိလေသာကို မဂ်ပယ်သနည်း။ ။(ကာလ သုံးပါးလုံး ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့ ကိလေသာတို့ကို မဂ် မပယ်ပါ။ ကာလသုံးပါးမှ လွတ်သော အနုသယ ကိလေသာကိုသာ ဖြစ်သင့်ချိန်၌ မဖြစ်ပေါ်အောင် ပယ်ပါသည်။)

၉၄……အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကိလေသာကို ပယ်သည်ဟုဆိုလျှင် အဘယ်သို့အဖြစ်ရှိသနည်း။ ။(အတိတ်ကိလေသာချုပ်ပြီးကို ပယ်လျှင် သေပြီးသူကိုဦးခေါင်းဖြတ်ရာကျပါသည်။ အနာဂတ်ကိလေသာဖြစ်လတ္တံ့ကို ပယ်လျှင် ပဋိသန္ဓေ မနေရသေးသူကို ဦးခေါင်းဖြတ်ရာကျပါသည်။ပစ္စုပ္ပန် ကိလေသာ ဖြစ်ဆဲကို မဂ်

No., 34,

ပယ်လျှင်းကိလေသာနှင့်မဂ်သည် ပြိုင်တူဖြစ်ရမည်ဖြစ်၍ ကိလေသာ အကုသိုလ်နှင့် မဂ် ကုသိုလ် ပြိုင်တူ ဖြစ်သည်ဟု ဆိုရာကျပါအည်။ ကုသိုလ်နှင့် အကုသိုလ်– ပုဂ္ဂိုလ်တယောက်ထည်း၌ ပြိုင်တူမဖြစ်ကောင်းပါ။)

၉၅......ကိလေသာကိုမဂ်သတ်ပုံ ဥပမာဆောင်ပြပါ။ ။(သရက်တပင်၌ယခင်နှစ်သီးပြီး သရက်သီးကို စားပြီးခဲ့ပြီ။ နောင်နှစ် သီးလတ္တံ့ကား အဖူးမျှမထွက်သေး။ ယခု အသီးတခုမျှမရှိ၊ ထိုအခါအမြစ်ပြတ်၍ သရက်ပင်ကိုလှည်းပြားအံ့။ အတိတ်သီး မပျက်၊ အနာဂတ်သီးမပျက်၊ ပစ္စုပ္ပန်သီးမပျက်ပါ။ မလှည်းခဲ့လျှင် သီးနိုင်ကောင်းသောအသီးသာ မသီးမူ၍ ပျက်စီးခြင်းသို့ရောက်ပါသည်။ ထိုအတူ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်–ကာလသုံးပါး ကိလေသာမပျက်ပါ။ မဂ်ဉာဏ်သာမဖြစ်ခဲ့လျှင် အကြောင်းအားလျော်စွာ ဖြစ်နိုင်သော အနုသယ ကိလေသာတို့သာ မဖြစ်လာသောအားဖြင့် အပယ်ခံကြရပါသည်။)

၉၆......အရင်းအစ နာမ်ရုပ်ကို သိမ်းဆည်းသည်မှစ၍ မဂ်ဖိုလ်ရပြီးနောက်မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်၊ ကြွင်း–ကိလေသာ–ဆင်ခြင်သည်တိုင်အောင် ဖြစ်သောဉာဏ်တို့ကို စဉ်၍ရေတွက်ပြပါ။ ။(နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်။ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်–ဤသို့ဉာဏ်အစဉ် ၁၆–ပါး ဖြစ်ပါသည်။)

ဤမျှဖြင့် ၄၅–ဝါ ကာလပတ်လုံး ဆုံးမသော ငါတို့ဘုရား၏ သာသနာတော်ကြီး၌ ရှေးရှေးဘဝများစွာ ဆည်းပူးကြပြီးသော ပါရမီရှင်တို့သည် ဤဉာဏ်စဉ် ၁၆–ပါးကိုရ၍ စက်ပိုင်းနှစ်ခု ဖျက်ဆီးခြင်း ကိစ္စပြီးကုန်ပြီ။ ထိုအတူ ဉာဏ်စဉ် ၁၆–ပါးရ၍ကိစ္စပြီးနိုင်ရပါလို၏။ ထိုအတူ ဉာဏ်စဉ် ၁၆–ပါးရ၍ ကိစ္စပြီးနိုင်ကြပါစေကုန်သတည်း။

---

# ဝင်လေ ထွက်လေ ဘာဝနာ ပြောပြပုံ။

ပြောမေးသူဆိုရန်။ ။တင်ပျဉ်ခွေ၍ထိုင်ကြပါ၊ သို့သော်စိတ်ချမ်းသာသလိုလဲနေနိုင်သည်။ ကိုယ်ကို ဖြောင့်ဖြောင့် ထားကြပါ။ ဘယ်ဘက် လက်ဝါးပြင်၌ ညာဘက် လက်ဝါးပြင်–ထား၍ လက်မချင်းထိထားကြပါ။ မျက်စိမှိတ် ထားကြပါ။ ကာမဂုဏ် အပြစ် စသည်ကို ဆင်ခြင်ကြပါ။

အားရေွတ်သူဆိုရန်။ ။ကာမဂုဏ်ဟူသည်......သာယာဘွယ်ပါး ခွေးငတ်ဝါး၍ လျက်စားခဲ့လေ မပြေအဆာ ပင်ပန်းသာကဲ ညှိုနွံ့ဖွဲ့သိုး အမဲရိုးနှင့် တူလှ၏။ ဆက်ဆံသူ

ရုပ်တွေး ကျီးခွေးဝိုင်းလု အသားစုနှင့် တူလှ၏။ လေညာ ဆောင်လျှင် လက်တွင် လောင်ကူး မြက်မီးရှူးနှင့် တူလှ၏။ ပုရွိန်ထန်ပြင်း မီးကျီးတွင်းနှင့် တူလှ၏။ ခဏ ခြင်း ကွယ်ပျက် အိပ်မက် မက်သည်နှင့် တူလှ၏။ ခဏ ဝါကြွား ပဏ္ဍည်း ပွားနှင့် တူလှ၏။ အသီးကိုမက် ပင်ရင်းဖျက်မှု ပင်ထက်လူသေပွဲ ပြွတ်၍ခဲသော ယပ်သီးတွဲ နှင့် တူလှ၏။ ခုတ်စဉ်းတိုင်း မလွတ်ကင်း ဒါတင်းသိမ်းကျုံး စဉ်းတီတုံးနှင့် တူ လှ၏။ အှူအသည်းဝူးဝင် တံကျင်လှံမနှင့် တူလှ၏။ တွေးကောဘွယ်အတိ ဆေးအ ပြည့်ရေပေါင်း မြွေဦးခေါင်းနှင့် တူလှ၏။ အပြစ်ပေါများ မီးပွားမတို့ ကိုယ်ကျိုး ပျက်ပြုန်း လူညံ့သုံး ဖြစ်၏။ ။

(ဤကား—ကာမဂုဏ် အပြစ် ဆင်ခြင် ခြင်းတည်း။)

ဤကာမဂုဏ်မှ လွတ်ရာ ဥပစာ၊ အပ္ပနာ—ဈာန်ချမ်းသာ ကိုတို့သည် မရ်မိုလ် ရကြောင်း အခြေခံ ကောင်းဖြစ်၏။ ယိုအခြေခံ ဈာန်ကို ယခုရမှု ကောင်းလေစွ၊ ယခု ရမှု ကောင်းလေစွ။ ။(ဤကား—အာသွာ ပြင်းထန် ခြင်းတည်း။)

မပေါက်မပြန် ဟောပြသော ဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓ စင်စစ်ဖြစ်ပေစွ။ သမ္မာသမ္ဗုဒ္ဓ စင်စစ်ဖြစ်ပေစွ။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားဟော သည်သွာက္ခာတ စင်စစ်ဖြစ်ပေစွ။ သွာက္ခာတ စင်စစ်ဖြစ်ပေစွ။ ဆုံးမတိုင်း မချွတ် မယွင်း ဖြောင့်စင်းသော သံဃာသည် သုပ္ပဋိပန္န စင်စစ်ဖြစ်ပေစွ။ သုပ္ပဋိပန္န စင်စစ် ဖြစ်ပေစွ။ ။(ဤကား—ရတနာသုံးပါး ဂုဏ်ဖြင့် ဝမ်းမြောက် ခြင်းတည်း။)

ယခုဤ အကျင့်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝကတို့၏ သွားရာ လမ်းကောင်း ထွက်မြောက်ကြောင်း ဖြစ်၏။ သွားရာလမ်းကောင်း ထွက်မြောက် ကြောင်း ဖြစ်၏။ ။(ဤကား—အကျင့်ကို အလေးပြု ခြင်းတည်း။)

ဤအကျင့်ဖြင့် အိုဘေး၊ နာဘေး၊ သေဘေးမှ လွတ်ရာ ချမ်းသာ သုခ ရပေ တော့လတ္တံ့။ ချမ်းသာသုခ ရပေတော့လတ္တံ့။ ။(ဤကား—အားထုတ် လိုသော စိတ်ကို ဖြစ်စေခြင်းတည်း။)

[မှတ်ချက်။ ။အားထုတ်လိုသေသသူတို့သည် ဤ ... အားထုတ်၍ ... ပြုပါစေ။]

ပြောပေးသူဆိုရန်။ ။အာနာပါနဿတိ ဘာဝနာ ... ထွက်သက် ဝင်သက် ကို ဖန်ဖန်အာရုံ ပြုခြင်းဖြစ်တယ်။ သတ္တဝါ ... ရှေးဦးစွာ ... တွင်း မှ လေထွက် သွားတယ်။ ထိုနောက် ... မြင်ပ ... ကြိ ... ခေါင်း တွင်းပြန်ဝင်တယ်။ ထိုကြောင့် ... သော ထွက်သက်လေကို အာဒိ+သ သတိ—ကြောင့် ... ဿာသ ဟူ၍ရင်း၊ အ ... +အနုတိ ကြောင့် အာနာ ဟူ၍ရင်း၊ နောက်မှ ဖြစ်သော ဝင်သက်လေကို ပဿ+သသတိ-ကြောင့် ပဿာသ ဟူ၍ရင်း၊ ပဿ+အနုတိ-ကြောင့် ပါန ဟူ၍ရင်း ခေါ်တယ်။

ဘာဝနာ သိမ်းဆည်းတဲ့ အခါမှာတော့ ရှေးဦးစွာ ဝင်သက်ကို၊ နောက်မှထွက်

သက်ကို သိမ်းဆည်း ရပါတယ်။ ထိုကြောင့် ရှေးဦးစွာ ဖြစ်သော ဝင်သက်ကို အာဒိမှ+သသတိကြောင့် အဿာသ ဟူ၍၎င်း၊ အာဒိမှ+အနတိကြောင့်-အာန ဟူ၍၎င်း၊ နောက်မှဖြစ်သော ထွက်သက်လေကို ပစ္ဆာ+သ သတိကြောင့်-ပဿာသ ဟူ၍၎င်း၊ ပစ္ဆာ+အနတိကြောင့်-ပါန ဟူ၍၎င်း ခေါ်တယ်။ ဤ၌ ဝင်လေ၊ ထွက်လေဟု အစဉ်ကို ထားကြပါ။

ဝင်လေ ထွက်လေကို ရှည်လျှင် ရှည်သည်ဟု သိရတယ်၊ တိုလျှင် တိုသည်ဟု သိရတယ်။ ဝင်လေ ထွက်လေကို အစ၊ အလယ်၊ အဆုံး ထင်ရှားစေမည်ဟု အားထုတ်ရတယ်။ ဝင်လေထွက်လေကို ငြိမ်သက်စေမည်ဟု အားထုတ်ရတယ်။ ရှည်၊ တို၊ ထင်၊ ငြိမ်-ဤလေးခု အပေါင်းသည် ပဌမစတုက္က မည်တယ်။ ကာယာနုပဿနာစတုက္က၊ သမထစတုက္က၊ အာဒိကမ္မိကစတုက္ကလည်း မည်တယ်။ ထိုနောက် ဝေဒနာနုပဿနာ စတုက္က၊ စိတ္တာနုပဿနာ စတုက္က၊ ဓမ္မာနုပဿနာ စတုက္က—သုံးခု၌ ဘာဝနာနည်း သီးခြားမရှိ။ ထိုသူတို့၏ ဝိပဿနာ ရှုပုံတည်း။ ဤသို့ ၁၆-ဌာန၌ ဝင်လေထွက်လေ အပေါင်းသည် အခြင်းအရာ ၃၂-ဟူသော ဗာတ္တိံသာကာရဖြစ်၏။

ဂဏာ—နုဗန်၊ ဖုသံ-ထပ၊ သလ္လက္ခ—ဝိ၊ သုဒ္ဓိ-ပဿနာ၊
နည်းရှစ်ဖြာ၊ အာနာ ပါနာ့ဿတိတည်း။

ဂဏာ့ဆိုတာဂဏာနာနည်းဖြင့် ရှေးဦးစွာရေတွက်ရတယ်။ ဝင်လေ ထွက်လေ-တစ်၊ ဝင်လေ ထွက်လေနှစ် စသည်ဖြင့် ငါးအထိဖြစ်စေ၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တဆယ်အထိဖြစ်စေ ပြန်၍ ပြန်၍ ရေတွက်ရတယ်။ ငါးအောက်မလျော့ရ။ တဆယ်ထက် မလွန်ရ၊ ငါးတကြိမ်၊ ခြောက်တကြိမ်-စသည်ဖြင့်အစဉ်မညီ မဖြစ်စေရ။ ငါးသက်သက် ခြောက်သက်သက် စသည်ဖြင့် ညီအောင်ဖြေးဖြေးရေတွက်ရတယ်။ ဝင်တိုင်း ထွက်တိုင်း လေထင်ရှားသောအခါ မြန်မြန်ရေတွက်ရတယ်။ ဝင်လေ ထွက်လေ၌ သတိမြဲအောင် ဝိတက်ကင်းအောင် မြန်မြန် ရေတွက်ရတယ်။

နုဗန်ဆိုတာ အနုဗန္ဓနာနည်းဖြင့် ထိုနောက်အစဉ်ဖွဲ့ရတယ်။ ရေတွက်ခြင်းမပြုဘဲဝင်တိုင်း ထွက်တိုင်း လေမလွတ်အောင် ဝင်လေ ထွက်လေ ဝင်လေ ထွက်လေဟူ၍သာနှလုံးသွင်းရတယ်။

ဖုသံဆိုတာ ဖုသနာနည်းဖြစ်တယ်၊ အသီးအခြားမရှိပါ။ လေထိရာအရပ်၌ သတိထားခြင်းဖြစ်တယ်။ ယခင်ဂဏာနာနည်း၊ အနုဗန္ဓနာနည်း—နှစ်ပါးလုံးပင် ဖုသနာနည်းလဲမည်ပါတယ်။

ထပဆိုတာ ထပနာနည်း။ သူလဲ သီးခြားမရှိပါ။ ကြယ်ရောင်၊ ပတ္တမြားလုံး စသည်ဖြင့် တုန်လှုပ်စွာ ဥဂ္ဂဟနိမိတ်၊ မတုန်မလှုပ် ပဋိဘာဂနိမိတ်ထင်သည်မှ အပ္ပနာ-ဈာန်ရသည်တိုင်အောင်စိတ်ကိုထားခြင်းဖြစ်တယ်။

သလ္လက္ခ-ဆိုတာ သလ္လက္ခဏာနည်း–ဝိပဿနာပွားခြင်း။ ဝိ-ဆိုတာ ဝိဝဋ္ဋနာနည်း–မဂ်။ သုဒ္ဓိ ဆိုတာ ပါရိသုဒ္ဓိနည်း-ဖိုလ်။ ပဿနာဆိုတာ ပဋိပဿနာနည်း-ပစ္စဝေက္ခဏာဉာဏ်ဖြစ်တယ်။

ထိုဝင်လေ ထွက်လေကို ထင်ရှားရာကိုအာရုံပြုပါ။ လေနောက်စိတ်မလိုက်ရ။ အထက်နှုတ်ခမ်းဖျား၊ နှာသီးဖျား၌စိတ်ထားပါ။ မှန်မှန် ဖြေးဖြေး အသာကလေးရှိုက်သွင်းပါ။ အသာကလေး ရှူထုတ်ပါ။

သံတုံးဆပ်ဖြစ်အောင် သွေးသောဓါးလို လမျိုးထားကြပါ။ မြင်းမိုရ်တောင်ကြီးကိုဦးခေါင်းထက် ပင့်တင်ရသကဲ့သို့ ကြီးကျယ်သော စိတ်ကိုထားကြပါ။ အဘိသိက်ခံပွဲသို့သွားသော မင်းလောင်းကဲ့သို့ ထက်သန်ရွှင်လန်းဝမ်းမြောက်စွာ ရေတွက်ကြပါ။ ပြောပြသည်နှင့် လေကိုက်ညီအောင် ဝင်လေ ထွက်လေကိုသတိပြုကြပါ။ ပြောပြပါတော့မယ်။

ဝင်လေ ထွက်လေ-တစ်၊ ဝင်လေ ထွက်လေ-နှစ်၊ လ........။ ဝင်လေ ထွက်လေ–တဆယ်။ ဤဆယ်ဝါရကို မိမိ၏ အရှေ့ဘက်အရပ်၌ စိတ်ဖြင့်ထားလိုက်ပါ။ ဝင်လေထွက်လေ-တစ်၊ (ယခင်နည်းတူ) ဤဆယ်ဝါရကိုမိမိ၏အရှေ့တောင်ဘက်........ တောင်ဘက်........။ အနောက်တောင်ဘက်........။ အနောက်ဘက်........။ အနောက်မြောက်ဘက်........။ မြောက်ဘက်........။ အရှေ့မြောက်ဘက်........။ အောက်........။ အထက်အရပ်၌စိတ်ဖြင့်ထားလိုက်ပါ။ ။(အရပ်ဆယ်မျက်နှာအကြိမ်ကြိမ်လှည့်နိုင်သည်။)

အနုဗန္ဓနာနည်းဖြင့် အစဉ်ဖွဲ့ဦးအံ့။ ဝင်လေ ထွက်လေ။ ဝင်လေ ထွက်လေ။ ဝင်လေထွက်လေ (အကြိမ်ရာထောင်တတ်နိုင်သမျှဆိုပေးပါ။ ။ထိုနောက်ဝိပဿနာ ဤသို့ဆက်ဆိုပါ။)

ဝိပဿနာဆက်ပုံ။ ။ဤ(ဝင်လေထွက်လေ)အာရုံ–အာရုံပြုခိုက်တွင် စိတ်၊ စေတသိက်သည် နာမ်မည်၏။ ဝတ္ထု၊ အာရုံ-ပေါင်းဆုံခြင်းကြောင့်ဖြစ်သောနာမ်။ အာရုံသို့ညွတ်သောနာမ်။ ။ထိုစိတ်၊ စေတသိက်၏တည်ရာဟဒယဝတ္ထုသည်၎င်း၊ ဟဒယဝတ္ထု၏ တည်ရာ ခေတ်လေးဖြာ သမုတ်မဟာဘုတ်သည်၎င်း၊ တကိုယ်လုံးသည်၎င်း–ရုပ်မည်၏။ ကံစိတ်ဥတုအာဟာရကြောင့် ဖြစ်သောရုပ်၊ ပူခြင်း၊ ချမ်းခြင်းစသည်ကြောင့် သွင်မတူ ပြောင်းလွဲ ဖောက်လဲဖောက်ပြန် ဖြစ်သောရုပ်။

ဤ(ဝင်လေထွက်လေ)အာရုံ–အာရုံပြုခိုက်တွ ်ထိုနာမ်ထိုရုပ်မှတပါးအာရုံပြုတတ်သောငါသူတပါးမရှိ၊ ယောက်ျားမိန်းမ မရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ တိတ္ထိတို့ကြံဆ၍ စွဲလမ်းသောအတ္တဇီဝမရှိ။ နာမ်နှင့်ရုပ်သာရှိ၏။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဟုတ်။ နာမ်နှင့်ရုပ်သာ ဟုတ်၏။........ဤတွင်တာဒင်ပဟာန် ပြည့်စုံလျှင် သင်္ခါရုပေက္ခာ၏၊ အန္တပုထုဇဉ်အဖြစ်မှလွတ်၍ ကလျာဏ ပုထုဇဉ်အဖြစ်သို့ရောက်၏။

ဤ(ဝင်လေ ထွက်လေ)အာရုံ–အာရုံပြုခိုက်တွင်ဖြစ်သော ဤနာမ်နှင့် ဤရုပ်

သည်အဝိဇ္ဇာ၊ တဏှာ၊ ကံ–စသော အကြောင်းကြောင့်ဖြစ်၏။ အကြောင်းကိုစွဲ၍ ပဋိစ္စသမုပ္ပါဒ် နာမ်နှင့်ရုပ်ဖြစ်ခြင်းမျှသာတည်း။ ငါမဖြစ်၊ သူမဖြစ်၊ ငါ့ကြောင့် မဖြစ်။ သူ့ကြောင့်မဖြစ်။ အကြောင်းမကင်းသော အကျိုးနာမ်ရုပ်မျှသာဖြစ်၏။ တင့်တယ်ချမ်းသာမဘက်၊ ပုဂ္ဂိုလ်သတ္တဝါမဘက်၊ ဒုက္ခသက်သက်သာ ကြောင်းကျိုး စွဲကာဖြစ်၏။........ ဤထွင် တဒင်္ဂပဟာန် ပြည့်စုံလျှင် ဂူဠှသောတာပန်အဖြစ်သို့ ရောက်၏။

ဤ (ဝင်လေ ထွက်လေ) အာရုံ-အာရုံပြုနိုက်တွင်ဖြစ်သော နာမ်ရုပ်နှင့်တကွ အလုံးစုံ ဗဟိဒ္ဓရှိရှိသမျှ တေဘူမက နာမ်ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ–ဝိပဿနာ ရုစရာဒုက္ခသစ္စာမည်၏။ ဒုက္ခကိုဖြစ်စေတတ်သော ရှေးဘဝတဏှာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ–ဝိပဿနာရှုစရာ သမုဒယ သစ္စာမည်၏။ ဒုက္ခနှင့် သမုဒယမဖြစ်ရာ နိဗ္ဗာန်သည် ဝိပဿနာရှုစရာမဟုတ်–နိရောဓသစ္စာမည်၏။ ဒုက္ခသိခြင်း၊ သမုဒယ ပယ်ခြင်းဖြင့် နိဗ္ဗာန်ကိုအာရုံပြုသော၊ ဟိုးပွားစေအပ်သော မဂ္ဂင်ရှစ်ပါးသည် ဝိပဿနာရှုစရာမဟုတ်–မဂ္ဂသစ္စာမည်၏။........ဤတွင်သမုစ္ဆေဒပဟာန်ပြည့်စုံလျှင် မဟာသောတာပန်ဖြစ်၏။

ဤသို့ဆက်သွယ်၍ သစ္စာလေးပါးသိခြင်းသည် ဤ (ဝင်လေ ထွက်လေ) အာရုံ-အာရုံပြုသူ၏ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်၏။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်တိုင်အောင် ထွက်မြောက်ကြောင်း ဖြစ်၏။

---

## တနည်းဥာဏ်စဉ် ၁၆–ပါးပြောပြပုံ။

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်စဉ် ၁၆–ပါးဖြစ်ပုံကား–အဆင်း မြင်သောအခါ အဆင်းနှင့်မျက်စိသည် ဥပါဒါရုပ်မည်၏။ မဟာဘုတ်ကိုမှီ၏။ ဥပါဒါရုပ်နှင့် မဟာဘုတ်သည် ဖောက်ပြန်တတ်သော ရုပ်အစုမည်၏။ ထိုအဆင်းကို သိခြင်း၊ ခံစားခြင်း၊ မှတ်ခြင်း၊ ကြံစီခြင်းစသည်သည် အာရုံသို့ညွတ်တတ်သော နာမ်အစုမည်၏။ အဆင်းမြင်ရာ၌ ရုပ်အစု နာမ်အစုမှတပါး ဘာမျှမရှိ၊ ငါ၊ သူတပါး၊ ယောကျာ်း၊ မိန်းမ–စသည်မရှိ၊ မြင်သူမှုလင်မရှိ။

အသံကြားရာ၌လည်း ရုပ်အစုနာမ်အစု၊ အနံ့ရှူရာ၊ အရသာစားရာ၊ အတွေ့ထိရာ အသိ–သိရာ၌၊ ပါ၊ မိတ်ကျူး ကျူးရာ၌လည်း ရုပ်အစု နာမ်အစု။ လောဘဖြစ်ရာ၊ ဒေါသဖြစ်ရာ၌လည်း ရုပ်အစုနာမ်အစု။ သဒ္ဓါဖြစ်ရာ၊ ပညာဖြစ်ရာ၌လည်း ရုပ်အစု နာမ်အစု။ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၌လည်း ရုပ်အစု နာမ်အစု။ ချစ်စရာ၊ မုန်းစရာ၌လည်း ရုပ်အစု နာမ်အစု။

လှည်၊အိမ်၊ဝင်ရိုး၊လှည်းဘီး-စသောအပေါင်းကို လှည်းဟုအခေါ်သာရှိသည်၊ လှည်းမရှိ။ ရုပ်နာမ်အပေါင်းကို ယောကျ်ားကိုယ်ကောင်၊ မိန်းမကိုယ်ကောင်ဟု အခေါ်သာရှိသည်။ ယောကျ်ား မိန်းမ-မရှိ။

ကန်းသူက သွားချင်၊ မြင်သူက အကျိုး၊ ကျောတွင်ပိုး၍ အကျိုးညွှန်လမ်း၊ သွားပုံဆန်းသို့၊ ရုပ်ကန်းနာမ်ကျိုး၊ ကျောကပ်ပိုး၍၊ ကျောပိုးနာမ်ရုပ်- ငါမဟုတ်။

ထန်းမြစ်ထက်ခြမ်း၊ ရုပ်နာမ်ခြမ်းလျှင်၊ ထက်ခြမ်းကဲ့နာမ်ရုပ်၊ မဟုတ်သူငါ၊ မြင်သောအခါ သက္ကာယဒိဋ္ဌိကွာ၏။ အတ္တဒိဋ္ဌိအစွဲပြုတ်၏။ ကလျာဏပုထုဇဉ် ဖြစ်၏။ .....ဤတွင်ဒိဋ္ဌိဝိသုဒ္ဓိပြီး၏။ ဝါ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ပြီး၏။

(၂) ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံကား—အနာတွေ့လျှင် အကြောင်းရှာရသည်။ သူငယ်တွေ့လျှင် မိခင်ရှာရသည်။ ရုပ်နာမ်တွေ့လျှင် အနာသဘွယ် သူငယ်အလား နှလုံးထား၍ ဖြစ်ကြောင်းရှာရသည်။

ရုပ်အကြောင်းကား-အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ-ငါးပါး ဖြစ်သည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါ —အမိကြောင့်ရုပ်ဖြစ်သည်။ ကံ-အဘကြောင့်ရုပ်ဖြစ်သည်။ အာဟာရ-နို့ယိန်းထောက်ပံ့ခြင်း ကြောင့် ရုပ်ဖြစ်သည်။

နာမ်အကြောင်းကားများပြား၏။ ပသာဒ၊နှလုံးသွင်း-ကိုယ်တွင်းအကြောင်း ကြောင့် နာမ်ဖြစ်သည်။ အာရုံ၊အလင်းရောင်စသော ကိုယ်ပအကြောင်းကြောင့် နာမ်ဖြစ်သည်။

ဤရုပ်နာမ်သည် အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်ပြီး၊ဖြစ်ဆဲ၊ဖြစ်လတ္တံ့။ ကာလသုံးပါးလုံး အကြောင်းအားလျော်စွာ အကျိုးတရား ရုပ်နာမ်သာဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။ သူ့ကြောင့်၊ ငါ့ကြောင့်၊ ငါဖြစ်ပြီး၊ သူဖြစ်ပြီးမရှိ။ ငါဖြစ်ဆဲ၊ သူဖြစ်ဆဲမရှိ။ ငါဖြစ်လတ္တံ့၊ သူဖြစ်လတ္တံ့မရှိ၊ အကြောင်းမကင်းသောရုပ်နာမ်အစုသာမြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။ သူ့အကြောင်းနှင့်သူဖြစ်သောကြောင့် ငါ့အလိုလိုက်အောင်ပြု၍မရ။

ဘဝအဆက်ဆက် ကြောင်းကျိုး ဆက်၍ ရုပ်နာမ် အဆက်ဆက်သည်—ဖြစ်ရာ၌ ပင်နေရာမရွှေ့ချုပ်၏။ တဘဝမှ တဘဝသို့ရုပ်နာမ်မရွှေ့။ ကြောင်းကျိုးဆက်၍ မှန်ထဲ၌မျက်နှာရိပ်ထင်သည်၊ မျက်နှာမရွှေ့။ စိတ်အစဉ်ဖြစ်ရာ၌ ကြောင်းကျိုး ဆက်၍ ရှေ့စိတ်ချုပ်လျှင် နောက်စိတ်ဖြစ်သည်။ ရှေးဘဝစုတိစိတ်ချုပ်လျှင် နောက်ဘဝ ပဋိသန္ဓေစိတ်ဖြစ်သည်။ ရှေ့စိတ်မရွှေ့။ ဤသို့ကာလသုံးပါးလုံး ကြောင်းကျိုးသိလျှင် ယုံမှားခြင်းကင်း၏။

ဤသို့ဆက်သွယ်၍ သစ္စာလေးပါးသိလျှင် မဂ်ဖိုလ်ရ၏။ မဂ်ဖိုလ်မရလျှင် သုဂတိမြဲ၏။ စူဠသောတာပန်ဖြစ်၏။.......ဤတွင် ကင်္ခါဝိတရဏဝိသုဒ္ဓိပြီး၏။ ဝါ။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်ပြီး၏။

(၃) သမ္မသနဉာဏ်ဖြစ်ပုံကား—တေဘူမက ရုပ်နာမ်ဟူသမျှသည် ဖြစ်ပြီးလျှင် ပျက်စီးတတ်သောကြောင့် အနိစ္စ၊ ဇရာမရဏဖြင့် ဖောက်ပြန်တက်သောကြောင့် အနိစ္စ၊ တခဏမျှသာ တည်တတ်ကြောင့်အနိစ္စ၊ မြဲသည့်ကို ပယ်တတ်သောကြောင့် အနိစ္စ။(လေးနက်)။

တေဘူမက ရုပ်နာမ်ဟူသမျှသည် ဥပါဒ်အခြားမဲ့၌ ဌီသို့ရောက်၏။ဌီ၌ အိုမင်း ရင့်ရော်၏၊ ပင်ပန်း၏၊ မချွတ် ပျက်စီး၏။ ထိုသို့မပြတ် နှိပ်စက်တိုင်း ခံရသောကြောင့် ဒုက္ခ၊သည်ခံနိုင်ခဲသောကြောင့် ဒုက္ခ၊ ဒုက္ခအမျိုးမျိုး၏ တည်ရာဖြစ်သောကြောင့် ဒုက္ခ၊ သုခကို ပယ်တတ်သောကြောင့် ဒုက္ခ။(လေးနက်)။

တေဘူမက ရုပ်နာမ်ဟူသမျှသည် ဥပါဒ်အခြားမဲ့၌ ဌီသို့မရောက်ပါစေလင့်ဟု တောင့်တ၍မရ။ ဌီသို့ ရောက်လျှင် မရင့်ရော်ပါစေလင့်ဟု တောင့်တ၍မရ။ ရင့်ရော်လျှင် မပျက်ပါစေလင့်ဟု တောင့်တ၍မရ။ ပြုသူ ခံစားသူမရှိ။ အလိုလိုက် ခြင်းမှလည်း ဆိတ်၏။ ထိုသို့ ပြုသူ ခံစားသူမှ ဆိတ်သောကြောင့် အနတ္တ၊ စိုးပိုင်သော သခင်မရှိသောကြောင့် အနတ္တ၊ အလိုလိုက်အောင်ပြု၍ မရသောကြောင့် အနတ္တ၊တိတ္ထိတို့ကြံဆသော အတ္တအဖြစ်ကိုပယ်တတ်သောကြောင့် အနတ္တ။(လေးနက်။) ထိုအနက်တို့ကို မှတ်သားရမည်။

တဘဝအတွင်းရုပ်နာမ်သည် မသေမှီချုပ်၏။ အနိစ္စ၊ဒုက္ခ၊အနတ္တ။ ပဌမအရွယ် ရုပ်နာမ်သည် မဇ္ဈိမအရွယ်သို့ မရောက်မီချုပ်၏။ မဇ္ဈိမအရွယ်ရုပ်နာမ်သည် ပစ္ဆိမ အရွယ်သို့ မရောက်မီ ချုပ်၏။ ပစ္ဆိမအရွယ် ရုပ်နာမ်သည် မသေမီချုပ်၏။ အနိစ္စ၊ ဒုက္ခ၊အနတ္တ။

(၄) ဥဒယဗ္ဗယ ဉာဏ်ဖြစ်ပုံကား—အကြောင်းမကင်းသော ရုပ်နာမ် တို့၏ ဖြစ်စ-ဥပါဒ်သည် ဥဒယမည်၏။ ရုပ်နာမ်တို့၏ ပျက်သောဘင်သည် ဝယမည်၏။ ဖြစ်၍ ပျက်၏။တဘို့မှတဘို့မရောက် အဆက်အစပ် အပိုင်းအပြတ်ဖြစ်၏။တဖျစ်ဖျစ် မည်ဆူ အိုးကင်းပူထက် နှမ်းစေ့ကျက်သကဲ့သို့ တဖြစ်ထည်း ဖြစ်၍ တပျက်ထည်း ပျက်သော ရုပ်နာမ်ပါတကား။

(၅) ဘင်ဉာဏ် ဖြစ်ပုံကား—ရုပ်နာမ် သင်္ခါရ တရား အစုသည် ဖြစ်လေသမျှ ချုပ်ပျက်လေစွတကား၊ လျှပ်စစ်ပုံဟန် အပျက်မြန်လေစွဟကား၊ အိုးခွက်ကဲ့အတူ အိုးကင်းပူ နှမ်းကျက် တပျက်ထည်း ပျက်လေစွတကား၊ ပရမ်းပတာ ကြဲသော မြူနှသဘော အတောမသတ် ပျက်လေစွ။ မိုဃ်းရွာစဉ် ရေပြင်၌ ရေပွက် အပေါင်း ဥပေါင်းပုံဟန် အပျက်မြန်လေစွ။ ဦးခေါင်း မီးလောင်လျှင် မီးသတ်ရန် လက်မနှေးစေရ၊ မသေလိုလျှင် ဘင်ဉာဏ် လက်မနှေးစေရ။

(၆) ဘယဉာဏ်ဖြစ်ပုံကား—ရုပ်နာမ် သင်္ခါရ တို့၏ ပျက်ခြင်းသည် ကြောက်ဖွယ်ကောင်းလေစွ။ခြင်္သေ့အလား၊မြွေကျား ဆင်ဆိုး၊မိုဃ်းကြိုးစက်ကွင်း၊ရှားမီး

တွင်းပမာ၊ စစ်တလင်းကုန်း သင်းချိုင်းကုန်းအသွင်၊ နေချင်စရာမရှိ—ဘေးအတိ စုပေါင်း လေစွတကား။

(၇) အာဒီနဝဉာဏ် ဖြစ်ပုံကား— ဘုံသုံးပါးသည် မီးကျီးတွင်း သုံးခုနှင့်တူလေစွ။ ခေတ်ကြီးလေးပါးသည် မြွေဆိုးကြီး လေးကောင် နှင့် တူလေစွ၊ ခန္ဓာငါးပါးသည် သံလျက်မိုးသော သူသတ်ယောက်ျား ငါးဦး နှင့် တူလေစွ။

(၈) နိဗ္ဗိဒါဉာဏ်ဖြစ်ပုံကား— ရွှေဟင်္သာသည် ဥန်းစလ္လာအိုင်၌ မမွေ့၊ ဟိမဝန္တာအိုင်ကြီး ခုနစ်အိုင်၌ မွေ့သည်။ ခြင်္သေ့မင်းသည် ရွှေချိုင့်၌ မမွေ့၊ ဟိမဝန္တာ တောသုံးတောင်၌ မွေ့သည်။ ဘုံသုံးပါးသည် ဥန်းစလ္လာအိုင် ရွှေချိုင့်နှင့် တူလှ၏။ မွေ့စရာမဟုတ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ရှုသော အိုင်ကြီးသာ၊ အနုပဿနာ တောသုံးတောင်သာ မွေ့လျော်ဘွယ် ကောင်းလေစွ။

(၉) မုဥ္စိတုကမျတာဉာဏ် ဖြစ်ပုံကား— ဘုံသုံးပါး၌ အိုဘေး၊ နာဘေး၊ သေဘေးအကြား ကျင်လည်ရခြင်းသည် ပိုက်ကွန်မိသော ငါး၊ ဂဠုန်လက်တွင်း နဂါး မြွေခံတွင်းဘား နှင့် တူလှ၏၊ ယခုလွတ်မှုကောင်းလေစွ။

(၁၀) ပဋိသင်္ခါဉာဏ် ဖြစ်ပုံကား— ရုပ်နာမ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု မဂ်ဖိုလ် မရမခြင်း ပြန်၍ သိမ်းဆည်းစရာတို့ ပါတကား။

(၁၁) သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံကား—၎င်းကိုယ် ရုပ်နာမ် သင်္ခါရသည် ငါ့ကိုယ် အတ္တမှုလည်း ဆိတ်၏။ ကိုယ်၏ဥစ္စာ အတ္တနိယမှုလည်း ဆိတ်၏။ ငါပူစရာ သူမရှိ၊ သူပူစရာငါမရှိ၊ အဘယ်နေရာ၊ အဘယ်အခါ၊ အဘယ်မှာမျှမရှိ။ သုညအတိဖြစ်၏။

(၁၂) အနုလောမဉာဏ်။

(၁၃) ဂေါတြဘူဉာဏ်။

(၁၄) မဂ်ဉာဏ်။

(၁၅) ဖိုလ်ဉာဏ်။

(၁၆) ပစ္စဝေက္ခဏာဉာဏ်တို့ကား—အထူး အားထုတ်ဘွယ်၊ ဆင်ခြင်ဘွယ်မရှိ။ ဝင်လေ-ထွက်လေ-ရှုသူတို့သည် ၎င်းဉာဏ် ၁၆-ပါး နှင့် ပြည့်စုံကြပါစေကုန်သတည်း။

ဘုရားဖြစ်ပြီး ၄၆-နှစ်မြောက်၌ ဖြစ်သော ပဌမ သင်္ဂါယနာတင်-ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာသည် သာသနာနှစ် ၂၄၉၀—ခုမြောက်၌ ကျင်းပသော ဆဋ္ဌ သင်္ဂါယနာတင် ပွဲကြီးကို နည်းကောင်းပြလျက် စောင်မနိုင်ပါစေသတည်း။

ပဋိစ္စသမုပ္ပါဒ် အရသာ ပြီး၏။